# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

# (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# မှတ်တမ်း

(၂၀၁၅ ခုနှစ်၊ မတ် လ ၂၃ ရက်နေ့မှ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့အထိ)

# ရှမ်းပြည်နယ်
# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| **(က)** | **(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ မှတ်တမ်း** | |
| (၁) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနေရာယူခြင်း။ | ၁ |
| (၂) | ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂ |
| (၃) | ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည့် နှုတ်ခွန်းဆက်စကား။ | ၂ |
| (၄) | ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ | ၄ |
| (၅) | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ | ၄ |
| (၆) | ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်း ပြောကြားခြင်း။ | ၈ |
| (၇) | ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။ | ၁၆ |
| (၈) | ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- | ၁၆ |
| | (က) ဦးကျော်မြ၊ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ | |
| | (၁) **“33 KV ဓာတ်အားလိုင်းအား ခွဲရုံအသစ်သို့ အမြန်ဆုံး လျှပ်စစ်မီးချိတ်ဆက်ပြီး ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ | ၁၇ |

(၂) **"ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံချက် လုပ်ငန်းမှာ လျှပ်စစ်ဝန်ကြီးဌာနမှ ပြည်သူများနှင့် သက်ဆိုင်တဲ့ ညွှန်ကြားချက်များကို အောက်ခြေဌာနဆိုင်ရာအထိ ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၈

(ခ) ဦးစိုင်းလှဖေ၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **" 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့တွင် ဘားတိုက်အဆောက်အဦတစ်လုံး ဆောက်လုပ်ရန် လိုအပ်သည့် ခန့်မှန်းကုန်ကျငွေအား ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်ရန်ပုံငွေမှ ခွင့်ပြုပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၀

(၂) **"'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့၏ မြို့လယ်တွင် မိုးရာသီ၌ မကြာခဏရေကြီးရေလျှံမှုများ ဖြစ်ပွားတတ်သဖြင့် မြေထိန်းနံရံတည်ဆောက်ပေးနိုင်ရေး အတွက် လိုအပ်ငွေအား ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် အတွင်း ရှမ်းပြည်နယ်ရန်ပုံငွေမှ ခွင့်ပြုပေးရန် အစီအစဉ် ရှိ/ မရှိ "** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၁

(ဂ) ဦးစိုင်းဆန်ကွယ်၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်၊ မိုးကောင်းဦး အခြေခံပညာ မူလတန်းကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၂

(ဃ) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"လွိုင်လင်မြို့နယ်၊ နားယန်းကျေးရွာအုပ်စု၊ ကန်းမန်းဒုံကသာ ကျေးရွာ ကိုယ်ထူကိုယ်ထကျောင်းကို အခြေခံပညာမူလတန်းကျောင်းခွဲ သို့မဟုတ် အခြေခံပညာမူလတန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးပါရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၄

( င ) ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျိုင်းတောင်းမြို့၊ နောင်ဟီးကျေးရွာအုပ်စု၊ နမ့်အွန်ကျေးရွာနှင့် ဟိုပာကျေးရွာအုပ်စု၊ နားပုန်းကျေးရွာတွင် မူလတန်းအဆင့် စာသင်ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၅

(၈) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက အရေးကြီးအဆိုတစ်ရပ် တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၇

(၉) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၂၈

(၁၀) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ်တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများဆိုင်ရာ ဥပဒေ(မူကြမ်း)အား တင်ပြခြင်း။ ၂၉

(၁၁) ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးက လုပ်ငန်းဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၃၁

(၁၂) ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၄၁

(၁၃) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄ - ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၅၀

(၁၄) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၅၇

**ဃ**

## ( ခ) (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၅၈

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၅၉

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၅၉

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ ၅၉

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၆၁

(က) ဦးကျော်မြ၊ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏

(၁) **“နောင်ချိုမြို့၊ ဘူတာရပ်ကွက်ရှိ ရှမ်းကုန်းလမ်းကိစ္စ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၆၁

(၂) **“နောင်ချိုမြို့အတွက် ဆက်သွယ်ရေးအဆင်ပြေစေရန် အရန်ဆက်ကြောင်းတစ်ကြောင်း ရရှိအောင် စီစဉ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၆၂

( ခ) ဦးမိုင်းအုဏ်းခိုင်၊ မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“စာသင်ကျောင်း ဖွင့်လှစ်နိုင်ခြင်း မရှိသေးသော ကျေးရွာများကို စာသင်ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၆၃

(၂) **“မန်တုံမြို့တွင် ဈေးတည်ဆောက်နိုင်ရေးအတွက် ရှမ်း ပြည်နယ်အစိုးရနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အနေဖြင့် ပံ့ပိုးကူညီလုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၆၇

(ဂ) ဦးစိုင်းလွင်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏

(၁) **"လင်းခေးမြို့နယ်၊ မြို့ကွက်သစ် တိုးချဲ့ဆောင်ရွက်ရန် သိမ်းဆည်းခဲ့သည့် စိုက်ပျိုးမြေများ ပြန်လည်လုပ်ကိုင် ခွင့်ရရှိရေးလျှောက်ထားမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၇၀

(၂) **"လင်းခေးမြို့ရှိ တပ်မတော်ပိုင် မြေများအတွက် ယခင်က ဒေသခံလုပ်သားပြည်သူများ၏ စိုက်ပျိုးမြေ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၇၃

(ဃ) ဦးစိုင်းဆန်ကွယ်၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုးမိတ်မြို့နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သော အာသံရွာ၊ ရွှေဇာလီရွာ၊ ဒေါင့်ကြီးရွာ၊ သဲနီရွာ၊ မိုးမိတ်ခရိုင် စုပေါင်းရုံး မြို့(သစ်)နှင့် အထက်မန်ကျည်းပင်ရွာအား ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် မဟာဓာတ်အားလိုင်းမီး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၇၇

(င) ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"နမ့်စန်- မိုးနဲ နယ်ခြားမှတ်တိုင်နှင့် ဝမ်ယေးရွာ မိုင်တိုင် ၁၇/ ၀ မှ ၁၉/ ၀ ထိကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အရည်အသွေး ထိန်းသိမ်းစိစစ်ရေးအဖွဲ့များဖြင့် လုပ်ငန်းများ စိစစ်စစ်ဆေး ခြင်းဆောင်ရွက်ထားရှိမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၇၈

(စ) ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ဖယ်ခုံမြို့နယ်အတွင်း CDMA တာဝါတိုင်ထောင်ပေးရန်နှင့် အော်တိုအိတ်ချိန်းတွင်း ADSL လိုင်းတပ်ဆင်ပေးရန် အစီ အစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၈၀

(ဆ) ဦးခွန်အောင်နိုင်ဦး၊ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ **"ပင်လောင်းမြို့နယ်၊ နောင်တရားမြို့၊ နမ့်ပုလင်းကျေးရွာ အုပ်စု၊ ညဏ်ပင်ရွာအနီး၊ ညဏ်ပင်ကြီးကန်အား တစ်ဖက်ရပ် ဆည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၈၁

(၆) ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ် လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းမှု ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသား ရေးတာဝန် တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ရေး"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၈၄

(၇) **"ရှမ်းပြည်နယ် လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းမှု ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူတစ်ရပ် လုံးက အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ရေး"** အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၉၂

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅ - ၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်း ပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အား ပြည်နယ်လွှတ်တော် သို့တင်သွင်းခြင်း။ ၉၂

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅ - ၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်း ပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေး လိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင် ကြောင်းကြေညာခြင်း။ ၉၅

(၁၀) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄ - ၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ လမ်းပန်း ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၉၆

(၁၁) ရှမ်းပြည်နယ်ဘတ်ဂျက်စိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၁၀၇

(၁၂) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စိုက်ပျိုးရေး/ မွေးမြူရေး/ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း။ ၁၁၁

(၁၃) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၂၄

**( ဂ) (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ မှတ်တမ်း**


(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၂၅

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၂၆

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၁၂၆

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ ၁၂၆

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၁၂၈

(က) ဦးစိုင်းလွင်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ၏ **“လင်းခေးမြို့နယ်ရှိ ပညာရေးဆိုင်ရာ လိုအပ်ချက်ဖြစ်သည့် ကျောင်းဆောင်များ ပြင်ဆင်မွမ်းမံခြင်းနှင့် ဆောက်လုပ်ခြင်း”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၂၈

( ခ) ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏

(၁) **“မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ ပုဒ်မ ၂၂ (ဂ)အရ နိုင်ငံတော်က သိမ်းယူပြီးဖြစ်သော မြေကိစ္စ”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၃၁

(၂) **“နမ္မတူမြို့နယ်၊ နားဆိုင်းကျေးရွာအုပ်စု၊ နားဆိုင်း ကျေးရွာနေ ဦးပန်းအောင်နှင့် ဒေါ်ကြာနုတို့၏ ပြောင်းခြံကိစ္စ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၃၂

(၃) **“နမ္မတူမြို့နယ်၊ ပန်ချင်ကျေးရွာအုပ်စု၊ နားမတ် အခြေခံပညာမူလတန်းကျောင်း မြေနေရာဟောင်းတွင် အိမ်ဆောက်လုပ်နေထိုင်သည့် ယခင်ကျေးရွာလူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးယောဇက်ထံမှ မြေနေရာ ပြန်လည်ရယူလိုကြောင်း”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၃၅

(ဂ) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"လွိုင်လင်မြို့နယ်၊ ပွေးတောက်ကျေးရွာအုပ်စု၊ လိုင်းလောင်းကျေးရွာ ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းကို အခြေခံပညာမူလတန်းကျောင်း(ခွဲ) အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၃၈

(ဃ) ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"မိုးနဲမြို့ ဒေသခံတောင်သူများ၏ လုပ်ကွက် ဧရိယာနှင့် ရွှေလင်းယုန်ကုမ္ပဏီ မြေဧက(၅၀၀၀)ကိစ္စ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၄၁

(၂) **"မိုးနဲမြို့နယ်နှင့် ကျိုင်းတောင်းမြို့ရှိ ကျောင်းပေါင်း (၄၆)ကျောင်းအနက် မြေစာရင်းပုံစံ (၁၀၅)ရရှိပြီး ကျောင်း (၁၅)ကျောင်းသာရှိပြီး ကျန်(၃၁)ကျောင်း အတွက် မြေစာရင်းဦးစီးဌာနမှ စိစစ်ဆောင်ရွက် ပြီးစီးမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၄၂

(၃) **"ကျိုင်းတောင်းမြို့၊ အမှတ်(၆)ရပ်ကွက်တွင် (33/ 11) KVA 5MVA ဓာတ်အားခွဲရုံအသစ် တည်ဆောက်ခွင့် ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၄၄

(၄) **"ကျိုင်းတောင်းမြို့၊ နောင်ဟီးကျေးရွာအုပ်စုအတွက် အသေးစားရေအားလျှပ်စစ် တာဘိုင်(၁)လုံး၊ နားပေါ့ နှင့် ဟိုဟကျေးရွာအများအတွက် ဆိုလာအားဖြင့် လျှပ်စစ်မီးရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၄၅

(င) ဦးစောလုံ၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မိုးနဲမြို့နယ်ရှိ ဓားမဦးချ လက်ရှိလက်ငုတ် တောင်သူစိုက်ပျိုးမြေများနှင့် ခလရ (၂၄၈) တပ်ပိုင်မြေ အငြင်းပွားမှု"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၄၇

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် စည်ပင်သာယာရေး ကော်မတီ၏ စည်ပင်သာယာရေးဆိုင်ရာစည်းကမ်းများ (Bye– Laws) (မူကြမ်း) (၂၄)မျိုးအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၁၄၉

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄- ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်ကဏ္ဍ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာနှင့် ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၄- ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့အား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၁၆၄

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း လူမှုရေးကဏ္ဍဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း။ ၁၆၇

(၉) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၇၄

**(ဃ) (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၇၅

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၇၆

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။ ၁၇၆

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ ၁၇၆

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၁၇၈

(က) ဦးစိုင်းဆန်ကွယ်၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်နှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်သော အာသံရွာနှင့် ရွှေဇာလီရွာတို့အား ရပ်ကွက်အဖြစ် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၇၈

ည

( ခ) ဦးစိုင်းလွင်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"လင်းခေးခရိုင်၊ လင်းခေးမြို့နယ်တွင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဖွင့်လှစ်ပေးပါရန်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၈၁

(၂) **"လင်းခေးမြို့နယ် မအွန်လောင်းကျေးရွာအုပ်စု၊ နမ့်တိန် ချောင်း အရှေ့ဘက်ကမ်းတွင်ရှိသော ဒေသဆည်အား ကွန်ကရစ်ဆည်တစ်ခု ပြန်လည်တည်ဆောက်ပေးရေး"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၈၃

( ဂ) ဦးကျော်မြ၊ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"နောင်ချိုမြို့နယ်အတွင်း ကျေးလက်ဒေသမီးလင်းရေး လုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရ BE ဘတ်ဂျက်ဖြင့် ဆောင်ရွက်ပေးနိုင်မှု အခြေအနေ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၈၈

(၂) **"ရွှေညောင်- ရပ်စောက်- အင်တော- ကျောက်ဂူ- တောခမ်း- နောင်ချိုလမ်း"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၉၀

(ဃ) ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ကို မည်သည့်အစိုးရ ဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုထားသော မည်သည့်ဘဏ်များတွင် ပေါင်နှံခွင့်ရှိသည်ကို သိရှိလိုပါ သည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၉၂

(၂) **"လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)နှင့်ပတ်သက်၍ ရောင်းချမည်ဆိုပါက ပြဋ္ဌာန်းထားသော ကပ်နှိပ်ရမည့် တံဆိပ်ခေါင်း တန်ဖိုးနှင့် ပေးဆောင်ရမည့် အခွန် နှုန်းထားများ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၉၄

( င) ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ကျိုင်းတောင်းမြို့ မိုဘိုင်းတယ်လီဖုန်း တပ်ဆင်အသုံးပြု နိုင်မည့်အခြေအနေ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၉၇

**၄**

(၂) **“နိုင်ငံတော်မှ ဘဏ္ဍာရေးရန်ပုံငွေ ကျပ်သန်းပေါင်း (၃၀၈)သန်း ခွဲဝေချထားပေးသော နမ့်မော်လေ-နားရိုင်းလမ်းပိုင်း ကျောက်ချောလမ်း (၇)မိုင် အမာခံ လမ်းလုပ်ငန်း ဆောင်ရွက်မှု”** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၉၈

(င) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“ပြည်နယ်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်အတွက် လွိုင်လင်မြို့နယ်၊ ခေါင်းနွဲ့ကျေးရွာအုပ်စုရှိ နောင်တောင်း- နောင်နိန်း- ခေါင်းနွဲ့ ကျေးရွာ ပြည်ထောင်စုလမ်းမဆုံအထိ (၇)မိုင်ရှိ မြေသားလမ်းအား စံချိန်မီမြေသားလမ်းအဖြစ်သို့ မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၀၁

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ် ဒေသန္တရ စီမံကိန်းဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် တင်ပြထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၂၀၄

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ် ဒေသန္တရ စီမံကိန်းဥပဒေ မူကြမ်းနှင့်စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ ၂၀၅

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄- ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် မြို့နယ်/ မြို့နယ်ခွဲ စည်ပင်သာယာရေးဌာနများ၏ မြို့ရေပေးဝေရေး လုပ်ငန်းဆိုင်ရာ အချက်အလက်များအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း။ ၂၀၅

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးမှ တာဝန်ယူရသော ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၂၀၉

(၁၀) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သစ်တောကဏ္ဍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၂၁၂

(၁၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၂၁၆

**( င ) (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၁၇

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၂၁၇

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် ကြေညာခြင်း။ ၂၁၈

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ ၂၁၈

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးကျော်မြ၊ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏**"နောင်ချိုမြို့နယ်တွင် ဆည်မြောင်းဦးစီးဌာနရုံး ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၂၁

( ခ ) ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"အမှတ်(၁)ရပ်ကွက်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းကို စိုက်ပျိုးရေး အထက်တန်းကျောင်း သို့မဟုတ် စက်မှုလက်မှုအထက်တန်း ကျောင်းအဖြစ် ပြန်လည်ဖွင့်လှစ်ပေးရန်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၂၂

( ဂ ) ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"နမ့်ခမ်းမြို့နယ်အတွင်း ဆီလီကွန် သလင်းကျောက် သတ္တုတူးဖော် သယ်ဆောင်မှုများအားလုံး လုံးဝရပ်တန့်သွားစေရန် တားမြစ်ပိတ်ပင်မှုများ မည်ကဲ့သို့ ဆောင်ရွက်ထားကြောင်း သိရှိလိုပါသည်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၂၄

(၂) **"နမ့်ခမ်းမြို့နယ်၊ မိုင်းဝီးကျေးရွာအုပ်စု၊ မိုင်းဝီးကျေးရွာ GSM လက်ကိုင်ဖုန်း တာဝါတိုင် ဆောက်လုပ်ရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၂၈

(ဃ) ဦးစိုင်းဆန်ကွယ်၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုးမိတ်မြို့နယ်၊ သစ်ဆိမ့်ကုန်းကျေးရွာအုပ်စု၊ ပဒါန်းကျေးရွာ အုပ်စုရှိ လယ်ယာမြေများ မပျက်စီးစေရန် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၂၉

( င ) ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"၂၀၀၉ ခုနှစ်က စတင်ဖောက်လုပ်ခဲ့သည့် မိုးနဲ- ကျိုင်းတုံမီးရထားလမ်း စီမံကိန်းကြောင့် ဆုံးရှုံးသွားသည့် စိုက်ပျိုးလယ်မြေကေများ အတွက် တာဝန်ရှိဌာနအဖွဲ့အစည်းများမှ တိကျမှန်ကန်စွာ ပြန်လည်တိုင်းထွာ ကွင်းဆင်းဆောင်ရွက်ပေးမည့် အစီအစဉ်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၃၃

( စ ) ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၊ နားသံ ကျေးရွာအုပ်စု၊ နားမွန်းကျေးရွာတွင်ရှိသော နာမွန်း "လှျို" အား လှျိုပိတ်ဆည်အဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၃၄

(ဆ) ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"အာဆီယံနိုင်ငံအဖွဲ့ဝင် နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကော်မရှင်နှင့်ပတ်သက်သည့် ရုံးအဆောက် အဦများ၊ ရုံးမြေနေရာ၊ ရုံးအင်္ဂါနှင့်အညီ ရှိသင့်သည်များ နှင့် ဝန်ထမ်းများအတွက် လိုအပ်ချက်များကို မည်သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါသည်"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၂၃၆

(၂) **"ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၏ (၁၁)ကြိမ် မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် CHINA EXIM BANK မှ ဒေါ်လာသန်း(၁၀၀)ရယူ၍ ဆောင်ရွက်သည့် လုပ်ငန်းနှင့်ပတ်သက်သည့် ကြယ်ပွင့်ပြမေးခွန်း"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၃၉

(၆) ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာ နည်းဥပဒေပါ အချက်များအား ပြင်ဆင်ပေးရေးအတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက လွှတ်တော်သို့ အဆိုတင်သွင်းခြင်း။ ၂၄၂

(၇) အဆိုအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်က ပြန်လည်ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၄၅

(၉) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့၏ (၄)နှစ်တာ ကာလအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၂၄၇

(၁၀) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၂၅၁

**(ဆ) (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၅၂

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၂၅၃

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း။ ၂၅၃

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ ၂၅၃

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၂၅၅

(က) ဦးစိုင်းကြူ၊ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ကိုးကန့်တိုင်းရင်းသားများ မှတ်ပုံတင်ပြုလုပ်ပေးနိုင်ပါရန်၊ နောင်မွန်ကျေးရွာ၊ မိုင်းယော်ကျေးရွာအုပ်စု မီးသတ်စခန်း (၂)ယူနစ် အဆောက်အဦရရှိရေး၊ နမ့်ပေါင်ကျေးရွာအုပ်စု မီးသတ်အဆောက်အဦရရှိရေး ဆောင်ရွက်ပေးနိုင်ပါရန် နှင့် နမ့်ပေါင်ကျေးရွာအုပ်စုအတွက် မီးသတ်ယာဉ်ရရှိရေး ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၅၆

(၂) **"ရပ်ကွက်(၃)အတွင်း ယာဉ်ကြောပိတ်ဆို့မှုများအား လျော့နည်းရေးအတွက် တစ်လမ်းမောင်းယာဉ်ကြောများ ဆောင်ရွက်ပေးပါရန်၊ ရပ်ကွက်(၄)၊ နယ်မြေ (၁၅၊ ၁၆) အတွင်းရှိ မြေသားလမ်း (၄)လမ်းကို ကျောက်ကြမ်းလမ်း ခင်းပေးနိုင်ပါရန်၊ ခတ္တာလမ်း ကျောက်ကြမ်းလမ်း ပေ(၁၀၀၀)အား ကတ္တရာလမ်း ခင်းပေးနိုင်ပါရန်၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၆) ကချင်ကုန်းရှိ မြေသားလမ်း ပေ(၁၆၀၀)ရှိ လမ်းအား ရပ်ကွက်(၉)၊ နယ်မြေ(၃) သံလွင်လမ်းမ နယ်မြေ(၁) ခေးနင်းရွာထိ ပေ(၁၂၀၀)ရှိ မြေသားလမ်း၊ ရပ်ကွက်(၁၁)၊ နယ်မြေ(၁) မေတ္တာလမ်း ပေ(၁၀၀၀)ခန့် မြေသားလမ်းအား ကျောက်ချောလမ်း အဖြစ် ခင်းပေးနိုင်ပါရန်၊ ရပ်ကွက်(၄)၊ နယ်မြေ(၁၃၊ ၁၄၊ ၁၆)၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၈) ဂေါ်ရခါးကုန်း၊ ရပ်ကွက် (၉)၊ နယ်မြေ(၁) ခေးနင်းကျေးရွာ၊ ရပ်ကွက်(၁၁)၊ နယ်မြေ(၅)အတွင်း သောက်သုံးရေ ခက်ခဲမှုရှိပါသဖြင့် စက်ရေတွင်းနှင့် ရေလှောင်ကန် ပံ့ပိုးပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ၊ ရပ်ကွက် (၁၂)၊ ပြည်ထောင်စုလမ်းမ ကြီးဖြစ်သော သိန်းနီလမ်းမကြီးတွင် မန်ဆူဘုရားရှေ့မှ လားရှိုးကြီးလမ်းဆုံးအထိ မော်တော်ယာဉ်သွားလမ်း ဆိုင်ကယ်သွားလမ်း သီးသန့်သတ်မှတ်ပေးရန်နှင့် ရေစီး ရေလာ ကောင်းမွန်ရေးအတွက် သိန်းနီလမ်းမကြီး ဘေးဝဲယာ ရေနုတ်မြောင်းများ ဆယ်ယူတူးဖော်ပေးနိုင် ပါရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၂၅၉

**ဘ**

(၃) **“မိုင်းရယ်မြို့နယ်အစပ်နှင့် တန့်ယန်းမြို့နယ်၊ ကင်ကာ ကျေးရွာချင်းဆက်လမ်း (၄)မိုင်၊ တုံကျိုင်းဘုရားလမ်း (၄)မိုင်၊ တာပုံကျေးရွာအုပ်စု၊ အောင်သစ္စာလမ်းသွယ်မှ တာပုံ- ဘုန်းကြီး ကျောင်းသွားလမ်းအား ကျောက်ချော လမ်းမှ ကတ္တရာလမ်းခင်းပေးရန်၊ မန်ရယ်- နမ့်ဆန် ကျေးရွာအုပ်စု၊ ကျေးရွာချင်းဆက် ကျောက်ကြမ်းလမ်း (၂)မိုင်ကို ကတ္တရာလမ်းခင်းပေးရန်၊ မန်းပွဲ- ခိုလိတ်- နမ့်မျှော်ချောင်းကူးတံတား၊ မန်ပျဉ်- နမ့်မော်ငင်းကျေးရွာ ဆက်တံတား၊ နမ့်ပေါင်ကျေးရွာအုပ်စု၊ မိုင်ပိုင်- နားနန်း ဆက်သွယ်သည့် တံတားအား ဆောက်လုပ်ပေးရန်၊ စဥ့်အင်ကျေးရွာ၊ ဆုံကွယ်ကျေးရွာအုပ်စု၊ ကုန်းအိုင်၊ ဝိုင်းကုန်းကျေးရွာ၊ ဟိုပိတ်ကျေးရွာအုပ်စု၊ ပန်ဟတ် ကျေးရွာ၊ နားကွမ်းလုံကျေးရွာအုပ်စု၊ အီနိုင်းကျေးရွာ၊ နားလိုင်ကျေးရွာ၊ နားဝါကျေးရွာ၊ မော်ကာဆိုင်ကျေးရွာ၊ မန်မိုင်ကျေးရွာ၊ ဟူးမွန်ကျေးရွာအုပ်စု၊ ဟတ်ကာကျေးရွာ များတွင် မီးလင်းရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် နားကွမ်းလုံကျေးရွာ၊ ခါးသျှီကျေးရွာ၊ မိုင်းယန်း ကျေးရွာအုပ်စု၊ မန်ကောင်းကျေးရွာ၊ မန်းပွဲကျေးရွာ သောက်သုံး ရေရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ လားရှိုးမြို့နယ်၊ အမှတ်(၁၁) ရပ်ကွက်အတွက် ဓမ္မာရုံနှင့် လူမှုရေးခန်းမ ဆောက်လုပ်ရန် မြေနေရာ သတ်မှတ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၂၆၁

(၄) **“ပုန်းထွန်ကျေးရွာ၊ နောင်မွန်ကျေးရွာ၊ နမ္မဗောဒကျေးရွာ နှင့် နောင်ကွဲကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းများ အား မူလွန်ကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ပါရန် နှင့် လိုအပ်သည့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်း နေအိမ်များ၊ ကျောင်းဆောင်သစ်များ ရရှိနိုင်ရေးနှင့် လွယ်လမ့် မူလတန်းကျောင်းဆောင်သစ်ရရှိရေး ဆောင်ရွက်ပေး ရန်၊ ရပ်ကွက်(၁၀)၊ အမှတ်(၄)အခြေခံပညာအထက်တန်း ကျောင်းအတွက်(၁၂၀×၃၀)ပေ တစ်ထပ်ကျောင်းဆောင် သစ်ရရှိရေး၊ နောင်မွန်အထက(ခွဲ)အတွက် (၁၂၀×၃၀) ပေ နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ရေးနှင့် မိုင်းယော်အထက(ခွဲ)ကျောင်းတွင် (၄)ခန်းတွဲ ရေအိမ်(၁) လုံးဆောက်လုပ်ပေးရန်၊ ခေးနင်းကျေးရွာအုပ်စု၊ အခြေခံ ပညာ အလယ်တန်းကျောင်းဆောင်သစ် (၁၀၀×၃၀)ပေ ရရှိရေး ဆောင်ရွက်ပေးနိုင်ရန်၊ မချီနုကျေးရွာ ပညာရေး ကျောင်းဆောင် အဆောက်အဦ အဟောင်းအား တရားဝင်ဖျက်သိမ်းခွင့်ရရှိရေး ဆောင်ရွက်ပေးနိုင်ရန်နှင့် လားရှိုးမြို့နယ်၊ ခါးသျှီကျေးရွာ ဆေးပေးခန်း အဆောက် အဦ လိုအပ်ချက်ရှိပါသဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် လားရှိုးမြို့နယ်၊ ခေးနင်းကျေးရွာ၊ လွယ်လမ့် ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် တိုးချဲ့ ဖွင့်လှစ်ခွင့် ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၆၆

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅ - ၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်ပြခြင်းနှင့် လွှတ်တော်အဆုံးအဖြတ်ရယူခြင်း။ ၂၆၈

(၇) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားခြင်း။ ၂၇၄

(ဈ) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ပြီးဆုံးကြောင်းနှင့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။ ၂၇၆

**(ဆ) ဆုံးဖြတ်ခြင်း** ၂၇၇

**( ဇ) မှတ်တမ်းတင်ခြင်း** ၂၇၉

**(ဈ) ရှင်းလင်းတင်ပြခြင်း** ၂၈၁

**(ည) ဥပဒေထုတ်ပြန်ခြင်း** ၂၈၆

# ရှမ်းပြည်နယ်

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## (ပထမနေ့)မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်**
**၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက်**

**[တနင်္လာနေ့]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးစိုင်းသော်ဝင်း၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် လွှတ်တော်ရုံး၊ လွှတ်တော်ရုံးအကြီးအမှူးက ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)**

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၁၃၉)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၀၉)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၇၈.၄၂) ရာခိုင်နှုန်းရှိပြီး တက်ရောက်သည့် ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည့် နှုတ်ခွန်းဆက်စကား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး လိုရာကောင်းကျိုး မင်္ဂလာအဖြာဖြာနှင့် ပြည့်ဝကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ်ဥပဒေကြမ်းတစ်ခုကို တင်သွင်းဖို့ ရှိပါတယ်။ ဒါ့အပြင် အစိုးရအဖွဲ့ဝင်များက မိမိတာဝန်ယူရတဲ့ ဌာနများနဲ့ စပ်လျဉ်းတဲ့ လုပ်ငန်းဆောင်ရွက်မှုများကို စုံစုံလင်လင် တင်ပြဖို့ အစီအစဉ်ရှိသလို အချို့သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များကလည်း မိမိတို့အဖွဲ့ရဲ့ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရန် ရှိကြောင်း သိရှိရပါတယ်။ လွှတ်တော်က တာဝန်ယူရတဲ့ ဥပဒေပြုရေးနဲ့ အစိုးရက တာဝန်ယူရတဲ့ အုပ်ချုပ်ရေးတာဝန်ဟာ သီးခြားကျင့်သုံးသော်လည်းဘဲ လွှတ်တော်နှင့် အစိုးရတို့က လုပ်ငန်းများကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများ အားကောင်းမောင်းသန်မှာ ဖြစ်ပါတယ်။ လွှတ်တော်သက်တမ်း၊ အစိုးရသက်တမ်း ကြာမြင့်လာတဲ့ ယခုလို (၄)နှစ်ကျော်ကာလမှာ လွှတ်တော်တာဝန်၊ လွှတ်တော်၏ လုပ်ငန်း၊ အုပ်ချုပ်ရေးအဖွဲ့တာဝန်၊ အုပ်ချုပ်ရေးအဖွဲ့

လုပ်ငန်းဆိုပြီး အားပြိုင်မှုများ လွန်ကဲစွာ ရှိနေမယ်ဆိုလို့ရှိရင် လွှတ်တော်သက်တမ်း၊ အစိုးရ သက်တမ်း ကုန်ဆုံးသွားသော်လည်းဘဲ လုပ်ငန်းအကြွေး ကျန်ရှိနေမှာဖြစ်လို့ သမိုင်း မှတ်ကျောက် တင်ခံရမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်သို့ တင်သွင်းသည့် ကြယ်ပွင့်ပြမေးခွန်း ကဏ္ဍနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မများပါအတိုင်း ဆောင်ရွက် ကြဖို့ ထပ်လောင်းပြောကြားလိုပါတယ်။ နည်းဥပဒေ ၉၇ မှာ လွှတ်တော်အကြီးအမှူးထံ လွှတ်တော် အစည်းအဝေး မစတင်မီ အနည်းဆုံး ၁၀ ရက်ကြိုတင်၍ မေးခွန်းများကို လက်မှတ်ရေးထိုးပြီး အကြောင်းကြားစာနှင့်အတူ ပေးပို့ရမည်ဟု ဖော်ပြထားသလို နည်းဥပဒေ ၁၀၅ မှာ လွှတ်တော် တွင် နှုတ်ဖြင့် ဖြေကြားပေးစေလိုလျှင် လွှတ်တော်ရုံးအကြီးအမှူးထံ ပေးပို့သည့် မေးခွန်း များမှာ ကြယ်ပွင့်အမှတ်အသား ပါရမည်လို့ ဖော်ပြထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များအနေနဲ့ မေးခွန်းများကို ပေးပို့ရာမှာ ဖက်စ်ဖြင့် ပေးပို့ခြင်းအားဖြင့် သတ်မှတ်ရက်အတွင်း အချိန်မီ ရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။ အချို့သော လွှတ်တော်ကိုယ်စားလှယ်များဟာ လွှတ်တော်ရုံးကို တိုက်ရိုက်ပေးပို့ခြင်း မပြုဘဲ သက်ဆိုင်ရာ ခရိုင် သို့မဟုတ် မြို့နယ် အုပ်ချုပ်ရေးမှူးရုံးများမှတစ်ဆင့် ပို့တာတွေ၊ မိမိအစီအစဉ်ဖြင့် စာတိုက်ကနေထည့်တာတွေ ရှိသည့်အတွက် နောက်ကျမှ ရောက်လာတာတွေရှိပါတယ်။ မေးခွန်းကို ဖြေကြားမဲ့ သက်ဆိုင်ရာ အစိုးရအဖွဲ့ဝင်များအနေနဲ့ အဖြေမှန်ရအောင် အချိန်ယူပြီး အချက်အလက်များ ရှာဖွေစုဆောင်းဖို့ လိုအပ်မှာ ဖြစ်တဲ့အတွက် မေးခွန်းများကို အချိန်မီ ပေးပို့ဖို့ လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ကျွန်တော်တို့ ဖွဲ့စည်းတာဝန် ပေးအပ်ထားတဲ့ ဘတ်ဂျက်စိစစ်ရေး ကော်မတီဟာ ဖေဖော်ဝါရီလကနေစပြီးတော့မှ စိစစ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဒီလွှတ်တော်အစည်းအဝေးမှာ အဖွဲ့ရဲ့ အစီရင်ခံစာကို တင်ပြဖို့ ရှိပါတယ်။ ဘတ်ဂျက်ငွေဟာ ပြည်သူ့ငွေတွေ ဖြစ်ပါတယ်။ ဒီငွေတွေကို သုံးစွဲတဲ့ နေရာမှာ စနစ်တကျ ဖြစ်မဖြစ်၊ တကယ်အကျိုး ရှိ/ မရှိ၊ လိုအပ်တဲ့ နေရာတွေမှာ အမှန်တကယ် သုံးစွဲခြင်း ရှိ/မရှိ၊ သုံးစွဲတဲ့နေရာမှာလည်းပဲ ထိရောက်မှု ရှိ/ မရှိ စာရင်းကြည့်ရုံနှင့် မလုံလောက်ဘူးဆိုရင် မျက်မြင်မှာ သွားရောက်ကြည့်ရှုသည်အထိ အခွင့်အရေးပေးထား ပါတယ်။ ဘတ်ဂျက်စိစစ်ရေးအဖွဲ့မှ ကွင်းဆင်းဆောင်ရွက်ရာမှာ လွှတ်တော်မှ ရှမ်းပြည်နယ် အစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီး ဆောင်ရွက်တာဖြစ်သလို သက်ဆိုင်ရာ ခရိုင် သို့မဟုတ် မြို့နယ် အုပ်ချုပ်ရေးအဖွဲ့အစည်းတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုလည်း ရရှိကြောင်း စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ သိရှိရပါတယ်။ လွှတ်တော်ကော်မတီတွေက လွှတ်တော်ရှိတဲ့အချိန်မှာ လွှတ်တော်ကို တာဝန်ခံရပါတယ်။ လွှတ်တော်မရှိတဲ့အချိန်မှာ လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံ

ရပါတယ်။ အဲဒီလိုပဲ လွှတ်တော်ဥက္ကဋ္ဌကလည်း လွှတ်တော်ကို တာဝန်ခံရတဲ့အတွက် အချိန်မရွေး လွှတ်တော်ကော်မတီများဟာ လွှတ်တော်ကို တာဝန်ခံရတဲ့သဘောရှိကြောင်း ပြောကြားလိုပါတယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို အောက်တိုဘာလကုန် နိုဝင်ဘာလဆန်းမှာ ကျင်းပရန်ရှိကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာထားခဲ့ပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ ၇ လခန့်သာ လိုပါတော့တယ်။ ဒါ့ကြောင့် လွှတ်တော်လုပ်ငန်းကို အစီအစဉ်ရေးဆွဲရာမှာ အစိုးရအဖွဲ့က တင်သွင်းရန် ကျန်ရှိတဲ့ ဥပဒေများအနက် မည်သည့် ဥပဒေများကို တင်သွင်းမည်ကို ညှိနှိုင်းသုံးသပ်ဖို့ လိုအပ်သလို လွှတ်တော်သက်တမ်းကုန်သွားပြီး ကြွေးကျန်မဖြစ်အောင် စီမံချက်ရှိရှိ ဆောင်ရွက်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲ နီးသည့် ရက်ပေါင်း ၆၀ မှာ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ လွှတ်တော်လုပ်ငန်းနှင့် စည်းရုံးရေးလုပ်ငန်းများကို မျှတအောင် ဆောင်ရွက်ဖို့ လိုအပ်မှာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အားဖြင့် ကျွန်တော်တို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဟာ လွှတ်တော်တာဝန်များကို ဆောင်ရွက်ရင်း တိုင်းရင်းသားများ လိုလားတောင့်တနေသည့် ဒီမိုကရေစီအရေး၊ တန်းတူညီမျှရေးနှင့် ဥပဒေနှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပြဋ္ဌာန်းခွင့်ရရှိရေး တည်းဟူသော အချက်များအပေါ် အခြေခံသည့် Federal ပြည်ထောင်စုစနစ် တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့လို့ ပြောကြားရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၃) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုသည့် လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်က

သော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိရင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းညွန့်ဝင်း၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ။** အားလုံးမင်္ဂလာပါ ခင်ဗျား။ ဒီကနေ့ ကျင်းပပြုတဲ့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေးကို တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ ကြောင်း ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းညွန့်ဝင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား- ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ပထမနေ့)သို့ အကြောင်းအမျိုးမျိုးနှင့် တက်ရောက်နိုင်ခြင်းမရှိသည့် အောက်ပါပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း (၃၀) ဦးအား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိတဲ့အတွက် ကင်းလွတ်ခွင့် ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြလာမှုအပေါ် ခွင့်ယူသူ အားလုံးရဲ့ ကိုယ်စားအဖြစ် တင်ပြတောင်းခံအပ်ပါတယ်-

(၁) ဦးစိုင်းအိုက်ပေါင်း၊ ပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီး၊ ခွင့်(၄)ရက်

(၂) ဦးအောင်ကျော်ညွန့်၊ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ ခွင့်(၁)ရက်

(၃) ဦးပယ်စောက်ချိန်(ခ) ဦးဘေဆော်ချိန်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ ခွင့်(၄)ရက်

(၄) ဦးမြင်ရှော်ချန်း၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ခွင့်(၄)ရက်

(၅) ဦးဝေရှောက်ရင်၊ ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ခွင့်(၄)ရက်

(၆) ဦးကျောက်တယ်ချန်၊ ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ခွင့်(၄)ရက်

(၇) ဦးမြင့်လွင်(ခ) ဦးဝမ်ကွယ်တာ၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ခွင့် (၄)ရက်

(၈) ဦးဇော်ဦး၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ခွင့်(၄)ရက်

(၉) ဦးခွန်စံလွင်၊ ဟိုပုံးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ခွင့်(၄)ရက်

(၁၀) ဒေါ်နန်းအက်စ်ကီးမိုး၊ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ခွင့်(၄)ရက်

(၁၁) ဦးခွန်ထွန်းလူ၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ခွင့်(၄)ရက်

(၁၂) ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ခွင့်(၄)ရက်

(၁၃) ဦးခွန်အေးမောင်၊ ဟိုပုံးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ခွင့်(၄)ရက်

(၁၄) ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ခွင့်(၂)ရက်

(၁၅) ဒေါက်တာထွန်းအောင်၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ခွင့်(၄)ရက်

(၁၆) ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ခွင့်(၁)ရက်

(၁၇) ဦးခွန်လှဆန်း၊ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ခွင့်(၁)ရက်

(၁၈) ဦးခွန်လှသိန်း၊ ဆီဆိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ခွင့်(၁)ရက်

(၁၉) ဦးသန့်ဇင်ဦး၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ခွင့်(၁)ရက်

(၂၀) ဦးစိုင်းလောဝ်ခမ်း၊ မိုင်းရယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ခွင့်(၄)ရက်

(၂၁) ဗိုလ်မှူးသန်းထွန်းဦး၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ခွင့်(၄)ရက်

(၂၂) ဗိုလ်မှူးမျိုးထွန်း၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ခွင့်(၄)ရက်

(၂၃) ဗိုလ်မှူးကျော်ဇေယျ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ခွင့်(၄)ရက်

(၂၄) ဗိုလ်မှူးလှထွန်းအောင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ခွင့်(၄)ရက်

(၂၅) ဗိုလ်မှူးဇော်လွင်ဦး၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ခွင့်(၄)ရက်

(၂၆) ဗိုလ်မှူးဇော်မိုးလွင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ခွင့်(၄)ရက်

(၂၇) ဗိုလ်မှူးသန်းလွင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ခွင့်(၄)ရက်

(၂၈) ဗိုလ်ကြီးစိုးခိုင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ခွင့်(၄)ရက်

(၂၉) ဗိုလ်ကြီးဆန်းလင်း၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ခွင့်(၄)ရက်

(၃၀) ဗိုလ်ကြီးတေဇာအောင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ခွင့်(၄)ရက်

ဒီကနေ့ ခွင့်လျှောက်ထားသူ စုစုပေါင်း(၃၀)ဦးရှိကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၃၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၀)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့) တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကအတည်ပြုပါသည်။)**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅) ဖြစ်ပါတယ်။ အစီအစဉ်အရ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

**ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်။** အားလုံး မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်တို့ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းတောင်းရင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား မေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ပထမဦးစွာ ရှမ်းပြည်နယ်ရဲ့ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက်တွေအပေါ်မှာ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ တတိယ သုံးလပတ်ကုန်အထိ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေနဲ့ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် စီမံကိန်းရေးဆွဲထားမှုအခြေအနေများနဲ့ ပတ်သက်ပြီး တင်ပြလိုပါတယ်။

၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်ရဲ့ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ၂၀၁၀ - ၂၀၁၁ ခုနှစ် ပုံမှန်ဈေးနှုန်းတွေအရ ကျပ်သန်းပေါင်း ၃၆၉၈၇၉၉.၁ သန်း ရရှိရန် ရည်မှန်းထားတာ ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ တတိယ သုံးလပတ်ဖြစ်တဲ့ ဒီဇင်ဘာလကုန်အထိ အကောင်အထည်ဖော်နိုင်မှုအခြေအနေကတော့ ကျပ်သန်းပေါင်း ၂၈၃၇၂၅၃.၄ သန်း အကောင်အထည်ဖော်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် စီမံကိန်းရည်မှန်းချက်တွေအပေါ်မှာ ၇၆.၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလနှင့် နှိုင်းယှဉ်ရင် ၆.၃ ရာခိုင်နှုန်း ပြောင်းလဲတိုးတက်လာတာ ဖြစ်ပါတယ်။

စီမံကိန်းရည်မှန်းချက်တွေကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်မှုပြုထားတဲ့ ပြည်သူတွေကို တိုက်ရိုက်အကျိုးပြုစေတဲ့ ဦးစားပေးနယ်ပယ်ကဏ္ဍများဖြစ်တဲ့ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ရရှိရေးနဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ငွေရေးကြေးရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ အခြေခံရေးဆွဲ ဆောင်ရွက်ထားတာ တွေ့ရမှာ ဖြစ်ပါတယ်။ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပြည်သူတွေ တိုက်ရိုက်အကျိုးခံစား ရရှိမယ့် ဦးစားပေး အစီအစဉ်တွေနဲ့အညီ စီမံကိန်းများကို ရေးဆွဲဆောင်ရွက်ထားပါတယ်။ ပြည်သူ့ဗဟိုပြု ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ဗဟိုချုပ်ကိုင်မှု လျှော့ချရေး လုပ်ငန်းစဉ်များနှင့်အညီ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒေသဖွံ့ဖြိုးရေးအတွက်ကို ပြည်သူတွေပါဝင်တဲ့ ပြည်သူ့လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ဖို့ အတွက်ကို ပြည်သူတွေရဲ့ အဆိုပြုတင်ပြချက်တွေအပေါ်မှာ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်သွားတာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ရှမ်းပြည်နယ်အနေနဲ့ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှု၊ ပြည်ထောင်စု ဘတ်ဂျက်အနေနဲ့ ကျပ်သန်းပေါင်း ၁၃၉,၃၃၉.၆၇၅ သန်းဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ ဘတ်ဂျက်အနေနဲ့ ကျပ်သန်းပေါင်း ၁၈၈,၄၀၉.၄၅၀ သန်းဖြစ်ပါတယ်။ အဲဒီမှာ မြစိမ်းရောင် ကျေးရွာစီမံကိန်းအတွက် ကျပ်သန်းပေါင်း ၈၄၀၀ သန်းနှင့်လွှတ်တော် ဖွံ့ဖြိုးရေး ရန်ပုံငွေ ကျပ်သန်းပေါင်း ၅၅၀၀ သန်း၊ စုစုပေါင်း ကျပ်သန်းပေါင်း ၃၄၁,၆၄၉.၁ သန်း ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိတော့ ကျပ်သန်းပေါင်း ၂၂၀,၃၀၁.၀ သန်း ဆောင်ရွက်အကောင်အထည်ဖော်ပြီး ဖြစ်တဲ့အတွက် ၆၄.၄၈ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးကြောင်း တင်ပြအပ်ပါတယ်။ နိုင်ငံတော်ရင်းနှီးမြှုပ်နှံမှုနှင့် ဆောင်ရွက်ပေးနေတဲ့ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးနဲ့ ပညာရေး၊ ကျန်းမာရေးစတဲ့ ရင်းနှီးမြှုပ်နှံမှုများကို ပြည်သူတွေ အပြည့်အဝ ရရှိခံစားနိုင်ရန်အတွက်ကို ဒေသအလိုက်၊ ဌာနအလိုက် ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြီးပြတ်အောင် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက်တော့ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှု ပြည်ထောင်စုဘတ်ဂျက်အနေနဲ့ ကျပ်သန်းပေါင်း ၅၅၈,၂၂၄.၇၂၂ သန်း၊ ပြည်နယ်ဘတ်ဂျက်အနေနဲ့ ကျပ်သန်း ပေါင်း ၁၆၁,၇၄၅.၃၆၆ သန်းဆောင်ရွက်သွားဖို့ ရေးဆွဲအဆိုပြုထားပါတယ်။ ဒါကိုလည်း ပြည်ထောင်စုလွှတ်တော်မှာဒီနေ့မှာ ဆက်လက်ဆွေးနွေးနေပြီ ဖြစ်ပါတယ်။ စီမံကိန်းများမှာ ဘဏ္ဍာရေးနှစ် ဆက်စပ်

ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် ရရှိနိုင်တဲ့ ရန်ပုံငွေ အခြေအနေအရ အနည်းငယ်ပြောင်းလဲသွားနိုင်တာ ရှိပါတယ်။

၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုများကို ပြည်သူများ အပြည့်အဝ အကျိုးရှိရှိ ခံစားရရှိစေရေးနှင့် အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို စီမံဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ သက်တမ်းအတွင်းမှာ ပြည်နယ်ရဲ့နှစ်စဉ်ရငွေတွေ တိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ပြည်နယ်နှင့် ပြည်သူ့အကျိုးအတွက် နှစ်စဉ်တိုးမြှင့်သုံးစွဲခဲ့ကြောင်းကို တင်ပြလိုပါတယ်။ ရငွေအနေနဲ့ ၂၀၁၁ - ၂၀၁၂ ခုနှစ် အမှန်စာရင်းအရ ကျပ် ၂၅.၉၆၉ ဘီလီယံ ရရှိခဲ့ပါတယ်။ အလားတူ ၂၀၁၂ - ၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ အမှန်စာရင်းအရ ကျပ် ၄၈.၃၉၇ ဘီလီယံ ရရှိခဲ့ပါတယ်။ ၂၀၁၃ - ၂၀၁၄ ခုနှစ် ရှေ့ပြေး အမှန်စာရင်းအရ ကျပ် ၇၈.၃၆၅ ဘီလီယံ ရရှိခဲ့ပြီး ယခုလက်ရှိ ၂၀၁၄ - ၂၀၁၅ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရ ကျပ် ၁၄၉.၆၇၅ ဘီလီယံ လျာထားပြီးတော့မှ အသုံးစရိတ်အနေနဲ့ ၂၀၁၁ - ၂၀၁၂ အမှန်စာရင်းတွေထဲက ကျပ် ၄၇.၈၂၆ ဘီလီယံ သုံးစွဲခဲ့ပါတယ်။ ၂၀၁၂ - ၂၀၁၃ ခုနှစ် အမှန်စာရင်းအရ ကျပ် ၉၆.၂၇၈ ဘီလီယံနှင့် ၂၀၁၃ - ၂၀၁၄ ခုနှစ် ရှေ့ပြေးအမှန်စာရင်းအရ ကျပ် ၁၆၃.၃၀၉ ဘီလီယံ သုံးစွဲခဲ့ပါတယ်။ ယခုလက်ရှိ ၂၀၁၄ - ၂၀၁၅ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရ ရှမ်းပြည်နယ်အနေနဲ့ ကျပ် ၃၇၈.၅၆၁ ဘီလီယံထိ သုံးစွဲရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

နိုင်ငံတော်ရဲ့ အုပ်ချုပ်မှုယန္တရားတွင် လည်ပတ်မှုအတွက် သုံးစွဲရတဲ့ သာမန်အသုံးစရိတ်နှင့် နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှုများအတွက် သုံးစွဲရတဲ့ ငွေလုံးငွေရင်း အသုံးစရိတ် တွေကို တိုးမြှင့်သုံးစွဲခဲ့တဲ့အလျောက် ပြည်ထောင်စုကနေပြီးတော့ ပြည်နယ်ရဲ့ လိုငွေတွေ ဖြည့်ဆည်းပေးခဲ့မှုနှင့် ပတ်သက်ရင် ၂၀၁၁- ၂၀၁၂ အမှန်စာရင်းအရ ကျပ် ၂၃.၅၁၈ ဘီလီယံ၊ ၂၀၁၂ - ၂၀၁၃ ခုနှစ် အမှန်စာရင်းအရ ကျပ် ၅၅.၀၈၂ ဘီလီယံနဲ့ ၂၀၁၃ - ၂၀၁၄ ခုနှစ် ရှေ့ပြေးအမှန်စာရင်းအရ ကျပ် ၆၇.၅၄၈ ဘီလီယံ ရရှိခဲ့ပါတယ်။ ၂၀၁၄ - ၂၀၁၅ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရ ကျပ် ၂၂၈.၈၃၈ ဘီလီယံထိ ကျွန်တော်တို့ ပြည်ထောင်စုက ထောက်ပံ့မှုတွေ ရရှိခဲ့ပြီး တစ်နှစ်ထက် တစ်နှစ် တိုးမြှင့်ဖြည့်ဆည်းပေးတာကိုလည်း တင်ပြလိုပါတယ်။

ပြည်ထောင်စုကနေ ချေးယူရငွေအနေနဲ့ကတော့ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်မှာတော့ ကျပ် ၁.၂၂၆ ဘီလီယံ ရရှိထားပြီး နိုင်ငံတော်အနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်

ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် စီမံကိန်းတွေအတွက် ပြည်နယ်သို့ နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

အစိုးရအဖွဲ့အနေဖြင့် ရငွေတွေကို လျာထားချက် ပြည့်မီအောင် အချိန်မီ ကောက်ခံရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ငွေလုံးငွေရင်း အသုံးစရိတ်တွေကိုလည်း ဘဏ္ဍာရေးနှစ်အတွင်းမှာ အချိန်မီ ပြီးစီးအောင် စနစ်တကျ အချိန်ဇယားတွေ ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ရငွေကို ရည်မှန်းချက်အတိုင်း ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ သုံးငွေကိုလည်း ကျစ်ကျစ်လစ်လစ်နှင့် ထိရောက်အောင်၊ အလေအလွင့်မဖြစ်အောင် သုံးစွဲခြင်းတို့ကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီးတော့မှ ဘဏ္ဍာရေးနှစ်အတွက် နှစ်အလိုက် အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ၁၀-၆-၂၀၁၄ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီအစည်းအဝေးမှာ ဆက်လက်ဆောင်ရွက်ရမဲ့ ရှေ့လုပ်ငန်းစဉ်တွေကို ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားခဲ့တဲ့ လုပ်ငန်းစဉ် (၇) ခုကို ရှင်းလင်းတင်ပြလိုပါတယ်။ ဒီလိုလုပ်ငန်းစဉ်တွေ ဆောင်ရွက်တဲ့နေရာမှာ လမ်းညွှန်ချက်နှင့်အညီ တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ် (၇)ခုကို ချမှတ်တဲ့နေရာမှာ လုပ်ငန်းစဉ်(၁)အဖြစ်တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်း စီမံခန့်ခွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပရန်၊ ပြည်ထောင်စုဝန်ကြီးဌာနများ တာဝန်ယူရသည့် လုပ်ငန်းကဏ္ဍများအလိုက် အစိုးရ/ ပုဂ္ဂလိက ပညာရှင်များပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ရန်၊ ပြည်ထောင်စုဝန်ကြီးဌာနအလိုက် အရာထမ်း၊ အမှုထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ပြုလုပ်ပေးရန်တို့ ဖြစ်ပါတယ်။ လုပ်ငန်းစဉ်(၁) ဖြစ်ပါတယ်။ လက်ရှိလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းစဉ်(၂)အဖြစ် ဦးစားပေးလုပ်ငန်း (၇)ရပ်ဖြစ်တဲ့ လျှပ်စစ်မီးကဏ္ဍ၊ သောက်သုံးရေဖူလုံရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ အလုပ်အကိုင်ရရှိရေးကဏ္ဍနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး၊ ငွေကြေးလုပ်ငန်းဖွံ့ဖြိုးရေးနဲ့ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်ရန် ဖြစ်ပါတယ်။ အဲဒီမှာ မြေယာအသုံးချမှု မူဝါဒ၊ မြေအသုံးမှု အစီအမံနဲ့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတို့နှင့်အညီ မြေမဲ့ယာမဲ့ ပြည်သူတွေအတွက် မြို့မြေ၊ ရွာမြေ အခင်းအကျင်းများ စီမံချထားရေး ဆောင်ရွက်ပေးရန်၊ ပုဂ္ဂလိက ကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ရန် ဖြစ်ပါတယ်။

လုပ်ငန်းစဉ် (၃) အနေနဲ့ မိုဘိုင်းဖုန်းနှင့် အင်တာနက်စနစ်ကို ပြည်သူတွေရဲ့ လူမှုစီးပွားရေး လိုအပ်ချက်အတွက် ဖြည့်ဆည်းပေးနိုင်မဲ့အဆင့်ထိ ရောက်ရှိလာစေရန်နှင့် အစိုးရဌာနများအနေနဲ့ e - Government စနစ်ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ရန် ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်လို့လည်း အခုဆိုရင် မိုဘိုင်းဖုန်းနဲ့ ပတ်သက်လို့ ရှမ်းပြည်နယ်အတွင်းမှာလည်း လူ ၁၀၀ မှာ ၄၀ ဦးလောက်ထိ တိုးမြှင့်သုံးစွဲလာနိုင်တဲ့ အနေအထားရောက်ရှိလာပြီး ဖြစ်ပါတယ်။ (Third Wave) လုပ်ငန်းစဉ် (၄)အဖြစ်ကတော့ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးကို တတိယအဆင့် အရှိန်မြှင့်တင်မှုအနေနဲ့ ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ ဒါကလည်း ပြီးခဲ့တဲ့ ပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ပညာရေး၊ ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်လို့ စီမံဆောင်ရွက်မှုတွေ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြအစီရင်ခံခဲ့ပြီး ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ် (၅)အဖြစ်ကတော့ အုပ်ချုပ်ရေးယန္တရားတိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးယန္တရား တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုနှင့် စပ်လျဉ်းပြီး ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ရှိသည့် သန့်ရှင်းသော အစိုးရဖြစ်အောင် ဆောင်ရွက်ရန်၊ ဝန်ထမ်းများရဲ့ စိတ်ဓာတ်၊ စည်းကမ်းနှင့် စွမ်းဆောင်ရည် ပြည့်ဝအောင်(Capacity Building) တည်ဆောက်ခြင်း၊ ယှဉ်ပြိုင်ကြိုးစားမှုဖြင့် ရာထူးအဆင့်တိုး၍ ချီးမြှင့်ခြင်း၊ အရေးယူသင့်သူကို အရေးယူခြင်းတို့ဖြင့် အုပ်ချုပ်ရေးယန္တရားစွမ်းဆောင်ရည် မြင့်မားတိုးတက်အောင် ဆောင်ရွက်ရန် ဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး / ပြည်နယ်အဆင့် စီမံခန့်ခွဲမှု ပိုင်းခြားခွဲဝေဆောင်ရွက်နိုင်ရေးဟာ အုပ်ချုပ်မှုယန္တရား ကောင်းမွန်ရေးအတွက် အဓိကကျပြီး ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း (Decentralization)ကိုလည်း ပီပီပြင်ပြင် ဖြစ်အောင် ခွဲဝေပိုင်းခြားဆောင်ရွက်ကြရန် ဖြစ်ပါတယ်။ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ရှိ/ မရှိကို တိုင်းတာတဲ့ အောက်ပါအချက်များနဲ့ အကဲဖြတ်ပြီး တိုးတက်အောင် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်-

(က) ပွင့်လင်းမြင်သာမှုရှိခြင်း (Transparency)

( ခ) ပြည်သူတို့၏ ဆန္ဒအမြင်ရယူခြင်းနှင့် တာဝန်သိမှု၊ တာဝန်ယူမှုရှိခြင်း (Voice and Accountability)

( ဂ) စွမ်းဆောင်ရည်ထိရောက်မှု ရှိခြင်း (Governmet Effectiveness)

(ဃ) လက်တွေ့လုပ်ငန်းဆောင်ရွက်ရန် ခိုင်မာသည့် ကောင်းမွန်သော စည်းမျဉ်း ဥပဒေရှိခြင်း (Regulatory Quality)

( င ) ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း (Rule of Law)

( စ ) လာဘ်ပေးလာဘ်ယူမှုများ တားဆီးထိန်းသိမ်းနိုင်ခြင်း(Control of Corruption)

နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲမှုတွေကို တတိယအဆင့် အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ် (၅)အဖြစ် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတွေနဲ့ ပတ်သက်ပြီး စီမံဆောင်ရွက်မှုအခြေအနေ သိရှိနိုင်ရန် ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ လုပ်ငန်းစဉ် (၆)အဖြစ်ကတော့ လယ်ယာကဏ္ဍ မြှင့်တင်ရေးနဲ့ တောင်သူလယ်သမားတွေရဲ့ လူမှုစီးပွားဘဝမြှင့်တင်မှု အကောင်အထည်ဖော်ရန် သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းစဉ်(၇)အဖြစ် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်သမားများရဲ့ လူမှုစီးပွားဘဝ မြှင့်တင်ဆောင်ရွက်ရန် အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါတော့ ဒီနေ့ (Third Wave) လုပ်ငန်းစဉ် (၇)ရပ်နှင့် ပတ်သက်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသို့ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ တင်ပြအစီရင်ခံခြင်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- (Third Wave) လုပ်ငန်းစဉ် (၇)ရပ်ကို အကောင်အထည်ဖော်မှုနှင့် ပတ်သက်ပြီး လယ်ယာကဏ္ဍမြှင့်တင်ရေးနှင့် တောင်သူလယ်သမားများရဲ့ လူမှုစီးပွားဘဝမြှင့်တင် အကောင်အထည်ဖော်ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာ လက်ရှိပင်လောင်းမြို့နယ်၊ ပေါင်းလောင်းရေဝပ်ဧရိယာ ရွှေ့ပြောင်းကျေးရွာ (၂၀)ရဲ့ ရွာမြေ ၁၆၅၉.၃၆ ဧကနှင့် စိုက်ပျိုးမြေ ၈၈၅၆.၀၅ ဧက၊ စုစုပေါင်း ဧကပေါင်း ၁၀၅၁၅.၄၁ ဧကကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပြီး ရွာမြေ၊ စိုက်ပျိုးမြေ၊ ပေါင်းလောင်းမြို့သစ်မြေအဖြစ် ဖော်ထုတ်သတ်မှတ်ပေးပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မြေယာမှုခင်းပြဿနာတွေနဲ့ ပတ်သက်ပြီး ဖြေရှင်းဆောင်ရွက်မှု အခြေအနေတွေနဲ့ ပတ်သက်ပြီးတော့မှ ရှမ်းပြည်နယ်အတွင်းမှာ ပြည်ထောင်စုလွှတ်တော် စုံစမ်းရေးကော်မရှင်ရဲ့ အစီရင်ခံစာအပိုင်း (၁၊ ၂၊ ၃၊ ၅၊ ၆၊ ၇) အပိုင်းတွေပါ မြေယာမှုခင်းကိစ္စများပေါ်မှာ ဖြေရှင်းဆောင်ရွက်ပေးနိုင်တဲ့ အမှုပေါင်း ၁၃၂၃ မှု ရှိပါတယ်။ အမှုပေါင်း ၁၀၀၇ မှုကိုသာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျန်တဲ့အမှု ၃၀၀ ကျော်ကိုတော့ ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်ပြီး ပြည်နယ်အတွင်းမှာ ရင်းနှီးမြှုပ်နှံမှုအတွက် ခွင့်ပြုနိုင်တဲ့

မြေအကျယ်အဝန်း ဧရိယာကေအနေနဲ့ ၅၁၉၉၀၁ ကေဖြစ်ကြောင်း၊ မှတ်တမ်းတင်ထားကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာ မွေးမြူရေးဇုန်အဖြစ် ရှမ်းပြည်နယ်တောင်ပိုင်းမှာ (၁)ခု၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ (၁)ခု၊ စုစုပေါင်း (၂)ခုနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ စက်မှုဇုန်အနေနဲ့ ရှမ်းပြည်နယ်တောင်ကြီးဒေသမှာ (၁)ခု၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ(၁)ခုနဲ့ လောက်ကိုင်စီးပွားရေးဇုန် (၁)ခု၊ စုစုပေါင်း (၃)ခုနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ် သမဝါယမကဏ္ဍကနေပြီးတော့ ရင်းနှီးမြှုပ်နှံမှု ချေးငွေအနေနဲ့ တောင်သူများကို စုစုပေါင်း ကျပ်သန်းပေါင်း ၂၂၃၇၆.၄၆ သန်း ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ လယ်ယာဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းအနေနဲ့ ၂၀၁၄ - ၂၀၁၅ ခုနှစ်၊ ချေးငွေစုစုပေါင်းကတော့ ကျပ်သန်းပေါင်း ၂၄၂၂၁ သန်း ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ ဒါကတော့ စိုက်ပျိုးရေးစရိတ်လိုအပ်ချက်ကို လယ်ယာကဏ္ဍမြှင့်တင်ရေးနှင့် ပတ်သက်ပြီး ကောက်နုတ်တင်ပြရခြင်း ဖြစ်ပါတယ်။ နောက် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုအနေနဲ့ မြို့ပြအိမ်မဲ့ယာမဲ့တွေအတွက် အရစ်ကျစနစ်နဲ့ ဝယ်ယူရမဲ့ အိမ်ရာဖော်ထုတ်မှုအနေနဲ့ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့မှာ အေးသာယာပြည်သူ့ဝန်ထမ်းအိမ်ရာ စီမံကိန်းကို မင်းကျန်စစ်ကုမ္ပဏီမှ လေးခန်းတွဲ(၅)ထပ် အဆောက်အဦ လုံးရေ ၁၂၃ လုံး၊ အခန်းပေါင်း ၂၄၆၀ ခန်းကို ရင်းနှီးမြှုပ်နှံမှု ကျပ်သန်းပေါင်း ၁၃၃၆၅၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ လားရှိုးမြို့နယ်၊ ထင်းရှူးမြိုင် အိမ်ရာစီမံကိန်းကိုလည်း ရွှေမင်းဝံကုမ္ပဏီက လေးခန်းတွဲ (၄) ထပ် အဆောက်အဦ ၄၇ လုံး၊ အခန်းပေါင်း ၇၅၂ ခန်းကို ရင်းနှီးမြှုပ်နှံမှု ကျပ်သန်းပေါင်း ၁၀၇၈၄.၈ သန်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အိမ်ရာ အိမ်ခန်းတွေ အကောင်အထည်ဖော်တဲ့နေရာမှာ Infrastructure လုပ်ငန်းတွေဖြစ်တဲ့ လမ်း၊ လျှပ်စစ်မီး၊ ရေရရှိရေး လုပ်ငန်းတွေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘတ်ဂျက်မှ ကျခံပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်နယ်လွှတ်တော်ကို တင်ပြအပ်ပါတယ်။ ဒီစီမံကိန်းတွေမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ မြေယာဖော်ထုတ်မှု ကုန်ကျစရိတ်တွေ ကျခံပေးသလို ပုဂ္ဂလိကကလည်း (၁၀၀)ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုနဲ့ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ရှမ်းပြည်နယ်အတွင်းမှာ ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကော်မတီအနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ စီမံကိန်းများကိုလည်း တင်ပြလိုပါတယ်။ အင်းလေးဟိုတယ်ဇုန်

စီမံကိန်းကို ခန့်မှန်းကုန်ကျငွေစရိတ် ၃၅.၆၇၉ ဘီလီယံနဲ့လည်းကောင်း၊ မူဆယ်ဗဟို စီးပွားရေးဇုန် စီမံကိန်းကို New Star Light ကုမ္ပဏီမှ ကျပ် ၅၀ ဘီလီယံဖြင့်လည်းကောင်း၊ တောင်ကြီးမြို့မှာ အဝေးပြေးယာဉ်ရပ်နားစခန်းကို ဝမင်းကုမ္ပဏီနဲ့ ဖြူစင်ကုမ္ပဏီတို့က ကျပ် ၁၃ ဘီလီယံနဲ့လည်းကောင်း၊ လားရှိုးအဆင့်မြင့် အဝေးပြေးယာဉ်ရပ်နားစခန်း (နားမခေါ်) စီမံကိန်းကို Shining Myanmar Co.,Ltd က ကျပ် ၅.၅၈၉ ဘီလီယံနဲ့ လည်းကောင်း၊ မူဆယ်အဝေးပြေးယာဉ်ရပ်နားစခန်းကို သိန်းသန်းချီကုမ္ပဏီက ကျပ် ၂၀.၆၈၈ ဘီလီယံဖြင့် လည်းကောင်း၊ တာချီလိတ်ပါဆပ်ခေတ်မီကားလေးကွင်းကို မင်းခေတ်သစ်ကုမ္ပဏီက ကျပ် ၂.၀၂၃၇ ဘီလီယံဖြင့်လည်းကောင်း၊ တောင်ကြီးမြို့ Hotel Convention ကို ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနနှင့် C.E.O Co.,Ltd တို့မှ ကျပ် ၅ ဘီလီယံဖြင့် လည်းကောင်း၊ လားရှိုးမြို့မှာ မန်ဆူအဆင့်မြင့်ဈေးကို တာမိုးညဲချမ်းသာကုမ္ပဏီမှ ကျပ် ၂.၀၈ ဘီလီယံနဲ့ လည်းကောင်း၊ နောက် ကျွန်တော်တို့ တောင်ကြီးမြို့ Shopping Center ကို သီဟဖွံ့ဖြိုး တိုးတက်ရေးကုမ္ပဏီမှ ကျပ် ၁၁.၈၃၄ ဘီလီယံဖြင့်လည်းကောင်း၊ တာချီလိတ်၊ ဝမ်ကောင်း မြို့မဈေးကို မင်းခေတ်သစ်ကုမ္ပဏီက ကျပ် ၁.၆၁၆ ဘီလီယံဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ လားရှိုးမြို့၊ မြို့ရှောင် လမ်းကိုတော့ Oriental Highway Co.,Ltd က ကျပ် ၁၇ ဘီလီယံ အကုန်အကျခံပြီး ဖောက်လုပ်ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါတယ်။ အလားတူ တာချီလိတ်နှင့် ကျိုင်းတုံမြို့များမှာလည်း မြို့ရှောင်လမ်းများကို ဖောက်လုပ်ရန် စီမံလျက်ရှိကြောင်း လွှတ်တော်ကို တင်ပြအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- နိဂုံးချုပ်အနေနဲ့ တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှုအတွက် ဆောင်ရွက်လျက်ရှိတဲ့ ဒီမိုကရေစီ အုတ်မြစ်ခိုင်မာရေးနဲ့ ပြည်သူလူထုရဲ့ လူမှုစီးပွားရေး လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ရေး အပိုင်းတွေကို တည်ဆောက်တဲ့နေရာမှာ ခွင့်ပြုသုံးစွဲငွေများနဲ့ ဖော်ထုတ်မည့် လုပ်ငန်းစီမံကိန်းများ ရည်မှန်းချက်အတိုင်း အောင်မြင်ဖို့ လိုအပ်ပါတယ်။ စီမံကိန်းတစ်ခု၊ လုပ်ငန်းတစ်ခု ထိရောက်အောင်မြင်စွာ စဉ်ဆက်တိုးတက်မှု ဖြစ်ပေါ်စေရေး စီမံခန့်ခွဲမှု စက်ဝန်းတွေဖြစ်တဲ့ မူဝါဒများအတိုင်း စီမံခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ဆန်းစစ် တည့်မတ်ခြင်းနဲ့ ပြန်လည်သုံးသပ်ဆောင်ရွက်ခြင်းများကိုလည်း အဆင့်လိုက် စီမံဆောင်ရွက် သွားလျက်ရှိကြောင်း တင်ပြလိုပါတယ်။ နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအနေနဲ့ ကြည့်မယ်ဆိုရင် ၂၀၁၁ ခုနှစ်မှာ စတင်ပြီး မူဝါဒတွေချမှတ်ခဲ့ပြီး ယင်းမူဝါဒ တွေအတိုင်း Plan တွေ ချမှတ်ထားပြီး ဖြစ်ပါတယ်။ ထို့အတူ ပြီးခဲ့တဲ့ (၃)နှစ်တာကာလ အတွင်းမှာလည်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအဆင့်ကို ဆောင်ရွက်နေခဲ့တာ ဖြစ်ပါတယ်။ ကျန်ရှိတဲ့ အဆင့်တွေဖြစ်တဲ့ ဆန်းစစ်တည့်မတ်ခြင်းနဲ့ ပြန်လည်သုံးသပ်

ဆောင်ရွက်ခြင်းများကို ယခုအချိန် ပြုလုပ်ရတော့မှာဖြစ်တဲ့အတွက် ဌာနဆိုင်ရာများအကြား ပေါင်းစပ်ညှိနှိုင်းပြီး ဌာနအလိုက်ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေအပေါ်မှာ ဆန်းစစ်ပြီး ပြင်ဆင်ဆောင်ရွက်သင့်သည်များကို ပြန်လည်သုံးသပ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ တစ်ဆက်တည်းမှာပဲ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆင်းရဲမှုလျှော့ချရေးကို ဆောင်ရွက်နေတဲ့ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဒီနေ့ နိုင်ငံတော်သမ္မတကနေပြီးတော့ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အနေအထားအရ ဘဏ္ဍာငွေရရှိသုံးစွဲမှု လမ်းညွှန်မှာကြားချက်တွေနဲ့အညီ ကျွန်တော်တို့ ဆင်းရဲမှုနှုန်းကိုလည်း ၂၀၁၅ ခုနှစ်မှာ ၁၆ ရာခိုင်နှုန်းအထိ လျှော့ချရေး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ လုပ်ငန်းတာဝန် သတ်မှတ်ပြီး မဟာဗျူဟာမူဘောင်တွေနဲ့အညီ တာဝန်ရှိတဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် ဌာနဆိုင်ရာများကို ဦးစားပေး အစီအစဉ်အလိုက် စနစ်တကျ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ကြောင်းနှင့် ဒီနေ့ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိရဲ့ မဲဆန္ဒနယ်မြေအသီးသီးမှာ အကောင်အထည်ဖော် ဆောင်ရွက်နေမှုလုပ်ငန်းများနဲ့ ပတ်သက်ပြီး ကြီးကြပ်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားကြပါလို့ တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၈ (ဂ)အရ ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်မှ ပုဂ္ဂိုလ်များက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပထမဦးစွာ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြက မေးခွန်း(၁)နှင့် (၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မြ၊ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို ဦးဆောင်ကြီးကြပ်နေတဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သရင်း လေးစားဂါရဝပြုပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကျွန်တော်ကတော့ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ ဖြစ်ပါတယ်။ ယနေ့ ကျင်းပတဲ့ အစည်းအဝေးမှာ 33 KV ဓာတ်အားခွဲရုံအသစ် အမြန်ဆုံး လျှပ်စစ်မီးချိတ်ဆက်ပေးနိုင်ရေးနဲ့ ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့ ဒသမပုံမှန်အစည်းအဝေးမှာ မေးမြန်းခဲ့တဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား- နောင်ချိုမြို့ကို ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံကျေးရွာမှာရှိတဲ့ 33/11KV , 5 MVA ကျွန်းတပင် ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးခဲ့ ရာ နောင်ချိုမြို့နဲ့ ကျွန်းတပင် ဓာတ်အားခွဲရုံမှာ (၂၂) မိုင်ခန့်ကွာဝေးတဲ့အတွက် ဓာတ်အား အပြည့်အဝသုံးစွဲခွင့်မရတဲ့အတွက် နောင်ချိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ တင်ပြခဲ့ရာ နောင်ချိုမြို့နဲ့ (၈) မိုင်ကွာဝေးတဲ့ ရွှေညောင်ပင်ရွာမှာ နိုင်ငံတော်မှ 33/11KV ဓာတ်အားခွဲရုံအသစ်ကို တည်ဆောက်ပေးမှုကြောင့် ၂၀၁၃ ခုနှစ်တွင် အဆောက်အဦပိုင်းနှင့် စက်တပ်ဆင်မှုအပိုင်း ၃၅ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီ ဖြစ်ပါတယ်။ နောင်ချိုကနေ မိုင် (၂၀) ကျော်ကွာဝေးတဲ့ ကောင်းခမ်း ကျေးရွာမှာရှိတဲ့ အမှတ် (၉၀၂) အမြောက်စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်ကလည်း လျှပ်စစ်မီး ကြိုးများ၊ မီးတိုင်များကို စနစ်တကျ သွယ်တန်းထားပြီး ဖြစ်ပါတယ်။ နိုင်ငံတော်က သန်းပေါင်း ၂၀၀ ကျော် အကုန်အကျခံ တည်ဆောက်ပေးထားတဲ့ ဓာတ်အားခွဲရုံသစ်ကြီးမှာ နိုင်ငံခြားက ပစ္စည်းတစ်ခုမရဟုဆိုကာ ယခုအချိန်ထိ ဓာတ်အားပေး ဖြန့်ဖြူးပေးနိုင်ခြင်း မရှိကြောင်း တွေ့ရပါတယ်။ နောင်ချိုမြို့ရဲ့ ဓာတ်အားသုံးစွဲရမှုအခြေအနေကို ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ တင်ပြခဲ့ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးမှလည်း ဖြေကြားခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်က Transformer (၂၉)လုံး ရှိခဲ့သော်လည်း ယခုအချိန်မှာ Transformer (၄၀)လုံးကျော် ရှိလာပြီဖြစ်တဲ့အတွက် (၂၂) မိုင်ကျော်ကလာတဲ့ ဓာတ်အားဟာ နောင်ချိုမြို့အရောက်မှာ ခရမ်းချဉ်သီးမီးအဆင့်ပင် မရှိတော့ဘဲ ပိုးစုန်းကြူးမီးအဆင့်သာသာခန့်သာ ကျန်ရှိပါတော့တယ်။ မီးအသုံးများတဲ့ ညနေ (၆)နာရီကနေ (၈)နာရီအတွင်းမှာဆိုရင် မီးအား မြှင့်စက်ခလုတ် နံပါတ် (၁၀)အထိ အကုန်တင်တာတောင် ဓာတ်အားဖြတ်ခွင့် မီတာမှာ ဗို့အား (၁၀၀)အောက်အထိ နောက်ကြောင်းပြန်တာ တွေ့ရှိရပါတယ်။ နိုင်ငံတော် သမ္မတကြီး ကိုယ်တိုင် Second Wave မှာ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ မြှင့်တင်ပေးဖို့အတွက် လျှပ်စစ်မီးကို ဦးစားပေး (၁)အဆင့်မှာ ထားပြီး ဆောင်ရွက်ပေးရန် လမ်းညွှန်ခဲ့ပေမဲ့ ယခု Third Wave မှာ အရှိန်အဟုန်မြှင့်တင်တဲ့ ကာလအထိ ဌာနဆိုင်ရာများက လိပ်သွားတဲ့နှုန်းနဲ့ အလုပ်လုပ်နေတာဟာ ပြည်သူများရဲ့ လိုအင်ဆန္ဒကို လုံးဝ ဥပေက္ခာပြုရာကျနေပါတယ်။

ဒါ့ကြောင့် နောင်ချိုမြို့နဲ့ (၁၀)မိုင်အကွာမှာ တည်ဆောက်ပြီးစီးနေပြီဖြစ်တဲ့ 33/11KV ဓာတ်အားခွဲရုံအသစ် ဓာတ်အား ချိတ်ဆက်ပြီး ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိပါသလား။ ဓာတ်အား ချိတ်ဆက်ပြီး ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးပါမည်ဆိုသည်ကို သိရှိလိုပါတယ်။

ဆက်လက်ပြီး ကျွန်တော် ဒုတိယမေးခွန်းကို ဆက်လက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား- (၂၈)ရက် (၄)လ လျှပ်စစ်လုပ်ငန်းနဲ့ ပတ်သက်ပြီး ဝန်ကြီးဌာန ညွှန်ကြားချက်များ အောက်ခြေအဆင့် ကွင်းဆင်းခြင်းနဲ့ ပတ်သက်တဲ့ မေးခွန်းကို ဆက်လက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ၂၈ - ၄ - ၂၀၁၄ ရက်နေ့ လားရှိုးမြို့၊ မြို့တော်ခန်းမမှာ ကျင်းပခဲ့တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာကော်မတီ Delivery Unit နှင့် စပ်လျဉ်းပြီးတော့ ရှင်းလင်းတင်ပြခြင်း အခမ်းအနားမှာ မွေးမြူရေးလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဒုဝန်ကြီးက ကျေးရွာများက ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီများ ဖွဲ့စည်းရန် မီးလင်းရေးကိစ္စများ ဆောင်ရွက်တဲ့နေရာမှာ လမ်းမကြီးနဲ့ (၂)မိုင်အတွင်း လျှပ်စစ်ဝန်ကြီးဌာနက ကုန်ကျစရိတ် တစ်ဝက်ကို ကျခံပေးနေကြောင်း သိရှိခဲ့ရပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ကထားရှိတဲ့ စေတနာကိုလည်း ကျွန်တော်လေးစားသိခဲ့ရပါတယ်။ မြို့ပြန်ရောက်ပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ်များ ကော်မတီ (၃)ရပ်နဲ့ ဌာနဆိုင်ရာများ၊ ရပ်/ ကျေးများ ညှိနှိုင်းအစည်းအဝေးမှာ မြို့နယ်လျှပ်စစ်မှူးကို လမ်းမကနေ (၂)မိုင်အတွင်း ကျေးရွာများက ကိုယ့်အားကိုယ်ကိုး မီးလင်းရေးကော်မတီ

အဖြစ် နိုင်ငံတော်က စရိတ်တစ်ဝက်ကျခံစေတဲ့ အခွင့်အရေး ရ/ မရ မေးမြန်းကြည့်တဲ့ နေရာမှာ ညွှန်ကြားချက်မရောက်ရှိကြောင်း ပြန်လည်ဖြေကြားခဲ့ပါတယ်။

နိုင်ငံတော်က ကျေးရွာများအတွက် ထားတဲ့စေတနာနဲ့ ပေးထားတဲ့ အခွင့်အရေးကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ကော်မတီ (၃)ရပ်မှာ ပါဝင်တဲ့ ပုဂ္ဂိုလ်များလည်း ဒုဝန်ကြီး ပြောကြားမှသာ သိရှိခဲ့ရပါတယ်။ နောက် ဆင်းရဲမှုလျှော့ချရေးနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံချက်လုပ်ငန်းမှာ အရေးပါ အရာရောက်တဲ့ ပြည်သူတွေ သိသင့်သိထိုက်၊ ရသင့် ရထိုက်တဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး အခွင့်အရေးတွေ အချိန်မီ ရရှိသိရှိနိုင်ဖို့အတွက် လျှပ်စစ် လုပ်ငန်းဝန်ကြီးဌာနက ပြည်သူအများနဲ့ သက်ဆိုင်တဲ့ ညွှန်ကြားချက်တွေကို အောက်ခြေ ဌာနဆိုင်ရာအထိ ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ အစီအစဉ် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ကို ဖြေကြားပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းရင်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များအားလုံး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ် အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံပြီး မင်္ဂလာအပေါင်းနှင့် ခညောင်း ကြပါစေ၊ ကောင်းမွန်တဲ့ လိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင် ဖြစ်ပါတယ်။ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ၏ ကြယ်ပွင့်ပြ မေးခွန်း များကို ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

33 KV ဓာတ်အားလိုင်းအားခွဲရုံအသစ်သို့ အမြန်ဆုံး လျှပ်စစ်မီး ချိတ်ဆက်ပြီး ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/ မရှိ၊ ဓာတ်အားချိတ်ဆက်ပေးရန် အစီအစဉ် ရှိပါက မည်သည့် ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းကို ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ နောင်ချိုမြို့၊ ပြည်သူများ ဗို့အားအပြည့်အဝ သုံးစွဲနိုင်ရေးအတွက် မန္တလေးတိုင်း ဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ကျွန်းတပင်ဓာတ်အားခွဲရုံမှ 33 KV Line (၁၄.၂)မိုင် သွယ်တန်းပြီး၊ ရွှေညောင်ပင်ကျေးရွာတွင် အသစ်တည်ဆောက်ခဲ့တဲ့ 33/ 11 KV, 5 MVA ဓာတ်အားခွဲရုံ အသစ်အား ၁၂ - ၉ - ၂၀၁၄ ရက်နေ့မှစ၍ ဓာတ်အားစတင် ဖြန့်ဖြူးပေးပြီးဖြစ်ပါသည်။

မေးခွန်းနံပါတ်(၂) ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံချက်လုပ်ငန်းမှာ အရေးပါအရာရောက်တဲ့ ပြည်သူတွေ သိသင့်သိထိုက်၊ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ အချိန်မီ သိရှိနိုင်ရေးအတွက် လျှပ်စစ်ဝန်ကြီးဌာနမှ ပြည်သူများနှင့် သက်ဆိုင်သော ညွှန်ကြားချက်များကို အောက်ခြေဌာနဆိုင်ရာအထိ ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် အစီအစဉ် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းကို ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ပြည်သူများနှင့် သက်ဆိုင်သော ညွှန်ကြားချက်များ၊ လျှပ်စစ်အသိ၊ လျှပ်စစ်သတိ ပြုရမည့်အချက်များအား လက်ကမ်းစာစောင်များ၊ မြေစိုက်ပိုစတာများဖြင့် ထပ်ဆင့်အသိပေး ထုတ်ပြန်လျက်ရှိပါတယ်။ ဓာတ်အားရရှိ အသုံးပြုလျက်ရှိသော ကျေးရွာများအား (၅/၂၀၁၄)လတွင် သက်ဆိုင်ရာ ကျေးလက်မီးလင်းရေးကော်မတီနှင့် ပူးပေါင်း၍ အသိပေးချပြပြီး ဖြစ်ပါသည်။ (၁၂/ ၂၀၁၄) လတွင် ထပ်မံ၍ ကျေးရွာများသို့ ချပြပေးသွားမှာ ဖြစ်ပါတယ်။ အားလုံးကို လေးစားပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဖေက မေးခွန်း(၁)နှင့် (၂)ကို တစ်ဆက်တည်း မေးမြန်းမှာ ဖြစ်ပါတယ်။

**ဦးစိုင်းလှဖေ၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဒီပုံမှန်အစည်းအဝေးကို တက်ရောက်လာကြသော ပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ရိုသေဂါရဝ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ကျွန်တော်ကတော့ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ဦးစိုင်းလှဖေ ဖြစ်ပါတယ်။ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့တွင် ယခင်က ဧည့်ရိပ်သာ မရှိ၍ အခြားဒေသမှ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်ဖြင့် ခေတ္တလာရောက်ချိန်တွင် တည်းခိုနေထိုင်ရန် အခက်အခဲ ရှိသဖြင့် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း အစီအစဉ်နှင့် ဧည့်ရိပ်သာတစ်ခု တည်ဆောက်ခဲ့ရာ ယခုအခါ ဆောက်လုပ်ခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါ ဧည့်ရိပ်သာတွင် ဧည့်သည်များလာရောက်သည့်အခါ ဧည့်သည်များနှင့်အတူ ပါလာသည့် ယာဉ်မောင်းများ၊ လုံခြုံရေးတပ်ဖွဲ့များ နေထိုင်ရန်အတွက် ၆၀ ပေ × ၃၀ ပေ ဘားတိုက် အဆောက်အဦ တစ်လုံး တည်ဆောက်လိုပြီး ခန့်မှန်းကုန်ကျငွေကျပ် ၄၅ သန်းတိတိ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လိုအပ်ငွေကျပ် ၄၅ သန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်ရန်ပုံငွေမှ ခွင့်ပြုပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

မေးခွန်းနံပါတ်(၂) မေးမြန်းလိုသည်မှာ ပထမဦးစွာ ဒီမေးခွန်း နံပါတ်(၂)ကို ကျွန်တော် ပေးပို့ထားတဲ့ရက်စွဲက ၁၅-၁၂-၂၀၁၄ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၂)နဲ့ပတ်သက်ပြီး ၅-၃-၂၀၁၅ ရက်နေ့၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ခွင့်ပြုရန်ပုံငွေ ၅၀ ရာခိုင်နှုန်းရရှိပြီး ဖြစ်ပါတယ်။ ကျွန်တော်အနည်းငယ် ပြင်ဆင်မေးမြန်းလိုသည်ကတော့ ဒီမေးခွန်းနံပါတ်(၂)အတွက် ကျန်ရှိတဲ့ ၅၀ ရာခိုင်နှုန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်မှာ အစီအစဉ် ပါ/ မပါ၊ ခွင့်ပြုပေးရန် ရှိ/ မရှိ သိရှိလိုကြောင်း မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား- "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့၏ မြို့လယ်တွင် ဖြတ်သန်းစီးဆင်းလျက်ရှိသော နမ့်ဆောင်ချောင်းသည် မိုးရာသီ၌ မကြာခဏ ရေကြီးရေလျှံမှုများ ဖြစ်ပွားတတ်သဖြင့် ရေကြီးနစ်မြုပ်မှု၊ ကမ်းပါးပြိုမှုမှ ကာကွယ်ရန် ရေထိန်းနံရံတည်ဆောက်ပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခဲ့ခြင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ အသေးစိတ်စာရင်းနှင့် တွက်ချက်တင်ပြစေခဲ့ရာ ဒေသ(၅)၊ မန္တလေးတိုင်းဒေသကြီး၏ တွက်ချက်မှုစာရင်းအရ စုစုပေါင်း ၉၈၈ သန်း ကုန်ကျမည်ဟု သိရှိရပါသည်။ သို့ဖြစ်ပါ၍ နမ့်ဆောင်ချောင်း မြေထိန်းနံရံ အပြည့်အဝတည်ဆောက်နိုင်ရေးအတွက် လိုအပ်ငွေ ကျပ် ၉၈၈ သန်းကို ၅၀ ရာခိုင်နှုန်း ခွင့်ပြုပြီးတဲ့အပြင် ကျန်ရှိသော ၅၀ ရာခိုင်နှုန်းအား ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ တာဝန်ရှိ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟိုပန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဖေ မေးမြန်းတဲ့ မေးခွန်းများကို ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မေးခွန်းအမှတ်စဉ်(၁) ဖြစ်တဲ့ ကျွန်တော်တို့ရဲ့ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်မှာ (၆၀ × ၃၀)ပေ ဘားတိုက်အဆောက်အဦတစ်လုံး ဆောက်လုပ်ရန် လိုအပ်တဲ့ ခန့်မှန်းကုန်ကျငွေ ၄၅ သန်းတိတိအား ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်ရန်ပုံငွေမှ

ခွင့်ပြုပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့် ပတ်သက်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အဆိုပါ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရဲ့ ဘတ်ဂျက်တင်ပြမှု စာရင်းမှာ ပါဝင်ခြင်းမရှိပါ၍ ခွင့်ပြုပေးနိုင်ခြင်း မရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ မေးခွန်းအမှတ်စဉ်(၂)ဖြစ်တဲ့ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ် မြို့လယ်တွင် ဖြတ်သန်းစီးဆင်းလျက်ရှိသော နမ့်ဆောင်ချောင်းသည် မိုးရာသီမှာ မကြာခဏ ရေကြီးရေလျှံ ဖြစ်ပွားတတ်တဲ့အတွက် ရေကြီးနစ်မြုပ်မှု၊ ကမ်းပါးပြိုမှုများမှ ကာကွယ်ရန် မြေထိန်းနံရံတည်ဆောက်ပေးနိုင်ရန်အတွက် လိုအပ်ငွေကျပ် ၉၈၈ သန်းအား ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်ရန်ပုံငွေမှ ခွင့်ပြုပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၆- ၂ - ၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၇၂/ ၂၅၇/ အဖရ (၅/ ၂၀၁၅)ဖြင့် ဟိုပန်ခရိုင်၊ ဟိုပန်မြို့၊ နမ့်ဆောင်ချောင်း ကမ်းပါးတစ်လျှောက် မြေထိန်းနံရံတည်ဆောက်ရန်အတွက် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် ၉၈၈ သန်းရဲ့ ၅၀ ရာခိုင်နှုန်းဖြစ်တဲ့ ကျပ်သန်းပေါင်း ၄၉၄ သန်းအား သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခွင့်ပြုခဲ့တဲ့အတွက် ၂၀၁၄ - ၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဦးစီးဌာနမှ လုပ်ငန်းများ ယခုဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ အဲဒီအပြင် ကျန်ရှိတဲ့ ကျပ်သန်းပေါင်း ၅၀ ရာခိုင်နှုန်းဖြစ်တဲ့ ကျပ်သန်းပေါင်း ၄၉၄ သန်းကို လာမဲ့ ၂၀၁၅ - ၂၀၁၆ ခုနှစ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသွားနိုင်ရေး ဆက်လက်၍ တင်ပြပေးသွားမှာ ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဆန်ကွယ်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆန်ကွယ်၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးမိတ်မြို့နယ် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆန်ကွယ် ဖြစ်ပါတယ်။ ကျွန်တော်မေးခွန်းမေးမြန်းလိုတာကတော့ မိုးကောင်းဦးရွာ အခြေခံပညာမူလတန်းကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်း အဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မိုးမိတ်ခရိုင်၊မိုးမိတ်မြို့နယ်၊ ပထမ်းကျေးရွာအုပ်စု၊ မိုးကောင်းကျေးရွာ၊ နမီကျေးရွာ၊ ဟိုလိတ်ကျေးရွာ ကျောင်းသူ/

ကျောင်းသားများ ၂၅၃ ဦးရှိပြီး အိမ်ခြေပေါင်း ၅၈၂ အိမ်ရှိပြီး မန်ကျည်းပင်အထက်တန်းကျောင်းနှင့် (၃)မိုင်ကွာဝေးပြီး အချို့သော ကျောင်းသူ/ ကျောင်းသားများ မူလတန်းအဆင့်သာ နေခဲ့ရပါတယ်။ သို့ပါ၍ မိုးကောင်းဦး အမက ကျောင်းတွင် (၄)ရွာ၏ ဗဟိုကျပါသဖြင့် မိုးကောင်းဦး အမကကျောင်းအား အခြေခံပညာအလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဆောင်ရွက်ပေးရန် အမှန်တကယ်လိုအပ်နေပါတယ်။ သို့ဖြစ်ပါ၍ မိုးကောင်းဦး အမက ကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ မိဘပြည်သူများ၏ကိုယ်စား လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ ပြည်နယ်လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆန်ကွယ်ရဲ့ မိုးမိတ် ခရိုင်၊ မိုးမိတ်မြို့နယ်၊ မိုးကောင်းဦး အခြေခံပညာမူလတန်းကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်၊ မိုးကောင်းဦး အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ပတ်သက်၍ မိုးမိတ်မြို့နယ်ပညာရေးမှူးရုံးမှ ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်အတွက် အဆင့်တိုးတင်ပြထားခြင်း မရှိသေးပါ။ အမက မိုးကောင်းဦးကျောင်းသည် ကျောင်းသားဦးရေ ၆၆ ဦး ရှိပါသည်။ ပတ်ဝန်းကျင်ကျောင်းများမှ တက်ရောက်နိုင်သည့် ကျောင်းသား ၇၁ ဦးရှိပါတယ်။ ပင်မကျောင်းနှင့် (၃)မိုင်ခွဲကွာဝေးပါတယ်။ ကျောင်းမြေအကျယ် (၁.၇၆)ကေရှိပြီး၊ စာသင်ဆောင်(၁)ဆောင်၊ စာသင်ခန်း(၅)ခန်း ရှိပါတယ်။ စတုတ္ထတန်းကျောင်းသား ၁၆ ဦးသာ ရှိပါသဖြင့် အလယ်တန်းအဆင့် တက်ရောက်မဲ့ ကျောင်းသားဦးရေ နည်းနေသေးကြောင်း တွေ့ရှိရပါတယ်။ အလယ်တန်းအဆင့် ကျောင်းသားဦးရေ တိုးတက်လာပါက အမက-မိုးကောင်းဦးကျောင်းအား မူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိရေး အတွက် ဆက်လက်တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ယနေ့ ကျင်းပပြုလုပ်သော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို ကြွရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များအားလုံး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် တပ်မတော်သား ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။ ယခုကဲ့သို့ ကျေးလက်ဒေသနေ ပြည်သူများ၏ ပညာရေးအတွက် တင်ပြမေးမြန်းခွင့်ရရှိတဲ့အတွက် များစွာဂုဏ်ယူဝမ်းသာမိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား- အစိုးရသစ်ကာလမှာ မြန်မာနိုင်ငံပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ရန်ပုံငွေများကို တိုးမြှင့်ချထားပေးပြီး ဘက်ပေါင်းစုံမှ ကြိုးပမ်းအားထုတ်နေတာကို သိရှိရတဲ့အတွက်ကြောင့် အနာဂတ်နိုင်ငံပညာရေးအတွက် ဝမ်းသာပီတိဖြစ်မိပါကြောင်း တင်ပြအပ်ပါတယ်။ တစ်နိုင်ငံလုံးရှိ ကျေးရွာတိုင်း ပညာသင်ကြားနိုင်ရေးအတွက် ကျေးရွာတိုင်းမှာ ပညာသင်ကျောင်းရှိရန် အထူးအရေးကြီးလှပါတယ်။ ဤကဲ့သို့ ရှိနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရဦးမည့် လုပ်ငန်းများလည်း ကျန်ရှိသေးတာကိုလည်းပဲ လေ့လာတွေ့ရှိရပါတယ်။ ယခုကဲ့သို့ လုပ်ဆောင်ပေးရန် ကျန်ရှိနေတဲ့ ကျေးရွာများအနက် ကျွန်တော်တင်ပြမဲ့ ကျေးရွာအပါအဝင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား- လွိုင်လင်မြို့နယ်၊ နားယန်းကျေးရွာအုပ်စု၊ ကန်းမန်းဒုံကသာ၊ ဒုံကသာဆိုသည်မှာ ပအိုဝ်းဘာသာဖြင့် ရွာသစ်လို့ အဓိပ္ပာယ်ရရှိပါတယ်။ ကန်းမန်းဒုံကသာသည် အိမ်ခြေ ၁၀၇ အိမ်ရှိပြီး လူဦးရေ ၄၀၀ ခန့် နေထိုင်တဲ့ကျေးရွာဖြစ်ပါတယ်ခင်ဗျား။ ကလေးသူငယ်များဟာ (၂)မိုင်ခွဲခန့် ကွာဝေးတဲ့ နားလွယ်- အမကကျောင်းသို့ သွားရောက်ပညာသင်ကြားရခြင်း၊ ရာသီဥတုဒဏ်အမျိုးမျိုးကို ခက်ခဲစွာ ကျော်လွှားပြီးတော့မှ ပညာသွားသင်နေကြရပါတယ်။ ဒီအခက်အခဲတွေကို ကင်းဝေးစေရန်အတွက် ရွာသူရွာသားများက တတ်အားသရွေ့ ဝိုင်းဝန်းကြိုးပမ်းမှုဖြင့် ၂၀၁၄ - ၂၀၁၅ ခုနှစ်၊ ပညာသင်နှစ်မှစပြီး ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်လေးတစ်ဆောင်ကို တည်ဆောက်ပြီး ကျောင်းသူကျောင်းသား ၄၀ ဦးဖြင့် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဒီလာမဲ့ ဘဏ္ဍာရေးနှစ်ကနေ စပြီးတော့မှ နိုင်ငံတော်အစိုးရ ကနေပြီး ဝန်ထမ်းများကို လစာတိုးမြှင့် ချီးမြှင့်ပေးမှာက တစ်ကြောင်း၊ ဒေသခံကျေးရွာသူ ရွာသားများဟာလည်းပဲ မြေယာကို အခြေခံသော စီးပွားရေးကိုသာ လုပ်ကိုင်စားသောက်နေရသဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံနိုင်ရန် များစွာခက်ခဲပါသဖြင့် အဆိုပါ ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းလေးကို ၂၀၁၅ - ၂၀၁၆ ခုနှစ်၊ ပညာသင်နှစ်မှစ၍ ဤကျောင်းနှင့် သင့်လျော်သော အမကခွဲ သို့မဟုတ် အမကအဆင့်သို့

တိုးမြှင့်ပေးနိုင်ပါမှ အဆင်ပြေစွာ လည်ပတ်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တင်ပြသော နားယန်းကျေးရွာအုပ်စု၊ ကန်းမန်းဒုံကသာ အမက ကိုယ်ထူကိုယ်ထ ကျောင်းကို အမက ခွဲ သို့မဟုတ် အမက အဆင့်သို့ တိုးမြှင့်ပေးပါရန်နှင့် လိုအပ်သော ကျောင်းဆောင်များကို လည်းပဲ စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် မေးမြန်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ ပြည်နယ်လူမှုရေးဝန်ကြီး။** လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်ရဲ့ ၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်မှစ၍ ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်တစ်ဆောင် ဆောက်ပြီး ကျောင်းသူကျောင်းသား ၄၀ ဦးဖြင့် စတင်ဖွင့်လှစ်ခဲ့သည့် လွိုင်လင်မြို့နယ်၊ နားယန်းကျေးရွာအုပ်စု၊ ကန်းမန်းဒုံကသာကျေးရွာ ကိုယ်ထူကိုယ်ထ သင့်လျော်သော အခြေခံပညာမူလတန်းကျောင်း (ခွဲ) သို့မဟုတ် အခြေခံပညာမူလတန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးပါရန်နှင့် လိုအပ်သော ကျောင်းဆောင်ကိုလည်း စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ လွိုင်လင်မြို့နယ်၊ နားယန်းကျေးရွာအုပ်စု၊ ကန်းမန်းဒုံကသာကျေးရွာ ကိုယ်ထူကိုယ်ထကျောင်းကို ၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်မှစ၍ ကိုယ့်အားကိုယ်ကိုးကျောင်းဆောင်သစ် တစ်ဆောင်(၂၇)ပေ၊ (၂၄)ပေ၊ (၁၃)ပေ သွပ်မိုး၊ ဝါးသဲ့ကာမြေစိုက်တည်ဆောက်ပြီး ကျောင်းသား၊ ကျောင်းသူ ၄၀ ဦးဖြင့် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ လွိုင်လင်မြို့နယ်၊ နားယန်းကျေးရွာအုပ်စု၊ ကန်းမန်းဒုံကသာကျေးရွာ ကိုယ်ထူကိုယ်ထကျောင်းကို ရှမ်းပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံးရဲ့ ၁၁- ၁၁ - ၂၀၁၄ ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၁)/ ၃၄၈၉/ အခမြ(ကျောင်းတိုး) ၂၀၁၄ ဖြင့် အမှတ်(၂)အခြေခံပညာဦးစီးဌာန၊ မန္တလေးမြို့သို့ အမက(ခွဲ) အဆင့်တိုးမြှင့်ပေးနိုင်ပါရန် တင်ပြထားပြီး ဖြစ်ပါတယ်။ ကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုပြီးမှ လိုအပ်သော ကျောင်းဆောင်ကို စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ပေးရန် အမှုတွဲများ တောင်းခံစိစစ်ပြီး အဆင့်ဆင့်တင်ပြ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီးက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** မင်္ဂလာပါခင်ဗျား- လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒီအစည်းအဝေးသို့ တက်ရောက်ကြ

ပါသော လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းကြပါစေ။ ကျွန်တော်ကတော့ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီးဖြစ်ပါတယ်။ ဒီလွှတ်တော်အစည်းအဝေး မကျင်းပမီ ၁- ၃- ၂၀၁၅ နေ့မှာ ကျိုင်းတောင်းမြို့၊ နမ့်တိန်းခန်းမမှာ ကျင်းပပြုလုပ်တဲ့ မဲဆန္ဒရှင်များနဲ့ တွေ့ဆုံပွဲမှာ မဲဆန္ဒရှင်များရဲ့ တောင်းဆိုတင်ပြချက်အရ ဒီမေးခွန်းကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ကျိုင်းတောင်းမြို့၊ နောင်ဟီးကျေးရွာအုပ်စု၊ နမ့်အွန်ကျေးရွာမှာ အိမ်ထောင်စု ၅၇ စု၊ လူဦးရေ ၂၇၇ ဦး ရှိပါတယ်။ ဟိုပာကျေးရွာအုပ်စုမှာလည်း အိမ်ထောင်စု ၈၆ စုနဲ့ လူဦးရေ ၄၁၅ ဦးရှိပါတယ်။ အဆိုပါကျေးရွာများတွင် ပညာသင်ကြားရန် အရွယ်ရောက်နေတဲ့ ကျေးလက်ကလေးငယ်များ အများအပြားကို တွေ့ရှိခဲ့ရပါတယ်။ သို့ပါ၍ ကျိုင်းတောင်းမြို့၊ နောင်ဟီးကျေးရွာအုပ်စုနဲ့ နမ့်အွန်ကျေးရွာတွင်လည်းကောင်း၊ ဟိုပာကျေးရွာအုပ်စု၊ နားပုန်းကျေးရွာအုပ်စုတွင်လည်းကောင်း မူလတန်းအဆင့် စာသင်ကျောင်းဆောင် လိုအပ်လျက်ရှိပါသဖြင့် သင့်တင့်သောအဆောက်အဦများ ဆောက်လုပ်ဖွင့်လှစ်ပေးပါရန် စီစဉ်ဆောင်ရွက်ထားခြင်း ရှိ/ မရှိနှင့် ဆောက်လုပ်ပေးနိုင်ပါရန် မဲဆန္ဒရှင်များကိုယ်စား တင်ပြမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ ပြည်နယ်လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီးရဲ့ ကျိုင်းတောင်းမြို့၊ နောင်ဟီးကျေးရွာအုပ်စု၊ နမ့်အွန်ကျေးရွာတွင်လည်းကောင်း၊ ဟိုပာကျေးရွာအုပ်စု၊ နားပုန်းကျေးရွာတွင်လည်းကောင်း မူလတန်းအဆင့် စာသင်ကျောင်းဆောင် လိုအပ်လျက်ရှိပါသဖြင့် ဆောက်လုပ်ပေးနိုင်ပါရန်နှင့် ဆောက်လုပ်ပေးရန် စီစဉ်ဆောင်ရွက်ထားခြင်း ရှိ/ မရှိ သိရှိလိုပါသည်ဟူသော မေးခွန်းနှင့် စပ်လျဉ်း၍ မိုးနဲမြို့နယ်၊ နမ့်အွန်ကျေးရွာနှင့် နားပုန်းကျေးရွာတို့တွင် ပညာရေးဌာနမှ ဖွင့်လှစ်ထားတဲ့ ကျောင်း Sanction မရှိသေးပါ။ ရပ်ရွာအစီအစဉ်ဖြင့် ရပ်မိရပ်ဖ နေအိမ်တွင် ရှမ်းစာပေသင်ကြားပေးလျက်ရှိပါတယ်။ နမ့်အွန်ကျေးရွာတွင် ကျောင်းသား၊ ကျောင်းသူအရွယ် ကလေး ၃၄ ဦးနှင့် နားပုန်းကျေးရွာတွင် ကျောင်းသား၊ ကျောင်းသူအရွယ် ကလေး ၂၅ ဦးရှိပါတယ်။ ပညာရေးဌာနမှ ဖွင့်လှစ်တဲ့ ကျောင်း Sanction ရရှိရေးအတွက် အမှုတွဲများ တည်ဆောက်ပြီး အမှတ်(၂)အခြေခံပညာဦးစီးဌာနသို့ ဆက်လက်တင်ပြတောင်းခံသွားမှာ ဖြစ်ပါတယ်။ ကျောင်း Sanction ရရှိပြီးမှသာ လိုအပ်သော ကျောင်းဆောင်ကို ပညာရေးဌာနမှ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ပေးနိုင်ပါရန် အမှုတွဲများ တောင်းခံစိစစ်ပြီး အဆင့်ဆင့် တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

# ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အရေးကြီးအဆိုတစ်ရပ် တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကနေပြီးတော့မှ အရေးကြီးအဆိုတစ်ရပ်ကို တင်သွင်းဖို့အတွက် လွှတ်တော်ကို ပေးပို့လာပါတယ်။ ဒါ့ကြောင့် အဆိုကို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်တဲ့ ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ဒီကနေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးချိုစိန် ကျွန်မမှ အရေးကြီးအဆို တစ်ရပ်ကို လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင့်။ ကျွန်မအနေနဲ့ ရှမ်းပြည်နယ်လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းမှု ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတာဝန် တစ်ရပ် အနေဖြင့် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ရေးအဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးရှင်- ကျွန်မကို ရှမ်းပြည်နယ်အတွင်းရှိ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသတွင် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့မှ စတင်၍ ကိုးကန့်သောင်းကျန်းသူ အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းမှု ပျက်ပြား လာပြီး အဲဒီဒေသမှာရှိတဲ့ မိဘပြည်သူများရဲ့ လုံခြုံမှုနဲ့ တည်ငြိမ်အေးချမ်းမှု ပျက်ပြားလာ တဲ့အတွက် အဲဒီဒေသမှာ ပြည်သူများရဲ့ အသက်အိုးအိမ် လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းစွာ နေထိုင်ရေးကိုပါ ထိခိုက်လာခဲ့ပါတယ်။

အဲဒီအခြေအနေများကြောင့် နိုင်ငံတော်အစိုးရက ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်၊ ၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၄)ရက်နေ့မှာ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/ ၂၀၁၅)ဖြင့် အရေးပေါ်အခြေအနေ ကြေညာကာ ဥပဒေကဲ့သို့ အာဏာ တည်သော အမိန့်အမှတ် (၂/ ၂၀၁၅)ဖြင့် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ လောက်ကိုင်ဒေသအား စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီး စစ်အုပ်ချုပ်ရေး အာဏာ သက်ရောက်ခဲ့သဖြင့် လည်းကောင်း၊ တပ်မတော်ကနေပါဝင် ကာကွယ်စောင့်ရှောက် ခဲ့တဲ့အတွက် လောက်ကိုင်ဒေသမှာ အတော်ပင် တည်ငြိမ်အေးချမ်းလာပြီးတော့ အဲဒီဒေသမှာ ရှိတဲ့ ပြည်သူလူထုများရဲ့ လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းစွာ နေထိုင်ရေးကိုလည်း ပြန်လည်

ရောက်ရှိလာပြီ ဖြစ်ပါတယ်။ အဲဒီလောက်ကိုင်ဒေသရဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ တည်ငြိမ်အေးချမ်းရေးသည် ဆက်လက်ပြီးတော့ ထာဝရရေရှည်တည်တံ့ခိုင်မြဲဖို့ လိုပါတယ်။ ကျွန်မတို့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ပြည်သူလူထုများသာမက မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူလူထုများရဲ့ လိုလားချက်လည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လောက်ကိုင်ဒေသအပါအဝင် ရှမ်းပြည်နယ်တစ်ခုလုံးမှာ လက်နက်ကိုင် ပဋိပက္ခများ ကင်းစင်ပြီး ရေရှည်တည်ငြိမ်အေးချမ်းရေးအတွက် ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်း ကူညီပါဝင်ဆောင်ရွက်ရေး အဆိုကို လေးစားစွာ တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးအားဖာ၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား- ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးချိုစိန် တင်သွင်းတဲ့အဆိုကို ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအားဖာက ထောက်ခံအပ်ပါတယ် ခင်ဗျား။

## အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၉)။ ဒေါ်အေးချိုစိန် တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ရှမ်းပြည်နယ်လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းမှု ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရေးအဆိုဖြစ်ပါတယ်။ ယခု အဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် (လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား) **(၃)ကြိမ်**

**ဥက္ကဋ္ဌ။** အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်မရှိသည့်အတွက် ဒေါ်အေးချိုစိန်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း

ကြေညာပါတယ်။ အဆိုကို ၂၀၁၅ ခုနှစ်၊ မတ်လ (၂၄) ရက်၊ အင်္ဂါနေ့မှာ ဆွေးနွေးပါ့မယ်။ ဆွေးနွေးမဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ် တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများဆိုင်ရာ ဥပဒေ(မူကြမ်း)အား တင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၀) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ် တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများဆိုင်ရာ ဥပဒေ(မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ တင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ ပြည်နယ်လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း အပိုဒ် (၇) လူမှုရေးကဏ္ဍ အပိုဒ်ခွဲ(က) ပြည်ထောင်စုက ချမှတ်ထားသော တိုင်းရင်းဆေးဆိုင်ရာ မူဝါဒများနှင့် မဆန့်ကျင်သော တိုင်းရင်းဆေးဆရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှမ်းပြည်နယ်တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများဆိုင်ရာ ဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်တိုင်းရင်းဆေးဆရာများနဲ့ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများဆိုင်ရာ ဥပဒေ(မူကြမ်း)စာအုပ်အား လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် အကျဉ်းချုံး တင်ပြသွားမှာဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများဆိုင်ရာ ဥပဒေ(မူကြမ်း)မှာ အခန်း(၁၁)ခန်း၊ ပုဒ်မ (၁၉) ခု ပါရှိမှာ ဖြစ်ပါတယ်။ အခန်း(၁)၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် ဖြစ်ပါတယ်။ ပုဒ်မ ၁ ဤဥပဒေကို ရှမ်းပြည်နယ်တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။ ပုဒ်မ(၂)၊ ဤဥပဒေတွင် ပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်များ ဖော်ပြခြင်း ဖြစ်ပါတယ်။ ပြည်နယ်၊ အစိုးရအဖွဲ့၊ ဝန်ကြီးဌာန၊ ဝန်ကြီး၊ တိုင်းရင်းဆေးဆရာ၊ မှတ်ပုံတင်လက်မှတ်၊ ကောင်စီ၊ ကော်မတီ၊ တိုင်းရင်းဆေးပညာ၊ တိုင်းရင်းဆေးဝါး၊ စံမညီတိုင်းရင်းဆေးဝါး၊ ပျက်စီးတိုင်းရင်းဆေးဝါး၊ တိုင်းရင်းဆေးဝါး

သက်တမ်းကုန်ဆုံးရက်၊ အမှတ်တံဆိပ်၊ တိုင်းရင်းဆေးဝါးကုန်ကြမ်း၊ လိုင်စင်၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်ခြင်း၊ ဆေးမြီးတို၊ အရည်အသွေး အာမခံချက်စတဲ့ စကားရပ်များရဲ့ အဓိပ္ပာယ် ဖော်ပြချက်များကို ဖော်ပြထားပါတယ်။

အခန်း(၂)ကတော့ ရည်ရွယ်ချက်များ ဖြစ်ပါတယ်။ ပုဒ်မ ၃ ဤဥပဒေ၏ ရည်ရွယ်ချက် များမှာ- ပုဒ်မခွဲ (က) ပြည်နယ်အတွင်းရှိ တိုင်းရင်းဆေးဆရာများ စုစည်း၍ တိုင်းရင်းဆေးပညာ တစ်ရပ်ရပ်ကို အသုံးချပြီး ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်နိုင်ရန်၊ ပုဒ်မခွဲ (ခ) တိုင်းရင်းဆေးဆရာများအား မိမိတို့၏ ကျင့်ဝတ်နှင့် စည်းကမ်းများ လိုက်နာစေရေးအတွက် ကြီးကြပ်ကွပ်ကဲစေရန်၊ ပုဒ်မခွဲ(ဂ) တိုင်းရင်းဆေးဆရာများသည် စနစ်တကျ ဆေးကုသနိုင်ရန်၊ ပုဒ်မခွဲ (ဃ) တိုင်းရင်းဆေးပညာ ခေတ်မီတိုးတက်ရေး၊ သိပ္ပံနည်းကျရေးအတွက် ဆောင်ရွက် နိုင်ရန်၊ ပုဒ်မခွဲ(င) တိုင်းရင်းဆေးဝါးများကို စနစ်တကျ မှတ်ပုံတင်ထားရှိရန်၊ ပုဒ်မခွဲ(စ) အရည်အသွေးအာမခံချက် ကောင်းမွန်ပြီး ဘေးဥပါဒ်ကင်းကာ အကျိုးသက်ရောက်မှုရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန်၊ ပုဒ်မခွဲ(ဆ) တိုင်းရင်းဆေးဝါးထုတ်လုပ် ခြင်းကို စနစ်တကျ ကြီးကြပ်ကွပ်ကဲရန်၊ အခန်း(၃) ကော်မတီဖွဲ့စည်းခြင်း ဖြစ်ပါတယ်။ ဥပဒေ (မူကြမ်း)ပါ ပုဂ္ဂိုလ်များဖြင့် ကော်မတီဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်။

အခန်း(၄) ကော်မတီရဲ့ လုပ်ငန်းတာဝန်များကို ဖော်ပြထားခြင်း ဖြစ်ပါတယ်။ ပုဒ်မ ၅ မှာ ပုဒ်မခွဲ(၁၀)ခု ပါဝင်မှာ ဖြစ်ပါတယ်။ ပုဒ်မ ၆ တစ်ခု ထပ်မံပါဝင်မှာ ဖြစ်ပါတယ်။ အခန်း(၅) တိုင်းရင်းဆေးဆရာနှင့် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများ ဖြစ်ပါတယ်။ ပုဒ်မ (၁)ခု ပါပါတယ်။ ပုဒ်မ ၇ ဖြစ်ပါတယ်။ အခန်း (၆) အယူခံခြင်း ဖြစ်ပါတယ်။ ပုဒ်မ ၈၊ ပုဒ်ခွဲငယ် (၃)ခု ပါရှိမှာဖြစ်ပါတယ်။ အခန်း (၇) တိုင်းရင်းဆေးဆရာများ လိုက်နာကျင့်သုံးရမည့် အချက်များ၊ ပုဒ်မ ၉၊ ပုဒ်မခွဲ (၇)ခု ပါရှိမှာ ဖြစ်ပါတယ်။ အခန်း (၈) တိုင်းရင်းဆေးဆရာများ ရှောင်ကျဉ်ရမည့် တားမြစ်ချက်များ ဖြစ်ပါတယ်။ ပုဒ်မ ၁၀ ဖြစ်ပြီး ပုဒ်မခွဲ (၁၀)ခု ပါရှိမှာ ဖြစ်ပါတယ်။

အခန်း (၉) တိုင်းရင်းဆေးဝါး ထုတ်လုပ်ရောင်းချသူများအတွက် တားမြစ်ချက်များ ဖြစ်ပါတယ်။ ပုဒ်မ ၁၁ ဖြစ်ပြီးတော့ ပုဒ်မခွဲ (၇)ခု ပါရှိမှာ ဖြစ်ပါတယ်။ အခန်း (၁၀)ပြစ်မှုနှင့် ပြစ်ဒဏ်များ ဖော်ပြထားပါတယ်။ ပုဒ်မ ၁၂ နှင့် ၁၃ ပါရှိမှာ ဖြစ်ပါတယ်။ အခန်း (၁၁) အထွေထွေအခန်း ဖြစ်ပါတယ်။ ပုဒ်မ ၁၄ ပြည်နယ်အတွင်းရှိ တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။ ပုဒ်မ ၁၅ အစိုးရအဖွဲ့သည် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်စေခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

ပုဒ်မ ၁၆ တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်နေသူသည် ကော်မတီမှ သတ်မှတ်ပေးသည့် အချိန်ကာလအတွင်း မှတ်ပုံတင်ခြင်း၊ လိုင်စင်ရယူခြင်းတို့ကို ဆောင်ရွက်ရမည်။ ပုဒ်မ ၁၇ ပြည်နယ်အတွင်း တိုင်းရင်းဆေးဝါးဥပဒေအရ ခွင့်ပြုချက် တစ်စုံတစ်ရာ မရှိဘဲ ပြည်ပသို့ တင်ပို့သည့် တိုင်းရင်းဆေးဝါးကို ဖမ်းဆီးရမိလျှင် အစိုးရအဖွဲ့က သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လွှဲပြောင်းခြင်း၊ စီမံခန့်ခွဲခြင်း ပြုရမည်။ ပုဒ်မ ၁၈ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် လွယ်ကူခြင်း မရှိပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုဘဲ မည်သို့ ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။

ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။ ပုဒ်မ ၁၉ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပုဒ်မခွဲ(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။ ပုဒ်မခွဲ (ခ)ပြည်နယ်ဝန်ကြီး သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည် ဟု ဖော်ပြပါရှိကြောင်း တင်ပြရင်း ရှမ်းပြည်နယ် တိုင်းရင်းဆေးဆရာနှင့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်သူများဆိုင်ရာ ဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်သို့ တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ရှမ်းပြည်နယ် လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၃၆(က)အရ ဤဥပဒေကြမ်းကို စိစစ်ရန် ဥပဒေပြုရေး ဆိုင်ရာကော်မတီသို့ လွှဲပြောင်းပေးပြီး ဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်ပြီး အနီးကပ်ဆုံး ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးမှာ ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း၊ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန်ရှိပါက ဆွေးနွေးမည့်အချက်များကို လွှတ်တော်ရုံးသို့ (၃၀-၄-၂၀၁၅) ရက်နေ့ နောက်ဆုံးထားပြီး အရောက်ပေးပို့ဖို့ ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လုပ်ငန်းဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၁) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လုပ်ငန်းဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြရန် ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ ရှမ်းပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီရဲ့ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်လျက်ရှိတဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနဲ့ ၂၀၁၅ - ၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ရန် လျာထားမှုအခြေအနေများကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ၂၀၁၄ - ၂၀၁၅ ခုနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ရှမ်းပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ နယ်မြေအတွင်းမှာ ဆောင်ရွက်လျက်ရှိတဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ခွင့်ပြုရန်ပုံငွေအနေနဲ့ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှာ ပြည်ထောင်စုဘတ်ဂျက် ခွင့်ပြုငွေသန်းပေါင်း (၃၉၀၃.၄၃) သန်း၊ ပြည်နယ်အစိုးရဘတ်ဂျက် ခွင့်ပြုရန်ပုံငွေ အနေနဲ့ (၆၀၃.၃၇၅) သန်း၊ ပြည်နယ်ဖြည့်စွက် ခွင့်ပြုရန်ပုံငွေအနေနဲ့ (၈၈)သန်း စုစုပေါင်း (၄၅၉၄.၈၀၅)သန်း ဖြစ်ပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာဆိုရင် ပြည်နယ်ဘတ်ဂျက် ခွင့်ပြုရန်ပုံငွေအနေနဲ့ (၂၂၄၀.၂)၊ ပြည်နယ်အစိုးရ ဘတ်ဂျက်အနေနဲ့ (၂၉၉၉.၅၉၅)၊ ပြည်နယ်ဖြည့်စွက်ခွင့်ပြုရန်ပုံငွေနဲ့ (၈၈)သန်း၊ စုစုပေါင်း (၅၃၂၇.၇၉၅)သန်း ဖြစ်ပါတယ်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာဆိုရင် ပြည်ထောင်စုဘတ်ဂျက်အနေနဲ့ (၂၃၉၇.၆၅)၊ ပြည်နယ်ဘတ်ဂျက်အနေနဲ့ (၄၁၉၃.၆၇၅)သန်း၊ ပြည်နယ်ဖြည့်စွက်ခွင့်ပြုရန်ပုံငွေအနေနဲ့ (၄၄၀)သန်း၊ စုစုပေါင်း (၇၀၃၁.၃၂၅)သန်း ဖြစ်ပါတယ်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာဆိုရင် ပြည်ထောင်စုဘတ်ဂျက်အနေနဲ့ (၂၃၂၂.၆၉၃)သန်း၊ ပြည်နယ်ဘတ်ဂျက်အနေနဲ့ (၂၂၁၀.၈၇၅)သန်း၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေအနေနဲ့ (၂၇၆)သန်း၊ စုစုပေါင်းအနေနဲ့ (၄၈၀၉.၅၆၈)သန်း ဖြစ်ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာဆိုရင် ပြည်ထောင်စုဘတ်ဂျက်အနေနဲ့ (၂၂၁၂.၀၅၂)၊ ပြည်နယ်ဘတ်ဂျက်အနေနဲ့ (၁၇၉၁.၈၇၅)၊ ပြည်နယ်ဖြည့်စွက်ရန်ပုံငွေအနေနဲ့ (၁၉၀)၊ စုစုပေါင်း(၄၁၉၃.၉၂၇) သန်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသမှာ ပြည်ထောင်စုဘတ်ဂျက် ခွင့်ပြုရန်ပုံငွေ (၃၃၂၂. ၀၁၈) ဖြစ်ပါတယ်။ ပြည်နယ်အစိုးရဘတ်ဂျက်ခွင့်ပြုရန်ပုံငွေ ဆောင်ရွက်ခဲ့ခြင်းမရှိပါ။ ပြည်နယ်ဖြည့်စွက်ခွင့်ပြုရန်ပုံငွေအနေနဲ့ (၅၀)သန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသမှာ (၃၃၇၂.၀၁၈)သန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသမှာ ပြည်ထောင်စုဘတ်ဂျက်အနေနဲ့ (၃၄၉၀.၀၅)သန်း၊ ပြည်ထောင်စုဘတ်ဂျက်အနေနဲ့ (၁၅၃၈.၂၁)သန်း၊ ပြည်နယ်ဖြည့်စွက်ရန်ပုံငွေအနေနဲ့(၂၀)သန်း၊ စုစုပေါင်း (၅၀၄၈.၂၆)သန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်

(တောင်ပိုင်း)ဒေသမှာ ပြည်ထောင်စုဘတ်ဂျက်အနေနဲ့ (၃၇၆၀.၃၈၃၅) ဖြစ်ပါတယ်။ ပြည်နယ်အစိုးရဘတ်ဂျက်အနေနဲ့ (၉၀၃၇.၃၇၅) ဖြစ်ပါတယ်။ ပြည်နယ်ဖြည့်စွက်ရန်ပုံငွေအနေနဲ့ (၁၁၉)ဖြစ်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသတစ်ခုလုံးအတွက် (၁၂၉၁၆.၇၅၈၅) သန်း ဖြစ်ပါတယ်။ ၂၀၁၄ - ၂၀၁၅ ဘတ်ဂျက်မှာ ပြည်ထောင်စုဘတ်ဂျက် ခွင့်ပြုရန်ပုံငွေအနေနဲ့ (၂၃၆၄၈.၄၇၆၅) သန်း ဖြစ်ပါတယ်။ ပြည်နယ်အစိုးရဘတ်ဂျက် ခွင့်ပြုရန်ပုံငွေအနေနဲ့ (၂၂၃၇၄.၉၈) သန်း ဖြစ်ပါတယ်။ ဖြည့်စွက်ရန်ပုံငွေအနေနဲ့ (၁၂၇၁)သန်း ဖြစ်ပါတယ်။

ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေ အနေနဲ့ ၂၀၁၄ - ၂၀၁၅ ခွင့်ပြုရန်ပုံငွေစာရင်းအနေနဲ့ ကျွန်တော်တို့ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှာ လမ်းတံတားလုပ်ငန်းအတွက် (၃၃၉၆.၅)၊ ပညာရေးမှာ မရှိပါဘူး၊ ကျန်းမာရေး မရှိဘဲနဲ့၊ စွမ်းအင်လုပ်ငန်းမှာ (၃၈၀.၄၃၀) ဖြစ်ပါတယ်။ သာသနာရေးလုပ်ငန်းမှာ (၄၆.၅) ရှိပါတယ်။ အိမ်ရာ လုပ်ငန်းမှာ (၈၀)သန်း ရှိပါတယ်။ ပြည်ထောင်စုဘတ်ဂျက်အနေနဲ့ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှာ (၃၉၀၃.၄၃) ဖြစ်ပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရမှာ လမ်းတံတားအနေနဲ့ ကျပ်သန်းပေါင်း (၁၆၀၀) အသုံးပြုထားတာဖြစ်ပါတယ်။ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းမရှိဘဲနဲ့ ရေရှိရေးလုပ်ငန်းမှာ (၅၄၀.၂)သန်း ဖြစ်ပါတယ်။ စွမ်းအင်လုပ်ငန်းမပါရှိဘဲနဲ့၊ သာသနာရေးလုပ်ငန်းမှာ သန်း(၁၀၀)ဖြစ်ပါတယ်။ စုစုပေါင်း (၂၂၄၀.၂)သန်း ဖြစ်ပါတယ်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ လမ်းတံတားလုပ်ငန်း (၂၀၈၀)၊ ရေရရှိရေးလုပ်ငန်း (၆၇.၅)၊ စွမ်းအင်လုပ်ငန်း (၂၁၄.၆၅)၊ သာသနာရေးလုပ်ငန်း (၃၅.၅)၊ စုစုပေါင်း (၂၃၉၇.၆၅) ဖြစ်ပါတယ်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ လမ်းတံတားလုပ်ငန်း (၇၉၆.၆၆)၊ ပညာရေးလုပ်ငန်း (၂၀)၊ ကျန်းမာရေးလုပ်ငန်း (၃၅)၊ ရေရရှိရေး လုပ်ငန်းမှာ (၆၇.၅)သန်း၊ စွမ်းအင်လုပ်ငန်းမှာ (၁၃၉၀.၀၃၃)သန်း၊ သာသနာရေးလုပ်ငန်းမှာ (၁၃.၅)သန်း၊ စုစုပေါင်း (၂၃၂၂.၆၉၃)သန်း ဖြစ်ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ လမ်းတံတားလုပ်ငန်း (၈၄၀.၈၆၁)၊ စွမ်းအင်လုပ်ငန်းမှာ (၁၁၈၈.၆၉၁)၊ သာသနာရေးလုပ်ငန်းမှာ သန်း(၁၀၀)နဲ့ အိမ်ရာလုပ်ငန်းမှာ (၈၂.၅)သန်း၊ စုစုပေါင်း (၂၂၁၂.၀၅၂)ဖြစ်ပါတယ်။ ရှမ်း(မြောက်)ဒေသမှာ လမ်းတံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ သာသနာရေးလုပ်ငန်း၊ အိမ်ရာလုပ်ငန်း၊ ထောက်ပံ့ရေးလုပ်ငန်း အားလုံးဆောင်ရွက်ခဲ့ပြီးတော့ စုစုပေါင်း (၃၃၂၂.၂၀၁၈)ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ လမ်းတံတားလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်းများ ပါဝင်ပြီးတော့ သာသနာရေးလုပ်ငန်း၊ အိမ်ရာလုပ်ငန်း မပါဝင်ဘဲနဲ့ ထောက်ပံ့ရေးလုပ်ငန်း ပါဝင်ပြီး စုစုပေါင်း (၃၄၉၀.၀၅)သန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသမှာ လမ်းတံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ သာသနာရေးလုပ်ငန်း၊ ထောက်ပံ့ရေးလုပ်ငန်းတွေ ပါဝင်ပြီးတော့ ပညာရေး၊ ကျန်းမာရေး၊ အိမ်ရာလုပ်ငန်းများ ပါဝင်ခြင်းမရှိဘဲနဲ့ စုစုပေါင်း

အသုံးပြုတဲ့ငွေကြေးဟာ (၃၇၆၀.၃၈၃၅)သန်း ဖြစ်ပါတယ်။ ပြည်နယ်ဘတ်ဂျက်အနေနဲ့ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှာ လမ်းတံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း အပါအဝင် စုစုပေါင်း (၆၀၃.၃၇၅) ဖြစ်ပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ လမ်းတံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ ပါဝင်ပြီးတော့ (၂၉၉၉.၅၉၅)သန်း ဖြစ်ပါတယ်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ လမ်းတံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း ပါဝင်ပြီးတော့ (၄၁၉၃.၆၇၅)သန်း ဖြစ်ပါတယ်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ လမ်းတံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း ပါဝင်ပြီးတော့မှ စုစုပေါင်း (၂၂၁၀.၈၇၅) ဖြစ်ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရမှာလည်းပဲ လမ်းတံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ သာသနာရေးလုပ်ငန်းတွေ ပါဝင်ပြီးတော့ စုစုပေါင်း (၁၇၉၁.၈၇၅)ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ပြည်နယ်ဘတ်ဂျက်အနေနဲ့ ဆောင်ရွက်ခဲ့ခြင်း မရှိပါ။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှာ လမ်းတံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း (၂)ခုပဲ ဆောင်ရွက်ပြီးတော့ (၁၅၃၈.၂၁)သန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (တောင်ပိုင်း)မှာ လမ်းတံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း ဆောင်ရွက်ခဲ့ပြီးတော့ စုစုပေါင်း (၉၀၃၇.၃၇၅)သန်း ဖြစ်ပါတယ်။ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှာ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတစ်ခုချင်းအနေနဲ့ လမ်းလုပ်ငန်းမှာ မြေသားလမ်း(၆)မိုင်၊ ကျောက်လမ်း(၁၃)မိုင်၊ တံတား(၃)စင်း၊ ရေပြွန်(၁၄) ခု ဖြစ်ပါတယ်။ စွမ်းအင်လုပ်ငန်းမှာ ဆိုလာရရှိရေး အိမ်ခြေပေါင်း(၂၀၂၄)လုံး ဖြစ်ပါတယ်။ သာသနာရေးလုပ်ငန်းအနေနဲ့ ဘုန်းကြီးကျောင်း (၃)ကျောင်း၊ အိမ်ရာဆောက်လုပ်ရေးအနေနဲ့ တန်ဖိုးနည်း အိမ်ရာ(၁)ခု ပါဝင်တာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရ ဘတ်ဂျက်အနေနဲ့ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းထဲမှာ ဆောင်ရွက်သည့် လုပ်ငန်းကတော့ မြေသားလမ်း (၃၃) မိုင်၊ တံတား(၁)စင်း ဖြစ်ပါတယ်။ ရေရရှိရေးလုပ်ငန်းမှာ သောက်သုံးရေ ရရှိရေးလုပ်ငန်း (၅)ခု ဖြစ်ပါတယ်။ စွမ်းအင်လုပ်ငန်းမှာ ရေအားလျှပ်စစ်လုပ်ငန်း(၁)ခု ဖြစ်ပါတယ်။ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှာဆိုရင် ပြည်ထောင်စုဘတ်ဂျက်အနေနဲ့ လမ်းတံတားအနေနဲ့ မြေလမ်း (၂၁)မိုင်၊ ကျောက်လမ်း(၃)မိုင်၊ ကတ္တရာလမ်း(၁၆)မိုင် ပါဝင်တာဖြစ်ပါတယ်။ ရေရရှိရေး လုပ်ငန်းမှာ သောက်သုံးရေရရှိရေးလုပ်ငန်း (၉)ခုဖြစ်ပါတယ်။ သာသနာရေးလုပ်ငန်းမှာ ဘုန်းကြီးကျောင်း (၁)ကျောင်း ပါဝင်တာဖြစ်ပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ပြည်နယ်အစိုးရဘတ်ဂျက်အနေနဲ့ လမ်းတံတားအနေနဲ့ မြေလမ်းမိုင်(၅၀)၊ ကျောက်လမ်း (၂၅)မိုင်၊ တံတားအနေနဲ့ (၄၄)စင်း၊ ရေပြွန်အနေနဲ့ (၂၈) ခု ဖြစ်ပါတယ်။ ရေရရှိရေးလုပ်ငန်းမှာ စိုက်ပျိုးရေရရှိရေး လုပ်ငန်း(၂)ခုနဲ့ သောက်သုံးရေရရှိရေး လုပ်ငန်း (၂)ခုဖြစ်ပါတယ်။ စွမ်းအင် လုပ်ငန်းမှာ ရေအားလျှပ်စစ်လုပ်ငန်း (၁)ခုနဲ့ ဆိုလာမီး ရရှိရေးလုပ်ငန်းတွေနဲ့ အိမ်ထောင်စု

(၇၅၆)ခု ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ပြည်သူ့ဆက်ဆံရေးအနေနဲ့ ထပ်ဆင့်လွှင့် စက်ရုံ (၂)ခု ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ပြည်ထောင်စုဘတ်ဂျက်အနေနဲ့ ကျောက်လမ်း (၃၀)မိုင်၊ ကတ္တရာလမ်း (၁၀)မိုင်၊ သောက်သုံးရေရရှိရေးလုပ်ငန်း(၁)ခု၊ ဆိုလာလုပ်ငန်းအနေနဲ့ အိမ်ခြေပေါင်း (၇၀၃)ခုနဲ့ သာသနာရေးလုပ်ငန်းမှာ ဘုန်းကြီးကျောင်း (၁)ကျောင်း ပြုပြင်ခြင်း ပါဝင်တာဖြစ်ပါတယ်။ ပြည်နယ်ဘတ်ဂျက်အနေနဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ မြေလမ်း (၅၅)မိုင်(၃)ဖာလုံ၊ ကျောက်လမ်းအနေနဲ့ (၅၈)မိုင်(၄)ဖာလုံ၊ ကတ္တရာလမ်းအနေနဲ့ (၁၀)မိုင်၊ ရေပွန်(၁၃)ခု ဖြစ်ပါတယ်။ ရေရရှိရေးလုပ်ငန်းမှာ စိုက်ပျိုးရေရရှိရေး (၅)ခု၊ သောက်သုံးရေရရှိရေး (၅)ခုနဲ့ စွမ်းအင်လုပ်ငန်းမှာ ရေအားလျှပ်စစ်လုပ်ငန်း (၁)ခု ပါဝင်တာဖြစ်ပါတယ်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရမှာ ပြည်ထောင်စုဘတ်ဂျက်အနေနဲ့ မြေလမ်း (၈)မိုင်၊ ကတ္တရာလမ်း (၁)မိုင် (၄)ဖာလုံ၊ တံတား(၄)စင်း၊ ပညာရေးလုပ်ငန်းအနေနဲ့ စာသင်ကျောင်း (၁)ကျောင်း၊ ကျန်းမာရေးလုပ်ငန်းအနေနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ(၁)ခု ပြုပြင်ခြင်း ဖြစ်ပါတယ်။ ရေရရှိရေး လုပ်ငန်းမှာ သောက်သုံးရေရရှိရေး လုပ်ငန်း(၁)ခု၊ စွမ်းအင်လုပ်ငန်းအနေနဲ့ မီးသွယ်တန်းခြင်း (၄)ခု၊ ဆိုလာမီးအနေနဲ့ အိမ်ထောင်စုပေါင်း (၂၅၀၀)၊ သာသနာရေးလုပ်ငန်းအနေနဲ့ ဘုန်းကြီးကျောင်း (၁)ကျောင်း ပြုပြင်ခြင်း လုပ်ငန်းတို့ ပါဝင်တာဖြစ်ပါတယ်။ ပြည်နယ်ဘတ်ဂျက်အနေနဲ့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ လမ်းတံတားအနေနဲ့ မြေလမ်း (၂၉)မိုင်၊ ကျောက်လမ်း(၁၇)မိုင်၊ ကတ္တရာလမ်း(၅)မိုင်၊ တံတား(၂၅)စင်း ပါဝင်ပါတယ်။ ရေရရှိရေးလုပ်ငန်းမှာတော့ စိုက်ပျိုးရေရရှိရေးလုပ်ငန်း (၁)ခု၊ သောက်သုံးရေရရှိရေးလုပ်ငန်း (၁၄)ခု၊ စွမ်းအင်လုပ်ငန်းမှာ ရေအားလျှပ်စစ်လုပ်ငန်း(၁)ခု ပါဝင်တာဖြစ်ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာတော့ ပြည်ထောင်စုအစိုးရဘတ်ဂျက်အနေနဲ့ မြေလမ်း (၂)မိုင်၊ ကျောက်လမ်း(၄)ဖာလုံ၊ ကတ္တရာလမ်း (၂)မိုင်(၄)ဖာလုံ၊ တံတား (၅)စင်း ပါဝင်တာဖြစ်ပါတယ်။ စွမ်းအင်လုပ်ငန်းမှာ မီးသွယ်တန်းခြင်း လုပ်ငန်း (၃)ခုနဲ့ ဆိုလာမီးအနေနဲ့ အိမ်ထောင်စုပေါင်း (၄၀၉၇)ခု၊ သာသနာရေးလုပ်ငန်းအနေနဲ့ ဘုန်းကြီးကျောင်း (၂)ကျောင်း၊ အိမ်ရာဆောက်လုပ်ခြင်း လုပ်ငန်းတွေနဲ့ တန်ဖိုးနည်းအိမ်ရာ (၁၁)လုံး ပါဝင်တာဖြစ်ပါတယ်။ ပြည်နယ်ဘတ်ဂျက်အနေနဲ့ လမ်းတံတားမှာ မြေလမ်းမိုင်(၂၀)၊ ကတ္တရာလမ်း (၂)မိုင်(၄)ဖာလုံ၊ တံတားအနေနဲ့ (၃၇)စင်း၊ ရေရရှိရေးလုပ်ငန်းမှာ စိုက်ပျိုးရေရရှိရေးလုပ်ငန်း (၂)ခု၊ သောက်သုံးရေရရှိရေးလုပ်ငန်း (၁၀)ခု ပါဝင်တာ ဖြစ်ပါတယ်။ စွမ်းအင်လုပ်ငန်းမှာတော့ ရေအားလျှပ်စစ်လုပ်ငန်း (၁)ခု၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း အသံလွှင့်ရုံ (၁)ခုနဲ့ သာသနာရေးလုပ်ငန်းမှာတော့ ဘုန်းကြီးကျောင်း(၃)ကျောင်း ဆောင်ရွက်နိုင်ခဲ့တဲ့ အနေအထားဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာတော့ ပြည်ထောင်စု ဘတ်ဂျက်အနေနဲ့ မြေလမ်း (၁၁)မိုင်၊ ကျောက်လမ်း (၃၁)မိုင်၊ တံတား (၉)စင်း၊ ရေပြွန် (၄၉) ခု၊ သောက်သုံးရေ ရရှိရေး လုပ်ငန်း (၁)ခု၊ ဆိုလာမီးအိမ် လုပ်ငန်းအနေနဲ့ အိမ်ထောင်စု (၃၃၀၂)ခု၊ သာသနာရေးလုပ်ငန်း အနေနဲ့ ဘုန်းကြီးကျောင်း (၃)ကျောင်း၊ အိမ်ရာဆောက်လုပ်ခြင်းအနေနဲ့ တန်ဖိုးနည်း အိမ်ရာ (၁၄)ခုနဲ့ ထောက်ပံ့ရေး လုပ်ငန်းအနေနဲ့ (၁)ခုပါဝင်တာဖြစ်ပါတယ်။ ထောက်ပံ့ရေးလုပ်ငန်း ဆိုတာကတော့ ကျွန်တော်တို့ အထူးဒေသတွေကို ကတ္တရာထောက်ပံ့ပေးခဲ့တဲ့ လုပ်ငန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာတော့ ပြည်နယ်ဘတ်ဂျက်နဲ့ ဆောင်ရွက်ခြင်း လုပ်ငန်းမရှိခဲ့ပါဘူး။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာတော့ ပြည်ထောင်စုဘတ်ဂျက်အနေနဲ့ ကျောက်လမ်း (၈)မိုင်၊ ကတ္တရာလမ်း (၃)မိုင် (၆)ဖာလုံ၊ တံတား (၃)စင်း ပါဝင်တာဖြစ်ပါတယ်။ ပညာရေး လုပ်ငန်းအနေနဲ့ စာသင်ကျောင်း (၂)ကျောင်း၊ ကျန်းမာရေးလုပ်ငန်းအနေနဲ့ ကျေးလက် ကျန်းမာရေး ဌာနခွဲ(၁)ခု၊ သောက်သုံးရေရရှိရေးလုပ်ငန်း(၂)ခု၊ မီးသွယ်တန်းခြင်း (၁)ခုနဲ့ ဆိုလာမီးအိမ် (၁၄၈)၊ အိမ်ထောင်စု (၁၄၈)စု၊ ထောက်ပံ့ရေးလုပ်ငန်း (၃)ခု ဖြစ်ပါတယ်။ ထောက်ပံ့ရေးလုပ်ငန်း (၃)ခုကလည်း အထူးဒေသ (၂)နဲ့ အထူးဒေသ (၄)ကို ထောက်ပံ့ခဲ့တဲ့ လုပ်ငန်းကြီးများလည်း ဖြစ်ပါတယ်။ ပြည်နယ်ဘတ်ဂျက်အနေနဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ မြေလမ်း (၅၃)မိုင်၊ ကတ္တရာလမ်း (၁၅)မိုင် (၅)ဖာလုံ၊ တံတား (၄)စင်း၊ သောက်သုံးရေ ရရှိရေး (၃)ခု၊ လုပ်ငန်း (၃)ခု ပါဝင်ခဲ့တာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် (တောင်ပိုင်း)ဒေသမှာ မြေလမ်း (၈၃)မိုင် (၂)ဖာလုံ၊ ကျောက်လမ်း (၃၁)မိုင်၊ ကတ္တရာလမ်း (၁၀)မိုင်၊ တံတား (၆၈)စင်း၊ ရေရရှိရေးအနေနဲ့ သောက်သုံးရေ လုပ်ငန်း (၃)ခု၊ စွမ်းအင်လုပ်ငန်းမှာ မီးသွယ်တန်းခြင်း လုပ်ငန်း(၁)ခုနဲ့ ဆိုလာနဲ့ပတ်သက်လို့ အိမ်ထောင်စု (၁၂၄၃)စု၊ သာသနာရေးလုပ်ငန်း အနေနဲ့ ဘုန်းကြီးကျောင်း (၃)ကျောင်းကို ပြုပြင်ခြင်း လုပ်ငန်းဖြစ်ပါတယ်။ ထောက်ပံ့ရေးလုပ်ငန်း (၁)ခု ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါ တယ်။ ပြည်နယ်အစိုးရဘတ်ဂျက်အနေနဲ့ မြေလမ်း (၅၅)မိုင် (၂)ဖာလုံ၊ ကျောက်လမ်း (၁၂၇)မိုင် (၆)ဖာလုံ၊ ကတ္တရာလမ်း (၂၉)မိုင် (၄)ဖာလုံ၊ တံတားအနေနဲ့ အစင်း (၂၀)၊ ရေပြွန် အနေနဲ့ (၃၂)ခု၊ ရေရရှိရေးလုပ်ငန်းမှာ သောက်သုံးရေ ရရှိရေးလုပ်ငန်း (၁၀)ခု၊ ရေအားလျှပ်စစ် လုပ်ငန်း (၁)ခု ပါဝင်ခဲ့တာဖြစ်ပါတယ်။ ဖြည့်စွက်ရန်ပုံငွေနဲ့ ဆောင်ရွက်တဲ့ လုပ်ငန်းအနေနဲ့ ခုန (၁၂၇၁)သန်းမှာ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှာ လမ်းဆောင်ရွက်ဆဲလုပ်ငန်း (၂)မိုင် ထပ်ပြီးတော့ တိုးမြှင့်တောင်းခံထားတာ ရှိပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ လည်းပဲ ဆောင်ရွက်ဆဲ လုပ်ငန်းထဲက လမ်း(၂)မိုင်ကို ထပ်မံတိုးချဲ့ တောင်းခံလျက်ရှိပါတယ်။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ လမ်း(၁၀)မိုင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ

လမ်း(၃၁)မိုင်၊ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ လမ်း (၂)မိုင်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသမှာ အသံလွှင့်ရုံ(၁)ရုံနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသမှာ တံတား (၁)စင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသမှာ တံတား(၁၅)စင်း ထပ်မံတင်ပြပြီးတော့ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လျာထားတဲ့လုပ်ငန်းအနေနဲ့ ပြည်ထောင်စု ဘတ်ဂျက်အနေနဲ့ စုစုပေါင်း သန်း (၂၁၁၂၆.၆၃၈၇)သန်း လျာထားတာ ဖြစ်ပါတယ်။ ပြည်နယ် ဘတ်ဂျက်အနေနဲ့ သန်းပေါင်း (၁၄၆၆၂.၂၂၀)လျာထားတဲ့ အနေအထားဖြစ်ပါတယ်။ လျာထား တဲ့ လုပ်ငန်းတစ်ခုချင်းအနေနဲ့ လမ်းတံတားလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ သာသနာရေးလုပ်ငန်းများ ဖြစ်ပါတယ်။ ပြည်ထောင်စုဘတ်ဂျက်အနေနဲ့ လျာထားတဲ့လုပ်ငန်းအနေနဲ့ "ဝ"၊ ကိုးကန့်၊ ပလောင်၊ ပအိုဝ်း၊ ခနု၊ ရှမ်း(မြောက်)၊ ရှမ်း(အရှေ့)၊ ရှမ်း(တောင်) တစ်ခုချင်းစီ ခွဲခြားပြီး လျာထားခြင်း ဖြစ်ပါတယ်။ အတည်ပြုချက်ရရှိခြင်း မရှိသေးပါ။ ကျွန်တော်တို့ ရှမ်းပြည်နယ်ဘတ်ဂျက်အနေနဲ့ လျာထားတဲ့လုပ်ငန်းများ၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ (၁၀၃၉.၃၄)၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ (၁၀၆၄.၆)၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ (၉၄၂.၀၄)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှာ (၁၇၈၃.၀၁)၊ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ (၁၄၂၄.၆၂၅)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသမှာ (၂၃၉၄.၀၈)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဒေသမှာ (၆၃၂.၉၁)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ဒေသမှာ (၅၃၈၁.၆၁၅)၊ စုစုပေါင်း (၁၄၆၆၂.၂၂) လျာထားခဲ့တဲ့ အနေအထား ဖြစ်ပါတယ်။ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီရဲ့ ရှမ်းပြည်နယ်ဒေသဆိုင်ရာ လုပ်ငန်းကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြခြင်း ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ နယ်စပ်ဒေသရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေအပြင် ကျွန်တော် တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ မူးယစ် ဆေးဝါးနဲ့ပတ်သက်လို့ မှုခင်းပိုင်းဆိုင်ရာကိစ္စရပ်တွေ၊ မူးယစ်ဆေးဝါးဖမ်းဆီးရမှု အခြေအနေ များကို ဆက်လက်ပြီး တစ်ဆက်တည်း တင်ပြသွားမှာ ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ်မှာ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့နယ်မြေအတွင်းမှာ ဖြစ်ပွားခဲ့တဲ့ အမှုကြီးတွေ အခြေအနေတွေနဲ့ တင်ပြပါအတိုင်း လူသတ်မှုအနေနဲ့ တောင်ကြီးဒေသမှာ (၅၆)မှု၊ လားရှိုး ဒေသမှာ (၇၀)၊ ကျိုင်းတုံဒေသမှာ (၂၉)၊ စုစုပေါင်း (၁၅၅)မှုအထိ ဖြစ်ခဲ့တာ ဖြစ်ပါတယ်။ ဓားပြမှုအနေနဲ့ လားရှိုးဒေသမှာ (၁)ခုတည်းဖြစ်ခဲ့ပါတယ်။ လုယက်မှုအနေနဲ့ တောင်ကြီး ဒေသမှာ (၁)ခု၊ လားရှိုးဒေသမှာ (၃)ခု၊ စုစုပေါင်း (၄)ခု ဖြစ်ပါတယ်။ ပြန်ပေးမှုအနေနဲ့

လားရှိုးဒေသမှာ (၁)ခုဖြစ်ခဲ့ရပါတယ်။ မုဒိမ်းမှုအနေနဲ့ တောင်ကြီးဒေသမှာ (၂၃)မှု၊ လားရှိုးဒေသမှာ (၁၈)မှု၊ ကျိုင်းတုံဒေသမှာ (၄)မှု ဖြစ်ပါတယ်။ တိရစ္ဆာန်ခိုးမှုအနေနဲ့ လားရှိုးဒေသမှာ (၁)ခုနဲ့ ကျိုင်းတုံ ဒေသမှာ (၁)ခု၊ စုစုပေါင်း (၂)ခု ဖြစ်ပါတယ်။ လက်နက်မှုအနေနဲ့ တောင်ကြီးဒေသမှာ (၁)ခု၊ လားရှိုးဒေသမှာ (၁)ခု၊ စုစုပေါင်း (၂)ခု ဖြစ်ပါတယ်။ မတရားသင်းအနေနဲ့ အရေးယူခဲ့တာ ကတော့ တောင်ကြီးဒေသမှာ (၃)ခု၊ လားရှိုးဒေသမှာ (၇)ခု၊ ကျိုင်းတုံဒေသမှာ (၁)ခု၊ စုစုပေါင်း (၁၁)မှု ဖြစ်ပါတယ်။ လူသတ်မှုတွေ (၁၅၅)မှုမှာ အများဆုံးဖြစ်တယ်ဆိုပေမဲ့ တချို့လူသတ်မှုများဟာ လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ပါဝင်ပတ်သက်မှုတွေ ရှိနေသောကြောင့် ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

၂၀၁၄ ခုနှစ်ထဲမှာ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ နယ်မြေအတွင်းမှာဖြစ်တဲ့ အခြားအမှုများအနေနဲ့ ခိုးမှု ဖ(၁)အနေနဲ့ တောင်ကြီးဒေသမှာ (၂၇)၊ လားရှိုးဒေသမှာ (၉၇)၊ ကျိုင်းတုံဒေသမှာ (၂၀)၊ စုစုပေါင်း (၁၁၄) ဖြစ်ပါတယ်။ ကျန်တဲ့ ခိုးမှုများကတော့ စက်ဘီး၊ ဆိုင်ကယ်၊ ကားခိုးမှုများ၊ ခါးပိုက်နှိုက်၊ ရိုးရိုးခါးပိုက်နှိုက်မှု၊ ခိုးမှုရိုးရိုး၊ ခိုးမှု (၃၈၂) ဒါ ခွဲခြားထားတာ ရှိပါတယ်။ နောက် နာကျင်မှု၊ နာကျင်မှုအနေနဲ့ ယာဉ်၊ နာကျင်မှုရိုးရိုး၊ နာကျင်မှုယာဉ်ကတော့ များသောအားဖြင့် ယာဉ်တိုက်မှုတွေ ဖြစ်ပါတယ်။ ဒီမှာ ယာဉ်တိုက်မှုဟာ အများဆုံးအနေအထားမှာ ရှိကြောင်း တွေ့ရှိရပါတယ်။ ကျန် အခြားအမှုအနေနဲ့ (၁၇၅၁)မှုရှိကြောင်း ပြည်နယ်တစ်ခုလုံးအနေနဲ့ တွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲဒီမှာ ခိုးမှု ဖ(၁)ဆိုတာ သစ်တောနဲ့ပတ်သက်ပြီးတော့ သစ်နဲ့ပတ်သက်လို့ ခိုးမှုတွေ အများဆုံးပါဝင်ပါတယ်။ နောက် ကျောက်မျက်ရတနာနဲ့ ပတ်သက်တဲ့ဟာတွေ ပါဝင်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့က ဖ(၁)နဲ့ အရေးယူဆောင်ရွက်ရတဲ့ အနေအထားမျိုးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ကြိုတင်ကာကွယ်မှု ဒီအမှုကြီးတွေ မဖြစ်အောင် ကျွန်တော်တို့ ကြိုတင်ကာကွယ်မှုအနေနဲ့ ဆောင်ရွက်ခဲ့တဲ့ လက်နက်ပုန်းမှု၊ လောင်းကစားမှု၊ ပြည့်တန်ဆာမှု၊ ကျင့် ၅၄၊ ခြေချုပ်မှု၊ ယစ်မျိုးမှု၊ ရဲအက်မှု၊ မူးယစ်ဆေးဝါးမှု၊ အရေးပေါ် ၅(ည)၊ ဗွီဒီယိုအက် ဒီလုပ်ငန်းတွေ အားလုံးအနေနဲ့ ရှမ်းပြည်နယ်တစ်ခုလုံးအနေနဲ့ အမှုပေါင်း (၄၃၆၃)မှု ဖမ်းဆီးဆောင်ရွက်နိုင်ခဲ့တဲ့ အနေအထား ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မဟုတ်ဘဲနဲ့ ၂၀၁၅ ခုနှစ်၊ (၁)လပိုင်း၊ (၂)လပိုင်း (၂)လစာ စာရင်းချုပ်ထားသည့် အမှုများ ဖြစ်ပါတယ်။ လူသတ်မှု ပြည်နယ်စုစုပေါင်း (၁၉)မှု၊ မုဒိမ်းမှုအနေနဲ့ (၅)မှု၊ မတရားသင်းအနေနဲ့ (၆)မှု ဖြစ်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ အခြားအမှုအနေနဲ့ (၆)မှု ဖြစ်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ အခြားအမှုအနေနဲ့ ခိုးမှု (၂၄)မှု၊ ဆိုင်ကယ်ခိုးမှုအနေနဲ့ (၁၁)မှု၊ ခါးပိုက်နှိုက်မှု (၁)မှု၊ ခိုးမှုရိုးရိုး (၃၆)မှု၊ ခိုးမှု (၃၈၂)နဲ့ အရေးယူရတာ (၂)မှု၊ နာကျင်ယာဉ် ယာဉ်တိုက်မှုစုစုပေါင်း (၁၈၄)၊ (၂)လအတွင်း ဖြစ်ပါတယ်။ နာကျင်ယာဉ်ရိုးရိုးအနေနဲ့ (၄၃)မှု၊ ကျန်အခြားအမှုအနေနဲ့ (၂၇၅)မှု ဖြစ်ခဲ့ကြောင်း တင်ပြပါတယ်။

ကြိုတင်ကာကွယ်မှုအနေနဲ့ ကျွန်တော်တို့ လက်နက်ပုန်း၊ လောင်းကစား၊ ပြည့်တန်ဆာစတဲ့ ကြိုတင်ကာကွယ်မှု (၁၀)မှုအနေနဲ့ စုစုပေါင်း (၇၄၀)မှု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ဘိန်းခင်းဖျက်ဆီးမှု ဖြစ်ပါတယ်။ ဘိန်းခင်းဖျက်ဆီးမှုဟာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကာလအတွင်းမှာ ဘိန်းခင်းစိုက်ဧရိယာပေါင်း (၃၅၅၅၅.၁၅) ဖျက်ဆီးနိုင်ခဲ့ပါတယ်။ အခု ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်းမှာတော့ (၂၇၈၄၅.၄၅)ကေ ဖျက်ဆီးနိုင်ခဲ့ပါတယ်။ မနှစ်ကလောက်မီအောင် ဖျက်ဆီးနိုင်မှု မရှိပေမဲ့လို့ ဘိန်းဖျက်ရာသီလည်း ကုန်ဆုံးခြင်း မရှိသေးပါဘူး။ ဆက်လက်လည်း ဘိန်းခင်းတွေ ဖျက်ဆီးနေတဲ့ အနေအထားလည်း ရှိပါတယ်။ နောက်တစ်ခုကတော့ ရာသီဥတု ဖောက်ပြန်မှု အနေအထားအရ အချို့ဘိန်းခင်းတွေက လည်းပဲ စိုက်ခါစမှာ တော်တော်များများ ပျက်စီးပြီးတော့ ဆုံးရှုံးသွားတာတွေလည်း သတင်းရရှိခဲ့တာ ဖြစ်ပါတယ်။ ဒီနှစ်လည်းပဲ ဘိန်းဖျက်ဆီးမှုများတဲ့အတွက် ဘိန်းဈေးတွေတက်ပြီး အရောင်းအဝယ်ကိစ္စကို ကြားသိရတဲ့ အနေအထားဖြစ်ပါတယ်။ ကိန်းဂဏန်းအရေအတွက်တော့ နည်းပေမယ့် ထိရောက်မှုကတော့ ဒီနှစ်က ပိုထိရောက်တယ်ဆိုတာလေး သတင်းပြန်လည်ရရှိထားခြင်း ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ ၂၀၁၄ - ၂၀၁၅ အတွင်းမှာ ဘိန်းဖျက်ရာသီမှာ မြို့နယ်အလိုက် ဖျက်ဆီးခဲ့တဲ့ အရေအတွက် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဟိုပုံး၊ ပင်လောင်း၊ ဖယ်ခုံဒေသတွေကတော့ အများဆုံးဖြစ်နေတာဆိုတာ တွေ့ရှိရပါတယ်။ ဘိန်းဖျက်ဆီးမှုမှတ်တမ်းဓာတ်ပုံတွေ ဖြစ်ပါတယ်။ နောက် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုအနေနဲ့ ၂၀၁၄ ခုနှစ်မှာ အမှုပေါင်း (၅၉၃)မှု၊ တောင်ကြီးဒေသမှာ တရားခံပေါင်း (၈၀၁)ဦး၊ လားရှိုးဒေသမှာ အမှုပေါင်း (၁၂၆၀)မှု၊ တရားခံပေါင်း (၁၆၇၃)ဦး၊ ကျိုင်းတုံဒေသမှာ အမှုပေါင်း(၃၃၉)မှု၊ တရားခံပေါင်း(၄၇၄) စုစုပေါင်း ၂၀၁၄ ခုနှစ်အတွင်းမှာ အမှုပေါင်း (၂၁၉၂)နဲ့ တရားခံပေါင်း (၂၉၄၈) ဦး ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ ၂၀၁၅ ခုနှစ်၊ ၂ လ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ (၂)လ အတွင်းမှာ တောင်ကြီးဒေသမှာ အမှုပေါင်း (၆၅)မှုနဲ့ တရားခံ(၈၉)ဦး၊ လားရှိုးဒေသမှာ အမှုပေါင်း (၁၈၁)နဲ့ တရားခံ (၂၂၉)ဦး၊ ကျိုင်းတုံဒေသမှာ အမှုပေါင်း (၉၉)မှုနဲ့ တရားခံ (၁၄၅)ဦး၊ စုစုပေါင်း (၃၄၅)မှုနဲ့ တရားခံပေါင်း (၄၆၃)ဦး ဖမ်းဆီးနိုင်ခဲ့တဲ့ အနေအထား ဖြစ်ပါတယ်။ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု အနေနဲ့ တောင်ကြီးဒေသ၊ လားရှိုးဒေသ၊ ကျိုင်းတုံဒေသ ခွဲခြားပြီးတော့မှ တင်ပြထားတာ ဖြစ်ပါတယ်။ ဒီဒေသ အတွင်းမှာ ၂၀၁၄ ခုနှစ်အတွင်းမှာ ဘိန်းဖြူစုစုပေါင်း (၃၉၄.၄၇၄)ကီလို ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်တစ်ခုလုံး၊ ဘိန်းညိုမှုန့် (၁၀၅၈.၆၂၃)ကီလို၊ ဘိန်းညိုခဲ (၂၁.၅၆၆၅)ကီလို၊ ဘိန်းဆီခဲ (၄၀.၇၅၃၉)ကီလို၊ ဘိန်းစိမ်း (၁၂၁၀.၇၁၅၇)ကီလို၊ အိုက်စ် (၄၀.၀၅၀၈၆)ကီလို၊ ကဖင်း (၄၂၂.၈၄၂)ကီလို၊ စိတ်ကြွဆေးပြား စုစုပေါင်း(၇၅၇၆၂၉၂.၅)ပြား ဖမ်းဆီးရမိမှု ဖြစ်ပါတယ်။ ဆေးပြား (၂၉၇၁၀)ပြား၊ စိတ်ကြွဆေးမှုန့် (၂၃.၄၇၇၅)ကီလို၊ စိတ်ကြွဆေးပြားအကြေ (၀.၃၇၉၄)ကီလို ဖမ်းဆီးရမိမှုဖြစ်ပါတယ်။ ဆေးခြောက်အနေနဲ့ (၂၁.၂၇)ကီလို ဖမ်းဆီးရမိမှုဖြစ်ပါတယ်။ အမိုနီယမ်ကလိုရိုက်

အနေနဲ့ (၁၉၈.၂၅၃၂)ကီလို၊ အီသိုင်း(ခေါ်) အီသာကတော့ လီတာပေါင်း (၄၁၇၀၉.၂၂) လီတာထိ ဖမ်းဆီးရမိမှု အနေအထားများ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ (၁)လပိုင်း၊(၂)လပိုင်း (၂)လအတွင်း ဖမ်းဆီးရမိမှု ဖြစ်ပါတယ်။ ဘိန်းဖြူအနေနဲ့ (၉၀.၂၂)ကီလို၊ ဘိန်းဆီခဲ(၆.၃၈)ကီလို၊ ဘိန်းစိမ်း (၁၄၃.၆)ကီလို၊ စိတ်ကြွဆေးပြား (၂၁၇၀၉၂၆)ပြား ဖမ်းဆီးရမိမှု ဖြစ်ပါတယ်။ စိတ်ကြွဆေးမှုန့်အနေနဲ့ (၃.၁၅)ကီလို၊ ကဖင်း(၈၁၅၀.၂၄)ကီလို၊ အိုက်စ်(၂၂.၅၃၁၆)ကီလို ဖမ်းဆီးရမိမှု အနေအထားဖြစ်ပါတယ်။ တာချီလိတ်မှာ ဖမ်းဆီးရမိတဲ့ စိတ်ကြွဆေးပြားနဲ့ ပတ်သက်တဲ့ ဆက်စပ်ပစ္စည်းတွေ ဖမ်းဆီးရမိမှု ဖြစ်ပါတယ်။ ဘိန်းချက်စခန်းကို ဝင်ရောက်စီးနင်းတဲ့ မှတ်တမ်းဓာတ်ပုံတွေ ဖြစ်ပါတယ်။ တာချီလိတ်၊ မိုင်းဆတ်ဒေသမှာ တန်ဖိုးအားဖြင့် ကျပ်သိန်းပေါင်း (၂၂၆၂၄)သိန်းတန်ဖိုးရှိတဲ့ ဘိန်းဖြူဘလောက်တုံး(၄၀၀)ကျော် ဖမ်းဆီးရမိမှု ဖြစ်စဉ်မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိမှု တန်ဖိုးအားဖြင့် ကျပ်သန်းပေါင်း သောင်းချီတဲ့ အနေအထားမျိုး ဖမ်းဆီးရမိတဲ့ ဖြစ်စဉ်ဖြစ်ပါတယ်။ လွိုင်လင်၊ မိုင်းပန်ဒေသမှာ ဆေးပြား (၃)ပြားသိန်း ဖမ်းဆီးရမိမှု ဖြစ်စဉ် ဖြစ်ပါတယ်။ ဘိန်းဖြူဘလောက်တုံး (၆၀၀)ကျော်၊ (၆၆၅)တုံး၊ တာချီလိတ်၊ မိုင်းဆတ်မှာ ဖြစ်စဉ်ဖြစ်ပါတယ်။ တန့်ယန်းမြို့ ထွက်ဂိတ်မှာ စိတ်ကြွဆေးပြား ဖမ်းဆီးရမိမှု ဖြစ်စဉ်များ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- နေ့လယ်စာ သုံးဆောင်ရန်အတွက် အစည်းအဝေးကို (၁)နာရီ မိနစ်(၃၀)ခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- နေ့လယ်ပိုင်း အစည်းအဝေးကို နေ့လယ် (၁) နာရီ မိနစ်(၃၀)အချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

# ရှမ်းပြည်နယ်

# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

# (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (ပထမနေ့)မှတ်တမ်း

# ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၄) ရက်

# ၂၀၁၅ ခုနှစ်၊ မတ်လ (၂၃) ရက်

# [တနင်္လာနေ့]

# နေ့လယ်ပိုင်း

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစီအစဉ်များအား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။ အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

## ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၂) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- အစီအစဉ်အရ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းမြင့်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်။** အားလုံးမင်္ဂလာပါ။ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေး တက်ရောက်လာသူအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်စာရင်းစစ်ချုပ် ဦးသိန်းမြင့် ဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေးကို ကျွန်တော့်ရဲ့

အစီရင်ခံစာ ဆက်လက်ပြီးတော့ တင်ပြပါမယ်။ အစီရင်ခံစာ အသေးစိတ်ကို စာမျက်နှာ (၆၃)မျက်နှာနဲ့ ပြုစုထားပြီးတော့ လွှတ်တော်ကိုယ်စားလှယ် အားလုံးကိုလည်း တင်ပြထားပြီး ဖြစ်တဲ့အတွက် အကျဉ်းချုပ်ပြီးတော့ပဲ တင်ပြပါမယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေမှာ အပ်နှင်းထားတဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်တွေအရ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်အနေနဲ့ ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စာရင်းတွေစစ်ဆေးမယ်၊ ပြီးတော့ အရအသုံးခန့်မှန်းခြေစာရင်းပါ ရငွေတွေ ဆိုင်ရာဌာနအသီးသီးက ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ထားခြင်း ရှိ/ မရှိ၊ ပြီးတော့ အသုံးစရိတ်တွေကိုလည်း ခွင့်ပြုထားတဲ့ အသုံးစရိတ်တွေကိုလည်း ထိရောက်စွာ သုံးစွဲမှု ရှိ/ မရှိ၊ ဒါတွေကို စစ်ဆေးမယ်။ နောက် ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ဝန်ကြီးဌာနအလိုက် လုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းတွေရဲ့ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှု performance စစ်ဆေးခြင်း၊ ငွေစာရင်း၊ ပစ္စည်းစာရင်း စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီးမှ အခုအစည်းအဝေးမှာ လုပ်ဆောင်ချက်တွေ တင်ပြမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်နယ်အစိုးရအဖွဲ့နဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ တာဝန်ပေးချက်အရ စစ်ဆေးတာတွေနဲ့ ပတ်သက်လို့လည်း ဒီပြည်နယ်လွှတ်တော်ရဲ့ အစီရင်ခံစာထဲမှာ ထည့်သွင်းဖော်ပြထားပါတယ်။

တင်ပြတဲ့ အစီရင်ခံစာထဲမှာ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ စာရင်းကို စစ်ဆေးတဲ့အခါမှာ အသေးစိတ်အဓိက ထားပါတယ်။ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေမှာ အကျုံးဝင်တဲ့ အဖွဲ့အစည်းများမှာ ဗဟိုအဖွဲ့အစည်း (၅)ခု၊ ဦးစီးဌာန (၁၇)ခု၊ စီးပွားရေးအဖွဲ့အစည်းက အဲဒီအချိန်တုန်းက (၃)ခုပဲ ရှိပါတယ်။ ဒီနှစ်မှ (၄)ခုဖြစ်လာပါတယ်။ (၃)ခု၊ ပြီးတော့ စည်ပင်သာယာရေးအဖွဲ့(၁)ခု ပေါင်း (၂၆)ခု ပါဝင်ပါတယ်။ အဖွဲ့အစည်းအားလုံးတို့ရဲ့ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်၊ အရအသုံးဆိုင်ရာ စာရင်းတွေကို အခွန်ရငွေ၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ၊ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်း အသုံးစရိတ် စသဖြင့် ခွဲခြားပြီးတော့ အစီရင်ခံစာမှာတော့ အသေးစိတ်ဇယားတွေနဲ့ ဖော်ပြထားပါတယ်။ ကိန်းဂဏန်း သိပ်များလွန်းတော့ Power Point နဲ့ အချုပ်လေးတွေ ကိန်းဂဏန်းတွေ တင်ပြမှာ ဖြစ်ပါတယ်။ အခွန်ရငွေအနေနဲ့ အဖွဲ့အစည်း (၂၆)ခုအတွက် မူလ ခန့်မှန်းခြေစာရင်းအရ ကျပ်သန်း (၂၈၃၅.၁၀၄) လျာထားခဲ့ပါတယ်။

နောက်ပိုင်းမှာ အခြေအနေအရ ကျပ်သန်း (၁၈၂၂.၀၁၃) ကို လျှော့နည်းလျာထား ခဲ့ပါတယ်။ နောက်ဘဏ္ဍာနှစ် ကုန်ဆုံးတဲ့အချိန် ပြန်ကြည့်တဲ့အခါ အမှန်ရရှိမှုကတော့ အခွန်ရငွေအနေနဲ့ ကျပ်သန်း (၁၉၇၈.၄၃၆)ပဲ ရရှိတဲ့အတွက် ဒီပြုပြင်ပြီး လျာထားချက် တော်တော်ကို ရပါတယ်။ (၁၀၈.၅၈) ရာခိုင်နှုန်း ကျပ်သန်းအနေနဲ့ (၁၅၆.၄၂၃) ပြုပြင်ပြီး

လျာထားချက် ရရှိခဲ့ပါတယ်။ သာမန်ရငွေအပိုင်းမှာတော့ မူလခန့်မှန်းခြေအရ ကျပ်သန်း (၇၆၅၂၁.၆၅၅)ရှိပေမဲ့ ပြုပြင်ပြီးခန့်မှန်းခြေအရ သာမန်ရငွေကျပ်သန်း (၇၆၃၈၆.၆၈၅)ကို လျော့နည်းပြီး လျာထားပါတယ်။ မူလခန့်မှန်းခြေထက်ကို (၁၃၄.၉၇၀) လျော့နည်းလျာထားခဲ့ပါတယ်။ သာမန်ရငွေအမှန်ရရှိမှုကတော့ တစ်နှစ်လုံး ကျပ်သန်း (၇၄၂၅၄.၈၇၄)ဖြစ်တဲ့အတွက် ပြုပြင်ပြီးလျာထားငွေထက်ကို (၂၁၃၁.၈၁၁) လျော့နည်းရရှိခဲ့ပါတယ်။ သာမန်အသုံးစရိတ် အနေနဲ့ BE မှာ မူလခန့်မှန်းခြေ ခွင့်ပြုကတော့ ကျပ်သန်း (၁၂၀၄၃၅.၀၅၉) ဖြစ်ပါတယ်။ ပြုပြင်ပြီး ဖြည့်စွက်ကိုပါ ထည့်ပေါင်းလိုက်တဲ့အတွက်ကြောင့် ဖြည့်စွက်မှာ (၇၄၉.၄၉၄)ဖြစ်တဲ့အတွက် အပြီးသတ်က ကျပ်သန်း (၁၂၁၁၈၄.၅၅၂) ဖြစ်ပါတယ်။ အမှန်သုံးစွဲတာကတော့ အများကြီးလျော့နည်းပြီးတော့ ကျပ်သန်း (၁၁၂၂၅.၂၄၈)ပဲ သုံးစွဲဖြစ်ခဲ့တဲ့အတွက် ပိုလျှံငွေ ကျပ်သန်းပေါင်း (၈၉၅၉.၂၆၈) ဖြစ်ပေါ်ခဲ့ပါတယ်။

လုပ်ထုံးလုပ်နည်းအရ အကုန်လုံး အပြည့်အဝ ပြန်လည်အပ်နှံရမှာ ဖြစ်ပေမယ့်လည်း ဌာနအဖွဲ့အစည်းတွေက ကျပ်သန်း (၈၉၅၈.၆၇၂)ပဲ ပြန်လည်အပ်နှံခဲ့ပါတယ်။ ငွေလုံးငွေရင်း အသုံးစရိတ်အနေနဲ့ကတော့ BE မှာ ကျပ်သန်းပေါင်း (၅၁၇၇၀.၃၄၈)၊ ဖြည့်စွက်မှာက (၁၇၆၆.၀၆၇)ဖြစ်တဲ့အတွက် အပြီးသတ် ခွင့်ပြုငွေကတော့ စုစုပေါင်း ကျပ်သန်း (၅၃၅၃၆.၄၁၅) ဖြစ်သွားပါတယ်။ ဘဏ္ဍာရေးနှစ်အတွင်းအမှန် သုံးစွဲမှု ကျပ်သန်း(၅၁၁၀၆.၄၅၃)ဖြစ်တဲ့အတွက် ဒီပိုလျှံငွေ (၂၄၂၉.၉၆၂) ပိုလျှံခဲ့ပါတယ်။ လုပ်ထုံးလုပ်နည်းအရ အပ်နှံရမယ့် ငွေအားလုံးအပ်နှံရမှာ ဖြစ်ပေမယ့်လည်း တကယ်တမ်းအပ်နှံခဲ့တာ (၂၄၀၇.၉၅၉) အပ်နှံခဲ့ပါတယ်။ ကျန်တာတွေက တရားဝင် အပ်နှံခဲ့ခြင်း မရှိပါဘူး။ ဒါကအစိုးရရဲ့ ရငွေ၊ ပေးငွေစာရင်းနဲ့ နောက်စီးပွားရေးဘဏ်နဲ့ ငွေတိုက်မှာရှိတဲ့ ရှမ်းပြည်နယ်ဘဏ္ဍာငွေရန်ပုံငွေစာရင်းတွေရဲ့ အနေအထားကို ဖော်ပြထားတာ ဖြစ်ပါတယ်။ ကိန်းဂဏန်းတွေအရ ဘတ်ဂျက်နဲ့ဆက်စပ်တယ်။ ဘတ်ဂျက်နဲ့ မသက်ဆိုင်တဲ့ ကိန်းဂဏန်း ဖြစ်ပါတယ်။ အမှန်တော့ BE ခွင့်ပြုချက်ရပြီး နောက်ပိုင်းRE ဖြည့်စွက်ခွင့်ပြုငွေမှာ ရယူပြီးရင် အကုန်သုံးဖို့ ဖြစ်ပါတယ်။ သို့ပေမယ့်လည်း ဖြည့်စွက်ခွင့်ပြုငွေရယူပြီးတဲ့ နောက်ပိုင်းမှာမှ ပိုတယ်ဆိုပြီး ပြန်အပ်တာတွေ စိစစ်တွေ့ရှိရပါတယ်။ သာမန်အသုံးစရိတ် ဖြည့်စွက်ခွင့်ပြုငွေ၊ သာမန်အသုံးစရိတ်မှာ ဖြည့်စွက်ခွင့်ပြုငွေဟာ ဖော်ပြခဲ့တဲ့အတိုင်း ကျပ်သန်းပေါင်း (၃၀၄.၅၀၂)ထဲမှာ မသုံးဖြစ်ဘဲနဲ့ ပြန်အပ်တာက ကျပ်သန်းပေါင်း(၉၃.၆၈၁) ဖြစ်တဲ့အတွက် ခုနတုန်းက ခွင့်ပြုငွေ(၃၀၄)ရဲ့ (၃၀.၇၆)ရာခိုင်နှုန်း မလိုဘဲ ဖြည့်စွက်တောင်းပြီး ပြန်အပ်တာမျိုးတွေ လုပ်သွားတဲ့ သဘောရှိပါတယ်။

ငွေလုံးငွေရင်း အသုံးစရိတ် ဖြည့်စွက်ခွင့်ပြုငွေ ကျပ်သန်းပေါင်း (၇၄၄.၁၈၉) တောင်းခံ ရယူခဲ့ပြီးတော့မှ (၅)သိန်းကျော်ကျော် ပြန်အပ်ပါတယ်။ သာမန်အသုံးစရိတ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံပြီးနောက် အများဆုံး ပြန်လည်အပ်နှံတာ ဌာန(၃)ခု ရှိပါတယ်။ တရားရုံးက ဖြည့်စွက်

တောင်းခံငွေရဲ့ (၅၄.၄၉)ရာခိုင်နှုန်း၊ ငါးလုပ်ငန်းဦးစီးဌာနက ဖြည့်စွက်တောင်းခံငွေရဲ့ (၈၅.၅၉)ရာခိုင်နှုန်းနဲ့ စည်ပင်သာယာရေးအဖွဲ့တွေက ဖြည့်စွက်တောင်းခံငွေရဲ့ (၄၃.၂၃) ရာခိုင်နှုန်းအထိ ဖြည့်စွက်ရာခိုင်နှုန်းကနေ ပြန်အပ်တာ ဖြစ်ပါတယ်။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ထဲကမှ ဆောင်ရွက်တဲ့ လုပ်ငန်းအဖွဲ့အစည်းတွေကဆိုရင် စစ်ဆေးတွေ့ရှိချက်အရ နိုင်ငံတော် ကို ပြန်လည်ပေးသွင်းဖို့ စစ်ဆေးတွေ့ရှိပါတယ်။ တကယ်ပေးသွင်းမှု အခြေအနေကို ဌာန တစ်ခုချင်းအတွက်ကို အသေးစိတ်ကိန်းဂဏန်းအနေနဲ့ အစီရင်ခံစာထဲမှာ အသေးစိတ် ဖော်ပြထားပေးပါတယ်။ လုံးပေါင်း ကိန်းဂဏန်း Total ကို power point နဲ့ တင်ပြ ထားခြင်းဖြစ်ပါတယ်။ စာရင်းရုံးအဆင့်ဆင့် ပြည်နယ်ရုံး၊ ခရိုင်ရုံးတွေ၊ မြို့နယ်ရုံးတွေလည်း ပါတယ်။ စစ်ဆေးတွေ့ရှိချက်တွေက အခွန်နဲ့ သာမန်ရငွေ လျော့နည်းပေးသွင်းတဲ့ ငွေပေါင်း ကျပ်သန်း(၄.၂၁၄)၊ ပြီးတော့ သာမန်အသုံးစရိတ်မှာ ပိုထုတ်တဲ့ငွေက ကျပ်သန်း (၄၆.၂၅၈)၊ ပြီးတော့ ငွေလုံးငွေရင်း ရငွေမှာ လျော့နည်းပေးသွင်းတာက ကျပ် (၂၀၀၀၀)၊ ပြီးတော့ ငွေလုံး ငွေရင်းအသုံးစရိတ်မှာ ပိုထုတ်တာက ကျပ်သန်း (၈၄.၁၅၀) စစ်ဆေးဖော်ထုတ်တွေ့ရှိရပါ တယ်။ စုစုပေါင်း အနေနဲ့ ကျပ်သန်းပေါင်း (၁၃၄.၆၄၂)၊ ပြည်ထောင်စုဘတ်ဂျက် ဆောင်ရွက်တဲ့ လုပ်ငန်းတွေ စစ်ရပါတယ်။ ပြည်နယ်ဘတ်ဂျက်ထဲမှာ ပြန်လည်ပေးသွင်းရတဲ့ငွေ (၁၃၄.၆၄၂) သန်း၊ အသုံးစရိတ်မှန်သမျှလည်း ဘတ်ဂျက်ခွင့်ပြုချက်တောင်းခံပြီးတော့ ဘတ်ဂျက်နဲ့ သုံးစွဲ ရမှာ ဖြစ်ပါတယ်။

အားကစားဝန်ကြီးဌာနသို့ စစ်ဆေးခဲ့ရာ ဌာနပိုင်မြေပေါ်မှာ ဆိုင်ခန်းတွေအတွက် မြေငှားရမ်းခ၊ ကွင်းငှားရမ်းခ၊ ဆိုင်ခန်းငှားရမ်းခ၊ ကမ္ဘောဇကွင်း ငှားရမ်းခွင့် ရငွေပါတယ်။ ဒါတွေကို ဌာနဆိုင်ရာ ရငွေအနေနဲ့ စာရင်းမသွင်းဘဲနဲ့ ယာယီရငွေအနေနဲ့ စာရင်းသွင်းတာ တွေ့ရပါတယ်။ ၂၀၁၃ - ၂၀၁၄ အစီရင်ခံတဲ့ ဘဏ္ဍာနှစ်အတွင်းမှာ ဆိုင်ခန်းငှားရမ်းခငွေ၊ ယာယီပေးငွေ၊ ရငွေစာရင်းဖွင့် လက်ကျန်အနေနဲ့ ၂၀၁၃ ၊ ဧပြီလ (၁) ရက်နေ့မှာ ကျပ်(၆,၈၈၈,၀၀၀)ရှိပါတယ်။ ၂၀၁၃ - ၂၀၁၄ ကာလအတွင်းမှာ ရငွေက (၄၅)သန်းကျော် ရှိပါတယ်။ အသုံးစရိတ်မှာ သန်း(၄၀)ခန့်ဖြစ်ပြီး၊ လက်ကျန် (၁၂)သန်းကျော် ကျန်ခဲ့ပါတယ်။ ဒါ ဘဏ္ဍာရေးစည်းမျဉ်း၊ အမိန့်ညွှန်ကြားချက်တွေနဲ့အညီ ရငွေတွေကို ဌာနရငွေအနေနဲ့ ဖော်ပြပြီး အားကစားနှင့် စပ်လျဉ်းပြီးသည့် လိုအပ်တဲ့ အသုံးစရိတ်တွေကိုလည်းပဲ ခွင့်ပြုရန်ပုံငွေ တောင်းခံပြီးတော့ ဌာနအသုံးစရိတ်အနေနဲ့ ကျခံသုံးစွဲဖို့ ဖြစ်ပါတယ်။ ဒါတွေ Object လုပ်ပါ တယ်။ ချက်ချင်းပဲ ကျပ်သန်း(၁.၃၄၈)ကျော်သွင်းတယ်။ သွင်းတဲ့စာအရ သိရပါတယ်။ နောက်တစ်ကြိမ် စစ်ကြည့်မှ တကယ်သွင်းမသွင်း သိရပါမယ်။ လက်ကျန်အနေနဲ့ (၁၂)သန်း ကျော် ကျန်ခဲ့ပါတယ်။ ဒီ(၁၂)သန်းကို ဒီဘက် ဘဏ္ဍာနှစ် ကူးလာတာနဲ့ စစ်တဲ့အချိန်ကျတော့မှ

၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်ကျမှ ဌာနဆိုင်ရာ ရငွေရမှ စာရင်းပြောင်းကျမှ အကြောင်းကြား ရပါတယ်။

ရှမ်းပြည်နယ်အားကစားကွင်းကို ကမ္ဘောဇ FC အခမဲ့ငှားရမ်းခဲ့တာ (၃)နှစ်ပါ။ စွန်းတဲ့ ကာလအတွက်ကို ငှားရမ်းခ ရယူရမှာပါ။ (၃)နှစ်ပြည့်မြောက်တဲ့ ၂၀၁၃၊ နိုဝင်ဘာ (၈)ရက် ကနေပြီးတော့ နောက်အစိုးရကို ပြန်အပ်ပါတယ်။ ဌာနဆိုင်ရာကို ပြန်အပ်ပါတယ်။ အဲဒါက ၂၀၁၄ ၊ ဇူလိုင်လ (၁)ရက်နေ့မှာ အဲဒီကြားကာလမှာ ငှားရမ်းခတွေ ယူဖို့လိုပါတယ်။ ပြည်နယ် အား/ ကာ ဦးစီးဌာနက စာနှင့် တင်ပြချက်အရ ကျပ်သန်း(၃၂၄၉၀၀၀)ကျော်ကို ပြန်လည် အကြေပေးသွင်းပြီးကြောင်း ပြန်ကြားလာပါတယ်။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေထဲက လွှတ်တော် အစည်းအဝေးမှာ တင်ပြလောက်အောင် တွေ့ရတဲ့အချက်တွေမှာ ဒီဌာနတစ်ခုပဲ ရှိပါတယ်။ ပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ ခရိုင်စာရင်းရုံး၊ ခရိုင်စာရင်းစစ်ရုံး၊ မြို့နယ်စာရင်းစစ်ရုံး အားလုံးရဲ့ Whole Loan ပါတာကတော့ ပြည်နယ်ဘဏ္ဍာရန်ပုံငွေနဲ့ သက်သက်အကျုံးဝင်တဲ့ စာရင်းကဆို ရင် အနည်းအကျဉ်းပဲ ရှိပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေမှာ သတ်မှတ်ထားတာက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေထဲမှာ အကျုံးဝင်တဲ့ ဌာနအဖွဲ့အစည်းတွေ ဖြစ်ပါတယ်။ အဲဒီရဲ့ လုပ်ငန်းနဲ့စာရင်းတွေကိုလည်း စစ်ဖို့တာဝန်ရှိပါတယ်။

တင်ပြထားတဲ့ power point အရ မီးသတ်ဦးစီးဌာနက ပြည်ထောင်စုဘတ်ဂျက်နဲ့ သုံးတဲ့ Capital ကိစ္စတွေ၊ ၂၀၁၃ - ၂၀၁၄ မီးသတ်စခန်းနဲ့ ဝန်ထမ်းအိမ်ရာ (၂၇)ခု ဆောက်ဖို့ ငွေလုံးငွေရင်း (၁၇၂၇.၃၉၉)သန်း ခွင့်ပြုခဲ့ပါတယ်။ ပြည်ထောင်စုဘတ်ဂျက်ကနေ ဖြစ်ပါတယ်။ ဆောက်လုပ်မဲ့အဆောက်အဦတွေ တင်ဒါခေါ်တယ်။ တင်ဒါအောင်တဲ့ ကုမ္ပဏီ (၁၀)ခုကနေပြီး တင်ဒါအာမခံကြေး (၆၅)သန်း ပေးသွင်းရပါတယ်။ လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးစည်းမျဉ်း တွေအရ ရလာပြီး အပြီးသတ်ပဲ ရရ၊ ယာယီပဲရရ ဌာနဆိုင်ရာစာရင်းကို ယာယီရငွေအနေနဲ့ ပေးသွင်းရမှာ ဖြစ်ပါတယ်။ သို့ပေမဲ့လည်း စိစစ်တွေ့ရှိချက်အရ တင်ဒါရွေးချယ်စိစစ်ရေး အဖွဲ့ဝင် (၂)ဦးရဲ့ နာမည်နဲ့ အင်းဝဘဏ်မှာ အပ်ထားလိုက်ပါတယ်။ ဆိုင်ရာကုမ္ပဏီတွေကို ပြန်အမ်းရပါမယ်။ လုပ်ထုံးလုပ်နည်းတော့ မကျပါဘူး။ ဖြစ်ရမှာက သက်ဆိုင်ရာဌာနဆိုင်ရာ စာရင်းကို သွင်း၊ ပြီးတော့ ပြန်ပေးတဲ့အခါမှာလည်း ဌာနဆိုင်ရာစာရင်း ကပြန်ထုတ်ပေး၊ ပြီးတော့ ခွင့်ပြုထားတဲ့ (၁၇၂၇.၃၉၉)သန်း အနက်မှ ဘတ်ဂျက်နှစ်ကုန်ခါနီး၊ ကုန်ဆုံးချိန်မှာ ၂၀၁၄၊ မတ်လ (၂၆)ရက်နေ့အထိကို ကုမ္ပဏီတွေကို ပေးချေဖို့ (၅၆၁.၉၇၃)သန်းအား မပေးချေဘဲ ကျန်နေသေးပါတယ်။ ငွေထုတ်စာရင်းက ငွေတွေထုတ်ပြီး တောင်ကြီး စီးပွားရေးဘဏ်မှာ ပြန်နယ်မီးသတ်ဦးစီးဌာနမှူးရဲ့ ကိုယ်ပိုင်စာရင်းရှင်နဲ့ ပေးသွင်းထား ကြောင်း၊ မတ်လ (၂၆)ရက်နေ့မှာ ဆောင်ရွက်ထားကြောင်း၊ စာရင်းစစ်တဲ့အချိန်မှာ လက်ကျန် အနေနဲ့ ကုမ္ပဏီတွေကို ပေးဖို့ (၄၅၃.၈၁၇)သန်းပဲ ပေးရပါသေးတယ်။ လက်ကျန် (၁၀၆.၁၉၄)

သန်း ကျန်ရှိပါတယ်။ ငွေထုတ်စာရင်းက ထုတ်ယူပြီးတော့မှ အခြားစာရင်းတစ်ခု ပေးသွင်းထားခြင်းမှာ တည်ဆဲဘဏ္ဍာရေးစာရင်းတွေနဲ့ ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် အဲဒီလို မီးသတ်စခန်းနဲ့ ဝန်ထမ်းအိမ်ရာတွေ တည်ဆောက်ဖို့ဟာ အခြေခံစံနှုန်းလား၊ ပဆကေ အတည်ပြုတဲ့နှုန်း၊ ဒေသအတည်ပြုဈေးနှုန်းလား၊ ပိုထုတ်ငွေ ကျပ်သန်းပေါင်း (၁၄.၆၄၄)၊ တိုင်းတာ စစ်ဆေးတဲ့နေရာမှာ ဆောင်ရွက်ထားတာက ကျပ်သန်း(၄.၁၇၇)သန်း၊ စုစုပေါင်း (၁၈.၈၄၁)သန်းကို တွေ့ရှိတဲ့အတွက် ငွေထုတ်စာရင်းသို့ ပြန်လည်ပေးသွင်းစေခဲ့ပါတယ်။

ပြည်ထောင်စုဘတ်ဂျက်ငွေထုတ်စာရင်းက ဖွင့်ထားတဲ့စာရင်းဆိုရင် မြောက်ဥက္ကလာ မီးသတ်ဦးစီးဌာန(ရုံးချုပ်)၏ မြောက်ဥက္ကလာစီးပွားရေးဘဏ်ခွဲသို့ အလီလီ ပေးသွင်းတယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်။ မီးသတ်ဦးစီးဌာနကလည်း ရန်ကုန်တိုင်းစာရင်းစစ်ချုပ်နဲ့ စစ်ဆေးဆက်စပ်ပြီး ပေးသွင်းပြီးကြောင်း ပြန်ကြားခဲ့ပါတယ်။ ပိုထုတ်တာ၊ ပိုသုံးတာလည်း မဟုတ်ပါဘူး။ သို့ပေမဲ့လည်း လုပ်ထုံးလုပ်နည်းမကျတဲ့ ကိစ္စလေးတစ်ခုဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပြည်နယ်မြေစာရင်းဦးစီးဌာနမှာ မြေလွတ်၊ မြေလပ်၊ မြေရိုင်း အာမခံကြေး အပ်ငွေဆိုတာ ရှိပါတယ်။ ဒါတွေက (၄)နှစ်ကျော်ခဲ့ပြီး ဌာနဆိုင်ရာ ရငွေစာရင်းပြောင်းဖို့ပါ။ ဒါတွေကြည့်လိုက်တော့ (၆.၆၂၂) စာရင်းပြောင်းကျန်ဖြစ်ပါတယ်။ အမှန်ကတော့ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ ပုံမှန်လုပ်သွားမယ်ဆိုတဲ့အတွက်ကြောင့် ပြောစရာမရှိပါဘူး။ အစိုးရရဲ့ ရငွေနဲ့ဖြစ်ပါတယ်။

နောက်တစ်ခုက လျှပ်စစ်ဝန်ကြီးဌာနက ဖြစ်ပါတယ်။ ပြည်ထောင်စုဘတ်ဂျက်က ကိစ္စပါ။ အထက်ကျိုင်းတောင်း စီမံကိန်းရဲ့ ပြီးခဲ့တဲ့ (၂)နှစ်ကျော်က ဒီ ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာနှစ်မှာခွင့်ပြုငွေနဲ့ လုပ်ငန်းပြီးစီးမှုစိစစ်ပြီး ပြည်ထောင်စုဘတ်ဂျက်မှာ အကျုံးဝင်တဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကိုယ်စား စစ်ဆေးပြီးတော့ တွေ့ရပါတယ်။ အဲဒီမှာ ဘဏ္ဍာရေးစည်းမျဉ်းမကျနမှု၊ မျက်မြင်တိုင်းတာ စစ်ဆေးကြည့်တော့ လျော့နည်းဆောင်ရွက်ထားတာ ဒါတွေကို ပြန်လည်ပေးသွင်းဖို့ သန်းပေါင်း (၅၆.၆၅၈)သန်း တွေ့ပါတယ်။ ဌာနဆိုင်ရာတွေက ဒီနောက်ပိုင်း ငွေသွင်းရုံနဲ့ ကိစ္စမပြတ်ကြောင်း၊ ဝန်ထမ်းများ ပေါ့လျော့ဆောင်ရွက်မှုကြောင့် ငွေသားလက်ဝယ်ကိုင်ဆောင်ထားပြီးတော့ ယာယီအလွဲသုံးစားလုပ်တာ၊ ပြီးတော့ ခန့်မှန်းခြေစာရင်းမှာ အတိုင်းအတာ လျော့နည်းဆောင်ရွက်ခဲ့တာ ဒါတွေကြောင့် (၅၆)သန်း ပေါ်တာပါ။ အလားတူပဲ ဘီလပ်မြေတွေ လက်ခံထိန်းသိမ်းတဲ့ ကိစ္စမှာ စက်ယန္တရားပြင်ဆင်တဲ့ နေရာမှာ ကွင်းဆင်းကြည့်တော့ မြေပြင်မှာ မတွေ့ရှိရကြောင်း၊ ဆယ်တင် ပစ္စည်းတွေ စနစ်တကျ မှတ်တမ်းထားမှု မရှိတာ၊ စက်များကို စွမ်းအားပြည့် မသုံးစွဲကြောင်း စသဖြင့် ဘဏ္ဍာရေး

စည်းမျဉ်းနဲ့ မညီညွတ်တဲ့ ဆောင်ရွက်ချက်တွေ တွေ့ပါတယ်။ ဌာနတွင်း ကြီးကြပ်ကွက်ကဲမှု အားနည်းချက်များရှိပါသဖြင့် လျှပ်စစ်ဝန်ကြီးဌာနက ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနဲ့ ညီညွတ်မှု ရှိ/ မရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို သဘောထားမှတ်ချက်တောင်းထားပါတယ်။ ပြန်ကြား ချက်ရရှိပါက ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဘာမှတော့ ပြန်ကြားချက်မရသေးပါဘူး။

နောက် ပြည်ထောင်စုဘတ်ဂျက်နဲ့ ဆောင်ရွက်တဲ့ ပြည်နယ်ဘဏ္ဍာရန်ပုံငွေနဲ့ ဆောင်ရွက်တဲ့ ရှမ်းပြည်နယ် ပညာရေး ညွှန်ကြားရေးမှူးရုံး၊ ငွေလုံးငွေရင်းအသုံးစရိတ်ကိစ္စ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)တစ်ခုတည်းကို ကွက်ပြီး တင်ပြတာပါ။ (၂၁)မြို့နယ် အတွင်းမှာ ဆောက်လုပ်တဲ့ကျောင်း(၁၃၁)ကျောင်း၊ အဆောင်(၁၃၂)ဆောင်၊ တင်ဒါအာမခံ ကြေး ကျပ်သန်း(၅၈.၅၀)သန်း ငွေတွေကိုင်ထားတယ်။ စစ်ဆေးတဲ့အခါမှာ တင်ဒါအာမခံကြေး က ဗွီဒိုလမ်းဝယ်ထားလို့မရဘူး၊ ဌာနဆိုင်ရာ ရန်ပုံငွေပြပြီး ကြွေးကျန်တွေထုတ်ပေးဖို့ ဘဏ္ဍာရေးစည်းမျဉ်းနဲ့ မကိုက်တာပေါ့၊ စုစုပေါင်း (၁၃၂)ဆောင်အတွက် ကျပ်သန်းပေါင်း (၃၅၈၇.၂၀၀) ခွင့်ပြုခဲ့တာပါ။ (၂၅- ၃ - ၂၀၁၄) ဘဏ္ဍာနှစ်ကုန်တဲ့အထိ ကုမ္ပဏီတွေကို ကျပ်သန်းပေါင်း(၂၈၅၄.၂၂၄)ပေးချေပြီးဖြစ်တဲ့အတွက် ကျန်တဲ့(၇၃၂.၉၇၆)သန်းကို ဘတ်ဂျက် မှ ထုတ်ထားပြီး ဌာနစာရင်းကထုတ်သွားလိုက်တယ်။ ပြည်နယ်ညွှန်ကြားရေးမှူးအမည်နဲ့ စာရင်းရှင်ဖွင့်လှစ်ပြီး ဘဏ်မှာ စာရင်းရှင်ဖွင့်လှစ်ပြီး ပေးသွင်းထားပါတယ်။

ဆောက်လုပ်ရေးလုပ်ငန်းတွေ စစ်ဆေးတဲ့နေရာမှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေက ဖြစ်စေ၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေက ဖြစ်စေ ကျပ်သန်း(၅)ကျော်တဲ့ လုပ်ငန်းမှန်သမျှဟာ တည်ဆောက်ရေး စိစစ်မှုကော်မတီရဲ့ ခွင့်ပြုချက်ရမှ လုပ်ငန်းလည်းလုပ်ရတယ်။ စစ်ဆေးရ တယ်။ ခွင့်ပြုချက်ရမှ စစ်ပါတယ်။ ခွင့်ပြုချက်ရပြီး၊ လုပ်ငန်းလည်းပြီးပြတ်ပြီဆိုမှ စစ်ဆေးပါ တယ်။ လုပ်ငန်းဆောင်ရွက်ဆဲ တစ်ပိုင်းတစ်စဆိုရင် စာရင်းပဲစစ်တယ်။ လုပ်ငန်းမစစ်ဘူး၊ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီက ခွင့်ပြုချက်မရရင် လုံးဝမကိုင်ပါဘူး၊ (၁၃၁) ကျောင်းအတွက် အဆောင်(၁၃၂) ဆောင်မှာ (၁၄)ကျောင်းအတွက်ပဲ လုပ်ငန်းခန့်မှန်းခြေ စာရင်းတွေကို ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီကနေပြီးတော့ အတည်ပြုချက်ရပြီး (၁၄)ကျောင်းကိုပဲ စစ်ပါတယ်။ (၁၁၇) ကျောင်း အတည်ပြုချက်မရ သေးလို့ မစစ်ပါဘူး၊ အပေါ်ကို အစီရင်ခံထားပါတယ်။ (၁၁၇)ကျောင်းကို တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီ မရတဲ့အတွက် မစစ်နိုင်ခဲ့ပါဘူး၊ (၁၃၁)ကျောင်းအနက် (၁၄) ကျောင်းကို စစ်တဲ့နေရာမှာ အခြေခံစံနှုန်းတွေနဲ့ ပိုသုံးတာ၊ ဒေသအတည်ပြုဈေးနှုန်းတွေနဲ့ ပိုမိုပေးချေခဲ့တာ၊ ဒါ့ကြောင့် ကျပ်သန်း(၆.၅၁၃) သန်း ဖြစ်ပေါ်ခဲ့ပါတယ်။ ကွင်းဆင်းစစ်တဲ့ အခါမှာ အ.ထ.က ကျေးသီးမြို့နယ်မှာ ခန့်မှန်းခြေစာရင်းနဲ့ အားလုံးကိုက်ညီတယ်။ သို့သော်

ပန်းဆွဲတပ်ဆင်ခြင်းမှာ (၈' × ၁') လုပ်မှာကို (၆' × ၁')နဲ့ လုပ်ထားပါတယ်။ ခြားနားချက်က ကျပ်(၅၀၀၀၀)ကျော် ဖြစ်ပါတယ်။ (၁၄)ကျောင်းကို စစ်တာဖြစ်ပါတယ်။

ပြည်ထောင်စုဘဏ္ဍာရနိပုံငွေထဲကပဲ အကျုံးဝင်တဲ့ အမျိုးသမီးနဲ့ ကလေးဆေးရုံမှာ တင်ပြခဲ့တဲ့အတိုင်း ရငွေကို ဌာနငွေထုတ်စာရင်းကို မပေးသွင်းဘူး၊ အခြားစာရင်းတစ်ခုဖွင့်ပြီး သွင်းထားပါတယ်။ ဒီကိစ္စကလည်း အခုထိ Settle တော့ မဖြစ်သေးပါဘူး၊ ယခင်အစိုးရ လက်ထက်က ပညာရေးလိုနေရာမျိုးမှာ ခွင့်ပြုတာ ရှိခဲ့ပါတယ်။ ဒါဘဏ္ဍာရေး စည်းမျဉ်းနဲ့ မကိုက်ဘူး၊ စာရင်းစစ်ချုပ်ရုံးကလည်း ထောက်ပါတယ်။ ဌာနနဲ့ ပတ်သက်ပြီး ရလာတဲ့ ရငွေ အပေါ်မှာ စဉ်းစားနေရပါတယ်။ ရငွေမှန်သမျှကို ဌာနဘတ်ဂျက်စာရင်းထဲထည့် သုံးစရာရှိတဲ့ မှန်သမျှ ဘတ်ဂျက်တောင်းပြီးသုံး ဒါပဲရှိတယ်။ အမျိုးသမီးဆေးရုံမှာလည်း သီးသန့်လူနာခန်း ငှားရမ်းခအတွက် ရငွေ၊ ခွဲခန်း၊ ဓာတ်မှန်၊ ဓာတ်မှန်ခန်းနှင့် အာရုံထရာဆောင်းရိုက်ခြင်းမှ ရငွေ မှန်သမျှကို Other Account ဌာနဆိုင်ရာ စာရင်းမဟုတ်ဘူး၊ အပြင်စာရင်းဖြစ်တယ်။ ဓာတ်ခွဲ ခန်းရငွေနဲ့ ဓာတ်မှန်ခန်းရငွေ၊ အာရုံထရာဆောင်းရငွေတွေကတော့ လုပ်ငန်းလုပ်ပြီဆိုရင် လုပ်ငန်းလုပ်ဖို့အတွက် ပစ္စည်းဝယ်ရတဲ့အတွက် အရင်းအနှီး ပိုပါတယ်။ ပစ္စည်းတွေအတွက် တန်ဖိုးကတော့ ငွေစာရင်းထဲမှာ ချန်ထားခဲ့တယ်။ အာရုံထရာဆောင်းရိုက်ခ အမြတ်ငွေ အားလုံး၊ ဓာတ်ခွဲခန်းရငွေ၊ ဓာတ်မှန်ခန်းရငွေရဲ့(၅၀%)၊ အာရုံထရာဆောင်းရိုက်ခကို ဒီ MD Account ဌာနဆိုင်ရာစာရင်းထဲ ပေးသွင်းတယ်။ ဓာတ်ခွဲခန်းနဲ့ ဓာတ်မှန်ခန်းရငွေတွေကို ပိုရတဲ့ ငွေရဲ့ (၅၀%)ကို ဌာနဆိုင်ရာ စာရင်းထဲကို သွင်းပါတယ်။ အမှန်တော့ ဆေးရုံတွေအတွက် လိုအပ်တဲ့ ဆေးနှင့်ဆေးပစ္စည်း ဝယ်ယူတာ၊ ပြင်ဆင်ထိန်းသိမ်း စရိတ်ကျခံတာ၊ ဘဏ်စရိတ် နှင့် ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းအတွက် လိုအပ်တဲ့ အသုံးစရိတ်၊ အခြားအသုံးစရိတ်များ သုံးဖို့ ဟာက ဘတ်ဂျက်က ခွင့်ပြုချက် တောင်းခံရယူနိုင်သေးပါတယ်။ အခု OA စာရင်းကပဲ ကျန်ခဲ့ တဲ့ ငွေစာရင်း ပြန်သုံးမယ်။ စာရင်းကို ကြည့်လိုက်တော့ ၃၁ - ၃- ၂၀၁၄ ရက်နေ့မှာ လက်ကျန် ကျပ်(၅.၆)သန်း၊ ပြီးတော့ ဒီဘက်ကူးလာတာ ၁ - ၄ - ၂၀၁၄ ရက်နေ့မှ ၂၅ - ၅ - ၂၀၁၄ ရက်နေ့ အထိကို ပေးသွင်းငွေကျပ် (၈၃၂,၉၀၀)ကျပ် ထုတ်ယူပြီး ငွေကျပ်(၁,၂၃၇,၀၀၀)ဆိုတော့ စာရင်း ပိတ်လက်ကျန်ကျပ်(၅.၂၀၇)သန်း ကျန်ပါတယ်။ ဒီလိုလုပ်တာတွေဟာ ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းနဲ့ ညီညွတ်မှုမရှိတဲ့အတွက် ဘဏ္ဍာရေးစည်းမျဉ်း လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ဖို့ အကြံပြုတင်ပြခဲ့ပါတယ်။ ကျန်ငွေအားလုံး ဌာနဆိုင်ရာ MD ကိုသွင်း၊ အပြည့် အဝသွင်းဆောင်ရွက်ပါတယ်။ လိုအပ်တဲ့ အသုံးစရိတ်လည်း ခွင့်ပြုမိန့်တောင်းခံပြီးတော့မှ ထုတ်ယူဖို့ ဖြစ်ပါတယ်။

ကညနမှာလည်း လားရှိုးပြည်နယ်တွဲဖက်ဦးစီးမှူးရုံးတွင် ယာဉ်မောင်းလိုင်စင်တံဆိပ်၊ ဖောင်းကြွကိစ္စ၊ လိုင်စင် Plate ရငွေပါ။ ၂၀၁၀ - ၂၀၁၁ မှာ ကြာခဲ့တဲ့နှစ်က၊ နောက် ၂၀၁၃ ၊

ဒီဇင်ဘာထိ စုစုပေါင်း အမြတ်ရငွေ (၅၁.၁၃၆) သန်း၊ ဝန်ထမ်းသက်သာအတွက် ထားထားပါတယ်။ စစ်ဆေးဖော်ထုတ်ခဲ့တယ်။ ဌာနဆိုင်ရာ စာရင်းကို ပြန်သွင်းပါဆိုပြီး၊ ဘယ်တော့မှသွင်းလည်းဆိုရင် ၂၀၁၄ - ၂၀၁၅ ကျမှ သွင်းပါတယ်။ ၂၀၁၄၊ ဇန်နဝါရီလမှ မတ်လအထိ အမြတ် ငွေ (၁.၆၉၈) ရပါတယ်။ (၅၁)နဲ့ ပေါင်းလိုက်ရင် (၅၂.၈၃၄)၊ ဒါက ဌာနဆိုင်ရာစာရင်းကို ပေးသွင်းပါတယ်။ ဒီမှာလည်း ပြဿနာနည်းနည်းရှိပါတယ်။ အမြင်အရ ကညနကနေ ဌာနဆိုင်ရာ ရငွေတွေရှိတယ်။ ဌာနဆိုင်ရာ MD ကိုသွင်း၊ သုံးငွေတွေရှိတယ်။ MD ထဲမှာဘတ်ဂျက် ခွင့်ပြုငွေတွေရှိတယ်။ သုံးပါ။ ပြောပါတယ်။ ကျန်တာတွေလည်း ဒီတိုင်းပဲ လုပ်ခိုင်းပါတယ်။ အစီရင်ခံစာထဲမှာတော့ အသေးစိတ် ဖော်ပြထားပါတယ်။ သူတို့ကလည်း ပြည်ထောင်စုစာရင်းစစ်ချုပ်အနေနဲ့ သွားပြီး ကြီးကြပ်ရတယ် ပြောပါတယ်။ နှုတ်အားဖြင့် ကြီးကြပ်ရတာ ဖြစ်ပါတယ်။ပြည်ထောင်စုစာရင်းစစ်ချုပ်က ရှင်းလင်းပြီးတဲ့အတွက် အမြတ်ငွေတွေကိုသွင်းပါတယ်။ မိမိတို့အနေဖြင့် ဆက်ရေးနေမှာ ဖြစ်ပါတယ်။ ရပ်တည်ချက်တော့ မပြောင်းပါဘူး၊ ပြည်ထောင်စု စာရင်းချုပ်ရုံးက တာဝန်ပေးစစ်ဆေးမှုတွေ အပေါ်မှာ စုစည်းအစီရင်ခံစာ ထုတ်ပြန်ပြီးစီးမှု၊ ကျန်ရှိမှုတွေကို ဇယားနဲ့ အသေးစိတ် အစီရင်ခံထားပါတယ်။ ပြည်ထောင်စု ဘတ်ဂျက်က ပိုများပါတယ်။ ဒီကာလအတွင်းမှာ ဒီလုပ်ငန်းအဖွဲ့အစည်း (၆၆)ခု စစ်ဆေးဖို့ တာဝန်ပေးပါတယ်။ ပြည်နယ်အတွင်းမှာ ပြန့်နှံ့ပြီး ရှိပါတယ်။ ခရိုင်/ မြို့နယ်စာရင်းစစ်ရုံးတွေ ကိုတစ်ဆင့် တာဝန်ပေး ပြန်စုစည်းပြီးတော့ အစီရင်ခံစာပြုစုစစ်ဆေးပြီး ရုံးချုပ်ကို အစီရင်ခံပါတယ်။ လုပ်ငန်း(၆၆)ခု တာဝန်ပေးခဲ့တယ်။ ဆောင်ရွက်ဆဲ မပြတ်သေးတဲ့လုပ်ငန်းများ၊ အစီရင်ခံတဲ့ အချိန်မှာ (၅)ခု ကျန်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ တာဝန်ပေးချက်အရ ဇူလိုင်လ(၇)ရက်နေ့က စာအမှတ်၊ ပစရ ရန်ပုံငွေ ၂၃ နဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေ စာရင်းတွေ စစ်ဆေးပေးပါဆိုတော့ စစ်ဆေးပြီးပါပြီ။ အစီရင်ခံစာလည်း အတည်ပြုထားပြီး ဖြစ်ပါတယ်။ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးက အရှေ့ပိုင်းမှာ တာဝန်ပေးခဲ့တဲ့အတိုင်း စာရင်းစစ်ရုံးချုပ်အချင်းချင်းလည်းပဲ ရန်ကုန်၊ မန္တလေး လုပ်ငန်းတွေ ဆက်စပ် စစ်ဆေးရတာ ရှိပါတယ်။ ဒီကာလထဲမှာ တခြားတိုင်းဒေသကြီး/ ပြည်နယ်စာရင်းချုပ်တွေက ဆက်စပ်စစ်ဆေးပေးဖို့ အကြောင်းကြားလို့ ပြည်နယ်အတွင်းမှာ လုပ်ငန်း(၁၁)ခုရှိပါတယ်။ အလားတူ စစ်တဲ့ တခြားမှာ စစ်ပေးဖို့လိုတဲ့ ကိစ္စတွေကိုလည်း အထူးသဖြင့်တော့ ရန်ကုန်နဲ့ မန္တလေးပါ။ နေပြည်တော်လည်းပါပါတယ်။ လုပ်ငန်း(၃)ခု ဆက်စပ်စစ်ဆေးဖို့ တာဝန်ပေးလိုက်ရတယ်။

ပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ ခရိုင်စာရင်းစစ်ရုံး၊ မြို့နယ်စာရင်းစစ်ရုံးတွေရဲ့ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်အတွင်းမှာ ဒီဇင်ဘာလ(၃၁)ရက်နေ့အထိ အစီရင်ခံကာလ၊ အဲဒီမှာ သာမန်အသုံးစရိတ် ငွေလုံးငွေရင်းအသုံးစရိတ်၊ ခွင့်ပြုငွေနဲ့ သုံးစွဲမှုအခြေအနေကို ကိန်းဂဏန်းများတဲ့အတွက် အစီရင်ခံစာထဲမှာပဲ အသေးစိတ် ဖော်ပြထားပါတယ်။ အစီရင်ခံတဲ့ကာလအတွင်း

မှာ ခရီးထွက်ရတာ တွေ့ရှိပါတယ်။ ကိုယ်တိုင်ကလည်း မြန်မာနိုင်ငံစာရင်းကောင်စီဝင် ဖြစ်နေတော့ စာရင်းကောင်စီဝင် အစည်းအဝေးကလည်း တစ်လတစ်ကြိမ် သွားတက်ရပါတယ်။ လွှတ်တော်အရောက်စာရင်းကောင်စီဥပဒေရေးဆွဲတဲ့ကိစ္စ၊ စာရင်းစစ်ဆေးမှုညှိနှိုင်းတဲ့ကိစ္စတွေလည်း နေပြည်တော်ကို သွားရပါတယ်။ နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွေကို ရှမ်း(မြောက်)၊ ကျောက်မဲ၊ လားရှိုး၊ မူဆယ်၊ ရှမ်း(တောင်)မှာ လွိုင်လင်၊ ရှမ်း(အရှေ့)မှာ ကျိုင်းတုံ၊ တာချီလိတ်သို့ သွားရောက် ဆောင်ရွက်ခဲ့ပါတယ်။ ဒီဘတ်ဂျက်နှစ်အတွင်းမှာ သီပေါမြို့နယ်မှာ ရုံး၊ ဝန်ထမ်းနေအိမ် ဆောက်လုပ်နေတာ ဖြစ်တဲ့အတွက် ဒီလုပ်ငန်းကိုလည်း ဆင်းပြီးကြီးကြပ်ပါတယ်။ ပြီးတော့ ကွန်ဟိန်းရုံးလည်း ဆောက်တာဖြစ်တဲ့အတွက် ဆင်းကြည့်ခဲ့ပါတယ်။ ဒါ့အပြင် ဒီဇင်ဘာလပိုင်းက လားရှိုး၊ မူဆယ်၊ ကျောက်မဲစာရင်းစစ်ရုံးတွေကို စစ်ဆေးကြီးကြပ်တယ်။ လွိုင်ယဲ၊ မူဆယ်၊ ဒီဇင်ဘာလ(၉)ရက်နေ့ ကချင်ရိုးရာကောက်သစ်စားပွဲတက်ပါတယ်။ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ လက်အောက်ရှိ ဒေသစာရင်းစစ်ရုံးတွေဟာ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ကြီးကြပ်မှု၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ လုပ်ငန်းလမ်းညွှန်ချက်တွေအပေါ်မှာ အနီးကပ်ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်အစိုးရအဖွဲ့နဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အခါအားလျော်စွာ ပေးအပ်တဲ့ စစ်ဆေးရေးလုပ်ငန်း တာဝန်တွေ၊ တခြားတာဝန်တွေလည်း ကျေပွန်စွာကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအစီရင်ခံအပ်ပါတယ်။ အစီရင်ခံမှုအသေးစိတ်ကတော့ အစီရင်ခံစာထဲမှာ လေ့လာကြည့်ဖို့ ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄- ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၃) ဖြစ်ပါတယ်။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄- ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး။** အားလုံးပဲမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ တာဝန်ရှိ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ၂၀၁၄- ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်တဲ့ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို လွှတ်တော်သို့ အစီရင်ခံ တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီအစီရင်ခံ တင်ပြမဲ့အချက်အလက်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်များဆီကို ကြိုတင်ပြီး ဖြန့်ဝေပေးထားပြီး ဖြစ်တဲ့အတွက် အကျဉ်းချုံး ဆက်လက်တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့ကနေစပြီး ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်နဲ့ ဆောင်ရွက်တဲ့နေရာမှာ အခြေခံမူအားဖြင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ အဖွဲ့အစည်းများဟာ ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းပြီး သုံးငွေများကို ရသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်ဘောင်အတွင်း တည်ဆဲ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူသုံးစွဲရမှာ ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၂ နှင့် ၂၀၁၄ - ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်ဥပဒေအမှတ် ၆ တို့ကို ရှမ်းပြည်နယ်လွှတ်တော်မှ ၂၀၁၄ - ၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွက် ပြဋ္ဌာန်းပေးခဲ့ပြီး ဖြစ်ပါတယ်။

ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ ဌာနအဖွဲ့အစည်းများအနေနဲ့ ၂၀၁၄ - ၂၀၁၅ ခုနှစ်မှာ ဌာနအဖွဲ့အစည်းပေါင်း (၂၇)ခု ရှိပါတယ်။ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ကြီးကနေ ဆွေးနွေးလိုက်တဲ့ ၂၀၁၃ - ၂၀၁၄ မှာတော့ (၂၆)ခုပဲ ရှိပါတယ်။ ၂၀၁၄ - ၂၀၁၅ မှာတော့ ဌာန(၂၇)ခုဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အဲဒီအထဲမှာ ဗဟိုအဖွဲ့အစည်း(၅)ခု၊ ဦးစီးဌာနများ (၁၇)ခု၊ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (၄)ခု၊ စည်ပင်သာယာရေး အဖွဲ့(၁)ခု၊ စုစုပေါင်း (၂၇)ခု ပါဝင်မှာ ဖြစ်ပါတယ်။ ဖော်ပြပါဇယားကတော့ ရှမ်းပြည်နယ်ရဲ့ ၂၀၁၄ - ၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို ဖော်ပြထားခြင်း ဖြစ်ပါတယ်။ မူလလျာထားငွေ ပါဝင်မှာဖြစ်ပြီး ဖြည့်စွက် ခွင့်ပြုငွေနဲ့ နောက်ဆုံးပြုပြင်ပြီး လျာထားငွေဆိုပြီး ပါဝင်မှာ ဖြစ်ပါတယ်။ ရငွေမှာ စုစုပေါင်း မူလလျာထားခြင်းသည် ကျပ်သန်းပေါင်း (၁၄၆,၈၄၂.၁၂၃)သန်းဖြစ်ပြီး ပြုပြင်ပြီး လျာထားငွေဟာ ကျပ်သန်းပေါင်း (၁၅၀,၉၀၀.၃၄၅) သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အသုံးစရိတ်အနေနဲ့ သာမန်အသုံးစရိတ် မူလလျာထားခြင်း ဖြစ်ပါတယ်။ ဖြည့်စွက် လျာထားပါတယ်။ စုစုပေါင်း ပြုပြင်ပြီး လျာထားငွေမှာ ကျပ်သန်း (၁၉၀,၁၅၁.၉၀၁) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ သာမန်အသုံးစရိတ်နဲ့ ဖြည့်စွက် ပေါင်းလိုက်တဲ့အခါမှာ စာရင်းမကိုက်ညီတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒီလိုဖြစ်ရတဲ့ အကြောင်းအရင်းက မူလလျာထားကတော့ ဒီကိန်းဂဏန်းပဲ ဖြစ်ပါတယ်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကနေ ရရှိတဲ့ငွေကို လမ်းအထူးကို အပ်နှံလိုက်တဲ့အတွက် လျှော့သုံးစွဲရတဲ့ အနေအထား၊ နောက်ပြီး မြန်မာ့ရုပ်ရှင်လုပ်ငန်းကနေ (၂.၁) သန်း လျှော့နည်း သုံးစွဲပါတယ်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကနေ ကျပ်သန်းပေါင်း (၉၁,၀၆၁.၄၂၃) သန်းကို ပြန်လျှော့နည်း သုံးစွဲလိုက်တဲ့အတွက် အခုရရှိတဲ့ ဖြည့်စွက်ရန်ပုံငွေ အပါအဝင် စုစုပေါင်း သာမန်အသုံးစရိတ်က တင်ပြပါအတိုင်း ဖြစ်ပါတယ်။ ငွေလုံးငွေရင်း အသုံးစရိတ် ဖြစ်ပါတယ်။ ကြွေးမြီအသုံးစရိတ်အနေနဲ့ ဖြည့်စွက်မှာ ကျပ်သန်းပေါင်း (၁၂၂၅.၇၄၁) သန်း လျာထားပါတယ်။ ပြုပြင်ပြီးလည်း ဒီအတိုင်းပဲ ဖြစ်ပါတယ်။ ဒါ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကနေ သုံးစွဲခဲ့တဲ့ ပြီးခဲ့တဲ့နှစ်အတွက် ပြန်ဆပ်ပေးခြင်း ဖြစ်ပါတယ်။ စုစုပေါင်း ၂၀၁၄ - ၂၀၁၅ ခုနှစ် မူလလျာထား ငွေကျပ်သန်းပေါင်း (၃၆၂,၅၂၂.၇၅၇) ဖြစ်ပြီး၊ ဖြည့်စွက်ခွင့်ပြုငွေအနေနဲ့ ရရှိတဲ့ငွေဟာ ကျပ်သန်းပေါင်း (၂၆,၄၂၈.၄၅၈)သန်း ဖြစ်တဲ့အတွက် ၂၀၁၄ - ၂၀၁၅ ခု ဘဏ္ဍာရေးနှစ်မှာ သုံးစွဲတဲ့ ငွေစုစုပေါင်းသည် ကျပ်သန်း (၃၇၉,၇၈၇.၀၉၂) သန်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ၂၀၁၄ - ၂၀၁၅ ခုနှစ်၊ သုံးစွဲတဲ့ငွေသည် ကျပ်သန်းပေါင်း (၃၇၉.၇၈၇)ဘီလီယံ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လိုငွေအနေနဲ့ ကျပ်သန်းပေါင်း (၂၂၈,၈၈၆.၇၄၇)သန်း ဖြစ်ပါတယ်။

ပြည်ထောင်စုမှထောက်ပံ့တဲ့ လိုငွေများကို ပြည်ထောင်စုမှ ထောက်ပံ့ပေးပါတယ်။ ဒီထဲမှာ စည်ပင်သာယာရေးဌာနကနေ ငွေအနည်းငယ် ပိုတဲ့အတွက် ဘဏ္ဍာငွေစာရင်း အနည်းငယ်ကွာဟရခြင်းဖြစ်ပါတယ်။ ယခု (၄၈.၅၉၆) သန်းကတော့ အတိုးပေးသွင်းခြင်း ဖြစ်ပါတယ်။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများရဲ့ ၂၀၁၃ - ၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ရငွေထက် ပိုတဲ့အသုံးစရိတ်များအတွက် လိုငွေများကို ပြည်ထောင်စု ဘဏ္ဍာငွေမှ ချေးယူရသည့် ပြန်လည်ပေးဆပ်ရမည့် အသုံးစရိတ်အဖြစ် ၂၀၁၄ - ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်မှာ ကြွေးမြီအသုံးစရိတ်မှာ ထည့်သွင်းလျာထားခဲ့ပါတယ်။ ချေးငွေချေးရတဲ့ အကြောင်းရင်းက ၂၀၁၃ - ၂၀၁၄ မှာ ငွေပိုသုံးသွားတဲ့အတွက် ပြန်လည်ပေးဆပ်ရမှာ ဖြစ်ပါတယ်။ လိုငွေကို ဖြည့်ဆည်းပေးတဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ချေးယူငွေအတွက် တစ်နှစ်မှာ အတိုးနှုန်း(၄%)နဲ့ ပေးချေရမဲ့ အတိုးစရိတ်က သာမန်အသုံးစရိတ်မှာ ထည့်သွင်းလျာထား သုံးစွဲခဲ့ပါတယ်။ ပေးဆပ်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၄ - ၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ် လိုငွေကျပ် (၂၂၈,၈၈၆.၇၄၇)သန်း ဖြစ်ပေါ်နေခြင်း အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျပ်သန်းပေါင်း (၂၂၈,၈၃၈.၁၅၁)သန်းအား ထောက်ပံ့ငွေအဖြစ် ဖြည့်ဆည်းပေးခြင်းနှင့် ပြည်ထောင်စုမှ ထုတ်ချေးငွေအဖြစ် ကျပ် (၄၈.၅၉၆)သန်းကို ထည့်သွင်းလျာထားပါတယ်။ (၄၈.၅၉၆)ကတော့ အတိုးငွေ ပေးသွင်းခြင်း ဖြစ်ပါတယ်။ တင်ပြပါ ဇယားကတော့ ၂၀၁၄ - ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်မှာ ထောက်ပံ့ငွေရငွေနဲ့

အသုံးစရိတ်လျာထား သုံးစွဲမှုအနေအထား ဖြစ်ပါတယ်။ ဒီနေရာမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ထောက်ပံ့ငွေ ကျပ်သန်းပေါင်း (၄၀၀၀) ရရှိပါတယ်။ လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေအနေနဲ့ တစ်မြို့နယ်မှာ ကျပ်သိန်း(၁၀၀၀)နဲ့ (၅၅)မြို့နယ်အတွက် ကျပ်သန်းပေါင်း (၅၅၀၀) ရရှိပါတယ်။ ဆိုင်ကယ်စီမံချက်ကနေရရှိတဲ့ ဝေစုအဖြစ် (၇၁၇.၇၆၄)သန်း ဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျပ်သန်း (၈၀၂၁.၈၉၉)သန်းဖြစ်တဲ့အတွက် ၂၀၁၄ - ၂၀၁၅ ခုနှစ်မှာ ထောက်ပံ့တဲ့ငွေကနေ ကျပ်သန်းပေါင်း (၁၈,၂၃၉.၆၆၃)သန်းကို သုံးစွဲကြောင်း တင်ပြအပ်ပါတယ်။

ဖော်ပြပါ လုပ်ငန်းတွေကတော့ သက်ဆိုင်ရာ ငွေအပြင် သက်ဆိုင်ရာ ဦးစီးဌာနတွေကနေ ရရှိတဲ့ငွေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့လုပ်ငန်းများ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပြည်နယ်အစိုးရအဖွဲ့၊ အဲဒီအောက်မှာ သုံးစွဲတဲ့ ဌာနတွေအနေနဲ့ ပြည်နယ်အစိုးရအဖွဲ့၊ ကုန်းမြင့်လယ်ယာ၊ မြစ်ချောင်းဖြိုး၊ ဒေသဖွံ့ဖြိုးကြီးကြပ်ရေးရုံးနဲ့ ဆည်မြောင်းလုပ်ငန်းတွေ ပါပါမယ်။ ဒါတွေကိုတော့ အသေးစိတ် မတင်ပြတော့ပါဘူး။ မီးသတ်ဦးစီးဌာနကတော့ ဖော်ပြအတိုင်းပဲ ဝယ်ယူသုံးစွဲတဲ့ လုပ်ငန်းများလည်း ဖြစ်ပါတယ်။ ရေအရင်းအမြစ်အသုံးချရေးက ဆောင်ရွက်တဲ့လုပ်ငန်းများ ဖြစ်ပါတယ်။ တင်ပြပါဇယားကတော့ ဖော်ပြပါ စိုက်ပျိုးရေး၊ ငါး၊ လျှပ်စစ်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး၊ အဆောက်အဦ၊ လမ်းနှင့် တံတားပြင်ဆင် ထိန်းသိမ်းခြင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်တဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းမှာ ဆောင်ရွက်တဲ့လုပ်ငန်းများဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းကို ဆက်လက်ပြီး တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်ရဲ့ဘဏ္ဍာအရအသုံးဆိုင်ရာ ဥပဒေရဲ့ "ပုဒ်မ ၄ (ခ)၊ ၈ (က)၊ ၁၀(ဃ) အရ သုံးငွေများကို စီမံခန့်ခွဲတဲ့ နေရာမှာ ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်း ခေါင်းစဉ် လွှဲပြောင်းသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်" ဟု ဥပဒေထဲမှာ ဖော်ပြပါရှိထားပါတယ်။ ထိုသို့ ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်းပြီး ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၄- ၂၀၁၅ ခုနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများမှာ အကျိုးအကြောင်း ဖော်ပြချက်များ နှင့်အတူ ထည့်သွင်းဖော်ပြရမှာ ဖြစ်ပါတယ်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာတဲ့ ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် အမှန်စာရင်းမှာ ထည့်သွင်းဖော်ပြရမယ်လို့ ပြဋ္ဌာန်းထားကြောင်း တင်ပြအပ်ပါတယ်။

သာမန်အသုံးစရိတ် ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းကို ဆက်လက်တင်ပြ ပေးသွားမှာ ဖြစ်ပါတယ်။ ၂၀၁၄ - ၂၀၁၅ ခု၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း ရေးဆွဲပြီးချိန် နောက်ပိုင်းမှ သာမန်အသုံးစရိတ် ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များကို ပြည်နယ်အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ ခွင့်ပြုပေးခဲ့ပါတယ်။ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံထား သော ငွေစာရင်းခေါင်းစဉ်များမှ လွှဲပြောင်းသုံးစွဲခွင့် မရှိပါဘူး။ သာမန်အသုံးစရိတ် ငွေစာရင်း ခေါင်းစဉ် ပြောင်းလွှဲသုံးစွဲတဲ့ဌာနများကို ဖော်ပြခြင်း ဖြစ်ပါတယ်။ သာမန်အသုံးစရိတ်မှာ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲတဲ့ ဌာနအဖွဲ့အစည်းများမှာ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဥပဒေရုံးများ၊ စာရင်းရုံးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ရေအရင်း အမြစ်အသုံးချရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန၊ မြန်မာ့ဆားလုပ်ငန်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနဲ့ စည်ပင်သာယာရေးအဖွဲ့ ဌာန အဖွဲ့အစည်း(၁၅)ခု ကတော့ သာမန်အသုံးစရိတ်မှာ ခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်း ဖြစ်ပါတယ်။ စုစုပေါင်း (၂၇)ဌာနရှိတဲ့အချိန်မှာ (၁၂)ဌာနကတော့ ပြောင်းလဲသုံးစွဲခြင်း မရှိကြောင်း တင်ပြ အပ်ပါတယ်။

ငွေလုံးငွေရင်းအသုံးစရိတ် ခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်း ဖြစ်ပါတယ်။ ၂၀၁၄ - ၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် လျာထားချက်ဘောင်အတွင်းမှ သုံးစွဲရန်နှင့် လွှဲပြောင်းသုံးစွဲခြင်းဆိုင်ရာ ကိစ္စရပ်များကို စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရသုံးမှန်းခြေငွေ စာရင်းဦးစီးဌာနတို့ရဲ့ သဘောထားမှတ်ချက်များနှင့်အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေး မှာ အတည်ပြုခွင့်ပြုပေးခဲ့ခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနဲ့ ရသုံး မှန်းခြေငွေစာရင်းဦးစီးဌာနရဲ့ သဘောထားမှတ်ချက် ပါရှိမှသာလျှင် အစိုးရအဖွဲ့အစည်း အဝေးမှာ ဆက်လက်ဆွေးနွေး အတည်ပြုပေးခြင်း ဖြစ်ပါတယ်။

ငွေလုံးငွေရင်းအသုံးစရိတ် ခေါင်းစဉ်လွှဲပြောင်းသုံးစွဲသော ဌာနများအနေနဲ့ ရေအရင်း အမြစ်အသုံးချရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့ရွာနှင့် အိုးအိမ်ဦးစီး ဌာန ဒီဌာန(၃)ခုကနေ ပြောင်းလွှဲသုံးစွဲကြောင်း တင်ပြအပ်ပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ် များ ခေါင်းစဉ်လွှဲပြောင်းသုံးစွဲတဲ့နေရာမှာ သုံးစွဲရတဲ့အကြောင်းအရင်းကတော့ ဈေးပြိုင်တင်ဒါ ခေါ်ယူပြီးတော့ ပိုလျှံလာတဲ့ ရန်ပုံငွေများကို သက်ဆိုင်ရာဌာနမှ အခြားလုပ်ငန်းတစ်ခု ထပ်မံ ဆောင်ရွက်ခြင်း၊ ရာသီဥတု၊ နယ်မြေအခြေအနေများကြောင့် ဆောင်ရွက်ရန် မသင့်ခြင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လုပ်ငန်းများကို တိုက်ရိုက်လာရောက် ဆောင်ရွက်ခြင်းများ ကြောင့် အဲဒီလုပ်ငန်းကနေ ပိုလျှံတဲ့ ဘဏ္ဍာရန်ပုံငွေတွေကို အခြားလုပ်ငန်းသို့ လွှဲပြောင်းသုံးစွဲ ရခြင်းပဲ ဖြစ်ပါတယ်။

ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်တဲ့ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ရုံးသုံး စက်ကိရိယာ၊ ပရိဘောဂ၊ ယာဉ်များ ဝယ်ယူခြင်းတို့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်း ထားတဲ့ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီနဲ့ ပစ္စည်းဝယ်ယူရေးကော်မတီဖွဲ့စည်း ပြီးတော့ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ နောက် ဆက်လက်ပြီး သီးသန့်ရန်ပုံငွေကိစ္စကို ဆက်လက်တင်ပြပါမယ်။

၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေမှာ သီးသန့်ရန်ပုံငွေနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့၏ သီးသန့်ရန်ပုံငွေမှ သုံးစွဲခွင့်ရရှိခဲ့ပါတယ်။ သီးသန့်ရန်ပုံငွေ သုံးစွဲခြင်းနှင့်စပ်လျဉ်းပြီးတော့ သတ်မှတ်ချက်စည်းကမ်းတွေ ရှိပါတယ်။ ကြိုတင်မမျှော်မှန်းနိုင် တဲ့ဘေးအန္တရာယ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊ ဥပမာ- “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ကနေ မေးမြန်းတဲ့မေးခွန်းတွင် ရှမ်းပြည်နယ်အစိုးရကနေ သီးသန့်ရန်ပုံငွေကို ပြည်ထောင်စုကို တင်ပြတောင်းခံပြီးတော့ သုံးစွဲခွင့်ရရှိတဲ့ အနေအထားဖြစ်ပါတယ်။ နောက် ဘဏ္ဍာရေးနှစ် အတွင်းမှာ မသုံးစွဲလျှင်မဖြစ်တဲ့ အထူးကိစ္စရပ်များဖြစ်ရမှာ ဖြစ်ပါတယ်။ နောက် တစ်ခုက တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်း ကျခံရန်အတွက် ရန်ပုံငွေမရှိခြင်းတို့ ဖြစ်ပါတယ်။ BE မှာလည်း မပါဘူး၊ RE မှာလည်းမပါတဲ့ ကိစ္စရပ်မျိုး ဖြစ်ပါတယ်။ နောက် အမှတ်စဉ် (၄)ကတော့ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စု အဖွဲ့ဟာ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲတဲ့ ကိစ္စရပ်များကို ကိစ္စရပ်တစ်ရပ်ချင်း ကျိုးကြောင်း ဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြရမယ်လို့ ဖော်ပြပါရှိပါတယ်။ သီးသန့်ရန်ပုံငွေနဲ့ ဆောင်ရွက်တဲ့လုပ်ငန်းများ ၂၀၁၄ - ၂၀၁၅ မှာ အားလုံးစုစုပေါင်း (၆)ခု၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ကနေ တင်ပြတောင်းခံတဲ့အတွက် (၆)ခု ရရှိကြောင်း တင်ပြအပ်ပါတယ်။

အမှတ်စဉ်(၁)မှာ တာချီလိတ်ခရိုင်၊ တာလေမြို့၊ နားယောင်းကျေးရွာအုပ်စု၊ တာကြန့် ကျေးရွာအနီး၊ နမ့်လင်းချောင်း ရေစီးရေလာကောင်းမွန်ရေး၊ သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဖြစ်ပါ တယ်။ အကောင်အထည်ဖော်ပေးတာကတော့ ဆည်မြောင်းဦးစီးဌာန ဖြစ်ပါတယ်။ စုစုပေါင်း (၁၅)သန်း ဖြစ်ပါတယ်။ ပြီးစီးသွားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အမှတ်စဉ် (၂)ကတော့ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်၊ ပန်းတိမ်တောင်ရပ်ကွက်၊ ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်း ဖြစ်ပါတယ်။ ကျပ်သန်းပေါင်း (၂၂၇.၉၀၀)သန်း သုံးစွဲခွင့်ပြုခဲ့ပါတယ်။ အကောင်အထည်ဖော် ပေးတဲ့ဌာနကတော့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖြစ်ပါ တယ်။ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ဆဲဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အမှတ်စဉ်(၃)ကတော့ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့နယ်၊ နမ့်စောင်းငေါင်း ချောင်း ပေအရှည် (၅၀၀၀) ရေစီးရေလာကောင်းမွန်ရေးအတွက် ကျောက်စီမြေထိန်းနံရံ စုစုပေါင်း (၁၆၅၀)ပေ ဆောင်ရွက်ရန်နှင့် သစ်ပင်ခြုံနွယ်ရှင်းလင်းခြင်း အလျားပေ (၁၇၀၀)၊ ရေတားတမံ အလျားပေ (၆၀)ကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပြီးရရှိတဲ့ ဘတ်ဂျက်ကတော့ (၁၄၉)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အမှတ်စဉ်(၄)ကတော့ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၊ နမ့်ဆောင်ချောင်း ကမ်းပါး တစ်လျှောက် မြေထိန်းနံရံတည်ဆောက်ရန်အတွက် ခန့်မှန်းခြေကုန်ကျငွေ ကျပ်သန်းပေါင်း (၉၈၈)သန်းအနက် (၅၀)% ကို ခွင့်ပြုရန်ပုံငွေ ရရှိပါတယ်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းဖြိုး ကနေ ဆောင်ရွက်လျက်ရှိပါတယ်။ အမှတ်စဉ် (၅)(က) ကတော့ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်၊ ပန်ဆိုင်း(ကြူကုတ်)မြို့အတွင်းမှာ တံတား(၂)စင်း ဖြစ်ပါတယ်။ ကျပ်သန်းပေါင်း (၁၁၉.၂၀၀) ဖြစ်ပါတယ်။ သို့သော်လည်း ဒီလုပ်ငန်းတွေကို လက်ရှိ နတလကနေ လုပ်ငန်းဆောင်ရွက်နေပြီ ဖြစ်တဲ့အတွက် လုပ်ငန်းထပ်နေတဲ့အတွက် သန်း(၁၁၉.၂၀၀)သန်းကို ပြည်ထောင်စုကို ပြန်လည်အပ်နှံပေးရမှာ ဖြစ်ပါတယ်။ ငွေကို လွှဲပြောင်းသုံးစွဲခွင့် မရှိပါကြောင်း တင်ပြအပ် ပါတယ်။

အမှတ်စဉ် (၅)(ခ)ကတော့ လားရှိုးမြို့နယ်၊ နားကွမ်းလုံကျေးရွာအုပ်စု၊ ကုန်းဆာ ကျေးရွာအဝင် နမ့်ယော်ချောင်းကူးတံတား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ပေးမှာ ဖြစ်ပါတယ်။ ကျပ်သန်း (၂၀၀.၄၆၀)သန်း ဖြစ်ပါတယ်။ စုစုပေါင်း (၃၁၉.၆၆)သန်း အနက် (၁၁၉.၂၀၀)သန်း ကို ပြန်လည်အပ်နှံဖို့ ပြည်ထောင်စုကိုလည်း တင်ပြပြီးကြောင်း တင်ပြအပ်ပါတယ်။ အမှတ်စဉ် (၆)ကတော့ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၊ မော်ဟွေ့ကျေးရွာအုပ်စု၊ နမ့်တိမ်ချောင်း ရေတိုက်စားမှု ကာကွယ်ရန်နှင့် နမ့်တိမ်ချောင်းရိုးအဝမှာ (၃)တန်းသွား မျှောတိုင်တန်း ကျောက်ဖြည့်ရေကာ အလျား(၇၀၀)မီတာ ဆောက်လုပ်ရန် ဖြစ်ပါတယ်။ ဒါကိုလည်း မြစ်ချောင်းဖြိုးကနေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျပ်သန်းပေါင်း (၂၀၀)ဖြစ်ပါတယ်။ စုစုပေါင်း သီးသန့် ရန်ပုံငွေကနေ ကျပ်သန်းပေါင်း (၁၄၀၅.၅၆၀)သန်း သုံးစွဲလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ပိုလျှံငွေများ ပြန်လည်အပ်နှံခြင်းကို ဆက်လက်တင်ပြပေးသွားမှာ ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာရန်ပုံငွေအရအသုံးဆိုင်ရာဥပဒေနှင့် ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေများအရ ရှမ်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာပါဝင်တဲ့ ဌာနဆိုင်ရာများဟာ မိမိတို့အား ခွင့်ပြုထားတဲ့ အသုံးစရိတ်ရန်ပုံငွေစာရင်းကို အချိန်မီ သုံးစွဲနိုင်ခြင်းမရှိတဲ့အတွက် ဖြစ်ပေါ်လာတဲ့ ပိုလျှံငွေ

စာရင်းကို ရှမ်းပြည်နယ်ရဲ့ အထွေထွေပိုလျှံငွေစာရင်းသို့ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ် မကုန်ဆုံးမီ ပြန်လည်အပ်နှံရမှာ ဖြစ်ပါတယ်။ ဒါကလည်း စာရင်းစစ်ချုပ်ကြီးကနေ ပြန်အပ်ထားတဲ့အကြောင်း ပြီးခဲ့တဲ့ ၂၀၁၃-၂၀၁၄ အနေအထားကိုလည်း ရှင်းလင်းတင်ပြသွားပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်ရဲ့ ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်တွေကို ရှမ်းပြည်နယ်လွှတ်တော်သို့ တင်ပြအစီရင်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)ကို ရပ်နားပါမယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့) ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၂၄ ရက် (အင်္ဂါနေ့) နံနက် (၁၀)နာရီ အချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်**

**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**

**(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**(ဒုတိယနေ့)မှတ်တမ်း**

**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်**

**၂၀၁၅ ခုနှစ်၊ မတ်လ ၂၄ ရက်**

**[အင်္ဂါနေ့]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်ကို နံနက်(၁၀:၀၀)နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးစိုင်းသော်ဝင်း၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် လွှတ်တော်ရုံး၊ လွှတ်တော်ရုံးအကြီးအကဲက ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)အား ဆက်လက်ကျင်းပ ပြုလုပ်မည်ဖြစ်ပါသောကြောင့် လွှတ်တော်ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၂)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေ (၁၃၉)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၀၉)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၇၈.၄၂) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့ အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်များကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယခုခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ။** အားလုံးမင်္ဂလာပါ။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

(ဒုတိယနေ့) တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းညွန့်ဝင်း ဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ အကြောင်းအမျိုးမျိုးနဲ့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အောက်ပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း (၃)ဦးအား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရသည့်အတွက် ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြလာမှုအပေါ်တွင် ခွင့်ယူသူအားလုံးရဲ့ ကိုယ်စားအဖြစ် တင်ပြတောင်းခံအပ်ပါတယ်-

(၁) ဗိုလ်မှူးဇော်လင်းထွေး၊ တပ်မတော်သား ကိုယ်စားလှယ်၊ ခွင့်(၁)ရက်

(၂) ဦးစိုင်းသန်းမောင်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ခွင့်(၃)ရက်

(၃) ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ခွင့်(၁)ရက်

ဒုတိယနေ့မှာ ခွင့်ထပ်မံ လျှောက်ထားသူ (၃)ဦးရှိကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၃၉)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး၊ စုစုပေါင်း ခွင့်ပြုထားသူ (၃၀)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်

အစည်းအဝေး (ဒုတိယနေ့) တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါ တယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်(၇)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်မှ တာဝန်ရှိပုဂ္ဂိုလ်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြက ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မြ၊ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း လေးစားဂါရဝပြုပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကျွန်တော်ကတော့ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား- ယခု ကျွန်တော်မေးမယ့် မေးခွန်းကတော့ စည်ပင်မှ ဘူတာရပ်ကွက် အတွင်း တရားဝင် ခင်းပေးရမယ့် ရှမ်းကုန်းလမ်းအစား တရားမဝင်တဲ့ လမ်းကို လွှဲစီမံခဲ့သည့် ကိစ္စနှင့်ပတ်သက်ပြီး မေးမြန်းဖို့ ဒသမအကြိမ် အစည်းအဝေးမှာ ပေးပို့ခဲ့တဲ့ မေးခွန်းပဲ ဖြစ်ပါ

တယ်။ ဒီကိစ္စဟာ စည်ပင်သာယာရေး ဥပဒေအသစ် မထွက်ခင် စည်ပင်သာယာကော်မတီ မပေါ်ပေါက်ခင် စပ်ကူးမတ်ကူးကာလမှ ဆောင်ရွက်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ စည်ပင်သာယာ အမှုဆောင်အရာရှိအနေနဲ့ ရှေ့ကအလွှဲစီမံဆောင်ရွက်တဲ့ကိစ္စကို ရိုးသားကြိုးစားမှုရှိတဲ့နောက် စည်ပင်အရာရှိရဲ့ ခေါင်းပေါ်ကို ပုံချလိုက်တာမျိုး မဖြစ်စေလိုပါဘူး။ နောက်တစ်ချက်ကတော့ စည်ပင်သာယာရေးကော်မတီအနေနဲ့လည်း အကျေညှိနှိုင်းထားပြီး ဖြစ်တဲ့အတွက် ဒီမေးခွန်း ကို ရုပ်သိမ်းပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးကျော်မြမှ ဒုတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မြ၊ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ကျွန်တော့်အနေနဲ့ ဆက်သွယ်ရေး အရန်ဆက်ကြောင်း တစ်ကြောင်း ဆောင်ရွက်ပေးမှုနဲ့ ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ နောင်ချိုမြို့နယ်မှာ မြန်မာ့ဆက်သွယ် ရေးလုပ်ငန်းမှ မိုဘိုင်းဖုန်းများနှင့် ကြိုးဖုန်းများအတွက် မြို့ပေါ်မှာ တာဝါတိုင်(၂)ခု၊ ဟုမ္မတီး ကျေးရွာမှာ တာဝါတိုင်(၁)ခု တည်ဆောက်ထားပြီး တပ်မတော်က Fiber Optic လိုင်းချိတ် ဆက်အသုံးပြုဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ နောင်ချိုမြို့နယ်မှာ တပ်မတော်ရဲ့ Fiber Optic လိုင်းတပ်လျှင် အရန်ဆက်ကြောင်းတစ်ကြောင်း မရှိတဲ့အတွက် တပ်နေစဉ်ကာလမှာ ဆက်သွယ်ရေး တစ်ခုလုံး ရပ်ဆိုင်းသွားလေ့ ရှိပါတယ်။ Fiber Optic လိုင်းဟာ တပ်မတော် ပိုင်လိုင်းဖြစ်တဲ့အတွက် လိုင်းပြတ်လျှင် အထက်အဆင့်ဆင့်ထိ တင်ပြပြီး တပ်မတော်မှ အင်ဂျင်နီယာများ လာရောက်ပြင်ဆင်ပေးမှသာ အဆက်အသွယ်ပြန်လည် ရရှိပါတယ်။ နောင်ချိုမြို့မှာ ပြီးခဲ့တဲ့ ဩဂုတ်လကတည်းက ကျောက်မဲမြို့နယ်၊ ညောင်ပင်ကျေးရွာအနီး မြန်မာ- တရုတ်ရေနံပိုက်လိုင်းဖြတ်တဲ့ ကားလမ်းအောက်မှာ Fiber Optic လိုင်းအချို့ချို့ယွင်း သွားတဲ့အတွက် ၆- ၈- ၂၀၁၄ မှ ၁၀- ၈- ၂၀၁၄ ရက်နေ့ထိ ၅ ရက်ကြာ ဆက်သွယ်ရေး ရပ်ဆိုင်းသွားခဲ့ရပါတယ်။ အလားတူ ၂၀၁၂ ခုနှစ် ကလည်း (၁)ကြိမ်နဲ့ တစ်ကြိမ်နဲ့တစ်ကြိမ် (၉)ရက်တစ်ကြိမ် ဆက်သွယ်မှုပြတ်တောက်ခဲ့ဖူးပါတယ်။ အခုလို ဖုန်းသုံးစွဲသူ များပြားလှတဲ့ ခေတ်မှာ နာရီအကြာကြီး ဆက်သွယ်မှု ရပ်ဆိုင်းနေရတာဟာ ပြည်သူများဘက်က နစ်နာဆုံးရှုံး မှုရှိပါတယ်။ နောင်ချိုမြို့မှာ လက်ရှိ တပ်မတော်ပိုင် ဆက်ကြောင်းအပြင် အရန်ဆက်ကြောင်း တစ်ခုရှိမည်ဆိုရင် နာရီပိုင်းအတွင်း အဆက်အသွယ်များ ပြန်လည်ရရှိမှာ ဖြစ်ပါတယ်။ နောင်ချိုမြို့နယ်အတွက် ဆက်သွယ်ရေး အဆင်ပြေစေရန် လက်ရှိတပ်မတော်ပိုင် Fiber Optic ဆက်ကြောင်းအပြင် အရန်ဆက်ကြောင်း တစ်ကြောင်းရရှိအောင် စီစဉ်ဆောင်ရွက်ပေးနိုင်ပါ မည်လား။ အရန်ဆက်ကြောင်းတစ်ကြောင်း ဆက်သွယ်ပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်ပါမည်ကို လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီး အောင်သူ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ဦးကျော်မြရဲ့ နောင်ချိုမြို့နယ်အတွက် ဆက်သွယ်ရေးအဆင်ပြေစေရန် လက်ရှိ တပ်မတော်ပိုင် Fiber Optic ဆက်ကြောင်းအပြင် အရန်ဆက်ကြောင်းတစ်ကြောင်းရရှိအောင် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ အရန်ဆက်ကြောင်းတစ်ကြောင်း ဆက်သွယ်ပေးမည်ဆိုပါက မည်သည့်ကာလတွင် စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူက ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

နောင်ချိုမြို့နယ်တွင် ဆက်သွယ်ရေးအဆင်ပြေစေရန် လက်ရှိ တပ်မတော်ပိုင် Fiber Optic ဆက်ကြောင်းအပြင် အရန်ဆက်ကြောင်းတစ်ကြောင်း Micro Link ဖြင့် တပ်ဆင်ဆောင်ရွက်ပေးရန် လောလောဆယ် အစီအစဉ် မရှိသေးကြောင်း ဖြေကြားအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ကျွန်တော် တစ်ဆက်တည်း ရှင်းလင်းတင်ပြလိုတာကတော့ မိုဘိုင်းတန်ဖိုးများအနေနဲ့ ပတ်သက်ပြီး MPT အပါအဝင် Telenor ၊ Ooredoo ကုမ္ပဏီများကို ပုဂ္ဂလိက ကဏ္ဍအဖြစ် ဆောင်ရွက်နေခြင်းဖြစ်သလို ပုဂ္ဂလိကကုမ္ပဏီများ အစီအစဉ်ဖြင့် ကိုယ်ပိုင်ဆက်ကြောင်းများရရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လောလောဆယ် Telenor မှ တောင်ကြီးမှ တာချီလိတ် ဆက်ကြောင်းများ ခင်းကျင်းနေကြောင်းနှင့် တောင်ကြီးမှ လွိုင်ကော်၊ ရှမ်းပြည်နယ်၊ မန္တလေးကနေ ရှမ်းပြည်နယ်မြောက်ပိုင်းသို့လည်း Fiber Optic များခင်းရန် စီစဉ်နေတယ်လို့ ကြားသိရကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမိုင်းအုဏ်းခိုင်က ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမိုင်းအုဏ်းခိုင်၊ မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်း ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား- ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ်ဟာ မြေပြန့်၊ မြေလတ်၊ ကုန်းမြင့်ဒေသများဖြစ်ပြီး တည်ရှိနေသလို တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်လျက်ရှိတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ရှေးအစဉ်အဆက်ကတည်းက စုပေါင်းနေထိုင်တဲ့ ပြည်ထောင်စု ပြည်နယ်တစ်ခုလည်း ဖြစ်ပါတယ်။ နယ်မြေဒေသအခြေအနေ အနေအထားအမျိုးမျိုး ရှိနေတာကြောင့် ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေတဲ့ နေရာဒေသများစွာလည်းရှိပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုရရှိလာစေဖို့ရာမှာ ပညာရေးသည် အဓိကဖြစ်ပါတယ်။ ဒီကနေ့မှာ ဒေသခံတိုင်းရင်းသား ပြည်သူများရဲ့ အနာဂတ် ကလေးသူငယ်များဟာ ပညာရည်နို့ရည် ချို့တဲ့စွာ ဘဝရပ်တည်၍ နေကြရပါတယ်။ ဒီကနေ့မှာ နိုင်ငံတော်ကလည်း ပညာရေးတိုးမြှင့် လုပ်ဆောင်နေပြီလို့လဲ သိမြင်တွေ့ရှိရပြီ ဖြစ်ပါတယ်။ ကျွန်တော်တင်ပြရမယ်ဆိုရင် အခြေခံပညာမူလတန်းကျောင်း ဖွင့်လှစ်နိုင်ခြင်းမရှိသေးတဲ့ ဒေသခံတအာင်းပလောင်ကျေးရွာများအား စာသင်ကျောင်း ဖွင့်လှစ်ပေးနိုင်ဖို့ မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်၊ မည်ကဲ့သို့ ဆောင်ရွက်ပေးနေပြီကို သိရှိလိုပါကြောင်း မေးခွန်းမေးမြန်း တင်ပြခြင်းဖြစ်ပါတယ်။ တောင်တန်းသာသနာပြု ရဟန်းသံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကနေ ၁၂. ၂. ၂၀၁၅ ရက်နေ့ စာသင်ကျောင်း ဖွင့်လှစ်နိုင်ရေးအတွက် တင်ပြစာဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြထားကြောင်း သိရှိရပါတယ်။ ကျောင်းဖွင့်လှစ်နိုင်ခြင်းမရှိသေးတဲ့ မြို့နယ်များမှာ-

(၁) မိုင်းရယ်မြို့နယ်၊ ကျေးရွာ(၁၀)ရွာ၊ ကျောင်းနေနိုင်တဲ့ ကျောင်းသားဦးရေ (၆၃၉)ဦး

(၂) ကွတ်ခိုင်မြို့နယ်၊ ကျေးရွာ(၆၇)ရွာ၊ ကျောင်းနေနိုင်တဲ့ ကျောင်းသားဦးရေ (၄၀၆၅)ဦး

(၃) သီပေါမြို့နယ်၊ ကျေးရွာ(၃)ရွာ၊ ကျောင်းနေနိုင်တဲ့ ကျောင်းသားဦးရေ (၁၁၈)ဦး

(၄) မူဆယ်မြို့နယ်၊ ကျေးရွာ(၆)ရွာ၊ ကျောင်းနေနိုင်တဲ့ ကျောင်းသားဦးရေ (၄၈၆)ဦး

(၅) ကျောက်မဲမြို့နယ်၊ မိုင်းငေါ့မြို့နယ်ခွဲ၊ ကျေးရွာ(၂၀)ရွာ၊ ကျောင်းနေနိုင်တဲ့ ကျောင်းသားဦးရေ (၁၁၇၃)ဦး

(၆) နမ့်ခမ်းမြို့နယ်၊ ကျေးရွာ(၄)ရွာ၊ ကျောင်းနေနိုင်တဲ့ ကျောင်းသားဦးရေ (၃၂၂)ဦး

(၇) နမ္မတူမြို့နယ်၊ ကျေးရွာ(၃)ရွာ၊ ကျောင်းနေနိုင်တဲ့ ကျောင်းသားဦးရေ (၃၉၄)ဦး

(၈) လားရှိုးမြို့နယ်၊ ကျေးရွာ(၁၉)ရွာ၊ ကျောင်းနေနိုင်တဲ့ ကျောင်းသားဦးရေ (၁၂၄၀)ဦး

(၉) တန့်ယန်းမြို့နယ်၊ ကျေးရွာ(၉)ရွာ၊ ကျောင်းနေနိုင်တဲ့ ကျောင်းသားဦးရေ (၉၃၇)ဦး

စုစုပေါင်း (၉)မြို့နယ်၊ ကျေးရွာပေါင်း (၁၄၄)ရွာ၊ ကျောင်းနေနိုင်တဲ့ ကျောင်းသားဦးရေ (၉၃၇၄)ဦး ဖြစ်ပါတယ်။ အဆိုပါတင်ပြချက်ကို ဒေသခံတောင်တန်းသာသနာပြု ရဟန်းသံဃာတော်များနှင့် ဒေသခံ ပြည်သူတို့ကလည်း အားကိုးယုံကြည်စွာ စောင့်မျှော်နေပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့် ၎င်းတို့ တင်ပြထားရှိတဲ့ အခြေခံပညာမူလတန်းကျောင်းများ ဖွင့်လှစ်နိုင်ခြင်းမရှိသော ကျေးရွာများအား စာသင်ကျောင်းများ ဖွင့်လှစ်ပေးနိုင်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ ပြည်နယ်လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမိုင်းအုဏ်းခိုင်ရဲ့ တောင်တန်းသာသနာပြု ရဟန်းသံဃာများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများက ၁၂. ၂. ၂၀၁၅ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရထံ စာသင်ကျောင်း ဖွင့်လှစ်နိုင်ရေးအတွက် တင်ပြထားသည့် ဖော်ပြပါမြို့နယ် (၉)မြို့နယ်တွင် စာသင်ကျောင်း ဖွင့်လှစ်ပေးနိုင်ခြင်းမရှိသေးသော ကျေးရွာများကို စာသင်ကျောင်းဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးမှာ ဖြစ်ပါတယ်။ စာသင်ကျောင်း ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးသော ကျေးရွာများကို စာသင်ကျောင်းဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ပတ်သက်၍ ဖော်ပြပါမြို့နယ်(၉) နယ်သည် မိုင်းရယ်မြို့နယ်မှာ ရပ်ကွက်/ ကျေးရွာ (၂၄၃)ရှိပြီးတော့ စာသင်ကျောင်းဖွင့်လှစ်ထားသည့် ရပ်ကွက်/ ကျေးရွာ (၆၉)ခု ရှိပါတယ်။ ကျောင်းပေါင်း (၇၀) ဖွင့်လှစ်ထားပါတယ်။ ကျောင်းမရှိသည့် ကျေးရွာ (၁၇၆)ခု ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကွတ်ခိုင်မြို့နယ်မှာ ရပ်ကွက်/ ကျေးရွာ (၄၆၈)ရှိပြီးတော့ စာသင်ကျောင်းဖွင့်လှစ်ထားသည့် ရပ်ကွက်/ ကျေးရွာ (၁၄၆)မှာ ကျောင်းပေါင်း (၁၆၄) ဖွင့်လှစ်ထားရှိပြီး ကျောင်းမရှိသည့် ကျေးရွာပေါင်း(၁၂၂)ခု ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

သီပေါမြို့နယ်မှာ ရပ်ကွက်/ ကျေးရွာ (၄၇၇)ရှိပြီးတော့ စာသင်ကျောင်းဖွင့်လှစ်ထားသည့် ရပ်ကွက်/ ကျေးရွာ (၁၈၃)ရှိပြီး ကျောင်းပေါင်း (၁၈၃) ကျောင်း ဖွင့်လှစ်ထားရှိပါတယ်။ ကျောင်းမရှိသည့် ရပ်ကွက်/ ကျေးရွာပေါင်း (၂၉၄)ခု ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ မူဆယ်မြို့နယ်မှာ ရပ်ကွက်/ ကျေးရွာပေါင်း (၃၀၄)ရှိပြီးတော့ စာသင်ကျောင်းဖွင့်လှစ်ထားသည့် ရပ်ကွက်/ ကျေးရွာ (၈၈)ရှိပြီး ကျောင်းပေါင်း (၉၃)ကျောင်း ဖွင့်လှစ်ထားရှိပြီး ကျောင်းမရှိသည့် ကျေးရွာပေါင်း(၂၁၆)ခု ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကျောက်မဲမြို့နယ်၊ မိုင်းငေါ့မြို့နယ်ခွဲမှာ ရပ်ကွက်/ ကျေးရွာ (၇၅)ရှိပြီးတော့ စာသင်ကျောင်းဖွင့်လှစ်ထားသည့် ရပ်ကွက်/ ကျေးရွာ (၆၀)မှာ ကျောင်းပေါင်း (၆၀) ဖွင့်လှစ်ထားရှိပြီး ကျောင်းမရှိသည့် ကျေးရွာပေါင်း(၁၅)ခု ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ နမ့်ခမ်းမြို့နယ်မှာ ရပ်ကွက်/ ကျေးရွာ (၁၈၈)ရှိပြီးတော့ စာသင်ကျောင်းဖွင့်လှစ်ထားသည့် ရပ်ကွက်/ ကျေးရွာ (၁၁၇)မှာ ကျောင်းပေါင်း (၁၁၇)ရွာ ဖွင့်လှစ်ထားရှိပြီး ကျောင်းမရှိသည့် ကျေးရွာ (၇၁)ရွာ ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ နမ္မတူမြို့နယ်မှာ ရပ်ကွက်/ ကျေးရွာ (၁၅၆)ရှိပြီးတော့ စာသင်ကျောင်းဖွင့်လှစ်ထားသည့် ရပ်ကွက်/ ကျေးရွာ (၆၆)မှာ ကျောင်းပေါင်း (၇၅) ဖွင့်လှစ်ထားရှိပြီး ကျောင်းမရှိသည့် ကျေးရွာပေါင်း (၉၀)ခု ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ လားရှိုးမြို့နယ်မှာ ရပ်ကွက်/ ကျေးရွာ (၅၀၂)ရှိပြီးတော့ စာသင်ကျောင်းဖွင့်လှစ်ထားသည့် ရပ်ကွက်/ ကျေးရွာ (၁၂၈)မှာ ကျောင်းပေါင်း (၁၅၅) ဖွင့်လှစ်ထားရှိပြီး ကျောင်းမရှိသည့် ကျေးရွာပေါင်း(၃၇၄)ခု ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ တန့်ယန်းမြို့နယ်မှာ ရပ်ကွက်/ ကျေးရွာ (၆၁၁)ရှိပြီးတော့ စာသင်ကျောင်းဖွင့်လှစ်ထားသည့် ရပ်ကွက်/ ကျေးရွာ (၁၁၁)မှာ ကျောင်းပေါင်း (၁၁၇) ဖွင့်လှစ်ထားရှိပြီး ကျောင်းမရှိသည့် ကျေးရွာပေါင်း(၅၀၀)ရွာ ရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

စာသင်ကျောင်း ဖွင့်လှစ်နိုင်ခြင်း မရှိသေးသည့် ကျေးရွာများကို စာသင်ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ပတ်သက်၍ ဖော်ပြပါ မြို့နယ်(၉)မြို့နယ်သည် ကျောင်းသားဦးရေနှင့် ကျေးရွာအရေအတွက်သာ ပါရှိပြီး ကျေးရွာအမည်များ မပါရှိသည့်အတွက် ကျောင်းအဆင့်တိုး တင်ပြရာ ၎င်းကျေးရွာများ၏ အမည်၊ ကျောင်းသားဦးရေ ပါရှိသည့်အတွက် အတန်းလိုက် ကျောင်းသားဦးရေ၊ ပင်မကျောင်းနှင့် အကွာအဝေးမိုင်၊ ကျောင်းမြေအကျယ်အဝန်း၊ စာသင်ခန်း ပရိဘောဂ ပြည့်စုံမှု ရှိ/ မရှိ၊ မိဘပြည်သူများမှ ကူညီပံ့ပိုးမှု ရှိ/ မရှိနှင့် ကိုယ့်အားကိုယ်ကိုးအဖြစ် ဖွင့်လှစ်နေပါက ဖွင့်လှစ်သည့် သက်တမ်းတို့ပါရှိသည့် အချက်အလက်များကို (Oneline) စာရင်းပြုစု တင်ပြရမည် ဖြစ်ပါသည်။ ကျေးရွာအမည် မပါရှိသည့်အတွက် စာသင်ကျောင်းဖွင့်လှစ်ရန်အတွက် ဆက်လက်တင်ပြနိုင်ခြင်း မရှိသေးပါ။ ကျေးရွာအမည်များ သိရှိရပါက အနီးစပ်ဆုံး ပညာသင်နှစ် ကျောင်းအဆင့်တိုး ဆောင်ရွက်ချိန်တွင်

မြို့နယ်များမှ အချိန်မီ တင်ပြနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဦးမိုင်းအုဏ်းခိုင်က ဒုတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမိုင်းအုဏ်းခိုင်၊ မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်း ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌ ခင်ဗျား- မန်တုံမြို့နယ်ဟာ ၁၉၉၄ ခုနှစ်ကမှ ကျေးရွာအုပ်စုအဆင့်ကနေ မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးပြီး မြို့နယ်တစ်ခုအဖြစ်ဖွဲ့စည်းပေးခဲ့ပါတယ်။ ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသတစ်ခုဖြစ်တာကြောင့် ဖွံ့ဖြိုးမှုနောက်ကျ ကျန်ရစ်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခဲ့ရပါတယ်။ ယခု အစိုးရသစ်လက်ထက်မှာ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေ ချောမွေ့လာပြီဖြစ်တဲ့အတွက် ဖွံ့ဖြိုးမှု အတန်အသင့် ရရှိလာပြီလို့ ဆိုနိုင်ပါတယ်။ သို့သော်လည်းဘဲ မြို့နယ်စည်ပင်သာယာရေးအပိုင်းမှာ ရရှိတဲ့ စည်ပင်သာယာရေး အခွန်ငွေဟာ ဝန်ထမ်းလစာကိုပင် ဖြေရှင်းပေးနိုင်ခြင်း မရှိသေးပါ။ မြို့အင်္ဂါရပ်အဆင့်မှာ လိုအပ်လျက်ရှိတဲ့ ဈေးလည်းမရှိသေးပါ။ ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အနေနဲ့လည်း လုပ်ဆောင်ပေးနိုင်တဲ့ အနေအထားမရှိသေးပါ။ မန်တုံမြို့မှာ ဈေးတည်ဆောက်ပေးနိုင်မည်ဆိုရင် စည်ပင်သာယာရေးအခွန်ဝင်ငွေအနေနဲ့ ပိုမိုရရှိလာပြီး ဒေသခံပြည်သူများ အနေနဲ့လည်း ရောင်းဝယ်ဖောက်ကားမှုနှင့် အလုပ်အကိုင်ရရှိရေးကို အထောက်အကူပြုပေးနိုင်မည့်အနေအထား ပိုမိုရရှိလာမည်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မန်တုံမြို့တွင် ဈေးတည်ဆောက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အနေဖြင့် မည်ကဲ့သို့ ပံ့ပိုးကူညီလုပ်ဆောင်ပေးနိုင်မည်ကို သိရှိလိုပါကြောင်းနှင့် ပံ့ပိုးကူညီပေးနိုင်ပါရန် မေးမြန်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဂါရဝရှေ့ထားပြီး နှုတ်ခွန်းဆက်သအပ်ပါတယ်။ မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးမိုင်းအုဏ်းခိုင်ရဲ့ မေးမြန်းထားတဲ့ မန်တုံမြို့တွင် ဈေးတည်ဆောက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးကူညီ

လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/ မရှိ ဆိုတဲ့ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းမှ ပြန်လည်ဖြေကြားပေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား- မန်တုံမြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရန် လိုအပ်လျက်ရှိသော ဈေးတည်ဆောက်ရေးအတွက် မြို့၏လိုအပ်ချက် အခြေအနေများနှင့် ကိုက်ညီသော ဈေးဆောက်လုပ်ရေးစီမံချက်ကို မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ရေးဆွဲပြီး ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီသို့ တင်ပြရန်ဖြစ်ပါသည်။ ထိုသို့တင်ပြသည့် စီမံချက်တွင် အောက်ပါအချက်အလက်များ ပါရှိရန် လိုအပ်ပါသည်-

(က) ဈေးတည်ဆောက်နိုင်ရေးအတွက် အသေးစိတ်တွက်ချက်မှုစာရင်း

(ခ) ဆောက်လုပ်မည့်ဈေးရုံ၊ ဆိုင်ခန်းများ၏ နေရာပြမြေပုံ

(ဂ) ဈေးရုံ/ ဆိုင်ခန်းများ၏ အကွက်ချပုံ

(ဃ) ဆောက်လုပ်မည့် ဈေးရုံ/ ဆိုင်ခန်းအမျိုးအစား၊ အတိုင်းအတာ၊ အရေအတွက်၊ တစ်ခန်းကုန်ကျငွေနှင့် စုစုပေါင်း ကုန်ကျငွေစာရင်းချုပ်

(င) ဈေးရုံ/ ဆိုင်ခန်း ဆောက်လုပ်မည့် အစီရင်ခံစာ

(စ) မြေပိုင်ဆိုင်မှုအတွက် အထောက်အထား ခွင့်ပြုမိန့်များ

(ဆ) ဈေးရေရရှိရေး၊ ဖြန့်ဝေရေးပုံစံနှင့် ခန့်မှန်းတွက်ချက်မှုစာရင်း

(ဇ) မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် လျှပ်စစ်မီးသွယ်တန်းမည့် အစီအမံနှင့် ခန့်မှန်းတွက်ချက်မှုစာရင်း

၎င်းပြင် အောက်ဖော်ပြပါ လုပ်ငန်းကော်မတီအသီးသီး ဖွဲ့စည်းဆောင်ရွက်ရမည် ဖြစ်ပါသည်-

(က) ဈေးဆိုင်ခန်းများ ဆောက်လုပ်ရေး ကြီးကြပ်မှုကော်မတီ

(ခ) ဆောက်လုပ်ရေးကော်မတီ

(ဂ) ဘဏ္ဍာရေးကော်မတီ

(ဃ) လုပ်ငန်းပြီးစီးမှု စိစစ်ရေးကော်မတီ

(င) အရည်အသွေးစစ်ဆေးရေးကော်မတီ

ဈေးတည်ဆောက်ရေးအတွက် အောက်ပါနည်းလမ်းများအနက် သင့်လျော်ရာ နည်းလမ်းဖြင့် ရွေးချယ် ဆောင်ရွက်နိုင်ပါသည်-

(က) စည်ပင်သာယာရေးဌာနမှ နှစ်အလိုက် ရန်ပုံငွေလျာထား ဆောင်ရွက်ခြင်း၊

(ခ) ရန်ပုံငွေ လုံလောက်မှု မရှိပါက ပြည်နယ်အစိုးရထံသို့ ထောက်ပံ့ငွေများ တောင်းခံဆောင်ရွက်ခြင်း၊

(ဂ) ဈေးသူ/ ဈေးသားများမှ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆောင်ရွက်ခြင်း၊

(ဃ) ပြင်ပရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်/ ကုမ္ပဏီများအား တင်ဒါခေါ်ယူ၍ PPP စနစ်၊ BOT စနစ်ဖြင့် လုပ်ငန်းသဘောတူစာချုပ် (MOA)လက်မှတ်ရေးထိုးပြီး ဆောက်လုပ်ခြင်း၊

ဥက္ကဋ္ဌကြီးခင်ဗျား- ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဝင်ငွေနည်း/ ဝင်ငွေမရှိ/ ဝေးလံခေါင်ဖျားသော မြို့နယ်များသို့ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ရငွေစုစုပေါင်းမှ ဝင်ငွေများသော ကျပ်သိန်း (၁၀၀၀)အထက်မြို့များ၏ ရငွေမှ ချန်လှပ်ပြီး သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်များအား ဖြည့်တင်းခွဲဝေ လျာထားပေးလျက်ရှိပါသည်။ ထိုသို့လျာထားရာတွင် ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲသည့်မူအရ ငွေလုံးငွေရင်းလုပ်ငန်းများဖြစ်သော လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများဆိုင်ရာ မူများနှင့်အညီ ငွေလုံးငွေရင်းအသုံးစရိတ်အား (၁၅%)၊ သာမန်အသုံးစရိတ် (၄၀%) ဖြင့် ဖြည့်တင်းခွဲဝေပေးလျက်ရှိပါသည်။ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ ကွပ်ကဲမှုအောက်တွင် ငွေလုံးငွေရင်း အသုံးစရိတ် လျာထားနိုင်မှုမရှိသည့်အပြင် သာမန်အသုံးစရိတ်တွင် ဝန်ထမ်းလစာအသုံးစရိတ်ကိုပင် လုံလောက်မှုမရှိတဲ့ မြို့နယ်/ မြို့(၂၁)မြို့ရှိရာ ၎င်းမြို့နယ်များသို့ ငွေလုံးငွေရင်းအသုံးစရိတ်များကို (၄၅%)အထိ ဖြည့်တင်းခွဲဝေပေးလျက် ရှိပါသည်။ မန်တုံမြို့နယ်သည် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် လျာထားဝင်ငွေကျပ် (၃၀၃၄၄၀၀)ရှိ၍ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် လျာထားဝင်ငွေကျပ်(၃၁၉၀၀၀၀)သာ ရှိပါသဖြင့် သာမန်အသုံးစရိတ်အတွက် ကျပ် (၁၈၅၂၂၀၀၀)၊ ငွေလုံးငွေရင်းအသုံးစရိတ်အတွက် ကျပ် (၂၅၀၀၀၀၀)၊ စုစုပေါင်းကျပ် (၂၂၀၂၂၀၀၀)ကို ပြည်နယ်စည်ပင်သာယာရေးကော်မတီမှ ဖြည့်တင်းခွဲဝေလျာထားပေးခဲ့ပါသည်။ မန်တုံမြို့နယ် စည်ပင်သာယာရေးဌာနအနေဖြင့် ဝင်ငွေနည်းပါးမှုကြောင့် ဈေးဆောက်လုပ်ရေးအတွက် ဌာန၏ လျာထားငွေဖြင့် ဆောင်ရွက်နိုင်မှု မရှိပါ၍ ဈေးဆောက်လုပ်လိုသည့် မြို့သူ/ မြို့သားများမှ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆောင်ရွက်ခြင်း၊ ပြင်ပရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်/ ကုမ္ပဏီများ

အား တင်ဒါခေါ်ယူ၍ PPP (သို့မဟုတ်) BOT စနစ်များဖြင့် လုပ်ငန်းသဘောတူစာချုပ် (MOA) လက်မှတ်ရေးထိုး ဆောင်ရွက်ခြင်း စသည့်နည်းလမ်းများဖြင့် သင့်လျော်သလို ရွေးချယ် ဆောင်ရွက်နိုင်ပါသည်။

သို့ဖြစ်ပါ၍ မန်တုံမြို့နယ်တွင် ဈေးတည်ဆောက်နိုင်ရေးအတွက် မန်တုံမြို့နယ်စည်ပင်သာယာရေးဌာနအမည်ဖြင့် မြေနေရာ ရှာဖွေ၍ မြေပိုင်ဆိုင်မှုရရှိရေး ဦးစွာဆောင်ရွက်ထားရှိရန်နှင့် မြေနေရာရရှိပြီးပါက အထက်ပါ နည်းလမ်းတစ်ခုခုဖြင့် ဈေးဆောက်လုပ်ပေးနိုင်ရေး ပြည်နယ်စည်ပင်သာယာရေးကော်မတီမှ ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးစိုင်းလွင်မှ မေးခွန်း (၁ နှင့် ၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ ခင်ဗျား။ ဒီကနေ့အစည်းအဝေးကို တက်ရောက်လာတဲ့ လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းမေတ္တာပို့သအပ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ လင်းခေးမြို့နယ်က သိမ်းဆည်းခံ လယ်ယာမြေကိစ္စနှင့်ပတ်သက်ပြီးတော့ မေးခွန်း (၂)ခုကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းအနေနဲ့ လင်းခေးမြို့နယ်၊ မြို့ကွက်သစ်တိုးချဲ့ ဆောင်ရွက်ရန် သိမ်းဆည်းခဲ့သည့် စိုက်ပျိုးမြေများ ပြန်လည်လုပ်ကိုင်ခွင့်ရရှိရေး လျှောက်ထားမှုနှင့် ပတ်သက်ပြီးတော့မှ လက်ရှိအစိုးရလက်ထက်မှာ ပြီးပြတ်အောင် ဆောင်ရွက်ပေးမယ့် အခြေအနေကို သိရှိလိုတဲ့အတွက် မေးမြန်းတဲ့မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား- ယခင်အစိုးရလက်ထက်က လင်းခေးမြို့နယ်ဟာ ခရိုင်အဖြစ်သတ်မှတ်ခဲ့ပြီးတဲ့နောက် လိုအပ်လျက်ရှိတဲ့ ခရိုင်အဆင့်ဌာနရုံးများ၊ မြို့နယ်ရုံးများအတွက် နေရာချထားခြင်း သတ်မှတ်ဆောင်ရွက်ခဲ့တဲ့အပြင် လူနေအိမ်ကွက် (၁၂၀၀)ပါရှိတဲ့ မြို့ကွက် ဖော်ထုတ်ရန်အတွက် စုစုပေါင်း ဧက(၂၂၃.၄)ဧက စိုက်ပျိုးမြေများအပေါ်မှာ လျာထားသတ်မှတ်ခဲ့တဲ့ မြေသိမ်းဆည်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။ သိမ်းဆည်းရန် လျာထားခဲ့တဲ့ မြေကေများ အပေါ်မှာ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာရုံးများဆောက်လုပ်ပြီးတဲ့ အခြေအနေမှာ ကျွန်တော် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ စိုက်ပျိုးမြေများအပေါ် မြို့ကွက် ဖော်ထုတ်သတ်မှတ်ခြင်းသည် သင့်လျော်မှု မရှိသဖြင့်လည်းကောင်း၊ မြို့ကွက်ဖော်ထုတ်ရေးကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု မရှိသဖြင့် လည်းကောင်း၊ ယခင်အစိုးရ လက်ထက်က ဆောင်ရွက်ပြီးစီးခြင်း မရှိသည့် ရပ်ကွက်

တိုးချဲ့ဖွဲ့စည်းခြင်း၊ မြို့နယ်နိမိတ်တိုးချဲ့ပြင်ဆင် သတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းအမှုတွဲ တင်ပြချက်သည် အကျုံးမဝင်တော့သဖြင့် လည်းကောင်း စသည့်အချက်များပါဝင်တဲ့ အကြောင်းပြချက်များစွာနဲ့ စိုက်ပျိုးမြေများဟာ ယနေ့အထိ စိုက်ပျိုး ဆက်လက်လုပ်ကိုင်သူ တောင်သူများသို့ ပြန်လည်ပေးအပ်နိုင်ရေးကို သက်ဆိုင်ရာ ရှမ်းပြည်နယ်အဖွဲ့နဲ့ အထက် အဆင့်အဖွဲ့အစည်းများသို့ တင်ပြခဲ့ရာမှာ ၂၀၁၁ ခုနှစ်၊ ဇွန်လမှာ (၁)ကြိမ်၊ ၂၀၁၂ ခုနှစ်၊ ဩဂုတ် လမှာ (၁)ကြိမ်၊ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလမှာ (၁)ကြိမ် စုစုပေါင်း (၃)ကြိမ်တိုင်တိုင် တင်ပြခဲ့ တဲ့ ကိစ္စဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် တင်ပြပြီးတဲ့နောက်ပိုင်း မြို့ကွက်ချ ထားရေးကိစ္စနှင့် ပတ်သက်ပြီးတော့ စိုက်ပျိုးမြေများကို တောင်သူများ လက်ဝယ်သို့ ပြန်လည် ပေးအပ်နိုင်ရေးကိစ္စအတွက် လင်းခေးမြို့မှာရှိတဲ့ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများ၊ စီမံခန့်ခွဲရေးကော်မတီများ၊ ရပ်မိရပ်ဖများ၊ တောင်သူများတို့နှင့် တွေ့ဆုံညှိနှိုင်းမှု မကြာခဏ ပြုလုပ်ခဲ့ရပါတယ်။ ညှိနှိုင်းဆုံးဖြတ်ချက်များ အရ ဌာနဆိုင်ရာ ရုံးများအဖြစ် ဆောက်လုပ်ပြီးတဲ့ မြေနေရာများမှအပ ကျန်စိုက်ပျိုးမြေများ အားလုံးကို ဆက်လက်စီမံ ဆောင်ရွက်ခြင်းမပြုဘဲ တောင်သူများအား ပြန်လည်ပေးအပ်ရန် အားလုံးသဘောတူညီဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါတယ်။ သို့သော် ဆုံးဖြတ်ချက်များ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပေးဖို့ အချိန်ကြာမြင့်လာတဲ့အတွက် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလမှာ (၁)ကြိမ် ထပ်မံ၍ တတိယအကြိမ် တင်ပြခဲ့ရတဲ့အတွက် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ကနေ စိုက်ပျိုးမြေများ ပြန်လည်တောင်းခံသည့်ကိစ္စနှင့်ပတ်သက်ပြီး ပြန်လည် ပေးအပ်နိုင်ရေးအတွက် မြို့နယ်အဆင့် အောက်ခြေမှာ သက်ဆိုင်ရာ တောင်သူများနှင့် အကျေ အလည်ညှိနှိုင်းဆွေးနွေးပြီး ပြန်လည်တင်ပြရန် ညွှန်ကြားခဲ့ပါသည်။ ညွှန်ကြားချက်အရ မိမိ လွှတ်တော်ကိုယ်စားလှယ်အပါအဝင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ အထောက်အကူပြု ကော်မတီ၊ စည်ပင်ကော်မတီနှင့် တောင်သူလယ်သမားများအပါအဝင်အားလုံး တွေ့ဆုံညှိနှိုင်း ဆွေးနွေးချက်များအရ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ကြပြီး ဖြစ်ပါတယ်-

(က) လက်ရှိ ဌာနဆိုင်ရာအဆောက်အဦများ ဆောက်လုပ်ပြီးစီးပြီး မြေကေများမှအပ ကျန်မြေများအား မူလပိုင်ရှင် တောင်သူများသို့ ပြန်လည်ပေးအပ်နိုင်ရေး ဆောင်ရွက်ပေးရန်၊

(ခ) ပြန်လည်ပေးအပ်ရာတွင်လည်း လမ်းအရှေ့ဘက်ခြမ်းရှိ ပုန်းထွန်ကျေးရွာမြေ များအား မြို့မြေသတ်မှတ်၍ သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား ပြန်လည်နေရာ ချထားပေးရန်၊

(ဂ) လမ်းအနောက်ဘက်ခြမ်း နွယ်ဝတီခန်းမ အနောက်ဘက်မှ မြို့ရှောင်လမ်းထိရှိ မြေကေများအား မြို့မြေအဖြစ် သတ်မှတ်လျက် အုပ်ချုပ်မှုအရ သင့်လျော်သလို

စီမံခန့်ခွဲ နေရာချထားရန်နှင့် နစ်နာမှုဖြင့် (၁)ကေလျှင် ကျပ်သိန်း (၂၀) သတ်မှတ်လျက် မူလစိုက်ပျိုးသူများ ရရှိခံစားစေရန်၊ မူလ စိုက်ပျိုးသူ တောင်သူများမှလည်း မြေကွက်အဖြစ် မြို့မြေကွက်အဖြစ် ပြန်လည်လျှောက်ထားခြင်းကို ထည့်သွင်းစဉ်းစားပေးရန်၊

(ဃ) ကျန်မြေကေများကို စိုက်ပျိုးမြေအဖြစ် သတ်မှတ်လျက် မူလပိုင်ရှင်များအား ပြန်လည်ပေးအပ်ရန်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ရရှိရေးဆက်လက် ဆောင်ရွက်ပေးရန်၊

ဆိုတဲ့အချက်များကို အောက်ခြေအဆင့်မှာ အသေးစိတ်ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ခဲ့ကြပြီး ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်များကိုလည်း သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့က ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ ပြန်လည်တင်ပြထားပြီး ဖြစ်သည်ဟု သိရှိရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား- ယနေ့နိုင်ငံတော်အစိုးရလက်ထက်မှာ ကျန်ရှိနေတဲ့ သက်တမ်းကာလတွင် လယ်ယာမြေကိစ္စများကို အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ရေးအတွက် ညွှန်ကြားထားတယ်လို့လည်း သိရှိရတဲ့အတွက် လင်းခေးမြို့နယ်ရဲ့ အထက်တင်ပြပါကိစ္စကို အပြီးသတ်ဆောင်ရွက်ပေးရန် လိုအပ်တယ်လို့ တင်ပြလိုပါတယ်။ ဤကာလအတွင်း အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူးများ အပြောင်းအရွှေ့ရှိလာပါက လယ်ယာမြေကိစ္စ ရှင်းလင်းတိကျစွာ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါအတိုင်း စီစဉ်ဆောင်ရွက်ရန် လိုအပ်နေကြောင်းကို တင်ပြလိုပါတယ်-

(၁) လမ်းအရှေ့ဘက်ခြမ်း၊ ပုန်းထွန်ကျေးရွာရှိ မြေများအား သက်ဆိုင်ရာ တောင်သူများသို့ မြို့မြေအဖြစ် သတ်မှတ်နေရာချထားပေးခြင်းအတွက် ပုံစံ(၁၀၅) ထုတ်ပေးခြင်းများကို ဆောင်ရွက်ပေးရန်၊

(၂) မြို့မြေအဖြစ်စီမံခန့်ခွဲသည့် လမ်းအနောက်ဘက်ခြမ်း နွယ်ဝတီခန်းမမှ မြို့ရှောင်လမ်းအထိ အကွက်နေရာအား နစ်နာမှု (၁)ကေ ကျပ်သိန်း(၂၀) သတ်မှတ်ပေးထားသဖြင့် ယင်းကေများတွင် ပါဝင်သည့် တောင်သူ တစ်ဦးချင်းစာရင်း၊ ရရှိရမည့် နစ်နာကြေးပမာဏတို့ကို တွက်ချက်ခြင်း၊ အသိပေးကြော်ငြာခြင်းနှင့် လိုအပ်သည့် နေရာချထားခြင်း၊ စီစဉ်ခြင်းများကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားရန်၊

(၃) အသုံးချပြီးသော ဌာနဆိုင်ရာမြေများနှင့် အထက်ပါ မြို့မြေများအဖြစ် အသုံးပြုသည့် ကေမှအပ ကျန်ရှိသော မြေကေများအား စိုက်ပျိုးမြေအဖြစ် ဆက်လက်

အသုံးပြုရန် ဖြစ်တဲ့အတွက် တောင်သူလယ်သမားများအား လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေးရေးကို အမြန်ဆုံး စီစဉ်ဆောင်ရွက်ပေးရန်၊

(၄) ဌာနဆိုင်ရာအဆောက်အဦအဖြစ် အသုံးပြုခဲ့ရသည့် မြေကေများအတွက် သက်ဆိုင်ရာ နစ်နာသူ တောင်သူများကလည်း နစ်နာကြေးအဖြစ်သော်လည်း ကောင်း၊ ဌာနပိုင်အဖြစ် သိမ်းယူ၍ မည်သည့် အဆောက်အဦမှ ဆောက်လုပ်ခြင်းမရှိသဖြင့် ပြန်လည်စွန့်လွှတ်ပေးရန်

ကိုလည်းကောင်း တင်ပြတောင်းခံမှုများလည်း ရှိနေပါသဖြင့် သင့်လျော်သည့် နစ်နာကြေး ရရှိရေးလိုအပ်သော ဌာနဖွဲ့များမှ လိုအပ်မှုမရှိသော ဌာနအဖွဲ့အစည်းမှ ပြန်လည် စွန့်လွှတ်ပေးရေးကို ညွှန်ကြား ဆောင်ရွက်ပေးရန် လိုအပ်နေပါတယ်။

ထို့ကြောင့် လင်းခေးမြို့နယ်ရှိ လုပ်သားပြည်သူများမှ ပြန်လည်တောင်းခံသည့် စိုက်ပျိုးမြေများနှင့် ပတ်သက်၍ လက်ရှိ ရှမ်းပြည်နယ်အစိုးရလက်ထက်မှာ ပြီးပြတ်အောင်ဆောင်ရွက်ပေးရေး အမိန့်၊ ညွှန်ကြားချက် ထုတ်ပြန်ပေးပါရန်နှင့် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေကို သိရှိလိုပါကြောင်း ပထမ မေးခွန်းအဖြစ် တင်ပြမေးမြန်းအပ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းအဖြစ် လင်းခေးခရိုင်၊ လင်းခေးမြို့ရှိ တပ်မတော်ပိုင်မြေများအတွက် ယခင်ဒေသခံ လုပ်သားပြည်သူများ၏ စိုက်ပျိုးမြေများ အပေါ် သိမ်းဆည်းတည်ဆောက်ခဲ့ခြင်းဖြစ်ရာ တစ်ချို့သော မြေကေများအတွက် ပြန်လည်စွန့်လွှတ် ပေးပါရန် တင်ပြလျှောက်ထားခြင်းအပေါ် အရေးယူဆောင်ရွက်ပေးသည့် အခြေအနေနဲ့ ပတ်သက်သည့် မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- လင်းခေးမြို့မှာ ယခင် နိုင်ငံတော်အစိုးရလက်ထက်က တပ်ပိုင်မြေများအဖြစ် လိုအပ်ချက်အရ မြေသိမ်းဆည်းခြင်း ဆောင်ရွက်ခဲ့ရာ အများအားဖြင့် တောင်သူများ၏ စိုက်ပျိုးလုပ်ကိုင် စားသောက်နေတဲ့ လယ်ယာမြေများအပေါ် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ယခုအခါမှာ နိုင်ငံတော်အစိုးရအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်းခဲ့တဲ့ လယ်ယာများအပေါ် သိမ်းဆည်းခဲ့တဲ့ ဌာနများမှ ပြန်လည်စွန့်လွှတ်ခြင်း၊ သက်ဆိုင်သူများသို့ ပြန်လည်ပေးအပ် ခြင်းများကို ၂၀၁၄ ခုနှစ်ပိုင်းမှာ ပြန်လည်ဆောင်ရွက်ပေးလျက်ရှိပြီး အချို့ချို့သော မြို့နယ်များ ၌ တပ်ပိုင်မြေ သိမ်းဆည်းခြင်းကိစ္စများမှာ တပ်မြေအတွက် လိုအပ်သည့် အနည်းဆုံး အတိုင်းအတာကိုသာ သိမ်းဆည်းပြီး ကျန်သည့်မြေများအား မူလတောင်သူ စိုက်ပျိုးမြေများကို ပြန်လည်ပေးအပ်စွန့်လွှတ်နေသည်ကို ကြားသိခဲ့ရတဲ့အတွက် လင်းခေးမြို့နယ်ရှိ တောင်သူ များအနေနဲ့လည်း သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့်

ရှမ်းပြည်နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီသို့ (၅/ ၂၀၁၄)လပိုင်းမှာ တင်ပြခဲ့တာကို သိရှိရပါတယ်။

၎င်းတို့ရဲ့ တင်ပြချက်ပါ ဖော်ပြချက်ကတော့ လင်းခေးမြို့နယ်မှာ သိမ်းဆည်းခံထားရတဲ့ စိုက်ပျိုးမြေများဟာ အခြေချစစ်ဗျူဟာတပ်ပိုင်မြေ၊ ခမရ (၅၂၅)တပ်ပိုင်မြေနဲ့ ခမရ(၅၇၈) တပ်ပိုင်မြေတို့အတွက် သိမ်းဆည်းခဲ့တဲ့ မြေဖြစ်ပါကြောင်း တောင်သူလယ်သမားများမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှအပ အခြားသော အသက်မွေးဝမ်းကျောင်းများကို လုပ်ကိုင်နိုင်ခြင်းမရှိတဲ့အတွက် လွန်ခဲ့သော နှစ်ကာလများအချို့မှာ သိမ်းဆည်းခံရသည့်မြေများအတွင်း သက်ဆိုင်ရာ တပ်ရင်းသို့ ခွင့်ပြုချက်တောင်းခံကာ စိုက်ပျိုးဆောင်ရွက်လာခဲ့ရတာဖြစ်ကြောင်း၊ လွန်ခဲ့သည့် (၁၀)နှစ်ကျော်ကတည်းက သိမ်းဆည်းခဲ့သည်ဆိုပါသော်လည်း အချို့သော တောင်သူများအနေနဲ့ မိမိတို့ရဲ့ စိုက်ပျိုးမြေကေများအတွက် သီးနှံခွန်များကို လွန်ခဲ့သည့် ၂၀၁၀ - ၂၀၁၂ ကာလတိုင် ပေးချေနေရသည့် အခြေအနေများ ရှိနေရသည့်အတွက်လည်းကောင်း လင်းခေးမြို့ရှိ တပ်ပိုင်မြေများပြန်လည်စွန့်လွှတ်ပေးနိုင်ရန် မြေယာများအား မူလလုပ်ကိုင်နေသည့် တောင်သူများမှ ပြန်လည်လုပ်ကိုင်ခွင့် ရရှိရေး၊ နစ်နာကြေးများရရှိရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးရန် တင်ပြထားတာကို တွေ့ရှိရပါတယ်။ တောင်သူများရဲ့ စုပေါင်းလက်မှတ်ရေးထိုး တင်ပြချက်အပေါ် ကျွန်တော့်အနေနဲ့ ၂၀၁၄ ခုနှစ်၊ ဇွန်လမှာ ရှမ်းပြည်နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီကို လိပ်မူပြီးတော့ ထပ်ဆင့်တင်ပြခဲ့တာလည်း ဖြစ်ပါတယ်။ တပ်မြေများအဖြစ် သိမ်းဆည်းပြီးနောက်ပိုင်း တပ်မြေများအတွင်းသော်လည်းကောင်း၊ တပ်မြေနှင့် နီးကပ်တဲ့ နေရာများတွင်သော်လည်းကောင်း မူလတောင်သူများဟာ သီးစားအဖြစ်ပြန်လည်လုပ်ကိုင် ဆောင်ရွက်နေရသည်မှာ လွန်ခဲ့သည့် (၃)နှစ်တာကာလအထိ ဆိုတာကို ကြားသိနေရပါတယ်။ ၂၀၁၃ ခုနှစ်မှာ သီးစားခကောက်ခံခြင်းမရှိတော့ဘဲ စိုက်ပျိုးခွင့်ရရှိခဲ့ကြပေမယ့် ၂၀၁၄ ခုနှစ်မှာ တောင်သူများဟာ ဆက်လက်စိုက်ပျိုးခွင့် မရှိကြတဲ့အတွက် ယခုလို တပ်သိမ်းဆည်းမြေများအတွက် ပြန်လည်တောင်းခံခြင်းဖြစ်ကြောင်းကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- လင်းခေးမြို့ရှိ သိမ်းဆည်းထားသော တပ်မြေများဟာ စိုက်ပျိုးမြေများအဖြစ် စိုက်ပျိုးမြေများနှင့် ထိစပ်နေပြီး၊ မည်သည့်အတိုင်းအတာထိ သိမ်းဆည်းသည်ကိုသိရှိနိုင်ရန် တပ်ပိုင်ခြံစည်းရိုးကာထားခြင်းလည်းမရှိသဖြင့် တောင်သူတို့မှာ တပ်နှင့်ဝေးကွာသည့် နေရာများတွင်သာ စိုက်ပျိုးရေးကို ဆက်လက်လုပ်ကိုင်နေခဲ့ကြပါတယ်။ တပ်မြေအဖြစ် သိမ်းဆည်းခဲ့တယ်ဆိုပေမယ့်လည်း အချို့သော တောင်သူများဟာ မိမိတို့ စိုက်ပျိုးမြေကေများအတွက် သီးနှံခွန်များကို ၂၀၁၁၊ ၂၀၁၂ ခုတိုင်ပေးချေနေရတာကို ကောက်ခံပေးသွင်းရတဲ့ မြေခွန်ပြေစာများအရ တွေ့ရှိနေခဲ့ရပါတယ်။ လင်းခေးမြို့ရဲ့

ဧရိယာ အကျယ်အဝန်းဟာ ဧကေအားဖြင့် (၂၀၀)ကျော်သာရှိပြီး တပ်ပိုင်မြေများဟာ ဧကေရာဂဏန်းမှ ထောင်ဂဏန်းအထိ သိမ်းယူထားခြင်းဖြစ်တဲ့အတွက်ကြောင့်လည်းကောင်း၊ မြို့အနေအထားနှင့် နှိုင်းယှဉ်ပါက အချို့ကို ပြန်လည်စွန့်လွှတ်ပေးသင့်တဲ့ အနေအထားဖြစ်တဲ့အတွက်လည်းကောင်း၊ လင်းခေးမြို့ရှိ တောင်သူများ တင်ပြသည့် တပ်သိမ်းဆည်းမြေနှင့်ပတ်သက်သည့် အောက်ပါအတိုင်းဆောင်ရွက်ပေးသင့်ပါကြောင်း ဖော်ပြချက်နှင့် ကျွန်တော်တင်ပြထားရှိခဲ့ပါသည်-

(က) သိမ်းဆည်းခဲ့သည့် အတိုင်းအတာ၊ အကျယ်အဝန်း၊ တည်နေရာတို့ကို ပြည်သူများမြင်သာသိရှိအောင် တိုင်းတာသတ်မှတ်၍ အတည်ပြု မှတ်သားပြုပေးပါရန်၊

(ခ) သိမ်းဆည်းခဲ့သည့် အတိုင်းအတာ အနည်းဆုံးလိုအပ်ချက်၊ တပ်မြေသတ်မှတ်ချက်ထက်ပိုနေပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်စွန့်လွှတ်လွှဲအပ်နိုင်ရေးကို စီစဉ် ဆောင်ရွက်ပေးပါရန်၊

(ဂ) ပြန်လည်စွန့်လွှတ်ပေးအပ်နိုင်ခြင်းမရှိတဲ့ မြေများအတွက် နစ်နာကြေးများ မရရှိခဲ့ပါက လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးပါရန်

တင်ပြခဲ့ပါတယ်။ သက်ဆိုင်ရာတောင်သူများရဲ့ တင်ပြချက်ကို မြို့နယ်အဆင့်က အထက်သို့ ဆက်လက်တင်ပြထားဆဲ အခြေအနေရှိပြီး ရှမ်းပြည်နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီသို့ တင်ပြချက်ဟာလည်း အကြောင်းတစ်စုံတစ်ရာ သိရှိခွင့်မရတဲ့အတွက် မြေယာနှင့်ပတ်သက်ပြီးတော့မှ ညွှန်ကြားချက်များနှင့်အညီ ယခုကာလအတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီက ပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်မယ့် အခြေအနေကို သိရှိလိုတဲ့အတွက် ဒီမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် တင်ပြမေးမြန်းလိုက်ရပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ ဖြစ်ပါတယ်။ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင် မေးမြန်းသွားသော မေးခွန်း(၂)ခုကို ကျွန်တော့်အနေနဲ့ ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

လင်းခေးမြို့နယ်၊ မြို့ကွက်သစ်တိုးချဲ့ဆောင်ရွက်ရန် သိမ်းဆည်းခဲ့သည့် စိုက်ပျိုးမြေများ ပြန်လည်လုပ်ကိုင်ခွင့်ရရှိရေး လျှောက်ထားမှုနှင့် ပတ်သက်၍ လက်ရှိအစိုးရလက်ထက်တွင် ပြီးပြတ်အောင် စီစဉ်ဆောင်ရွက်ပေးမှု အခြေအနေကို သိရှိလိုပါသည်မေးခွန်းနှင့် ပတ်သက်၍ လင်းခေးမြို့၊ မြို့ကွက်သစ်တိုးချဲ့ဆောင်ရွက်ရန်အတွက် သိမ်းဆည်းခဲ့သော စိုက်ပျိုးမြေ (၂၂၃.၀၄)ကေအနက် ဌာနဆိုင်ရာ အဆောက်အဦများနှင့် အိမ်ထောင်စုများအတွက် (၁၂၅.၁၉) ကေကို အသုံးပြုပြီး ကျန်ရှိ(၉၇.၈၅)ကေအား ပြန်လည်စွန့်လွှတ်မည်ဖြစ်ကြောင်း ခရိုင်မြေ အသုံးချမှုစီမံခန့်ခွဲရေးကော်မတီမှ (၄- ၆- ၂၀၁၄) ရက်စွဲပါစာအမှတ်၊ ၅/ ၇၈- ၄(၁၀၆၅)/ ဦး ၆ ဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြထားခဲ့ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မြို့မြေအဖြစ် ဆက်လက်အသုံးပြုခြင်းနှင့် တစ်စိတ်တစ်ပိုင်း ပြန်လည်စွန့်လွှတ်ခြင်း ကိစ္စအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုခဲ့ပြီးဖြစ်ပါသည်။ လင်းခေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ မြေပိုင်ရှင်တောင်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဆောင်းသီးနှံများ ရိတ်သိမ်းပြီးချိန်တွင် ကော်မတီ (၃)ရပ်ဖြင့် မြေကွက်များချထားပေးရန် သဘောတူညီထားပြီး ဖြစ်ပါသည်။ ယခုအချိန်တွင် ဆောင်းသီးနှံများ ရိတ်သိမ်းနေဆဲဖြစ်၍ ရိတ်သိမ်းပြီးသည်နှင့် တစ်ပြိုင်နက် တောင်သူများအား နစ်နာကြေးပေးချေ၍ ဌာနဆိုင်ရာများ နှင့် ဒေသခံပြည်သူများအား ချထားပေးသွားပြီး ကျန်စွန့်လွှတ်မြေများကို လုပ်ကိုင်ခွင့်ရရှိရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြေကြားအပ်ပါသည်။

ဒုတိယမေးခွန်းဖြစ်တဲ့ လင်းခေးခရိုင်၊ လင်းခေးမြို့ရှိ တပ်မတော်ပိုင်မြေများအတွက် ယခင်က ဒေသခံလုပ်သားပြည်သူများ၏ စိုက်ပျိုးမြေအပေါ် သိမ်းဆည်းတည်ဆောက်ခဲ့ခြင်း ဖြစ်ရာ အချို့သော မြေကေများအတွက် ပြန်လည်စွန့်လွှတ်ပေးနိုင်ပါရန် လျှောက်ထားတင်ပြ ခြင်းအပေါ် အရေးယူဆောင်ရွက်ပေးသည့် အခြေအနေကို သိရှိလိုပါသည် မေးခွန်းနှင့် ပတ်သက်၍ လင်းခေးမြို့နယ်ရှိ တပ်ပိုင်မြေများအတွက် ယခင်ဒေသခံလုပ်သားပြည်သူများ၏ စိုက်ပျိုးမြေပေါ် အချို့သော မြေများ ပြန်လည်စွန့်လွှတ်ပေးရန်နှင့် ပတ်သက်၍ တပ်ပိုင်မြေများ ပြန်လည်စွန့်လွှတ်ခြင်းမှာ ကာကွယ်ရေးဝန်ကြီးဌာနမှ စိစစ်ဆောင်ရွက်ပြီး အသုံးပြုရန် မလိုအပ်သောမြေများ ပြန်လည်စွန့်လွှတ်ပေးလျက်ရှိပါသည်။ ယနေ့ထိ ကာကွယ်ရေးဝန်ကြီး ဌာနမှ ရှမ်းပြည်နယ်တွင် မြေကေ(၄၁၄၆၆.၀၅၇) စွန့်လွှတ်ခဲ့ပြီး မူလလက်ငုတ်တောင်သူ ပေါင်း (၅၀၀၆)ဦးအား စိုက်ပျိုးရန်အလို့ငှာ မြေ(၁၆၃၆၇.၇၀၉)ကေ ပြန်လည်ပေးအပ်ပြီးဖြစ် ပါသည်။ မြေကေ (၂၄၈၁၅.၁၉၅)မှာ စိုက်ပျိုးခြင်း မပြုသေးသော မြေလွတ်၊ မြေရိုင်းနှင့် ကျောက်တောင်မြေ ဖြစ်သဖြင့် နိုင်ငံတော်စီမံခန့်ခွဲမြေအဖြစ် စာရင်းသွင်းမှတ်ထားပြီး တောင်သူများ လျှောက်ထားလာပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စိုက်ပျိုးရန်အလို့ငှာ

လုပ်ကိုင်ခွင့်ပြုမည် ဖြစ်ပါသည်။ လင်းခေးခရိုင်တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်မြေမှာ (၂၃၉၄. ၁၁)ကေဖြစ်ပြီး၊ လျှောက်ထားသော တောင်သူ (၅၉၂)ဦးအား စိုက်ပျိုးရန် အလို့ငှာမြေ( ၁၇၆၈. ၁၇)ကေ ပြန်လည်ပေးအပ်ခဲ့ပြီး ကျန် (၆၃၅.၉၄)ကေမှာ မြေလွတ်၊ မြေရိုင်းဖြစ်ပါသည်။ နိုင်ငံတော်စီမံခန့်ခွဲမြေအဖြစ် စာရင်းသွင်းမှတ်ထားပြီး တောင်သူများ လျှောက်ထားလာပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စိုက်ပျိုးရန် အလို့ငှာ လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသည်။ ကျန်ရှိသော သိမ်းဆည်းမြေများကိုလည်း စိစစ်လျက်ရှိပြီး ဆက်လက်စွန့်လွှတ်ပေးရန်ရှိကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဆန်ကွယ်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆန်ကွယ်၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆန်ကွယ် ဖြစ်ပါတယ်။ ကျွန်တော် မေးခွန်း မေးမြန်းလိုတာကတော့ မိုးမိတ်မြို့နယ်နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သော အာသံရွာ၊ ရွှေဇာလီရွာ၊ ဒေါင့်ကြီးရွာ၊ သဲနီရွာ၊ မိုးမိတ်ခရိုင် စုပေါင်းရုံး မြို့(သစ်)နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သော အထက် မန်ကျည်းပင်ရွာအား ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် မဟာဓာတ်အားလိုင်းမီး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ပတ်သက်၍ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား- မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်အတွက် ဘယ်ခေတ်အဆက်ဆက်မှ မရဖူးသေးသည့် မဟာဓာတ်အားလိုင်းများ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်၍ မဟာဓာတ်အားလိုင်းမီးစတင်ဖြန့်ဝေရန် စီစဉ်ဆောင်ရွက်နေပါတယ်။ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မြို့ပေါ်(၄)ရပ်ကွက်သာ မီးပေးရန် စီစဉ်ဆောင်ရွက်နေပါတယ်။ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ မိုးမိတ်ခရိုင် စုပေါင်းရုံးသစ်၊ အထက်မန်ကျည်းပင်ရွာ၊ အာသံရွာ၊ ရွှေဇာလီရွာ၊ သဲနီရွာ စသည်ဖြင့် မဟာဓာတ်အားလိုင်းမီးတိုးချဲ့ဆောင်ရွက်ပေးရန် အမှန်တကယ် လိုအပ်နေပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းရင်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံစေပြီး မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေ။ ကောင်းမွန်တဲ့ လိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင် ဖြစ်ပါတယ်။ မိုးမိတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းဆန်ကွယ်ရဲ့ မေးခွန်းကို ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ မိုးမိတ်မြို့နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သော အာသံရွာ၊ ရွှေဇာလီရွာ၊ ဒေါင့်ကြီးရွာ၊ သဲနီရွာ၊ မိုးမိတ်ခရိုင် စုပေါင်းရုံးသစ်နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သော အထက်မန်ကျည်းပင်ရွာအား ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် မဟာဓာတ်အားလိုင်းမီး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ဖြေကြား ပေးသွားမှာ ဖြစ်ပါတယ်။ မိုးမိတ်မြို့နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သော အာသံရွာ၊ ရွှေဇာလီရွာ၊ ဒေါင့်ကြီးရွာ၊ သဲနီရွာ၊ အထက်မန်ကျည်းပင်ရွာတို့အား ၂၀၁၅ - ၂၀၁၆ ခုနှစ်တွင် မဟာဓာတ်အား လိုင်းမှ လျှပ်စစ်မီးရရှိရေး ပြည်ထောင်စုဘတ်ဂျက်နှင့် ရှမ်းပြည်နယ်အစိုးရ ရန်ပုံငွေဘတ်ဂျက်များ တွင် ပါဝင်ခြင်းမရှိပါ။ သို့သော် အဆိုပါ ကျေးရွာများ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အား ရရှိရေးအတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ကျေးလက်မီးလင်းရေး ဆောင်ရွက်ရန် National Electrification Plan တွင် ထည့်သွင်းလျာထား တင်ပြထားပြီး ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီးက မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ငြိမ်းချမ်းကြပါစေ။ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် မိုးနဲမဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီး ဖြစ်ပါတယ်။ နိုင်ငံတော်မှ ထောက်ပံ့ထားတဲ့ ဘတ်ဂျက်ရန်ပုံငွေဖြင့် ပြုပြင်ဖာထေး ဆောင်ရွက်နေတဲ့ လမ်းပိုင်းအသစ် ဟာ နဂိုလမ်းဟောင်းလောက်တောင်မှ သုံးစွဲရတာ အဆင်ပြေမှုမရှိပါသဖြင့် ဒီမေးခွန်းကို မေးမြန်း တင်ပြရခြင်း ဖြစ်ပါတယ်။ နမ့်စန်- မိုးနဲ မဟာဗျူဟာ လမ်းမပေါ်မှာ ရှိတဲ့ နမ့်စန် - မိုးနဲ နယ်ခြား မှတ်တိုင်နှင့် ဝမ်ယေးကျေးရွာ မိုင်တိုင် ၁၇/ ၀ မှ ၁၉/ ၀ အထိကို ပုဂ္ဂလိက ကုမ္ပဏီမှ ထပ်ပိုး လွှာ ကတ္တရာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် လမ်းသားများ ညီညာပြေပြစ်မှု မရှိဘဲ လှိုင်းများ ရှိနေပါတယ်။ လမ်းကြိတ်စက်နဲ့ ဒလိမ့်တုံး အရာများ၊ လှိုင်းများကို ပြန်လည် ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ပဆင စံချိန်စံညွှန်းပြည့်မီမှု မရှိပါသဖြင့် ဒေသဖွံ့ဖြိုးရေး

လုပ်ငန်း အရည်အသွေး ထိန်းသိမ်းစစ်ဆေးရေးအဖွဲ့များဖြင့် လုပ်ငန်းများ စိစစ်စစ်ဆေးခြင်း ဆောင်ရွက်ထားရှိမှုကို သိရှိလိုပါကြောင်း လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- မိုးနဲ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီး မေးမြန်းတဲ့ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော် စိုင်းနော်ခမ်းမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရယူထားတဲ့ SSAS တပ်မဟာ ၇၅၈ ဟာ မိန်းစင် ငြိမ်းချမ်းရေးအဖွဲ့မှ အလုပ်အကိုင်နှင့် ရန်ပုံငွေ လိုအပ်နေပါသဖြင့် ၎င်းတို့ အဖွဲ့အစည်းပိုင် လင်းမိုးကုမ္ပဏီအနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းများ တောင်းခံခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှလည်း ပြည်ထောင်စုမှ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ နမ့်စန် - မိုးနဲ - မိုင်းတုံ - မိုင်းဆတ်လမ်း မိုင်တိုင်အမှတ် ၁၇/ ၀ မှ ၁၉/ ၀ ထိ (၂)မိုင်အား ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို လုပ်ကိုင်ခွင့် ပေးအပ်ခဲ့ပါတယ်။ လင်းမိုးကုမ္ပဏီအား သတ်မှတ်လမ်းခင်းပစ္စည်း၊ စံချိန်စံညွှန်းဖြင့် ဆောင်ရွက်စေသော်လည်း အတွေ့အကြုံနှင့် နည်းပညာပိုင်းဆိုင်ရာ အားနည်းခြင်းများကြောင့် လုပ်ငန်းလက်ရာပိုင်းတွင် လမ်းသားများ ညီညာမှု မရှိခြင်းနှင့် လှိုင်းဖြစ်ပေါ်ခြင်းတို့အား စစ်ဆေးတွေ့ရှိရပါတယ်။ ၎င်းအားနည်းချက်များအား ပြင်ဆင်၍ ကောင်းမွန်သည့် လက်ရာရရှိစေရန် ကြီးကြပ်ဆောင်ရွက်သွားရန်အတွက် သက်ဆိုင်ရာ အင်ဂျင်နီယာများအားလည်း ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ထို့ပြင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် လင်းမိုးကုမ္ပဏီတို့ ချုပ်ဆိုထားသော စာချုပ်ပါ စည်းမျဉ်းစည်းကမ်းအရ လင်းမိုးကုမ္ပဏီမှ လုပ်ငန်းမဆောင်ရွက်မီတွင် လုပ်ငန်းတန်ဖိုး (ရန်ပုံငွေ)၏ ၅ % အား လုပ်ငန်းအာမခံအဖြစ် ပေးသွင်းပြီးမှသာ လုပ်ငန်းစတင်ဆောင်ရွက်ခွင့် ရရှိပါသည်။ ၎င်းပေးသွင်းပြီး လုပ်ငန်းအာမခံအား လုပ်ငန်းကောင်းမွန်စွာ ဆောင်ရွက်ပြီးစီးသည့် လက်မှတ်ရရှိပြီးသည့် ရက်ပေါင်း (၃၆၅)ရက်၊ တစ်နှစ်တိတိ ပြည့်သည့်နေမှသာ ပြန်လည်ထုတ်ပေးရမည် ဖြစ်ပါသည်။ သို့ပါ၍ လင်းမိုးကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်သော ၎င်းလမ်းအား လုပ်ငန်းပြန်လည်ပြင်ဆင်ဆောင်ရွက်ရာတွင် လက်ရာကောင်းမွန်စွာ ရရှိရန်အတွက် ကြီးကြပ်ညွှန်ကြားသွားမည်ဖြစ်ပြီး မပြင်ဆင်ခဲ့ပါက ချုပ်ဆိုထားသော စာချုပ်ပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်အေးချိုစိန်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ ကျွန်မအနေဖြင့် ဖယ်ခုံမြို့နယ်အတွင်း CDMA တာဝါတိုင် တည်ထောင်ပေးရန်နှင့် အော်တို အိတ်ချိန်းများတွင် ADSL လိုင်း တပ်ဆင်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်- ဖယ်ခုံမြို့နယ်မှာ လူဦးရေ (၁)သိန်းခန့်ရှိပြီး ကျေးလက်နေ လူဦးရေမှာ မြို့ပြနေလူဦးရေထက် များပြားပါတယ်။ မြို့ပေါ်အတွက် တပ်ဆင်ပေးတဲ့ GSM တယ်လီဖုန်းလိုင်းများကို ကျေးလက်နေပြည်သူများ အသုံးမပြုနိုင်ပါ။ ကျေးလက်နေ ပြည်သူ လူထုရဲ့ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် CDMA တယ်လီဖုန်း တာဝါတိုင်(၁)ခုအား ဖယ်ခုံ မြို့နယ်၊ ရီနွဲ့ကျေးရွာအုပ်စုအတွင်း တည်ဆောက်ပေးမည်ဆိုပါက ဖယ်ခုံမြို့နယ်အတွင်းမှာ ရှိတဲ့ လူဦးရေ (၃) ပုံ (၂)ပုံကို များစွာ အကျိုးပြုမှာ ဖြစ်ပါတယ်။ လက်ရှိဖယ်ခုံမြို့နယ်အနေဖြင့် Telenor နှင့် Ooredoo တာဝါတိုင်များ တည်ဆောက်ရန်လည်း အခက်အခဲများစွာ ရှိနေပါ တယ်။ သို့ပါ၍ ဖယ်ခုံမြို့နယ် ကျေးလက်ဒေသတွင် CDMA တာဝါတိုင် (၁)တိုင် တည်ဆောက် ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါကြောင်းနှင့် ဖယ်ခုံမြို့မှာ အော်တိုတယ်လီဖုန်း တပ်ဆင်သုံးစွဲသူပေါင်း ၅၈၇ ဦး ရှိပြီး MPT ဆင်းကဒ်များဖြင့် ဆက်သွယ်ရေး အသုံးပြုသူပေါင်း မြို့လူဦးရေ၏ ထက်ဝက်ခန့်ရှိပါတယ်။ ယခု လေးငါးလအတွင်းမှာ လက်ကိုင်ဖုန်း ခေါ်ဆို ဆက်သွယ်မှုမှာပင် လိုင်းများကြပ်၍ အင်တာနက်လိုင်းများ လုံးဝအသုံးမပြုနိုင်ပါ။ ဌာနဆိုင်ရာ ရုံးလုပ်ငန်းများနှင့် လူမှုဆက်သွယ်ရေးလုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်ရာမှာ အလွန် နှောင့်နှေးလျက်ရှိပါတယ်။ ပြည်ထောင်စုလမ်းမကြီးပေါ်မှာ တည်ရှိတဲ့ ဖယ်ခုံမြို့နယ်ဟာ စီးပွားရေး အချက်အချာကျတဲ့ အောင်ပန်းမြို့၊ ဟဲဟိုးမြို့၊ ပင်လောင်းမြို့တို့ရဲ့ အော်တိုတယ်လီ ဖုန်း သုံးစွဲမှုထက် ပိုမိုလျက်ရှိပြီး အခြားမြို့နယ်များမှာ ADSL လိုင်းများ တပ်ဆင်ပြီးနေပြီး ဖယ်ခုံမြို့နယ်မှာ ကျန်ရှိနေပါတယ်။ ဌာနတိုင်းမှာလည်း အင်တာနက်ကွန်ယက် အသုံးပြုနိုင် ရန်အတွက် ငွေစာရင်းခေါင်းစဉ် ချထားပေးပြီးသော်လည်း ADSL လိုင်းများ မရှိသည့်အတွက် ဘတ်ဂျက်များ ပြန်လည်အပ်နှံရခြင်းနှင့် ဌာနဆိုင်ရာလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်မှု အားနည်းခြင်းများ ဖြစ်ပေါ်လျက်ရှိပါတယ်။ သို့ပါ၍ ဌာနရုံး လုပ်ငန်းများ၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးသတင်းများ အချိန်နှင့်တစ်ပြေးညီ သိရှိဆောင်ရွက် နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ဆက်သွယ်ရေးကွန်ယက် ကောင်းမွန်စေရန် ဖယ်ခုံမြို့

အော်တိုတယ်လီဖုန်း အိတ်ချိန်းမှာ ADSL လိုင်းများ တပ်ဆင်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် တပ်ဆင်ပေးမည်ကို သိရှိလိုပါကြောင်း လေးစားစွာ မေးမြန်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်အေးချိုစိန် မေးထားတဲ့ ဖယ်ခုံမြို့နယ်အတွင်း CDMA တာဝါတိုင် (၁)တိုင် တည်ထောင်ပေးရန်နှင့် အော်တိုအိတ်ချိန်းတွင် ADSL လိုင်း တပ်ဆင်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီးအောင်သူမှ ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ဖယ်ခုံမြို့နယ်မှာ GSM Mobile စခန်း (၁)ခု တည်ဆောက်တပ်ဆင် အသုံးပြုလျက်ရှိပြီး အော်တိုအိတ်ချိန်းအနေဖြင့် လိုင်းအင်အား (၅၉၆)လုံးပါ KY-1000XM အော်တိုအိတ်ချိန်းတွင် (၅၈၇)လိုင်း တပ်ဆင်သုံးစွဲလျက် ရှိပါတယ်။ တာဝါတိုင်များအနေနဲ့ ရှမ်းပြည်နယ်အတွင်းမှာ MPT အပါအဝင် Telenor နှင့် Ooredoo ကုမ္ပဏီများမှ ပုဂ္ဂလိကအစီအစဉ်များနဲ့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဖယ်ခုံမြို့နယ်အတွင်းမှာ CDMA- 450 တာဝါတိုင်ဆောက်လုပ်ရန် လောလောဆယ်အစီအစဉ် မရှိသေးပါဘူး။ CDMA အပါအဝင် မိုဘိုင်းဖုန်းအဆင့်အဆင့် တိုးတက်ပြောင်းလဲမှုများကို ဆက်လက်တင်ပြရမယ်ဆိုရင် ပထမဦးဆုံး ဆယ်လူလာဖုန်းများ အသုံးပြုခဲ့ပါတယ်။ ၄င်းမှတစ်ဆင့် CDMA ခြင်းဖုန်း၊ ၄င်းမှတစ်ဆင့် CDMA- 450 ဖုန်း၊ CDMA-800 ဖုန်း၊ မိုဘိုင်းအဆင့် တိုးတက်ပြောင်းလဲလာပြီးတော့ 2G ၊ 3G ဖုန်း၊ WCDMA ဖုန်း တိုးတက်ပြောင်းလဲသုံးစွဲခဲ့တာ ဖြစ်ပါတယ်။ လောလောဆယ်အနေနဲ့ CDMA- 450 ဖုန်းဟာ ခေတ်နောက်ကျနေပြီဖြစ်တဲ့အတွက် ဆက်လက်တပ်ဆင် အသုံးပြုရန် အစီအစဉ် မရှိကြောင်း တင်ပြအပ်ပါတယ်။ ဖယ်ခုံအော်တိုအိတ်ချိန်းမှာ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်းမှာ ADSL လိုင်းတပ်ဆင်ရန် လျာထားဆောင်ရွက်ထားရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခွန်အောင်နိုင်ဦးက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်အောင်နိုင်ဦး၊ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ အစည်းအဝေးတက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်

ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေကြောင်း မေတ္တာပို့သရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်အောင်နိုင်ဦး ဖြစ်ပါတယ်။ ပင်လောင်းမြို့နယ်၊ နောင်တရားမြို့၊ နန်းပုလင်းကျေးရွာအုပ်စု၊ ဥဏ်ပင်ကျေးရွာအနီး ဥဏ်ပင်ကြီးကန်အား တစ်ဖက်ရပ်ဆည် တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်၊ နောင်တရားဒေသသည် အာလူးသီးနှံကို အဓိကထား စိုက်ပျိုးလျက်ရှိတဲ့ အတွက် တစ်သီးစားမှ နှစ်သီးစား သုံးသီးစားအထိ တိုးချဲ့ပြီးတော့ စိုက်ပျိုးလုပ်ကိုင်လျက်ရှိပါတယ်။ မိုးကြိုအာလူး၊ စကအာလူး၊ ရေသွင်းအာလူးဟူ၍ သုံးသီးစား စိုက်ပျိုးလျက်ရှိရာမှ နွေအာလူးဖြစ်တဲ့ ရေသွင်းစိုက်ပျိုးတဲ့ အာလူးကို တိုးချဲ့ပြီးတော့ စိုက်ပျိုးလာကြပါတယ်။ ရေသွင်းအာလူးရဲ့ အားသာချက်မှာ ပိုးသတ်ဆေးများ သုံးစွဲရန် မလိုခြင်းကြောင့် ကုန်ကျစရိတ်သက်သာခြင်း၊ အပင်များတွင် ကျရောက်တဲ့ အပင်မျိုးရောဂါ မရှိခြင်း၊ အထွက်နှုန်း ပိုမိုထွက်ရှိခြင်းတို့ကြောင့် နွေရာသီစိုက်ပျိုးတဲ့ ရေသွင်းအာလူးကို ပိုမိုတိုးချဲ့ စိုက်ပျိုးလျက်ရှိပါတယ်။ ဒါကြောင့် နွေအာလူးဖြစ်တဲ့ ရေသွင်းအာလူး စိုက်ပျိုးလာကြခြင်းကြောင့် ဥဏ်ပင်ကြီးကန်မှ ဗဟိုပြုပြီးတော့ စီးဆင်းလာတဲ့ နောင်တရားချောင်းတစ်လျှောက်မှာ အမြင့်တင်စနစ်နဲ့ ရေသွင်းအာလူး စိုက်ပျိုးလာတဲ့အတွက် ချောင်းရေခမ်းခြောက်ခြင်းတို့ကြောင့် စိုက်ပျိုးတောင်သူတွေမှာ ရေမလုံလောက်မှု ပြဿနာတွေနဲ့ ကြုံတွေ့နေရပါတယ်။ နောင်တရားမြို့၊ နန်းပုလင်းကျေးရွာအုပ်စု၊ ဥဏ်ပင်ရွာအနီး ဥဏ်ပင်ကြီးကန်အား တစ်ဖက်ရပ်ဆည် တည်ဆောက်ပေးနိုင်ပါက ချောင်းတစ်ချောင်းမှာရှိတဲ့ အမြင့်တင်စနစ်နဲ့ စိုက်ပျိုးလျက်ရှိတဲ့ ရေသွင်းအာလူး ရေလုံလောက်မှု ရရှိနိုင်မည့်အပြင် ချောင်းတစ်ချောင်းမှာရှိတဲ့ စိုက်ပျိုးဧကပေါင်း (၁၀၀၀)ခန့်ကို အကျိုးပြုနိုင်မှာဖြစ်တဲ့အတွက် တစ်ဖက်ရပ်ဆည် တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ၍ လွှတ်တော် ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ပင်လောင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်အောင်နိုင်ဦး၏ မေးခွန်းနှင့် ပတ်သက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်၊ နောင်တရားမြို့၊

နန်းပုလင်းကျေးရွာအုပ်စု၊ ဉာဏ်ပင်ရွာအနီး ဉာဏ်ပင်ကြီးကန်အား တစ်ဖက်ရပ်ဆည် တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်၊ နောင်တရားမြို့၊ နန်းပုလင်း ကျေးရွာအုပ်စု၊ ဉာဏ်ပင်ရွာအနီးရှိ ရေထွက်မှ ရေကို လွန်ခဲ့တဲ့ နှစ်ပေါင်း (၇၀)ခန့်မှ စော်ဘွား တစ်ဦးမှ ဉာဏ်ပင်ကြီး (အပေါ်ကန်)နှင့် ဉာဏ်ပင်ကြီး (အောက်ကန်)နှစ်ခုအား စိုက်ပျိုးရေ ရရှိစေရန် ရည်ရွယ်တည်ဆောက်ခဲ့ပါတယ်။ အဆိုပါ ကန်(၂)ကန်မှ လက်ရှိ အာလူး (၅၀၀) ကေခန့်အား အကျိုးပြုစိုက်ပျိုးရေ ပေးဝေလျက်ရှိပြီး၊ ဉာဏ်ပင်ကြီးကန် (အပေါ်ကန်)အား သဲနုန်းတူးဖော်ခြင်းနှင့် ကန်ဘောင်မြှင့်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်ပါက အာလူး (၁၀၀၀) ကေကို စိုက်ပျိုးရေ ပေးနိုင်မည်ဖြစ်၍ ကေ (၅၀၀) ပိုမိုစိုက်ပျိုးနိုင်မည် ဖြစ်ပါကြောင်း ဒေသခံ များ၏ ပြောကြားချက်အရ သိရှိရပါသည်။

ယခုအခါ သဲနုန်းများ ပို့ချလာမှုကြောင့် ရေထွက်နည်းပါးလာပြီး ရေလှောင်နိုင်မှု ပမာဏ လျော့နည်းနေပြီ ဖြစ်ပါသည်။ ယခု ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် လွှတ်တော်ရန်ပုံငွေဖြင့် ဉာဏ်ပင်ကြီးကန်(အောက်ကန်)အား ပြုပြင်လျက်ရှိပါသည်။ ယခုတောင်းဆိုသော ကန်မှာ ဉာဏ်ပင်ကြီးကန်(အပေါ်ကန်) ဖြစ်ပါသည်။ ရေထွက်အောက် (၁၀၀၀)ပေခန့်တွင် ကန်ဘောင် ဖို့ထားပြီး အလျားမှာ (၁၀၀)ပေခန့်ရှိပြီး အနက်(၁၀)ပေခန့် ဖြစ်ပါသည်။ ၂၀၁၅ - ၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်၏ လုပ်ငန်းဆောင်ရွက်မည့် လျာထားအစီအစဉ်တွင် ပါဝင်မှုမရှိ၍ ယခုနှစ်တွင် ဆောင်ရွက်ပေးနိုင်မှု မရှိသော်လည်း ဒေသခံတောင်သူများအား စိုက်ပျိုးရေ ရရှိရေးအတွက် တတ်စွမ်းသည့် နည်းပညာ ကူညီမှု ပေးသွားမည်ဖြစ်ပါသည်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ပင်လောင်းမြို့နယ်၊ နန်းပုလင်းကျေးရွာအုပ်စု၊ ဉာဏ်ပင်ရွာအနီး ဉာဏ်ပင်ကြီး (အပေါ်ကန်)အား တစ်ဖက်ရပ်ဆည် တည်ဆောက်မည်ဆိုပါက မြေပြင်စူးစမ်းလေ့လာခြင်း၊ ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်းနှင့် ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်းများ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး ဖြစ်မြောက်နိုင်စွမ်း ရှိပါက ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်မည့် လျာထားအစီအစဉ်တွင် ထည့်သွင်းတင်ပြ သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

# "ရှမ်းပြည်နယ် လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းမှု ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ရေး" အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ရှမ်းပြည်နယ် လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းမှု ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား ပြည်သူ တစ်ရပ်လုံးက အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်း ပါဝင် ဆောင်ရွက်ရေး အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက ဆွေးနွေးဖို့ အမည်စာရင်း ပေးထားပါတယ်။ ပထမဦးစွာ အဆိုကို ဆွေးနွေးဖို့အတွက် လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ ခင်ဗျား- ကျွန်တော်ကတော့ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလွင် ဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဒေါ်အေးချိုစိန်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တင်သွင်းခဲ့တဲ့ အရေးကြီးအဆိုနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ထောက်ခံဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား- ယခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့က စတင်ဖြစ်ပွားခဲ့တဲ့ ကိုးကန့်သောင်းကျန်းသူ အဖွဲ့ရဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် လောက်ကိုင်ဒေသမှာ လုံခြုံရေးတည်ငြိမ်ရေး ပျက်ပြားမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းကာလများအထိ တိုက်ပွဲဖြစ်ပွားမှု သတင်းတွေ ကြားသိနေရဆဲဖြစ်တဲ့အတွက် အဲဒီဒေသမှာ တည်ငြိမ်အေးချမ်းမှုကို အပြည့်အဝ ပြန်လည်ခံစားရရှိခြင်း မရှိနိုင်သေးတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ လောက်ကိုင်ဒေသဟာ ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ်ထဲမှာ ပါဝင်တဲ့အတွက် တစ်နည်းအားဖြင့် ရှမ်းပြည်နယ်မှာ တည်ငြိမ်အေးချမ်းမှု မရှိသေးဘူးလို့လည်း ဆိုနိုင်မှာ ဖြစ်ပါတယ်။

တိုက်ပွဲများကြောင့် ထိခိုက်ကျဆုံးမှုများရှိသလို စစ်ဘေးဒဏ်ခံ လုပ်သားပြည်သူတွေရဲ့ ဒုက္ခများကိုလည်း ကြားသိနေရပါတယ်။ အဆိုရှင် ဒေါ်အေးချိုစိန် တင်ပြသွားခဲ့သလို အဆိုပါ လောက်ကိုင်ဒေသမှာ စစ်အုပ်ချုပ်ရေးအာဏာ သက်ရောက်ခဲ့သဖြင့် လည်းကောင်း၊

တပ်မတော်က ပါဝင်ကာကွယ် စောင့်ရှောက်သဖြင့် လည်းကောင်း၊ လောက်ကိုင်ဒေသဟာ အတော်အတန် တည်ငြိမ်အေးချမ်းမှု ရရှိလာပြီး ပြည်သူတွေရဲ့ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်ရေး ပြန်လည်ရောက်ရှိလာပြီလို့ အဆိုတင်သွင်း တင်ပြသွားတာ ရှိပါတယ်။

ဒီနေရာမှာ ဆွေးနွေးတင်ပြလိုတာကတော့ ဒီလိုဖြစ်ပွားခဲ့တဲ့ ဒေသမှာ တပ်မတော်အနေနဲ့ အသက်သွေး၊ ချွေးပေါင်းများစွာနဲ့ ရင်းနှီးပြီးတော့ ဒီအခြေအနေကို ရောက်ရှိအောင် ခက်ခက်ခဲခဲနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့ရတာ အားလုံးသိရှိပြီးတဲ့အတိုင်း ဖြစ်ပါတယ်။ ဒီထက်ပိုပြီး အရေးကြီးတာကတော့ လက်ရှိဖြစ်ပေါ်လာနေတဲ့ တည်ငြိမ်အေးချမ်းရေး အခြေအနေကို ထာဝရ ရေရှည်တည်တံ့ ခိုင်ခိုင်မြဲအောင် ဆောင်ရွက်နိုင်ဖို့ဆိုတာ ပို၍ အရေးကြီးတယ်လို့ ကျွန်တော့်အနေနဲ့ ခံယူပါတယ်။ ဒီလို နယ်မြေတစ်ခု၊ ဒေသတစ်ခုကို ရေရှည်တည်တံ့သော တည်ငြိမ်အေးချမ်းမှု ရှိဖို့ဆိုတာ နိုင်ငံတော်အစိုးရနဲ့ တပ်မတော်တို့ကပဲ တာဝန်ယူဆောင်ရွက်စေဖို့ဆိုတာ အဆင်ပြေလွယ်ကူချောမွေ့ဖို့ ခက်နေမှာ ဖြစ်ပါတယ်။ ဒေသတစ်ခု တည်ငြိမ်အေးချမ်းဖို့ဆိုတာ ဒေသတွင်းမှ နေထိုင်ကြတဲ့ လုပ်သားပြည်သူများကိုယ်တိုင်၊ ကျွန်တော်တို့ကိုယ်တိုင် ရှမ်းပြည်နယ်ထဲမှာ နေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံးက တတ်စွမ်းသရွေ့ သက်ဆိုင်သော ကဏ္ဍများအားလုံးမှာ ပူးပေါင်းပါဝင် ဆောင်ရွက်ပါမှ ရေရှည်တည်တံ့ ခိုင်မြဲသော တည်ငြိမ်အေးချမ်းမှုကို ရရှိနိုင်မှာ ဖြစ်ပါသည်။

မိမိတို့ဒေသ ပြည်နယ်အတွင်း ရေရှည်တည်ငြိမ်အေးချမ်းမှုဟာ ဒေသခံပြည်သူများကိုယ်တိုင် တည်ငြိမ်အေးချမ်းမှုကို လိုလားနှစ်သက်တဲ့ ဆန္ဒ၊ လက်နက်ကိုင်ပဋိပက္ခများ ကင်းစင်ပြီး အေးချမ်းသာယာစွာ လုပ်ကိုင်လိုတဲ့ ဆန္ဒ၊ တည်ငြိမ်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လိုကြတဲ့ ဆန္ဒ၊ ဒီဆန္ဒများအားလုံး ပြီးပြည့်စုံဖို့ဆိုတာ ဒီဒေသ၊ ဒီပြည်နယ်၊ ဒီနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်တဲ့ ပြည်သူများအားလုံးကိုယ်တိုင် ကိုယ်စီကိုယ်ငှ ပါဝင်ဆောင်ရွက်မှ ဖြစ်မြောက်နိုင်မှာ ဖြစ်တဲ့အတွက် အဆိုရှင် ဒေါ်အေးချိုစိန်ရဲ့ "ရှမ်းပြည်နယ် လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းမှု ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ရေး" အဆိုကို ကျွန်တော့်အနေနဲ့ အလေးအနက် ထောက်ခံဆွေးနွေး တင်ပြလိုက်ရပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး အဆိုကို ဆွေးနွေးဖို့အတွက် မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမိုင်းအုဏ်းခိုင်ကို ဖိတ်ခေါ်ပါတယ်။

**ဦးမိုင်းအုဏ်းခိုင်၊ မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ဝင်များ၊

လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များအားလုံး ရှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ် ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ခင်ဗျား- မနေ့က ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ ဒေါ်အေးချိုစိန် တင်သွင်းသွားတဲ့ အရေးကြီးအဆို တစ်ရပ်ဖြစ်တဲ့ "ရှမ်းပြည်နယ် လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းမှု ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ရေး" အဆိုကို ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ကျွန်တော် ဦးမိုင်းအုဏ်းခိုင်က ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ခင်ဗျား- ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြတဲ့ နိုင်ငံဖြစ်သလို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည်လည်း ကိုးကန့်၊ ရှမ်း၊ ပလောင်၊ လီဆူ၊ ကချင်စသော တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်ကြတဲ့ ပြည်ထောင်စုရဲ့ အစိတ်အပိုင်း ဒေသတစ်ခုဖြစ်ပါတယ်။ ကိုးကန့်ဒေသအခြေအနေများကို ကြည့်မယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်မားလာတဲ့ အိမ်နီးချင်းနိုင်ငံကြီးနဲ့ ထိစပ်နီးစပ်တည်ရှိနေတဲ့ နယ်မြေဒေသတစ်ခု ဖြစ်ပါတယ်။ ဒါဟာ ကိုးကန့်ဒေသရဲ့ လက်ရှိပကတိ တည်ရှိနေတဲ့ အနေအထားပဲ ဖြစ်ပါတယ်။ မရှည်ကြာသေးတဲ့ အတိတ်သမိုင်းကို ပြန်ကြည့်မယ်ဆိုရင် ကိုးကန့်ဒေသမှာ ကိုးကန့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဟာ မိမိတို့ရဲ့ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့ရဲ့ဘဝ မှန်ကန်စွာ ရပ်တည်ဖြစ်ထွန်းလာနိုင်စေဖို့ရာအတွက် ၁၉၈၉ ခုနှစ်မှာ ဗမာပြည်ကွန်မြူနစ်ပါတီကို ဦးဆုံးတွန်းလှန်တိုက်ခိုက်ခဲ့သလို ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း ဦးဆုံးရယူဖော်ဆောင်တဲ့ ဒေသအဖြစ် အထူးဒေသ (၁)အဖြစ် ချမှတ်နိုင်ခဲ့ပါတယ်။

ငြိမ်းချမ်းရေးဦးဆုံးရယူခြင်းဖြင့် အထူးဒေသ(၁)အဖြစ် အေးချမ်းတည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ် ရောက်ရှိလာခဲ့ပါတယ်။ နှစ်(၂၀)ကြာ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးမှုကို ဖော်ဆောင်နိုင်တဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ယနေ့ဖြစ်ပေါ်လာတဲ့ လက်နက်ကိုင်ပဋိပက္ခများမှာ မည်သည့်ဘက်က ထိခိုက်ကျဆုံးသည်ဖြစ်စေ မိမိတို့ရဲ့ တိုင်းရင်းသားချင်း၊ မိမိတို့ နိုင်ငံသားချင်း ဆုံးရှုံးခြင်းသာ ဖြစ်ပါတယ်။ အေးချမ်းစွာ နေထိုင်လိုကြတဲ့ မိဘပြည်သူများပဲ မြေစာပင်ဖြစ်ကြရပါတယ်။ ဒါကြောင့် လက်နက်ကိုင်ပဋိပက္ခကို ငြိမ်းချမ်းရေးနည်းလမ်းဖြင့်သာလျှင် ဖြေရှင်းနိုင်ခြင်းသည် အမှန်ကန်ဆုံးဖြစ်တယ်လို့ ခံယူပါတယ်။ စစ်ရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းသည် မတတ်စွမ်းနိုင်ဘူးဆိုတာ (၆၅)နှစ်ကျော်ကြာ ဖြစ်လာခဲ့တဲ့ ပြည်တွင်းစစ်ကြီးကနေ သင်ခန်းစာရရှိပြီ ဖြစ်ပါတယ်။ ယနေ့ဖြစ်ပေါ်နေတဲ့ ကိုးကန့်ဒေသ

ပြဿနာသည် ပြည်တွင်းရေးကိစ္စရပ်ဖြစ်တယ်လို့ သမ္မတကြီးရဲ့ မကြာမီရက်ပိုင်းက တွေ့ဆုံမေးမြန်းခန်းမှာ ပြောကြားတာကို သိရှိရသလို ထာဝရငြိမ်းချမ်းရေးနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကိုလည်း တွေ့ဆုံညှိနှိုင်း အဖြေရှာသောနည်းလမ်းဖြင့် အောင်မြင်မှုလက်တစ်ကမ်းမှာ ရှိနေတယ်လို့ သိရှိပြီးဖြစ်ပါတယ်။

ပြည်ထောင်စုကြီးကနေ ဘယ်တော့မှ ခွဲထွက်မှာ မဟုတ်ဘူးဆိုတာလည်း အလေးအနက် သိမြင်နားလည် ခံယူထားပါတယ်။ ယနေ့ ပြည်တွင်းမှာ မည်သည့်နေရာဒေသမဆို ဖြစ်ပေါ်နေတဲ့ လက်နက်ကိုင် ပဋိပက္ခများကို တွေ့ဆုံညှိနှိုင်းအဖြေရှာသော နည်းလမ်းဖြင့် ဖြေရှင်းခြင်းသည်သာလျှင် စစ်မှန်သော ငြိမ်းချမ်းရေးရဖို့ အမှန်ကန်ဆုံးဖြစ်တယ်လို့ ယုံကြည်ပါတယ်။ စစ်မှန်သော ငြိမ်းချမ်းရေးကို စစ်ဘေးသင့်ဒဏ်ခံနေရရှာသော မိဘပြည်သူများနှင့် တိုက်ပွဲဝင်နေကြရတဲ့ တပ်မတော်များအပါအဝင် အားလုံးပါဝင်သူတွေက ငြိမ်းချမ်းရေးကို ပိုမိုအလိုလားဆုံးဖြစ်တယ်ဆိုတာ သိမြင်နားလည်ခံယူပါတယ်။ စစ်ဘေးသင့်ဒဏ်ခံနေရရှာတဲ့ မိဘပြည်သူများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ အမျိုးသမီးထုများရဲ့ဘဝအခြေတကျ ပြန်လည်နေထိုင်ဖို့ရာအတွက် အချိန်ကြာမြင့်စွာ ရယူရမှာ ဖြစ်သလို ရုပ်ပိုင်းဘဝ၊ စိတ်ပိုင်းဘဝ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်ကြီးလည်း ကြီးမားလှပါတယ်။

ကိုးကန့်ဒေသသာမကပဲ လက်နက်ကိုင် ပဋိပက္ခဖြစ်ပေါ်ရာ ဒေသများမှာ တည်ငြိမ်အေးချမ်းရေး ဖြစ်ထွန်းလာစေဖို့ရာအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အားလုံးပူးပေါင်းပါဝင်ရမယ်ဆိုတာ အလေးထားဆွေးနွေးတင်ပြအပ်ပါတယ်။ စစ်ဘေးသင့်ဒဏ်ခံနေရရှာသော မိဘပြည်သူများရဲ့ ဘဝကို ကိုယ်ချင်းစာနာစိတ်၊ ညှာတာထောက်ထားစိတ်၊ သနားဂရုဏာစိတ် ထားရှိနေကြမယ်ဆိုတာ ယုံကြည်ပါတယ်။ ယနေ့ မည်သည့်နေရာဒေသတွင်မဆို လက်နက်ကိုင် ပဋိပက္ခများကို စစ်ရေးနည်းလမ်းဖြင့် ဖြေရှင်းလို့ အဖြေမရနိုင်ပါ။ ဘယ်ခါမှလည်း ရမှာမဟုတ်ပါ။ ဒါကြောင့် မိမိတို့ရဲ့ ပြည်တွင်းရေး ပြဿနာကို ငြိမ်းချမ်းရေးနည်းလမ်းဖြစ်တဲ့ တွေ့ဆုံညှိနှိုင်းအဖြေရှာသော နည်းလမ်းဖြင့် ဖြေရှင်းခြင်းတည်းဟူသော နိုင်ငံရေးယဉ်ကျေးမှုသစ်ဖြင့် ဖော်ဆောင်ပြီး အားလုံးပါဝင်နိုင်သော အမျိုးသားအင်အားစုများက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းပါဝင်ကြစေဖို့ ဖြစ်ပါကြောင်း အလေးအနက်ဆွေးနွေး တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဖေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဖေ၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ

အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ရှိသေဂါရဝ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဖေ ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာကတော့ ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)ရဲ့ "ရှမ်းပြည်နယ် လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းမှု ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ရေး" ဆိုတဲ့ အဆိုကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား- ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့ တည်ငြိမ်အေးချမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရန် တိုင်းရင်းသားအားလုံးက အမျိုးသားရေးမှုအဖြစ် ဝိုင်းဝန်းဆောင်ရွက်ရေးဆိုတဲ့အဆိုကို ကျွန်တော် တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၏ ထူးခြားချက်များစွာထဲက အချို့ကို အနည်းငယ်တင်ပြလိုပါတယ်။ ရှမ်းပြည်နယ်သည် အခြားပြည်နယ်များနှင့် နှိုင်းယှဉ်လျှင် ဧရိယာပို၍ ကျယ်ဝန်းခြင်း၊ တိုင်းရင်းသားလူမျိုးစုများ များပြားခြင်း၊ ရှမ်းပြည်နယ်၏ နယ်နိမိတ်သည် နိုင်ငံခြားတိုင်းပြည်များဖြစ်သည့် တရုတ်၊ လာအို၊ ထိုင်းနိုင်ငံများနှင့် ထိစပ်ခြင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများပြားခြင်း၊ ကျွန်တော်တို့ နိုင်ငံတစ်နိုင်ငံလုံး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (၁)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၅)ခုရှိရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသ(၅)ခုသည် ရှမ်းပြည်နယ်၌ တည်ရှိနေခြင်းစသည့် ထူးခြားချက်များ ဖြစ်ပါတယ်။

ဤကဲ့သို့ ထူးခြားချက်များကြောင့်လည်း နယ်စပ်တစ်လျှောက်ရှိ ဒေသအတော်များများမှာ လက်နက်ကိုင်ပဋိပက္ခကြောင့် စစ်ပွဲ၏ ဆိုးကျိုးများကို စစ်ဖြစ်ရာဒေသရှိ ဒေသခံ လူထုပို၍ ထိတွေ့ခံစားရပါတယ်။ ယခုစစ်ဖြစ်နေသော လောက်ကိုင်ဒေသသည် ဟိုပန်မြို့နယ်နှင့် နီးကပ်နေခြင်းကြောင့် စစ်ပွဲအခြေအနေ၊ ဒေသခံလူထုအခြေအနေ၊ စစ်ဘေးရှောင် ဒုက္ခသည်များနှင့်ပတ်သက်၍ မျက်မြင်ကိုယ်တွေ့ သိရှိရပါတယ်။ လက်ရှိအခြေအနေမှာ အတော်အသင့်တည်ငြိမ်နေပြီ ဖြစ်သော်လည်း နဂိုပုံမှန်အခြေအနေရောက်ရန်မှာ အချိန်ယူရမှာ ဖြစ်ကြောင်း သုံးသပ်မိပါတယ်။ ကျွန်တော်တစ်ဦးတည်း၏ သဘောထားအမြင်ကို ပြောရလျှင် စစ်ပွဲသည် အနိုင်ရရှိသူ မရှိ၊ နှစ်ဘက်စလုံးရှုံးသည်။ အများဆုံးရှုံးခြင်းနှင့် အနည်းဆုံးရှုံးခြင်းသာ ကွာပါသည်။ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စိတ်လက်ချမ်းသာစွာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ပြည်သူများကလည်း တည်ငြိမ်အေးချမ်းရေးကိုသာ လိုလားကြပါတယ်။ ဒေသတစ်ခု၏ တည်ငြိမ်အေးချမ်းရေးသည် အင်မတန်မှ အရေးကြီးကြောင်း

ပြောကြားလိုပါတယ်။ ထို့ကြောင့် ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေါ်အေးချိုစိန်၏ "ရှမ်းပြည်နယ် လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းမှု ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ရေး" အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေး တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်မြ၊ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း လေးစားဂါရဝပြုပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကျွန်တော်ကတော့ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား- ကျွန်တော့်အနေနဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးချိုစိန် တင်သွင်းသွားခဲ့တဲ့ "ရှမ်းပြည်နယ်လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းမှု ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ရေး" အရေးကြီး အဆိုအပေါ် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား- ကိုးကန့်သောင်းကျန်းသူများ မြန်မာနိုင်ငံအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်ပေါင်းစု (MNDAA) နဲ့ တပ်မတော်ရဲ့ စစ်ရေးပဋိပက္ခကြောင့် စစ်သည် (၄၀)ကျော် တိုက်ပွဲကျဆုံးပြီး ဒုက္ခသည်ပေါင်း (၁၀၀၀၀) ကျော် တစ်ဖက်နိုင်ငံကို သွားရောက်ခိုလှုံရပြီး လားရှိုး၊ ကွမ်းလုံစတဲ့ မြို့တွေကိုလည်း စစ်ဘေးရှောင်ကြရတဲ့ ပြည်သူများကြောင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားလာတဲ့အတွက် နိုင်ငံတော်အစိုးရက ၁၇. ၂. ၂၀၁၅ နေ့ကစပြီး စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ဆောင်ရွက်ပြီးတဲ့နောက် တပ်မတော်က ကာကွယ်စောင့်ရှောက်လျက်ရှိပါတယ်။ ဖေဖော်ဝါရီ ၂၁ ရက်နေ့မှာ လုံထန်ကျေးရွာအကျော်မှာ သတင်းထောက်များနဲ့ စစ်ဘေးရှောင် (၁၅)ဦးပါတဲ့ ကြက်ခြေနီ အလံလွှင့်ထူထားတဲ့ ယာဉ်(၁)စီး အပစ်အခတ်ခံခဲ့ရပါတယ်။ ဖေဖော်ဝါရီ ၂၃ ရက်နေ့မှာ ၎င်းနေရာအနီး

မှာပဲ လောက်ကိုင်မြို့က အကျဉ်းသားများ၊ စစ်ဘေးရှောင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ လိုက်ပါလာတဲ့ ယာဉ်မှာလည်း ပစ်ခတ်ခံခဲ့ရပါတယ်။

စစ်ဘေးရှောင်များကို လားရှိုး၊ မန်ဆူဘုန်းကြီးကျောင်းဝင်းအတွင်း ဖွင့်လှစ်ထားတဲ့ ကယ်ဆယ်ရေးစခန်း နေ့စဉ်ဖွင့်လှစ်ထားပြီး မော်တော်ယာဉ်များဖြင့် နေရပ်ဒေသတွေကို အခမဲ့ ပို့ဆောင်ပေးခဲ့ရာမှာ ဖေဖော်ဝါရီ ၂၂ ရက်နေ့ထိ (၁၀၀၂၂)ဦးထိ ရှိခဲ့ကြောင်းနှင့် တိုက်ပွဲကြောင့် ပျက်စီးသွားတဲ့ ဌာနဆိုင်ရာအဆောက်အဦတွေကိုလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပြန်လည် ပြင်ဆင်ပေးခဲ့ကြောင်း သိရပါတယ်။ စစ်ဘေးရှောင်များကို ကွမ်းလုံ၊ ချင်းရွှေဟော်၊ သီပေါမြို့နယ် ဒေသခံများကလည်း ပါဝင်ကူညီစောင့်ရှောက်ပေးခဲ့တာကြည့်ရင် ပြည်ထောင်စုစိတ်ဓာတ်နဲ့ အရေးကြီးရင် သွေးနီးတဲ့ စိတ်ဓာတ်များ အားကျဖွယ် တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ ကိုးကန့်သောင်းကျန်းသူများအနေနဲ့ လောက်ကိုင်ဒေသအတွင်း ၎င်းတို့ ခံစစ်ယူအခြေပြုထား တဲ့ အချက်အခြာကျတဲ့ နေရာများနှင့် စစ်ဗျူဟာအရ အရေးကြီးတဲ့နေရာတွေကို တပ်မတော် စစ်ကြောင်းများရဲ့ အပြင်းအထန်ထိုးနှက် တိုက်ခိုက်မှုတွေကြောင့် တောင်ကုန်းတွေကို တစ်ခု ပြီးတစ်ခု စွန့်လွှတ်ရပြီး ဆုတ်ခွာထွက်ပြေးနေရကြောင်း သိရှိရပါတယ်။ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း စစ်ဆင်ရေး တာဝန်ထမ်းဆောင်နေကြတဲ့ တပ်မတော်သားများနဲ့ လောက်ကိုင်ဒေသတိုက်ပွဲတွေမှာ ထိခိုက်ကျဆုံးခဲ့တဲ့ တပ်မတော်သားများကို နိုင်ငံတော် သမ္မတ၊ ဒုသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ ကိုယ်တိုင်သွားရောက် ကြည့်ရှုအားပေးတဲ့အပြင် ငွေကြေးနှင့် လက်ဆောင်ပစ္စည်း များကိုလည်း ပေးအပ်ခဲ့ကြတာ တွေ့ရှိရပါတယ်။

အလားတူပဲ ပြည်သူများက ထောက်ပံ့ကူညီလှူဒါန်းငွေဟာ မတ်လ ၅ ရက်နေ့ထိ (၂.၄)ဘီလီယံခန့် လက်ခံရရှိထားကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၏ ပြောပြချက်အရ သိရှိရပါတယ်။ တရားသောစစ် အောင်နိုင် ရေးအတွက် စစ်ဆင်ရေးမှာ ထိခိုက်ကျဆုံးခဲ့ကြရတဲ့ အရာရှိစစ်သည် မိသားစုတွေကို စာနာ စိတ်နဲ့ ထောက်ပံ့ကူညီကြတဲ့ အထဲမှာ ရှမ်းပြည်နယ်က ပြည်သူများနှင့်အတူ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်အချို့ကလည်း တစ်ဦးချင်း ပါဝင်လှူဒါန်းခဲ့ကြတာကို သတင်းစာ များက တစ်ဆင့် လေးစားဂုဏ်ယူဖွယ် သိရှိရပါတယ်။ ရန်ကုန်တိုင်းစစ်ဌာနချုပ်တစ်ခုတည်း မှာကို ပြည်သူများက အကြိမ်ကြိမ် လှူဒါန်းငွေစုစုပေါင်းဟာ မနေ့ကအထိ ကျပ်သိန်းပေါင်း တစ်သောင်းတစ်ထောင်ကျော်ရှိပြီး ပစ္စည်းလှူဒါန်းမှုဟာလည်း အကြိမ်တစ်ကြိမ်ကို လေးငါး ခြောက်စီးအထိ ရရှိတဲ့ အကြောင်း သေဆုံးတဲ့ စစ်သည်တစ်ဦးကို ကျပ်သိန်း (၂၀)စီ၊ ဒဏ်ရာရ စစ်သည်တစ်ဦးစီကို (၁၀)သိန်းကျပ်စီ ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရှိရပါတယ်။

ဒီလို ထောက်ပံ့ကူညီမှုတွေ ပြုလုပ်ပေးခြင်းဟာ "တပ်မတော်နဲ့ ပြည်သူ ကြည်ဖြူလက်တွဲ ဒို့အောင်ပွဲ" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ တပ်မတော်ဘက်ကနေ ပြည်သူတွေက တစ်သားတည်းရှိနေတယ်ဆိုတာ ပြသရာကျသလို တပ်မတော်သားတွေအနေနဲ့ စိတ်ဓာတ်ခွန်အားတွေလည်း တိုးစေမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာ့တပ်မတော်ဟာ အစဉ်အလာအားဖြင့် တရုတ်ဖြူတိုက်ပွဲအပါအဝင် ဗကပ ချေမှုန်းရေးတိုက်ပွဲများ ကရင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်အတွင်း နာမည်ကျော်စခန်းသိမ်း တိုက်ပွဲကြီးများတွင် စစ်ရေးအတွေ့အကြုံများစွာရရှိထားတဲ့အတွက် အချုပ်အခြာအာဏာကို ထိပါးလာတဲ့ ကိုးကန့်သောင်းကျန်းသူများရဲ့ မတရားတဲ့စစ်ပွဲကို အောင်မြင်စွာ တွန်းလှန်သွားနိုင်မယ်ဆိုတာ ယုံကြည်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ မတ် (၁၃)ရက်နေ့က တိုက်ခိုက်မှုများကြောင့် နယ်နိမိတ်နဲ့ နီးကပ်စွာ တည်ရှိတဲ့ တရုတ်နိုင်ငံအတွင်းမှ ပြည်သူအချို့ သေဆုံးဒဏ်ရာရရှိမှု ဖြစ်ပေါ်ခဲ့ခြင်းအတွက် စိတ်မကောင်းဖြစ်ရကြောင်း၊ မြန်မာနိုင်ငံအစိုးရက သတင်းထုတ်ပြန်ခဲ့ပြီး နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန အချင်းချင်း သံတမန်လမ်းကြောင်းမှ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြန်မာ့တပ်မတော်မှလည်း နှစ်နိုင်ငံ တပ်မတော်အချင်းချင်းနီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက် နယ်စပ်တည်ငြိမ်အေးချမ်းရေးနဲ့ လုံခြုံရေးကို ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ်နှင့်အညီ လောက်ကိုင်ဒေသရဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ တည်ငြိမ်အေးချမ်းရေးဟာ ဆက်လက်ပြီး ထာဝရရေရှည်တည်တံ့ခိုင်မြဲနေမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေဟာ လက်နက်ကိုင်ပဋိပက္ခများများပြားတဲ့အတွက် ပြည်သူအားလုံးက လောက်ကိုင်ဒေသအပါအဝင် ရှမ်းပြည်နယ်တစ်ခုလုံးသာမက မြန်မာတစ်နိုင်ငံလုံး ငြိမ်းချမ်းပါစေဆိုတဲ့ ပြည်သူများရဲ့ ဆန္ဒများဟာလည်း တစ်နေ့တစ်ခြားတိုးပွားလျက်ရှိပါတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနဲ့ အနှစ် (၇၀)နီးပါး လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်ပွားမှု ချုပ်ငြိမ်းစေနိုင်မဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေဟာ ပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆက်စပ်နေတဲ့အတွက် ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးချိုစိန် တင်သွင်းခဲ့တဲ့ "ရှမ်းပြည်နယ် လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းမှု ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ရေး" အရေးကြီးအဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဤအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်က ဆွေးနွေးရန် ရှိပါက ဆွေးနွေးနိုင်ပါတယ်။ ဆွေးနွေးရန် မရှိပါက အစီအစဉ်အတိုင်း ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## “ရှမ်းပြည်နယ် လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းမှု ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက အမျိုးသားရေးတာဝန် တစ်ရပ် အနေဖြင့် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ရေး” အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ဒေါ်အေးချိုစိန်၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ “ရှမ်းပြည်နယ် လောက်ကိုင် ဒေသ တည်ငြိမ်အေးချမ်းမှု ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ရေး” အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါ့မယ်။ အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်က အတည်ပြုရန် သဘောတူပါသလား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

လွှတ်တော်မှ ဤအဆိုနှင့်စပ်လျဉ်းပြီး သဘောတူတဲ့အတွက် ဒေါ်အေးချိုစိန်၏ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရ စီမံကိန်းဥပဒေ (မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရဝင်မှ အဆိုတင်သွင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ ရှမ်းပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။** ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံ ကြပါစေ။ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်၏ ၂၀၁၅ - ၂၀၁၆ ခု ဘဏ္ဍာ

နှစ်၊ ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးမှ ဥပဒေ(မူကြမ်း)ကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ- ၁၉၀ (ခ)တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရ စီမံကိန်းဥပဒေကြမ်းကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်ဟူသော ပြဋ္ဌာန်းချက်အရ ရှမ်းပြည်နယ်၏ ဒေသန္တရ စီမံကိန်း ဥပဒေကြမ်းကို တင်သွင်းခြင်းဖြစ်သည်။ ဥပဒေကြမ်းတွင် အခန်း(၅)ခန်းပါဝင်ပါတယ်။ ပုဒ်မ ၂၁ ခုပါဝင်ပြီးတော့ စာမျက်နှာ ၁၇ မျက်နှာပါဝင်ပါတယ်။ အချိန်ကိုတန်ဖိုးထားသော အားဖြင့် ပုဒ်မ- ၃၊ ပုဒ်မ- ၆ ကို အသေးစိတ်ဖတ်ကြားသွားပြီးတော့ ကျန်တဲ့ပုဒ်မများနဲ့ အခန်း များကိုတော့ ပုဒ်မ၊ ပုဒ်မခွဲ၊ ပုဒ်မခွဲငယ်တွေနဲ့ ဆက်လက်ပြီး ရှင်းလင်းပြီး ရှင်းလင်းတင်သွင်း ပေးသွားမှာ ဖြစ်ပါတယ်။

အခန်း(၁)မှာ အမည်၊ အကျိုးသက်ရောက်သည့် ကာလနှင့် အဓိပ္ပာယ်ဖော်ပြချက် ပါဝင်မှာ ဖြစ်ပါတယ်။ ပုဒ်မ- ၃ ဤဥပဒေသည် ၂၀၀၅ ဘဏ္ဍာနှစ်၊ ဧပြီလ(၁)ရက်နေ့မှစ၍ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် အကျိုးသက်ရောက်စေရမည်ဟု ပါဝင်ပါတယ်။ ပုဒ်မ- ၄ မှာ ပုဒ်မ ခွဲ(၁)(၂)(၃)(၄)(၅)(၆)(၇)(၈) ပါဝင်ပြီး ပုဒ်မ (၉)မှာ ပုဒ်မခွဲငယ် (၉)ခုပါဝင်ပါတယ်။ အခန်း(၂) ဦးတည်ချက်မှာ ပုဒ်မ-၅ ပါဝင်ပြီး ဥပဒေ၏ ဦးတည်ချက်များမှာ (၁)မှ(၇)အထိ ပါဝင်ပါတယ်။

အခန်း(၃)စီမံကိန်းလျာထားချက်မှာ ပုဒ်မ(၆)ရဲ့ ပုဒ်မခွဲငယ် (၄)ခုပါဝင်ကြောင်း၊ ပုဒ်မ (၆)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ချမှတ်ထားသော မူဝါဒနှင့်အညီ စီမံကိန်း လျာထားချက်များ ထားရှိ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပုဒ်မခွဲ(၁)မှာ ရှမ်းပြည်နယ်၏ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာ နှစ် ရည်မှန်းချက်မှာ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ကျပ်သန်းပေါင်း (၃၈၆၇၆၃၀.၁) (ကျပ်ဘီလီယံ ၃၈၆၇.၆) ရရှိအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နံပါတ် (၂) အနေနဲ့ စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ (၄.၅)ရာခိုင်နှုန်းတိုးတက်ဖြစ်ပေါ် အောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နံပါတ်(၃)အနေနဲ့ ရှမ်းပြည်နယ်၏ စီးပွားရေး ဦးတည် ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၃၄.၀)ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး ၏ ပါဝင်မှုအချိုးအစားကို (၂၆.၀)ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၄၀.၀)ရာခိုင်နှုန်း အသီးသီးပြောင်းလဲ ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။ နံပါတ်(၄)အနေနဲ့ လယ်ယာ ကဏ္ဍကြီးကို (၂.၁)ရာခိုင်နှုန်း လျော့နည်းအကောင်အထည်ဖော်ရန်၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၈.၀)ရာခိုင်နှုန်း၊ ဝန်ဆောင်မှု ကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၈.၅) ရာခိုင်နှုန်း အသီးသီးတိုးတက်စေမှာ ဖြစ်ပါတယ်။

အခန်း(၄) ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်ပါဝင်ပါတယ်။ ပုဒ်မ- ၇ မှာ ရှမ်းပြည်နယ်၏ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့် စပ်လျဉ်း၍ -(က) မူဝါဒများမှာ အချက်(၂)ချက်ပါဝင်မှာ ဖြစ်ပါတယ်။ (ခ) ရည်မှန်းချက်များတွင် ပုဒ်မခွဲငယ် (၈)ချက်၊ (ဂ) လုပ်ငန်းစဉ်များမှာ ပုဒ်မခွဲငယ် (၆)ချက် ပါဝင်ပါတယ်။ ပုဒ်မ(၈)မှာ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒမှာ အချက်(၃) ချက်၊ ရည်မှန်းချက်မှာ (၁)ချက်၊ လုပ်ငန်းစဉ်မှာ (၄)ချက်ပါဝင်ပါတယ်။ ပုဒ်မ(၉)မှာ သစ်တောကဏ္ဍနှင့် စပ်လျဉ်းပြီးတော့ မူဝါဒများမှာ အချက်(၄)ချက်၊ ရည်မှန်းချက်များမှာ (၂)ချက်၊ လုပ်ငန်းစဉ်မှာ (၅)ချက် ပါဝင်ပါတယ်။ ပုဒ်မ(၁၀) ရှမ်းပြည်နယ်၏ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် စွမ်းအင်ကဏ္ဍရည်မှန်းထားခြင်း မရှိပါကြောင်း၊ အရောင်းဆိုင်များနှင့် ပတ်သက်ပြီး ဝန်ဆောင်မှုကဏ္ဍမှာ ထည့်သွင်းတွက်ချက်သွားခြင်း ဖြစ်ပါကြောင်း တင်သွင်းအပ်ပါတယ်။ ပုဒ်မ(၁၁)မှာ ရှမ်းပြည်နယ်၏ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် သတ္တုနှင့် တွင်းထွက်ပစ္စည်းများ ကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒများမှာ အချက်(၂)ချက်၊ ရည်မှန်းချက်များမှာ အချက်(၃)ချက်၊ လုပ်ငန်းစဉ်များမှာ အချက်(၃)ချက်ပါဝင်ပါတယ်။ ပုဒ်မ(၁၂)မှာ ရှမ်းပြည်နယ်၏ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုနှင့် စပ်လျဉ်း၍ မူဝါဒများမှာ(၄)ချက်၊ (ခ)ရည်မှန်းချက်မှာ(၂)ချက်၊ (ဂ)လုပ်ငန်းစဉ်မှာ အချက်(၅)ချက်ပါဝင်ပါတယ်။

ပုဒ်မ(၁၃) လျှပ်စစ်ဓာတ်အားကဏ္ဍနှင့် စပ်လျဉ်းပြီး (က)မူဝါဒမှာ အချက်(၃)ချက်၊ (ခ) ရည်မှန်းချက်များမှာ အချက်(၁)ချက်၊ (ဂ) လုပ်ငန်းစဉ်များမှာ အချက်(၂)ချက် ပါဝင်ပါတယ်။ ပုဒ်မခွဲငယ် (၂)မှာတော့ (က)မှ (ဆ)အထိ ပါဝင်မှာ ဖြစ်ပါတယ်။ ပုဒ်မ(၁၄) ဆောက်လုပ်မှုကဏ္ဍနှင့် စပ်လျဉ်း၍ (က)မူဝါဒမှာ အချက်(၂)ချက်၊ (ခ) ရည်မှန်းချက်များမှာ အချက်(၃)ချက်၊ (ဂ)လုပ်ငန်းစဉ်များမှာ အချက်(၃)ချက်ပါဝင်ပါတယ်။ ပုဒ်မ(၁၅) ပို့ဆောင်ရေး ကဏ္ဍနှင့် စပ်လျဉ်း၍ (က)မူဝါဒအချက်(၃)ချက်၊ (ခ)ရည်မှန်းချက်အချက်(၂)ချက်၊ (ဂ)လုပ်ငန်းစဉ်မှာ အချက်(၂)ချက် ပါဝင်ပါတယ်။ ပုဒ်မ (၁၆) ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒအချက် (၄)ချက်၊ ရည်မှန်းချက်ကတော့ (၂)ချက်၊ လုပ်ငန်းစဉ်များမှာ အချက်(၅)ချက် ထည့်သွင်းထားပါတယ်။ ပုဒ်မ(၁၇) ငွေရေးကြေးရေးကဏ္ဍနှင့် ပတ်သက်ပြီးတော့ မူဝါဒအချက်(၁)ချက်၊ ရည်မှန်းချက်လည်းအချက်(၁)ချက်၊ (ဂ)လုပ်ငန်းစဉ်မှာ အချက်(၂)ချက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပုဒ်မ (၁၈)အနေနဲ့ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍမှာ မူဝါဒအနေနဲ့ အချက်(၉)ချက်၊ ရည်းမှန်းချက်ကတော့ အချက်(၁)ချက် ပါဝင်ပါတယ်။ ပုဒ်မ (၁၉) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ မူဝါဒကို အချက်(၃)ချက်၊ ရည်မှန်းချက်မှာ (၁)ချက်ပါဝင်ပါတယ်။ ပုဒ်မ (၂၀)မှာ ကုန်သွယ်မှုကဏ္ဍနဲ့ စပ်လျဉ်းပြီး မူဝါဒမှာ အချက်(၂)ချက်၊ ရည်မှန်းချက်

များမှာ အချက်(၁)ချက် ပါဝင်ပါတယ်။ အခန်း(၅)ကတော့ အထွေထွေဖြစ်ပါတယ်။ ပုဒ်မ (၂၁) အစိုးရအဖွဲ့သည် ယင်းတို့နှင့် သက်ဆိုင်သည့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် စီစဉ်မှုများ ချမှတ်ကျင့်သုံးဆောင်ရွက်နိုင်မည်ဟု ပါပါတယ်။ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ကို ရှမ်းပြည်နယ်လွှတ်တော်မှ ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းပေးရန် လေးစားစွာ တင်ပြရင်း နိဂုံးချုပ်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅ - ၂၀၁၆ ခုဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၅ - ၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့ (ကြာသပတေးနေ့)မှာ ဆွေးနွေးပါမည်။ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အမည်စာရင်းကို ယနေ့ ညနေ ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းနိုင်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ယခုနေ့လယ်စာစားသုံးရန်အတွက် အစည်းအဝေးကို (၁:၃၀)နာရီ ရပ်နားပါမည်။

**အခမ်းအနားမှူး။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

# ရှမ်းပြည်နယ်

# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

# (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (ဒုတိယနေ့)မှတ်တမ်း

# ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၅) ရက်

# ၂၀၁၅ ခုနှစ်၊ မတ်လ (၂၄) ရက်

# [အင်္ဂါနေ့]

# နေ့လယ်ပိုင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်း အစီအစဉ်များအား ဆက်လက်ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေး ကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)**

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄ - ၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄ - ၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ လမ်းပန်းဆက်သွယ်ရေး ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ဦးဆောင် လမ်းညွှန်မှုနှင့် ၂၀၁၄ - ၂၀၁၅ ခွဲဝေရရှိတဲ့ ရန်ပုံငွေများနှင့် လုပ်ငန်းဆောင်ရွက် ထားရှိမှုများကို အစီရင်ခံတင်ပြသွားမည်ဖြစ်ကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များသို့ Soft Copy CD ဖြန့်ဝေထားပြီး အချိန်ကို ငဲ့ညာသောအားဖြင့် အသေးစိတ် မရှင်းလင်းသော်လည်း အချို့နေရာ များကို အသေးစိတ်ရှင်းလင်း တင်ပြသွားပါမည်။

တင်ပြပါဇယားကတော့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေး နှစ်မှာ ဆောင်ရွက်ခဲ့သော ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှာရှိတဲ့ လမ်းအမျိုးအစား စာရင်းချုပ် တင်ပြခြင်းဖြစ်ပါတယ်။ တင်ပြရခြင်း၏ ရည်ရွယ်ချက်ကတော့ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ် ဆောင်ရွက်ခဲ့တဲ့ လမ်းလုပ်ငန်းများနှင့် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ တိုးတက်ဖြစ်တည် လာတဲ့ လမ်းများကို နှိုင်းယှဉ်ပြီး ဖွံ့ဖြိုးတိုးတက်မှုတွေကို သိရှိစေဖို့ တင်ပြရခြင်းဖြစ်ပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်းမှာ လမ်းအရေအတွက် (၆၃)လမ်းဖြစ်ပြီး ကွန်ကရစ်လမ်း မရှိကြောင်း၊ ကတ္တရာလမ်းအနေနဲ့ ၁၃၁၂ မိုင် ၇ ဖာလုံ ၄၆၀ ပေ၊ ကျောက်လမ်းအနေနဲ့ ၂၁၀ မိုင် ၇ ဖာလုံ ၂၀၀ ပေ၊ အမာခံလမ်း ၅ မိုင် ၀.၅ ဖာလုံ၊ မြေလမ်း ၃၉၄ မိုင် ၆.၅ ဖာလုံဖြစ်ပြီး စုစုပေါင်း ၂၃၃၃ မိုင် ၆ ဖာလုံ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းအနေနဲ့ လမ်းအရေအတွက် (၉၂) လမ်းဖြစ်ပြီး ကွန်ကရစ်လမ်းမရှိကြောင်း၊ ကတ္တရာလမ်းအနေနဲ့ ၁၃၇၄ မိုင် ၁ ဖာလုံ၊ ကျောက်လမ်းအနေနဲ့ ၃၁၃ မိုင် ၂ ဖာလုံ၊ အမာခံလမ်း ၅၉၀ မိုင် ၂.၅ ဖာလုံ၊ မြေလမ်း ၈၅၃ မိုင် ၃.၅ ဖာလုံဖြစ်ပြီး၊ စုစုပေါင်း ၃၁၃၇ မိုင် ၁ ဖာလုံ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အရှေ့ပိုင်းအနေနဲ့ လမ်းအရေအတွက်(၂၅)လမ်း၊ ကွန်ကရစ်လမ်း ၄ မိုင်၊ ကတ္တရာလမ်းအနေနဲ့ ၃၈၅ မိုင် ၇ ဖာလုံ ၄၉၅ ပေ၊ ကျောက်လမ်း ၂၂၁ မိုင် ၁ ဖာလုံ၊ အမာခံလမ်း ၂၅၁ မိုင် ၆ ဖာလုံ၊ မြေလမ်း ၂၉၃ မိုင် ၄ ဖာလုံ ၁၆၅ ပေ ဖြစ်ပြီး စုစုပေါင်း ၁၁၅၆ မိုင် ၃ ဖာလုံ ဖြစ်ပါတယ်။ ပြည်နယ်ချုပ်အနေနဲ့ လမ်းအရေအတွက်ပေါင်း (၁၈၀)လမ်း၊ ကွန်ကရစ်လမ်း ၄ မိုင်၊ ကတ္တရာလမ်းအနေနဲ့ ၃၀၇၃ မိုင် ၂၉၅ ပေ၊ ကျောက်လမ်း ၇၄၅ မိုင် ၂ ဖာလုံ ၂၀၀ ပေ၊ အမာခံလမ်း ၁၂၅၇ မိုင် ၁ ဖာလုံ၊ မြေလမ်း ၁၅၄၇ မိုင် ၆ ဖာလုံ ၁၆၅ ပေ၊ စုစုပေါင်း ၆၆၂၇ မိုင် ၂ ဖာလုံ ဖြစ်ကြောင်း တင်ပြအပ်ပါ တယ်။

တင်ပြပါဇယားကတော့ ရှမ်းပြည်နယ်တောင်ပိုင်းမှာ ရှိနေတဲ့ လမ်းများကို တင်ပြ ထားခြင်း ဖြစ်ပါတယ်။ အမှတ်စဉ် (၁) မှ (၉) ထိ ပြည်ထောင်စုမှ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ လမ်း ဖြစ်ပါတယ်။ အမှတ်စဉ် (၂)ဖြစ်တဲ့ လွိုင်လင်- ပန်ကေတု- သီပေါလမ်းဟာ ပြည်ထောင်စုမှ

စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့လမ်းဖြစ်ပြီး ရန်ပုံငွေအရ ရရှိတာ နည်းပါးတဲ့အတွက် ကြောင့် ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်မှုနဲ့ ၂၀၁၅ - ၂၀၁၆ မှာ ပြည်နယ်ကနေစီမံခန့်ခွဲမည့်လမ်းအဖြစ် တင်ပြတောင်းခံထားပြီး ဖြစ်ပါတယ်။

ဒီနေရာမှာ အနည်းငယ် ရှင်းလင်းတင်ပြချင်တာကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စပြီး တာဝန်ယူတဲ့အချိန်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့လမ်း၊ ပြည်ထောင်စုမှ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့လမ်းလို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အတိအလင်းဖော်ပြထားပြီး ဖြစ်ပါတယ်။ ပြည်နယ်ကနေ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့လမ်းက ၃၂% ဖြစ်ပြီး၊ ပြည်ထောင်စုကနေပြီး ၆၈% စီမံခန့်ခွဲပါတယ်။ ဒုတိယသမ္မတ(၂) ဦးညဏ်ထွန်းမှ လမ်းတံတားနှင့်ပတ်သက်ပြီး တိုးတက်မှု အစည်းအဝေး ဦးဆောင်ကျင်းပတဲ့နေရာမှာ တိုင်းဒေသကြီး/ ပြည်နယ် ၅၀% ၊ ပြည်ထောင်စုက ၅၀ % စီမံပါဆိုပြီး ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် ၅၀- ၅၀ စီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ အဲ့ဒီမှာ အချို့သော တိုင်းဒေသကြီး၊ ပြည်နယ်များဟာ လုပ်ကိုင်ဆောင်ရွက်နိုင်မှုမှာ အားနည်းနိုင်တဲ့အတွက်ကြောင့် ပြည်ထောင်စုကို လမ်းများ ပြန်အပ်တာ ရှိပါတယ်။

ရှမ်းပြည်နယ်အနေနဲ့ လမ်းများကို ပြန်အပ်ခြင်းမရှိဘဲ ဝန်ကြီးချုပ်ရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့ လမ်းများကို တိုးယူပြီး ဘတ်ဂျက်တွေ တိုးတင်လိုက်တာ ဖြစ်ပါတယ်။ ၂၀၁၅ - ၂၀၁၆ မှာ ပြည်နယ်ကနေ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ လမ်းက ၆၈ % ဖြစ်ပြီး ပြည်ထောင်စုကနေ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့လမ်း ၃၂ % ပဲ ဖြစ်မယ်ဆိုတဲ့အကြောင်းကို အစီရင်ခံ တင်ပြအပ်ပါတယ်။

အမှတ်စဉ်(၃) ဖြစ်တဲ့ နမ့်စန်- မိုးနဲနှင့် မိုင်းတုံ- မိုင်းဆတ်လမ်း ဒီလမ်းဟာလည်း ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မိုင်တိုင် (၀၀)မှ တာဆန်းတံတားထိ (၁၁၆)မိုင်ရှိပြီး တာဆန်းတံတား (၁၁၆)မိုင်ကနေ မိုင်းတုံ- မိုင်းဆတ်ရောက်တဲ့အထိ (၁၉၂)မိုင်အား ပြည်ထောင်စု စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့လမ်းကို ၂၀၁၅ - ၂၀၁၆ နှစ်မှာ ဝန်ကြီးချုပ်ရဲ့လမ်းညွှန်ချက်နဲ့ ပြည်နယ်စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့လမ်းကို တင်ပြတောင်းခံပြီး ရန်ပုံငွေလည်း တောင်းခံထားပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုကနေ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့လမ်း ၂၀၁၄ - ၂၀၁၅ မှာ (၉)လမ်း ဖြစ်ပါတယ်။ ပြည်နယ်စုစုပေါင်း ရှမ်းပြည်နယ်တောင်ပိုင်းမှာ ပြည်ထောင်စု စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်လမ်း (၆၃)လမ်းဖြစ်ပြီး ပြည်ထောင်စုလမ်း (၉)လမ်း ဖြစ်ပါတယ်။ ပြည်နယ်အနေနဲ့ လမ်းပေါင်း (၅၄)လမ်း စီမံခန့်ခွဲမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်းမှာရှိနေတဲ့ ပြည်ထောင်စုကနေ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ လမ်း(၁၈) လမ်းဖြစ်ပါတယ်။ ၎င်းလမ်းများထဲမှာလည်း ပြည်နယ်လမ်းကို ပြန်လည်ယူထားတဲ့ လမ်း(၁) လမ်းရှိပါတယ်။ မန္တလေး- မိုးကုတ်- မိုးမိတ်- မဘိမ်း- စီဦး- ဗန်းမော်လမ်း ပြည်နယ်က စီမံခန့်ခွဲပိုင်ခွင့်

ရှိတဲ့လမ်းအဖြစ် ပြန်ယူထားပါတယ်။ အမှတ်စဉ်(၁)ဖြစ်တဲ့ လွိုင်လင်- ပန်ကေတု- သီပေါလမ်း ပြည်နယ်စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့လမ်းအဖြစ် ပြန်လည် တောင်းခံပြီးသားဖြစ်ပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်းမှာ ပြည်နယ်စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့လမ်း၊ ပြည်ထောင်စု စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့လမ်း စုစုပေါင်းအားလုံး (၉၂)လမ်းရှိပါတယ်။ ပြည်ထောင်စုက (၁၈)လမ်း စီမံခန့်ခွဲပြီး ပြည်နယ်က (၇၄)လမ်း စီမံခန့်ခွဲခြင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်းအနေနဲ့ (၅)လမ်း စီမံခန့်ခွဲပါတယ်။ ပြည်ထောင်စုကနေ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ လမ်း(၅)လမ်း ၂၀၁၅ - ၂၀၁၆ မှာ စီမံခန့်ခွဲမဲ့လမ်းမှာ တာဆန်း- မိုင်းတုံ- မိုင်းဆတ်လမ်း စီမံဆောင်ရွက်ဖို့ တင်ပြတောင်းခံထားပါတယ်။ မိုင်းဖြတ်- မိုင်းယောင်းလမ်းသည်လည်း လာမဲ့ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ကနေ စီမံခန့်ခွဲဖို့အတွက် ဘတ်ဂျက်တင်ပြတောင်းခံပြီး ပြည်ထောင်စုဝန်ကြီးဌာနကိုလည်း ၎င်းလမ်းကို တင်ပြတောင်းခံထားပါတယ်။ ကျိုင်းတုံ- မိုင်းခတ်- မိုင်းယန်းလမ်း (၇၃)မိုင်ရှိတဲ့လမ်းမှာလည်း လမ်းအမျိုးအစားမှာတော့ ကျောက်လမ်း၊ ကတ္တရာလမ်းပေါက်သော်ငြားလည်း နှစ်ပေါင်းများစွာ ဘဏ္ဍာရန်ပုံငွေ မရရှိခဲ့တဲ့အတွက်ကြောင့် လမ်းအသစ်တစ်လမ်းလုံးကို ပြန်လည်ပြင်ဆင်ရမဲ့ ပုံစံမျိုးဖြစ်နေပါတယ်။

ဒါကြောင့် ဒီလမ်းကို ပြည်နယ်မှ ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်မှုနဲ့ ကျွန်တော်ကိုယ်တိုင် (၂)ကြိမ်တိတိ ကွင်းဆင်းကြည့်ပြီး ပြည်နယ်စီမံဆောင်ရွက်ဖို့အတွက် တောင်းခံပြီး ဘတ်ဂျက်လည်းထည့်သွင်းတောင်းခံထားပြီး ဖြစ်ပါတယ်။ အမှတ်စဉ်(၈)ဖြစ်တဲ့ မိုင်းပျဉ်း- မက်မန်းလမ်း (၇၃)မိုင် ပြည်နယ်ကနေ စီမံခန့်ခွဲပိုင်ခွင့် တင်ပြတောင်းခံထားပြီးသား ဖြစ်ပါတယ်။ အမှတ်စဉ်(၉) ကျိုင်းတုံ- မိုင်းခတ်- မိုင်းယန်းလမ်းလည်း ပြည်နယ်ကနေ စီမံခန့်ခွဲဖို့အတွက်ကို တင်ပြတောင်းခံထားပြီး ဖြစ်ပါတယ်။ အမှတ်စဉ်(၁၀) ဖြစ်တဲ့ မိုင်းဆတ်- မိုင်းခုတ်- မိုင်းဖြတ်လမ်းလည်း ၂၀၁၅ - ၂၀၁၆ မှာ ပြည်နယ်ကနေ စီမံခန့်ခွဲမည့် လမ်းအဖြစ် တင်ပြတောင်းခံထားပြီးသားဖြစ်ပါတယ်။

ရှမ်းပြည်နယ်အရှေ့ပိုင်းမှာ ပြည်ထောင်စု၊ ပြည်နယ် စုစုပေါင်း (၂၅)လမ်းဖြစ်ပြီး ပြည်နယ်ကနေ စီမံခန့်ခွဲမဲ့လမ်း လမ်းပေါင်း (၂၀)ဖြစ်ပြီး ပြည်ထောင်စုလမ်းအနေနဲ့ (၅) လမ်းပဲ ကျန်ရှိမှာ ဖြစ်ပါတယ်။ ပြည်နယ်ချုပ်အနေနဲ့ ပေ(၅၀)အောက် ရေပြွန် Box Pipe တံတားအစင်းပေါင်း ၁၅၁၆၇ စင်း ဖြစ်ပါတယ်။ ပေ(၅၀)နဲ့အထက် ပေ(၁၀၀)အောက် တံတားမှာလည်း စုစုပေါင်း ၂၁၂ စင်း ဖြစ်ပါတယ်။ ပေ(၁၀၀)နှင့်အထက် ပေ(၁၈၀) အောက်တံတားမှာလည်း ၆၇ စင်းဖြစ်ပြီး ပေ(၁၈၀)နှင့်အထက် တံတားအစင်းပေါင်း (၄၈)စင်းဖြစ်ပါတယ်။ စုစုပေါင်း ပြည်နယ်ချုပ်အနေနဲ့ တံတားအစင်း ၁၅၄၉၄ စင်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပေ(၅၀)အောက် ရေပြွန်နဲ့တံတားများကတော့ အစိုးရအဖွဲ့တာဝန်ယူပြီးမှသာ ၁၅၀၀၀ ကျော်ထိ

ဖြစ်လာပါတယ်။ ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်နဲ့ ပေ(၅၀)အောက် သစ်သားတံတားများကို စီမံကိန်းချပြီး သံကူကွန်ကရစ်တံတား ဆောင်ရွက်မယ်ဆိုပြီး ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်နဲ့ သံကူကွန်ကရစ်တံတားတွေ တိုးတက်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ကျိုင်းတုံခရိုင်၊ မိုင်းဖြတ်ခရိုင်၊ တာချီလိတ်ခရိုင်၊ မိုင်းဆတ်ခရိုင်၊ မက်မန်းခရိုင်နဲ့ အထူးစီမံကိန်းကြီး အဖွဲ့ခွဲ(၃)က တာဝန်ယူဆောင်ရွက်တဲ့ တံတားများနဲ့ လေယာဉ်ကွင်း အထူးအဖွဲ့(၄)ကနေ စီမံဆောင်ရွက်တဲ့ တံတားများဆိုပြီး အသေးစိတ် အစီရင်ခံတင်ပြပေးခြင်းဖြစ်ပါတယ်။ တင်ပြပါဇယားကတော့ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေ ခွဲဝေရရှိမှုစာရင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းအနေနဲ့ ငွေလုံးငွေရင်း အဆောက်အဦဆောက်လုပ်ရန်အတွက် (၅၆)လမ်း လမ်းတံတားအတွက် ကျပ်သန်းပေါင်း ၅၈၈၀၀.၈၆၁ သန်းပြင်ဆင်ထိန်းသိမ်းခြင်း အဆောက်အဦ တောင်းခံထားခြင်း မရှိပါ။ လမ်းတံတားအနေနဲ့ ကျပ်သန်းပေါင်း ၈၉၉၄.၅၄ သန်း၊ ရှမ်းပြည်နယ်တောင်ပိုင်းအနေနဲ့ ကျပ်သန်းပေါင်း ၆၇၈၅၁.၄၀၁ သန်း ရရှိပြီးတော့မှ လမ်းတံတားများ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်းအနေနဲ့ ငွေလုံးငွေရင်းနဲ့ အဆောက်အဦအတွက် ကျပ်သန်းပေါင်း ၂၀၀ ၊ လမ်းတံတားအနေနဲ့ ကျပ်သန်းပေါင်း ၁၂၄၁၁.၈၆၀ သန်းဖြစ်ပြီး ပြင်ဆင်ထိန်းသိမ်းခြင်းအနေနဲ့ အဆောက်အဦ ပြင်ဆင်ခြင်းအတွက် ၅၉ သန်း တောင်းခံပေးထားပါတယ်။ လမ်းတံတားအနေနဲ့ ကျပ်သန်းပေါင်း ၁၉၂၂၉.၄၁၃ သန်းရရှိပြီး ရှမ်းပြည်နယ်မြောက်ပိုင်းအနေနဲ့ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်းကျပ် သန်းပေါင်း ၃၁၉၀၀.၂၇၃ သန်း ရရှိဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်းအနေနဲ့ ငွေလုံးငွေရင်း အဆောက်အဦ တောင်းခံခြင်း မရှိပါ။

လမ်းတံတားအနေနဲ့ ကျပ်သန်းပေါင်း ၂၃၆၉၉.၂၈၈ သန်းဖြစ်ပြီး အဆောက်အဦ ပြင်ဆင်ထိန်းသိမ်းခြင်း မတောင်းခံပါ။ လမ်းတံတားပြင်ဆင်ထိန်းသိမ်းခြင်းအတွက် ကျပ်သန်းပေါင်း ၄၀၇၅.၇၅၈ သန်းဖြစ်ပြီး ရှမ်းပြည်နယ်အရှေ့ပိုင်းအနေနဲ့ ကျပ်သန်းပေါင်း ၂၇၇၇၅.၀၄၆ သန်း ရရှိခဲ့ပါတယ်။ ပြည်နယ်ချုပ်အနေနဲ့ ငွေလုံးငွေရင်း အဆောက်အဦအတွက် ၂၅၆ သန်း၊ လမ်းတံတား ကျပ်သန်းပေါင်း ၉၄၉၁၂.၀၀၉ သန်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းအနေနဲ့ အဆောက်အဦ ၅၉ သန်း၊ လမ်းတံတား ၃၂၉၉၇.၇၁၁ သန်းဖြစ်ပြီး စုစုပေါင်း ရှမ်းပြည်တစ်ပြည်နယ်လုံးအနေနဲ့ ကျပ်သန်းပေါင်း ၁၂၇၅၂၆. ၇၂၀ သန်း ရရှိပြီး လမ်းတံတားများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်မှ ကတ္တရာလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ခဲ့တာတွေကို တင်ပြပေးထားခြင်းဖြစ်ပါတယ်။ ကတ္တရာလမ်းသစ်အနေနဲ့ ၃၁၅ မိုင်နဲ့ ၂ ဖာလုံ

ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ၂၄ ပေကျယ် ကတ္တရာလမ်းခင်းခြင်းကို ၃ မိုင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ လင်းခေးခရိုင်မှာရှိတဲ့ တပ်ရှောင်ကွင်းလမ်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ၁၈ ပေကျယ်တဲ့ ကတ္တရာခင်းခြင်းလုပ်ငန်းကို ၃၂ မိုင် ၂ ဖာလုံ ဆောင်ရွက်ခဲ့ပါတယ်။ ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်မှုနဲ့ ကျောက်လမ်းတွေကို ကတ္တရာလမ်း၊ ကတ္တရာလမ်း ၁၂ ပေ ရှိပြီးသား ရွာတွင်းနဲ့ အုပ်စုကြီးရွာကြီးတွေမှာ ၁၈ ပေ ချဲ့ပေးပါ။ ၁၈ ပေရှိပြီးတော့ အသွားအလာ ထူထပ်နေတဲ့ အေးသာယာမြို့တွင်း ၂၄ ပေချဲ့ပေး ပါဆိုပြီး ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် အဆင့်လိုက်အဆင့်လိုက် ခွဲပြီး ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ကတ္တရာထပ်ပိုးလွှာခင်းခြင်းတွေနဲ့ ၂၂ မိုင် ၄ ဖာလုံ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကတ္တရာပြင်ဆင်ခြင်းတွေနဲ့ ၅၅ မိုင် ၆ ဖာလုံ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းအနေနဲ့ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ခြင်း မရှိပါ။ ကတ္တရာလမ်းခင်းခြင်း ၇၅ မိုင် ၆ ဖာလုံ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ၂၄ ပေကျယ် ကတ္တရာလမ်းခင်းခြင်း မရှိပါ။ ၁၈ ပေကျယ် ကတ္တရာခင်းခြင်း ၉ မိုင် ဆောင်ရွက်ခဲ့ပါတယ်။ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၄၆ မိုင် ၄ ဖာလုံ ကတ္တရာလမ်း ပြင်ဆင်ခြင်း ၁၈ မိုင် ၅ ဖာလုံ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အရှေ့ပိုင်းအနေနဲ့ ကွန်ကရစ်လမ်းကို ၃ မိုင် ၄ ဖာလုံ ဆောင်ရွက်ပါတယ်။ မိုင်းပျဉ်း- မက်မန်းလမ်းမှာ ၁ မိုင်၊ ပန်လီ- ဘူရီး- တာချီလိတ်လမ်းမှာ ၄ ဖာလုံ၊ ကျိုင်းတုံ- မိုင်းခွန်- မိုင်းခုတ်လမ်းမှာ ၂ မိုင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ကတ္တရာလမ်း သစ်ခင်းခြင်းအနေနဲ့ ၈၁ မိုင် ဝ ဖာလုံဖြစ်ပြီး၊ ၂၄ ပေကျယ် ကတ္တရာလမ်းခင်းခြင်း ၁၈ ပေကျယ် ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်ခြင်းမရှိပါ။ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းလည်း ဆောင်ရွက်ခြင်းမရှိပါ။ ကတ္တရာလမ်း ပြင်ဆင်ခြင်းအနေနဲ့ ၃ ဖာလုံ ဆောင်ရွက်ပါတယ်။ စုစုပေါင်း ပြည်နယ်ချုပ်အနေနဲ့ ကွန်ကရစ်လမ်းခင်းခြင်းဟာ ၃ မိုင် ၄ ဖာလုံ ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်း ၄၇၂ မိုင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၄ ပေက ၃ မိုင်၊ ၁၈ ပေအကျယ်ချဲ့ကာ ၄၁ မိုင် ၂ ဖာလုံ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၆၉ မိုင်၊ ကတ္တရာလမ်းပြင်ဆင်မှု ၇၄ မိုင် ၆ ဖာလုံ ၂၀၁၄- ၂၀၁၅ ရရှိတဲ့ ရန်ပုံငွေနဲ့ လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်းမှာ ကျောက်လမ်းကို ၈၇ မိုင် ၄ ဖာလုံ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ၃၄ ပေလမ်း တာဘောင်ချဲ့ခြင်း လမ်း Formation ပြည့်မီအောင် ၂၄၀ မိုင် ၅ ဖာလုံ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ RC တံတားရေပြွန် Box Culvert , Pipe Culvert တွေ အစင်းပေါင်း ၇၆၀ ဆောင်ရွက်ပေးခဲ့ပါတယ်။ သစ်သားတံတား၊ ဘေလီတံတား မရှိပါ။ ကျောက်စည်ရေမြောင်းရေကန် ၁၃၇၂၂ ပေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ ကျောက်လမ်း ၉၂ မိုင် ၃.၅ ဖာလုံ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ၃၄ ပေလမ်းတာဘောင်ချဲ့တာ ၁၈၅ မိုင် ၅ ဖာလုံဖြစ်ပြီး၊ တံတားနဲ့ရေပြွန် အစင်းပေါင်း ၅၇၉ စင်း၊

သစ်သားတံတား ပြန်လည်ပြင်ဆင်မွမ်းမံခြင်း၊ ဘေလီတံတားကို ပြန်လည်ပြီး ပြင်ဆင်မွမ်းမံခြင်း ၂၁ စင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကျောက်စီရေမြောင်းရေကန် ၉၃၂၁၀ ပေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်းအနေနဲ့ ကျောက်လမ်း ၅၃ မိုင် ၃ ဖာလုံ ၃၄ ပေ တာဘောင်ချဲ့တာ ၄၇ မိုင် ၇ ဖာလုံ RC တံတားရေပြွန် ၁၈၉ စင်းနဲ့ ၆၁၂၃၅ ပေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ စုစုပေါင်း ၂၀၁၄-၂၀၁၅ ဘတ်ဂျက်နှစ်မှာ ကျောက်လမ်းခင်းခြင်း လုပ်ငန်း ပြည်နယ်ချုပ်အနေနဲ့ ၂၃၃ မိုင် ၂.၅ ဖာလုံ ကျောက်လမ်းခင်းပေးနိုင်ခဲ့ပါတယ်။ ၃၄ ပေ လမ်းတာချဲ့တာတော့ ၄၇၄ မိုင် ၁ ဖာလုံ ဖြစ်ပြီး တံတားအစင်းပေါင်း ၁၅၂၈ စင်း ဆောင်ရွက် ပေးနိုင်ခဲ့ပါတယ်။ သစ်သားတံတားဘေလီ ပြန်လည်ပြင်ဆင်တာ ၂၁ စင်းဖြစ်ပြီး ကျောက်စီ ရေမြောင်း ၁၆၈၁၆၇ ပေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များသိရှိအောင် ဗဟုသုတအနေနဲ့ အစီရင်ခံလိုတာက ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နဲ့ မြို့နယ်ခရိုင်များကနေပြီးတော့မှ တံတားတွေ ရေပြွန်တွေ Box Culvert ပေ(၅၀)နဲ့ (၅၀)အောက်တွေကို ဦးစားပေးပြီး လုပ်ပါတယ်။ ပေ(၅၀)အထက်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တံတားကျွမ်းကျင်တဲ့ တံတားဆောက်လုပ်ရေး တံတားအထူး အဖွဲ့လာရောက်ပြီး တံတားများကို ပေ(၅၀)အထက်ကို မြေစမ်းခြင်း၊ ပုံထုတ်ခြင်း တံတား ဆောက်ခြင်းများကို ဆောင်ရွက်ပါတယ်။ ဘီလူးချောင်းတံတား၊ ဟိုခိုတံတား၊ နောင်ပိုတံတား ကို တံတားအထူးအဖွဲ့(၃)က ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

တံတားအထူးအဖွဲ့(၁၄)က ပေ (၅၀)အထက် စီမံကိန်းဝင် တံတားများမှာ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် (၁၀)စင်း ဆောင်ရွက်နေခြင်းဖြစ်ပြီး အချို့မှာ ၁၀၀% ပြီးစီးကြောင်း၊ အချို့ မှာလည်း ခွဲဝေရရှိသည့်ရန်ပုံငွေပေါ် မူတည်၍ ၂၀၁၅ - ၂၀၁၆ ဆက်လက်ဆောင်ရွက်မည့် တံတားများလည်း ပါဝင်ပါတယ်။ တင်ပြပါ ဇယားကတော့ ဟိုခိုတံတားဖြစ်ပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းယောင်း- မိုင်းယု လမ်းမှာ ရှိပါတယ်။ တောင်ငု- လိပ်သို- ယာဒို- လွိုင်ကော်- ဟိုပုံးလမ်း ပြည်ထောင်စုမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် လမ်းဖြစ်ပါတယ်။ လိပ်သိုမှ ယာဒို၊ ယာဒိုမှ လွိုင်ကော်၊ လွိုင်ကော်မြို့နယ်ကြားတွင် ရှမ်းပြည်နယ်လမ်းမိုင်အနေဖြင့် အနည်းငယ်ပါဝင်ပါတယ်။ လွိုင်ကော်ရောက်ရှိပြီး အနီးစခန်းနယ်စပ်ကနေ ဆီဆိုင်၊ ဟိုပုံးဘက် ရှမ်းပြည်နယ်ကို ပြန်ပေါက်သည့်လမ်းအဖြစ်သာဖြစ်တဲ့အတွက် ဒီလမ်းကို ပြည်နယ်မှ ရန်ပုံငွေ ကျပ်သန်းပေါင်း ၂၁၂၆.၅၃၈ သန်း သုံးစွဲ၍ ကတ္တရာလမ်းသစ်ခင်းခြင်း ၁၀ မိုင် ၅ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၉ မိုင်၊ ၃၄ ပေ တာဘောင်ချဲ့ခြင်း ၃၁ မိုင် ၅ ဖာလုံ၊ တံတား/ ရေပြွန်တည်ဆောက်ခြင်း (၁၁)စင်း ဖြစ်သည့်အတွက် တစ်လမ်းလုံး ကတ္တရာလုပ်ငန်းများ ဆောင်ရွက်ပြီးစီးဖြစ်သည့်အတွက် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်၊ ကရင်ပြည်နယ်ထိ

ရောက်ရှိသည့် လမ်းတစ်လမ်းဟာ ၁၂ ပေကျယ် ကတ္တရာဆောင်ရွက်ပြီးစီးကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။

ရွှေညောင်- ရပ်စောက်- အင်တော- ကျောက်ဂူ- နောင်ချိုလမ်းသည် ရှမ်းပြည်နယ်တွင် လားရှိုးဒေသ၊ တောင်ကြီးဒေသကို အလွယ်တကူ အနီးစပ်ဆုံးသွားနိုင်မည့် လမ်းဖြစ်ပြီး ပြည်ထောင်စုမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် လမ်းဖြစ်ပါတယ်။ သို့သော်လည်း ပြည်နယ်တွင်း အလွယ်တကူသွားနိုင်ရန် ပြည်နယ်စီမံခန့်ခွဲလိုကြောင်း ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် ပြည်ထောင်စုဝန်ကြီးဌာနသို့ တောင်းခံ၍ ၂၀၁၄ - ၂၀၁၅ ဘတ်ဂျက် နှစ်ဝက်မှစ၍ ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ လမ်းမိုင်အနေဖြင့် စုစုပေါင်း (၁၄၅)မိုင် ရှိပါတယ်။ ၃၁- ၃- ၂၀၁၄ ရက်နေ့ လမ်းအမျိုးအစားအနေဖြင့် ကတ္တရာလမ်း ၈၁ မိုင် ၂ ဖာလုံ၊ ကျောက်လမ်း ၂၁ မိုင်၊ အမာခံလမ်း ၃၀ မိုင် ၅ဖာလုံ၊ မြေလမ်း ၁၂ မိုင် ဖြစ်ပါတယ်။ ယခင်အစိုးရလက်ထက်များမှာလည်း ရန်ပုံငွေမရှိခဲ့သဖြင့် လမ်းများကို ပြုပြင်ထိန်းသိမ်းခြင်း မဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ပြည်နယ်ကြီးကို ပစ်ထားပြီး လမ်း၊ တံတားမကောင်းအောင် ဆောင်ရွက်ခြင်း မဟုတ်ပါကြောင်း၊ ယခုမှာလည်း ရရှိသည့် ဘတ်ဂျက်များသည် အခြားသောစရိတ်များတွင် လျှော့သုံးပြီး လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်အောင် ကျခံသုံးစွဲပေးခြင်းဖြစ်သည့်အတွက် အလေအလွင့်မရှိအောင် ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် ကျွန်တော်တို့ ကိုယ်တိုင်နယ်မြေလုံခြုံရေးအရ မရောက်နိုင်သည့် လမ်းများမှလွဲ၍ အကုန်လုံးကွင်းဆင်းကြည့်ရှုပြီး ကြပ်မတ်ဆောင်ရွက်နေသည့် လမ်းများဖြစ်ပါတယ်။ ၃၄ ပေ အကျယ် လမ်းတာချဲ့ခြင်းကို ၂၀၁၄ -၂၀၁၅ မှာ ၃၁ မိုင် ၅ ဖာလုံ၊ ကတ္တရာလမ်း သစ်ခင်းခြင်း ၁၇ မိုင် ၆ ဖာလုံ၊ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း ၃ မိုင် ၂ ဖာလုံ ဆောင်ရွက်ပေးခဲ့ပါတယ်။ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၂ မိုင်၊ နောင်ချိုမြို့ကနေအထွက် ၂ မိုင် ချဲ့ပေးခြင်း ဖြစ်ပါတယ်။ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၁ မိုင်၊ တံတားရေပွန်တည်ဆောက်ခြင်း (၃၉)စင်း၊ ကျောက်လမ်းပြုပြင်ခြင်း ၇ မိုင် ဖြစ်ပါ တယ်။ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် ပြီးဆုံးသွားလျှင် ရှမ်းမြောက်နယ်စပ် တာသလမ်းဆိပ်ကနေစပြီး ၁၁၅ မိုင်မှစ၍ ကတ္တရာလမ်း အားလုံးပြီးစီးသွားပါမည်။ ရှမ်းပြည်နယ် တောင်ပိုင်းအနေဖြင့် ကျောက်ဂူအကျော်ထိကိုသာ ကတ္တရာလမ်း ပြီးစီး၍ ၂၁ မိုင်ခန့် ကျောက်ကြမ်းလမ်းအချို့နှင့် ကတ္တရာခင်းရန် ကျောက်တောင်များ မိုင်းခွဲလမ်းချဲ့ခြင်း လုပ်ငန်းကျန်ရှိခဲ့မှာ ဖြစ်ပါတယ်။

လဲချား- မိုင်းနောင်- မိုင်းရှူး- မိုင်းကောင်လမ်းမှာ လမ်းမိုင်စုစုပေါင်း (၁၁၃)မိုင် ဖြစ်ပြီး ကတ္တရာလမ်း ၄၅ မိုင် ၅.၅ ဖာလုံ၊ ကျောက်လမ်း ၇ မိုင် ၂.၅ ဖာလုံ၊ အမာခံလမ်း ၆၀ မိုင် ဖြစ်ပါတယ်။ ၂၀၁၄ - ၂၀၁၅ ဘတ်ဂျက်အနေဖြင့် ကျပ်သန်းပေါင်း ၈၄၀၇.၀၀၀ သန်း၊ ၈ ဘီလီယံကျော် ကျခံသုံးစွဲ၍ လမ်းကို (၁၂)ပေအကျယ် ကတ္တရာ အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ပါတယ်။ (၁၂)ပေအကျယ် ကတ္တရာလမ်းခင်းခြင်း ၄၅ မိုင် ၂.၅ ဖာလုံ၊ (၁၈)ပေ အကျယ်

ကတ္တရာလမ်းချဲ့ခင်းခြင်း မြို့တွင်းမှာ ရွာကြီးတွေမှာ ၄ မိုင်၊ ကတ္တရာလမ်းပြင်ဆင်ခြင်း ၁၆ မိုင် ၄ ဖာလုံ၊ အမာခံလမ်းပြင်ဆင်ခြင်း ၈ မိုင်၊ တံတားချဉ်းကပ် လမ်းခင်းခြင်း (၁)စင်း၊ သစ်သားတံတားပြင်ဆင်ခြင်း (၄)စင်း၊ တံတားရေပြွန် တည်ဆောက်ခြင်း (၇၂)စင်း၊ (၄၀)ပေအကျယ် မြေသားလမ်းချဲ့ခြင်း ၄၅ မိုင် ၂.၅ ဖာလုံ၊ ကျောက်စီမြေကာ နံရံ တည်ဆောက်ခြင်း (၁၁၀)ပေနှင့် ကျောက်စီရေမြောင်းနှင့် မြေကာနံရံကို တည်ဆောက်ခြင်း (၈၅၀)ပေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ လဲချားမှ စထွက်မည့် ၂၄ မိုင်ခန့်သာ ကတ္တရာလမ်း ပြုပြင်ရန် ကျန်ရှိပြီး ၂၄ မိုင်ကနေ ၁၁၃ မိုင် မိုင်းအော့ ရှမ်းမြောက်နယ်စပ်ရောက်သည်အထိ ၂၀၁၄ - ၂၀၁၅ ဘတ်ဂျက်ပြီးသွားသည်နှင့် ကတ္တရာလမ်းအားလုံး ဆောင်ရွက်ပြီးစီးမည် ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။

ကွန်ဟိန်း- မိုင်းနောင်- ကျေးသီး- ပန်ကေတုလမ်းမှာ လမ်းမိုင် စုစုပေါင်း ၉၀ မိုင် ဖြစ်ပြီး ကတ္တရာလမ်း ၃၅ မိုင် ၁ ဖာလုံ၊ ကျောက်လမ်း ၃၆ မိုင် ၄ ဖာလုံ၊ အမာခံလမ်း ၃ မိုင် ၇ ဖာလုံ၊ မြေလမ်း ၁၄ မိုင် ၄ ဖာလုံ ဖြစ်ပါတယ်။ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် အနေဖြင့် ၆ ဘီလီယံကျော် ကျပ်သန်းပေါင်း ၆၃၄၀.၅၅၀ သန်း ကျခံသုံးစွဲပြီး အမာခံ လမ်း ၁၄ မိုင် ၄ ဖာလုံ (၁၂)ပေအကျယ် ကတ္တရာလမ်းခင်းခြင်း ၃၈ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်းပြင်ဆင်ခြင်း ၁၁ မိုင် ၃ ဖာလုံ၊ လမ်းပခုံး မြေထိုးညှိခြင်း ၁၄ မိုင် န ဖာလုံ၊ တံတား/ ရေပြွန်တည်ဆောက်ခြင်း (၁၀၂)စင်း၊ (၃၄)ပေ မြေသားလမ်းချဲ့ခြင်း ၂၂ မိုင်၊ ကွန်ကရစ်တံတားပြုပြင်ခြင်း (၂)စင်း၊ တံတားချဉ်းကပ်လမ်း တည်ဆောက်ခြင်း (၃)စင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ဝမ်ဟတ်- ဝမ်စလောင်း- တာဆွတ်တိန်း- ဟိုမိန်းလမ်း ၃၃ မိုင် ဝမ်ဟတ်မှ သံလွင် တံတားရောက်သည့်အထိ ဆောင်ရွက်ပြီး တာဆွတ်တိန်းတံတားမှ ဟိုမိန်းဒေသရောက် သည်အထိ စီမံဆောင်ရွက်နေပါတယ်။ ကတ္တရာလမ်းခင်းခြင်း ၁၁ မိုင် ၀.၅ ဖာလုံ၊ ကျောက်လမ်း ၆ မိုင် ၁.၅ ဖာလုံ၊ အမာခံလမ်း ၁၆ မိုင် ဖြစ်ပါတယ်။ ၂၀၁၄ - ၂၀၁၅ ရန်ပုံငွေဖြင့် ကျပ်သန်းပေါင်း ၃၃၃၄.၈၂၀ သန်း ၃ ဘီလီယံကျော်ဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ (၁၂)ပေ အကျယ် ကတ္တရာလမ်းခင်းခြင်း ၁၉ မိုင် ၇ ဖာလုံ၊ တံတား/ ရေပြွန်တည်ဆောက် ခြင်း (၁၈)စင်း၊ (၃၄)ပေ မြေသားလမ်းချဲ့ခြင်း ၅ မိုင် ၄ ဖာလုံ တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

မန္တလေး- မိုးကုတ်- မိုးမိတ်- မဘိမ်း- စီဦး- ဗန်မော်လမ်းမှာ ပြည်ထောင်စုမှ စီမံခန့်ခွဲ ပိုင်ခွင့်ရှိသည့်လမ်းဖြစ်ပြီး လာမည့် ၂၀၁၅ - ၂၀၁၆ တွင် ပြည်နယ်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိမည့် လမ်းအဖြစ် တောင်းခံထားခြင်း ဖြစ်ပါတယ်။ သို့သော်လည်း အဓိက မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ် ဆက်သွယ်သည့် လမ်းဖြစ်သည့်အတွက် ပြည်နယ်ရန်ပုံငွေထဲမှ အချို့ကို မိုးတွင်းကာလမှာ အသွားမပြတ်တောက်အောင် ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်

အညီ ကတ္တရာလမ်းတွေကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကတ္တရာလမ်းသစ်ခင်းခြင်း ၆ မိုင်၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၃ မိုင် ၆ ဖာလုံ၊ တံတား/ ရေပြွန်တည်ဆောက်ခြင်း (၆၅)စင်း၊ (၃၄)အကျယ်မြေသား လမ်းချဲ့ခြင်း ၁၂ မိုင် ၁ ဖာလုံ၊ ကျောက်စီမြေကာနံရံတည်ဆောက်ခြင်း (၄၅)ပေ ဖြစ်ပါတယ်။ မိုးမိတ်မှ မြစ်ဆုံ (၁၈)မိုင်အထိ ရွှေလီရေအားလျှပ်စစ်(၃)မှ လမ်းကို ဖောက်လုပ်ပြီး ရေအားလျှပ်စစ်စီမံကိန်းရှိသည့်အတွက် ဆောင်ရွက်ပေးပါတယ်။ မြစ်ဆုံ (၁၈)မိုင်မှ မဘိမ်းမြို့၊ ကုန်းခါးရောက်သည့်အထိ ၁၈ မိုင်မှာ ကတ္တရာလမ်း ၁၂ မိုင် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကျန်သည့် ၆ မိုင်ကို ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံထားပြီး ဖြစ်ပါတယ်။ ကုန်းခါးကနေ မဘိမ်းမြို့ဝင်လမ်း ၂ မိုင်နှင့် ကတ္တရာလမ်းဆောင်ရွက်ပေးထားပြီး ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။ ကတ္တရာလမ်းဖြစ်သော်လည်း ကျေနပ်အားရမှု မရှိသေးပါ။ မြစ်ဆုံပိုင်းနှင့် မဘိမ်းရောက်သည့်အပိုင်းတွင် ဒီရေတောလိုမျိုး ဘေးတစ်ဖက် တစ်ချက်တွေမှာ ရွှံ့နွံတောလိုမျိုး ဖြစ်နေသည့်အတွက်ကြောင့် လမ်းဟာ ကြာရှည်မခံဘဲ (၄၊ ၅) နှစ်နှင့် ပျက်စီးသွားမှာ စိုးရိမ်ရသည့်အတွက် လမ်းသား(၃၄)ပေရောက်အောင် ဆောင်ရွက် ရပါမည်။ လမ်းတာဘောင်မြင့်တင်ပေးသည့်လုပ်ငန်းများ ၂၀၁၅ - ၂၀၁၆ ဘတ်ဂျက်နှစ်၊ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်နှစ်၊ ၂၀၁၇ - ၂၀၁၈ ဘတ်ဂျက်နှစ်ပါ ကာလကို (၅)နှစ် စီမံကိန်းဖြင့် ဆောင်ရွက်မှသာ လမ်းဟာ ရေရှည်တည်တံ့ကောင်းမွန်သည့် လမ်းဖြစ်မည်ဆိုတဲ့အကြောင်း ကိုထည့်သွင်းအစီရင်ခံတင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ နမ့်မျှော်- မိုင်းယော်- မိုင်းကျတ်လမ်းမှာ ၂၀၁၄ - ၂၀၁၅ ရန်ပုံငွေဖြင့် ကျပ်သန်းပေါင်း ၁၉၄၄.၂၆၅ သန်း ရရှိခဲ့ပါတယ်။ ကတ္တရာလမ်း ၉ မိုင် ၅ ဖာလုံ၊ တံတားရေပြွန် တည်ဆောက်ခြင်း (၁၄)စင်း၊ (၃၄)ပေအကျယ် မြေသားလမ်းချဲ့ခြင်း ၉ မိုင် ၃ ဖာလုံ၊ ကျောက်စီ မြေကာနံရံတည်ဆောက်ခြင်း (၄၀၀)ပေ ဆောင်ရွက်ပေးမှာဖြစ်သည့် အတွက် ၂၀၁၅ - ၂၀၁၆ ဘတ်ဂျက်နှစ်ပြီးသည်နှင့် မိုင်းယော်ရွာအကျော် ၃၁ မိုင် ၁ ဖာလုံထိ (၁၂)ပေကျယ် ကတ္တရာလမ်း ပြီးစီးသွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။ မိုင်းယော်နှင့် လားရှိုး ၃၁ မိုင်ကွာဝေးသော်လည်း ယခင်က ၁ ရက်နှင့် ၁ ည ဆောင်ရွက်ခြင်း ဖြစ်သော်လည်း ကတ္တရာလမ်းပြီးစီးသွားသည်နှင့် ယာဉ်မောင်းချိန်အားဖြင့် ခန့်မှန်းခြေ (၂)နာရီမျှ မှန်မှန်မောင်းမည်ဆိုလျှင် ရောက်ရှိနိုင်မည့်ခရီးဖြစ်ကြောင်း တင်ပြအစီရင်ခံ အပ်ပါတယ်။

တံတားအမှတ် (၅/ ၂၄) ကင်းချောင်းတံတားသည် တွင်းငယ် မိုးမိတ်လမ်းပေါ်တွင် ရှိနေသည့် တံတားဖြစ်ပြီး အလွယ်တကူ ဆက်သွယ်သွားလာနိုင်ရန် ပြည်ထောင်စုမှ ဆောင်ရွက်ပေးထားခြင်း ဖြစ်ပါတယ်။ ကင်းချောင်း တံတားသည် တွင်းငယ်- မိုးမိတ် လမ်းပေါ်တွင် ပြီးခဲ့သည့် မတ်လ ၆ ရက်နေ့တွင် ဝန်ကြီးချုပ်ကြီးကိုယ်တိုင် မိုးမိတ်ကို

ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံဆောင်ရွက်ခဲ့ရာ ၎င်းလမ်းကိုပဲ အသွားအပြန် ပြုလုပ်ခဲ့ပါတယ်။

ကျိုင်းတုံ- မိုင်းခတ်- မိုင်းယန်းလမ်း ၇၃ မိုင်သည် အင်မတန်မှ လမ်းအဆင့်နိမ့်ကျ နေသည့်လမ်းဖြစ်ပါတယ်။ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုမှ စီမံခန့်ခွဲ သော်လည်း ပြည်နယ်မှ တောင်းခံခြင်းဖြစ်သည့်အတွက် ပြည်နယ်ကိုပေးမည်ဟု ကတိ ရရှိသည့် အတွက် ရန်ပုံငွေကို ၂၀၁၄ - ၂၀၁၅ မှာကတည်းက ထည့်သွင်းပြီး ဆောင်ရွက် ပေးခဲ့ပါတယ်။ (၁၂)ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်း ၁၁ မိုင် ၆ ဖာလုံ၊ ကျောက်လမ်း ခင်းခြင်း ၁ မိုင် ၅ ဖာလုံခွဲ၊ မြေသားလမ်းချဲ့ခြင်း ၃ မိုင် ၆ ဖာလုံ စုစုပေါင်းလမ်းအမျိုးအစား (၁၄)ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါဟာလည်း ချက်ချင်းပဲ ကောင်းမွန်သည့်လမ်းအဖြစ် မရရှိနိုင်သေး ကြောင်း၊ ကတ္တရာလမ်းရောက်သည်အထိ အတော်လေးကို ရန်ပုံငွေရရှိပြီးမှ ကြိုးစားဆောင်ရွက် ရမည်ဖြစ်ပါသည်။ ကျိုင်းတုံမြို့ အထွက်က ပေ(၁၂၀)ရှည်သည့် နောင်ဖာတံတားလည်း ပြည်နယ် ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးထားသည့် တံတားဖြစ်ပါတယ်။

မိုင်းပျဉ်း- မက်မန်းလမ်း ၇၃ မိုင်သည် ပြည်နယ်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် လမ်းဖြစ်ပြီး ကျပ်သန်းပေါင်း ၃၁၄၄.၇၀၀ သန်း ဖြစ်ပါတယ်။ လုပ်ငန်းအမျိုးအစားပေါင်း (၉)လမ်းဖြင့် ဆောင်ရွက်နေပါတယ်။ လမ်းကိုလည်း ကောင်းမွန်သွားအောင် ကတ္တရာလမ်းဖြစ်ရန် တိုးတက် ဆောင်ရွက်လျက်ရှိပါတယ်။

မိုင်းဆတ်- မိုင်းခုတ်- မိုင်းဖြတ်လမ်း ၉၄ မိုင်သည် ပြည်နယ်မှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အထူးပြင်ဆင်ပေးမည့် လမ်း(၁)လမ်းဖြစ်ပါတယ်။ (၁၂)ပေအကျယ် ကတ္တရာလမ်းခင်းခြင်း ၆ မိုင် ၅ ဖာလုံခွဲ၊ ကတ္တရာထပ်ပိုးလွှာတင်၍ ရေပိတ်လွှာလောင်းခြင်း ၃ ဖာလုံခွဲသာ ဆောင်ရွက်ပေးနိုင်ပါတယ်။

နားကောင်းမူ- မုံးကျွတ်- မုံးထလမ်း ၄၂ မိုင်သည် ရရှိသည့်ရန်ပုံငွေမှာ ကျပ်သန်းပေါင်း ၄၃၇၅.၀၀၀ သန်းဖြစ်ပြီး (၁၂)ပေကတ္တရာလမ်းသစ်ခင်းခြင်း ၁၈ မိုင် ၁ ဖာလုံ၊ မြေသားလမ်း ချဲ့ခြင်း ၆ မိုင်၊ လမ်းသားနှိမ့်ချခြင်း ၂ မိုင် ၇ ဖာလုံ၊ ကျောက်စီရေမြောင်း တည်ဆောက်ခြင်း၊ (၃၅၀၀)ပေ၊ ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်း (၃၀၀)ပေ၊ (၂၀)ပေအရှည် သံကူ ကွန်ကရစ်တံတား တည်ဆောက်ခြင်း (၁)စင်း၊ (၅)ပေ Box Culvert တည်ဆောက်ခြင်း (၁၇)စင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

မိုင်းတုံ- ပုံပါကျင်- ဘီပီဝမ်းလမ်း ၄၅ မိုင်သည် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ကျပ်သန်းပေါင်း ၃၃၃၇.၀၀၀ သန်းဖြင့် (၁၂)ပေကျယ် ကတ္တရာလမ်းသစ်ခင်းခြင်း ၁၉

မိုင် ၇ ဖာလုံ၊ (၃၄)ပေအကျယ် မြေသားလမ်းချဲ့ခြင်း ၁ မိုင်၊ ကျောက်ရောမြေ အမာခံလမ်း ခင်းခြင်း ၅ မိုင် ၄ ဖာလုံ၊ ကျောက်စီရေမြောင်းတည်ဆောက်ခြင်း (၉၆၁၀)ပေ၊ (၁၀)ပေ သံကူ ကွန်ကရစ်တံတား တည်ဆောက်ခြင်း (၉)စင်း၊ မူလသစ်သားတံတားအား (၆)ပေရှည် သံကူ ကွန်ကရစ်တံတား တည်ဆောက်ခြင်း (၇)စင်း၊ တောင်ပြိုမြေဖယ်ရှားခြင်း ၄၅ မိုင် ဆောင်ရွက် နိုင်ခဲ့ပါတယ်။

## ရှမ်းပြည်နယ် ဘတ်ဂျက်စိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ရှမ်းပြည်နယ်လွှတ်တော် ဘတ်ဂျက်စိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဘတ်ဂျက်စိစစ်ရေးကော်မတီ။** လေးစားအပ်ပါသော ရှမ်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်လွှတ်တော်ဘတ်ဂျက်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းအိုက်အေး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ငွေလုံးငွေရင်းခွဲဝေချထားမှုအပေါ် လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ ဖြစ်ပါတယ်။ ဘတ်ဂျက်စိစစ်ရေးကော်မတီကို ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)(၁၂- ၉- ၂၀၁၃)နေ့တွင် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (က)အရ ဘတ်ဂျက်စိစစ်ရေး ကော်မတီကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်-

(၁) ဦးစိုင်းအိုက်အေး၊ လင်းခေး(၁) ဥက္ကဋ္ဌ

(၂) ဦးသိန်းထွန်း၊ ရွာငံ(၂) အဖွဲ့ဝင်

(၃) ဦးမိုင်းအုဏ်းခိုင်၊ မန်တုံ(၁) အဖွဲ့ဝင်

(၄) ဦးစိုင်းဆန်စိန်၊ တန့်ယန်း(၁) အဖွဲ့ဝင်

(၅) ဦးထွန်းရင်၊ ကွမ်းလုံ(၂) အတွင်းရေးမှူးများဖြစ်ပါတယ်။

၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၏ ငွေလုံးငွေရင်း ရန်ပုံငွေ ခွဲဝေချထားမှုအခြေအနေမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၉၉၇.၄၅၃ သန်း၊ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၁၉၁.၈၄၇ သန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ၃၉၄၇၇.၅ သန်း၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ၆၅၀၆.၀၉၈ သန်း၊ ရှမ်းပြည်နယ်ဆည်မြောင်းဦးစီးဌာန ၁၅၀.၉၂၀ သန်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ၁၃၇၀.၁၀၀ သန်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၃ -၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေ ခွဲဝေချထားမှုကျပ် ၉၉၇.၄၅၃ သန်းအနက် လုပ်ငန်း (၂)ခုကို ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ တောင်ကြီးမြို့၊ ဆီဆိုင်ကုန်း ကျောင်းကျေးရွာတွင် ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေးစီမံကိန်း ဧက (၁၀၀)ခွင့်ပြုငွေ ၂၂.၄၀၀ သန်း၊ ၎င်းလုပ်ငန်းကို ၂၆- ၂- ၂၀၁၅ မှာ သွားရောက်စစ်ဆေးခဲ့ပါတယ်။ ပင်းတယမြို့နယ်၊ ပွေးလှကျေးရွာအုပ်စု၊ ပွေးလှကျေးရွာတွင် ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေးစီမံကိန်း ဧက (၁၀၀)ဖော်ထုတ်ငွေ ၂၂.၄ သန်း ဖြစ်ပါတယ်။ ၁၁- ၂- ၂၀၁၅ မှာ သွားရောက်စစ်ဆေးခဲ့ပါတယ်။

ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လုပ်ငန်း(၂)ခု၊ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေခွဲဝေချထားမှု ကျပ် ၂၁၉၁.၈၄၇ သန်းအနက် လင်းခေးမြို့နယ်အထွေထွေအုပ်ချုပ်ရေး၊ လက်ထောက်ညွှန်ကြားရေးမှူးနေအိမ် ၁၉.၅ သန်း ဆောင်ရွက်ခြင်းကို ၃- ၂- ၂၀၁၅ မှာ စစ်ဆေးခဲ့ပါတယ်။ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူးနေအိမ် ၉.၅ သန်း ဆောက်လုပ်ခြင်းကို ၉- ၂- ၂၀၁၅ မှာ သွားရောက်စစ်ဆေးခဲ့ပါတယ်။

ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းပေါင်း ၂၁ ခု ရှိပါတယ်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေခွဲဝေချထားမှု ကျပ် ၃၉၄၇၇.၅ သန်းအနက် လုပ်ငန်း (၂၁)ခုကို ဆောင်ရွက်ပါတယ်။ ညောင်ရွှေမြို့အပိုင်း အေးသာယာ- ညောင်ရွှေ-နမ့်ပန်- တုံဟုံး- ပင်လောင်းလမ်း ကတ္တရာ (၁)မိုင်၊ တံတား (၁၀) စင်းကို ခွင့်ပြုငွေကျပ် ၂၁၀ သန်းကို ၉- ၂- ၂၀၁၅ မှာ သွားစစ်ဆေးခဲ့ပါတယ်။ ကလောမြို့အပိုင်း အောင်ပန်း- ပင်မှီ- လဲချားလမ်း ကတ္တရာ (၃)မိုင်၊ တံတား(၄)စင်း တည်ဆောက်ရေးလုပ်ငန်း ခွင့်ပြုငွေ ၂၉၀.၈၉၆ သန်းလုပ်ဆောင်မှုကို ၁၀- ၂- ၂၀၁၅ မှာ စစ်ဆေးခဲ့ပါတယ်။ ပင်းတယမြို့အပိုင်း ရွာငံ- ပင်းတယဖြတ်လမ်းကတ္တရာ (၄)မိုင် (၃)ဖာလုံ တည်ဆောက်ရေးလုပ်ငန်းကို ကျပ် ၃၀၀ သန်းကို ၁၁- ၂- ၂၀၁၅ မှာ သွားရောက်စစ်ဆေးခဲ့ပါတယ်။ ပင်းတယအပိုင်း အောင်ပန်း- ပင်းတယ-ရပ်စောက်လမ်းကတ္တရာ (၂)မိုင်(၁)ဖာလုံ ခွင့်ပြုရန်ပုံငွေ ၁၁၀.၀၀ သန်းကို ၁၁- ၂- ၂၀၁၅ မှာ

သွားရောက်စစ်ဆေးခဲ့ပါတယ်။ ပင်းတယမြို့၊ မြို့နယ်အင်ဂျင်နီယာရုံးဝင်းအတွင်း (၂)ခန်းတွဲ (၁)ထပ် ဝန်ထမ်းအိမ်ရာ (၂)လုံးအတွက် ခွင့်ပြုငွေ ၄၄.၆၇ သန်း လုပ်ငန်းကို ၁၁- ၂- ၂၀၁၅ မှာ သွားရောက်စစ်ဆေးခဲ့ပါတယ်။ ဟိုပုံး- ထမ်စန်း- ကျောက်တန်းလမ်း (၃/၄)မိုင်အား ကျောက်မှ ကတ္တရာခင်းခြင်း ငွေ ၃၈၉.၃၂၀ သန်းကို ၂၅- ၂- ၂၀၁၅ မှာ သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ ဟိုပုံးမြို့နယ်၊ တောင်ကြီး- ဇလဲ- လဲသက်လမ်း (၉)မိုင် (၄)ဖာလုံ ကတ္တရာခင်းခြင်း ခွင့်ပြုငွေ ၇၂၅.၈၆ သန်းလုပ်ငန်းကို ၂၅- ၂- ၂၀၁၅ မှာ သွားရောက်စစ်ဆေးခဲ့ပါတယ်။ ဟိုပုံးမြို့နယ်၊ နမ့်ခုတ်- စံဖူး- ရွာသစ်လမ်း (၃)မိုင် (၃)ဖာလုံ ကတ္တရာလမ်းသစ်ခင်းခြင်း ခွင့်ပြုငွေ ၂၈၇.၀၇၅ သန်း လုပ်ငန်းကို ၂၅- ၂- ၂၀၁၅ မှာ သွားရောက်စစ်ဆေးခဲ့ပါတယ်။

ဆီဆိုင်မြို့နယ်၊ မြို့နယ်အင်ဂျင်နီယာရုံးဝင်းအတွင်း (၂)ခန်းတွဲ (၁)ထပ် ဝန်ထမ်းအိမ်ရာ (၂)လုံး ဆောက်လုပ်ခြင်း ခွင့်ပြုငွေ ၄၄.၆၇ သန်း လုပ်ငန်းကို ၂၆- ၂- ၂၀၁၅ မှာ သွားရောက်စစ်ဆေးခဲ့ပါတယ်။ ဆီဆိုင်မြို့၊ ဆီဆိုင်- စံကားလမ်း (၄/ ၂)မိုင် ကျောက်ချောလမ်းခင်းခြင်း ခွင့်ပြုငွေ ၂၂၄.၄၁၁ သန်း လုပ်ငန်းကို ၂၆- ၂- ၂၀၁၅ မှာ သွားရောက်စစ်ဆေးခဲ့ပါတယ်။ လင်းခေးခရိုင်၊ မိုင်းပန်မြို့၊ ကျိုင်းတောင်း- မိုင်းပန်လမ်း (၃)မိုင် ကတ္တရာခင်းခြင်း ခွင့်ပြုငွေ ၁၇၀၅.၇၅၈ သန်း လုပ်ငန်းကို ၂- ၃- ၂၀၁၅ မှာ သွားရောက်စစ်ဆေးခဲ့ပါတယ်။ လင်းခေးမြို့၊ မြို့နယ်အင်ဂျင်နီယာရုံး (၂)ခန်းတွဲ (၁)ထပ် (၂)လုံးဆောက်လုပ်ခြင်း ခွင့်ပြုငွေ ၅၆.၁ သန်း လုပ်ငန်းကို လည်းကောင်း၊ (၄)ခန်းတွဲ (၁)ထပ် (၁)လုံး ခွင့်ပြုငွေ ၄၈.၈၀ သန်း လုပ်ငန်းကို လည်းကောင်း၊ ခရိုင်အင်ဂျင်နီယာရုံးဝင်းအတွက် (၅)ခန်းတွဲ (၁)ထပ် တည်းခိုရိပ်သာ (၁)လုံး ခွင့်ပြုငွေ ၆၄.၀၀ သန်းကို လည်းကောင်း၊ မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံးဝင်းအတွင်း (၄)ခန်းတွဲ (၁)ထပ် (၁)လုံးအတွက် ခွင့်ပြုငွေ ၄၈.၈၀ သန်း လုပ်ငန်းကိုလည်းကောင်း ၃- ၃- ၂၀၁၅ မှာ သွားရောက်စစ်ဆေးခဲ့ပါတယ်။

လင်းခေးမြို့အပိုင်း မောက်မယ်- ဝမ်ဟတ်- လင်းခေးလမ်း (၄)မိုင် (၇) ဖာလုံ ကတ္တရာခင်းခြင်း ခွင့်ပြုငွေ ၃၄၇.၇၃ သန်း လုပ်ငန်းကို ၃- ၃- ၂၀၁၅ မှာ သွားရောက်စစ်ဆေးခဲ့ပါတယ်။ မိုးနဲမြို့၊ မိုးနဲမြို့အပိုင်း မိုးနဲ- မောက်မယ်လမ်း (၁၆)မိုင် ကတ္တရာခင်းခြင်း ခွင့်ပြုငွေ ၁၁၄၃.၇၀၂ သန်း လုပ်ငန်းကို ၄- ၃- ၂၀၁၅ မှာ သွားရောက်စစ်ဆေးခဲ့ပါတယ်။ နမ့်စန်မြို့နယ်၊ နမ့်စန်- ဝမ်နောင်လမ်း (၃)မိုင် ကျောက်ချောလမ်းခင်းခြင်း ခွင့်ပြုငွေ ၉၉၂.၆၁၇ သန်းကိုလည်းကောင်း၊ နမ့်စန်- မိုင်းစိတ် (၅)မိုင် ကတ္တရာနှင့် ကျောက်ချောလမ်း (၂)မိုင် (၆)ဖာလုံ ခွင့်ပြုငွေ ၁၉၄၉.၉၈၅ သန်းကို လည်းကောင်း လုပ်ငန်းကို ၅- ၃- ၂၀၁၅ မှာ သွားရောက်စစ်ဆေးခဲ့ပါတယ်။ လွိုင်လင်မြို့နယ်၊ ချိုခမ်း- ဟွေထောက် (၄)ဖာလုံ အမာခံလမ်း ခွင့်ပြုငွေ ၆၇၅.၉၂ သန်းလုပ်ငန်းကို ၆- ၃- ၂၀၁၅ သွားရောက်စစ်ဆေးခဲ့ပါတယ်။ ပင်လုံမြို့၊ ကိုယ်ရေပြားရောဂါကု

ဆေးရုံလမ်း (၁)မိုင် (၄)ဖာလုံ ကတ္တရာ ရေပိတ်လွှာလောင်းခြင်းအတွက် ခွင့်ပြုငွေ ၂၀၅.၄၂ သန်း လုပ်ငန်းကို ၆- ၃- ၂၀၁၅ မှာ သွားရောက်စစ်ဆေးခဲ့ပါတယ်။

ပင်လုံမြို့၊ နောင်လိုင်- ဝမ်ယိမ်းလမ်း (၈)မိုင် (၆)ဖာလုံ ဒုတိယအခြေခံလွှာခင်းခြင်း ခွင့်ပြုငွေ ၄၈၆.၆၄၅ သန်း လုပ်ငန်းကို ၆- ၃- ၂၀၁၅ မှာ သွားရောက်စစ်ဆေးခဲ့ပါတယ်။ ပင်လောင်းမြို့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရုံးဝန်းအတွင်း (၂)ခန်းတွဲ(၁)ထပ် ဝန်ထမ်းအိမ်ရာ (၂)လုံး ဆောက်လုပ်ခြင်း ခွင့်ပြုငွေ ၄၄.၆၇ သန်းလုပ်ငန်းကို ၁၀- ၃- ၂၀၁၅ မှာ သွားရောက်စစ်ဆေးခဲ့ပါတယ်။ ဖယ်ခုံမြို့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံးဝန်းအတွင်း (၂)ခန်းတွဲ (၁)ထပ် ဝန်ထမ်းအိမ်ရာ (၂)လုံး ဆောက်လုပ်ခြင်း ခွင့်ပြုငွေ ၄၄.၆၇ သန်း လုပ်ငန်းကို ၁၀- ၃- ၂၀၁၅ မှာ သွားရောက်စစ်ဆေးခဲ့ပါတယ်။ ဖယ်ခုံမြို့၊ မိုးဖြဲကျေးရွာအုပ်စုရှိ မိုးဖြဲ- ပီကင်းလမ်း (၃)မိုင် ကျောက်ချောခင်းခြင်းနှင့် တံတား (၅)စင်း တည်ဆောက်ခြင်း ခွင့်ပြုငွေ ၁၀၃.၀၉၀ သန်း လုပ်ငန်းကို ၁၀- ၃- ၂၀၁၅ မှာ သွားရောက်စစ်ဆေးခဲ့ပါတယ်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၏ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေ ခွဲချထားမှု ၆၅၀၆.၀၉၈ သန်းအနက် လုပ်ငန်း (၆၀)ခုကို သွားရောက်စစ်ဆေးခဲ့ပြီး လုပ်ငန်း အသေးစိတ်ကို အချိန်ကို လေးစားသောအနေဖြင့် အားလုံးကို ဖတ်ပြရှင်းလင်းတင်ပြခြင်း မပြုတော့ကြောင်း၊ ရှမ်းပြည်နယ်ဆည်မြောင်းဦးစီးဌာန၏ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ် အတွင်း ရန်ပုံငွေ ခွဲဝေချထားမှု ၁၅၀.၉၂ သန်းအနက် လုပ်ငန်း (၂၀)ကို သွားရောက်စစ်ဆေးခဲ့ ကြောင်း တင်ပြအပ်ပါတယ်။

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေ ခွဲဝေချထားမှု ၁၃၇၀.၁၀၀ သန်းအနက် လုပ်ငန်း (၄)ခုကို သွားရောက်စစ်ဆေးခဲ့ကြောင်း၊ တောင်ကြီးမြို့၊ (၄)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန် ခွင့်ပြုငွေ ၃၁၀.၆ သန်း လုပ်ငန်းကို ၂- ၂- ၂၀၁၅ မှာ လည်းကောင်း၊ ဟိုပုံးမြို့နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ RC (၁)ထပ် ရုံးအဆောက်အဦ (၁)လုံး ဆောက်လုပ်ရန် ခွင့်ပြုငွေ ၅၃.၆၈ သန်း လုပ်ငန်းကို ၂၅- ၂- ၂၀၁၅ မှာ လည်းကောင်း၊ ပင်းတယမြို့နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ RC (၁)ထပ် ရုံးအဆောက်အဦ (၁)လုံး ဆောက်လုပ်ရန် ခွင့်ပြုငွေ ၅၀.၅၆ သန်း လုပ်ငန်းကို ၁၁- ၂- ၂၀၁၅ မှာ လည်းကောင်း၊ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ မင်္ဂလာလမ်းရှိ ဌာနပေါင်းစုံ ဝန်ထမ်း အိမ်ရာအနီး 315 KVA/ 11 KV ထရန်စဖော်မာအတွက် ခွင့်ပြုငွေ ၃၁.၉၃၈၄၅ သန်း လုပ်ငန်းကို ၂- ၂- ၂၀၁၅ မှာလည်းကောင်း သွားရောက်စစ်ဆေးခဲ့ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်၊ ပြည်နယ်ဘတ်ဂျက်စိစစ်ရေးကော်မတီအနေဖြင့် ပြည်နယ် အဆင့် ဌာနဆိုင်ရာများ၏ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့ကြသော

လုပ်ငန်းများကို ကွင်းဆင်းစိစစ်ခဲ့ရာ၌ တွေ့ရှိရသော အတွေ့အကြုံများအရ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စီမံကိန်းရေးဆွဲရာတွင် မြို့နယ်၏ လုပ်ငန်းများကို ဆောင်ရွက်ရန် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီနှင့် ပြည်သူလူထုကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ပြီး တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ပစ္စည်းများ၏ ဒေသပေါက်ဈေး၊ ဝန်ဆောင်မှုအတွက် ဒေသပေါက်ဈေးများဖြင့် ရေးဆွဲပါက ပြီးပြည့်စုံသော စီမံကိန်းများ ဖြစ်နိုင်မည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ လုပ်ငန်းများကို စစ်ဆေးရာတွင် လုပ်ငန်းဆောင်ရွက်ပြီးမှ စိစစ်ရခြင်းသည် ခွဲဝေချထားပေးသော ရန်ပုံငွေကို အပြည့်အဝသုံးစွဲခြင်း ရှိ/ မရှိ စိစစ်ရန် ခက်ခဲကြောင်း၊ နိုင်ငံတော်အတွက် ဘတ်ဂျက်သည် အသက်သွေးကြောဖြစ်၍ ပြည်သူလူထုနှင့် အဖွဲ့အစည်းများထံမှ ပွင့်လင်းမြင်သာသော အခွန်ငွေများ ကောက်ခံရယူခြင်း ရှိ/ မရှိ သိရှိနိုင်ရန် စစ်ဆေးရေးအဖွဲ့ကို ထားရှိသင့်ပါကြောင်း၊ ရှမ်းပြည်နယ်လွှတ်တော်သို့ ပြည်နယ်အစိုးရမှ ဘတ်ဂျက်များကို အတည်ပြုချက်များကို တင်ပြရာတွင် စိစစ်ရန် အချိန်လုံလောက်မှု မရရှိသောကြောင့် ဘတ်ဂျက်စိစစ်အတည်ပြုပေးနိုင်ရေးကို လိုအပ်သော အချိန်ကာလ အပြည့်အဝ ပေးရန် လိုအပ်သည်ဟု သုံးသပ်တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများအား ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း ခွဲဝေချထားမှုအပေါ် ခွဲဝေချထားငွေနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ၂- ၂- ၂၀၁၅ မှ ၁၃- ၃- ၂၀၁၅ ရက်နေ့ထိ မြို့နယ်ပေါင်း (၃၂) မြို့နယ်၊ လုပ်ငန်းပေါင်း (၁၁၀)ကို ကွင်းဆင်းစိစစ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စိုက်ပျိုးရေး/ မွေးမြူရေး/ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်း ဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၂)ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စိုက်ပျိုးရေး/ မွေးမြူရေး/ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဆာလူ၊ ရှမ်းပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူမှ အတတ်နိုင်ဆုံး အကျဉ်းချုပ်ပြီး တင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၏ အခြေပြမြေပုံ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာနအောက်မှာ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ပျားလုပ်ငန်းဦးစီး ဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပါဝင်ပါတယ်။

ရှမ်းပြည်နယ်၏ မြေအသုံးချမှုအခြေအနေ ဖြစ်ပါတယ်။ လက်ရှိစိုက်ပျိုးနိုင်တဲ့ မြေ (၃၅၀၇၅၃၀)ကေ၊ အသားတင်စိုက်ပျိုးနိုင်သည့်မြေ (၃၀၂၃၀၂၉)ကေ၊ လုပ်ထားသည့် မြေ (၄၈၄၅၀၉)ကေ၊ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တော (၈၅၂၉၈၄၂)ကေ၊ တောရိုင်း(၁၁၂၃၃၁၁၁) ကေ၊ မြေရိုင်း (၄၆၆၆၆၁၅)ကေ၊ စိုက်ပျိုးနိုင်ခြင်း မရှိသည့်မြေ (၁၀၅၆၂၂၃၉)ကေ၊ မြို့မြေ/ ရွာ မြေနဲ့ ကျောက်တောင်မြေများ ဖြစ်ပါတယ်။

စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြမှာ ဖြစ်ပါ တယ်။ စိုက်ပျိုးရေးဦးစီးဌာနက အဓိက ဆောင်ရွက်သည့် လုပ်ငန်း (၃)ခု ရှိပါတယ်။ မျိုးကောင်း မျိုးသန့်မျိုးစေ့များ ထုတ်လုပ်ပေးရာ၌ တောင်သူလယ်သမားများအား သိပ္ပံနည်းကျစိုက်ပျိုးရေး ခေတ်မီနည်းစနစ်များ လက်တွေ့ကျင့်သုံး ဆောင်ရွက်နိုင်စေရန် လေ့ကျင့်ပညာပေးရေး လုပ်ငန်းဖြစ်ပါတယ်။ အဆင့်မီ မျိုးကောင်းမျိုးသန့်မျိုးစေ့များ စဉ်ဆက်မပြတ် ရှာဖွေထုတ်လုပ် ဖြန့်ဖြူးနိုင်ရန်နှင့် သိပ္ပံနည်းကျ ခေတ်မီနည်းစနစ်များကို သီးနှံအမည်၊ အမျိုးအစားလိုက် ရှာဖွေ ဖော်ထုတ်ပေးနိုင်ရေးအတွက် သုတေသနဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်း ဆောင်ရွက်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မျိုးကောင်းမျိုးသန့် မျိုးစေ့ များ ထုတ်လုပ်ဖြန့်ဖြူးမှုအနေနဲ့ ရှမ်းပြည်နယ်တွင် ပုလဲသွယ်၊ ရွှေရင်အေး၊ DU မျိုး၊ အခြား စပ်မျိုးများ၊ အခြားအထွက်ကောင်းမျိုးများ၊ ဆင်းကေရီ- ၃ ၊ ဗီယက်နမ်၊ တာပဲကူယာစပါး၊ ခေါင်ပဲစပ်မျိုးစပါး၊ ဘာစမာတီ၊ ဘာစမာနီ စပ်မျိုးစပါး၊ ၅၀၂ စပါးတွေကို မျိုးစေ့ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ နွေစပါးမှာတော့ ပုလဲသွယ်စပါး၊ ဗီယက်နမ်စပါး၊ စီချွမ်စပါး၊ ရွှေရင်အေးစပါးများ မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ အစေ့ထုတ်ပြောင်း ဖြစ်ပါ တယ်။ အစေ့ထုတ်ပြောင်းကတော့ ရေဆင်း (၁၀)၊ ၈၆၈ ၊ CP- 888 ၊ 801 ၊ UH- 008 ၊ နေကြာကတော့ ရေဆင်းစပ်မျိုး - ၁ ၊ ဆင်းရွှေကြာ၊ မြေပဲကတော့ ဆင်းပဒေသာ - ၁၁ ၊ ဆင်းပဒေသာ - ၇ ၊ ပဲပုပ်ကတော့ ရေဆင်း - ၆ မျိုးတွေကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိ ပါတယ်။

အစေ့ထုတ်ပြောင်းကတော့ CP- 888 ၊ CP- 068 ၊ ရေဆင်းစပ်မျိုး - ၁၀ ၊ UH- 008 ၊ နေကြာကတော့ ရေဆင်းစပ်မျိုး - ၁ ၊ ဆင်းရွှေကြာ၊ မြေပဲကတော့ ဆင်းပဒေသာ - ၁၁ ၊ ပဲစဉ်းငုံမှာ ရွှေဒင်္ဂါး၊ ရေဆင်း - ၆ ၊ ပဲရာဇာကတော့ ဒေသမျိုး၊ ကြက်သွန်နီ (စေ့)ကတော့ ရွှေဖလား၊ အာလူးကတော့ Up to date ၊ ကူဖရီဂျူလီမျိုးတွေကို ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။

တောင်သူလယ်သမားများအား သိပ္ပံနည်းကျစိုက်ပျိုးရေး ခေတ်မီနည်းစနစ်များ လက်တွေ့ကျင့်သုံး ဆောင်ရွက်နိုင်စေရန် လေ့ကျင့်ပညာပေးခြင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ် GPA (၁၄) ချက်အား ပို့ချပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးပညာ ပေးခြင်း၊ မြေဆီလွှာ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ရန် နည်းလမ်းများအား ပညာပေးပို့ချခြင်း၊ သီးနှံပိုးမွှား ရောဂါကာကွယ်နှိမ်နင်း နည်းစနစ်များအား ပညာပေးခြင်း၊ NGO အဖွဲ့များနှင့် ပူးပေါင်း၍ စိုက်ပျိုးနည်းပညာများ ပို့ချပေးခြင်း ဖြစ်ပါတယ်။ လေ့ကျင့်ပညာပေး ဆောင်ရွက်နိုင်မှုအခြေအနေဖြစ်ပါတယ်။ ပြည်နယ်ချုပ်အနေနဲ့ ဟောပြောဆွေးနွေးပွဲ အကြိမ် (၆၅၉၀) ဖြစ်ပြီး တောင်သူပေါင်း (၁၉၅၃၆၃) တက်ရောက်ပါတယ်။ နည်းပညာသင်တန်းပေးခြင်း အကြိမ် (၂၉၄၅) ဖြစ်ပြီး တောင်သူပေါင်း (၄၃၂၇၇) ဦးကို ပညာပေးနိုင်ခဲ့ပါတယ်။

သုတေသနဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်း၍ သီးနှံအလိုက် သုတေသန စမ်းသပ်ကွက်များကို မြို့နယ်များတွင် စိုက်ပျိုးဆောင်ရွက်၍ ဒေသ၊ ရေ၊ မြေ၊ ရာသီဥတုနှင့် သင့်လျော်သည့်မျိုးများ၊ စိုက်ပျိုးရေး နည်းစနစ်များကို စမ်းသပ်ဖော်ထုတ်ပေး၍ တောင်သူများမှ ကိုယ်တိုင်ရွေးချယ်စိုက်ပျိုးစေခဲ့ပါတယ်။ ၂၀၁၄ - ၂၀၁၅ ခုနှစ်ကစပြီး ယာစပါးမှာ ပုလဲသွယ်စပ်မျိုးစပါး စမ်းသပ်စိုက်ပျိုးတဲ့နေရာမှာ ပျမ်းမျှ ရှမ်းပြည်နယ်မှာ တစ်ဧကကို (၇၃.၆၅)တင်း ထွက်ရှိတာကို တွေ့ရှိပါတယ်။ တောင်သူများလည်း ကြိုက်နှစ်သက်တဲ့အတွက် ယာစပါးစပ်မျိုးများကို ရှမ်းပြည်နယ်စမ်းသပ်ထုတ်လုပ်နေပြီ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ တာပဲကူ(ယာစပါး) စိုက်ပျိုးထုတ်လုပ်မှုမှာ တစ်ဧကကို (၅၉.၉၄)တင်း ထွက်ရှိပါတယ်။ မျိုးများကို တောင်သူများကို အခမဲ့ ဖြန့်ဖြူးပေးလျက်ရှိပါတယ်။

စိုက်ပျိုးရေး သိပ္ပံကျောင်းဖွင့်ကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဝါးရုံပင်ကျေးရွာမှာ ဖွင့်လှစ်ထားပြီး ပထမနှစ် သင်တန်းသူ/ သင်တန်းသား (၇၆)ဦး ရှိပြီး၊ ဒုတိယနှစ် သင်တန်းသူ/ သင်တန်းသား (၂၂၂)ဦး ရှိပါတယ်။ စုစုပေါင်း သင်တန်းသူ/ သင်တန်းသား(၂၉၈)ဦး တက်ရောက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ (၃)နှစ်သင်တန်း

ဖြစ်ပါတယ်။ ဒီပလိုမာ (၃)နှစ်အောင်မြင်ပြီးလျှင် ဘွဲ့ပေးပြီး သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာန ရုံးမှာ တာဝန်ပြန်လည်ပေးအပ် ဝန်ထမ်းခန့်အပ်မှာ ဖြစ်ပါတယ်။ နှစ်အလိုက် ကျောင်းသူ/ ကျောင်းသား လက်ခံမှု အခြေအနေဖြစ်ပါတယ်။ ကျောင်းကျဉ်းမြောင်းသည့်အတွက် ၂၀၁၄ - ၂၀၁၅ ခုနှစ်မှာ ဆောက်လုပ်ပြီး ဖြစ်ပါတယ်။

ရှမ်းပြည်နယ်တွင် ၂၀၁၄ - ၂၀၁၅ ခုနှစ် ငွေလုံးငွေရင်းအနေနဲ့ ဆည်မြောင်းလုပ်ငန်း (၇၈)ခု ဆောင်ရွက်လျက်ရှိပြီး သာမန်အသုံးစရိတ်အနေနဲ့ ဆည်မြောင်းလုပ်ငန်း (၂၂၅)ခု ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ငွေလုံးငွေရင်းအနေနဲ့ ၁၀၀ % ပြီးသွားသည့် လုပ်ငန်းက (၄၃)ခုရှိပြီး ၂၅ % အထက်ပြီးသွားသည့် လုပ်ငန်း (၂၄)ခု ရှိပါတယ်။ ၅၀ % အထက်ပြီးတာ (၁၁)ခု ဖြစ်ပါတယ်။ သာမန်အသုံးစရိတ်မှာ ၁၀ % ပြီးသွားသည့် လုပ်ငန်း (၁၇၈) ခု ရှိပြီး ၇၅ % အထက်ပြီးတာ (၁၃)ခုဖြစ်ပါတယ်။ ၅၀ % အထက်ပြီးတာ (၃၄)ခု ဖြစ်ပါတယ်။ အချို့လုပ်ငန်းတွေသည် တောင်သူတွေ သီးနှံတွေ စိုက်ပျိုးထားတာ ရှိတဲ့အတွက် သီးနှံတွေကို ရိတ်သိမ်းပြီးမှာသာလျှင် ပြန်လည်ဆောင်ရွက်ပေးရမည့် လုပ်ငန်း ၅၀ % အထက် လုပ်ငန်းတွေဖြစ်ပါတယ်။ အတတ်နိုင်ဆုံး ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက် လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၄ - ၂၀၁၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်တဲ့ လုပ်ငန်း ဖြစ်ပြီး ပြည်နယ်ရန်ပုံငွေရရှိမှုအခြေအနေနှင့် ထုတ်ပေးမှု အခြေအနေဖြစ်ပါတယ်။ ငွေလုံး ငွေရင်းမှာ ကျပ်သန်းပေါင်း ၁၂၉၆၈.၂၅ သန်း ရရှိပြီး ဆည်မြောင်းဦးစီးဌာနသို့ ထုတ်ပေးပြီး ဖြစ်ပါတယ်။ သာမန်အသုံးစရိတ်မှာ ကျပ်သန်းပေါင်း ၅၉၇၅.၄၁ သန်း ရရှိပြီး ဆည်မြောင်းဦးစီး ဌာနသို့ အားလုံးထုတ်ပေးပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးဒေသမှာ ဆောင်ရွက်သည့် ဆည်မြောင်းလုပ်ငန်းများ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်းမှာ လုပ်ငန်းပေါင်း (၅၃) ခု ဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။ သာမန်အသုံးစရိတ်ဖြင့် ပြုပြင်ဆောင်ရွက်တဲ့ လုပ်ငန်းပေါင်း (၇၆)ခု ရှိပါတယ်။ ညောင်ရွှေဒေသ ဆောင်ရွက်ပေးသည့် လုပ်ငန်းဖြစ်ပါတယ်။ လုပ်ငန်းပေါင်း (၄၅)ခု ဖြစ်ပါ တယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ ဆောင်ရွက်ပေးသည့် လုပ်ငန်းပေါင်း (၆၂)ခု ဖြစ် ပါတယ်။

သီးနှံအလိုက် စိုက်ပျိုးနိုင်မှုအခြေအနေ တင်ပြထားသည့် ဇယားဖြစ်ပါတယ်။ အထွက် ကောင်း မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးနိုင်မှုအခြေအနေ ဖြစ်ပါတယ်။ မျိုးကောင်း မျိုးသန့် ပြောင်းလဲစိုက်ပျိုးမှုကတော့ ကြံကိုတော့ ၁၀၀ % ဆောင်ရွက်ပေးနိုင်သည့် အခြေ အနေ ဖြစ်ပါတယ်။ တစ်ဧကကို ပျမ်းမျှ (၅၂.၂၇) သာ ထွက်ရှိတဲ့မျိုးဖြစ်ပါတယ်။ ဝါသီးနှံစိုက်ပျိုး

မှု ဖြစ်ပါတယ်။ တောင်သူပညာပေး သရုပ်ပြပွဲ ဆောင်ရွက်နိုင်သည့် အခြေအနေဖြစ်ပါတယ်။ အကြိမ်ပေါင်း (၉၇) ကြိမ်ဖြစ်ပြီး တက်ရောက်သည့် တောင်သူပေါင်း (၂၆၀၅)ဦး ပညာပေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု တင်ပြမှာ ဖြစ်ပါတယ်။ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက အဓိက ဆောင်ရွက်သည့် လုပ်ငန်းများကတော့ မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေး မြေတိုင်းတာ၍ မြေပုံများ ပြည့်စုံစွာထားရှိရေး၊ သီးနှံစိုက်ပျိုး ထုတ်လုပ်မှုစာရင်းများ မှန်ကန်စွာ ပြုစုရေး၊ မြေယာအသုံးပြုမှု စာရင်းများ မှန်ကန်စွာ ထုတ်ပြန်ရေး၊ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ လယ်ယာမြေနှင့် မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်း ဆောင်ရွက်ရေး၊ လယ်ယာစီးပွား စစ်တမ်းကောက်ယူရေး၊ စာချုပ်စာတမ်းမှတ်ပုံတင်ရေးဥပဒေနှင့်အညီ စာချုပ်စာတမ်းမှတ်ပုံတင်ပေးရေးလုပ်ငန်းများ အဓိက ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့အထိ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်ချုပ်အနေနဲ့ ၇၉% ထုတ်ပေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်နှင့် ၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါး စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ နှိုင်းယှဉ်တင်ပြထားခြင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ချုပ်အနေနဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ စိုက်ဧက (၁၃၄၇၉၇၁)ဖြစ်ပြီး၊ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ (၁၃၁၆၈၁၂)ဧကဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၃- ၂၀၁၄ ခုနှစ် နွေစပါးစိုက်ပျိုး ထုတ်လုပ်မှုနှင့် ၂၀၁၄-၂၀၁၅ ခုနှစ် နွေစပါးလျာထားချက်စာရင်း တင်ပြခြင်း ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ (၄၂၆၉၆)ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်မှာတော့ လျာထားဧက(၅၆၂၁၁)ဧကဖြစ်ပြီး အစီရင်ခံပြီးသည့် အထိကတော့ မတ်လ ၁၅ ရက်နေ့အထိ (၂၂၇၇၈)ဧကသာ စိုက်ပျိုးနိုင်သေးကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါး၊ အဓိကသီးနှံ (၁၀)မျိုး စိုက်ပျိုးပြီးစီးမှုအခြေအနေဖြစ်ပါတယ်။ ၂၀၁၄ - ၂၀၁၅ ခုနှစ်၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ဧကပေါင်း (၄၆၃၆၇၄)ဧက စိုက်ပျိုးနိုင်ခဲ့ပြီး၊ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ (၄၅၅၃၀၄)ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ပဲအမျိုးမျိုးစိုက်ပျိုးထုတ်လုပ်မှု ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ဧကပေါင်း (၄၃၁၀၂၂)ဧက စိုက်ပျိုးနိုင်ခဲ့ပြီး၊ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ (၄၁၆၃၈၀)ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ထွန်ယက်ရေးလုပ်ငန်း (မြေပြုပြင်ခြင်းလုပ်ငန်း)၊ လယ်ယာသုံး စက်ကိရိယာဖြန့်ဖြူးခြင်းလုပ်ငန်း၊ တောင်သူပညာပေးလုပ်ငန်း၊ စက်မှုလယ်ယာ

စနစ်ကျ ဖော်ထုတ်ခြင်းလုပ်ငန်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဆောင်ရွက်ပါတယ်။ ထွန်ယက်ရေးလုပ်ငန်းကို လျာထားကေ(၄၀၀၀၀)ဖြစ်ပြီး အစီရင်ခံသည့်နေ့အထိ (၃၆၃၄၁.၆) ဧက မြေပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၉၀.၈၅ % ဖြစ်ပါတယ်။

လယ်ယာသုံးစက်ကိရိယာဖြန့်ဖြူးပေးမှု ဖြစ်ပါတယ်။ အစီရင်ခံသည့်နေ့အထိ ထွန်စက်ကြီး (၁၀)စီး၊ ထွန်စက်ငယ် (၉၁၄)စီး၊ စပါးခြွေစက် (၁၄)စီး ဖြန့်ဖြူးရောင်းချနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ တောင်သူပညာပေးလုပ်ငန်း ဆောင်ရွက်ပေးနိုင်မှု အခြေအနေ ဖြစ်ပါတယ်။ အကြိမ်(၆)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး သင်တန်းသား ဦးရေ(၁၉၀) ဦးကို လယ်ယာသုံးစက်ကိရိယာ မောင်းနှင်မှုသင်တန်းနှင့် အရေးပေါ်ပြုပြင်ခြင်းလုပ်ငန်းများ သင်ကြားပို့ချနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ စက်မှုလယ်ယာစနစ်ကျ လယ်ဖော်ထုတ်ခြင်းလုပ်ငန်းကို ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်မှာ ဧက(၃၀၀)အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တောင်ကြီးမြို့နယ်၊ ဟဲကယ်ကျေးရွာမှာ ဧက(၂၀၀)ဖြစ်ပါတယ်။ မိုးမိတ်မြို့နယ်၊ ရွှေဇာလီကျေးရွာမှာ ဧက(၁၀၀) ဖြစ်ပါတယ်။

ရှမ်းပြည်နယ်တွင် အမှတ်(၁) ကုန်းမြင့်ဒေသလယ်ယာမြေ ဖော်ထုတ်ရေးစီမံကိန်းရုံးကို ရှမ်းပြည်နယ် မြောက်ပိုင်း (လားရှိုးမြို့)တွင်လည်းကောင်း၊ အမှတ်(၂) ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းကို ရှမ်းပြည်နယ်အရှေ့ပိုင်း (ကျိုင်းတုံမြို့)တွင်လည်းကောင်း၊ အမှတ်(၄) ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းရုံးကို ရှမ်းပြည်နယ်တောင်ပိုင်း (တောင်ကြီးမြို့)တွင်လည်းကောင်း၊ ရှမ်းပြည်နယ်တွင် စီမံကိန်း(၃)ရုံး ဖွင့်လှစ်ပြီး လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဓိက ဆောင်ရွက်သည့်လုပ်ငန်း ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးစနစ်ကို လှေကားထစ် လယ်ယာမြေစိုက်ပျိုးမှု စနစ်ဖြင့် အစားထိုးရန်၊ ဒေသတွင်းစားနပ်ရိက္ခာဖူလုံ ပိုလျှံရေးကို အထောက်အကူပြုရန်၊ ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် ရွှေ့ပြောင်းနေထိုင် စိုက်ပျိုးသည့် အခြေအနေမှ အတည်တကျအခြေချ နေထိုင်စိုက်ပျိုးသည့် ဘဝကို ထူထောင်ပေးရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကို အကျိုးပြုစေရန် ဖြစ်ပါတယ်။ နည်းလမ်း(၂)သွယ်ဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒေသခံတောင်သူ မိသားစုက ဖော်ထုတ်ပြီး ဌာနကပံ့ပိုးကူညီခြင်း ဖြစ်ပါတယ်။

၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းလျာထားချက် ဆောင်ရွက်ပေးမှု အခြေအနေ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွင် ဧက(၂၀၀)အကောင်အထည်ဖော်

လျာထားမှု ရှိပါတယ်။ (၁၅- ၃- ၂၀၁၅) နေ့ထိ ပြီးစီးမှုကတော့ (၁၈၃)ကေ ဖော်ထုတ်ပေးပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသတွင် လျာထားကေ (၂၀၀) အစီရင်ခံသည့်နေ့အထိ (၇၅)ကေသာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းဒေသ တွင် လျာထားကေ (၂၀၀)မှာ (၁၂၅)ကေ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်ချုပ်အနေနဲ့ လျာထားကေ (၆၀၀)ဖြစ်ပြီး အကောင်အထည်ဖော်ပြီးမှုမှာ (၃၈၅) ကေ ပြီးစီးကြောင်း တင်ပြအပ်ပါတယ်။

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လုပ်ငန်းအခြေအနေ တင်ပြမှာ ဖြစ်ပါတယ်။ အဓိက ဆောင်ရွက်သည့်လုပ်ငန်းများမှာ မြစ်ချောင်းများမှ ရေကို ရေစုပ်စက်ဖြင့် တင်၍ စိုက်ပျိုးရေပေးဝေခြင်း၊ မြေအောက်ရေ အခြေအနေပေးသော နေရာများတွင် စက်ရေတွင်းများ တူးဖော်ပြီး ထုတ်ယူသုံးစွဲခြင်း၊ ရရှိလာသောရေကို စိုက်ပျိုးရေးအတွက် အပြည့်အဝ အကျိုး ရှိစွာ အသုံးချခြင်း ဖြစ်ပါတယ်။ ၂၀၁၄ - ၂၀၁၅ ခု ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်သည့်လုပ်ငန်း ငွေလုံးငွေရင်းအသုံးစရိတ် ဖြစ်ပါတယ်။ ဒါးဆိပ်ရေတင်လုပ်ငန်းတွင် ပင်မမြောင်းနှင့် လက်တံမြောင်း ပြုပြင်ခြင်းလုပ်ငန်း၊ တောင်ကြီးမြို့နယ်၊ ဇလဲကျေးရွာ၊ စိမ့်စမ်းရေသွယ်ခြင်း လုပ်ငန်း၊ မိုးနဲမြို့နယ်၊ ဝမ်ယိမ်းကျေးရွာ စိမ့်စမ်းရေသွယ်ခြင်း၊ ကျောက်နီရေတင်လုပ်ငန်း မြို့ပြ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆုံကွယ်ကျေးရွာအုပ်စု၊ ကချင်ကုန်းကျေးရွာ သောက်သုံးရေ သွယ် လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။ ဒါးဆိပ်ရေတင် လုပ်ငန်း ၈၀ % ၊ ဇလဲ ကျေးရွာ၊ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း ၁၀၀ % ၊ ဝမ်ယိမ်းကျေးရွာစိမ့်စမ်းရေသွယ်ခြင်း လုပ်ငန်း ၁၀၀ % ၊ ကျောက်နီရေတင်လုပ်ငန်းမြို့ပြလုပ်ငန်း ၈၅ % ၊ ဆုံကွယ်ကျေးရွာအုပ်စု၊ ကချင်ကုန်းကျေးရွာသောက်သုံးရေသွယ်လုပ်ငန်း ၁၀၀ % ပြီးစီးပါကြောင်း တင်ပြအပ်ပါတယ်။ မြေအောက်ရေရရှိရေး ရေတွင်းတူးဖော်မှု ဖြစ်ပါတယ်။ ဘော်ဆိုင်းဒေသတွင် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ အစီရင်ခံသည့် နေ့အထိ (၆၅)တွင်း တူးနိုင်ခဲ့ပြီး အောင်မြင်သည့်တွင်းမှာ (၃၇) တွင်း ဖြစ်ပါကြောင်း၊ ပြောင်းရွှေ့ပြီး ပြန်လည်တူးဖော်ရသည့်တွင်းမှာ (၂၄)တွင်း ဖြစ်ကြောင်း၊ တူးနေဆဲတွင်းမှာ (၅)တွင်း ဖြစ်ပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေတင်ပြမှာ ဖြစ်ပါတယ်။ သီးနှံအမျိုးအစားလိုက် သတ်မှတ်သည့် ချေးငွေနှုန်းထားများနှင့် ထုတ်ချေး/ ပေးဆပ်ရန် ကာလများ သတ်မှတ်ချက်ဖြစ်ပါတယ်။ စပါး(၁)ကေကို တစ်သိန်း၊ ကျန်သီးနှံ(၁) ကေနှစ်သောင်း ထုတ်ချေးပါတယ်။ ချေးငွေထုတ်ချေးခြင်းလုပ်ငန်း နှစ်စဉ်ချေးငွေ ဖြစ်ပါ တယ်။ ၂၀၁၄ ခုနှစ်၊ မိုးကြိုရာသီ ဘဏ်ချေးငွေ ထုတ်ချေးပြီးစီးမှု ဖြစ်ပါတယ်။ စုစုပေါင်း ကျပ်သန်းပေါင်း (၃၉၁၄.၆၀) သန်းဖြစ်ပါတယ်။ မိုးရာသီဘဏ်ချေးငွေ ထုတ်ချေးပြီးစီးမှု ဖြစ်ပါ တယ်။ စုစုပေါင်း ကျပ်သန်းပေါင်း (၁၈၇၆၈.၅၈)သန်း ဖြစ်ပါတယ်။

ဆောင်းရာသီ ဘဏ်ချေးငွေ ထုတ်ချေးပြီးစီးမှုမှာ စုစုပေါင်း ကျပ်သန်းပေါင်း (၅၇၉.၉၂) သန်း ဖြစ်ပါတယ်။ လက်ဖက်ထုတ်လုပ်မှုစရိတ်ချေးငွေ ထုတ်ချေးပြီးစီးမှု ဖြစ်ပါတယ်။ စုစုပေါင်း ကျပ်သန်းပေါင်း (၆၂၄.၈၀) သန်း ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ မိုးကြိုရာသီ ဘဏ်ချေးငွေ ထုတ်ချေးပြီးစီးမှုဖြစ်ပါတယ်။ စုစုပေါင်း ကျပ်သန်းပေါင်း (၄၂၅၃.၉၀) သန်း ဖြစ်ပါတယ်။ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် နှိုင်းယှဉ်ဇယား ဖြစ်ပါတယ်။ မိုးထုတ်ချေးငွေမှာ ၂၀၁၃ - ၂၀၁၄ ခုနှစ်တွင် ကျပ်သန်းပေါင်း (၁၇၄၀၅.၅၆)သန်းဖြစ်ပြီး ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် ကျပ်သန်းပေါင်း (၁၈၇၆၈.၅၈) သန်း ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။

ဆောင်းထုတ်ချေးငွေမှာ ၂၀၁၃ - ၂၀၁၄ ခုနှစ်တွင် ကျပ်သန်းပေါင်း (၆၃၈.၈၈) သန်း ဖြစ်ပြီး ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် ကျပ်သန်းပေါင်း (၅၇၉.၃၂) သန်း ထုတ်ချေးပေးခဲ့ပြီး ဖြစ်ပါတယ်။ လက်ဖက်ထုတ်လုပ်မှုစရိတ် ချေးငွေထုတ်ချေးပေးခြင်း ဖြစ်ပါတယ်။ ၂၀၁၃ - ၂၀၁၄ ခုနှစ်တွင် ကျပ်သန်းပေါင်း (၇၁၃.၃၀)သန်း ထုတ်ချေးနိုင်ခဲ့ပြီး ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် ကျပ်သန်းပေါင်း (၆၂၄.၈၀)သန်းသာ ထုတ်ချေးနိုင်ခဲ့ပါတယ်။ မိုးကြိုနွေစပါးထုတ်ချေးခြင်း လုပ်ငန်းမှာတော့ ၂၀၁၃ - ၂၀၁၄ ခုနှစ်တွင် ကျပ်သန်းပေါင်း (၁၅၆၇၆) သန်း ထုတ်ချေးနိုင်ခဲ့ပြီး ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် ကျပ်သန်းပေါင်း (၁၅၂၈) သန်း ထုတ်ချေးနိုင်ခဲ့ပါတယ်။ မိုးကြိုကြံထုတ်ချေးခြင်းလုပ်ငန်းမှာတော့ (၁)ဧက တစ်သိန်းနှုန်း ၂၀၁၃ - ၂၀၁၄ ခုနှစ်တွင် ကျပ်သန်းပေါင်း (၂၃၄၇.၁၀)သန်း ထုတ်ချေးနိုင်ခဲ့ပြီး ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် ကျပ်သန်းပေါင်း (၂၇၂၅.၉၀) သန်း ထုတ်ချေးနိုင်ခဲ့ပါတယ်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနလုပ်ငန်း၏ တိရစ္ဆာန်ကောင်ရေ အရင်းအမြစ်တိုးပွားမှုအခြေအနေမှာ ၂၀၁၄ - ၂၀၁၅ ခုနှစ်စတွင် ကျွဲ (၈၁၉၆၂၀)၊ နွား(၁၅၄၂၉၇၈)၊ သိုးဆိတ် (၈၈၁၁၀)၊ ဝက် (၂၀၀၂၄၄၈)၊ ကြက်/ ဘဲ (၂၆၁၄၄၄၅၉) ဖြစ်ပါတယ်။ ၂၀၁၄ - ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ ကောက်ယူရရှိစာရင်း ဖြစ်ပါတယ်။ ထုတ်လုပ်မှု တင်ပြရမည်ဆိုလျှင် ကျွဲတွင် ၃% တိုးတက်ပါကြောင်း၊ နွားတွင် ၂.၇၄% တိုးတက်ပါကြောင်း၊ သိုး/ ဆိတ် ၁.၃ % တိုးတက်ပါကြောင်း၊ ဝက် ၈.၆၂ % ဖြစ်ပါကြောင်း၊ ကြက်/ ဘဲ ၁၁.၈၆ % တိုးတက်လာကြောင်း တင်ပြအပ်ပါတယ်။ အသား၊ နို့၊ ဥ ထုတ်လုပ်မှု ပမာဏ တင်ပြခြင်းဖြစ်ပါတယ်။တိရစ္ဆာန်ရောဂါကာကွယ်ကုသခြင်း ဆိုင်ရာ ဆောင်ရွက်နိုင်မှုအခြေအနေ တင်ပြခြင်း ဖြစ်ပါတယ်။ အစီရင်ခံသည့်နေ့အထိ ဆောင်ရွက်နိုင်မှုမှာ ကျွဲ/ နွား ရောဂါကာကွယ်ရေးတွင် ၉၆.၇၈ %၊ ဝက် ၉၅.၂၈ %၊ ကြက် ၈၉.၁၂ %၊ ကုသခြင်း ကျွဲ/ နွား ၉၄.၁၇ %၊ ဝက် ၉၈.၆၉ %၊ ကြက် ၁၀၀.၀၅ % ဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ကျေးလက်အခြေခံမွေးမြူရေး သင်တန်းကတော့ ရှမ်းပြည်နယ်ချုပ်အနေနဲ့ အကြိမ်(၄၇)ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး၊ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေး အကြိမ်(၂၀)ကြိမ်သာ လုပ်နိုင်ခဲ့ပါတယ်။ ကြက်/ ငှက်တုတ်ကွေး

ရောဂါကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းကတော့ အကြိမ်(၄၇)ကြိမ် ပြုလုပ်နိုင်ခဲ့ပါတယ်။ မေထုန်မှဲ့သားစပ်သင်တန်းကတော့ အကြိမ် (၈)ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ပေါင်းစည်းလယ်ယာဆောင်ရွက်ထားမှုအခြေအနေမှာ ကျိုင်းတုံတွင် ဦးကျမော့၊ တောင်ကြီး ဦးသောင်းကြည်၊ လားရှိုး ဦးအိုက်စံနှင့် ရှမ်းရှေ့ ဦးအိုက်တစ် မိုင်းယောင်းမြို့နယ်မှ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တွင် လောလောဆယ် စံချိန်မီခြင်းမှာ ၄ ခုသာရှိကြောင်း တင်ပြအပ်ပါတယ်။ နို့စားနွားမွေးမြူထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေမှာ သားစပ်ကောင်ရေပေါင်း (၁၃၃၀)ကောင်ဖြစ်ပြီး လက်ရှိပေါက်ဖွားမှုက (၂၃၀၆)ကောင် ပေါက်ဖွားသည့်အကြောင်း တင်ပြအပ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မျိုးတိရစ္ဆာန်ဖြန့်ဖြူးမတည် ရင်းနှီးငွေရရှိမှု ဖြစ်ပါတယ်။ မွေးမြူရေးဘဏ်စနစ် ဖော်ဆောင်ရေး အရင်းမပျောက်မတည်ရင်းနှီးငွေ တစ်မြို့နယ်ကို သန်း (၃၀၀) ဖြစ်ပါတယ်။

ရှမ်းပြည်နယ်တွင် ကျပ်သန်း (၁၂၀၀) ဖြန့်ဖြူးပြီး ဖြစ်ပါတယ်။ တောင်ကြီး၊ ရွာငံ၊ ပင်းတယ၊ ကလောမြို့နယ် (၄)မြို့နယ်တွင် ကျပ်သန်း (၇၀) ဖြစ်ပါတယ်။ ဌာနရန်ပုံငွေအနေဖြင့် တောင်ကြီး၊ ညောင်ရွှေ၊ ကလောမြို့နယ်တွင် ဒေသနွား (၁၀၀)ကောင်နှင့် ရွာငံမြို့နယ်တွင် ဆိတ် (၅၀၀)ကောင် တောင်သူများ မွေးမြူနိုင်ရေး ဖြန့်ဖြူးထားပေးပြီး ဖြစ်ပါတယ်။ မြစိမ်းရောင်ကျေးရွာက (၂)ရွာဖြစ်ပြီး ဆီဆိုင်မြို့နယ်၊ ကုန်းကျောင်းကျေးရွာနှင့် တောင်ကြီးမြို့နယ်၊ လွယ်မောကျေးရွာမှာဖြစ်ပြီး တစ်ရွာကို သိန်း(၃၀၀) မတည်ငွေ ထုတ်ပေးထားပြီးဖြစ်ပါတယ်။

ငါးလုပ်ငန်းဦးစီးဌာန၏ ငါးမျိုးစေ့ စိုက်ထုတ်နိုင်မှု အခြေအနေမှာ စုစုပေါင်း စိုက်ထည့်ကောင်ရေ (၂၁၆၃၀၀၀) ဖြစ်ပါတယ်။ ဒေသတိုင်းရင်းငါး ငါးဖိန်းမျိုးများ မွေးမြူထုတ်လုပ်နိုင်မှုအခြေအနေ ဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း အစီအစဉ်အနေနဲ့ ပေါင်းစည်းလယ်ယာ (၄)ခုရှိရာ တောင်ကြီးဒေသတွင် (၁)ခု၊ ကျိုင်းတုံဒေသတွင် (၂)ခု၊ လားရှိုးဒေသတွင် (၁)ခု ဆောင်ရွက်လျက်ရှိပါတယ်။ ငါးကဏ္ဍဆိုင်ရာ အစုအဖွဲ့အနေဖြင့် (၆)ဖွဲ့ရှိပြီး ညောင်ရွှေတွင် (၃)ဖွဲ့၊ တောင်ကြီးတွင် (၁)ဖွဲ့၊ ဖယ်ခုံတွင် (၂)ဖွဲ့၊ ဟိုပုံးတွင် (၁)ဖွဲ့၊ လွိုင်လင်တွင် (၂)ဖွဲ့၊ မိုးနဲတွင် (၂)ဖွဲ့၊ လားရှိုးတွင် (၃)ဖွဲ့၊ ကျိုင်းတုံတွင် (၁)ဖွဲ့၊ မူဆယ်တွင် (၁)ဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ နည်းပညာပေး ဖွင့်လှစ်သင်ကြားပေးမှု အခြေအနေဖြစ်ပါတယ်။ ပြည်ထောင်စုမှ မတည်ရင်းနှီးငွေဖြင့် ဆောင်ရွက်သည့် ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပါတယ်။ အင်းပေါခုံတွင် သိန်း(၅၀)၊ သလဲဦးတွင် သိန်း(၅၀)၊ ရေပြုကြီးတွင် သိန်း(၅၀)၊ လွယ်မောတွင် သိန်း(၅၀)၊ လားရှိုးမြို့နယ် နားယားမ

တွင် သိန်း(၅၀)၊ တာချီလိတ်၊ ကျိုင်းလပ် ဖန်ဖဲတွင် သိန်း(၅၀)၊ တောင်ကြီးခရိုင်၊ သလဲဦး မန်ကျီးဆိပ်တွင် သိန်း(၁၀၀) ပြည်ထောင်စုရန်ပုံငွေအနေဖြင့် ဖြန့်ဖြူးကူညီဆောင်ရွက်ပေး လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ မြစိမ်းရောင်စီမံကိန်း ငါးကဏ္ဍအကောင်အထည်ဖော် အရင်းမပျောက် မတည်ငွေများ ဖြစ်ပါတယ်။ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်တွင် သလဲဦး ကျေးရွာ သိန်း(၃၀၀)၊ မင်းချောင်းရှေ့ကျေးရွာ သိန်း(၃၀၀)၊ မိုးသောက်အင်း သိန်း(၃၀၀)၊ အိုင်ထောင့်ကြီး သိန်း(၃၀၀)၊ ရေကာ(ရေတန်း) သိန်း(၃၀၀)၊ နောင်တောလယ်မြေ သိန်း(၃၀၀)၊ မကျီးဆိပ် သိန်း(၃၀၀)၊ မင်းရွာ သိန်း(၃၀၀) ဖြစ်ပါတယ်။ မူဆယ်ခရိုင်၊ ကြူကုတ် (ပန်ဆိုင်း)၊ နမ့်တောင်း သိန်း(၃၀၀)၊ နမ့်ခမ်းမြို့နယ်၊ ကောင်းတက်ကျေးရွာ သိန်း(၃၀၀)၊ စုစုပေါင်း သိန်း(၃၀၀၀)ကို အရင်းမပျောက် မတည်ငွေအနေဖြင့် ထုတ်ပေးထားကြောင်း တင်ပြအပ်ပါ တယ်။

ပျားလုပ်ငန်းဌာနအနေဖြင့် ရှမ်းပြည်နယ်တွင် မြို့နယ်အလိုက် ပျားအုံဖွဲ့စည်းမှု အခြေအနေမှာ တောင်ကြီးမြို့နယ်တွင် (၂၀၀)၊ ကလောမြို့နယ်တွင် (၂၀၀)၊ ရပ်စောက် မြို့နယ်တွင် (၂၀၀)၊ လားရှိုးမြို့နယ်တွင် (၂၀၀)၊ စုစုပေါင်း ပျားအုံ (၈၀၀) ဖြန့်ဖြူးထားပြီး ဖြစ်ပါတယ်။ ပုဂ္ဂလိက ကဏ္ဍတွင် မွေးမြူသူက ရှမ်းပြည်နယ်တွင် ၅၅ ဦးသာရှိပြီး ပျားအုံ အရေအတွက်က (၇၅၂၀)၊ နှစ်စဉ်ထုတ်လုပ်နိုင်မှု ပျားတန်ချိန် (၂၀၀)ကျော် ထုတ်လုပ်ရရှိနိုင် ကြောင်း တင်ပြအပ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံး ငွေရင်းလုပ်ငန်းများမှာ ရှမ်းတောင် တောင်ကြီးဒေသတွင် ကျပ်သန်းပေါင်း ၈၆၃၀.၂၇၉ သန်း၊ ရှမ်းမြောက်တွင် ကျပ်သန်းပေါင်း ၁၀၂၉၀.၀၈၂ သန်း၊ ရှမ်းရှေ့တွင် ကျပ်သန်းပေါင်း ၄၆၈၄.၃၈၀ သန်း၊ ရှမ်းပြည်နယ်ချုပ်အနေဖြင့် ကျပ်သန်းပေါင်း ၂၃၆၀၄.၇၄၁ သန်း ဖြစ်ပါ တယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအနေဖြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျပ်သန်းပေါင်း ၄၅၉၀.၄၆၀ ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျပ်သန်းပေါင်း ၂၉၉၄.၅၂၀ ၊ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ကျပ်သန်းပေါင်း ၃၅၇၂.၆၈၀ ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျပ် သန်းပေါင်း ၂၃၇၃.၁၀၀ ဖြစ်ပါတယ်။ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ကျပ်သန်းပေါင်း ၂၄၅၀.၁၀၀ ဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၅)ခုအနေဖြင့် ကျပ်သန်းပေါင်း ၁၅၉၈၀.၈၆၀ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျပ်သန်းပေါင်း ၃၉၅၈၅.၆၀၁ ရန်ပုံငွေ ခွဲဝေရရှိပြီး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါ တယ်။

လမ်းတွင် ကျပ်သန်းပေါင်း ၁၇၁၇၃.၉၄၂ သန်း၊ တံတား ကျပ်သန်းပေါင်း ၂၉၂၀.၆၉၀ ၊ ရေပေးဝေရေး ကျပ်သန်းပေါင်း ၁၁၂၃၁.၉၈၅ ၊ မီးလင်းရေး ကျပ်သန်းပေါင်း ၇၂၃၃.၉၇၉ ၊ ကျေးလက်အိမ်ရာ တည်ဆောက်ရေးလုပ်ငန်းတွင် ကျပ်သန်းပေါင်း ၆၄၂.၇၃၀ ၊ ယင်လုံအိမ်သာ တည်ဆောက်ရေးလုပ်ငန်းတွင် ကျပ်သန်းပေါင်း ၃၈၁.၂၇၅ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်သည့် လမ်း၊ တံတား၊ ရေပေးရေး၊ ကျေးလက် မီးလင်းရေး၊ အိမ်ရာ၊ ယင်လုံအိမ်သာလုပ်ငန်း တစ်ခုချင်း လုပ်ငန်းဆောင်ရွက်မည့် အတိုင်း အတာဖြစ်ပါတယ်။ ရှမ်းပြည်နယ်ချုပ်အနေဖြင့် လမ်းပေါင်း ၂၈၈ မိုင် ၂.၅ ဖာလုံ၊ တံတား ပေပေါင်း ၃၂၉၈ ၊ ရေပေးရေးလုပ်ငန်း ၃၃၃ ခုဖြစ်ပြီး၊ ဆိုလာမီးလင်းရေးအတွက် ဆိုလာအလုံး ရေ ၂၄၃၇၂ လုံး၊ ရေအားလျှပ်စစ်လုပ်ငန်း ၁၀၆ ခု၊ မဟာဓာတ်အားလိုင်း မီးသွယ်ရေး ၃ ခု၊ ကျေးလက်အိမ်ရာ တည်ဆောက်ရေးလုပ်ငန်း ၁၈၈ လုံး၊ ယင်လုံအိမ်သာ တည်ဆောက်ရေး လုပ်ငန်း ၂၄၁ လုံး ဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၄)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း(၁)ခု၊ ပေါင်း(၅)ခုမှာ လမ်းပေါင်း ၂၀၀ မိုင် ၇.၅၉ ဖာလုံ၊ တံတားပေပေါင်း ၃၃၁၂ ပေ၊ ရေပေးရေးလုပ်ငန်း ၃၃၂ ခု၊ ဆိုလာမီးလင်းရေးအတွက် ဆိုလာအလုံးရေ ၃၃၇၉ လုံး၊ မဟာဓာတ်အားလိုင်းမီးသွယ်တန်း ၁ ခု၊ ကျေးလက်အိမ်ရာ ၂၅ လုံး၊ ယင်လုံအိမ်သာ ၃၀ လုံး ဖြစ်ပါတယ်။

ရှမ်းပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ တိုင်း စုစုပေါင်း လမ်းပေါင်း ၄၈၉ မိုင် ၂.၀၉ ဖာလုံ၊ တံတားပေပေါင်း ၆၆၁၀ ပေ၊ ရေပေးရေးလုပ်ငန်း ၆၆၅ ခု၊ ဆိုလာမီးလင်းရေး အတွက် ဆိုလာအလုံးရေ ၂၈၃၅၁ လုံး၊ ရေအားလျှပ်စစ်လုပ်ငန်း ၁၀၆ ခု၊ မဟာဓာတ်အားလိုင်း မီးသွယ်တန်း ၄ ခု၊ ကျေးလက်အိမ်ရာတည်ဆောက်ရေးလုပ်ငန်း ၂၁၃ လုံး၊ ယင်လုံအိမ်သာ တည်ဆောက်ရေးလုပ်ငန်း ၂၇၁ လုံး ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လမ်းလုပ်ငန်းလျာထား မှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေဖြစ်ပါတယ်။ လမ်းလုပ်ငန်းတွင် ၇၇.၈၀ % ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေဖြင့် ၈၆.၀၀ % ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ချုပ်အနေဖြင့် ၈၆.၀၀ % လုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ် ပါတယ်။ ကျေးလက်ဒေသလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေမှာ ရှမ်းပြည်နယ်ချုပ် အနေဖြင့် ၇၇.၀၀ % ဆောင်ရွက်ပြီးကြောင်း တင်ပြအပ်ပါတယ်။ ကျေးလက်ရေပေးရေး လုပ်ငန်းကို ရှမ်းပြည်နယ်ချုပ်အနေဖြင့် ၉၉ % ဆောင်ရွက်ပြီးစီးကြောင်း တင်ပြအပ်ပါတယ်။ ကျေးလက်မီးလင်းရေး ဆိုလာလုပ်ငန်း ၁၀၀% ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ရေအားလျှပ်စစ် လုပ်ငန်း ၈၈% ဆောင်ရွက်နိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ မဟာဓာတ်အားလိုင်းလုပ်ငန်း ၈၀% ဆောင်ရွက်ပြီးစီးကြောင်း တင်ပြအပ်ပါတယ်။ ကျေးလက်အိမ်ရာလုပ်ငန်းများ ၁၀၀%

ဆောင်ရွက်ပြီးစီးကြောင်း တင်ပြအပ်ပါတယ်။ ယင်လုံအိမ်သာလုပ်ငန်းများ ၁၀၀% ဆောင်ရွက်ပြီးစီးကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအနေဖြင့် ရှမ်းပြည်နယ်အတွင်း စုံစမ်းရေးကော်မရှင် အစီရင်ခံစာပါ မြေယာကိစ္စများ ဖြေရှင်းဆောင်ရွက်ပြီးစီးမှုနှင့် ပြန်လည်စွန့်လွှတ်သည့် မြေများ လွှဲပြောင်းပေးအပ်မှု မတ်လ ၃ ရက်နေ့အထိ အခြေအနေ တင်ပြမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်တွင် ဖြေရှင်းဆောင်ရွက်ပေးသည့် အမှုတွဲပေါင်း ၁၄၄၃ ခုရှိပါတယ်။ အစီရင်ခံစာပါ ဖြေရှင်းဆောင်ရွက်ရသည့် အမှုပေါင်း ၁၃၂၄ ခု ရှိပါတယ်။ ဖြေရှင်းဆောင်ရွက်ပြီးစီးသည့် အမှုပေါင်း ၁၀၀၇ မှုဖြစ်ပြီး၊ စိစစ်ဆဲ အမှုပေါင်း ၃၁၇ မှုဖြစ်ပါတယ်။ အစီရင်ခံစာအပိုင်း (၇)နှင့် အပိုင်း(၆)ဖြစ်ပါတယ်။ သီးခြားစွန့်လွှတ်သည့် အမှုကိစ္စပေါင်းက ၁၁၉ ခုဖြစ်ပါတယ်။ ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာပေါင်း ၄၁၄၆၆.၀၅၇ ဧက ဖြစ်ပါတယ်။ ယင်းတွင် လွှဲပြောင်းပေးအပ်ပြီးသည့်မြေ ၄၁၁၈၃.၁၀၇ ဧကဖြစ်ပြီး၊ လွှဲပြောင်းပေးအပ်ရန် ကျန်သည့်မြေ ၂၈၂.၉၅၀ ဧကဖြစ်ပါတယ်။ ဖြေရှင်းဆောင်ရွက်ပြီးစီးသည့် အမှုပေါင်း ၁၀၀၇ မှုတွင် အကြောင်းရင်းခိုင်မာသည့်အတွက် မစွန့်လွှတ်သည့် အမှုပေါင်း ၃၆၁ မှုရှိပါတယ်။ ညှိနှိုင်းပြေလည်သည့်အတွက် မစွန့်လွှတ်သည့် အမှုပေါင်း ၅၄ ခုဖြစ်ပါတယ်။ အားလုံး စွန့်လွှတ်သည့် အမှုပေါင်း ၄၅ မှု၊ တစ်စိတ်တစ်ဒေသ စွန့်လွှတ်သည့် အမှုပေါင်း ၂၂ မှု၊ တိုင်စာတူ အမှုပေါင်းက ၃၄၈ မှု၊ ဥပဒေကြောင်းဖြင့် ဖြေရှင်းရမည့် အမှုပေါင်း ၁၃၂ မှု၊ မှားယွင်းတိုင်ကြားသည့် အမှုပေါင်း ၄၅ မှုဖြစ်ပါတယ်။ ပြန်လည်စွန့်လွှတ်သည့်ဧက ၁၀၁၁၂.၀၈၅ ဧက၊ လွှဲပြောင်းပေးအပ်ပြီးသည့်ဧက ၁၀၀၅၁.၈၉၅ ဧက၊ လွှဲပြောင်းပေးအပ်ရန် ကျန်ဧရိယာ ၆၀.၁၉၀ ဧက ဖြစ်ပါတယ်။ စိစစ်ဆဲ ဖြစ်ပါတယ်။

အစီရင်ခံစာအပိုင်း(၁)တွင် ပါဝင်သည့် အမှုကိစ္စ ဖြေရှင်းဆောင်ရွက်ပေးမှု ဖြစ်ပါတယ်။ အစီရင်ခံစာအပိုင်း (၁) (၅၇)မှု၊ အစီရင်ခံစာ အပိုင်း (၃)က (၁၇)မှုဖြစ်ပါတယ်။ ဖြေရှင်းဆောင်ရွက်သည့် အမှုပေါင်းက (၇၄)မှု ဖြစ်ပါတယ်။ အကြောင်းရင်းခိုင်မာ မစွန့်လွှတ်သည့် အမှုပေါင်း (၂၈)၊ အားလုံးစွန့်လွှတ်သည့် အမှုပေါင်း (၂၈)မှု ဖြစ်ပါတယ်။ တစ်စိတ်တစ်ဒေသ စွန့်လွှတ်သည့် အမှုပေါင်း ၆ မှု ဖြစ်ပါတယ်။ တိုင်စာတူ အမှုပေါင်းက ၈ မှုဖြစ်ပါတယ်။ ဥပဒေကြောင်းဖြင့် ဖြေရှင်းရမည့် အမှုပေါင်း (၄)မှု ဖြစ်ပါတယ်။ ပြန်လည်စွန့်လွှတ်သည့်မြေက အစီရင်ခံစာအပိုင်း (၁)နှင့် (၃)တွင် ၅၅၃၄.၁၄၉ ဧကဖြစ်ပြီး၊ လွှဲပြောင်းပေးအပ်ပြီးသည့်မြေ ၅၅၂၃.၀၄၉ ဧက၊ လွှဲပြောင်းပေးအပ်ရန် ကျန်ဧရိယာ ၁၁.၁၀ ဧကဖြစ်ပါတယ်။ အစီရင်ခံစာအပိုင်း(၅)တွင် ဖြေရှင်းရသည့် အမှုပေါင်းက ဖြေရှင်းဆောင်ရွက်သည့် အမှုပေါင်းက (၃၆၃) မှုဖြစ်ပါတယ်။ အကြောင်းရင်းခိုင်မာ မစွန့်လွှတ်သည့် အမှုပေါင်း (၁၁၉)၊ ညှိနှိုင်းပြေလည်၍ မစွန့်လွှတ်သည့် အမှုကိစ္စပေါင်း (၃၃)၊ အားလုံးစွန့်လွှတ်သည့် အမှုပေါင်း (၉)မှု ဖြစ်ပါတယ်။

တစ်စိတ်တစ်ဒေသ စွန့်လွှတ်သည့် အမှုပေါင်း (၇) မှု ဖြစ်ပါတယ်။ တိုင်စာတူ အမှုပေါင်းက (၁၁၆)မှုဖြစ်ပါတယ်။ ဥပဒေကြောင်းဖြင့် ဖြေရှင်းရမည့် အမှုပေါင်း (၄၄)မှု၊ မှားယွင်းတိုင်ကြား သည့် အမှုကိစ္စပေါင်း (၁၅)မှုဖြစ်ပါတယ်။

အစီရင်ခံစာအပိုင်း (၅)တွင် ပြန်လည်စွန့်လွှတ်သည့်မြေက (၃၇၆၀.၇၈၆)ကေဖြစ်ပြီး၊ တောင်သူများကို အားလုံးလွှဲပြောင်းပေးပြီး ဖြစ်ပါတယ်။ အစီရင်ခံစာအပိုင်း (၆)ဖြစ်ပါတယ်။ ဖြေရှင်းဆောင်ရွက်မည့် အမှုကိစ္စပေါင်း (၆၂၈)မှု၊ ဖြေရှင်းဆောင်ရွက်ပြီးစီးသည့် အမှုကိစ္စ ပေါင်း (၄၆၇)မှု၊ စိစစ်ဖြေရှင်းဆဲ အမှုကိစ္စပေါင်း (၁၆၁)မှု၊ ဖြေရှင်းဆောင်ရွက်ပြီးသည့် အမှုကိစ္စ ပေါင်း (၄၆၇)မှုမှာ အကြောင်းရင်းခိုင်မာမစွန့်လွှတ်သည့် အမှုပေါင်း (၁၉၅)မှု၊ ညှိနှိုင်း ပြေလည်၍ မစွန့်လွှတ်သည့် အမှုကိစ္စပေါင်း (၂၁)၊ အားလုံးစွန့်လွှတ်သည့် အမှုပေါင်း (၈)မှု ဖြစ်ပါတယ်။ တစ်စိတ်တစ်ဒေသ စွန့်လွှတ်သည့် အမှုပေါင်း (၉)မှု၊ တိုင်စာတူ အမှုပေါင်းက (၁၆၃)မှု၊ ဥပဒေကြောင်းဖြင့် ဖြေရှင်းရမည့် အမှုကိစ္စပေါင်း (၂၃)မှု၊ အစီရင်ခံစာအပိုင်း(၆)တွင် ပြန်လည်စွန့်လွှတ်မြေဧရိယာ (၈၁၇.၁၅)ကေ၊ လွှဲပြောင်းပေးအပ်ပြီး ဧရိယာ (၇၆၈.၀၆)ကေ၊ လွှဲပြောင်းပေးအပ်ရန် ကျန်ဧရိယာ (၄၉.၀၉)ကေ ဖြစ်ပါတယ်။ စိစစ်ဆဲ ဖြစ်ပါတယ်။

အစီရင်ခံစာအပိုင်း (၇)ဖြစ်ပါတယ်။ ဖြေရှင်းဆောင်ရွက်မည့် အမှုကိစ္စပေါင်း (၂၅၉)မှု၊ ဖြေရှင်းဆောင်ရွက်ပြီးသည့် အမှုကိစ္စပေါင်း (၁၀၃)မှု၊ စိစစ်ဖြေရှင်းဆဲ အမှုကိစ္စပေါင်း (၁၅၆)မှု ဖြစ်ပါတယ်။ ဖြေရှင်းဆောင်ရွက်ပြီးသည့် အမှုကိစ္စပေါင်း (၁၀၃)မှုမှာ အကြောင်းရင်း ခိုင်မာ မစွန့်လွှတ်သည့် အမှုပေါင်း (၁၉)၊ တိုင်စာတူ အမှုပေါင်းက (၆၁)မှု ဖြစ်ပါတယ်။ ဥပဒေကြောင်း ဖြင့် ဖြေရှင်းရမည့် အမှုပေါင်း (၁၉)မှု၊ မှားယွင်းတိုင်ကြားသည့် အမှုကိစ္စပေါင်း (၇)မှု ဖြစ်ပါတယ်။ ပြန်လည်စွန့်လွှတ်သည့်မြေ မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ သီးခြား ပြန်လည်စွန့်လွှတ်သည့် အမှုပေါင်း ဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနမှ သီးခြား ပြန်လည် စွန့်လွှတ်သည့် အမှုပေါင်း (၁၀၈)မှု၊ အခြားဝန်ကြီးဌာနမှ သီးခြား ပြန်လည်စွန့်လွှတ်သည့် အမှုပေါင်း (၁၀)မှု၊ ကုမ္ပဏီ/ အဖွဲ့အစည်းများမှ သီးခြား ပြန်လည်စွန့်လွှတ်သည့် အမှုပေါင်း (၁)ခု ဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာပေါင်း (၃၀၇၈၀.၃၄၂)ကေ၊ လွှဲပြောင်းပေးအပ်ပြီး မြေဧရိယာ (၃၀၅၅၇.၅၈၂)ကေ၊ လွှဲပြောင်းပေး အပ်ရန် ကျန်ဧရိယာ (၂၂၂.၇၆၀)ကေ ဖြစ်ပါတယ်။ စိစစ်ဆဲ ဖြစ်ပါတယ်။ အခြားဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာပေါင်း (၅၂၃.၆၃)ကေ၊ လွှဲပြောင်းပေးအပ်ပြီး မြေဧရိယာ (၅၂၃.၆၃)ကေဖြစ်ပါတယ်။ ကုမ္ပဏီ/ အဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာ ပေါင်း (၅၀.၀၀၀)ကေ၊ လွှဲပြောင်းပေးအပ်ပြီး မြေဧရိယာ (၅၀.၀၀၀)ကေ ဖြစ်ပါတယ်။

၂၀၁၃ ခုနှစ်၊ နိုင်ငံတော်သမ္မတ စွမ်းဆောင်ရည်ဆု ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်ဆု တောင်ကြီးမြို့၊ စိုက်ပျိုးရေးထူးချွန်ဆုကို ဦးကျော်ဇော၊ သံလွန်းရွာ၊ တောင်ကြီးမြို့နယ်မှ လည်းကောင်း၊ တန်ဖိုးမြင့်ထုတ်ကုန်ထူးချွန်ဆုကို ဦးရဲမြင့်မောင်၊ ငါးရံပင်ရွာ၊ ကလောမြို့နယ်မှ လည်းကောင်း၊ မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆုကို ဒေါက်တာသိန်းစိန်၊ နမ့်ကွတ်ရွာ၊ တောင်ကြီးမြို့နယ်မှလည်းကောင်း၊ မွေးမြူရေးလုပ်ငန်း ထူးချွန် ဒုတိယဆုကို ဒေါ်နီနီစိုး၊ ဟောင်လိတ်ကျေးရွာအုပ်စု၊ လွယ်စီတုံရွာ၊ တာချီလိတ်မြို့ နယ်မှ ရရှိခြင်းဖြစ်ပါတယ်။

ကမ္ဘာ့စားနပ်ရိက္ခာနေ့၊ လယ်ယာကဏ္ဍထူးချွန်ဆုတွင် ၂၀၁၄ ခုနှစ်၊ စပါးထုတ်လုပ်မှု အမြင့်မားဆုံးအတွက် ဦးစိုင်းဆိုင်၊ နောင်လောင်းကျေးရွာ၊ မူဆယ်မြို့နယ်က လည်းကောင်း၊ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆုက ဒေါ်ရန်ကျောင်း၊ လားရှိုးမြို့နယ်မှ လည်းကောင်း၊ စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်မှု ထူးချွန်ဆုကို ဦးဆန်းကွမ်းလုံ၊ မိုင်းရယ်မြို့က လည်းကောင်း၊ စိုက်ပျိုးရေးပညာပေးထူးချွန်ဆုကို ဦးစိုးနိုင်၊ မြို့နယ်ဦးစီးမှူး၊ မိုင်းရယ်မြို့က လည်းကောင်း ရရှိခြင်းဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် မိုးစပါးအထွက်နှုန်းအမြင့်ဆုံး (ပထမဆု)ကို ဦးရွှေဘ၊ သဲဦးကျေးရွာ ညောင်ရွှေမြို့နယ်ကလည်းကောင်း၊ စိုက်ပျိုးရေးပညာပေးထူးချွန်ဆုကို ဦးဇော်ဝင်းထွန်း၊ မြို့နယ်စီးမှူး၊ ညောင်ရွှေမြို့ကလည်းကောင်း ရရှိခြင်းဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် မိုးစပါးအထွက်နှုန်းအမြင့်မားဆုံး (ပထမဆု)ကို ဦးခမ်းပု၊ တိန်းလုံရွာ၊ မူဆယ်မြို့ နယ်ကလည်းကောင်း၊ မိုးစပါးအထွက်နှုန်း အများဆုံး(ဒုတိယဆု)ကို ဦးမဲ၊ တိလောကျေးရွာ ညောင်ရွှေမြို့နယ်ကလည်းကောင်း ရရှိခြင်းဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ လယ်တောသူအလှမယ်ဆုကို မကြည်ဝင်း၊ တိလောကျေးရွာ၊ ညောင်ရွှေမြို့နယ်မှ ရရှိခြင်းဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ် (၁၃) ဖြစ်ပါ တယ်။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါ့မယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး တတိယနေ့ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၁၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

# ရှမ်းပြည်နယ်

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## (တတိယနေ့)မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း(၆)ရက်**
**၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်**

**[ဗုဒ္ဓဟူးနေ့]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်ကို နံနက်(၁၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးစိုင်းသော်ဝင်း၊ လွှတ်တော်ရုံးအကြီးအမှူးက ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပြီ ခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယ)နေ့မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၏ တင်ပြချက်အရ အစည်းအဝေး တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၀၉)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၇၈.၄၂)% ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ (၃)ပုံ(၁)ပုံထက်ကျော်လွန်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀ ၊ ပုဒ်မခွဲ(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက် ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ)တို့အရ အစည်းအဝေး စတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပ သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း၊ ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေး မတက်ရောက် နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းညွန့်ဝင်း၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌ။** အားလုံးမင်္ဂလာ ပါခင်ဗျား။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်

တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းညွန့်ဝင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့)သို့ အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်နိုင်ခြင်းမရှိသည့်အတွက် အောက်ပါကိုယ်စားလှယ်စုစုပေါင်း (၃)ဦးအား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရသည့်အတွက် ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြလာမှုအပေါ် ခွင့်ယူသူအားလုံး၏ ကိုယ်စားတင်ပြတောင်းခံအပ်ပါတယ်-

(၁) ဦးခွန်လှဆန်း၊ ပင်လောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ခွင့်(၁)ရက်

(၂) ဦးခွန်အောင်နိုင်ဦး၊ ပင်လောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ခွင့်(၁)ရက်

(၃) ဦးခွန်လှသိန်း၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ခွင့်(၁)ရက်

ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါသလားခင်ဗျား။ **(သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ )**

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၃၉)ဦးရှိပြီး ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦး၊ စုစုပေါင်းခွင့်ပြုထားသူ(၃၀)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။)**

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ် နှစ်ပါး ကျန်းမာချမ်းသာကြပါစေ။ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော် ကိုယ်စားလှယ်အနေဖြင့် ဒီကနေ့ အစည်းအဝေးမှာ လင်းခေးမြို့နယ်ရှိ ပညာရေးဆိုင်ရာ လိုအပ်ချက်ဖြစ်တဲ့ ကျောင်းဆောင်များ ပြင်ဆင်မွမ်းမံခြင်း၊ ဆောက်လုပ်ခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းများကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ခုနှစ် လင်းခေးမြို့နယ်အတွက် ပညာရေးဆိုင်ရာကျောင်း အဆောက်အဦ သစ် ဆောက်လုပ်ခွင့် လုပ်ငန်း(၄)ခု ခွင့်ပြုချက်ရရှိခဲ့ပါတယ်။ လင်းခေးမြို့နယ်မှာ ပညာရေး ကျောင်းအဆောက်အဦများ လိုအပ်ချက်များစွာ ရှိနေသေးသည့်အနက် ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်များအရ လိုအပ်နေတဲ့ အဆောက်အဦများကို ဆက်လက်တင်ပြလိုပါတယ်။ ပထမဦးစွာ တင်ပြလိုတာက လင်းခေးမြို့နယ်တွင် အထက်တန်းကျောင်းတစ်ကျောင်းရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ (၁၂၀×၃၀)ပေ ကျောင်းဆောင်သစ်တစ်ခု ခွင့်ပြုချက်ရရှိ ဆောက်လုပ် ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိအနေအထားမှာ အထက်တန်းကျောင်းရှိ

ကျောင်းဆောင်သည် ၁၉၆၀ ခုနှစ်ကတည်းက စတင်ဆောက်လုပ်အသုံးပြုခဲ့တဲ့ E ပုံသဏ္ဍာန် (၂၁၀×၃၀)ပေ သစ်သားကျောင်းဆောင်ကြီးကို ကျောင်းအုပ်ကြီးရုံးခန်းအဖြစ်လည်းကောင်း၊ မြို့နယ်လုံးဆိုင်ရာ ပညာရေးအစည်းအဝေးခန်းမအဖြစ်လည်းကောင်း၊ ကျောင်းစာသင်ခန်းအဖြစ်လည်းကောင်း မလွဲမရှောင်သာ ဆက်လက်အသုံးပြုနေရသော်လည်း ကျောင်းဆောင်မှာ သက်တမ်းလွန်ပျက်စီးနေပြီး မျက်နှာကြက်များ အလိုအလျောက်ပြိုကျခြင်း၊ ထုတ်၊ ယောက်၊ ဒိုင်း၊ မျှား စသည်များဆွေးမြေ့ကျိုးကျနေခြင်းတို့ကြောင့် အန္တရာယ်ရှိသော ကျောင်းဆောင်အဖြစ်လည်း တည်ရှိနေပါတယ်။

သက်ဆိုင်ရာပညာရေးဌာနကလည်း ၎င်းကျောင်းဆောင်အား ပြုပြင်မွမ်းမံရန်အတွက် ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေများကို ပညာရေးဌာနအဆင့်ဆင့်သို့ ၂၀၁၄ ခုနှစ် ဩဂုတ်လမှာ တင်ပြတောင်းခံထားတဲ့ အဆောက်အဦ ဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။ ၎င်းကျောင်းဆောင်အား ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ခွင့်ရရှိပါက အထက်တန်းကျောင်း အင်္ဂါရပ်နှင့် လျော်ညီစွာ အစည်းအဝေးခန်းမ၊ ကျောင်းအုပ်ကြီးရုံးခန်းနှင့် ကျောင်းသားကလေးငယ်များ စာသင်ခန်းကို ရရှိအသုံးပြုနိုင်မှာဖြစ်သဖြင့် မဖြစ်မနေ ခွင့်ပြုပေးသင့်တဲ့ လုပ်ငန်းတစ်ခု ဖြစ်ကြောင်း တင်ပြလိုပါတယ်။

ဒုတိယကျောင်းဆောင်အတွက် တင်ပြချက်အနေနဲ့ လင်းခေးမြို့နယ်မြောက်ဘက်ရှိ ဟိုတိကျေးရွာ အမက ကျောင်းသည် ၂၀၀၁ ခုနှစ်တွင် မိဘပြည်သူများမှ သွပ်မိုး၊ ဝါးကာ မြေစိုက်အဆောက်အဦအဖြစ် ဆောက်လုပ်ခဲ့ပြီး သဘာဝဘေးဒဏ်ကြောင့်လည်း ပျက်စီးယိုယွင်းနေပြီဖြစ်ကာ အန္တရာယ်ရှိတဲ့ကျောင်းဆောင်အဖြစ် တွေ့ရှိနေရပါတယ်။ သက်ဆိုင်ရာကျောင်းမှ ပညာရေးဌာနများသို့ ကျောင်းအဆောက်အဦ ဆောက်လုပ်ခွင့်ရရှိရန် နှစ်စဉ်တင်ပြခဲ့ရာ ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင်လည်း တင်ပြတောင်းခံထားပြီးဖြစ်ပါတယ်။ မိမိနှင့်အတူ ဒုတိယခရိုင်ပညာရေးမှူးများက ကျောင်းများသို့ ကွင်းဆင်းစစ်ဆေးခဲ့စဉ်ကလည်း သင်ကြားမှု သင်ယူမှု အလွန်ကောင်းမွန်သော ဟိုတိ အမက ကျောင်းတွင် ကျောင်းသူကျောင်းသားများ အဆင်ချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် ထိုက်သင့်လျော်သည့် ကျောင်းဆောင်သစ် အဆောက်အဦ ဆောက်လုပ်ရန် လိုအပ်နေသည်ကိုလည်း တွေ့ရှိခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ လင်းခေးမြို့နယ်၏ ပညာရေးအဆောက်အဦ လိုအပ်ချက်များစွာ များထဲမှ အထက်တင်ပြပါ ကျောင်းဆောင်(၂)ခုအား အနီးကပ်ဆုံးဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေတွင် ထည့်သွင်းတောင်းခံ တင်ပြပေးရေးအတွက် ဆောင်ရွက်ပေးပါရန်နှင့် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်အား ဖြေကြားပေးနိုင်ရန်အတွက် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ပထမ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။

လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင်ရဲ့ လင်းခေးမြို့နယ်ရှိ ပညာရေးဆိုင်ရာ လိုအပ်ချက်များဖြစ်သည့် ကျောင်း ဆောင်များ ပြင်ဆင်မွမ်းမံခြင်း၊ ဆောက်လုပ်ခြင်းနှင့် ပထမ မေးခွန်းဖြစ်သည့် လင်းခေးမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ၁၉၆၀ ခုနှစ်ကတည်းက ဆောက်လုပ်အသုံးပြုခဲ့သော E ပုံသဏ္ဌာန်(၂၁၀×၃၀)ပေ သစ်သားကျောင်းဆောင်မှာ သက်တမ်းလွန်ပျက်စီးနေပြီး မျက်နှာ ကြက်များ အလိုအလျောက် ပြိုကျနေခြင်း၊ ထုတ်၊ ယောက်၊ ဒိုင်း၊ မျှား စသည်တို့ ဆွေးမြေ့ကျိုးကျနေခြင်းတို့ကြောင့် အန္တရာယ်ရှိသော ကျောင်းဆောင်ဖြစ်သဖြင့် ၎င်းကျောင်း ဆောင်အား ပြင်ဆင်ထိန်းသိမ်းနိုင်ရေးအတွက် အနီးကပ်ဆုံးဘဏ္ဍာရေးနှစ် ခွင့်ပြု ရန်ပုံငွေတွင် ထည့်သွင်းခွင့်ပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် အစီအမံအား ဖြေကြားပေးနိုင် ပါရန် မေးမြန်းတင်ပြအပ်ပါသည်ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ အထကလင်းခေးကျောင်း တွင် ၂၀၁၄-၂၀၁၅ ခုနှစ် ပညာသင်နှစ်၌ ကျောင်းသား၊ ကျောင်းသူဦးရေ (၇၉၀)ဦးရှိပြီး လက်ရှိ စာသင်ဆောင် (၆)ဆောင်၊ စာသင်ခန်း(၂၁)ခန်းရှိ၍ အသုံးပြု၍ရသော စာသင်ခန်း(၁၇)ခန်း ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ (၉၀×၃၀)ပေ RC တစ်ထပ် အဆောက်အဦကို ခွင့်ပြုငွေ (၅၄.၀၀)သန်း ဖြင့် ခွဲဝေချထားဆောက်လုပ်ပြီး ဖြစ်ပါတယ်။

E ပုံသဏ္ဍာန် အဆောက်အဦ ပြုပြင်နိုင်ရေးအတွက် လင်းခေးမြို့နယ် ပညာရေးမှူးရုံးမှ အမှုတွဲတောင်းခံပြီး ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် (၀၄၀၂) ပြင်ဆင်ထိန်းသိမ်းစရိတ် ခေါင်းစဉ်အောက်မှ ရန်ပုံငွေရရှိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်သည့် လင်းခေးမြို့နယ် မြောက်ဘက်ကျေးရွာ အုပ်စုများရှိ ဟိုတိ အခြေခံပညာမူလတန်းကျောင်းသည် ၂၀၀၁ ခုနှစ်တွင် မိဘပြည်သူများမှ သွပ်မိုး၊ ဝါးကာ မြေစိုက်အဆောက်အဦအဖြစ် ဆောက်လုပ်ခဲ့ရာ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးယိုယွင်းနေပြီး အန္တရာယ်ရှိကျောင်းဆောင်အဖြစ် တွေ့ရှိရပါသည်။ သက်ဆိုင်ရာ ကျောင်းမှ ပညာရေးဌာနသို့ ကျောင်းအဆောက်အဦ ဆောက်လုပ်ခွင့်ရရန် နှစ်စဉ်လိုလို တင်ပြခဲ့ရာ ၂၀၁၄-၂၀၁၅ခုဘဏ္ဍာရေးနှစ်တွင်လည်း တင်ပြတောင်းခံထားပြီးဖြစ်ပါသည်။ ၎င်းကျောင်းဆောင်အား ပြင်ဆင်ထိန်းသိမ်းရေးအတွက် အနီးကပ်ဆုံးဘဏ္ဍာရေးနှစ် ခွင့်ပြု ရန်ပုံငွေတွင် တောင်းခံပေးရန် ကိစ္စနှင့်ပတ်သက်၍ အမက ဟိုတိကို ၁၉၇၅ ခုနှစ်၌ စတင်

ဖွင့်လှစ်ခဲ့ပြီး ၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်၌ ကျောင်းသား ဦးရေ(၁၆)ဦးရှိပြီး လက်ရှိစာသင်ဆောင် (၁)ဆောင်၊ စာသင်ခန်း(၅)ခန်းရှိပါတယ်။ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် (၀၄၀၂) ပြင်ဆင်ထိန်းသိမ်းစရိတ် ခေါင်းစဉ်အောက်မှ ရန်ပုံငွေရရှိနိုင်ရေးအတွက် မြို့နယ်ပညာရေးမှူးမှ အမှုတွဲတင်ပြစေပြီး အမှတ်(၂)အခြေခံပညာဦးစီးဌာနသို့ ဆက်လက်တင်ပြ တောင်းခံပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေးက (၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံတဲ့ အခါသမယ ဖြစ်ပါစေရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး ဖြစ်ပါတယ်ရှင်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ရဲ့ (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ မြေကိစ္စနှင့်ပတ်သက်ပြီး မေးခွန်း (၁)ခုကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

နမ္မတူမြို့နယ်မှာ လားရှိုးတိုင်းမှ ကာနယ်ကြီး(၂)ဦးဖြစ်သည့် ဦးမျိုးချစ်၊ ဦးမျိုးလှသည် ပြောင်းစိုက်ပျိုးရန်အတွက် (၁)ဦးကို ဧက(၁၀၀)စီ လုပ်ကိုင်စားသောက်ရန်အတွက် လျှောက်ထားခဲ့ပါတယ်။ နမ္မတူ၌ရှိနေသော သတလမှလည်း ဧက(၂၅၀)ကို လျှောက်ယူခွင့်ပြုပြီး စိုက်ပျိုးလျက်ရှိပါတယ်။ လက်တွေ့မှာ ဦးမျိုးချစ်နှင့် ဦးမျိုးလှသည် ကညင်(၅)ကေသာ စိုက်ပျိုးခဲ့ပြီး ၎င်းအပင်များသည် အောင်မြင်ဖြစ်ထွန်းခြင်းမရှိပါ။ သတလသည်လည်း ဆက်လက်စိုက်ပျိုးနိုင်ခြင်းမရှိဘဲ မြေကို အငှားသာချစားပြီး ခွင့်ပြုထားတာကို တွေ့ရှိရပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၂၂(ဂ)မှာ မူလက ခွင့်ပြုကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်းမရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်က ပြန်လည်သိမ်းယူပြီးဖြစ်သည်ဟု မှတ်ယူရမည်လို့ ဖော်ပြထားပါတယ်။ ၎င်းဥပဒေအရ ကာနယ်ကြီး ဦးမျိုးချစ်၊ ဦးမျိုးလှနှင့် သတလမြေများသည် ဥပဒေအရ ပျက်ပြယ်ရမှာဖြစ်ပါတယ်။ ဥပဒေအရ စွန့်လွှတ်ရမှာဖြစ်ပေမဲ့ (၄)နှစ်ကျော်ပြီးသည့်အချိန်မှာ ပြန်လည်တောင်းဆိုလာခဲ့ပါတယ်။

သို့ရာတွင် ၎င်းမြေနေရာသည် လုပ်ကိုင်စားသောက်ရန်မရှိသည့် ဒေသခံများက ဝင်ရောက်လုပ်ကိုင်လျက်ရှိနေပါတယ်။ ပြန်လည်စွန့်လွှတ်သည့်မြေများ လွှဲပြောင်းပေးအပ်ပြီး ရှမ်းပြည်နယ်အစိုးရစာရင်းမှာ ပါရှိထားသော်လည်း အောက်ခြေတွင် မူလလုပ်ပိုင်ခွင့် လက်ထဲကို ပြန်လည်ရောက်ရှိခြင်းမရှိသေးတာကိုလည်း တွေ့နေရပါတယ်။ စိစစ်ဆောင်ရွက်ဆဲဆို

သော်လည်း စိုက်ပျိုးရေးကိုသာ အဓိကထား လုပ်ကိုင်နေရတဲ့ တောင်သူလယ်သမားများ အတွက် ရှမ်းပြည်နယ်အစိုးရမှ ပြည်သူတွေကို တိုက်ရိုက်အကျိုးပြုတယ်ဆိုတာ ပြသနိုင်ဖို့ အတွက် ဆောင်ရွက်ပေးရမဲ့ အချိန်ရောက်နေပါပြီ။ ပုဒ်မ၂၂(က)အရ မြေနေရာများကို လက်ရှိ လုပ်ကိုင်ပြီး လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသူများကိုသာ လုပ်ကိုင်ခွင့်လက်မှတ် လုပ်ပေးနိုင်ရမှာဖြစ်ပါတယ်။ ဒါပေမဲ့ လက်မှတ်များကို လုပ်ကိုင်ခွင့်လက်မှတ်မပေးနိုင်သေး တာတွေ့ရှိနေရပါတယ်။

ဒါကြောင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂(ဂ)အရ နိုင်ငံတော်က သိမ်းယူပြီးဖြစ်သော မြေများကို လက်ရှိလုပ်ကိုင်နေသော တောင်သူများကို လုပ်ကိုင်ခွင့်လက်မှတ်ပေးရမည်ဖြစ်သော်လည်း အဘယ်ကြောင့် မပေးသည်ကို သိရှိလိုပါ ကြောင်း မေးမြန်းအပ်ပါတယ်။

ဆက်လက်ပြီး မေးခွန်းနံပါတ်(၂)ကို မေးမြန်းမှာဖြစ်ပါတယ်။ မြေများအား မည်သည့် အချိန်တွင် ပိုင်ရှင်သို့ ဆိုသည့်နေရာမှာ ပိုင်ရှင်ဆိုသည်မှာ ကျေးရွာပိုင်ကို ဆိုလိုကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ နမ္မတူမြို့နယ်၊ နားဆိုင်းကျေးရွာအုပ်စု၊ နားဆိုင်းကျေးရွာတွင် နေထိုင်သော ဦးပန်းအောင်နှင့် ဒေါ်ကြာနုပိုင် မြေ(၂)ကွက်ကို အမှတ်(၃၂၄)ခြေမြန်တပ်ရင်းမှ (၈၈၈)ပြောင်းစိုက်ပျိုးရန်အတွက် ၂၀၀၀ ခုနှစ်တွင် ဧက(၁၀၀)ကို ကျေးရွာသူကြီးအဖြစ် တာဝန်ထမ်းဆောင်တဲ့ ဦးဝင်းမောင်က ခေတ္တလုပ်ကိုင်ဖို့ တောင်းဆိုခဲ့ပါတယ်။ ၎င်းမြေကို တပ်ရင်းမှူးကြီးက ပြန်လည်ပေးအပ်ခဲ့ပြီးပါပြီ။ ပေးအပ်ချိန်တွင် နားဆိုင်းဥက္ကဋ္ဌ (ယခုနားဆိုင်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး)အဖြစ် တာဝန်ထမ်းဆောင်တဲ့ ဦးမြင့်လှိုင်က တစ်ကွက်ကို အပိုင်ယူထားလိုက်ပြီး ကျန်တစ်ကွက်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပေးအပ် ခဲ့ပါတယ်။ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ၎င်းမြေကို ထွန်ယက်စိုက်ပျိုးခဲ့ပြီး နှစ်နှစ်အကြာမှာ ဦးမြင့်လှိုင်ကို အခကြေးငွေယူပြီး ယနေ့ထိတိုင်ငှားရမ်းလုပ်ကိုင်စေလျက်ရှိ ပါတယ်။

ယင်းမြေများအား ဦးပန်းအောင်နှင့် ဒေါ်ကြာနုက ပြန်လည်ရယူလိုကြောင်း နမ္မတူ မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်လှ ထံကို တင်ပြတောင်းဆိုခဲ့ပါတယ်။ ယင်းအချိန်တွင် နားဆိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ ကျွန်မထံသို့ အိမ်တိုင်ရာရောက် လာတွေ့ပြီး ဦးပန်းအောင်နှင့် ဒေါ်ကြာနုကို ၎င်းအနေဖြင့် မြေပြန်မပေးနိုင်ကြောင်း၊ သို့သော် ကျေးရွာပိုင်မြေအနေဖြင့် ပြန်လည်အပ်နှံသွားမှာဖြစ်ပါကြောင်း ပြောကြားခဲ့ပါတယ်။ ယင်း ကိစ္စရပ်အတွက် ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဖြင့်သာ လုပ်ဆောင်သွားရန် ပြောကြား ခဲ့ပါတယ်။ ဒါကြောင့် (၂၈.၈.၂၀၁၄) ရက်နေ့တွင် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲရေး

အဖွဲ့သည် နားဆိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးရုံးမှာ ဦးပန်းအောင်နှင့် ဒေါ်ကြာနုကို တစ်လှည့်စီခေါ်ပြီး တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ မှားယွင်းမှုက ၎င်းအချိန်မှ စတင်နေပါပြီ။ အုပ်စုအုပ်ချုပ်ရေးမှူးက ၎င်းတို့ လယ်ယာမြေစီမံခန့်ခွဲရေးရဲ့ ဆုံးဖြတ်ချက်လုပ်ဆောင်ချက်များကို ဖိုင်တွဲပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပို့ထားခဲ့ပါတယ်။ ၎င်းဖိုင်ကို လေ့လာကြည့်လိုက်ရင် (၂၈.၈.၂၀၁၄)တွင် အုပ်စုအုပ်ချုပ်ရေးရုံးမှာ အစည်းအဝေးကျင်းပခြင်း၊ (၁၉.၈.၂၀၁၄)၊ (၆.၉.၂၀၁၄)ရက်နေ့များတွင် အစည်းအဝေးကျင်းပခြင်းစသည်ဖြင့် (၈)ကြိမ်မြောက်တိုင်အောင် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးကျင်းပတယ်ဆိုတာ ဖော်ပြထားပါတယ်။ (၂၈.၈.၂၀၁၄)ရက်နေ့ အစည်းအဝေးမှာ တင်ပြထားတဲ့ အချက်တစ်ခုထဲကိုသာ လုပ်ဆောင်ထားပါတယ်။ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၏ (၄.၁၁.၂၀၁၄)အမိန့်ကြော်ငြာချက် အမှတ် ၃/၂၀၁၄ ကို ထုတ်ပြန်ခဲ့ပါတယ်။ အမိန့်ကြော်ငြာစာအမှတ်မှာ အစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိလုပ်ကိုင်နေသူ ဦးမြင့်လှိုင်အား လုပ်ကိုင်ခွင့်ပြုလိုက်ပြီး အပိုင်း(၂)မှာ ကျေနပ်မှုမရှိရင် ရက်ပေါင်း(၃၀)အတွင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ကို အယူခံလွှာတင်ပြလျှောက်ထားနိုင်ကြောင်း ပါရှိပါတယ်။ အမိန့်ကြော်ငြာစာတွင် ဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၂)ဦး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး (၅)ယောက်စလုံး မူရင်းမှာလက်မှတ်ထိုးထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဦးပန်းအောင်၊ ဒေါ်ကြာနုကို ပေးထားတဲ့မိတ္တူမှာ အဖွဲ့ဝင်က လက်မှတ်ထိုးထားခြင်းမရှိပါ။ လက်မှတ်ထိုးရန် မေ့သွားပါက ပေးလိုက်တဲ့မိတ္တူမှာရှိတဲ့ လက်မှတ်နှင့် မူရင်းလက်မှတ်က တူရမှာဖြစ်ပါသော်လည်း တွဲဖက်အတွင်းရေးမှူးရဲ့ လက်မှတ်က တူညီခြင်းမရှိပါ။ ဆင်ခြေဆိုတာ အမျိုးမျိုးပေးနိုင်ပါတယ်။ မိတ္တူစက်က မီးအားမလုံလောက်လို့ လက်မှတ်ပြောင်းတာလည်းဖြစ်နိုင်တဲ့အတွက်ကြောင့် ကျွန်မက ကွင်းဆင်းပြီး စုံစမ်းကြည့်ခဲ့ပါတယ်။ ကျွန်မ သက်သေပြနိုင်စရာ နောက်တစ်ခုက (၂၉.၁၁.၂၀၁၂) ရှမ်းပြည်နယ်အစိုးရအဖွဲ့ စာအမှတ်၊ ၁၁၀၇၅/၃-၆၂၉/အစရ(ရှမ်း)ဖြင့် ရှမ်းပြည်နယ်အစိုးရက ပြည်နယ်ဝန်ကြီးချုပ်(ကိုယ်စား)ရဲနိုင်အောင်(အတွင်းရေးမှူး)ဆိုပြီး ကျွန်မဆီကို စာတစ်စောင်ပို့ထားပါတယ်။ ၎င်းစာထဲမှာ DNC ကိစ္စနှင့်ပတ်သက်ပြီး (၃၁.၁၀.၂၀၁၄)ရက်နေ့တွင် နမ္မတူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနၣ DNC ကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဒေသခံတောင်သူများအား ခေါ်ယူအသိပေး ညှိနှိုင်းဆောင်ရွက်ပြီး ဖြစ်ပါကြောင်း တင်ပြလာမှုအား သိရှိနိုင်ပါရန် အကြောင်းကြားပါသည်ဆိုပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က စာပို့လာပါတယ်။

လက်တွေ့မှာ ရွာကို ကွင်းဆင်းသွားတဲ့အချိန်မှာ နားဆိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကိုယ်တိုင် ကျေးရွာအုပ်ချုပ်ရေးမှူးတံဆိပ်တုံးထုပြီးတော့ ကျွန်မကို ဝန်ခံချက်တစ်စောင်ပေးထားပါတယ်။ ၎င်းစာမှာ DNC ရော်ဘာခြံကိစ္စနှင့်ပတ်သက်၍ (၃၁.၁၀.၂၀၁၂)

တွင် နမ္မတူမြို့နယ်ရုံး၌ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဒေသခံတောင်သူများအား ခေါ်ယူအသိပေးညှိနှိုင်းခြင်း မရှိသေးပါကြောင်း မှန်ကန်ပါသည်ဆိုပြီး လက်မှတ်ထိုးဝန်ခံချက်ပေးထားပါတယ်။ ၎င်းကို ကြည့်ခြင်းအားဖြင့် အောက်ခြေမှာရှိတဲ့ အုပ်ချုပ်ရေးတွေဟာ ရှမ်းပြည်နယ်အစိုးရကိုတောင်မှ လိမ်လည်ပြီး အစိုးရဆုံးဖြတ်ချက်မှားယွင်းအောင်၊ လမ်းကြောင်းပြောင်းအောင် လုပ်နေသူများဟာ စာမတတ်၊ နားမလည်ပါသော ဒေသခံတွေအပေါ်မှာ ဘယ်လိုလုပ်ဆောင်မယ်ဆိုတာ ခန့်မှန်းနိုင်ပါတယ်။ ဆက်လက်ပြီး (၂၅.၁၂.၂၀၁၄) နားဆိုင်းအုပ်ချုပ်ရေးမှူးရဲ့ ကြေညာချက်ကို လက်မခံတဲ့အတွက်ကြောင့် ဦးပန်းအောင်နှင့် ဒေါ်ကြာနု ကအယူခံဝင်ဖို့ စာတင်ထားပါတယ်။ (၂၀.၃.၂၀၁၅)မှာ အုပ်ချုပ်ရေးမှူးက ကျွန်မအိမ်သို့ ရောက်လာပါတယ်။ ယခင်က အိမ်ကို လာပြောမဲ့မြေဆိုတာ ဒီတစ်ကွက်မဟုတ်ကြောင်း၊ သူစကားပြောမြန်လို့ ကျွန်မနားကြားလွဲတာဖြစ်ပါကြောင်း၊ ဒါကြောင့် ပြန်ပေးရမယ်ဆိုတဲ့ အခြားတစ်ကွက်ကို သူပြန်ပေးပြီးဖြစ်ကြောင်း ပြောသွားပါတယ်။ အုပ်ချုပ်ရေးရုံးကို တစ်နှစ်ကို ကျပ်ခြောက်သောင်းနှင့် ငှားထားတာဟုတ်ပါသလားဟု မေးတဲ့အခါ ဟုတ်ပါတယ်ဟု ဖြေသွားပါတယ်။ ဒါပေမယ့် ကျွန်မမေးခွန်းကို ဖြေကြားမဲ့ ဝန်ကြီးဟာ အောက်ခြေထိ ဆင်းနိုင်ခြင်းမရှိဘဲနဲ့ အောက်ခြေက ရေးပေးတာကိုပဲ ပြန်ဖြေကြားမယ်ဆိုတာ သိပါတယ်။ ဒါကြောင့် ငွေကြေးတွေကိုလည်း ယူထားခြင်းမရှိပါလို့ ပြောကောင်းပြောပါလိမ့်မယ်ဆိုတာ ကျွန်မသိနေပါတယ်။ အဲ့လို ဒေါ်ကြာနုနှင့် ဦးပန်းအောင်တို့ကနေ အယူခံဝင်ပြီး တစ်လအကြာမှာ မြို့နယ်မှ ကွင်းဆင်းဆောင်ရွက်သင့်ပါတယ်။

သို့သော် (၂)လကျော်သည့်တိုင် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဟာ ကွင်းဆင်းဆောင်ရွက်ခြင်းမရှိပါ။ လုံခြုံရေးကို အကြောင်းပြရာတွင်လည်း လုပ်ငန်းတာဝန်ကို အမှန်တကယ်ကျေပွန်စွာ ထမ်းဆောင်လိုပါက ၎င်းပြဿနာဖြစ်နေသူကို မြို့နယ်ရုံးသို့ ခေါ်ယူပြီး ဆောင်ရွက်ပေးနိုင်ပါတယ်။ လယ်ယာမြေပြဿနာများကို အချိန်မီ ဖြေရှင်းပေးရန် လိုအပ်နေပါပြီ။ ယခုလို အုပ်ချုပ်ရေးမှူးတွေရဲ့ မမှန်မကန်လုပ်ရပ်တွေနဲ့ လယ်ယာမြေများကို လက်ရှိလုပ်ကိုင်နေသူများကိုသာ ပြန်ပေးမည် သို့မဟုတ် မြို့နယ်အုပ်ချုပ်ရေးမှူးများကိုသာ ပြန်ပေးမည်ဆိုပါက ဒေသခံများက လိမ်ညာနေသည်မှာ မှန်သော်လည်း အစိုးရက ထိုကဲ့သို့ ဆောင်ရွက်ပေးပါက ပြည်သူတွေက ရှမ်းပြည်နယ်အစိုးရကို အထင်အမြင်လွဲနိုင်ပါတယ်။

ပြည်သူများရဲ့ ဆန္ဒမှာ ၎င်းလယ်ယာမြေကို နားဆိုင်းကျေးရွာအတွက် လိုအပ်နေတဲ့ မူကြိုကျောင်း၊ မီးသတ်နေရာများအတွက် လျာထားပေးရန် ဆန္ဒရှိကြပါတယ်။ ဒါကြောင့် ဦးပန်းအောင်၊ ဒေါ်ကြာနုထံမှ (၃၂၄) တပ်ရင်းမှူးက ငှားရမ်းလုပ်ကိုင်ခဲ့သည့်မြေကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ၎င်းအုပ်ချုပ်ရေးဌာနမှ အခကြေး

ငွေယူကာ ပြန်လည်ငှားရမ်းလုပ်ကိုင်လျက်ရှိနေပါတယ်။ ၎င်းမြေကို မည်သည့်အချိန်တွင် ကျေးရွာဘုံပိုင်မြေအဖြစ် ပြန်လည်ပေးအပ်မည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ရှင်။

မေးခွန်းနံပါတ်(၃)မှာ နမ္မတူမြို့နယ်၊ ပန်ချင်ကျေးရွာအုပ်စု၊ နားမတ် အမကကျောင်း မြေနေရာဟောင်းတွင် ယခင်ကျေးရွာလူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးယောဇက်က အိမ်ဆောက်လုပ်နေထိုင်လျက်ရှိပါတယ်။ ၎င်းမြေနေရာကို ပြန်လည်ရယူလိုကြောင်း ရွာသူ ရွာသားများက ၂၀၁၃ ခုနှစ်ကတည်းက မြို့နယ်ကို တင်ပြတောင်းဆိုခဲ့ပါသော်လည်းဘဲ ယခုတိုင် ပြန်လည်ဖြေရှင်းမပေးသေးပါ။ သို့ဖြစ်ပါ၍ ၎င်းမြေနေရာအား မည်သည့်အချိန်တွင် ပြန်လည်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းထားပါတယ်။

နမ္မတူမြို့နယ်၊ ပန်ချင်ကျေးရွာအုပ်စုတွင် နားမတ် အမကကျောင်းရှိပြီး ကျောင်းမြေ နေရာသည် ဦးယောဇက် ဆောက်လုပ်နေထိုင်ခြင်းမပြုမီက နားမတ် အမကတွင် ယခုတိုင် တာဝန်ထမ်းဆောင်နေသော ဆရာမ ဒေါ်မိုးသူဇာခိုင်ရဲ့ အိမ်နေရာဖြစ်ပါတယ်။ မြေနေရာ အခင်းဖြစ်ပွားမှုကြောင့် သူမဆောက်လုပ်နေထိုင်ခဲ့သော မြေနေရာဖြစ်ကြောင်း ဆရာမ ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးထံကို တင်ပြထားသော စာလည်းရှိ နေပါတယ်။ ၎င်းအပြင် ၂၀၀၁ ခုနှစ်တွင် မြေစာရင်းကွင်းဆင်းတိုင်းတာချက် မြေစာရင်းပုံစံ (၁၀၅)အရ ၎င်းမြေနေရာတွင် ဦးယောဇက်မှ အိမ်ဆောက်လုပ်နေထိုင်ခြင်း မရှိသေးပါ။ ဦးယောဇက်က ရွာလူကြီးအဖြစ် တာဝန်ယူရသည့်အချိန်မှစ၍ ကျောင်းမြေနေရာမှာ အိမ်ဆောက်လုပ်နေထိုင်ခြင်းဖြစ်ပါတယ်။

၂၀၁၄ ခုနှစ်တွင် ကျောင်းမြေကို ကျောင်းအပိုင်ထဲပြန်ထည့်ရန် ဒေသခံများက တောင်းဆိုခဲ့ပါတယ်။ ၃၀-၈-၂၀၁၄ ရက်နေ့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျောင်းအုပ်ကြီး ပါဝင်သည့် အစည်းအဝေးမှာ ဦးယောဇက်က ၎င်းမြေနေရာသည် ကျောင်းမြေနေရာဖြစ်သည် မှာ မှန်ကန်ပါကြောင်း ဝန်ခံသည့်အပြင် ၎င်းအိမ်ဆောက်လုပ်နေထိုင်သည့်အတွက် လျော်ကြေးငွေ (၅)သိန်းပေးရန်ကိုလည်း သဘောတူလက်မှတ်ရေးထိုးခဲ့သည့် မှတ်တမ်းလည်း ရှိနေပါတယ်။

သို့သော် ကျေးရွာရွာသားအများစုက အမကကျောင်းသည် ကျောင်းအဆင့်မြှင့်တိုး လာလျှင် ကျောင်းသူကျောင်းသားများအတွက် ကစားကွင်းအပြင် ဝန်ထမ်းအိမ်ရာအတွက်ပါ မျှော်ကိုးပြီး ၎င်းမြေနေရာကို ပြန်လည်ရယူလိုတာဖြစ်ကြောင်း၊ မြို့နယ်ကို တင်ပြတောင်းဆို ခဲ့ပါတယ်။ ဒါကြောင့် ၆-၉-၂၀၁၄ ရက်နေ့တွင် မြို့နယ်ပညာရေးမှူးအဖွဲ့က ကွင်းဆင်းပြီး တွေ့ရှိချက်ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံကို တင်ပြပြီးဖြစ်ပါတယ်။

ယခုလို ကျောင်းမြေနေရာမှန်း သေချာသိနေပါလျက်နဲ့ မြို့နယ်အဆင့်က ကွင်းဆင်း ဆောင်ရွက်ပေးခြင်းမရှိပါ။ မှန်ကန်တဲ့ဘက်မှ ကာယကံရှင်ကိုယ်တိုင်က ကျောင်းမြေဟု ထွက်ဆိုထားခြင်းကို ဖြေရှင်းနိုင်ပါလျက်နဲ့ ဖြေရှင်းပေးခြင်းမရှိဘဲ နှောင့်နှေးနေမှုကြောင့် မလိုလားအပ်သော ပြဿနာများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပါတယ်။

ဦးယောဇက်က လက်နက်ကိုင်အဖွဲ့အစည်းများကို သွားရောက်တိုင်ကြားခြင်းကြောင့် ဒေသခံများက လက်နက်ကိုင်အဖွဲ့အစည်းများနှင့် သွားရောက်တွေ့ဆုံပြီး ဖြေရှင်းခဲ့ရပါတယ်။ ကျောင်းဝန်ထမ်းများကလည်း ၎င်းပြဿနာကို ဖြေရှင်းမပေးနိုင်ပါက ယင်းနေရာမှ ပြောင်းရွှေ့ရန် တင်ပြကြမည်ဟု ကြားသိနေပါတယ်။ ဒါကြောင့် နမ္မတူမှာ ဖြစ်ပျက်နေတဲ့ နေရာများသည် ဒီမိုကရေစီခေတ်လို့ ဆိုပါသော်လည်း အမှန်စကားနဲ့ အမှန်တရားဖြစ်တဲ့ ကိစ္စများက ပိုပြီးခက်ခဲကြန့်ကြာနေပါတယ်။ ၎င်းအခြင်းအရာများသည် အုပ်ချုပ်ရေး၏ တာဝန်ယူမှု၊ တာဝန်ခံမှု အားနည်းကြောင်း ပြသသည့်အပြင် လာဘ်စားမှုတွေကိုလည်း ဖော်ညွှန်းနေပါတယ်။

စိစစ်ဆဲ၊ တရားစွဲဆိုထားဆဲ၊ ဆောင်ရွက်နေဆဲဟု ဖြေကြားပါသော်လည်း လှုပ်ရှားဆောင်ရွက်နေခြင်းမရှိပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ကျွန်မထံသို့ တင်ပြလာသည့် ပြဿနာရပ်များတွင် ကျွန်မသက်တမ်းမကုန်ခင် ရှမ်းပြည်နယ် အစိုးရက တစ်ခုဖြစ်ဖြစ် အကောင်အထည်ဖော်ပေးစေလိုပါကြောင်း ပြောကြားရင်းနဲ့ နမ္မတူမြို့နယ်၊ ပန်ချင်ကျေးရွာအုပ်စု၊ နားမတ် အမကကျောင်း မြေနေရာဟောင်းတွင် အိမ်ဆောက်လုပ်နေထိုင်နေတဲ့ ယခင်ကျေးရွာလူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးယောဇက်ထံမှ မြေနေရာကို မည်သည့်အချိန်တွင် ပြန်လည်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ ဖြစ်ပါတယ်။ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး မေးမြန်းထားတဲ့ မေးခွန်း(၃)ခုကို ဖြေကြားသွားမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၁)အနေနဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂(ဂ)အရ နိုင်ငံတော်က သိမ်းယူပြီးဖြစ်သော မြေများကို လက်ရှိလုပ်ကိုင်နေသော တောင်သူများကို လုပ်ကိုင်ခွင့်လက်မှတ်ပေးရမည်ဖြစ်ပါသော်လည်း အဘယ်ကြောင့် မပေးသည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ နမ္မတူမြို့နယ်တွင် ယခင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့် ခွင့်ပြုထားသူ (၉)ဦး၊ ခွင့်ပြုဧရိယာ (၃၄၆၇.၀၀)ဧက ရှိပါတယ်။ အဆိုပါ ခွင့်ပြုဧရိယာအနက် မြေဧရိယာ (၂၈၄၆.၀၀)ဧကကို အကောင်အထည်ဖော်ဆောင်ရွက်ထားရှိပြီး မြေဧရိယာ (၆၂၁.၀၀)ဧက အကောင်အထည်ဖော် ဆောင်ရွက်ရန် ကျန်ရှိကြောင်း စိစစ်သိရှိရပါတယ်။ အဆိုပါ အကောင်အထည်ဖော် ဆောင်ရွက်ရန် ကျန်ရှိသည့်ဧရိယာ (၆၂၁.၀၀)ဧကအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၂၂(ဂ)အရ အကျုံးဝင်သည့်ဧရိယာအဖြစ် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပယ်ဖျက်နိုင်ရေး ရှမ်းပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့မှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီသို့ တင်ပြထားရှိပြီးဖြစ်ပါတယ်။ အဆိုပါ မြေဧရိယာ(၆၂၁.၀၀)ဧကကို လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပယ်ဖျက်မိန့်ရရှိပြီးပါက လက်ရှိ စိုက်ပျိုးလုပ်ကိုင်နေသော တောင်သူများအနေဖြင့် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထား ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ်(၂)ဖြစ်တဲ့ နမ္မတူမြို့နယ်၊ နားဆိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်သည် ဦးပန်းအောင်နှင့် ဒေါ်ကြာနုတို့၏ ပြောင်းခြံအား အမှတ်(၃၂၄)တပ်မှ လွှဲပြောင်း လက်ခံပြီး ဒေါ်ကြာနု၏ ခြံကို အပိုင်ယူ၍ ဦးပန်းအောင်၏ ခြံကို နမ္မတူမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ငှားရမ်းလုပ်ကိုင်ထားသဖြင့် မူလပိုင်ရှင်မှပြန်လည်ရယူလိုကြောင်း ၂၀၁၄ ခုနှစ်တွင် တင်ပြလာရာ ၎င်းမြေများကို ပိုင်ရှင်သို့ ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း ဦးမြင့်နိုင်က အိမ်တိုင်ရာရောက် လာပြောကြားပြီးဖြစ်ပါသော်လည်း ယခုတိုင်ဖြေရှင်း ပေးခြင်း မရှိပါသဖြင့် ၎င်းမြေအား မည်သည့်အချိန်တွင် ပြန်လည်ပေးမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်းပြီး နမ္မတူမြို့နယ်၊ နားဆိုင်းကျေးရွာအုပ်စုတွင် ဦးပန်းအောင်နှင့် ဒေါ်ကြာနုတို့မှ လယ်ယာမြေအား ပြန်လည်ရယူလိုမှုနှင့်ပတ်သက်၍ နားဆိုင်းကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏(၂၅.၁၂.၂၀၁၄)ရက်နေ့ အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ် (က)၊ (ခ)တို့အရ လက်ရှိလုပ်ကိုင်နေသူ ဦးမြင့်နိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တို့အား ဆက်လက်လုပ်ကိုင်စေရန် အမိန့်ထုတ်ပြန်ထားပါတယ်။ အဆိုပါအမိန့်နှင့်ပတ်သက်၍ ဦးပန်းအောင်နှင့် ဒေါ်ကြာနုတို့မှ အဆိုပါဆုံးဖြတ်ချက်အား ကျေနပ်မှုမရှိသဖြင့် မြို့နယ်

လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ထံသို့ အယူခံဝင်ရောက်ထားရှိပြီး အဆိုပါခြံမြေကိစ္စနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးအတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ လယ်ယာမြေဥပဒေ၊ နည်းဥဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်းအမှတ်စဉ်(၃)ဖြစ်တဲ့ နမ္မတူမြို့နယ်၊ ပန်ချင်ကျေးရွာအုပ်စု၊ နားမတ်အခြေခံ ပညာမူလတန်းကျောင်းမြေနေရာဟောင်းတွင် အိမ်ဆောက်လုပ်နေထိုင်သည့် ယခင်ကျေးရွာ လူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးယောဇက်ထံမှ မြေနေရာ ပြန်လည်ရယူလို ကြောင်း ကျေးရွာသားများက ၂၀၁၃ ခုနှစ်ကတည်းက မြို့နယ်သို့ တင်ပြတောင်းဆို ပါသော်လည်း ယခုတိုင်ပြေလည်အောင် ဖြေရှင်းပေးမှုမရှိသေးပါသဖြင့် ၎င်းမြေနေရာအား မည်သည့်အချိန်တွင် ပြန်လည်ပေးမည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့်စပ်လျဉ်းပြီး နမ္မတူ မြို့နယ်၊ ပန်ချင်ကျေးရွာအုပ်စု၊ နားမတ်အခြေခံပညာမူလတန်းကျောင်းမြေနေရာဟောင်းတွင် အိမ်ဆောက်လုပ်နေထိုင်သည့် ယခင်ကျေးရွာ လူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးယောဇက်ထံမှ မြေနေရာပြန်လည်ရယူလိုကြောင်း တင်ပြမှုနှင့် ပတ်သက်၍ ပန်ချင် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က မူလမြေယာ မှုခင်းဖွင့်လှစ်၍ စိစစ်ဆောင်ရွက် လျက်ရှိပါတယ်။ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ဆုံးဖြတ်ချက် ချမှတ်ပြီးပါက လည်း ၎င်းဆုံးဖြတ်ချက်အား ကျေနပ်မှုမရှိပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံသို့ သတ်မှတ်ရက်အတွင်း အယူခံတင်ပြဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါ တယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒီကနေ့ ကျင်းပပြုလုပ်သော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ကြွရောက် လာကြပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်ဖြစ်ပါတယ်။ ယခုကဲ့သို့ ကျေးလက်နေတိုင်းရင်းသား ပြည်သူများ၏ ပညာရည်မြင့်မားရေးအတွက် ရှမ်းပြည်နယ်လွှတ်တော်သို့ တင်ပြမေးမြန်းခွင့် ရရှိတဲ့အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ ပထမဦးဆုံးအစိုးရက တည်ထောင်ပေးတဲ့ ကျောင်းဟာ ၁၉၀၁ ခုနှစ်၊ အင်္ဂလိပ်ခေတ်မှာ ကျောင်းသားဦးရေ (၇၀)နှင့် တောင်ကြီးမြို့မှ စတင်ခဲ့တယ်လို့ သမိုင်းမှတ်တမ်းအရ သိရှိခဲ့ပါတယ်။ ယခု ၂၀၁၅ ခုနှစ်အထိ နှစ်ပေါင်း ၁၁၅ နှစ် ကြာမြင့်ခဲ့ပြီး ခေတ်အဆက်ဆက် ကြိုးပမ်းအားထုတ်မှုကြောင့် ရှမ်းပြည်နယ်တွင် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ အသက်မွေးသိပ္ပံကျောင်းများနှင့် အားကစားသိပ္ပံ စသဖြင့် ကျောင်းများအသီးသီး ပေါ်ထွန်းလာတာကို တွေ့ရပါတယ်။ အကောင်အထည်ဖော်ပေးကြသော အစိုးရအသီးသီးကိုလည်းပဲ အထူးကျေးဇူးတင်ရှိပါတယ်။ ယခုကဲ့သို့ ကျောင်းများ တိုးတက်များပြားလာသော်လည်းဘဲ တိုးတက်လာသော မြို့ပြလူဦးရေနှင့် ကျေးလက်လူဦးရေတို့ကြောင့် အခြေခံပညာကျောင်းများ လိုအပ်လျက်ရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့နိုင်ငံကြီးကို နောက်မဆုတ်စတမ်း ဒီမိုကရေစီစနစ်သို့ ချီတက်အားထုတ်နေတာကြောင့် ပြည်တွင်းမှာရှိတဲ့ ပြည်သူပြည်သားများရဲ့ ပညာရည်မြင့်မားရေးနှင့် အတွေးအခေါ်မြင့်မားရန် အထူးလိုအပ်လှပါတယ်။ ၎င်းလိုအပ်ချက်ကို ဖြည့်ဆည်းဖန်တီးပေးနိုင်သည်မှာလည်း ပညာရေးကဏ္ဍပဲ ဖြစ်ပါတယ်။ နိုင်ငံ့စီးပွားရေးကို မြေယာကို အခြေခံသည့် စီးပွားရေးစနစ်မှသည် စက်မှုစီးပွားရေး၊ ထိုမှတစ်ဆင့် နည်းပညာကို အခြေခံသည့်စီးပွားရေးစနစ်သို့ ကူးပြောင်းနေပြီဖြစ်တဲ့အတွက် ကာယလုပ်သားမှ ဉာဏလုပ်သားသို့ မွေးထုတ်ပေးရမှာ ဖြစ်ပါတယ်။ ဤကဲ့သို့ ကာယလုပ်သားမှ ဉာဏလုပ်သားဘက်ကို မွေးထုတ်ပေးနိုင်သည်မှာလည်း ပညာရေးကဏ္ဍပဲ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်လူဦးရေ၏ ၈၀ ရာခိုင်နှုန်းနီးပါးသည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး ၂၀ ရာခိုင်နှုန်းနီးပါးသာ မြို့ပြမှာ နေထိုင်ကြတာဖြစ်ပါတယ်။

ကျေးလက်ဒေသမှာ နေထိုင်ကြတဲ့ ၈၀ ရာခိုင်နှုန်းသော ပြည်သူလူထုများသည် ကောင်းမွန်သော ပညာရေးစနစ်ကို လက်လှမ်းမီဖို့ များစွာ ခက်ခဲပါတယ်။ Facility မပြည့်စုံတဲ့ ကျေးလက်ဒေသမှာ မူလတန်းအဆင့်နဲ့သာ ကျေနပ်နေကြပါတယ်။ မိသားစုတစ်ခု သို့မဟုတ် ဒေသအတွင်းရှိ ပြည်သူတွေရဲ့ ပညာတတ်မြောက်မှု၊ စာပေတတ်မြောက်မှုပေါ် မူတည်ပြီး ယင်းမိသားစု၊ ယင်းမိသားစုရဲ့ လူမှုဖွံ့ဖြိုးရေးကလည်း ကွာခြားသွားတာကို သိရှိရပါတယ်။ ဒါကြောင့် နိုင်ငံတော်က အကောင်အထည်ဖော်နေတဲ့ ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်နဲ့ မြို့ပြ တိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းစေရေး လုပ်ငန်းများလုပ်ဆောင်ရာမှာ အောင်မြင်မှု မြန်ဆန်စေရေးအတွက် တောရော၊ မြို့ပါ တူညီသော ပညာသင်နိုင်တဲ့ အခွင့်အရေးများကို အခွင့်အတန်းတူညီစွာ ပိုမိုလုပ်ဆောင်ပေးရမှာဖြစ်တဲ့အတွက် အစိုးရစာသင်ကျောင်း မရှိသေး

သော ကျွန်တော့် မဲဆန္ဒနယ်ထဲက ကျေးရွာမြောက်များစွာအနက် လိုင်းလောင်းကျေးရွာ ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းကို အစိုးရကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ပေးနိုင်ရေး မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ လွိုင်လင်မြို့နယ်၊ ပွေးတောက်ကျေးရွာအုပ်စု၊ လိုင်းလောင်း ကျေးရွာသည် အိမ်ခြေ(၅၀)ခန့်ရှိပြီး ယခင်က မူလတန်းကျောင်းမရှိခဲ့ပါ။ (၂)မိုင်ကျော်ခန့် ဝေးတဲ့ မခေးနွန်မူလတန်းကျောင်းသို့ သွားရောက်ပညာသင်ကြားခဲ့ရပါတယ်။ အသွားအပြန် (၅)မိုင်ခန့်ရှိပါတယ်။ ရာသီဥတုအခြေအနေကြောင့်သော်လည်းကောင်း၊ လမ်းပန်းအခက်အခဲ ကြောင့်သော်လည်းကောင်း၊ ကလေးငယ်များဟာ အင်မတန် ဒုက္ခများပါတယ်။ ဒါကြောင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစ၍ ရပ်ရွာလူထုအစီအမံဖြင့် တတ်နိုင်သလောက် ဝိုင်းဝန်း ထည့်ဝင်လှူဒါန်းပြီး ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းဆောင်(၁)ဆောင် တည်ဆောက်ပြီး ကျောင်းသားဦးရေ(၃၀)ခန့်ဖြင့် စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။

အဆိုပါ လိုင်းလောင်းကိုယ်ထူကိုယ်ထကျောင်းကို ပြည်သူလူထုအနေဖြင့် ရေရှည် စီမံခန့်ခွဲလည်ပတ်နိုင်ရန် အခက်အခဲများစွာရှိပါသဖြင့် အနီးကပ်ဆုံး ၂၀၁၅-၂၀၁၆ ပညာသင် နှစ်တွင် အစိုးရမူလတန်းကျောင်း(ခွဲ)အဖြစ်သို့ အဆင့်တိုးမြှင့်ပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွိုင်လင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်၏ ၂၀၁၄-၂၀၁၅ ပညာသင် နှစ်မှစ၍ ရပ်ရွာလူထုအစီအမံဖြင့် ကိုယ်ထူကိုယ်ထ မူလတန်းကျောင်း တည်ဆောက်ပြီး ကျောင်းသား/ ကျောင်းသူ (၃၀)ဦးဖြင့် စတင်ဖွင့်လှစ်ခဲ့သည့် လွိုင်လင်မြို့နယ်၊ ပွေးတောက် ကျေးရွာအုပ်စု၊ လိုင်းလောင်းကျေးရွာ ကိုယ်ထူကိုယ်ထမူလတန်းကျောင်းကို အခြေခံပညာ မူလတန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ပေးပါရန်နှင့် လိုအပ်သော အဆောက်အဦများ စီမံဆောင်ရွက်ပေးပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်ပတ်သက်၍ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစ၍ ရပ်ရွာလူထု၏ အစီမံဖြင့် လွိုင်လင်မြို့နယ်၊ လိုင်းလောင်း ကျေးရွာ ကိုယ်ထူကိုယ်ထမူလတန်းကျောင်းအား (၂၄ ×၁၆ ×၁၃)ပေ သွပ်မိုး၊ ဝါးသဲ့ကာ၊ မြေစိုက်တည်ဆောက်ပြီး ကျောင်းသား/ကျောင်းသူ (၃၀)ဦးဖြင့် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ လွိုင်လင်မြို့နယ်၊ ပွေးတောက်ကျေးရွာအုပ်စု၊ လိုင်းလောင်းကျေးရွာ ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းကို ရှမ်းပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး၏ (၁၁.၁၁.၂၀၁၄)ရက်စွဲပါ

စာအမှတ်၊ ဌာနခွဲ(၁)/၃၄၈၉/အခ-မြဲ(ကျောင်းတိုး)၂၀၁၄ ဖြင့် အမှတ်(၂)အခြေခံပညာဦးစီး ဌာန၊ မန္တလေးသို့ အမက(ခွဲ)အဆင့်တိုးမြှင့်ပေးပါရန် တင်ပြထားပြီး ဖြစ်ပါတယ်။ ကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုပြီးမှ လိုအပ်သော ကျောင်းဆောင်ကို စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ပေးရန် အမှုတွဲများ တောင်းခံစိစစ်ပြီး တင်ပြဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီးက မေးခွန်း(၁နှင့် ၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲမင်္ဂလာပါ။ လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းကြပါစေ။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ စိုက်ပျိုးရေးကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်နေရတဲ့ ကျေးလက်နေ ပြည်သူလူထုရဲ့ လယ်ယာစိုက်ပျိုးမြေများ ရရှိရေးသည် အဓိကကျပြီး လယ်ယာမြေပြဿနာ များကို ထိရောက်စွာ ဖြေရှင်းပေးနိုင်မှုသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်များကို တိုက်ရိုက်အကျိုးပြုစေသည့်အတွက် လယ်ယာမြေပြဿနာ များကို ထိရောက်မြန်ဆန်စွာ ဖြေရှင်းပေးရန် ထိန်းကျောင်းကြပ်မတ်ပေးရန်ကိစ္စကို (၁၁)ကြိမ် မြောက် ရှမ်းပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ မိန့်မှာ သွားတာကို မှတ်သားရပါတယ်။

ရွှေလင်းယုန်ကုမ္ပဏီအား ခွင့်ပြုမိန့်ပါစည်းကမ်းချက်များ လိုက်နာမှုမရှိသည့်အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂(ဂ)အရ နိုင်ငံတော်က သိမ်းယူပြီး ဖြစ်သည်ဟု မှတ်ယူရမည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းအဖြစ် အကျုံးဝင်နေပြီး ဖြစ်ပါ၍ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ပါဟု ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ (၂၅.၄.၂၀၁၄)ရက်စွဲပါစာအမှတ်၊ ၅၁၅၅/၇-၆၂၉/အစရ(ရှမ်း)ဖြင့် မှတ်ချက်ပြု ညွှန်ကြား ထားပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးမှ လုပ်ထုံးလုပ်နည်း နှင့်အညီ တောင်သူလယ်သမားများ လုပ်ပိုင်ခွင့်ချထားနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါ ကြောင်းကိုလည်း နဝမပုံမှန်အစည်းအဝေး၌ တရားဝင်ဖြေကြားသွားပြီး ဖြစ်ပါတယ်။ ဒေသခံ လက်ငုတ်တောင်သူများရဲ့ လယ်ယာလုပ်ပိုင်ခွင့်ပြုနိုင်ရေးအတွက် သက်ဆိုင်ရာ အောက်ခြေ မြေအသုံးချမှုစိစစ်ရေးကော်မတီအဖွဲ့ထံကိုလည်း တင်ပြလျှောက်ထားခဲ့ပြီး ဖြစ်ပါတယ်။ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ၊ မိုးနဲမြို့၏ (၁၁.၆.၂၀၁၄)ရက်စွဲပါ စာအမှတ်၊ ၅/၄၁-၃(၁၀၄)/ဦး ၆ ဖြင့် ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီကို လုပ်ထုံးလုပ်နည်းနှင့်အညီ

စိစစ်တင်ပြပြီးလည်းဖြစ်ပါတယ်။ သက်ဆိုင်ရာမြေစာရင်းဦးစီးဌာန၏ လက်ကမ်းစာစောင်များ၌လည်း ရပ်/ကျေးမြေအသုံးချရေးစီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ်မြေအသုံးချရေး စီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်စိစစ်ပြီး တောင်သူများ ယခင်စိုက်ပျိုးခဲ့သည့် မြေယာများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ပိုင်ခွင့်ချထားနိုင်ရေးလုပ်ငန်းစဉ်သည် (၁၃၄)ရက်သာ ကြာမြင့်ရမှာဖြစ်ပါတယ်။ သို့ပါသော်လည်း ဤကေ (၅ဝဝဝ)ရွှေလင်းယုန်ပိုင်မြေယာများကိစ္စသည် လွှတ်တော်၏ ပဉ္စမပုံမှန်အစည်းအဝေးကတည်းက ကျွန်တော့်အနေနဲ့ တင်ပြထားခဲ့ပြီး ဖြစ်ပါတယ်။ သို့ပါ၍ လိုအပ်သော အချိန်အတိုင်းအတာထက် ပိုမိုအချိန်ကြာမြင့်နေတဲ့ မိုးနဲမြို့ ဒေသခံတောင်သူများရဲ့ လုပ်ကွက်ရေိယာနှင့် ရွှေလင်းယုန်ကုမ္ပဏီ မြေကေ(၅ဝဝဝ)ကိစ္စသည် မည်သည့်နေ့ရက်တွင် မြေယာလုပ်ပိုင်ခွင့်ပြု လုပ်ငန်းစဉ်များကို အပြီးသတ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။

မေးခွန်းနံပါတ်(၂)အနေဖြင့် မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့ရှိ ကျောင်းပေါင်း(၄၆)ကျောင်းအနက် မြေစာရင်းပုံစံ(၁ဝ၅)၊ ဂရန်ရရှိပြီးကျောင်း(၁၅)ကျောင်းသာရှိပါတယ်။ ကျန်(၃၁)ကျောင်းမှာ မြေစာရင်းဦးစီးဌာနမှ စိစစ်ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သိရှိလိုပါကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ယနေ့ခေတ်အချိန်အခါမှာ နိုင်ငံတော်အစိုးရမှလည်း ပညာရေးဌာနအတွက် လိုအပ်သော ရန်ပုံငွေဘတ်ဂျက်များကို လုံလောက်စွာ တိုးမြင့်ချထားပေးနေတဲ့ အချိန်မှာ ကာကွယ်ရေးသည် ကုသရေးထက်ပိုမိုထိရောက်သည်ဟူသော ထုံးကို နှလုံးမူပြီး မြေယာမှုခင်းပြဿနာများ လွန်စွာပေါ်များနေတဲ့ ဤအချိန်ကာလမှာ ပညာရေးအဆောက်အဦများ တည်ဆောက်မည့် မြေကွက်ရေိယာရဲ့ ပိုင်ဆိုင်မှုအထောက်အထား ခိုင်ခံ့မှုရှိမှသာလျှင် ကျွန်တော်တို့ နောင်ရေးစိတ်အေးရမှာဖြစ်ပါတယ်။ သို့ပါ၍ မိုးနဲမြို့နယ်နှင့် ကျိုင်းတောင်းမြို့နယ်ရှိ ကျောင်းပေါင်း(၄၆)ကျောင်းအနက် မြေစာရင်းပုံစံ(၁ဝ၅)နှင့် ဂရန်ရရှိပြီးကျောင်း (၁၅)ကျောင်းသာရှိပြီး ကျန်(၃၁)ကျောင်းအတွက် မြေစာရင်းဦးစီးဌာနမှ မည်ကဲ့သို့ စိစစ်ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီးရဲ့ မေးခွန်း(၂)ခု မေးမြန်းချက်နှင့်ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူမှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

မေးခွန်းအမှတ်(၁)ဖြစ်တဲ့ လိုအပ်သောအချိန်အတိုင်းအတာထက် ပိုမိုကြာမြင့်နေသော မိုးနဲမြို့ ဒေသခံတောင်သူများ၏ လုပ်ကွက်ဧရိယာနှင့် ရွှေလင်းယုန်ကုမ္ပဏီမြေဧက (၅၀၀၀) ကိစ္စသည် မည်သည့်နေ့ရက်တွင် မြေယာလုပ်ပိုင်ခွင့်ပြုလုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဟူသော မေးခွန်းနှင့်ပတ်သက်၍ ရွှေလင်းယုန်ကုမ္ပဏီမှ မြေလွတ်၊ မြေရိုင်းလုပ်ပိုင်ခွင့်ရရှိထားသော မြေဧရိယာ(၅၀၀၀)ဧကသည် ဖော်ထုတ်စိုက်ပျိုးထားပြီးဖြစ်သော်လည်း ၎င်းဖော်ထုတ်ပြီးဧရိယာ(၃၄၀၀)ဧကအားလုံးအနက် မြေဧရိယာ(၁၂.၅၀)ဧကကိုသာ ရွှေလင်းယုန်ကုမ္ပဏီအနေဖြင့် စိုက်ပျိုးလုပ်ကိုင်ထားရှိပြီး ကျန်ဧရိယာများကို ဒေသခံတောင်သူများအနေဖြင့် စိုက်ပျိုးထားခြင်းဖြစ်ကြောင်း၊ ရွှေလင်းယုန်ကုမ္ပဏီအနေဖြင့် ယခင်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး လုပ်ထုံးလုပ်နည်းပါ စည်းကမ်းချက်များနှင့်ကိုက်ညီမှု မရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ပြီး မြေဧရိယာ(၃၄၀၀)ဧကတွင် စိုက်ပျိုးလုပ်ကိုင်မှုအခြေအနေမှာ-

| | | |
|---|---|---|
| (က) | ဒေါ်ရီရှမ်း(ခ)ဒေါ်စန်းစန်း<br>(ရွှေလင်းယုန်ကုမ္ပဏီ) | ၁၂.၅၀ ဧက |
| (ခ) | နားလင်းကျေးရွာ<br>တောင်သူ(၂၉)ဦး | ၁၄၇.၀၀ ဧက |
| (ဂ) | နမ့်မောလေကျေးရွာ<br>တောင်သူ(၅၂)ဦး | ၂၃၅.၀၀ ဧက |
| (ဃ) | မယ်ဇလီမြိုင်ကျေးရွာ<br>တောင်သူ(၁၁၃)ဦး | ၁၃၄၁.၀၀ ဧက |
| (င) | နားခံကျေးရွာ<br>တောင်သူ(၉၅)ဦး | ၉၁၆.၀၀ ဧက |
| (စ) | မြို့ပေါ်(၅)ရပ်ကွက် | ၂၀၀.၀၀ ဧက |
| (ဆ) | နားရိုင်း MTA အဖွဲ့ | ၆၄၈.၀၀ ဧက |
| | **စုစုပေါင်း** | **၃၅၀၀.၀၀ ဧက** |

ရွှေလင်းယုန်ကုမ္ပဏီသည် မြေလွတ်၊ မြေရိုင်း လုပ်ပိုင်ခွင့်ရရှိခဲ့သော်လည်း ခွင့်ပြုမိန့်ပါ စည်းကမ်းချက်အတိုင်းလိုက်နာမှုမရှိသည့်အတွက် ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂(ဂ)အရလည်းကောင်း၊ နည်းဥပဒေ ၄၇(ဃ)အရ လည်းကောင်း၊ နိုင်ငံတော်က သိမ်းယူပြီးဖြစ်၍ ရွှေလင်းယုန်ကုမ္ပဏီ၏ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်အပေါ် ပြန်လည်ပယ်ဖျက်ရန် ဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင် ရွက်နိုင်ရေး ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီသို့ တင်ပြ ထားရှိပြီးဖြစ်ပါတယ်။ အဆိုပါ မြေဧရိယာများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ပယ်ဖျက်ခွင့်ပြုမိန့်ရရှိပြီးပါက စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော ဒေသခံတောင်သူများအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိရေး ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ မိုးနဲမြို့နယ်နှင့် ကျိုင်းတောင်းမြို့နယ်ရှိ စာသင်ကျောင်းဆောင် အဆောက်အဦအား ဆောက်လုပ်ထားသော မြေကွက်(၄၆)ကျောင်းပေါင်း (၄၆)ကျောင်း အနက် မြေစာရင်းပုံစံ(၁၀၅)နှင့် ဂရန်ရရှိပြီးကျောင်း (၁၅)ကျောင်းသာရှိပြီး ကျန်(၃၁)ကျောင်း အတွက် မြေစာရင်းဦးစီးဌာနမှ စိစစ်ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သိရှိလိုပါကြောင်း မေးခွန်းနှင့်ပတ်သက်၍ မြေစာရင်းပုံစံ(၁၀၅)မရရှိသေးသည့်ကျောင်းများ မြေစာရင်းပုံစံ(၁၀၅) ရရှိရေးအတွက် မြို့နယ်ပညာရေးမှူးရုံး၏ (၂၂.၈.၂၀၁၄) ရက်စွဲပါစာအမှတ်၊ ၇၄၈/ဂရန် (၂၀၁၄)ဖြင့် ပြည်နယ်ပညာရေးမှူးရုံးသို့ တင်ပြထားပြီးဖြစ်ပါတယ်။ ပြည်နယ်ပညာရေးမှူးမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဆက်လက်လျှောက်ထားရမည်ဖြစ်ပြီး စိစစ်ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဦးစိုင်းမောင်ကြီးက မေးခွန်း(၃ နှင့် ၄)ကို တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါ တယ်။

**ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျိုင်းတောင်းမြို့သည် ရေအား လျှပ်စစ်(၅၄)မဂ္ဂါဝပ်နဲ့ နိုင်ငံတော်ပင်မ မဟာဓာတ်အားလိုင်းသို့ ဓာတ်အားများ ပို့လွှတ်နေတဲ့ မြို့လေးတစ်မြို့ ဖြစ်ပါတယ်။ သို့သော်လည်း ကျိုင်းတောင်းမြို့အနေနဲ့ ပင်မဓာတ်အားရုံ အနေဖြင့် (၁၀)မိုင်ကျော်ဝေးကွာတဲ့ ပင်မဓာတ်အားရုံက ပို့လွှတ်တဲ့ ဓာတ်အားများမှ တိုက်ရိုက်အသုံးပြုလျက်ရှိပါတယ်။ ဒါကြောင့် သုံးစွဲရတဲ့ ဓာတ်အားများ လျော့နည်းခြင်း၊

ဆားဗစ်ကြိုးများရှုပ်ထွေးခြင်း၊ ထရန်စဖော်မာများ၊ ကြွေသီးများ၊ မကြာခဏချို့ယွင်းခြင်း စသည့် အားနည်းချက်များကြောင့် ရပ်ကွက်(၇)ရပ်ကွက်၊ ကျေးရွာအုပ်စု(၃)အုပ်စုဖြင့် ဖွဲ့စည်းထားသည့် အိမ်ထောင်စုပေါင်း(၁၈၀၀)၊ လူဦးရေအားဖြင့် (၈၅၇၉)ဦးခန့်ရှိသည့် ကျိုင်းတောင်းမြို့သည် အမှတ်(၆)ရပ်ကွက်တွင် (၃၃/၁၁)ကေဗွီအေ၊ (၅)အမ်ဗွီအေဓာတ်အား ခွဲရုံအသစ် တည်ဆောက်ခွင့်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်၊ လျာထားသည့်မြေအတွက် မြေစာရင်းပုံစံ၊ ဂရန်များ ရရှိပြီးဖြစ်ပါကြောင်းနှင့် လိုအပ်သည့် ဓာတ်အားခွဲရုံစီစဉ်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်တို့ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါ တယ်။

စတုတ္ထမေးခွန်းအနေဖြင့် ကျိုင်းတောင်းမြို့၊ နောင်ဟီးကျေးရွာအုပ်စုတွင် အိမ်ခြေ (၅၇)အိမ်၊ လူဦးရေ(၂၇၇)ဦးအတွက် အသေးစားရေအားလျှပ်စစ်တာဘိုင်(၁)လုံး၊ နားပေါ့ ကျေးရွာအုပ်စုနှင့် ဟိုပာကျေးရွာအုပ်စု၊ အိမ်ခြေပေါင်း(၁၀၀)ကျော်နှင့် လူဦးရေ(၆၀၀)ကျော် အတွက် ဆိုလာအားဖြင့် လျှပ်စစ်မီးရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်ကို သိရှိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပြီး မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေ။ ကောင်းမွန်တဲ့ လိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဦးစွာဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင် ဖြစ်ပါတယ်။ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီး မေးမြန်းတဲ့ မေးခွန်းကို ဖြေကြားပေးသွားမှာ ဖြစ်ပါ တယ်။

ကျိုင်းတောင်းမြို့အား လက်ရှိဓာတ်အားပေးနေသော စနစ်သည် ပင်မကျိုင်းတောင်း လျှပ်စစ်ဓာတ်အားစက်ရုံမှ (၁၃)မိုင်ခန့် ဓာတ်အားတိုက်ရိုက်ပို့လွှတ်နေခြင်းဖြစ်ပါသည်။ ဝန်အားနိုင်နင်းမှုရှိစေရန် ဗို့အားကျဆင်းမှုနှင့် (၁၁)ကေဗွီ၊ (၄၀၀)ဓာတ်အားလိုင်းများ ရှည်လျားနေမှု၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရန်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် ကျိုင်းတောင်းမြို့၊ အမှတ်(၆)ရပ်ကွက်တွင် (၃၃/၁၁)ကေဗွီအေ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံ အသစ် တည်ဆောက်ခွင့်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိရှိ လိုပါသည်ဟူသောမေးခွန်းနှင့် စပ်လျဉ်း၍ ကျိုင်းတောင်းမြို့၊ ရပ်ကွက်(၅)တွင် ဗို့အား

ကျဆင်းမှုလျော့နည်းပပျောက်စေရန် ACSR 95 mm2 ကြိုးများဖြင့် ၁၁ ကေဗွီအေ ဓာတ်အားလိုင်းပေ(၁၀၀၀)၊ ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ(၁)လုံး တိုးချဲ့တည်ဆောက်ခြင်းနှင့် ကျိုင်းတောင်းမြို့တွင် ဓာတ်အားဖြန့်ဖြူးပေးထားသော ၄၀၀ ဗို့လိုင်း ၃ မိုင်ရှိ ACSR 25 mm 2.35 mm 2 ဖြင့် ဆွဲထားသဖြင့် AAC ကြိုးများဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းတို့အား ၂၀၁၅-၂၀၁၆ ပြည်နယ်အစိုးရဘတ်ဂျက်တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါတယ်။ ၃၃/၁၁ ကေဗွီအေ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းမှာ ပြည်ထောင်စုဘတ်ဂျက်မှ ဆောင်ရွက်ရမည်ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ပြည်ထောင်စုဘတ်ဂျက်အထိ လျာထားပါဝင်ခြင်းမရှိကြောင်း သိရှိရပါတယ်။ ရှေ့လာမည့် ဘတ်ဂျက်များတွင် ထည့်သွင်းတင်ပြပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီး၏ စတုတ္ထမေးခွန်းဖြစ်တဲ့ ကျိုင်းတောင်းမြို့၊ နောင်ဟီးကျေးရွာအုပ်စုအတွက် အသေးစားရေအားလျှပ်စစ်တာဘိုင်(၁)လုံး၊ နားပေါ့နှင့် ဟိုပှာကျေးရွာအုပ်စုအတွက် ဆိုလာအားဖြင့် လျှပ်စစ်မီးရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူက ဖြေကြားမှာဖြစ်ပါတယ်။

ကျိုင်းတောင်းမြို့၊ နောင်ဟီးကျေးရွာအုပ်စုတွင် ကျေးရွာ(၄)ရွာ၊ အိမ်ခြေ (၅၂)အိမ်၊ လူဦးရေ(၃၃၇)ဦး၊ ဟိုပှာကျေးရွာအုပ်စုတွင် ကျေးရွာ(၄)ရွာ၊ အိမ်ခြေ(၈၀)အိမ်၊ လူဦးရေ(၃၅၆)ဦး၊ နားပေါ့ကျေးရွာအုပ်စုတွင် ကျေးရွာ(၂)ရွာ၊ အိမ်ခြေ(၂၅)အိမ်၊ လူဦးရေ(၁၁၄)ဦး မှီတင်းနေထိုင်လျက်ရှိပြီး နောင်ဟီးကျေးရွာအုပ်စုသည် ကျေးရွာတစ်ရွာနှင့် တစ်ရွာအလှမ်းကွာဝေးပြီး ရေအားလျှပ်စစ်ထုတ်လုပ်ရန် လုံလောက်သောရေထွက် ပင်ရင်းများမရှိသဖြင့် ဆိုလာစနစ်ဖြင့်သာ ဆောင်ရွက်အဆင်ပြေနိုင်မှာ ဖြစ်ပါတယ်။ ကျေးရွာအုပ်စု(၃)ခု၊ ကျေးရွာ(၁၀)ရွာ၊ အိမ်ခြေ(၁၅၇)အိမ်အတွက် ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ်ငွေကျပ်(၃၁.၄)သန်း ကုန်ကျမည်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေရရှိနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြစေ၍ ခွင့်ပြုငွေရရှိမှုပေါ် မူတည်ပြီး ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းပိုင်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောလုံက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစောလုံ၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေ ကြောင်း ဆုမွန်ကောင်းတောင်းရင်း ကျွန်တော်ကတော့ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောလုံဖြစ်ပါတယ်။ ကျွန်တော်မေးမဲ့ မေးခွန်းကတော့ ခလရ(၂၄၈) ခြေလျင်တပ်ရင်းနဲ့ တောင်သူစိုက်ပျိုးမြေကိစ္စ ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ(၁)ရက်နေ့မှ (၄)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သော ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ မေးခွန်းနှင့် ပတ်သက်ပြီး ဆက်လက်မေးမြန်းလိုပါတယ်။ မေးခွန်းနှင့်အဖြေများကို လွှတ်တော် မှတ်တမ်းစာအုပ် စာမျက်နှာ(၅၂၊ ၅၃၊ ၅၄၊ ၅၅)တွင် ဖော်ပြထားပါတယ်။ အဆိုပါ မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော့်အနေဖြင့် မဲဆန္ဒရှင်များ၏ကိုယ်စား သက်ဆိုင်ရာသို့ ညှိနှိုင်းပေး စေလိုပါတယ်။ သို့ပါသော်လည်း ရှမ်းပြည်နယ်အစိုးရမှ တာဝန်ရှိဝန်ကြီးက ပိုင်ဆိုင်မှု အကြောင်းအရာကိုသာ ဦးစားပေး၊ အလေးပေး၊ အသားပေး ဖော်ပြခဲ့ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာမဲဆန္ဒရှင်များကို ကိုယ်စားပြုပြီသစ္စာ ပြည်သူများရဲ့အသံကို နားထောင်ပြီး ပြည်သူများ၏ အကျိုးကိစ္စ အခက်အခဲမှန်သမျှကို ကူညီဖြေရှင်းပေးသူဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရကိုလည်း အထူးအားကိုးမှုပြုပါတယ်။

(၁၉.၉.၂၀၁၃)ရက်နေ့တွင် ထုတ်ဝေခဲ့သည့် ကြေးမုံသတင်းစာတွင် မြေယာကိစ္စများကို ဖြေရှင်းရာတွင် ခိုင်မာသည့် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အညီ အမှုတွဲများကို မြန်မြန် ဆန်ဆန်နှင့် မှန်မှန်ကန်ကန် အလေးထားဆောင်ရွက် ဆိုသည့်ခေါင်းစဉ်ဖြင့် မြေအသုံးချမှုစီမံ ခန့်ခွဲရေးဗဟိုကော်မတီ အစည်းအဝေးအမှတ်စဉ်(၁/၂၀၁၃)ကို နေပြည်တော်တွင် ကျင်းပခဲ့ရာ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယ သမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားရာတွင် ယခုမြေသိမ်းဆည်းမှုများ နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတမှ တပ်မတော်တပ်ရင်းတပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းရာတွင် မြေသိမ်းခြင်းကြောင့် ဖြစ်ပေါ်လာသည့် မြေအငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ရန် မြေမူဝါဒများနှင့်ပတ်သက်ပြီး တပ်မတော်က တည်ဆောက်ရန် တပ်ပိုင်မြေအဖြစ်သိမ်းဆည်း ထားသည့် မြေများတွင် အရပ်သားများကို သီးစားချထားခြင်း အကျိုးကို ဆောင်ရွက်ခြင်းများ လုံးဝမပြုလုပ်ရန်၊ တပ်၊ ဌာနချုပ်များ၊ လုံခြုံရေး လိုအပ်ချက်များနှင့် လေ့ကျင့်ရေးကွင်း လိုအပ်ချက်များအတွက် အမှန်တကယ်လိုအပ်သည့် မြေဧရိယာအကျယ်အဝန်းကိုသာ တိုင်းတာတွက်ချက်ဆောင်ရွက်သွားရန်၊ နိုင်ငံအတွင်းရှိ နေရာအနှံ့အပြား၌ လွှတ်တော် အသီးသီးမှာ သိမ်းဆည်းခံထားရသည့်မြေများ ပြန်လည်ရရှိရေးနှင့်ပတ်သက်ပြီး နည်းမျိုးစုံဖြင့် တောင်းဆိုမှုအပေါ် တပ်များအနေဖြင့် အမှန်တကယ်လိုအပ်သည့် မြေဧရိယာ အကျယ်အဝန်း

ကိုသာ ရယူပြီး ကျန်မြေပိုများကို မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်နိုင်ရေး ဆောင်ရွက်သွားရန် တို့ကို လမ်းညွှန်ခဲ့ပါကြောင်း၊ ယင်းလမ်းညွှန်ချက်များသည် ကာကွယ်ရေးဝန်ကြီးဌာနအတွက်ဆို သော်လည်း အခြားဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့များအတွက်ပါ အကျုံးဝင်ပါကြောင်းစသဖြင့် ဖော်ပြပါရှိခဲ့ပါတယ်။

ယခုအခါ မိုးနဲမြို့နယ်မှာရှိနေသည့် ခလရ(၂၄၈)ခြေလျင်တပ်ရင်းမှ တာဝန်ရှိပုဂ္ဂိုလ်က မြို့နယ်မြေအသုံးချမှုကော်မတီ၊ မြို့နယ်အုပ်ချုပ်ရေးမှူးထံကို တရားဝင်စာထုတ်ပြီး တပ်ပိုင် မြေပေါ်ကို တောင်သူများ ကျူးကျော်နေပါသည်ဆိုပြီး တစ်ဦးချင်းစီ လက်မှတ်ရေးထိုးခိုင်းခဲ့ ပါတယ်။ လက်ရှိမှ လက်မဲ့ဘဝသို့ ရောက်ရှိသွားမည့် လူထုများကို ထောက်ထားငဲ့ညှာသော အားဖြင့် သက်ဆိုင်ရာများမှ ကွင်းဆင်းလေ့လာကြည့်ရှုသင့်ပါကြောင်း တင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအနေဖြင့် မိုးနဲမြို့နယ်ရှိ မူလဓားမဦးချ လက်ရှိလက်ငုတ် တောင်သူစိုက်ပျိုးမြေများနှင့် ခလရ(၂၄၈)တပ်ပိုင်မြေ အငြင်းပွားမှုအပေါ် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့ မည်သည့်အကြောင်း ကြောင့် ချိတ်ဆက်ညှိနှိုင်းပေးနိုင်မှု မပြုနိုင်သည်ကို သက်ဆိုင်ရာမဲဆန္ဒရှင်များကိုယ်စား တိကျ ရှင်းလင်းစွာ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ် မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောလုံရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဦးစောလုံရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မိုးနဲမြို့နယ်တွင် အမှတ်(၅၇၄)တပ်ရင်းမှ စွန့်လွှတ် မြေ(၂၅.၀၆)ဧက၊ အမှတ်(၅၇၆)တပ်ရင်းမှ စွန့်လွှတ်မြေဧရိယာ (၄၃.၄၀)ဧက စုစုပေါင်း (၆၈.၄၆)ဧက စွန့်လွှတ်ပေးခဲ့ပြီး သက်ဆိုင်ရာ တောင်သူ(၁၉)ဦးသို့ ပြန်လည်အပ်နှံပေးပြီး ဖြစ်ပါတယ်။ ယခုလက်ရှိ အမှတ်(၂၄၈)ခြေလျင်တပ်ရင်းသည် မိုးနဲမြို့မြောက်ဘက်တွင် တည်ရှိပြီး ကာကွယ်ရေးဝန်ကြီးဌာန၏ တပ်ပိုင်မြေအဖြစ် ပြည်ထဲရေးဝန်ကြီးဌာန၏ (၁၄.၉.၁၉၉၂)ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၁၂/၆/အခ(၄)ဖြင့် သိမ်းယူထားပြီးသော မြေ ဖြစ်ပါတယ်။ အဆိုပါ အမှတ်(၂၄၈) တပ်ရင်းပိုင်မြေအတွင်း ဝင်ရောက်စိုက်ပျိုးသည့် တောင်သူ များအား တပ်ရင်းအစီအစဉ်ဖြင့် ခေါ်ယူအသိပေးခြင်းဖြစ်ပါတယ်။ တပ်ပိုင်မြေအဖြစ် မသိမ်းယူ မီက စိုက်ပျိုးလုပ်ကိုင်ခဲ့သည်မှာ မှန်ကန်ပါက တောင်သူများအနေဖြင့် အထောက်အထားများ

ဖော်ပြ၍ တင်ပြလာလျှင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ စည်ပင်သာယာရေးဆိုင်ရာစည်းကမ်းများ (Bye-Laws) (မူကြမ်း) (၂၄)မျိုးအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ စည်ပင်သာယာရေးဆိုင်ရာစည်းကမ်းများ(Bye-Laws) (မူကြမ်း)(၂၄) မျိုးအား ရှင်းလင်းတင်ပြပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ခညောင်းပါစေလို့ ပဏာမ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ စည်းကမ်းများ(Bye-Laws)(မူကြမ်း)(၂၄)မျိုးကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေနှင့်အညီ စည်ပင်သာယာရေးဆိုင်ရာစည်းကမ်းများရေးဆွဲတင်ပြခြင်း၊ အတည်ပြုထုတ်ပြန်ခြင်းနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ စာအုပ်စာတမ်းများကို ကြိုတင်ဖြန့်ဝေပြီးဖြစ်ကြောင်း တင်ပြလိုပါတယ်။ ၎င်းစာအုပ်ထဲမှ လိုအပ်ချက်များကိုသာ ထုတ်နုတ်တင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေကို ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် (၁၀/၂၀၁၃)ဖြင့် (၁၅.၁၀.၂၀၁၃) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေတွင် အခန်းပေါင်း(၂၀)၊ ပုဒ်မပေါင်း (၈၆)ခုပါရှိပြီး စည်ပင်သာယာရေးလုပ်ငန်းအသေးစိတ် ဆောင်ရွက်နိုင်ရေးအတွက် ထိုဥပဒေပုဒ်မ ၉၇ ၊ ပုဒ်မခွဲ (က)အရ လိုအပ်သော စည်းကမ်း(Bye-Laws)များ ထုတ်ပြန်ပေးခြင်းဖြစ်ပါတယ်။

စည်ပင်သာယာရေးဌာနများအနေဖြင့် ယခင်က ထုတ်ပြန်ခဲ့သော စည်းကမ်းများ (Bye-Laws) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ နည်းဥပဒေများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ နည်းဥပဒေများကို မှီငြမ်း၍ ရှမ်းပြည်နယ်ဒေသအခြေအနေနှင့် ကိုက်ညီသော စည်းကမ်း(၂၄)မျိုးကို ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီမှ ပြုစုရေးဆွဲတင်ပြခြင်းဖြစ်ပါတယ်။

**စည်ပင်သာယာရေးနယ်မြေအတွင်း ကော်မတီပိုင်ဈေးများကို စစ်ဆေးတားမြစ်ခြင်း၊ ညွှန်ကြားအရေးယူဆောင်ရွက်ရန်နှင့် ကြီးကြပ်စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာစည်းကမ်းများ။**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဈ)၊ ပုဒ်မ ၇၅၊ ပုဒ်မခွဲ(ခ)(ဂ)အရ ဈေးရောင်းချခြင်းဆိုင်ရာစည်းကမ်းများ၊ ဆိုင်ခန်းများနေရာချထားခြင်း၊ ပွဲကျဈေးသည်နေရာချထားခြင်း၊ ဈေးဝန်ထမ်းများ၏တာဝန်များ၊ ဆိုင်ခန်းခကောက်ခံပေးသွင်းရန်ကိစ္စများ၊

(၂) **စည်ပင်မှ ရရှိမည့် အခွန်အခများ** လစဉ်ဈေးဆိုင်ခန်းခ၊ ဆိုင်ခန်းသက်တမ်းတိုးခ၊ ပွဲကျဈေးကောက်ခ၊

(၃) **ပြစ်မှုပြစ်ဒဏ်များ** ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၃ အရ တရားရုံးမှ ထောင်ဒဏ်တစ်နှစ်အထိနှင့် ငွေဒဏ်အများဆုံး ကျပ် ၄၀၀၀၀၀/- သို့မဟုတ် ထောင်ဒဏ်၊ ငွေဒဏ်နှစ်ရပ်လုံးချမှတ်ခြင်း၊

(၄) ပုဒ်မ ၇၇ အရ စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀၀/- မှ အများဆုံး ကျပ် ၅၀၀၀၀/- အထိချမှတ်ခြင်း ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်တယ်။

**စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အိမ်ဆိုင်၊ ကုန်စုံဆိုင်၊ ကုန်ပဒေသာဆိုင်နှင့် ကုန်တိုက်များဖွင့်လှစ်ရောင်းချ လုပ်ကိုင်မှုကို ကြီးကြပ်ခြင်းဆိုင်ရာစည်းကမ်းများ။**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေပုဒ်မ ၇၂၊ ပုဒ်မခွဲ (ဂ)အရ အိမ်ဆိုင်၊ ကုန်စုံဆိုင်၊ ကုန်ပဒေသာဆိုင်နှင့် ကုန်တိုက်များအား အတန်းအစားခွဲခြားသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်း၊ နှစ်စဉ်လိုင်စင်ခများ ပေးသွင်း၍ လိုင်စင်ထုတ်ပေးခြင်း၊ လိုက်နာရန်စည်းကမ်းများသတ်မှတ်ခြင်း၊ လိုင်စင်ပုံစံများသတ်မှတ်ခြင်း၊

(၂) **စည်ပင်မှ ရရှိမည့် အခွန်အခများ** နှစ်စဉ်စည်းကြပ်ကောက်ခံရမည့် အခွန်အခများ၊

(၃) **ပြစ်မှုပြစ်ဒဏ်များ** ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၃ အရ တရားရုံးမှ ထောင်ဒဏ်တစ်နှစ်အထိနှင့် ငွေဒဏ်အများဆုံး ကျပ် ၄၀၀၀၀၀/- သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ်ခြင်း၊

(၄) ပုဒ်မ ၇၇ အရ စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀ဝိ/- မှ အများဆုံး ကျပ် ၅၀၀၀ဝိ/- အထိချမှတ်ခြင်း လုပ်ဆောင်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

**စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လမ်းဘေးဆိုင်များကို စစ်ဆေးကြပ်မတ်အရေးယူ ဆောင်ရွက်ရန် စည်းကမ်းများ။**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဋ)နှင့်စပ်လျဉ်း၍ ပုဒ်မ ၆၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၆၉၊ ပုဒ်မခွဲ(ဂ)၊

(၂) စည်းကမ်းသတ်မှတ်ချက်များ၊ လမ်းဘေးဆိုင်များ နေရာချထားမှု၊ လိုင်စင် ထုတ်ပေးမှုနှင့် ခင်းကျင်းရောင်းချရန်စည်းကမ်းများ၊ လိုက်နာဆောင်ရွက်ရန် စည်းကမ်းများ၊ စည်ကမ်းတကျ ကြီးကြပ်ရန်ကိစ္စများ၊

(၃) **စည်ပင်မှ ရရှိမည့် အခွန်အခများ** လမ်းဘေးဆိုင်လိုင်စင်ခများ၊ လမ်းဘေးဈေး ကောက်ခများ၊

(၄) **ပြစ်မှုပြစ်ဒဏ်များ** ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၃ အရ တရားရုံးမှ ထောင်ဒဏ်တစ်နှစ်အထိနှင့် ငွေဒဏ်အများဆုံး ကျပ် ၄၀၀၀၀ဝိ/- သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ်ခြင်း၊ ပုဒ်မ ၇၇ အရ စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀ဝိ/- မှ အများဆုံး ကျပ် ၅၀၀၀ဝိ/- အထိချမှတ်ခြင်း လုပ်ဆောင်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

**စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီပိုင်မြေ၊ လမ်းနှင့် လမ်းမြေများကို ခေတ္တ အသုံးပြုခြင်းဆိုင်ရာ စည်းကမ်းများ**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၆၉၊ ပုဒ်မခွဲ (က)(ခ)အရ စည်းကမ်းသတ်မှတ်ချက်များ၊ လမ်းနှင့် လမ်းမြေများကို ကာကွယ်ထိန်းသိမ်းခြင်း၊ လမ်းနှင့် လမ်းနယ်နိမိတ်များ ခေတ္တအသုံးပြုမှုကို ကြီးကြပ်ခြင်း၊

(၂) **စည်ပင်မှ ရရှိမည့် အခွန်အခများ** လမ်းမြေခေတ္တအသုံးပြုခများ၊ အဆောက် အဦ ဆောက်လုပ်မှုအတွက် စုပုံခွန်များ၊

(၃) **ပြစ်မှုပြစ်ဒဏ်များ** ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၃ အရ တရားရုံးမှ ထောင်ဒဏ်တစ်နှစ်အထိနှင့် ငွေဒဏ်အများဆုံး ကျပ် ၄၀၀၀၀၀/- သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ်ခြင်း၊

(၄) ပုဒ်မ ၇၇ အရ စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀/- မှ အများဆုံး ကျပ် ၅၀၀၀၀/- အထိချမှတ်ခြင်း လုပ်ဆောင်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

**စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်းဆိုင်ရာစည်းကမ်းများ**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ည)နှင့်စပ်လျဉ်း၍ ဥပဒေပုဒ်မ ၇၅၊ ပုဒ်မခွဲ(က)အရ ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်လိုင်စင်ထုတ်ပေးခြင်း၊ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း၊ လိုင်စင်ခများ သတ်မှတ်ခြင်း၊

(၂) **စည်ပင်မှ ရရှိမည့် အခွန်အခများ** ပုဂ္ဂလိကပိုင်ဈေးနှစ်စဉ်လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးခ၊

(၃) **ပြစ်မှုပြစ်ဒဏ်များ** ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၃ အရ တရားရုံးမှ ထောင်ဒဏ်တစ်နှစ်အထိနှင့် ငွေဒဏ်အများဆုံး ကျပ် ၄၀၀၀၀၀/- သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ်ခြင်း၊

(၄) ပုဒ်မ ၇၇ အရ စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀/- မှ အများဆုံး ကျပ် ၅၀၀၀၀/- အထိ ချမှတ်ခြင်း လုပ်ဆောင်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

**စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သားသတ်ရုံများ တည်ထောင်ခြင်းကို စည်းမျဉ်းသတ်မှတ်ရန် စည်းကမ်းများ**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (တ)၊ ပုဒ်မ ၄၆၊ ပုဒ်မ ၄၇၊ ပုဒ်မ ၄၈၊ ပုဒ်မ ၄၉(က)(ခ) အရ သားသတ်ရုံများ တည်ထောင်၍ ကြီးကြပ်ခြင်း၊ ကျန်းမာသန့်ရှင်းရေးအတွက် ကြပ်မတ်ခြင်း၊ အသားရောင်းချမှုကို ကြီးကြပ်ခြင်း၊ အသားရောင်းချရန်နှင့် သားသတ်ခေါင်းခွန် ပေးဆောင်ရန်သတ်မှတ်ခြင်း၊

(၂) **စည်ပင်မှ ရရှိမည့် အခွန်အခများ** သားသတ်ခေါင်းခွန်၊ အသားရောင်းခများ ဖြစ်ပါတယ်။

(၃) **ပြစ်မှုပြစ်ဒဏ်များ** ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (က) အရ တရားရုံးမှ ချမှတ်သည့် ထောင်ဒဏ်ခြောက်လမှ အများဆုံး သုံးနှစ်အထိနှင့် ကျပ် ၅၀၀၀၀၀/-ထက်မပိုသော ဒဏ်ငွေ၊ ပုဒ်မ ၈၃ အရ ဝက်၊ သိုး၊ ဆိတ်အတွက် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၄၀၀၀၀၀/-ထက်မပိုသော ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း၊

**စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အသားရောင်းချခြင်းကို စည်းမျဉ်းသတ်မှတ်ရန် စည်းကမ်းများ။**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၄၆၊ ပုဒ်မ ၄၈၊ ပုဒ်မ ၄၉ တို့အရ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ သိုးများ ရောင်းချခြင်းအတွက် ထုတ်လုပ်ရောင်းချခွင့်လက်မှတ်ထုတ်ပေးခြင်း၊ ကြက်၊ ဘဲ၊ ငှက်၊ ငါးများ ရောင်းချခြင်းအတွက် အသားရောင်းလိုင်စင် ထုတ်ပေးခြင်း၊ ကျန်းမာသန့်ရှင်းရေးအတွက် ကြီးကြပ်ခြင်း၊ အသားနှင့် သားငါးရောင်းချမှုအတွက် စည်းကမ်းသတ်မှတ်ခြင်း၊ ကြီးကြပ်စေခြင်း၊

(၂) **စည်ပင်မှ ရရှိမည့် အခွန်အခများ** အသားရောင်းခများနှင့် အသားရောင်းလိုင်စင်ခများ၊

(၃) **ပြစ်မှုပြစ်ဒဏ်များ** ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၂အရ ကျွဲ၊ နွား အသားတို့အတွက် တရားရုံးမှ ချမှတ်သည့် ခြောက်လမှ တစ်နှစ်အထိ ထောင်ဒဏ်နှင့် ကျပ် ၅၀၀၀၀၀/-ထက်မပိုသော ငွေဒဏ်ချမှတ်ခြင်း၊ ပုဒ်မ ၈၃ အရ ဝက်၊ သိုး၊ ဆိတ်အတွက် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်နှင့် ကျပ် ၄၀၀၀၀၀/-ထက်မပိုသော ငွေဒဏ်၊ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ်ခြင်း၊

(၄) ပုဒ်မ ၇၇ အရ စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀၀/- မှ အများဆုံး ကျပ် ၅၀၀၀၀/- အထိချမှတ်ခြင်း လုပ်ဆောင်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

**စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကျွဲ၊ နွား၊ တိရစ္ဆာန်ပွဲဈေးများ ဖွင့်လှစ်တည်ထောင်ခြင်းကို စည်မျဉ်းသတ်မှတ်ရန် စည်းကမ်းများ**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၇၅ ၊ ပုဒ်မခွဲ (ဃ)အရ ကျွဲ၊ နွား ပွဲဈေးများ ဖွင့်လှစ်ခြင်း လိုက်နာဆောင်ရွက်ရန် စည်းကမ်းများ၊ ရောင်းဝယ်သည့်နှုန်းထားသတ်မှတ်မှု၊ အခွန်အခ ကောက်ခံသည့် နည်းလမ်းများသတ်မှတ်ခြင်း၊

(၂) **စည်ပင်မှ ရရှိမည့် အခွန်အခများ** ကျွဲ၊ နွား ပွဲဈေးဝင်ခ၊ အရောင်းအဝယ်မှတ်ပုံတင်ခ၊ သို့မဟုတ် လေလံတင်ရောင်းချခ၊ လေလံကြေးရငွေများ၊

(၃) **ပြစ်မှုပြစ်ဒဏ်များ** ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၃ အရ တရားရုံးမှ ချမှတ်သည့် တစ်နှစ်အထိ ထောင်ဒဏ်နှင့် အများဆုံး ကျပ် ၄၀၀၀၀၀/-ထက်မပိုသော ငွေဒဏ် ချမှတ်ခြင်း၊ သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ချမှတ်ခြင်း၊

(၄) ပုဒ်မ ၇၇ အရ စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀၀/- မှ အများဆုံး ကျပ် ၅၀၀၀၀/- အထိချမှတ်ခြင်း လုပ်ဆောင်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

**စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းများကို ကြီးကြပ်ခြင်း၊ တိရစ္ဆာန်အသေကောင်များကို သုတ်သင်ရှင်းလင်းခြင်းဆိုင်ရာ စည်းကမ်းများ။**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (မ)၊ ပုဒ်မ ၇၄ (က)(ခ)တို့အရ အသားနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ထုတ်လုပ်မွေးမြူခြင်းအတွက် လိုက်နာရန်စည်းကမ်းများ၊ ကျန်းမာသန့်ရှင်းရေးအတွက် စည်းကမ်းများသတ်မှတ်ခြင်း၊ တိရစ္ဆာန်အသေကောင် သုတ်သင်ရှင်းလင်းရာတွင် လိုက်နာဆောင်ရွက်ချက်များ၊ စစ်ဆေးခြင်းများ၊ မွေးမြူရေးအတွက် လိုင်စင်ခများ သတ်မှတ်ခြင်း၊

(၂) **စည်ပင်မှ ရရှိမည့် အခွန်အခများ** မွေးမြူရေးအတွက် တစ်နှစ်လိုင်စင်ခများ၊

(၃) **ပြစ်မှုပြစ်ဒဏ်များ** ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၃ အရ တရားရုံးမှ ချမှတ်သည့် တစ်နှစ်အထိ ထောင်ဒဏ်နှင့် ငွေဒဏ်အများဆုံး ကျပ် ၄၀၀၀၀၀/- သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ်ခြင်း၊

(၄) ပုဒ်မ ၇၇ အရ စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀ဝိ/- မှ အများဆုံး ကျပ် ၅၀၀၀ဝိ/- အထိချမှတ်ခြင်း လုပ်ဆောင်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

**စည်ပင်သာယာရေးနယ်နိမိတ်အတွင်း စားသောက်ဖွယ်ရာများ ပြုလုပ်ခြင်းနှင့် ရောင်းချခြင်း ဆိုင်ရာစည်းကမ်းများ**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဍ)၊ ပုဒ်မ ၇၂ (ဂ)(ဃ)၊ ပုဒ်မ ၇၅၊ ပုဒ်မခွဲ(င)တို့အရ စားသောက်ဖွယ်ရာများ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းများအတွက် အမျိုးအစားအလိုက် စည်းကမ်း သတ်မှတ်ခြင်း၊ ကျန်းမာသန့်ရှင်းရေးကိစ္စလိုက်နာရန်နှင့် စစ်ဆေးရန်ကိစ္စ၊ အမျိုးအစား၊ အတန်းအစား တစ်နှစ်လိုင်စင်ကြေးများသတ်မှတ်ခြင်း၊

(၂) **စည်ပင်မှ ရရှိမည့် အခွန်အခများ** တစ်နှစ်လိုင်စင်ခများ၊

(၃) **ပြစ်မှုပြစ်ဒဏ်များ** ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၃ အရ တရားရုံးမှ ချမှတ်သည့် တစ်နှစ်အထိ ထောင်ဒဏ်နှင့် ငွေဒဏ် အများဆုံး ကျပ် ၄၀၀၀၀ဝိ/- သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ်ခြင်း၊

(၄) ပုဒ်မ ၇၇ အရ စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀ဝိ/- မှ အများဆုံး ကျပ် ၅၀၀၀ဝိ/- အထိချမှတ်ခြင်း လုပ်ဆောင်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

**စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော အများပြည်သူ များအား အန္တရာယ်ဖြစ်စေနိုင်သော အလုပ်အကိုင်နှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းကို ကြီးကြပ်စီမံခန့်ခွဲရန် စည်းကမ်းများ။**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မ (ဃ)၊ ပုဒ်မ ၃၀ (င)၊ ပုဒ်မ ၇၃ (က)၊ (ခ) တို့အရ စည်းကမ်းများတွင် အကျုံးဝင် သောလုပ်ငန်းနှင့် လုပ်ငန်းအမျိုးအစားများသတ်မှတ်ခြင်း၊ လုပ်ငန်းအမျိုး အစားအလိုက် လိုက်နာဆောင်ရွက်ရန် စည်းကမ်းများ သတ်မှတ်ခြင်း၊ ကျန်းမာရေး၊ သန့်ရှင်းရေးကိစ္စအတွက် တစ်နှစ်လိုင်စင်ထုတ်ပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(၂) **စည်ပင်မှ ရရှိမည့် အခွန်အခများ** တစ်နှစ်လိုင်စင်ခများ၊

(၃) **ပြစ်မှုပြစ်ဒဏ်များ** ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၃ အရ တရားရုံးမှ ချမှတ်သည့် တစ်နှစ်အထိ ထောင်ဒဏ်နှင့် ငွေဒဏ် အများဆုံး ကျပ် ၄၀၀၀၀၀/- သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ်ခြင်း၊

(၄) ပုဒ်မ ၇၇ အရ စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀/- မှ အများဆုံး ကျပ် ၅၀၀၀၀/- အထိချမှတ်ခြင်း လုပ်ဆောင်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

**စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဆောက်အအုံတစ်ခုခုဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ဆောက်လုပ်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်းနှင့် မြို့စိမ်းလန်းစိုပြည်သာယာ လှပစေရေးတို့အတွက် စစ်ဆေးတားမြစ်ခြင်း၊ ကြီးကြပ်အုပ်ချုပ်ခြင်းဆိုင်ရာ စည်းကမ်းများ။**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(န)(ပ)(ဖ)၊ ပုဒ်မ ၂၇(က)(င)(စ)၊ ပုဒ်မ ၂၉(င)(စ)၊ ပုဒ်မ ၇၀ (က)(ခ)(ဂ) တို့အရ အဆောက်အအုံအမျိုးအစားများ ခွဲခြားခြင်း၊ လုပ်ငန်းအမျိုးအစားအလိုက် ဆောက်လုပ်ခွင့်တင်ရန် အချက်များ၊ အထပ်မြင့်အဆောက်အအုံ သတ်မှတ်ချက်၊ ခွင့်ပြုမိန့်ထုတ်ပေးရန် စစ်ဆေးခြင်း၊ ဆောက်လုပ်ရာတွင် အမျိုးအစား အလိုက် လိုက်နာဆောင်ရွက်ရန် အချက်များ၊ စိမ်းလန်းစိုပြည်သာယာရေး ဆောင်ရွက်ရန်များ၊ အဆောက်အအုံ စစ်ဆေးကြီးကြပ်ခ ပေးသွင်းရန် ကိစ္စရပ်များ၊

(၂) **စည်ပင်မှ ရရှိမည့် အခွန်အခများ** အဆောက်အအုံဆောက်လုပ်သည့် ကုန်ကျစရိတ်၏ ၁ ရာခိုင်နှုန်းနှင့်ညီမျှသော စစ်ဆေးခ၊ မြို့အဖြစ် သတ်မှတ် ကြေညာထားသော ကျေးလက်အတွက် အဆောက်အအုံဆောက်လုပ်သည့် ကုန်ကျစရိတ်၏ ၀.၀၅ ရာခိုင်နှုန်းနှင့်ညီမျှသော စစ်ဆေးကြီးကြပ်ခ၊

(၃) **ပြစ်မှုပြစ်ဒဏ်များ** အဆောက်အအုံဆောက်လုပ်ခြင်းကိစ္စ ဖောက်ဖျက်မှု အတွက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၃ အရ တရားရုံးမှ ချမှတ်သည့် တစ်နှစ်အထိ ထောင်ဒဏ်နှင့် ငွေဒဏ်အများဆုံး ကျပ် ၄၀၀၀၀၀/- သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ်ခြင်း၊

(၄) ပုဒ်မ ၇၇ အရ စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀/- မှ အများဆုံး ကျပ် ၅၀၀၀၀/- အထိချမှတ်ခြင်း လုပ်ဆောင်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

**စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဆောက်အအုံဖြိုဖျက်ခြင်းနှင့် အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန် မသင့်လျော်သည့် အဆောက်အအုံကို ဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းကိုဖြစ်စေ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း သို့မဟုတ် နေထိုင်သူများကို ဖယ်ရှားစေခြင်းဆိုင်ရာ စည်းကမ်းများ။**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ဃ)အရ အဆောက်အအုံတစ်ခုခုအား ဖြိုဖျက်ဖယ်ရှားလိုပါက ဆောင်ရွက်ရန်ကိစ္စများ၊ အန္တရာယ်ရှိသည့် လူနေထိုင်ရန်မသင့်သည့် အဆောက်အအုံများ ဖြိုဖျက်စေခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကိစ္စရပ်များ၊

(၂) **စည်ပင်မှ ရရှိမည့် အခွန်အခများ** အများပြည်သူအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး အခွန်အခကောက်ခံရရှိမှုမရှိပါ။

(၃) **ပြစ်မှုပြစ်ဒဏ်များ** ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၃ အရ တရားရုံးမှ ချမှတ်သည့် တစ်နှစ်အထိ ထောင်ဒဏ်နှင့် ငွေဒဏ် အများဆုံး ကျပ် ၄၀၀၀၀၀/- သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ်ခြင်း၊

(၄) ပုဒ်မ ၇၇ အရ စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀/- မှ အများဆုံး ကျပ် ၅၀၀၀၀/- အထိချမှတ်ခြင်း လုပ်ဆောင်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

**စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီပိုင် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကိုကြီးကြပ်ခြင်းဆိုင်ရာ စည်းကမ်းများ။**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ)(ဂ)၊ ပုဒ်မ ၃၀(ခ)နှင့် ပုဒ်မ ၇၀ (ဃ)(င)တို့အရ စည်းကမ်းများနှင့်အညီ ရေသုံးစွဲစေရန် ကြီးကြပ်ခြင်း၊ ရေသွယ်တန်းခွင့် စည်းကမ်းများ၊ ရေသွယ်ခ၊ လစဉ်ရေတိုင်ခနှင့် ရေမီတာယူနစ်များသတ်မှတ်ခြင်း၊ စည်းကမ်းထိန်းသိမ်းရေးနှင့် စစ်ဆေးခြင်း၊

(၂) **စည်ပင်မှ ရရှိမည့် အခွန်အခများ** ရေသွယ်တန်းခ၊ လစဉ်ရေတိုင်ခနှင့် ရေမီတာယူနစ်ခများ၊

(၃) **ပြစ်မှုပြစ်ဒဏ်များ** ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၃ အရ တရားရုံးမှ ချမှတ်သည့် တစ်နှစ်အထိ ထောင်ဒဏ်နှင့် ငွေဒဏ် အများဆုံး ကျပ် ၄၀၀၀၀၀/- သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ်ခြင်း၊

(၄) ပုဒ်မ ၇၇ အရ စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀၀/- မှ အများဆုံး ကျပ် ၅၀၀၀၀/- အထိချမှတ်ခြင်း၊ ထို့အပြင် စည်ပင်သာယာရေး ဥပဒေပုဒ်မ ၈၅ အရ သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၂၀၀၀၀၀/- ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း၊

**စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အမှိုက်သရိုက် အညစ်အကြေးများစွန့်ပစ်ခြင်း၊ သိမ်းဆည်းခြင်းတို့နှင့်စပ်လျဉ်း၍ ကြီးကြပ်စီမံခန့်ခွဲခြင်းဆိုင်ရာ စည်းကမ်းများ။**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (င)၊ ပုဒ်မ ၃၀(က)၊ ပုဒ်မ ၆၉ (ဃ) တို့အရ စည်းကမ်းမဲ့ အမှိုက်များစွန့်ပစ်ခြင်းကို တားမြစ်ခြင်း၊ အမှိုက်စွန့်ပစ်ရန် နေရာများနှင့် စွန့်ပစ်ရန် နည်းလမ်းများ သတ်မှတ်ခြင်း၊ မြို့တွင်း အမှိုက်လှည့်လည်သိမ်းဆည်းခြင်း၊ အမှိုက် သိမ်းဆည်းခဖြင့် ပုံမှန်သိမ်းဆည်းပေးခြင်း၊

(၂) **စည်ပင်မှ ရရှိမည့် အခွန်အခများ** အမှိုက်သိမ်းဆည်းခများ၊

(၃) **ပြစ်မှုပြစ်ဒဏ်များ** ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၃ အရ တရားရုံးမှ ချမှတ်သည့် တစ်နှစ်အထိ ထောင်ဒဏ်နှင့် ငွေဒဏ် အများဆုံး ကျပ် ၄၀၀၀၀၀/- သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ်ခြင်း၊

(၄) ပုဒ်မ ၇၇ အရ စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀၀/- မှ အများဆုံး ကျပ် ၅၀၀၀၀/- အထိချမှတ်ခြင်း လုပ်ဆောင်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

**စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ တည်းခိုခန်းများကို ကြီးကြပ်စီမံခန့်ခွဲရန် စည်းကမ်းများ။**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ဂ)(စ)၊ ပုဒ်မ ၇၂ (က)(ခ) တို့အရ တည်းခိုခန်းလိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင် သတ်မှတ်ချက်များ၊ လိုက်နာရန်စည်းကမ်းများ၊ ကျန်းမာသန့်ရှင်းရေးကိစ္စများ၊ စစ်ဆေးရန်ကိစ္စများ၊ လိုင်စင်သတ်မှတ်ခြင်းများ၊

(၂) **စည်ပင်မှ ရရှိမည့် အခွန်အခများ** နှစ်စဉ်တည်းခိုခန်းလိုင်စင်ခများ၊

(၃) **ပြစ်မှုပြစ်ဒဏ်များ** ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၃ အရ တရားရုံးမှ ချမှတ်သည့် တစ်နှစ်အထိ ထောင်ဒဏ်နှင့် ငွေဒဏ် အများဆုံး ကျပ် ၄၀၀၀၀၀/- သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ်ခြင်း၊

(၄) ပုဒ်မ ၇၇ အရ စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀/- မှ အများဆုံး ကျပ် ၅၀၀၀၀/- အထိ ချမှတ်ခြင်း။

**စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အများပြည်သူတို့ ပျော်ရွှင်ရန် သို့မဟုတ် အနားယူရန် အလို့ငှာ ပြုလုပ်ထားသော ပန်းဥယျာဉ်၊ ပန်းခြံနှင့် အပန်းဖြေရိပ်သာများဆိုင်ရာ စည်းကမ်းများ။**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ရ)၊ ပုဒ်မ ၇၀(ခ)(ဆ)တို့အရ ပန်းဥယျာဉ်၊ ပန်းခြံများ၊ အပန်းဖြေ ရိပ်သာနှင့် အပန်းဖြေစခန်းများ ထိန်းသိမ်းခြင်း၊ လိုက်နာရန် စည်းကမ်းများ၊ အပန်းဖြေ နေရာများ တည်ထောင်ခွင့်ပြုခြင်း၊ သာယာလှပရေးဆိုင်ရာကိစ္စများ ထိန်းသိမ်း ရေးတာဝန်များပေးအပ်ခြင်း၊

(၂) **စည်ပင်မှ ရရှိမည့် အခွန်အခများ** ပန်းဥယျာဉ်၊ ပန်းခြံ၊ ဝင်ကြေးများ၊ ပုဂ္ဂလိက အပန်းဖြေရိပ်သာများအတွက် လိုင်စင်ခများ၊ လေလံချထားပါက နှစ်စဉ်လေလံ လိုင်စင်ကြေးများ၊

(၃) **ပြစ်မှုပြစ်ဒဏ်များ** ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၃ အရ တရားရုံးမှ ချမှတ်သည့် တစ်နှစ်အထိ ထောင်ဒဏ်နှင့် ငွေဒဏ် အများဆုံး ကျပ် ၄၀၀၀၀၀/- သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ်ခြင်း၊

(၄) ပုဒ်မ ၇၇ အရ စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀/- မှ အများဆုံး ကျပ် ၅၀၀၀၀/- အထိချမှတ်ခြင်း။

**စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အပေါင်ဆိုင်လုပ်ငန်းနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်း၊ ကြီးကြပ်အုပ်ချုပ်ခြင်းဆိုင်ရာ စည်းကမ်းများ။**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၇၅၊ ပုဒ်မခွဲ (စ)အရ အပေါင်ဆိုင်၏ စည်းကမ်းချက်များ၊ အသုံးပြုရန် စာရွက်စာတမ်းပုံစံ

များ၊ အတိုးသတ်မှတ်ခြင်းနှင့် အပေါင်ဆုံးသတ်မှတ်ချက်များ၊ အပေါင်ပစ္စည်းများအတွက် စည်းကမ်းများ၊

(၂) **စည်ပင်မှ ရရှိမည့် အခွန်အခများ** နှစ်စဉ်လိုင်စင်လေလံကြေးများ၊

(၃) **ပြစ်မှုပြစ်ဒဏ်များ** ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၃ အရ တရားရုံးမှ ချမှတ်သည့် တစ်နှစ်အထိ ထောင်ဒဏ်နှင့် ငွေဒဏ် အများဆုံး ကျပ် ၄၀၀၀၀၀/- သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ်ခြင်း၊

(၄) ပုဒ်မ ၇၇ အရ စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀/- မှ အများဆုံး ကျပ် ၅၀၀၀၀/- အထိချမှတ်ခြင်း။

**စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အငှားဆိုက်ကားယာဉ်နှင့် လက်တွန်းလှည်းယာဉ်များ ပြေးဆွဲအသုံးပြုခြင်းကို ကြီးကြပ်စီမံခန့်ခွဲရန် စည်းကမ်းများ။**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၃၃၊ ၃၄၊ ၃၅ တို့အရ ဆိုက်ကားနှင့် လက်တွန်းလှည်းယာဉ်များ၊ လိုင်စင်ထုတ်ပေးရန် သတ်မှတ်ချက်များ၊ ပိုင်ရှင်နှင့် မောင်းနှင်သူမှ လိုက်နာရန် စည်းကမ်းများ၊ ယာဉ်နှင့် မောင်းနှင်သူလိုင်စင်ခ သတ်မှတ်ချက်များ၊

(၂) **စည်ပင်မှ ရရှိမည့် အခွန်အခများ** ယာဉ်လိုင်စင်ခနှင့် အမောင်းလိုင်စင်ခ ဘီးခွန်များ၊

(၃) **ပြစ်မှုပြစ်ဒဏ်များ** ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၃ အရ တရားရုံးမှ ချမှတ်သည့် တစ်နှစ်အထိ ထောင်ဒဏ်နှင့် ငွေဒဏ် အများဆုံး ကျပ် ၄၀၀၀၀၀/- သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ်ခြင်း၊

(၄) ပုဒ်မ ၇၇ အရ စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀/- မှ အများဆုံး ကျပ် ၅၀၀၀၀/- အထိချမှတ်ခြင်း။

**စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြစ်၊ ချောင်း၊ အင်းအိုင်၊ ကမ်းနားတစ်လျှောက် ဆိပ်ကမ်းများတွင် ရေယာဉ်များဝင်ရောက် ဆိုက်ကပ်ရပ်နားခြင်းအတွက် ကြီးကြပ်ရန်နှင့် အခွန်စည်းကြပ်ကောက်ခံရန်အလို့ငှာ သတ်မှတ်ရန် စည်းကမ်းများ။**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၇၀၊ ပုဒ်မခွဲ(စ)အရ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ရေယာဉ်များ

အပေါ် အခွန်ကောက်ခံခြင်း၊ မြို့ပြင်ပမှ မြို့နယ်နိမိတ်အတွင်း ဝင်ရောက်ဆိုက်ကပ်သည့် ရေယာဉ်များအပေါ် အခကြေးငွေ ကောက်ခံခြင်း၊ ဆောင်ရွက်ရန်စည်းကမ်းများ၊ ဆိပ်ကမ်းများတွင် လိုက်နာရန် စည်းကမ်းများ၊

(၂) **စည်ပင်မှ ရရှိမည့် အခွန်အခများ** ဆိပ်ကမ်းရောက် ရေယာဉ်ခွန်၊ ဆိပ်ကမ်းကပ်ရေယာဉ်ခွန်နှင့် လေလံချထားပါက လေလံလိုင်စင်ကြေးများ၊

(၃) **ပြစ်မှုပြစ်ဒဏ်များ** သက်ဆိုင်ရာ တရားရုံးမှ တစ်လထက်မပိုသော ထောင်ဒဏ်၊ ကျပ် ၂၀၀၀၀ဝိ/- ထက်မပိုသော ငွေဒဏ်တစ်ရပ်ရပ် ချမှတ်ခြင်း။

**စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အငှားမြင်းလှည်းယာဉ်များထားရှိခြင်းနှင့် အငှားလိုက်မြင်းလှည်းယာဉ်များကို ကြီးကြပ်စီမံခန့်ခွဲရန် စည်းကမ်းများ။**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၃၃၊ ၃၄၊ ၃၅ အရ အငှားမြင်းလှည်းယာဉ်နှင့် ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန် စည်းကမ်းများ၊ လိုက်နာရန်စည်းကမ်းများ၊ လိုင်စင်ကြေးသတ်မှတ်ခြင်း၊ အငှားလိုက်ခြင်းအတွက် အခကြေးငွေသတ်မှတ်ခြင်း၊

(၂) **စည်ပင်မှ ရရှိမည့် အခွန်အခများ** အငှားမြင်းလှည်းယာဉ်နှင့် အငှားမြင်းလှည်းယာဉ်မောင်းခများ၊ ဘီးခွန်များ၊

(၃) **ပြစ်မှုပြစ်ဒဏ်များ** ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၃ အရ တရားရုံးမှ ချမှတ်သည့် တစ်နှစ်အထိ ထောင်ဒဏ်နှင့် ငွေဒဏ် အများဆုံး ကျပ် ၄၀၀၀၀ဝိ/- သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ်ခြင်း၊

(၄) ပုဒ်မ ၇၇ အရ စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀ဝိ/- မှ အများဆုံး ကျပ် ၅၀၀၀ဝိ/- အထိချမှတ်ခြင်း။

**စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ခွေးများမွေးမြူခြင်းနှင့်စပ်လျဉ်း၍ ကြီးကြပ်စီမံခန့်ခွဲမှုကိုစည်းမျဉ်းသတ်မှတ်ရန် စည်းကမ်းများ။**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(မ)၊ ပုဒ်မ ၆၉(ခ)၊ ပုဒ်မ ၇၄(က)တို့အရ ခွေးများမွေးမြူထိန်းသိမ်းရန် စည်းကမ်းများ၊ ခွေးလေခွေးလွင့်များ သုတ်သင်ရှင်းလင်းခြင်း၊

(၂) **စည်ပင်မှ ရရှိမည့် အခွန်အခများ** အိမ်မွေးခွေးများမှတ်ပုံတင်ခ၊

(၃) **ပြစ်မှုပြစ်ဒဏ်များ** ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၃ အရ တရားရုံးမှ ချမှတ်သည့် တစ်နှစ်အထိ ထောင်ဒဏ်နှင့် ငွေဒဏ် အများဆုံး ကျပ် ၄၀၀၀၀၀/- သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ်ခြင်း၊

(၄) ပုဒ်မ ၇၇ အရ စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀၀/- မှ အများဆုံး ကျပ် ၅၀၀၀၀၀/- အထိချမှတ်ခြင်း။

**စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကုန်စည်ပစ္စည်း ရောင်းဝယ်ဖလှယ်ခြင်းပြုရာတွင် အသုံးပြုရန် စံပြုသည့် အလေးချိန်ခွင်၊ အခြင်အတွယ် အတိုင်းအတာများနှင့်စပ်လျဉ်းသည့် စည်းကမ်းများ။**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ)အရ အလေးချိန်ခွင်၊ အခြင်အတွယ်နှင့် အတိုင်းအတာတို့အတွက် စံသတ်မှတ်ခြင်း၊ ပိဿာ၊ ပေါင်၊ ကီလိုဂရမ်၊ ကပ်၊ မူး တို့ကိုသော်လည်းကောင်း၊ ပိုင့်၊ ဂါလန်၊ လီတာ၊ ကျပ်၊ ပြည်၊ တင်း တို့ကို လည်းကောင်း၊ တောင်၊ ကိုက်၊ မီတာ၊ ပေ စသည်တို့ကိုလည်းကောင်း၊ ဆက်သွယ်ချက်၊ သတ်မှတ်ချက်များ၊ စံမကိုက်သည်များကို စစ်ဆေးကြီးကြပ်ခြင်း၊

(၂) **စည်ပင်မှ ရရှိမည့် အခွန်အခများ** အများပြည်သူအကျိုးအတွက် ကြီးကြပ် စီမံခြင်း ဖြစ်ပါသည်၊

(၃) **ပြစ်မှုပြစ်ဒဏ်များ** ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၃ အရ တရားရုံးမှ ချမှတ်သည့် တစ်နှစ်အထိ ထောင်ဒဏ်နှင့် ငွေဒဏ် အများဆုံး ကျပ် ၄၀၀၀၀၀/- သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ်ခြင်း၊

(၄) ပုဒ်မ ၇၇ အရ စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀၀/- မှ အများဆုံး ကျပ် ၅၀၀၀၀၀/- အထိချမှတ်ခြင်း။

**စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သုသာန်များသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် သင်္ချိုဟ်စက်များတည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် လူသေအလောင်းများ မြေမြှုပ်ရန် သို့မဟုတ် မီးသင်္ဂြိုဟ်ရန်နှင့်စပ်လျဉ်းသည့် အုပ်ချုပ်မှုဆိုင်ရာ စည်းကမ်းများ။**

(၁) ဥပဒေညွှန်းဆိုချက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၃၁၊ ပုဒ်မခွဲ(က)(ခ)၊ ပုဒ်မ ၇၁ တို့အရ သုသာန်သတ်မှတ်ခြင်း၊ မြေမြှုပ်ခြင်း၊

အုတ်ဂူသွင်းခြင်း၊ မီးသင်္ဂြိုဟ်ခြင်းတို့အတွက် လိုက်နာရန် စည်းကမ်းများ၊ ကြီးကြပ်ခြင်းနှင့် စည်းကမ်းထိန်းသိမ်းခြင်း၊ အခမဲ့သင်္ဂြိုဟ်ခြင်းများ၊

(၂) **စည်ပင်မှ ရရှိမည့် အခွန်အခများ** သုသာန်အသုံးပြုမှု၊ သင်္ဂြိုဟ်ခွင့်လက်မှတ်အတွက် မှတ်ပုံတင်ခ၊

(၃) **ပြစ်မှုပြစ်ဒဏ်များ** ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၃ အရ တရားရုံးမှ ချမှတ်သည့် တစ်နှစ်အထိ ထောင်ဒဏ်နှင့် ငွေဒဏ် အများဆုံး ကျပ် ၄၀၀၀၀၀/- သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ်ခြင်း၊

(၄) ပုဒ်မ ၇၇ အရ စီမံခန့်ခွဲရေး ဒဏ်ကြေးငွေ အနည်းဆုံးကျပ် ၁၀၀၀/- မှ အများဆုံး ကျပ် ၅၀၀၀၀/- အထိချမှတ်ခြင်း။

တို့ ဖြစ်ပါတယ်။ ယခုတင်ပြသော Bye-laws ကို ရှမ်းပြည်နယ်လွှတ်တော်ဥပဒေနှင့်အညီ ယနေ့မှစ ရက်ပေါင်း(၆၀)အတွင်း သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များမှ သုံးသပ်တည်းဖြတ် အကြံပြုပေးကြပါရန်နှင့် လိုအပ်ချက်များကို ဖြည့်စွက်ပေးပါရန်၊ ရက်ပေါင်း (၉၀)ကျော်လွန်၍ သုံးသပ်အကြံပြုချက်များ မရှိပါက ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် အသီးသီးသို့ ဖြန့်ဝေပြီး စည်ပင်သာယာရေးနည်းဥပဒေအဖြစ် ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုနေ့လယ်စာ သုံးဆောင်ရန်အတွက် အစည်းအဝေးကို (၁)နာရီ (၁၅)မိနစ်ခန့် ရပ်နားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နေ့လယ်ပိုင်းအစည်းအဝေးကို နေ့လယ်(၁) နာရီခွဲမှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

**ရှမ်းပြည်နယ်**

**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**

**(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**(တတိယနေ့)မှတ်တမ်း**

**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်**

**၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်**

**[ဗုဒ္ဓဟူးနေ့]**

**နေ့လယ်ပိုင်း**

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် ပြန်လည်စတင်မှာဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပြီ ခင်ဗျား။

အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄- ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်ကဏ္ဍ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာနှင့် ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့အား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။**

ဥက္ကဋ္ဌ။ အစီအစဉ် (၇) ဖြစ်ပါတယ်။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄- ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်ကဏ္ဍလုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာနှင့် ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့အား လွှတ်တော်သို့ ရှင်းလင်းတင်ပြရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပြီး မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေ။ ကောင်းမွန်တဲ့ လိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဦးစွာဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင် ဖြစ်ပါတယ်။

ရှမ်းပြည်နယ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းများကို တင်ပြသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း မီးလင်းပြီး ကျေးရွာများစာရင်းမှာ ကျေးရွာအုပ်စု (၁၅၂၈)၊ ကျေးရွာပေါင်း (၁၂၇၂၆) ရွာ၊ ဓာတ်အားစနစ်မှ ရရှိမှု (၇၂၁)၊ ဌာနပိုင်ဒီဇယ်ဓာတ်အားပေးစက်(၄၄)၊ ကျေးရွာပုဂ္ဂလိက(၆၁)၊ အသေးစားရေအားလျှပ်စစ်(၁၄၅၄)၊ အိမ်နီးချင်းနိုင်ငံမှ ဓာတ်အားရရှိမှု (၂၅၅)၊ ဇီဝဓာတ်ငွေ့(စပါးခွံ)(၂၃)၊ ဆိုလာ(၁၆၉)ဖြစ်ပြီး စုစုပေါင်း မီးလင်းကျေးရွာပေါင်း (၂၇၄၇)၊ မီးလင်းရန် ကျန်ကျေးရွာ(၉၉၇၉) ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ၂၀၁၄-၂၀၁၅ ပြည်ထောင်စုအစိုးရဘတ်ဂျက် ကျေးလက်မီးလင်းရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာများနှင့် ရှမ်းပြည်နယ်အစိုးရဘတ်ဂျက် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လျှပ်စစ်ဓာတ်အားရရှိတဲ့ ကျေးရွာစုစုပေါင်း (၁၈၆)ရွာ ရှိပါတယ်။

၂၀၁၄-၂၀၁၅ ပြည်ထောင်စုအစိုးရဘတ်ဂျက် ကျေးလက်မီးလင်းရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာများမှာ (၂၉)ရွာရှိပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်နှင့် မြို့များတွင် ၂၀၁၄-၂၀၁၅ ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ဆောင်ရွက်ခဲ့တဲ့ တိုးချဲ့ရင်နှီးမြှုပ်နှံမှု စုစုပေါင်းမှာ ၁၁ ကေဗွီလိုင်း (၃၇.၂၇)မိုင်၊ ၄၀၀ ဝပ်လိုင်းအား (၇၈.၂၉)မိုင်၊ ထရန်စဖော်မာ (၇၉)လုံး ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ပြည်နယ်အစိုးရ BE-RE ဘတ်ဂျက်ဖြင့် ဆောင်ရွက်ခဲ့သည့် အစားထိုးရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစုစုပေါင်း ၃၃ ကေဗွီတိုင် (၁၇)လုံး၊ ၁၁ ကေဗွီတိုင်(၃၀)လုံး၊ ၁၁ ကြိုး(၂၀.၃၃)မိုင်၊ ၄၀၀ ဝပ်လိုင်းတိုင်(၅၅၆)လုံး၊ ကြိုး(၃၆.၀၃)မိုင်၊ ထရန်စဖော်မာ(၅)လုံး ဖြစ်ပါတယ်။

ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ ဝန်ထမ်းအင်အားမှာ အရာထမ်းလျာထား (၆၂)ဦး၊ ခွင့်ပြု(၆၂)ဦး၊ ခန့်ထား(၄၂)၊ ခန့်ထားပြီး ရာခိုင်နှုန်း(၆၇.၇၄)၊ အမှုထမ်း လျာထား(၁၄၁)ဦး၊ ခွင့်ပြုဦးရေ(၁၄၁)ဦး၊ ခန့်ထား (၈၉)ဦး၊ ခန့်ထားပြီး ရာခိုင်နှုန်း(၆၃.၁၂)၊ စုစုပေါင်းပျမ်းမျှ (၆၄.၅၃) ရာခိုင်နှုန်း ခန့်ထားပြီး ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် (၁၅.၃.၂၀၁၅)အထိ လုပ်ငန်းသစ်ဆောင်ရွက်မှု အခြေအနေမှာ ရည်မှန်းချက်(၃၀၀)၊ ဆောင်ရွက်ထားရှိမှု (၄၀၈)၊ အောင်မြင်မှု(၁၃၀) ရာခိုင်နှုန်း ဖြစ်ပါတယ်။ မှတ်ပုံတင်ကြေးရငွေမှာ ရည်မှန်းချက်(၆.၄၃၂)၊ ဆောင်ရွက်မှု (၆.၉၅၁)၊ အောင်မြင်မှု(၁.၀၆)ရာခိုင်နှုန်းဖြစ်ပါတယ်။ ပုဂ္ဂလိက စက်မှုလုပ်ငန်း မှတ်ပုံတင်ထားရှိမှုအခြေအနေမှာ အကြီးစားစက်မှု(၁၉၈)၊ လုပ်ငန်းသစ်(၂၃)၊ ပယ်ဖျက်ဦးရေ(၆)ခု၊ လက်ရှိ (၂၁၆)ခု၊ (၅.၉၄) ရာခိုင်နှုန်းဖြစ်ပါတယ်။ အလတ်စား (၄၀၅)၊ လုပ်ငန်းသစ်(၂၅)၊ ပယ်ဖျက်ဦးရေ (၂၈)၊ စုစုပေါင်း(၄၆၂)၊ (၁၂.၇၄)ရာခိုင်နှုန်းဖြစ်ပါတယ်။ အသေးစား (၂၀၁၆)၊ လုပ်ငန်းသစ်(၃၂၀)၊ ပယ်ဖျက်ဦးရေ(၁၇၉)၊ လက်ရှိ (၂၉၄၆)၊ (၈၁.၂၉)ရာခိုင်နှုန်းဖြစ်ပါတယ်။ အကြီး၊ အလတ်၊ အငယ် စုစုပေါင်း(၃၄၁၉)ခု၊ လုပ်ငန်းသစ်(၄၀၈)၊ ပယ်ဖျက်(၂၀၃)၊ လက်ရှိ (၃၆၂၄)ဖြစ်ပါတယ်။

စက်မှုမှတ်ပုံတင်မှုအခြေအနေမှာ ရှိရင်းမြို့နယ်(၅၅)၊ ကွင်းဆင်းပြီးမြို့နယ်(၄၁)၊ ကွင်းဆင်းသည့်အကြိမ် (၃၀၆)၊ မှတ်ပုံတင်ရန် စာရင်းကောက်ယူသည့်အရေအတွက်(၄၀၈)ခု၊ မှတ်ပုံတင်ရန် စစ်ဆေးသည့်အရေအတွက် (၄၀၈)ခု၊ မှတ်ပုံတင်ပြီးအရေအတွက်(၄၀၈)ခု ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အနေဖြင့် စက်မှုဝန်ကြီးဌာနနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)၏ ညွှန်ကြားမှုနှင့်အညီ ပြည်နယ်ပုဂ္ဂလိကစက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် (၂၉.၁၀.၂၀၁၄)ရက်နေ့မှ စတင်၍ (၅.၃.၂၀၁၅)ရက်နေ့အထိ အငယ်စား လုပ်ငန်း(၁၅၅)ခု၊ အလတ်စား(၄၃)ခု၊ စုစုပေါင်း(၁၉၈)ခုအား One Stop Service စနစ်ဖြင့် နေ့ချင်းပြီး ပုဂ္ဂလိက စက်မှုမှတ်ပုံတင်လက်မှတ်များကို ထုတ်ပေးနိုင်ခဲ့ပါတယ်။

ဘွိုင်လာစစ်ဆေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေမှာ ရည်မှန်းချက်(၁၂၀)၊ ဆောင်ရွက်မှု (၁၂၁)၊ အောင်မြင်မှု(၁၀၀.၈၃)ရာခိုင်နှုန်း၊ ဘွိုင်လာစစ်ဆေးခရငွေ ရည်မှန်းချက် (၉.၃၀)သန်း၊ ရရှိမှု (၉.၃၁)သန်း၊ အောင်မြင်မှု(၁၀၀.၁၁)ရာခိုင်နှုန်းဖြစ်ပါတယ်။ ငွေကြေးရရှိမှု အခြေအနေမှာ ပုဂ္ဂလိက စက်မှုလုပ်ငန်းများမှ ရငွေလျာထားချက် (၅၂.၇၀၆) သန်း၊ ရငွေ(၄၇.၄၀၃)၊ ရရှိမှု ရာခိုင်နှုန်း(၈၉.၉၃)ဖြစ်ပါတယ်။ အသုံးစရိတ်သုံးစွဲမှုအခြေအနေမှာ လျာထားချက်(၂၅၀.၇၈၇)၊ သုံးစွဲမှု(၂၁၉.၁၁၇)၊ သုံးစွဲမှုရာခိုင်နှုန်း(၈၇.၃၇)ဖြစ်ပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်သုံးစွဲမှု အခြေအနေမှာ စုစုပေါင်းခွင့်ပြုငွေ (၈၀.၀၂၂)သန်း၊ သုံးစွဲမှု (၄၄.၄၂၆)သန်း၊ သုံးစွဲရန်ကျန်ငွေ (၃၅.၅၉၆)သန်းကျန်ရှိပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရငွေလျာထားချက်မှာ (၂၇.၇၁၃)သန်း၊ သုံးစွဲမှု (၂၅၀.၇၈၇)၊ လိုငွေ (၁၇၃.၀၇၄) ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် (၁၅.၃.၂၀၁၅)

ရက်နေ့အထိ ဆောင်ရွက်ချက်မှာ ရငွေရရှိမှု (၁၄၀.၃၀၂)၊ သုံးငွေ (၂၁၉.၁၁၇)၊ လိုငွေ (၇၈.၈၁၅)သန်း ဖြစ်ပါတယ်။ လုပ်ငန်းများ အောင်မြင်ရေးအတွက် ရှမ်းပြည်နယ်စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ်အတွက် လျာထားသတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များအောင်မြင်စေရန် ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း လူမှုရေးကဏ္ဍဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၈) ဖြစ်ပါတယ်။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း လူမှုရေးကဏ္ဍဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်ရဲ့ ပညာရေး၊ ကျန်းမာရေးဆိုင်ရာအချက်အလက်များနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ လူမှုရေး ကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပံ့ပိုးဆောင်ရွက်မှုများကို တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်တွင် ခရိုင်(၁၃)ခု၊ မြို့နယ် (၅၅)မြို့နယ်၊ ကျေးရွာပေါင်း (၁၀၄၆၉)ရွာ ရှိပါတယ်။ လူဦးရေပေါင်း(၅၈၄၈၄၆၅)ဦး နေထိုင်ကြောင်း တင်ပြအပ်ပါတယ်။ အခြေခံပညာ ကျောင်းများဖွင့်လှစ်ထားရှိမှုအနေဖြင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အထက်တန်းကျောင်း (၂၁၄)ကျောင်း၊ အထက်တန်းကျောင်းခွဲ(၉၉)ကျောင်း၊ အထက်တန်းအဆင့်မြှင့်တင်ကျောင်း (၃၂၆)ကျောင်း အပါအဝင် စုစုပေါင်း (၅၆၀၉)ကျောင်း ဖွင့်လှစ်ထားရှိပါကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၁-၂၀၁၂ ရှမ်းပြည်နယ်အစိုးရ စတင်တာဝန်ယူတဲ့နှစ်မှာ ကျောင်းပေါင်း(၄၇၆၉) ကျောင်းဖြစ်ပြီး၊ ၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်မှာ ကျောင်းပေါင်း(၅၆၀၉)ကျောင်းဖြစ်တဲ့ အတွက် (၈၄၀)ကျောင်း တိုးတက်လာကြောင်း တင်ပြအပ်ပါတယ်။ ကျေးရွာ(၅)ရွာမှာ ကျောင်း(၃)ကျောင်းဖွင့်ရန် ရည်မှန်းထားပြီး လက်ရှိအခြေအနေအရ ကျေးရွာ(၅)ရွာမှာ ကျောင်း(၂)ကျောင်းသာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းအဆင့်တိုး ဖွင့်လှစ်နိုင်မှုအခြေအနေမှာ အခြေခံ ပညာအထက်တန်းကျောင်း (၁၆)ကျောင်း အပါအဝင်၊ စုစုပေါင်းကျောင်းပေါင်း(၅၆၄)ကျောင်း

အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ နှစ်အလိုက် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်မှုအခြေအနေမှာ ၂၀၁၁ - ၂၀၁၂ ပညာသင်နှစ်မှာ (၅၀၁)ကျောင်း၊ ၂၀၁၂ - ၂၀၁၃ ပညာသင်နှစ်မှာ (၅၀၁)ကျောင်း၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ ကျောင်းပေါင်း(၈၃၆)ကျောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ (၅၆၄)ကျောင်း တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဆရာ၊ ဆရာမအင်အားမှာ ခွင့်ပြု(၃၅၅၃၈)ဦး၊ မူလတန်း (နေ့စား)လပေးဝန်ထမ်း (၅၂၉၃)ဦး ခန့်ထားမှုအပါအဝင် စုစုပေါင်း (၃၃၀၁၀)ဦး ခန့်ထားပြီး (၇၈၂၅)ရှိကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှာ(၂၄၅၂၆)ဦး၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ (၂၅၅၄၂)ဦး၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ (၂၇၅၉၆)ဦး၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ (၃၃၀၁၀)ဦးဖြစ်တဲ့အတွက် အခြေခံနှစ်ဖြစ်တဲ့ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်နှင့် ယှဉ်လျှင် (၄)နှစ်တာ ပညာသင်နှစ်အတွင်းမှာ ဆရာ၊ ဆရာမပေါင်း (၈၄၉၄)ဦး ပိုမိုခန့်ထားနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်တစ်ခုလုံး၏ ဆရာနှင့် ကျောင်းသားအချိုးမှာ မူလတန်းအဆင့် ၁ : ၁၉ ၊ အလယ်တန်းအဆင့် ၁ : ၃၄၊ အထက်တန်း အဆင့် ၁ : ၁၇ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ကျောင်းသားအင်အားမှာ ၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်တွင် အထက်တန်းအဆင့် ကျောင်းသားပေါင်း(၆၁၄၃)ဦး၊ အလယ်တန်းအဆင့် ကျောင်းသားပေါင်း (၂၂၁၆၈၁)ဦး၊ မူလတန်းအဆင့် (၅၂၆၂၉၀)ဦး ဖြစ်တဲ့အတွက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ (၈၀၄၁၁၄)ဦး ရှိကြောင်း တင်ပြအပ်ပါတယ်။ အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် အပါအဝင် ပညာသင်ကြားသင်ယူမှုအခွင့်အလမ်း ပိုမိုရရှိအောင် ဆောင်ရွက်ပေးတဲ့အတွက် (၄)နှစ်တာကာလအတွင်း ကျောင်းသားဦးရေပိုမိုတိုးတက်လာကြောင်း တင်ပြထားခြင်းဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှာ (၇၁၂၉၃၃)ဦးဖြစ်ပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ (၈၀၄၀၁၄)ဦးဖြစ်တဲ့အတွက် (၄)နှစ်တာကာလအတွင်း ကျောင်းသားကျောင်းသူ(၉၁၁၂၁)ဦး ပိုမိုကျောင်းတက်ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ အထက်တန်းအဆင့် ကျောင်းသားတစ်ဦးလျှင် (၃၀၀၀၀/-)နှုန်း၊ အလယ်တန်းအဆင့် ကျောင်းသားတစ်ဦးလျှင် (၂၀၀၀၀/-)နှုန်း၊ စုစုပေါင်း ကျောင်းသား(၂၃၉)ဦးကို (၅၆၂)သိန်း ပညာသင်ဆုထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ ပညာသင်ထောက်ပံ့ကြေးအနေဖြင့် မူလတန်းအဆင့် (၅၀၀၀-)နှုန်း၊ အလယ်တန်းအဆင့် (၆၀၀၀/-)နှုန်း၊ အထက်တန်းအဆင့် (၈၀၀၀/-)ဖြင့် ရှမ်းပြည်နယ်တစ်ခုလုံးအတွက် ကျောင်းသူကျောင်းသားပေါင်း (၂၂၉၉)ဦးကို (၁၂၉.၃၅)သိန်း ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေ ကျောင်းပေါင်း(၁၈၇)ကျောင်း အတွက် (၈၁၉၅)သန်း ရရှိခဲ့ပါတယ်။ ပြင်ဆင်ထိန်းသိမ်းစရိတ်မှာ ၀၄၀၂ ခေါင်းစဉ်အောက်မှ ကျောင်းပေါင်း(၇၉)ကျောင်းကို ရန်ပုံငွေ (၃၇၂၀.၆)သန်းရရှိခဲ့ပါတယ်။ ငွေလုံးငွေရင်းရရှိမှု အနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ (၁၂၆)ကျောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ (၁၃၃)ကျောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကျောင်းမှာ (၂၇၁)ကျောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ (၁၈၇)ကျောင်း ရရှိတဲ့အတွက် (၄)နှစ်တာကာလမှာ (၇၀၇)ကျောင်း ရရှိခဲ့ပြီး ငွေလုံးငွေရင်း ရန်ပုံငွေစုစုပေါင်း (၂၄၆၇၂.၈)သန်း ရရှိကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ပညာရေးဝန်ကြီးဌာနက တိုက်ရိုက်ဆောင်ရွက်ခြင်းဖြစ် ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ကျောင်းပေါင်း(၁၃၃)ကျောင်းတွင် ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ ကျောင်းပေါင်း(၆၀)ကို ကော်မတီဖွဲ့ပြီး တင်ဒါရွေးချယ်တည်ဆောက်ခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ငွေလုံးငွေရင်းရန်ပုံငွေ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့တဲ့ ကျောင်း ပေါင်း(၂၆၉)ကျောင်းကို တင်ဒါခေါ်ယူရာတွင် ပြည်နယ်ဝန်ကြီးချုပ်ရဲ့ ကြီးကြပ်လမ်းညွှန်မှုနဲ့ တင်ဒါရွေးချယ်ရာတွင် စာရေးစားပွဲ၊ ကုလားထိုင် ထည့်နိုင်သည့် ကုမ္ပဏီကို ဦးစားပေး ရွေးချယ်ခဲ့ခြင်းကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စာရေးစားပွဲ၊ ကုလားထိုင်(၃)ဦး ထိုင် အစုံ(၁၀၀၀၀)ကျော်ရရှိခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင်လည်း ကျောင်းဆောင် တည်ဆောက်ရာတွင် အမိုးကို အလူဇင့်သွပ်သုံးရန်၊ ထုတ်တန်းကို သံဖရိန်သုံးရန် သတ်မှတ်ခဲ့ ပါတယ်။

ပြင်ဆင်ထိန်းသိမ်းရေးခေါင်းစဉ်အောက်မှ ရန်ပုံငွေရရှိမှုမှာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မှာ(၈၆)ကျောင်း၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ (၁၂၄)ကျောင်း၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မှာ(၂၇၉)ကျောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ (၇၉)ကျောင်း အသစ်တည်ဆောက်ပြုပြင် နိုင်ခဲ့ပြီး (၄)နှစ်တာကာလအတွင်း ကျောင်းပေါင်း(၅၆၈)ကျောင်း ရန်ပုံငွေ(၁၅၈၉၂.၄၃)သန်း ရရှိခဲ့ပါတယ်။

နတလအစီအစဉ်ဖြင့် နီပွန်ဖောင်ဒေးရှင်းအဖွဲ့မှ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် (၂၀) ကျောင်း၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် (၁၂)ကျောင်း၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ (၂၀) ကျောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ (၂၀)ကျောင်းဖြစ်ပြီး စုစုပေါင်း(၇၂)ကျောင်း ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ တစ်မြို့နယ်ကို ဒါဇင်(၃၀၀)နှုန်းဖြင့် တောင်ကြီး ဒေသ(၂၁)မြို့နယ်ကို ဒါဇင်(၆၃၀၀)၊ လားရှိုးဒေသ (၂၃)မြို့နယ်ကို ဒါဇင်(၆၉၀၀)၊ ကျိုင်းတုံ ဒေသ၊ မိုင်းလားမြို့နယ်အပါအဝင် (၁၁)မြို့နယ်ကို (၃၃၀၀)ဒါဇင် စုစုပေါင်း (၁၇၁၆၀)ဒါဇင်

ထောက်ပံ့ပေးနိုင်ခဲ့ပြီး (၃)နှစ်တာကာလအတွင်းမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဗလာစာအုပ်(၂၆၈၈၅)ဒါဇင် ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

စာရေးစားပွဲ၊ ကုလားထိုင်များ ထောက်ပံ့ပေးနိုင်မှုမှာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ခိုလမ် ဆေးရုံဖွင့်ရာတွင် ရရှိတဲ့ ဆယ်တင်သစ်ဖြင့် လှူဒါန်းထားပါတယ်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် သကြံန်မဏ္ဍပ်မှ ရရှိတဲ့ သစ်များဖြင့် လှူဒါန်းထားပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် တင်ဒါခေါ်ယူရာတွင် စာရေးစားပွဲ၊ ကုလားထိုင်များ ထည့်သွင်းတောင်းခံထားတဲ့အတွက် သုံးယောက်ထိုင် (၁၀၈၀၇)စုံ ရရှိခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တင်ဒါမှ ရရှိမှု (၉၈၂၄)စုံ၊ ရှမ်းပြည်နယ်အစိုးရ၏ သစ်ဖြင့် လုပ်သည့် (၉၈၂)စုံ၊ ပညာရေးဝန်ကြီးဌာနမှတစ်ယောက်ထိုင် (၃၀၀၀)စုံ၊ သုံးယောက်ထိုင် (၉၇၈၀)စုံ၊ သတ္တုကုမ္ပဏီတစ်ခုမှ လှူဒါန်းတဲ့ တစ်ယောက်ထိုင် (၈၅၀)စုံ၊ သုံးယောက်ထိုင်(၇၈၀)စုံ ရရှိတဲ့အတွက် (၄)နှစ်တာကာလအတွင်း စာရေးစားပွဲ၊ ကုလားထိုင် စုစုပေါင်း (၃၆၇၄၃)စုံ လှူဒါန်းနိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအနေဖြင့် နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ စာတတ်မြောက်ရေးလုပ်ငန်းဂုဏ်ပြုပွဲ၊ ကျောင်းပြင်ပမူလတန်းပညာရေး၊ ဆေးတက္ကသိုလ်တက်ရောက်နေတဲ့ ကျောင်းသူ/သားများအား ထောက်ပံ့မှု၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ခရီးစဉ် ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းဖြတ်၊ မိုင်းပြင်းမြို့နယ်များအတွက် ကွန်ပျူတာ(၂)စုံစီ၊ တစ်မြို့နယ်လျှင် ငွေပဒေသာပင် (၁၀)သိန်းစီနှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ (၁၉၀၂.၁၁၁၅၅)သိန်း၊ သုံးယောက်ထိုင် စာရေးစားပွဲ၊ ကုလားထိုင် (၁၀၅၆၀)စုံ၊ တစ်ယောက်ထိုင်(၈၅၀)စုံ ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ကျန်းမာရေးကဏ္ဍအနေဖြင့် ရှမ်းပြည်နယ်တွင် ခုတင်(၂၀၀)ဆံ့ ဆေးရုံ(၅)ရုံ အပါအဝင် စုစုပေါင်း(၁၅၃)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန(၁၈၇)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၈၂၄)ခု၊ ဒေသန္တရကျေးလက်ကျန်းမာရေးဌာန(၃)ခု၊ ကျောင်းကျန်းမာရေးဌာန(၆)ခု၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန (၅၂)ခု၊ နယ်စပ်ဒေသဆေးပေးခန်း (၄၄)ခုရှိကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ဆေးရုံ(၁၄၈)ရုံ ရှိရာမှ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် (၁၅၃)ရုံ ဖြစ်သည့်အတွက် (၅)ရုံ တိုးတက်လာပြီး ကွမ်းလုံမှ ကာမိုင်းတိုက်နယ်ဆေးရုံ၊ လားရှိုးမြို့နယ် နောင်မွန်တိုက်နယ်ဆေးရုံ၊ ရပ်စောက်မြို့နယ် ကျောက်ဂူတိုက်နယ်ဆေးရုံ၊ ရွှေညောင်မြို့နယ် မြို့ကြီးတိုက်နယ်ဆေးရုံနှင့် မိုင်းအင်တိုက်နယ် ဆေးရုံများဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ကျန်းမာရေးဌာန (၁၆၉)ခုရှိရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် (၁၈၇)ရုံ ဖြစ်သည့်အတွက် အခြေခံနှစ်နှင့် ယှဉ်လျှင်(၁၈)ခု တိုးတက်

ကြောင်း တင်ပြအပ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲ(၁၀၆)ခု တိုးတက်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲ တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရန် မြို့နယ်အလိုက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများကို လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လမ်းညွှန်မှာကြားပေးရန်၊ လိုအပ်တဲ့ Sanction များရရှိရေးအတွက် တင်ပြကြရန် မေတ္တာရပ်ခံအပ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းအင်အား အခြေအနေမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆရာဝန် (၅၄၄)ဦး၊ သွားဘက်ဆိုင်ရာဆရာဝန်(၃၆)ဦး၊ သူနာပြုဆရာမ (၂၂၀၄၅)ဦး၊ ကျန်းမာရေးမှူး(၂၀၄)ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ(၂၀၃)ဦး၊ သားဖွားဆရာမ(၁၁၉၅)ဦး တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ဆရာဝန်(၅၄၄)ဦးမှာ ရှမ်းပြည်နယ်ဒေသခံ(၄၁၃)ဦးပါရှိပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လာရောက်တာဝန်ထမ်းဆောင်သူ (၁၃၁)ဦး ရှိကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ဆရာဝန်(၄၂၃)ဦးရှိရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် (၅၄၄)ဦး ဖြစ်တဲ့အတွက် (၁၂၇)ဦးတိုးတက်လာကြောင်း တင်ပြအပ်ပါတယ်။ ထို့အပြင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် (၉၄)ဦးကို ခေါ်ယူခန့်ထားပြီး(၂၃.၃.၂၀၁၅)ရက်နေ့တွင် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင် ခန့်အပ်လွှာပေးအပ်ပြီးဖြစ်ပါတယ်။ ထို့ကြောင့် တိုးတက်မှုမှာ(၂၂၁)ဦးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သွားဘက်ဆိုင်ရာ ဆရာဝန်များ၏ နှစ်အလိုက်တာဝန်ထမ်းဆောင်မှုအခြေအနေမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင်(၃၈)ဦး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် (၄၀)ဦး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်(၃၉)ဦး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် (၃၆)ဦး ဖြစ်တဲ့အတွက် အခြေခံနှစ်ထက်(၂)ဦး လျော့သွားကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရ အစီအစဉ်ဖြင့် (၃၇)ဦး ခန့်ထားပြီးဖြစ်တဲ့အတွက် မြို့နယ်အားလုံးတွင် သွားဘက်ဆိုင်ရာ ဆရာဝန်များ တာဝန်ထမ်းဆောင်နိုင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

(၄)နှစ်တာ ကာလအတွင်း သူနာပြု(၇၁၂)ဦး၊ သားဖွားဆရာမ(၂၅၆)ဦး တိုးတက်ခန့်ထားနိုင်ခဲ့ပါတယ်။ ထောင်စုနှစ်ရည်မှန်းချက်ဖြစ်တဲ့ ၁ နှစ်အောက်ကလေးသေနှုန်း လူ(၁၀၀၀)လျှင် (၃)ဦးမှ (၃၂.၇)ဦးသို့ လျှော့ချရန် ရည်မှန်းခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်(၁၂.၉၃) ဖြစ်တဲ့အတွက် ထောင်စုနှစ်ရည်မှန်းချက်ကို ပြည့်မီတဲ့ အနေအထားရှိကြောင်း တင်ပြအပ်ပါတယ်။ ၅ နှစ်အောက် ကလေးသေနှုန်းမှာ (၄၃.၃)ကို Target ထားခဲ့ရာ (၁၅.၈၃) ဖြစ်ပါတယ်။ မွေးမိခင်သေဆုံးမှုအချိုးမှာ အရှင်မွေး(၁၀၀၀၀၀)တွင် (၁၃၀) ရည်မှန်းထားသဖြင့် ရှမ်းပြည်နယ်အနေဖြင့် (၉၂)ဦး ဖြစ်ပါတယ်။ ကျွမ်းကျင်သော ဝန်ထမ်းများနှင့် မွေးဖွား

နှုန်းမှာ ၈၀ ရာခိုင်နှုန်း ရည်မှန်းထားရာ ၆၇.၇၃ ရာခိုင်နှုန်းသာရှိတဲ့အတွက် ဆက်လက်ကြိုးစားဆောင်ရွက်ရမည့် အနေအထားရှိကြောင်း တင်ပြအပ်ပါတယ်။

ဆရာဝန်နှင့် လူဦးရေအချိုး ၁: ၁၇၅၆ ရည်မှန်းထားရာ ရှမ်းပြည်နယ်အနေဖြင့် ၁:၈၀၁၉ ဦး ဖြစ်တဲ့အတွက် ဆရာဝန်များ ထပ်မံခန့်ထားရန် လိုအပ်နေပါကြောင်း တင်ပြအပ်ပါတယ်။ ခုတင်နဲ့ လူဦးရေအချိုးမှာ ၁:၁၄၀၀ ဖြစ်ပြီး ရှမ်းပြည်နယ်အနေဖြင့် ၁:၉၃၈ ဖြစ်တဲ့အတွက် ထောင်စုနှစ်ရည်မှန်းချက်နဲ့ ကိုက်ညီနေပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း လုပ်ငန်း(၆၀)အတွက် ငွေလုံးငွေရင်းရန်ပုံငွေ (၇၃၂၃.၁၆၄)သန်းရရှိကြောင်း တင်ပြအပ်ပါတယ်။ ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေအနေဖြင့် လုပ်ငန်း(၄၈၈)ခုမှာ (၂၇၉၃.၇၄)သန်း ရရှိကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးအပါအဝင် ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများမှာ အခမဲ့ဆေးဝါးဝယ်ယူခွင့်ရရှိရေးအတွက် တောင်ကြီးစဝ်စံထွန်းဆေးရုံတွင် (၃၆၇)သန်း၊ အမျိုးသမီးနှင့် ကလေးဆေးရုံ (၁၅၀)သန်း၊ လွိုင်လင်ဆေးရုံ(၃၉၉.၅၀၅)သန်း၊ လားရှိုးဆေးရုံကြီး (၅၄၈.၅)သန်း၊ ကျိုင်းတုံဆေးရုံ(၃၈၂.၅)သန်း၊ တောင်ကြီးဒေသ ခရိုင်/ မြို့နယ် ဆေးရုံအပါအဝင် ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများအတွက် (၃၃၇၆.၉၅၆)သန်း၊ လားရှိုးဒေသ ခရိုင်/ မြို့နယ်တိုက်နယ်ဆေးရုံအပါအဝင် ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများအတွက် (၂၁၁၅.၄)သန်း၊ ကျိုင်းတုံဒေသ ခရိုင်/ မြို့နယ် တိုက်နယ်ဆေးရုံအပါအဝင် ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများအတွက် (၆၈၄.၆၈၃)သန်း စုစုပေါင်း ရန်ပုံငွေ (၈၀၂၄.၅၄၄)သန်း ရရှိခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ခုတင်(၂၀၀)ဆေးရုံ (၅)ခုအတွက် ဝယ်ယူရေးကော်မတီ သီးသန့်ဖွဲ့ပြီး ကျန်ဒေသ(၃)ခုအတွက် ဝယ်ယူရေးကော်မတီ သီးသန့်ဖွဲ့၍ ဝယ်ယူဆောင်ရွက်ခဲ့ပါတယ်။

(၁၉.၁၂.၂၀၁၄ မှ ၂၁.၁၂.၂၀၁၅) ရက်နေ့အထိ နိုင်ငံတော်ဒုတိယသမ္မတမိသားစု၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် မိသားစု အလှူရှင်များမှ တောင်ကြီးဒေသ စဝ်စံထွန်းဆေးရုံ၊ လွိုင်လင်ဆေးရုံ၊ လဲချားဆေးရုံတို့တွင် မျက်စိ၊ သွားနှင့် ခံတွင်း၊ အထွေထွေရောဂါများ အခမဲ့ ကုသပေးသည့် လူနာ(၅၇၇၂)ဦးဖြစ်ပြီး ၎င်းတို့အနက်မှ (၉)ဦးကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာနအောက်ရှိ မြို့နယ်ဆေးရုံများမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်း (၉၃)ကြိမ်၊ နယ်များသို့ အခမဲ့ကွင်းဆင်း၍ လူနာပေါင်း(၂၄၈၀၁)ဦးကို ကုသပေးနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်ကျန်းမာနှင့် ရာစုသစ်သွေးလှူရှင်အသင်းတို့ နယ်များတွင် (၁၆)ကြိမ် ကွင်းဆင်း၍ အခမဲ့ကျန်းမာရေး

စောင့်ရှောက်မှုပေးခဲ့ရာ လူနာစုစုပေါင်း(၆၄၅၀)ဦးကို အခမဲ့ကုသပေးနိုင်ခဲ့ပြီး (၅၄)ဦးကို အခမဲ့ခွဲစိပ် ကုသပေးနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး နှင့် အလှူရှင်များမှ (၁၅.၃.၂၀၁၅)ရက်နေ့တွင် ပင်းတယမြို့နယ်ဆေးရုံ၌ မျက်စိဝေဒနာရှင် လူနာများကို အခမဲ့ကုသပေးတဲ့ အနေအထား ဖြစ်ပါတယ်။ လူနာဦးရေ (၃၅၈၆)ဦးကို စမ်းသပ် ကုသပေးပြီး (၁၅၂)ဦးကို ခွဲစိပ်ကုသပေးခဲ့ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ မျက်စိဆရာဝန်အသင်း၊ ဂေါ်ရခါးလူမှုရေးအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဓမ္မအဖွဲ့တို့မှ ဦးဆောင်မှုဖြင့် (၁၅.၂.၂၀၁၅ ရက်နေ့မှ ၇.၃.၂၀၁၅) ရက်နေ့အထိ စဝ်စံထွန်းဆေးရုံမှာ မျက်စိ ဝေဒနာရှင် (၂၂၄၀)ဦးကို စမ်းသပ်ကုသပေးပြီး (၄၉၆)ဦးကို အတွင်းတိမ်မျက်စိဝေဒနာများ ခွဲစိပ်ကုသပေးနိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် အတွင်း အခမဲ့ကွင်းဆင်းကုသပေးသည့် လူနာပေါင်း (၃၉၂၄၁)ဦးဖြစ်ပြီး (၇၀၂)ဦး ခွဲစိပ်ကုသ ပေးခဲ့ပါတယ်။

လဲချားမြို့ သံဃာဆောင် အဆောက်အဦဆောက်လုပ်ရန်အတွက် (၂၉၁.၆)သိန်း ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျန်းမာရေးကဏ္ဍအတွက် ရှမ်း ပြည်နယ်အစိုးရအနေဖြင့် (၇၂၃.၄၁၀၆)သိန်း ထောက်ပံ့နိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

အားကစားကဏ္ဍအနေဖြင့် (၆.၆.၂၀၁၄)ရက်နေ့တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘော်လီဘော၊ ဘတ်စကတ်ဘော ပြိုင်ပွဲကျင်းပခဲ့ပါတယ်။ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား လက်ဝှေ့၊ အလေးမ၊ ရိုးရာလက်ဝှေ့နှင့် တိုက်ကွမ်ဒိုကို ရှမ်းပြည်နယ်မှ လက်ရွေးစင်များ သွားရောက်ယှဉ်ပြိုင်ရာတွင် ထောက်ပံ့ပေးခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းတွင် အားကစားကဏ္ဍအနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ (၁၁၁၇.၇၀၅)သိန်း၊ စက်သုံးဆီ (၃၀၀)ဂါလန် ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လူမှုရေးကဏ္ဍအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေ ဖြင့် စုစုပေါင်း(၁၄၉၅.၃၂)သိန်း ထောက်ပံ့နိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ သဘာဝဘေး ကဏ္ဍအတွက် တင်ပြမှုများမှာ မီးဘေးသင့် အိမ်ထောင်စုတစ်စုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် (၅၀၀၀၀)၊ လေဘေးသင့်အိမ်ထောင်စုတစ်စုကို (၃၀၀၀၀)နှုန်းဖြင့် ထောက်ပံ့ခဲ့ ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း (၁၉၅၆.၃၃၄၇၄) ထောက်ပံ့ပေးနိုင် ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

သာသနာရေးကဏ္ဍတွင် တောင်ကြီးမြို့တွင် တည်ဆောက်နေသော ဗုဒ္ဓတက္ကသိုလ်အတွက် ရှမ်းပြည်နယ်အစိုးရမှ သိန်း(၃၁၀၀)လျာထားခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် သာသနာရေးကဏ္ဍအတွက် စုစုပေါင်း(၄၃၁၄.၂၃၇)သိန်း လျာထားခဲ့ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စာပေယဉ်ကျေးမှုကဏ္ဍအတွက် (၉၂၈.၄၈၄)သိန်း ပံ့ပိုးနိုင်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း လူမှုရေးကဏ္ဍအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးမှုများမှာ စုစုပေါင်းကဏ္ဍ(၇)ခုတွင် ရှမ်းပြည်နယ်အစိုးရအနေဖြင့် (၁၂၄၃၆.၉၂၇၈၅)သိန်း ပံ့ပိုးနိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)ကို ရပ်နားပါမယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ မတ်လ ၂၆ ရက် (ကြာသပတေးနေ့) နံနက် (၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်**

**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**

**(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**(စတုတ္ထနေ့)မှတ်တမ်း**

**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်**

**၂၀၁၅ ခုနှစ်၊ မတ်လ ၂၆ ရက်**

**[ကြာသပတေးနေ့]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်ကို နံနက်(၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးစိုင်းသော်ဝင်း၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် လွှတ်တော်ရုံး၊ လွှတ်တော်ရုံးအကြီးအမှူးက ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါ သဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)**

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၂) ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေ (၁၃၉)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၀၉)ဦး တက်ရောက် ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၈.၄၂) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့ အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၃) ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါ တယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၄) ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင် သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးက သော်လည်းကောင်း၊ ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းညွန့်ဝင်း၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ။** အားလုံး မင်္ဂလာပါခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းညွန့်ဝင်းဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ အကြောင်းအမျိုးမျိုးဖြင့် မတက်ရောက်နိုင်သည့် အောက်ပါပြည်နယ်ကိုယ်စားလှယ်စုစုပေါင်း (၄)ဦးသည် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရသည့်အတွက် ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြလာမှုအပေါ် ခွင့်ယူသူအားလုံးရဲ့ ကိုယ်စားအဖြစ် တင်ပြ တောင်းခံအပ်ပါသည်-

(၁) ဗိုလ်မှူးကြီး အောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ခွင့်(၁)ရက်

(၂) ဦးစိုင်းမွန်း၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ခွင့်(၁)ရက်

(၃) ဦးကျော်မြင့်၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ခွင့်(၅)ရက်

(၄) ဦးသောင်းရွှေ၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ခွင့်(၁)ရက်

ဒီကနေ့ (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ခွင့်ထပ်မံ ခွင့်လျှောက်ထားသူ (၄)ဦး ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါသလားခင်ဗျား။ **(သုံးကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၃၉)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦးရှိပြီး စုစုပေါင်းခွင့်ပြုထားသူ (၃၀)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါ့မယ်။ ပြည်နယ်

လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ တက်ရောက်မှုအခြေအနေကို အတည်ပြု ပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်က အတည်ပြုပါသည်။)**

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၆)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင် တာဝန်ရှိ ပုဂ္ဂိုလ်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပထမဦးစွာ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဆန်ကွယ်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆန်ကွယ်၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မိုးမိတ်မြို့နယ် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆန်ကွယ် ဖြစ်ပါတယ်။ ကျွန်တော် မေးခွန်းမေးမြန်းလိုတာကတော့ အာသံရွာနှင့် ရွှေဇာလီရွာတို့အား ရပ်ကွက်အဖြစ် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ခင်ဗျား။ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်နှင့် တစ်ဆက်စပ်တည်းဖြစ်သော အာသံရွာ နှင့် ရွှေဇာလီရွာတို့အား ၂၀၁၈ ခုနှစ်တွင် စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ ပြည်နယ်စည်ပင်သာယာရေးဌာနမှ ညွှန်ကြားသတ်မှတ်ထားပါသည်။

ငင်းကျေးရွာ(၂)ရွာအား အာသံရွာ အိမ်ခြေ(၃၇၄)အိမ်၊ လူဦးရေ (၁၅၅၄)ဦး၊ ရွှေဇာလီရွာ အိမ်ခြေ(၃၁၁)အိမ်၊ လူဦးရေ (၁၄၁၅)ဦး ရှိပြီး နှစ်စဉ်မြို့နယ်စည်ပင်သာယာရေးကော်မတီ အခွန်အခငွေများ ပေးဆောင်နေရပါသည်။ သို့ပါ၍ အမှိုက်သိမ်းယာဉ်၊ လျှပ်စစ်မီးဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါသဖြင့် ဒေသခံကျေးရွာသူ၊ ကျေးရွာသားများ၏ ဆန္ဒများအရ အာသံရွာနှင့် ရွှေဇာလီရွာတို့အား ရပ်ကွက်အဖြစ် တိုးမြှင့်ဆောင်ရွက်ပေးပါရန် တောင်းဆိုတင်ပြလာပါတယ်။

သို့ဖြစ်ပါ၍ မိုးမိတ်မြို့နယ်သည် ခရိုင်မြို့ ဖြစ်လာသည့်အတွက် ယခင်က မြို့ပေါ်ရပ်ကွက် အိမ်ခြေပေါင်း(၂၁၀၀)ကျော်သာရှိပြီး မြို့နယ်တိုးချဲ့ရေးစီမံချက်တစ်ခုအနေနဲ့ ဆောင်ရွက်ပေးသင့်ကြောင်း၊ အာသံရွာ၊ ရွှေဇာလီရွာ၊ တောင့်ကြီးရွာ၊ သဲလီရွာတို့အား မြို့မြေအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးရန် အမှန်တကယ်လိုအပ်နေပါသဖြင့် အာသံရွာ၊ ရွှေဇာလီရွာ၊ တောင့်ကြီးရွာ၊ သဲလီရွာတို့အား ရပ်ကွက်အဖြစ် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ တာဝန်ရှိသူ ပုဂ္ဂိုလ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆန်ကွယ်ရဲ့ မေးခွန်းဖြစ်တဲ့ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်နဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်တဲ့ အာသံရွာနဲ့ ရွှေဇာလီရွာတို့အား ရပ်ကွက်အဖြစ် တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူကိုယ်စား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်နဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်သော အာသံရွာနဲ့ ရွှေဇာလီရွာတို့အား ရပ်ကွက်အဖြစ် တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ကျွန်တော့်အနေနဲ့ ဖြေကြားသွားမှာဖြစ်ပါတယ်။

အပိုဒ်(က)အနေနဲ့ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဥပဒေ ပုဒ်မ ၅၄ မှာ အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၅၄ သက်ဆိုင်ရာ တိုင်းဒေသကြီး ၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်

ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင် နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်ဆိုပြီးတော့ ဖော်ပြထားရှိပါတယ်။

အပိုဒ်(ခ)အနေနဲ့ မိုးမိတ်မြို့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁၉၇၂ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ မြန်မာနိုင်ငံပြန်တမ်းပါအမှတ် (၁၇၉)ဖြင့် လေးရပ်ကွက်နဲ့ ဖွဲ့စည်းထားပါတယ်။

အပိုဒ်(ဂ) မိုးမိတ်မြို့နယ်နဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်တဲ့ အာသံရွာနဲ့ ရွှေဇာလီရွာ တို့အား ရပ်ကွက်အဖြစ် အဆင့်တိုးမြှင့်ဖွဲ့စည်းလိုပါက ဒေသခံများ၏ သဘောထားကို ရယူရန် လိုအပ်မှာဖြစ်ပါတယ်။ ဒေသခံများရဲ့ သဘောထားနှင့်အညီ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီနှင့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များပါဝင်ပြီး ညှိနှိုင်းအစည်းအဝေး ပြုလုပ်ပြီးသည့်အခါ အစည်းအဝေးဆုံးဖြတ်ချက်အရ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနမှ ရပ်ကွက်တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရေးအမှုတွဲကို လုပ်ထုံးလုပ်နည်း ညွှန်ကြားချက် နှင့်အညီဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အပိုဒ်(ဃ) မြို့နယ်၊ ခရိုင် ၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအဆင့်ဆင့်မှ အမှုတွဲအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ စိစစ်ပြည့်စုံပါက ရှမ်းပြည်နယ်အစိုးရ အဖွဲ့သို့ ရပ်ကွက်တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရေးအတွက် အမှုတွဲနှင့်အတူ အဆိုပြု တင်ပြရမှာ ဖြစ်ပါတယ်။

အပိုဒ်(င)အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ နိုင်ငံတော်သမ္မတထံ တင်ပြပြီး နိုင်ငံတော် သမ္မတမှ လိုအပ်သလို ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မိုးမိတ်မြို့နှင့် တစ်ဆက် တစ်စပ်တည်းဖြစ်တဲ့ အာသံရွာနှင့် ရွှေဇာလီရွာတို့အား ရပ်ကွက်အဖြစ် အဆင့်တိုးမြှင့် ဖွဲ့စည်း ရေးနှင့်စပ်လျဉ်း၍ အထက်ပါအချက်အလက်များနှင့်အညီ အမှုတွဲ တည်ဆောက်တင်ပြနိုင်ရေး လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များအတိုင်း စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်မှ မေးခွန်းနှစ်ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါးအားလုံး ကျန်းမာရွှင်လန်းကြပါစေ။ ကျွန်တော် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)အနေနှင့် ပထမမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ အဲဒီမေးခွန်းကတော့ လင်းခေးခရိုင်အတွင်းရှိ စိုက်ပျိုးသူ တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးနိုင်ရေးအတွက် လင်းခေးခရိုင်၊ လင်းခေးမြို့နယ်မှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဖွင့်လှစ်ပေးပါရန် တင်ပြခြင်းနှင့် ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။

တောင်သူလယ်သမားများ ဘဝကို မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးနှင့် တောင်သူဦးကြီးများ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးဖို့အတွက် ပြည်ထောင်စုလွှတ်တော်ကနေ လယ်ယာမြေဥပဒေကို ပြဋ္ဌာန်းထားခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့လည်း လယ်ယာမြေနည်းဥပဒေများကို ၂၀၁၂ ခုနှစ်မှာ ထုတ်ပြန်ထားရှိပြီးဖြစ်ပါတယ်။ ပေါ်ထွက်လာတဲ့ ဥပဒေ၊ နည်းဥပဒေများအရ တောင်သူလယ်သမား အိမ်ထောင်စုများဟာ မိမိတို့လုပ်ကိုင်စားသောက်ရတဲ့ လယ်မြေအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားရယူနိုင်ပြီ ဖြစ်ပါတယ်။ လျှောက်ထားရရှိတဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းစသဖြင့် လွှဲပြောင်း ဆောင်ရွက်နိုင်သလို အမွေဆက်ခံခွင့်သော်လည်းကောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ငှားရမ်းခြင်း၊ ပေါင်နှံခြင်းသော်လည်းကောင်း ဆောင်ရွက်ခွင့် အခွင့်အရေးများကိုလည်း ရရှိခံစားနေပြီ ဖြစ်ပါတယ်။ ဒီကနေ့ လက်ရှိ မြို့နယ်၊ ကျေးလက်တွေမှာရှိတဲ့ တောင်သူလယ်သမားများရဲ့ ဆန္ဒနဲ့အညီ တင်ပြလိုတာကတော့ လယ်ယာမြေနည်းဥပဒေ ၄၈ အရ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် ယင်းလယ်ယာမြေပေါ် စိုက်ပျိုးထုတ်လုပ်နိုင်ရန် အရင်းအနှီးရရှိရေးအတွက် ပေါင်နှံနိုင်ပြီး ပုဒ်မ (ခ)အရ အစိုးရဘဏ် သို့မဟုတ် ဤကိစ္စတစ်ခုခုအလို့ငှာ သတ်မှတ်ထားသော ဘဏ်တစ်ခုခု၌သာ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်မူရင်းကို ပေးအပ်ပေါင်နှံရမည်လို့ ပြဋ္ဌာန်းထားပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီနေရာမှာ ကျွန်တော်တင်ပြလိုတာကတော့ လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်ထားရရှိပြီးတဲ့ တောင်သူလယ်သမားများဟာ လုပ်ပိုင်ခွင့်လက်မှတ်ကို အပေါင်ထားပြီး စိုက်ပျိုးစရိတ်ချေးငွေကို အစိုးရဘဏ်တွေမှာ သွားရောက်ချေးယူနိုင်ကြပြီဟု ရိုးသားစွာနားလည်တဲ့အတွက် တစ်ချို့သော စိုက်ပျိုးတောင်သူအချို့ဟာ မြန်မာ့စီးပွားရေးဘဏ်များသို့ သွားရောက်မေးမြန်းစုံစမ်းကြတယ်လို့လည်း ကြားသိရပါတယ်။ အခြားသော

စီးပွားရေးလုပ်ငန်းဆောင်ရွက်ဖို့အတွက် အိမ်ဂရန်များအပေါင်ထားပြီး မြန်မာ့စီးပွားရေးဘဏ်မှာ ချေးငွေရယူနေသလိုမျိုး ဆောင်ရွက်လိုတာဖြစ်ကြောင်းကိုလည်း သိရှိရပါတယ်။ သို့ပါသော်လည်း မြန်မာ့စီးပွားရေးဘဏ်များမှာ စိုက်ပျိုးစရိတ်ချေးငွေအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်အပေါင်ကိုထားချေးယူနိုင်တဲ့ ညွှန်ကြားချက် လုပ်ထုံးလုပ်နည်းများ မရှိသေးတာကြောင့် ချေးယူရရှိနိုင်ခြင်း မရှိသေးပါကြောင်းကိုလည်း ကြားသိရပါတယ်။ လယ်ယာမြေနည်းဥပဒေအရ ဒုတိယအချက်အနေနဲ့ တင်ပြလိုတာကတော့ ကိစ္စအလို့ငှာ အစိုးရက သတ်မှတ်ထားသောဘဏ်ဟုဆိုရာမှာ ကျွန်တော့်အနေနဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ စိုက်ဘဏ်လို့ ယူဆပါတယ်။

ဒီနေရာမှာလည်း လယ်ယာဖွံ့ဖြိုးရေးဘဏ်များဟာ မြို့နယ်တိုင်းမှာ မရှိသလို ခရိုင်တိုင်းမှာလည်း ဖွင့်လှစ်သေးခြင်း မရှိသေးကြောင်း၊ ဥပမာအားဖြင့် လှိုင်လင်ခရိုင်နှင့် လှိုင်လင်မြို့နယ်မှာ စိုက်ဘဏ်ခွဲတွေရှိပေမဲ့ လင်းခေးခရိုင်မှာ မရှိတဲ့အတွက် လင်းခေးခရိုင်ထဲမှာရှိတဲ့ မြို့နယ်များ အချို့ဟာ လှိုင်လင်မြို့ စိုက်ဘဏ်ခွဲကို ချေးငွေကိစ္စ လာရောက်ဆောင်ရွက်နေရတဲ့ အနေအထား ဖြစ်နေပါတယ်။ လင်းခေးမြို့နယ်မှာရှိတဲ့ တောင်သူများအတွက် စိုက်ချေးငွေတွေကို ထောက်ခံတင်ပြလိုကြပေမဲ့ လင်းခေးခရိုင်အတွက် ဖွံ့ဖြိုးရေးဘဏ်ရဲ့ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများမရရှိတဲ့အတွက် ထောက်ခံတင်ပြရမဲ့ မြို့နယ်အုပ်ချုပ်ရေး အဖွဲ့အစည်းအတွက်လည်း အခက်အခဲရှိနေပါတယ်။ နောက်ပြီးတော့ စိုက်ပျိုးစရိတ်ချေးငွေနဲ့ပတ်သက်ပြီး အဓိကအားဖြင့် စပါးနှင့် ကျန်သီးနှံအတွက် ချေးငွေများကို ရယူဆောင်ရွက်ကြတဲ့ တောင်သူတွေများပြားပါတယ်။ စပါးနှင့် ကျန်သီးနှံအတွက် သက်ဆိုင်ရာ မြို့နယ်ဌာနအသီးသီးရဲ့ ထောက်ခံချက်နှင့်အတူ တောင်ကြီးပြည်နယ်ရုံးမှာသာရှိတဲ့ နှစ်ရှည်သီးနှံဌာနရဲ့ ထောက်ခံချက်နှင့်တကွ တင်ပြရတယ် လို့လည်းသိရှိရပါတယ်။

ဒါကြောင့် တကယ်လိုအပ်နေတဲ့ တောင်သူများအတွက် ထောက်ခံချက်ကို တောင်ကြီးမြို့အထိ လာရောက်တင်ပြတဲ့ အနေအထားရှိလို့ အခက်အခဲ ဖြစ်နေတာကိုလည်း ကြားသိရပါတယ်။ ဒါကြောင့် စိုက်ပျိုးစရိတ် ချေးငွေနှင့်ပတ်သက်ပြီး အောက်ပါအတိုင်း မေးမြန်း တင်ပြအပ်ပါတယ်-

(၁) လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရ တောင်သူဦးကြီးများ စိုက်ပျိုးစရိတ်ချေးငွေရရှိနိုင်ရန် ပြဋ္ဌာန်းရေးဆွဲထားပြီးဖြစ်သော်လည်း ၎င်းနည်းဥပဒေများအတိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ညွှန်ကြားချက်များ၊ အမိန့်များ၊ လုပ်ထုံးလုပ်နည်းများကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရတဲ့ ဌာနများသို့ ရောက်ရှိမှုမရှိသေးဟု သုံးသပ်ရမဲ့ အနေအထား

ဖြစ်ကြောင်း ယူဆမိတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိထားတဲ့ တောင်သူဦးကြီးများအတွက် သက်ဆိုင်ရာ မြန်မာ့စီးပွား ရေးဘဏ်များမှာ ချေးယူခွင့်ရရှိရေးအတွက် လိုအပ်သည့် ညွှန်ကြားချက်များကို ပြည်ထောင်စုအစိုးရဝန်ကြီးဌာနသို့ တင်ပြပေးမည့်အစီအစဉ် ရှိ/မရှိကိုလည်း ကောင်း၊

(၂) လင်းခေးခရိုင်မှာ စိုက်ပျိုးသူ တောင်သူဦးရေများပြားသည့်အတွက် လွယ်ကူစွာ စိုက်ပျိုးစရိတ်ချေးငွေရရှိရေးအတွက် လင်းခေးခရိုင်၊ မြို့နယ်မှာ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲများ ဖွင့်လှစ်ပေးရေးကို ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများသို့ တင်ပြဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ ကိုလည်းကောင်း၊

(၃) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအား လာရောက်ဖွင့်လှစ်ပေးခြင်း မပြုနိုင်သေး သည့်ကာလတွင် လင်းခေးမြို့နယ်၊ ခရိုင်များရှိ တောင်သူများ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့တွင် အဆင်ပြေချောမွေ့စွာ လာရောက်ချေးငွေထုတ်ယူရရှိရေး အတွက် လိုအပ်သည့် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လင်းခေးခရိုင်သို့ ထုတ်ပြန်ဆောင်ရွက်ပေးပါရန်နှင့် ထောက်ခံချက်များရယူရာတွင် ပြည်နယ် အထိ လာရောက်တောင်းခံရသည့် အချက်အလက်များကို ဖြေလျော့ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုသည့်အတွက် ပထမမေးခွန်းကို မေးမြန်းတင်ပြလိုက်ပါတယ် ခင်ဗျား။

ဆက်လက်ပြီး ဒုတိယမေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ မေးခွန်းကတော့ လင်းခေးမြို့နယ်၊ မအွန်လောင်းကျေးရွာအုပ်စု၊ နမ့်တိန်ချောင်းအရှေ့ဘက်ကမ်းတွင်ရှိသော ဒေသဆည်အား ပြန်လည်ဖော်ထုတ်ပြုပြင်ဆောင်ရွက်ပေးရန်ကိစ္စနှင့်ပတ်သက်တဲ့ မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ လင်းခေးမြို့နယ်ဟာ လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်နေသူများ နေထိုင်တဲ့မြို့ ဖြစ်ပါတယ်။ လင်းခေးမြို့အနီး နမ့်တိန်ချောင်း ဟာ ဖြတ်သန်းစီးဆင်းလျက်ရှိပြီး ယခင်ကာလများမှာ နမ့်တိန်ချောင်းအရှေ့ဘက်ကမ်းနဲ့ အနောက်ဘက်ကမ်းများမှာ စိုက်ပျိုးမြေ ဧကများစွာနဲ့ အသက်မွေးဝမ်းကျောင်း ပြုကြရ ပါတယ်။ ၁၉၉၀ ဝန်းကျင်ကာလများမှာ နယ်မြေဒေသအခြေအနေကြောင့် လည်းကောင်း၊ ချောင်းအရှေ့ဘက်ခြမ်းရှိ နယ်မြေဒေသများကို ချောင်းအနောက်ဘက်ခြမ်းသို့ ပြောင်းရွှေ့ခြင်း၊ အရှေ့ဘက်ကမ်းရှိ လယ်ယာလုပ်ငန်းခွင်များသို့ သွားရောက်လုပ်ကိုင်ရန် အခက်အခဲရှိခြင်း တို့ကြောင့် အရှေ့ဘက်ခြမ်းရှိ လယ်ယာမြေများကို လယ်မြေ သို့မဟုတ် မြေရိုင်းများအဖြစ်သို့

တစ်စစ ကူးပြောင်းလာရတာဖြစ်ပါတယ်။ ယခုအခါ နယ်မြေများ ပြန်လည်အေးချမ်းသာယာလာသောကြောင့် ချောင်းအရှေ့ဘက်ကမ်းရှိ ယခင်က မိမိတို့ စားသောက်လုပ်ကိုင်လာခဲ့တဲ့ မိမိတို့မြေများပေါ်မှာ ပြန်လည်သွားရောက် စိုက်ပျိုးရေး ဆောင်ရွက်နိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ လင်းခေးမြို့နယ်၊ မအွန်လောင်းကျေးရွာအုပ်စု၊ မအွန်လောင်းကျေးရွာရဲ့ အရှေ့ဘက်တည့်တည့်မှာ ယခင်က လယ်ကေများစွာ ရေပေးဝေနိုင်ခဲ့တဲ့ ဒေသဆည်တစ်ခု ရှိခဲ့ပါတယ်။ သစ်ရိုက်ကျောက်ဖြည့်ဆည် အမျိုးအစားလို့ သိရှိရပြီးတော့ တောင်သူတွေများရဲ့ နှစ်စဉ်ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း၊ နိုင်ငံတော်ရဲ့ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနှင့် ထောက်ပံ့ခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြပုံ သိရှိရပါသည်။ ၎င်းဆည်ကို အမှီပြုပြီး စိုက်ပျိုးရေးလုပ်ကိုင် စားသောက်တဲ့တောင်သူဦးရေဟာ(၁၈၀)(၂၀၀)နီးပါးရှိတယ်။ ဒေသခံတို့ရဲ့ တင်ပြချက်အရသိရှိရပါတယ်။

လက်ရှိဆည်ဟာ ပြုပြင်ထိန်းသိမ်းမှုမရှိတဲ့ နှစ်ပေါင်းများစွာရှိလာတဲ့အတွက် လုံးဝပျက်စီးသွားပြီး လယ်ယာစိုက်ပျိုးရေးအတွက် အသုံးပြုနိုင်မှုမရှိတော့တာရယ် နေရာများမှာစိုက်ပျိုးရေးလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်နိုင်ဖို့အတွက် ဆည်တမံတစ်ခု တည်ဆောက်ပေးစေလိုကြောင်း၊ ဒေသခံများက လိုက်လံပြသ တောင်းဆိုခဲ့တဲ့ ကိစ္စလည်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၎င်းဆည်အားနှစ်စဉ် ပြုပြင်ထိန်းသိမ်းရတဲ့ သစ်ရိုက်ကျောက်ဖြည့်ဆည်မျိုးမဟုတ်ဘဲ လင်းခေးမြို့နယ်၊ နမ့်ဆိုင်းကျေးရွာရှိ ကွန်ကရစ်ဆည်မျိုးကဲ့သို့ တည်ဆောက်ပေးပါက လင်းခေးမြို့နယ်အတွက် စိုက်ကေများစွာ ပြန်လည်ပေါ်ထွန်းလာပြီး နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုးများကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ပလပ်မြေအဖြစ်တည်ရှိနေတဲ့အတွက် အကျိုးပြုကေကို သိရှိရန် ခက်ခဲပေမဲ့ တောင်သူဦးရေများရဲ့ အရေအတွက် ရရန် ကေ ၄၀၀ ကျော်ရှိမယ်လို့ ခန့်မှန်းနိုင်ပါတယ်။ ဒါကြောင့် ကုန်ကျစရိတ်နည်းပါးစွာနဲ့ အကျိုးဖြစ်ထွန်းမှုများပြားစွာကို ရရှိနိုင်မဲ့ မအွန်လောင်းကျေးရွာ၊ နမ့်တိန်ချောင်း အရှေ့ဘက်ကမ်းရှိ ဒေသဆည်အားပြန်လည်ဖော်ထုတ်လျက် ရေရှည်တည်တံ့ခိုင်ခံ့မဲ့ ကွန်ကရစ်ဆည်တစ်ခုတည်ဆောက်ပေးရေးကို ဆည်မြောင်းဦးစီးဌာနရန်ပုံငွေအဖြစ်နဲ့သော်လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေအဖြစ်နဲ့သော်လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့သီးခြားရန်ပုံ ငွေအဖြစ်သော်လည်းကောင်း၊ ဒေသလူထုများရဲ့ အကျိုးနဲ့ တောင်သူလယ်သမားများရဲ့ ဘဝ မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ဆောင်ရွက်ပေးမည့် အစီအစဉ်အား ပြန်ကြားပေးပါရန်နှင့် လေးစားစွာ တင်ပြမေးမြန်းလိုက်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိ ပုဂ္ဂိုလ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ ဖြစ်ပါတယ်။ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလွင် မေးမြန်းထားတဲ့ လင်းခေးခရိုင်အတွင်းရှိ စိုက်ပျိုးတောင်သူ လယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးနိုင်ရေးအတွက် လင်းခေးခရိုင်၊ လင်းခေးမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဖွင့်လှစ်ပေးပါရန်နှင့်ပတ်သက်တဲ့ မေးခွန်းသုံးခုကို အရင်ဆုံး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိထားသူသည် စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ကို ပေါင်နှံခြင်းနှင့်ပတ်သက်၍ လယ်ယာမြေနည်းဥပဒေ၊ အခန်း(၅)၊ လယ်ယာမြေလုပ်ပိုင်ခွင့် ငှားရမ်းခြင်းနှင့် ပေါင်နှံခြင်းနည်းဥပဒေ ၄၈ တွင် အောက်ဖော်ပြပါအတိုင်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါသည်-

(က) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် ယင်း၏ လယ်ယာမြေပေါ်တွင် စိုက်ပျိုး ထုတ်လုပ်ရန်၊ အရင်းအနှီး ရရှိရေးအတွက်သာ ပေါင်နှံရမည်။

(ခ) အစိုးရဘဏ် သို့မဟုတ် ကိစ္စအလို့ငှာ အစိုးရက သတ်မှတ်ထားသောဘဏ် တစ်ခုခု၌သာ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ရရှိသူက လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် မူရင်းကို ပေးအပ်ပေါင်နှံရမည်။

(ဂ) ပေါင်နှံသူနှင့် ပေါင်နှံခြင်းကို လက်ခံသည့်ဘဏ်မှ တာဝန်ရှိသူတို့သည် လယ်ယာမြေတည်ရှိသော သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ရှေ့မှောက် တံဆိပ်ခေါင်းခွန်ထမ်းဆောင်၍ လယ်ယာမြေလုပ်ပိုင်ခွင့် ပေါင်နှံသည့် စာချုပ်ကိုချုပ်ဆိုရမည်။

(ဃ) နည်းဥပဒေခွဲ(ဂ)အရ ချုပ်ဆိုသောစာချုပ်၌ ရွေးနုတ်ရမည့်ကာလကို သတ်မှတ် ဖော်ပြရမည်။

(င) နည်းဥပဒေခွဲ(ဂ)အရ ချုပ်ဆိုသော စာချုပ်ကို စာချုပ်ချုပ်ဆိုသည့်နေ့မှ ရက်ပေါင်း(၁၂၀)အတွင်း သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရ မည်။

( စ ) ပေါင်နှံသူသည် ပေါင်နှံသည့် ကာလအတွင်း လယ်ယာမြေတွင် ဆက်လက်၍ စိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသည်။

လိုအပ်နေသည့် ညွှန်ကြားချက်များ၊ အမိန့်များ၊ လုပ်ထုံးလုပ်နည်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ထုတ်ပြန်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါသည်။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ လင်းခေးခရိုင်တွင်လည်း စိုက်ပျိုးသူ တောင်သူဦးရေမှာ များပြားသည့်အတွက် လွယ်ကူစွာစိုက်ပျိုးစရိတ်ချေးယူရရှိရေးအတွက် လင်းခေးမြို့နယ်၊ လင်းခေးခရိုင်တို့တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများ ဖွင့်လှစ်ဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်လို့ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဖွင့်လှစ်ခြင်းမရှိသေးသော်လည်း လွိုင်လင်ဘဏ်ခွဲမှ သွားရောက်ထုတ်ချေးပေးလျက်ရှိပါသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသရှိ ချေးငွေရရှိခြင်း မရှိသေးသောတောင်သူများ ချေးငွေရရှိရေးအတွက် ကျိုင်းတုံမြို့တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိနေသဖြင့် လင်းခေးခရိုင်၊ လင်းခေးမြို့နယ်တွင် ဘဏ်ခွဲဖွင့်လှစ်နိုင်ရေးအတွက် လောလောဆယ် တင်ပြဆောင်ရွက်ပေးမည့် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မေးခွန်း(၃)ဖြစ်တဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများအား လာရောက်ဖွင့်လှစ်ပေးခြင်း မပြုနိုင်သေးသည့် ကာလတွင် လင်းခေးခရိုင်၊ မြို့နယ်များရှိ တောင်သူများ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့တွင် အဆင်ပြေချောမွေ့စွာလာရောက် ချေးငွေထုတ်ယူရရှိရေးအတွက် လိုအပ်သည့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို လင်းခေးခရိုင်သို့ ထုတ်ပြန်ပေးနိုင်ပါရန်နှင့် ထောက်ခံချက်များရယူရာတွင် ပြည်နယ်အထိ လာရောက်တောင်းခံရသည့်အချက်များကို ဖြေလျှော့ပေးနိုင်ခြင်း ရှိ/မရှိနှင့်ပတ်သက်လို့ ဘဏ်ခွဲဖွင့်လှစ်နိုင်ခြင်းမရှိသေးသည့် ကာလတွင် အနီးဆုံးဘဏ်ခွဲဖွင့်လှစ်ထားသည့် လွိုင်လင်မြို့နယ်ဘဏ်ခွဲမှ လင်းခေးခရိုင်အတွင်းရှိ မိုးနဲမြို့နယ်၊ မောက်မယ်မြို့နယ်တို့ရှိ တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေများ သွားရောက်ထုတ်ချေးခြင်း၊ ပြန်လည်ကောက်ခံခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ လွိုင်လင်ဘဏ်ခွဲအနေနှင့်လွိုင်လင်ခရိုင်အတွင်းရှိ လွိုင်လင်၊ နမ့်စန်၊ ကွန်ဟိန်း၊ မိုင်းကိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ မိုးနဲ၊ မောက်မယ်မြို့နယ်များသို့ ဘဏ်ခွဲဝန်ထမ်းအင်အား(၇)ဦးဖြင့် လုပ်ငန်းများ အဆင်ပြေစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် သက်ဆိုင်ရာမြို့နယ်ရှိ ကျေးရွာနှင့် မြို့နယ်အဆင့်ချေးငွေ စိစစ်ရေးအဖွဲ့များ၏ ထောက်ခံချက်ရရှိပါက ထုတ်ချေးပေးလက်ရှိပါသည်။ ပြည်နယ်အဆင့်ထိ လာရောက်၍ ထောက်ခံချက် တောင်းခံရန် မလိုပါ။ ကြံသီးနှံစိုက်ပျိုးစရိတ်ချေးငွေအတွက် ထောက်ခံချက်ပေးမည့် သက်ဆိုင်ရာဌာန၊ ၎င်းမြို့နယ်တွင် မရှိ၍ တောင်ကြီးခရိုင်သို့ လာရောက်ရယူနေရခြင်းဖြစ်ပါသည်။ လာမည့်နှစ်များတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနတို့ ပူးပေါင်းသွားပါက မြို့နယ်အဆင့်၌ပင် ပြီးစီးစွာ ဆောင်ရွက်နိုင်တော့မည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်လက်ပြီး လင်းခေးမြို့နယ်၊ မအွန်လောင်းကျေးရွာအုပ်စု၊ နမ့်တိန်ချောင်းအရှေ့ဘက်ကမ်းတွင်ရှိသော ဒေသဆည်အား ပြန်လည်ဖော်ထုတ်လျက် ရေရှည်ခိုင်ခံ့မည့် ကွန်ကရစ်ဆည်တစ်ခု ပြန်လည်တည်ဆောက်ပေးရေးကို ဆည်မြောင်းဦးစီးဌာနရန်ပုံငွေဖြင့် လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် လည်းကောင်း၊ ဒေသခံလူထုများ၏ အကျိုး၊ တောင်သူလယ်သမားများ၏ ဘဝမြှင့်တင်ရေးဆိုင်ရာလုပ်ငန်းစဉ်တစ်ခုအဖြစ် ဆောင်ရွက်ပေးပါရန်နှင့် စီစဉ်ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်နှင့်ပတ်သက်၍ လုပ်ငန်းသဘောအရ ရှမ်းပြည်နယ်ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။ ရှမ်းပြည်နယ်ဆည်မြောင်းဦးစီးဌာန၊ လင်းခေးမြို့နယ်၊ မအွန်လောင်းကျေးရွာအုပ်စု၊ ပင်လုံကျေးရွာအနီး နမ့်ဖွီးချောင်းပေါ်တွင် အကျယ်(၁၅၀)ခန့်၊ အမြင့်(၆)ပေခန့်ရှိ နမ့်ဟူးသစ်ရိုက်ကျောက်ဖြည့်ဆည်မှာ ၁၉၈၅-၁၉၈၆ ခုနှစ် ကာလခန့်က တည်ဆောက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးဆည်တစ်ခု ဖြစ်ပါသည်။ ဆည်တည်ဆောက်ပြီးစကာလများတွင် ဒေသခံတောင်သူဦးရေ(၂၀၀)ခန့်၏ လယ်မြေ(၄၀၀)ကေအား ရေပေးဝေစိုက်ပျိုးနိုင်ခဲ့ပါသည်။

နယ်မြေအေးချမ်းမှုမရှိခဲ့သည့် ကြားကာလများတွင် ဆည်ထိန်းသိမ်းခြင်း၊ လယ်ယာစိုက်ပျိုးနိုင်မှုမရှိခဲ့ခြင်းတို့ကြောင့် ဆည်ပျက်စီးခြင်းနှင့် လယ်ရိုင်းမြေများအဖြစ်သို့ ရောက်ရှိခဲ့ရပါသည်။ ယခု နယ်မြေပြန်လည်အေးချမ်းလာသော ကာလတွင် တောင်သူ(၁၀)ဦးခန့်မှ လယ်မြေ(၁၅)ကေခန့်အား ချောင်းတွင်း မျှောရိုက်၊ မိုးကာနှင့် သဲအိတ်များဖြင့် ပိတ်ဆို့ပြီး ရေသွယ်ယူ စိုက်ပျိုးလျက်ရှိပါသည်။

နမ့်ဟူးဆည်အား အခိုင်အမာကွန်ကရစ်ရေလွှဲဆည်အဖြစ် တည်ဆောက်မည်ဆိုပါက မြေပြင်စူးစမ်းလေ့လာခြင်း၊ ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်းနှင့် ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်းများ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး ဖြစ်မြောက်နိုင်စွမ်းရှိပါက ၂၀၁၆-၂၀၁၇ ခု

ဘဏ္ဍာရေးနှစ်၏ လုပ်ငန်းဆောင်ရွက်မည့် လျာထားအစီအစဉ်တွင် ရန်ပုံငွေရရှိရေး ထည့်သွင်း တင်ပြသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြမှ ပထမ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မြ၊ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက်လာတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း လေးစားစွာ ဂါရဝပြုပါကြောင်း ဦးစွာပြောကြားလိုပါ တယ်။ ကျွန်တော်ကတော့ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြ ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမှာ ကျွန်တော့အနေနဲ့ နောင်ချို မြို့နယ်အတွင်း ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရ BE ဘတ်ဂျက်ဖြင့် ဆောင်ရွက်ပေးနိုင်မှုအခြေအနေကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့အား သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာရေးကော်မရှင်က ချမှတ် ထားသော ငွေဘောင်အတွင်းမှ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ရေးဆွဲပြုစုပေးတဲ့ ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်ကို ရှမ်းပြည်နယ်လွှတ်တော်မှာ ဆွေးနွေး အတည်ပြုပေးတဲ့ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းများကို ပြည်ထောင်စု လွှတ်တော်မှ ခွင့်ပြုချက်ဘောင်အတွင်း ဌာနဆိုင်ရာများက နှစ်စဉ်သုံးစွဲလျက်ရှိပါသည်။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့၊ နိုင်ငံတော်သမ္မတအိမ်တော်ရှိ ခန်းမဆောင်ကြီးမှာ ပြည်ထောင်စု ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများကို နိုင်ငံတော် သမ္မတကြီးမှ ပြည်သူများရဲ့ လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် လ(၃၀)အတွင်းမှာ လုပ်ငန်းစဉ်(၇)ရပ်ကို ပြီးမြောက်အောင်လုပ်ကိုင်ဆောင်ရွက်ဖို့ လမ်းညွှန်မှာကြားခဲ့ရာမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အားလုံးက လျှပ်စစ်မီးသုံးစွဲနိုင်တဲ့ အိမ်ထောင်စုဦးရေ တိုးတက်ရရှိရေးလုပ်ငန်းဟာ ပထမဦးစားပေးလုပ်ငန်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ပြည်သူ များရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နောင်ချိုမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်အထိ ကျေးလက် မီးလင်းရေးလုပ်ငန်းများကို မဟာဓာတ်အားလိုင်းမှ ဖြန့်ဖြူးပေးရာတွင် ရှမ်းပြည်နယ်အစိုးရ BE ဘတ်ဂျက်ဖြင့် ဆောင်ရွက်ပေးခဲ့တဲ့ ကျေးလက်များ မည်မျှရှိနေသည်ကို သိရှိလိုပါကြောင်းနှင့် ရှမ်းပြည်နယ်အစိုးရ ဘတ်ဂျက်ဖြင့် ဆောင်ရွက်ပေးနိုင်သော ကျေးရွာများရှိပါက သုံးစွဲခဲ့သည့် ငွေပမာဏ မည်မျှရှိသည်ဖြစ်ကြောင်း သိနိုင်ပါရန် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေ။ ကောင်းမွန်တဲ့ လိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဦးစွာဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးကျော်မြရဲ့ မေးထားတဲ့ မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ နောင်ချိုမြို့နယ်အတွင်း ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရ BE ဘတ်ဂျက်ဖြင့် ဆောင်ရွက်ပေးနိုင်မှုအခြေအနေကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းကို ဖြေကြား ပေးသွားဖို့ ဖြစ်ပါတယ်။

နောင်ချိုမြို့နယ်အတွင်း ရှမ်းပြည်နယ်အစိုးရ BE ဘတ်ဂျက်ဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း မရှိပါ။ သို့သော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် နောင်ချိုမြို့ တွင် BE ဘတ်ဂျက်ဖြင့် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါသည်-

(က) နောင်ချိုမြို့၊ လျှပ်စစ်ရုံးဝင်းအနီးတွင်

(၁) ၁၁/၀.၄ ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ (၁)လုံး

(၂) ၁၁ ကေဗွီလိုင်း (၀.၂) မိုင်

(၃) ၄၀၀ ဗို့လိုင်း (၁)မိုင်

( ခ) နောင်ချိုမြို့၊ ဟော်ကျောင်းအနီးတွင်

(၁) ၁၁/၀.၄ ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ (၁)လုံး

(၂) ၁၁ ကေဗွီလိုင်း (၁.၂) မိုင်

(၃) ၄၀၀ ဗို့လိုင်း (၂)မိုင်

စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဦးကျော်မြက ဒုတိယ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီး ရွှေညောင်- ရပ်စောက်- အင်းတော- ကျောက်ဂူ- တောင်ခမ်း-နောင်ချို လမ်းနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမှ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးသို့ မော်တော်ကားဖြင့် ရွှေညောင်- ရပ်စောက်- အင်းတော- ကျောက်ဂူ- တောင်ခမ်း- နောင်ချိုလမ်းအတိုင်းလာလျှင် (၁၉၆)မိုင်ခန့်သာ ကွာဝေးပြီး မန္တလေး-မိတ္ထီလာ-သာစည်-တောင်ကြီး အတိုင်းလာလျှင် (၂၈၈) မိုင်ခန့်ကွာဝေးပါတယ်။ မိုင်(၁၀၀)နီးပါး သက်သာတဲ့လမ်းဖြစ်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် (မြောက်ပိုင်း) ဆက်သွယ်တဲ့နေရာမှာလည်း အတိုဆုံးလမ်း ဖြစ်ပါတယ်။ အင်းတော- ကျောက်ဂူနဲ့ တောင်ခမ်းကြားမှာ ဒုဋ္ဌဝတီမြစ်ကို ဖြတ်ကူးထားတဲ့ ပေ(၁၈၀)အထက် သံကူကွန်ကရစ် တံတားတစ်စင်းဖြစ်တဲ့ ဒုဋ္ဌဝတီတံတား၊ နောင်ချိုကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီလမ်းကို ယခင်က ပြည်ထောင်စုဝန်ကြီးဌာနက ပြုပြင်ထိန်းသိမ်းတဲ့ လမ်းဖြစ်ပြီး ယခု ရှမ်းပြည်နယ်အစိုးရက ပြုပြင်ထိန်းသိမ်းတဲ့လမ်းဖြစ်လာပြီ ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်အထိ ကျောက်ဂူနှင့် ဒုဋ္ဌဝတီတံတား၊ နောင်ချိုကြားမှာရှိတဲ့လမ်းဟာ မြေလမ်းသာသာ သာရှိပြီး တော့မှ တံတားများလည်း ပျက်စီးနေတဲ့အတွက် အင်ဂျင်ပါဝါကြီးတဲ့ (၁၂)ဘီးအထက် ကားများသာ သွားလာနိုင်ပြီး ကျန်တဲ့ ယာဉ်လတ်၊ ယာဉ်ငယ်များ မသွားလာနိုင်တဲ့လမ်း ဖြစ်နေပါတယ်။ တံတားကနေ နောင်ချိုထိ (၂၅)မိုင်သာ ကွာဝေးပြီး တံတားမှ တောင်ခမ်းကြား(၄)မိုင်ခန့်သာ မိုးတွင်းတောင်ကျရေစီးကြောင်း ပျက်စီးမှုရှိတာ တွေ့ရှိရပါတယ်။ လာမဲ့ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ရွှေညောင်- ရပ်စောက်- အင်းတော- ကျောက်ဂူ- နောင်ချိုလမ်းအတွက် ပထမဦးစားပေးအဖြစ် သာမန်ကျပ်ငွေ(၃၂၈.၅)သန်း၊ ငွေလုံးငွေရင်းကျပ်(၁၂၁၉၄.၀၂၀)သန်း၊ စုစုပေါင်း(၁၂၅၂၂.၅၂၀)သန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦနှင့် လမ်းတံတားပြင်ဆင်ခြင်း လမ်းဦးစီးက ရသုံးခန့်မှန်းခြေငွေစာရင်းကို အဆိုပြုချက် တင်ပြထားပြီး လားရှိုးဒေသ ရွှေညောင်- ရပ်စောက်- အင်းတော- ကျောက်ဂူ- တောင်ခမ်း- နောင်ချိုလမ်းအတွက် သာမန်ကျပ်(၁၀၀.၃၀၀)သန်း၊ ငွေလုံးငွေရင်းကျပ်(၁၁၉၆.၂၀၀)သန်း၊ စုစုပေါင်းကျပ် (၁၂၉၆.၅၀၀)သန်း အဆိုပြုတင်ပြထားတာကို အားရဖွယ်တွေ့ရှိရပါတယ်။

ဒီလမ်းကြီး ကောင်းမွန်သွားရင် အင်းတောမြို့နယ်ခွဲက နောင်ချိုကို ပြေးဆွဲမဲ့ မှန်လုံယာဉ်များ၊ နောင်ချိုမှ တောင်ကြီးသို့ ပြေးဆွဲကြမဲ့ ယာဉ်ငယ်ယာဉ်ကြီးအသင်းများလည်း တာဆူနေကြပြီ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းကုန်စည်စီးဆင်းမှု လမ်းကြောင်းလည်း အဆင်ပြေချောမွေ့လာမှာဖြစ်ပြီး အဓိကကုန်သွယ်မှုလမ်းကြောင်းလည်း ဖြစ်လာနိုင်မှာ ဖြစ်တဲ့အတွက် ဒေသတွင်းဖွံ့ဖြိုးရေး ဖွံ့ဖြိုးတိုးတက်မှုဟာလည်း အရှိန်အဟုန်နဲ့

မြင့်မားလာမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မြောက်ပိုင်းကို အတိုဆုံး ဆက်သွယ်ရာလမ်းဖြစ်တဲ့ ရွှေညောင်- ရပ်စောက်- အင်တော- ကျောက်ကူ- တောင်ခမ်း- နောင်ချိုလမ်းမကြီး မည်သည့်ကာလတွင် ယာဉ်ငယ်ယာဉ်ကြီးများအားလုံး လွယ်ကူ ချောမွေ့စွာ သွားလာနိုင်တဲ့ လမ်းအဆင့်ကို ရောက်ရှိမည်ကို ဖြေကြားပေးနိုင်ပါရန် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးပို့ ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြမေးခွန်းနှင့်ပတ်သက်ပြီး ရွှေညောင်- ရပ်စောက်-အင်တော- ကျောက်ကူ- တောင်ခမ်း- နောင်ချို လမ်းဟာ စုစုပေါင်းလမ်းအရှည် (၁၄၅)မိုင် ရှိပါတယ်။ ပြည်ထောင်စုမှ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့လမ်း ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်က စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ လမ်းအဖြစ်ကို ဝန်ကြီးချုပ်ရဲ့ ညွှန်ကြားချက် နဲ့ တောင်းခံပြီး ဆောင်ရွက်ခဲ့တဲ့ လမ်းဖြစ်ပါတယ်။ ဝန်ကြီးချုပ်ကိုယ်တိုင် ရပ်စောက်ဒေသခံဖြစ်တဲ့ စိုးလွင်အောင်ကုမ္ပဏီကို စည်းရုံးပြီး မိမိတို့ ဒေသဖွံ့ဖြိုးရေးအတွက် BOT လုပ်ငန်းဆောင်ရွက် စေခဲ့ရာ ရွှေညောင်မှ ရပ်စောက်မြို့ထိ (၃၆)မိုင်တိတိကို BOT လမ်းနဲ့ ဆောင်ရွက်တာ ယခုအခါမှာ (၄)မိုင် (၁)ဖာလုံ လောက်သာ ကျန်ရှိပါတော့တယ်။ (၁၈)ပေ လမ်းအားလုံး ကတ္တရာလမ်း ဆောင်ရွက်ပြီးသား ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရန်ပုံငွေနဲ့ ကျပ်သန်းပေါင်း(၃၈၄၁.၁၃၀)သန်းဖြင့် လမ်းတာဘောင်ချဲ့ခြင်း (၃၁)မိုင်(၅)ဖာလုံ၊ ကျောက် လမ်းခင်းခြင်း(၇)မိုင်၊ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းတို့ (၂၄)မိုင်နှင့် တံတားရေပြွန်(၃၉)စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်လျက်ရှိ ပါတယ်။ ၎င်းလမ်းဟာ ယခင်ကတည်းက အတိုဆုံးလမ်းဖြစ်ပြီး ကိုယ့်ပြည်နယ်အတွင်းမှာသာ သွားလာရန် ဖောက်ထားပြီး ဆက်လက်တိုးတက်ကောင်းမွန်အောင် ထိန်းသိမ်းပြုပြင်ခြင်း ရန်ပုံငွေများ မရရှိတဲ့အတွက် ဒုဋ္ဌဝတီမြစ်အဆင်း သာပလန်းဆိပ်လို့ခေါ်တဲ့ တံတားအဆင်း အတက်တွေမှာ နှစ်ဖက်ချဉ်းကပ်လမ်းတွေမှာ တစ်ဖက်ကို နောင်ချိုဖက်ကမ်းမှ (၁)မိုင်(၄)ဖာ လုံခန့်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးဖက်ခြမ်းမှ (၂)မိုင်နဲ့ (၁)ဖာလုံခန့် အင်မတန်မှ အကွေ့တွေ ကျဉ်းမြောင်းပြီးတော့မှ မတ်စောက်တဲ့နေရာတွေဖြစ်တဲ့အတွက် လမ်းကို ရေရှည် တည်တံ့အောင် ကောင်းမွန်ထိန်းသိမ်းရန် Formation ကျအောင် ရန်ပုံငွေနဲ့ အချိန်နဲ့ပေးပြီး ဆောင်ရွက်ရအုံးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ၎င်းလမ်းပိုင်း အတွက်ကို ပြည်နယ်ရန်ပုံငွေနှင့် ကျပ်သန်းပေါင်း တစ်လမ်းလုံးအတွက်ကို စုစုပေါင်း (၆၈၂၈.၃၄၀)သန်း တင်ပြတောင်းခံထားပါတယ်။ လမ်းက ကျန်ရှိမှာကတော့ ကျွန်တော်တို့

ရရှိထားတဲ့ ငွေပေါ်မူတည်ပြီးတော့မှ ကျန်ရှိနေတဲ့ ကျောက်ဂူနဲ့ ဒုဋ္ဌဝတီတံတားအပိုင်း (၂၁)မိုင်(၇)ဖာလုံအတွင်း လမ်းနိမ့်လမ်းချဲ့ခြင်းလုပ်ငန်း၊ ကျောက်လမ်းခင်းခြင်းလုပ်ငန်း၊ ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းနှင့် တံတားရေပြွန်တည်ဆောက်ခြင်းလုပ်ငန်းများကို ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒင်းလမ်းသည် တစ်ကြောင်းထိုးပေါက်ရုံသာ ဆောင်ရွက်ထားတာဖြစ်တဲ့အတွက် ရန်ပုံငွေပေါင်း၊ ဘီလီလျံပေါင်းများစွာ ကျခံပြီး ဆောင်ရွက်ရမဲ့ လမ်းဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲရန်အတွက်လည်း လမ်းတာကို (၃၄)ပေလည်း ချဲ့ရပါမယ်။ ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ အနည်းဆုံးဖြစ်အောင် ဘေးမှာလည်း စိုက်တွင်းလို့ခေါ်တဲ့ လမ်းဘေးရေမြောင်းတွေမှာ တူးဖော်ရမှာဖြစ်တဲ့အတွက် ဘဏ္ဍာရေးနှစ် အကန့်အသတ်လည်းဖြစ်တဲ့အတွက် ကျန်ရှိနေတဲ့ ဘဏ္ဍာရေးနှစ် အစိုးရသက်တမ်း(၁)နှစ်အတွင်းမှာ ရရှိတဲ့ ရန်ပုံငွေ ကျပ်သန်းပေါင်း(၆၈၂၈.၃၄) သန်းနှင့် လမ်းကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေးမှ မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံတဲ့ အခါသမယ ဖြစ်ပါစေရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နန်းခမ်းအေး ဖြစ်ပါတယ်ရှင်။ ကျွန်မ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ရဲ့ (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ မေးမြန်းမဲ့ မေးခွန်းကတော့ လယ်ယာမြေနဲ့ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ ဦးစိုင်းလွင်မေးသွားတဲ့ မေးခွန်းနဲ့ ဆင်တူသဃောင်ဖြစ်နေပေမဲ့ ကွဲလွဲမှုလေးတွေ ရှိနေတဲ့အတွက်ကြောင့် ဆက်ပြီးမေးမြန်းမှာ ဖြစ်ပါတယ်ရှင်။ လွှတ်တော်အစည်းအဝေးပြီးလို့ လွှတ်တော်တွေ့အကြုံ ရှင်းလင်းပွဲကို ကျေးရွာတွေမှာ ကွင်းဆင်းပြီးရှင်းတဲ့အချိန်တွေမှာ လယ်ယာမြေဥပဒေက ထွက်ရှိပြီးသားဖြစ်တဲ့အတွက်ကြောင့် ကျေးရွာသူအတွက် စိုက်ပျိုးရေးတောင်သူလယ်သမားတွေအတွက် ကျွန်မတို့အစိုးရရဲ့ ဆောင်ရွက်ထားရှိမှုတွေကို ရှင်းပြခဲ့ပါတယ်။ အဲ့ဒါတွေကတော့ စိုက်ပျိုးရေးသမားတွေအတွက် ချေးငွေနဲ့ လယ်ယာမြေစိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ကို ပေါင်နိုင်တယ်ဆိုပြီး ကွင်းဆင်းပြီး ဟောပြောခဲ့ပါတယ်။

နောက်တစ်ကြိမ် ၎င်းကျေးရွာကို သွားတဲ့အချိန်မှာ ၎င်းရွာမှာ ရှိနေတဲ့ ရွာသူရွာသားတွေက အစ်မကားရဲ့ အနောက်မှာကပ်ထားတဲ့စာ ကြည့်ခိုင်းပါတယ်။ ကြည့်လိုက်

တဲ့အချိန်မှာ စာသားက သူပြုံးနေသည် ညာတော့မည်ဆိုတဲ့ စာသားဖြစ်နေတယ်။ ကျွန်မရှင်တို့ရွာတွေကို ဘာမှလည်းညာထားတာ မရှိပါလားလို့ ကျွန်မပြောလိုက်တဲ့ အချိန်မှာ ကျွန်တော်တို့ ပေါင်နှံမှုနှင့်ပတ်သက်လို့ ဘဏ်တွေကို ကျွန်တော်တို့ ရောက်ခဲ့ပါတယ်။ ဒါပေမဲ့ ဘယ်ဘဏ်မှ ကျွန်တော်တို့ကို ဆောင်ရွက်ပေးခြင်းမရှိပါဘူးလို့ ပြောပါတယ်။ ဟုတ်ကဲ့ပါ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိလိုက်နာရမဲ့ စည်းကမ်းချက်များရဲ့ ပုဒ်မ၁၂(င)မှာ စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အသိအမှတ်ပြုသော ဘဏ်တွင်သာ ပေါင်နှံရမည်ဆိုပြီးပါရှိထားပါတယ်။ ကျွန်မက ၎င်းဥပဒေဟာ ၂၀၁၂ ခုနှစ်ကတည်းက ထွက်သားပြီးသားဖြစ်တဲ့အတွက်ကြောင့် ပေါင်လို့မရဘူးဆိုတာ မဖြစ်နိုင်ဘူးထင်တယ်ဆိုပြီး ကျွန်မကိုယ်တိုင် နမ္မတူမှာရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်ကို သွားခဲ့ပါတယ်။ ဒါပေမဲ့ မြန်မာ့စီးပွားရေးဘဏ်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ စိုက်ပျိုးရေးဘဏ်ကို ညွှန်ကြားတဲ့အတွက် ကျွန်မတို့မြို့နယ်မှာ မြန်မာ့စီးပွားရေးဘဏ်တစ်ခုတည်းသာ ရှိတဲ့အတွက် လားရှိုးကို ထပ်သွားခဲ့ရပါတယ်။ ဘဏ်နှစ်ခုစလုံးမှ ကျွန်မအဖြေတစ်ခု ရရှိပါတယ်။ အဲဒါကတော့ မည်သည့် ညွှန်ကြားချက်မှ ကျမလာသေးပါသဖြင့် ဆောင်ရွက်နိုင်ခွင့်မရှိသေးပါကြောင်းဆိုပြီး ကျွန်မကို ဖြေကြားပါတယ်။ ဒါဆိုရင် ကျွန်မတို့ရဲ့ ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေဟာ ညွှန်ကြားချက်တွေဟာ ၂ နှစ်ကျော် ၃ နှစ် ကြာတဲ့တိုင်အောင် ထွက်မလာသေးတဲ့အတွက်ကြောင့် အသက်မဝင်သေးကြောင်း ကျွန်မသိရှိရပါတယ်။ အဲ့လိုပါပဲ လယ်ယာမြေနဲ့ပတ်သက်တဲ့ ဥပဒေတွေမှာဆိုလို့ရှိရင် ကျေးလက်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့မှ ဆုံးဖြတ်ပြီးတဲ့ လယ်ယာမြေမှာဆိုလို့ရှိရင် မကျေနပ်တဲ့သူတွေဟာ တစ်လတွင်းမှာ အယူခံဝင်ရမယ်ဆိုပြီး ပါရှိထားပါတယ်။ လယ်ယာမြေဟာ တောင်သူတွေအတွက် အသက်သွေးကြောပဲဖြစ်တဲ့အတွက်ကြောင့် မိမိလယ်ယာမြေတွေကို ဆုံးရှုံးမှာ ကြောက်ပြီးတော့ (၁)လမတိုင်ခင်မှာ အယူခံဝင်ကြပါတယ်။ ဥပဒေထဲမှာလည်း အယူခံဝင်ပြီး ၁ လအတွင်းမှာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးဟာ ကွင်းဆင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ (၁)လမကဘဲ နှစ်ချီကြာတဲ့တိုင်အောင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ကနေ ကွင်းဆင်းဆောင်ရွက်မပေးတာကို တွေ့ရှိရပါတယ်။ တောင်သူလယ်သမားတွေအတွက်တော့ မကျေနပ်တဲ့သူတွေအတွက် (၁)လအတွင်း အယူခံ မဝင်နိုင်ရင် မြေယာကို ဆုံးရှုံးရမယ်ဆိုတာပါရှိထားပြီး ဥပဒေဟာ တောင်သူတွေအတွက်ပဲ တောင်သူလိုက်နာဖို့အတွက်ပဲ ပြဋ္ဌာန်းထားသလို ဖြစ်နေပါတယ်။

ဝန်ကြီးချုပ်ရဲ့ အဖွင့်မိန့်ခွန်းမှာဆိုရင် အုပ်ချုပ်ရေးယန္တရားတိုးတက်ကောင်းမွန်ရေးအတွက် အရေးယူသင့်တဲ့သူကို အရေးယူရမယ်ဆိုပြီး မိန့်ခွန်းပြောကြားသွားပါတယ်။ ကျွန်မ နိုင်ငံက ထွက်နေတဲ့ ဥပဒေတွေကို ပြည်သူက ကျင့်သုံးပြီး သက်ဆိုင်ရာက ကျင့်သုံးခြင်း မရှိဘူးဆိုရင် လက်တွေ့မဆန်သော စိတ်ကူးယဉ်ဆန်သော ဥပဒေတွေသာ ပေါ်ထွန်းနေမှာ ဖြစ်ပါတယ်။

အဲ့ဒါကြောင့် ထွက်ပြီးသော ဥပဒေ၊ ညွှန်ကြားချက်တွေကို ထုတ်ပေးဖို့အတွက် စီစဉ်ရန် ဆောင်ရွက်လျက်ရှိနေပါကြောင်း ဝန်ကြီးကလည်း ဖြေကြားသွားပါတယ်။ အဲ့လို ညွှန်ကြားချက်တွေများ ပေးခဲ့မယ်ဆိုရင်လည်း လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူဟာ စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ကို မည်သည့်အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသော မည်သည့်ဘဏ်များတွင် ပေါင်နှံခွင့်ရှိသည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ရှင်။

ဒုတိယမေးခွန်းအနေနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)နှင့်ပတ်သက်ပြီး ရောင်းချမည်ဆိုပါက ပြဋ္ဌာန်းထားသော ကပ်နှိပ်ရမည့်တံဆိပ်ခေါင်းတန်ဖိုးနှင့် ပေးဆောင်ရမည့် အခွန်နှုန်းထားများဟာ ကျေးလက်အတွက် များပြားနေပါသဖြင့် ကျေးလက်အတွက် မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်းဆိုပြီး ကျွန်မမေးမြန်းထားပါတယ်ရှင်။ ဥပဒေဆိုတာ ကျောသားရင်သားမခွဲခြားဘဲ တစ်ပြေးညီလိုက်နာကျင့်သုံးရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ပြည်သူတွေကို တိုက်ရိုက်အကျိုးပြုရမဲ့ ဥပဒေတွေကို ပြည်သူတွေနှင့် ကိုက်ညီဖို့ ပြင်ဆင်သင့်တာတွေကို ပြင်ဆင်ပြီး ဖြည့်စွက်သင့်တာတွေကို ဖြည့်စွက်ဖို့လည်း လိုအပ်ပါတယ်။ ၂၀၁၄ ခုနှစ် ပြည်ထောင်စုအကောက်ခွန်၊ အခွန်အကောက် ဥပဒေရဲ့ ပုဒ်မ ၂၆ မှာ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆၂၆(က)အရ သက်သာခွင့်များမနုတ်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀% ဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသား မည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းအတွက် တစ်ဦးလျှင် တစ်ကြိမ်သာ ခံစားခွင့်ရှိစေရမည်ဖြစ်ပြီး အသုံးပြုတဲ့ ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေအားနုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ်တွင် အောက်ပါ အခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်။ ဝင်ငွေရလမ်းတင်ပြနိုင်သော ဝင်ငွေအပေါ် အခွန်စည်းကြပ်ရန်မလိုဆိုပြီး (က)မှာ ဝင်ငွေ(၁)ကျပ်မှ သိန်း(၅၀၀)အထိမှာ ဝင်ငွေခွန်ဟာ (၃ %)၊ သိန်း(၅၀၁)ကနေ (၁၅၀၀)ထိကို (၁၀ %)၊ (၁၅၀၁)ကျပ်မှ (၃၀၀၀) ထိဟာ (၂၀ %)၊ (၃၀၀၁)မှ အထက်တွင် (၉၀%) ဝင်ငွေဆောင်ရမယ်ဆိုတာ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၂၆ ဟာ ပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းအတွက်လို့ ဖော်ပြထားတဲ့အတွက်ကြောင့် မြို့မြေတွေနဲ့သာ သက်ဆိုင်နေပါတယ်။ လယ်ယာမြေကို လယ်ယာမြေစိုက်ပျိုးရန်အတွက်သာ ရောင်းဝယ်နေကြသော ကျေးလက်ဒေသတွေမှာ ကျေးလက်ဒေသနှင့်ပတ်သက်ပြီး ပြဋ္ဌာန်းထားတာကို မတွေ့ရသေးပါဘူး။ ဒါပေမဲ့ ဖေဖော်ဝါရီလမှာတော့ လယ်ယာမြေနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီက တန်ဖိုးသတ်မှတ်ချက်အပေါ်တွင် ဝင်ငွေခွန်စည်းကြပ်ရမည်။ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရမည်လို့ ညွှန်ကြားထားကြောင်း သိရှိရပါသည်။ ဒီပြည်ထောင်စု

အခွန်အကောက်ဥပဒေအရ ရောင်းဝယ်မှုအတွက် ဖော်ပြတန်ဖိုး၏ ၅%ကို တံဆိပ်ခေါင်းကပ်ရမည့်အပြင် ပုဒ်မ ၂၆ အတိုင်းကျင့်သုံးရင် ကျေးလက်ဒေသတွေအတွက် တန်ဖိုးနှုန်းက မြင့်နေပါတယ်။ တန်ဖိုးမြင့်ပါက ကျေးလက်ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေမဲ့အပြင် ပြည်သူများဟာ အခွန်ကို မဆောင်ချင်ဘဲနဲ့ အခွန်ရှောင်နေကြရင် ကျွန်မတို့နိုင်ငံအတွက် ဘဏ္ဍာငွေလည်းထိခိုက်နိုင်ပါတယ်။ ဒါကြောင့်ကျေးလက်လယ်ယာမြေရောင်းဝယ်မှုအတွက် တန်ဖိုးသတ်မှတ်နိုင်မည့် နည်းလမ်းများနှင့် ဝင်ငွေခွန်စည်းကြပ်မှုကို သီးသန့်ပြဋ္ဌာန်းပေးရန် လိုအပ်နေပါတယ်။ ပြဋ္ဌာန်းပြီးပါကလည်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ သက်ဆိုင်ရာဌာနများကို ညွှန်ကြားချက်များ အမြန်ပေးဖို့ လိုအပ်နေပါတယ်။ ဒါကြောင့် ကျွန်မမေးမဲ့ မေးခွန်းက လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ရရှိပြီးသူများမှ ၎င်းပုံစံ(၇)နှင့် ပတ်သက်၍ ရောင်းချမည်ဆိုပါက ပြဋ္ဌာန်းထားသော ကပ်နိုပ်ရမည့် တံဆိပ်ခေါင်း တန်ဖိုးနှင့် ပေးဆောင်ရမည့် အခွန်နှုန်းထားများသည် ကျေးလက်အတွက် များပြားနေပါသဖြင့် ကျေးလက်အတွက် မည်သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး မေးမြန်းထားတဲ့ မေးခွန်း(၂)ခုနဲ့ ပတ်သက်လို့ ပထမမေးခွန်းဖြစ်တဲ့ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိထားသူသည် စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် မည်သည့်အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုထားသော မည်သည့်ဘဏ်များတွင် ပေါင်နှံခွင့် ရှိသည်ကို သိရှိလိုပါသည်နှင့် ပတ်သက်လို့ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိထားသူသည် စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ကို ပေါင်နှံခြင်းနှင့်ပတ်သက်၍ လယ်ယာမြေနည်းဥပဒေ အခန်း(၅)၊ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ငှားရမ်းခြင်းနှင့် ပေါင်နှံခြင်း နည်းဥပဒေ ၄၈ တွင် အောက်ဖော်ပြပါအတိုင်း ပြဋ္ဌာန်းထားပါတယ်-

(က) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် ယင်း၏ လယ်ယာမြေပေါ်၌ စိုက်ပျိုးထုတ်လုပ်ရန် အရင်းအနှီး ရရှိရေးအတွက်သာ ပေါင်နှံရမည်။

(ခ) အစိုးရဘဏ် သို့မဟုတ် ဤကိစ္စအလို့ငှာ အစိုးရက သတ်မှတ်သောဘဏ်တစ်ခုခု၌သာ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူက လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် မူရင်းကို ပေးအပ်၍ ပေါင်နှံရမည်။

(ဂ) ပေါင်နှံသူနှင့် ပေါင်နှံခြင်းကို လက်ခံသည့်ဘဏ်မှ တာဝန်ရှိသူတို့သည် လယ်ယာမြေတည်ရှိသော သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ရှေ့မှောက်၌ တံဆိပ်ခေါင်းခွန်ထမ်းဆောင်၍ လယ်ယာမြေလုပ်ပိုင်ခွင့် ပေါင်နှံသည့် စာချုပ်ကိုချုပ်ဆိုရမည်။

(ဃ) နည်းဥပဒေခွဲ(ဂ)အရ ချုပ်ဆိုသော စာချုပ်၌ ရွေးနုတ်ရမည့်ကာလကို သတ်မှတ်ဖော်ပြရမည်။

(င) နည်းဥပဒေခွဲ(ဂ)အရ ချုပ်ဆိုသော စာချုပ်ကို စာချုပ်ချုပ်ဆိုသည့်နေ့မှ ရက်ပေါင်း(၁၂၀)အတွင်း သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(စ) ပေါင်နှံသူသည် ပေါင်နှံသည့် ကာလအတွင်း လယ်ယာမြေ၌ ဆက်လက်၍ စိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသည်။

လိုအပ်နေသော ညွှန်ကြားချက်များ၊ အမိန့်များ၊ လုပ်ထုံးလုပ်နည်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ထုတ်ပြန်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ရရှိပြီးသူများမှ ၎င်းပုံစံ(၇)နှင့် ပတ်သက်၍ ရောင်းချမည်ဆိုပါက ပြဋ္ဌာန်းထားသော ကပ်နှိပ်ရမည့် တံဆိပ်ခေါင်းတန်ဖိုးနှင့် ပေးဆောင်ရမည့် အခွန်နှုန်းထားများသည် ကျေးလက်အတွက် များပြားနေပါသဖြင့် ကျေးလက်အတွက် မည်သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါသည်နှင့်ပတ်သက်လို့ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) ရရှိပြီးသူများအနေဖြင့် လယ်ယာမြေနည်းဥပဒေအခန်း (၄)၊ နည်းဥပဒေ ၂၄ တွင် အောက်ဖော်ပြပါအတိုင်း ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်-

(က) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းဖြင့် လွှဲပြောင်းလျှင် လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းလက်ခံသူတို့သည် လယ်ယာမြေတည်ရှိသည့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရှေ့မှောက်တွင် တံဆိပ်ခေါင်းခွန် ထမ်းဆောင်၍ စာချုပ်ချုပ်ဆိုရမည်။

( ခ) နည်းဥပဒေခွဲ(က)အရ ချုပ်ဆိုသောစာချုပ်ကို စာချုပ်ချုပ်ဆိုသည့် နေ့မှ ရက်ပေါင်း (၁၂၀)အတွင်း သက်ဆိုင်ရာ မြို့နယ်မြေစာရင်းဦးစီးဌာနမှူးရုံးတွင် မှတ်ပုံတင်ရမည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း တို့နှင့်စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆောင်ရွက်ရမည့် အသေးစိတ်အချက် အလက် ညွှန်ကြားချက်များရရှိပါက ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီးမှ မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** မင်္ဂလာပါ ခင်ဗျား။ လေးစား ရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များအားလုံး ကိုယ်စိတ်နှစ်ပါး ငြိမ်းချမ်းကြပါစေ။ ကျွန်တော်ကတော့ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီးဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၁)ကတော့ ကျိုင်းတောင်းမြို့ မိုဘိုင်းတယ်လီဖုန်းတပ်ဆင်အသုံးပြုနိုင် ရေးနှင့်စပ်လျဉ်း၍ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် လင်ခေးခရိုင်၊ ကျိုင်းတောင်းမြို့၌ မိုဘိုင်းတယ်လီဖုန်းစနစ်အား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အတွင်း တပ်ဆင်ရန် အစီအစဉ်ရှိပါကြောင်း၊ ထို့အတူ နဝမပုံမှန်အစည်းအဝေးတွင် ကျိုင်းတောင်းမြို့ မိုဘိုင်းတယ်လီဖုန်းစခန်းသည် ပြည်နယ်အစိုးရ၏ ပထမဦးစားပေးစခန်း (၁၀)ခုတွင် ပါဝင်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကုန်ခါနီးတွင် လုပ်ငန်းများစတင်ဆောင်ရွက် ရသဖြင့် ဩဂုတ်လတွင် ပြီးစီးဆောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင်လည်း GSM ဆက်သွယ်ရေးနှင့်ပတ်သက်သော ဆက်စပ်ပစ္စည်းများမှာ နိုင်ငံခြားမှ မှာယူတင်သွင်းရခြင်းဖြစ်ပြီး မှာယူတင်သွင်းသည့် နိုင်ငံမှ ပေးပို့မှုနောက်ကျခြင်း ဖြစ်ပြီး ယခုအခါမှာယူထားသည့် စက်ပစ္စည်းများ ရောက်ရှိနေပြီဖြစ်ပါကြောင်း ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိအဖွဲ့ဝင်က အသီးသီးဖြေကြားထားသည်ကို မှတ်သားသိရှိရပါတယ်။

နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့၌လည်း ရှမ်းပြည်နယ်အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီက ဤလွှတ်တော်သို့ အစီရင်ခံစာတင်ပြရာ တွင် တင်ပြပါမေးခွန်းကို လွှတ်တော်ကိုယ်စားလှယ်ရဲ့ တင်ပြချက်အတိုင်း သတ်မှတ်ချိန် အတွင်း ရရှိအောင် ရှမ်းပြည်နယ်လွှတ်တော်နှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း

တင်ပြအစီရင်ခံခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ မတ်လမှာ ကျိုင်းတောင်းမြို့ မဲဆန္ဒရှင်များနဲ့ သွားရောက်တွေ့ဆုံချိန်အထိ မိုဘိုင်းဖုန်းတာဝါတိုင်ဟု ယူဆရသော တာဝါတိုင်တစ်ခုနဲ့ ဆက်စပ် အဆောက်အဦကို တွေ့ရှိရသကဲ့သို့ သတ်မှတ်ချိန်အတွင်း မိုဘိုင်းဖုန်းများ အသုံးပြုခွင့် အကြိမ်ကြိမ်လွဲချော်နေသော မဲဆန္ဒရှင်များရဲ့ မျှော်လင့်ချက်မဲ့ ညည်းညူသံများကို အနှံ့အပြားကျယ်လောင်စွာ ကြားသိခဲ့ရပါသဖြင့် တာဝန်ရှိသူများ မည်ကဲ့သို့ စီစဉ်ဆောင်ရွက် လျက်ရှိသည်ကို သိရှိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။

ကျွန်တော့်ရဲ့ ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်မှ ဘဏ္ဍာရန်ပုံငွေ ကျပ်သန်း ပေါင်း ၃၀၈ သန်းခွဲဝေချထားပေးသော နမ့်မော်လေ- နားရိုင်းလမ်းပိုင်း ကျောက်ချောလမ်း (၇)မိုင် အမာခံလမ်းလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ရာမှာ ဝမ်းတူးကျောက်များ မထည့်ခြင်း၊ လမ်းကြိတ်စက်သိပ်သည်းခြင်းလုပ်ငန်းများ လုံးဝဆောင်ရွက်မှုမရှိခြင်း၊ ဒီကိစ္စရပ်များဟာ ဒေသခံလုပ်သားပြည်သူများနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများ သက်သေခံရှိပါတယ်။ မေးခွန်းတင်ပြချိန် (၁၁.၃.၂၀၁၅)အထိ လမ်းလုပ်ငန်း ပမာဏ ၅၀% ခန့်သာ အကြမ်းဆောင်ရွက်ထားပါတယ်။ လမ်းသားသိပ်သည်းခိုင်မာမှု စံချိန် စံညွှန်းပြည့်မီစွာဖြင့် ဘဏ္ဍာရေးကာလအချိန်မီလုပ်ငန်းပြီးစီးရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်းနှင့် သတ်မှတ်အချိန်အမီ လုပ်ငန်း ပြီးစီးမှုမရှိပါက မည်သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဝန်ကြီးကဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဒီနေ့လွှတ်တော်ကို ခွင့်ယူထားတာဖြစ်တဲ့အတွက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူ ကိုယ်စား ကျွန်တော် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းက ဖြေကြားရှင်းလင်းပေးသွားမှာ ဖြစ်ပါတယ်။ မိုးနဲ မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းမောင်ကြီး မေးခွန်းရဲ့ ပထမမေးခွန်းဖြစ်တဲ့ ကျိုင်းတောင်း မြို့ GSM Mobile တယ်လီဖုန်းတပ်ဆင်အသုံးပြုနိုင်ရန်အတွက် ကျိုင်းတောင်းမြို့တွင် GSM Mobile စခန်းအား East Boy Co.,Ltd. မှ တာဝန်ယူတည်ဆောက်ခဲ့ရာ စက်မှုအဆောက်အဦ တည်ဆောက်ခြင်း၊ တာဝါတိုင်တည်ဆောက်ခြင်း၊ Transformer တည်ဆောက်ခြင်းနှင့်

အရံဓာတ်အားပေးစက် တပ်ဆင်ခြင်းစသည့် လုပ်ငန်းများအား ဆောင်ရွက်ပြီးစီးပြီး ဖြစ်ပါသည်။

မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့ရှိ GSM စခန်းတွင် မိုဘိုင်းစက်ပစ္စည်းများ တပ်ဆင်ခြင်း လုပ်ငန်းနှင့် အဝေးဆက်သွယ်မှုလိုင်းရရှိပါက ၂၀၁၅ ခုနှစ်အတွင်း ဖွင့်လှစ်သုံးစွဲနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ ဖြည့်စွက်ဖြေကြားလိုတာကတော့ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စုလုပ်ပိုင်ခွင့်ဖြစ်ပြီး ပြည်နယ်က တာဝန်ယူ ဖြေကြားပေးရတာ ဖြစ်တာ ဖြစ်ခြင်း၊ ဗိုလ်မှူးကြီးနဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက လည်း ကိုယ့်ဒေသအတွင်းမှ အမှန်တကယ်ပဲ ဆက်သွယ်ရေး ကောင်းမွန်အောင် ကြိုးစား ပမ်းစားဆောင်ရွက်ခဲ့သော်လည်း အကြောင်းကြောင်းကြောင့် ဘတ်ဂျက်များမရရှိခြင်း၊ စက်ပစ္စည်းများ မရောက်ရှိခြင်းကြောင့် ကြန့်ကြာခဲ့ခြင်းသာဖြစ်ကြောင်း၊ ဒါကြောင့် ၂၀၁၅ ခုနှစ်မှာ ဖွင့်လှစ်သုံးစွဲနိုင်မယ်ဆိုတဲ့အကြောင်းကိုလည်း အဝေးဆက်သွယ်မှုလိုင်းရအောင် ဆောင်ရွက်သွားမှာ ဖြစ်တဲ့အတွက်ကြောင့် ဝန်ကြီးချုပ် အစည်းအဝေးမှာ ပြန်တင်ပြပြီး Cabinet အစည်းအဝေးမှာ ဆွေးနွေးပြီး အမြန်ရရှိအောင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်တဲ့အကြောင်းကို ဖြည့်စွက်ဖြေကြားပေးပါတယ် ခင်ဗျား။

ဒုတိယမေးခွန်းဖြစ်တဲ့ နတလ လုပ်ငန်းဟာလည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုကနေပြီးတော့မှ စီမံခန့်ခွဲပြီးတော့မှ ဆောင်ရွက်တဲ့ လုပ်ငန်းများ ဖြစ်ပါတယ်။ နတလမှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများ၊ စည်ပင်သာယာအဖွဲ့အစည်း လိုမျိုး အင်ဂျင်နီယာများ၊ စက်၊ ယာဉ်၊ ယန္တရားများနဲ့ ဖွဲ့စည်းထားတဲ့ ဌာနမဟုတ်ဘဲနဲ့ ဒေသပြည်သူများ ဖွံ့ဖြိုးတိုးတက်အောင် ဒေသခံများ တောင်းဆိုတဲ့ လုပ်ငန်းများကိုသာ ဘတ်ဂျက်မှာ ထည့်သွင်းပေးခြင်း၊ ဘတ်ဂျက်ထည့်သွင်းတဲ့နေရာမှာလည်း ဘတ်ဂျက်ကို အပြည့်အဝ စံချိန်စံသွေးမှီအောင် ပြည့်ဝစွာ ထည့်သွင်းသုံးစွဲခြင်းမဟုတ်ဘဲ နဂိုဘတ်ဂျက် တောင်းခံတဲ့ နယ်မြေဒေသ၊ အထူးဒေသပဲဖြစ်ဖြစ် ဒေသမှ လုပ်အားပါဝင်ပြီး ဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်လျက်ရှိတဲ့ ဝန်ကြီးဌာနတစ်ခု ဖြစ်ပါတယ်။ ဦးစိုင်းမောင်ကြီး မေးတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး နမ့်မော်လေ- နားရိုင်းလမ်း (၇)မိုင် ကျောက်လမ်းခင်းခြင်းနှင့် ပတ်သက်ပြီး စံချိန်စံညွှန်းပြည့်မှီစွာဖြင့် အချိန်မီ ပြီးစီးရန် မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး နမ့်စန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဒီလုံး (ခ)ဦးဌေးလွင် ကနေပြီးတော့ နမ့်စန်- လွယ်ဆိုင်း- နားရိုင်း လမ်းပိုင်း (၁၉)မိုင် (၄)ဖာလုံ နားရိုင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ ကျောက်ခင်းလမ်းဆောင်ရွက်ထားပြီးဖြစ်ရာ အဆိုပါ လမ်းပိုင်းအား ကတ္တရာခင်းပေးမည်ဆိုပါက ဒေသတွင်းထွက်ကုန်များအား နမ့်စန်မြို့သို့ အလွယ်တကူ တင်ပို့နိုင်မည်ဖြစ်၍ ဒေသခံများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါ

ကြောင်း တင်ပြခဲ့ရာ ကွင်းဆင်းစစ်ဆေးမှုအရ ကိုယ်ထူကိုယ်ထကျောက်ခင်းလမ်းမှာ ကတ္တရာခင်းရန် အခြေခံကျောက်နည်းပါးသဖြင့် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျောက်လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းအား ဆောင်ရွက်ပေးလျက်ရှိပါသည်။

အဆိုပါလမ်းပိုင်းတင်ပြချက်အပေါ် အကြောင်းပြု၍ နားရိုင်းဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ နမ့်စန်မြို့နယ်၊ နားရိုင်းဒေသမှ မိုးနဲမြို့နယ်၊ နမ့်မော်လေ- ကွန်နား- လင်ပုန်း- ဝမ်နားလမ်း (၂၁)မိုင်(၀)ဖာလုံအား ကျောက်ချောလမ်း အဆင့်မြှင့်တင်ပေးနိုင်မည်ဆိုပါက နားရိုင်းမှ မိုးနဲသို့လည်း ဒေသထွက်ကုန်များ တင်ပို့နိုင်မည်ဖြစ်၍ နမ့်စန်မြို့နယ်၊ နားရိုင်းမှ မိုးနဲမြို့နယ်၊ နမ့်မော်လေ(နမ့်စန်-မိုးနဲ-လင်းခေး လမ်းမကြီး)(၂၁)မိုင်အနက် နားရိုင်းမှ နမ့်မော်လေဘက်သို့ ကျောက်ချောလမ်းဆောင်ရွက်လိုကြောင်း တင်ပြချက်အရ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်း(၇)မိုင် လျာထားခွင့်ပြုခဲ့ခြင်း ဖြစ်ပါတယ်။

အမှန်အားဖြင့် နားရိုင်းဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ တင်ပြချက်အရ ခွင့်ပြုလုပ်ငန်းဖြစ်၍ နမ့်စန်မြို့နယ်၊ နားရိုင်းကျေးရွာမှ ဆက်စပ်နယ်မြေဖြစ်သော မိုးနဲမြို့နယ်ဘက်သို့ (၇)မိုင် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သော်လည်း နမ့်စန်- မိုးနဲ- လင်းခေး ပြည်ထောင်စုလမ်းမကြီးဘက်မှ (မိုးနဲမြို့နယ်အတွင်းမှ) စတင်ဆောင်ရွက်မှသာ လုပ်ငန်းအနေအထားအရ သဘာဝကျမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ အကြံပြုညွှန်ကြားချက်အရ မိုးနဲမြို့နယ်ဘက်ခြမ်းမှ စတင်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်စေခဲ့ခြင်းဖြစ်ပါတယ်။ ယင်းသို့ မြို့နယ်၊ နမ့်မော်လေမှ (၇/၀ မိုင်)ကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် လမ်းပိုင်းတစ်ခုလုံး လမ်းအူကြောင်းအဆင့်သာရှိသဖြင့် မြေထိုးစက်များဖြင့် မြေသားလမ်းလုပ်ငန်းအား ပြန်လည်ဆောင်ရွက်ပေးခဲ့ရခြင်း၊ မြေထိုးရာတွင် ဒေသခံ ခြံသမားများခြံစည်းရိုးနောက်ဆုတ်ပေးရေးကိစ္စ ခက်ခက်ခဲခဲ အချိန်ပေးဆောင်ရွက်ရခြင်း၊ လုံခြုံရေးကန့်သတ်ချက်များအရ ကျောက်သယ်ခွင့်၊ ကျောက်ထုတ်ခွင့်များအားလည်း မလွှဲမရှောင်သာအချိန်ပေးဆောင်ရွက်ခဲ့ရခြင်း စသည့်အနေအထားများရှိခဲ့ပါတယ်။

လက်ရှိအခြေအနေတွင် အဆိုပါလမ်းပိုင်း အချိန်မီ ပြီးစီးရေးအတွက် နတလ လုပ်ငန်းကော်မတီပိုင် ကျောက်သယ်ယာဉ်(၂)စီး၊ လမ်းကြိတ်စက်(၁)စီး ပံ့ပိုး၍ နမ့်မော်လေရွာဘက်မှ လမ်းခင်းအဖွဲ့(၁)ဖွဲ့၊ (၇/၀မိုင်)အဆုံးရွာ ဖြစ်သော နားကျိုင်းရွာဘက်မှ နမ့်မော်လေ ဘက်သို့ လမ်းခင်း(၁)ဖွဲ့ စုစုပေါင်း(၂)ဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ (၁၅.၃.၂၀၁၅)ရက်နေ့တွင် နတလ မှ ဒေသကြီးကြပ်ရေးမှူး သွားရောက်စစ်ဆေးချက်အရ စုစုပေါင်း ၅/၄ မိုင်ခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပါတယ်။

အဆိုပါ နားရိုင်း-နမ့်မော်လေ လမ်းပိုင်းဆောင်ရွက်နေမှုများအား လင်းခေးခရိုင်အုပ်ချုပ်ရေးမှူး၊ မိုးနဲမြို့နယ်အုပ်ချုပ်ရေးမှူးတို့အနေဖြင့်လည်း ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းများရှိပြီး မိုးနဲမြို့နယ်အုပ်ချုပ်ရေးမှူးမှ (၁၅.၃.၂၀၁၅)ရက်နေ့တွင် အနည်းဆုံးကျောက်ခင်းခြင်းလုပ်ငန်း ၅ မိုင် ၄ ဖာလုံခန့်ပြီးစီးနေပြီဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့ပါတယ်။

လက်ရှိအချိန်တွင် နတလပိုင် ဘက်ဖိုး (၁)စီးအား အဆိုပါလုပ်ငန်းခွင်သို့ ပို့ဆောင်၍ အပြီးသတ်လုပ်ငန်းများ ဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကျောက်လမ်းအတွက် ရန်ပုံငွေခွင့်ပြုခဲ့သော်လည်း မြေသားလမ်း လုပ်ငန်းအစအဆုံး ပြင်ဆင်ဆောင်ရွက်ပေးနေခဲ့ရခြင်းများ အပါအဝင် အခြားအချို့အခက်အခဲများ ကြုံတွေ့နေခဲ့ရသော်လည်း လုပ်ငန်း တစ်ခုလုံး၏ ၈၅ % မှာ ပြီးစီးနေပြီ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ ထပ်မံထည့်သွင်းထားတဲ့နေရာမှာ လမ်းကြိတ်စက်မသုံးခြင်း၊ နောက်တစ်ခါလမ်းအရည်အသွေးမပြည့်မီရင် မည်ကဲ့သို့ အရေးယူမည်ဆိုတာနဲ့ပတ်သက်ပြီး သက်ဆိုင်တဲ့ နတလ ဝန်ကြီးဌာနမှာ ကန်ထရိုက်ယူတဲ့ ကုမ္ပဏီယူတဲ့ ပဋိညာဉ် စာချုပ်ချုပ်ဆိုထားတဲ့ စာချုပ်စာတမ်းများလည်းရှိပါတယ်။ လမ်းအရည်အသွေး မပြည့်မီရင် ကန်ထရိုက်ယူရမဲ့ ကုမ္ပဏီက ပြန်လည်ကောင်းမွန်အောင်ဆောင်ရွက်ပေးရမယ်။ အချိန်မီ မပြီးစီးရင်လည်း ဘယ်လိုဆောင်ရွက်ပေးရမယ်ဆိုတာရှိတဲ့အတွက် ဒါလေးကို ဖြည့်စွက်ဖြေကြားပေးလိုပါတယ်။ နတလ ဒေသကြီးကြပ်ကွပ်ကဲရေးမှူးကိုလည်း ဝန်ကြီးချုပ်အစည်းအဝေးမှာလည်း ပြန်လည်တင်ပြပြီး ဒီရက်ပိုင်းအတွင်းမှာပဲ အမြန်ကွင်းဆင်းပြီး လမ်းအရည်အသွေး စံချိန်စံညွှန်းပြည့်မီ ကောင်းမွန်စွာဆောင်ရွက်သွားပေးဖို့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြည့်စွက်ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်က မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒီကနေ့ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ကြွလာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။ ယခုကဲ့သို့ ဒေသခံပြည်သူများကျေးလက်ကုန်ထုတ်လမ်းများ၏ လိုအပ်ချက်များကို အစိုးရဘက်မှ ပံ့ပိုးကူညီပါရန် တင်ပြခွင့်ရရှိတဲ့အတွက် အထူးပဲဝမ်းသာမိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတစ်နိုင်ငံ သို့မဟုတ် နိုင်ငံတစ်ခုရဲ့ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအဆောက်အအုံဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုဟာ အထူးပဲ အရေးကြီးပါတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ ညံ့ဖျင်းခြင်းဟာ သက်ဆိုင်ရာဒေသကိုသာမက အခြားသော ဒေသများကိုလည်း အကျိုးသက်ရောက်မှုရှိပါတယ်။ အခြားသောကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အကျိုးသက်ရောက်မှုရှိပါတယ်။ သာဓကအားဖြင့် မတ်လ ပထမပတ်မှာထုတ်တဲ့ မြန်မာထိုင်း အင်္ဂလိပ်သတင်းစာမှာ အင်တာဗျူးရေးသားချက်တစ်ခုကို ကျွန်တော်မှတ်သားလိုက်ရတာ တစ်ခုကတော့ ရန်ကုန်မြို့မှာ ဖွင့်တဲ့ City Mart ဟိုတယ်မန်နေဂျာရဲ့ တွေ့ဆုံမေးမြန်းခန်း တစ်ခုမှာ ဒီအရည်အသွေးနဲ့ အရေအတွက်ချင်း တူညီတဲ့ ထောပတ်သီးကို ဩစတြေးလျနိုင်ငံကို မှာယူတင်သွင်းမည်ဆိုပါက (၃)ရက်ခန့်သာ အချိန်ကြာမြင့်မည်ဖြစ်ပြီး ဒီရှမ်းပြည်နယ်မှ ထွက်ရှိသည့် ထောပတ်သီးကို မှာယူတင်သွင်းမည်ဆိုပါက အချိန်(၁)လနီးပါခန့် ကြာမြင့်တယ်လို့ ရေးသားထားတာကို မှတ်သားရပါတယ်။ ဒီလိုကြည့်ခြင်းအားဖြင့် ရှမ်းပြည်နယ်ရဲ့ ကျေးလက်ဒေသလမ်းပန်းဆက်သွယ်ရေး အထူးသဖြင့် ကုန်ထုတ်လမ်းကြောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးကြိုးပမ်းဆောင်ရွက်ရန် ရှိနေသေးကြောင်း သက်သေပြတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဘာပဲပြောပြော ကျွန်တော်တို့ ဒီမိုကရေစီအစိုးရသစ်လက်ထက်မှာ လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာ အတော်လေးကိုပဲ တိုးတက်ထွန်းကားလာတာကို ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ်ဝန်ကြီး လွှတ်တော်သို့ တင်ပြချက်ပေါ်မှာလည်းကောင်း၊ မဲဆန္ဒနယ်အတွင်း ဖြစ်ပေါ်တိုးတက်နေတဲ့ လမ်းအခြေအနေကို ကြည့်ခြင်းအားဖြင့်သက်သေပြနိုင်ပါတယ်။ ကျွန်တော်တို့ရဲ့ မဲဆန္ဒနယ်မှာ အစိုးရသစ်လေးနှစ်တာ ကာလအတွင်းမှာ မိုင်းပွန်မှ လုံးအောင်ကျေးရွာကို ဆက်သွယ်တဲ့ ကျောက်ချောလမ်း၊ မိုင်းပွန်မြို့မှ ပန်လျန်းကောင်းရန်းကို ဆက်သွယ်တဲ့ ကျောက်ချောလမ်း၊ နောင်ဖူးနဲ့ ပန်ရန်းလမ်းကို ဆက်သွယ်တဲ့ ကျောက်ချောလမ်း၊ နမ့်စန်မြို့နယ် (၈)မိုင်မှ လွိုင်လင်မြို့နယ်၊ ခဲလှောင်းကို ဆက်သွယ်တဲ့ မြေသားလမ်း၊ နောက်ပြီးတော့ တစ်ခါမှ အိမ်မက် မမက်ဖူးတဲ့ ချိုခမ်းမှ ခွေးတောက်လမ်း ကတ္တရာလမ်း(၆)မိုင်တိတိပေါ်ထွန်းလာတာကို ပြည်သူများက တိုက်ရိုက်အကျိုးခံစားခွင့်ရရှိနေပြီဖြစ်ပါတယ်။ ယခင်က ခွေးတောက်ကျေးရွာကနေပြီးတော့ မိုင်းပွန်မြို့ကို ဈေးသုံးထွက်ရပါတယ်။ အဲဈေးသုံးသွားတဲ့နေရာမှာ မိုင်းပွန်ဈေးကို ဈေးဖိတ်နေ့မှာပဲ တစ်ရက်ကြိုပြီးသွားရပါတယ်။ ပြီးတော့ မိုင်းပွန်မှာ(၁)ရက် အိပ်ရပါတယ်။ ပြီးရင် ဈေးအမြန်သုံးပြီးမှ မနက်(၈)နာရီ မထိုးခင် ရွာကို အချိန်မီ ပြန်ရပါတယ်။ (၈)နာရီအမီ မပြန်နိုင်ရင် အချိန်မီ ရွာကို မရောက်နိုင်တဲ့အဆင့် ရှိပါတယ်။ ခုကာလမှာဆိုရင် အစိုးရရဲ့ ကူညီအားပေးမှု

ကြောင့်၊ လုပ်ဆောင်ပေးမှုကြောင့်၊ ကတ္တရာလမ်းများ ပေါ်ထွန်းလာမှုကြောင့် လမ်းလည်းကောင်း၊ ဆိုင်ကယ်လည်းပေါ၊ ကားလည်းပေါ ဖြစ်လာတဲ့အတွက်ကြောင့်၊ မိုင်းပွန်ဈေးကို တနေ့သုံးပြန် လေးပြန်သွားလာနိုင်ပါပြီ။ ဒါလည်း ပြည်သူတွေကပဲ အထူးကျေးဇူးတင်ရှိပါတယ်ဆိုတဲ့ အကြောင်း သက်ဆိုင်ရာအစိုးရကို ပြောကြားပေးပါဆိုပြီး ကျွန်တော့်ကို စကားလက်ဆောင် ပါးပါတယ်။ ဒါပြောပေးဖို့ ကျွန်တော့ကိုမှာလိုက်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ တင်ပြခဲ့တဲ့လမ်းများကို ပြည်သူပြည်သားများက အထူးကျေးဇူးတင်ရှိစွာ လက်ခံပြီး ဖြစ်ပါ သော်လည်းဘဲ အစိုးရအနေနဲ့ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးရမဲ့လမ်းပေါင်း မြောက်များစွာလည်း ကျန်ရှိနေသေးပါတယ်။ အဲ့ဒီကျန်ရှိနေသေးတဲ့ လမ်းပေါင်းမြောက်များစွာ နဲ့ ကျွန်တော့ရဲ့ မဲဆန္ဒနယ်အမှတ်(၁)ထဲမှာရှိတဲ့ လွိုင်လင်မြို့နယ် ခေါင်းနွဲ့ကျေးရွာအုပ်စုရှိ နောင်တောင်း- နောင်နိန်း၊ ခေါင်းနွဲ့-တောင်ကြီး-တာချီလိတ် လမ်းမဆုံအထိ (၇)မိုင်ခန့်ရှိတဲ့ မြေသားလမ်းသည် ယခုလက်ရှိအခြေအနေမှာ လူသွားတဲ့မြေသားလမ်းအဆင့်ပဲရှိပါတယ်။ ၎င်းလူသွားလမ်းလေးကို စံချိန်စံညွှန်းနှင့်ညီညွတ်အောင် မြေသားလမ်းကို အဆင့်မြှင့်တင် ပေးမည်ဆိုပါက အင်မတန်မှ လွယ်ကူချောမွေ့သွားမှာ ဖြစ်ပါတယ်။ ဒီကိစ္စကို ကျွန်တော် တင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွိုင်လင် မြို့နယ်ကို ယခင်တပ်မတော်အစိုးရလက်ထက်က လွိုင်လင်မြို့နယ်ကို လက်ဖက်စိုက်ပျိုး သော မြို့နယ်ဖြစ်ရမယ်။ လက်ဖက်မြို့တော်ဖြစ်ရမယ်လို့ စီမံကိန်းချပြီး ဆောင်ရွက် အကောင်အထည်ဖော်ခဲ့ပါတယ်။ ၎င်းစီမံကိန်းရဲ့ အကျိုးဆက်ကြောင့် ခေါင်းနွဲ့ကျေးရွာအုပ်စု ဟာ ရေမြေသဘာဝရာသီဥတုအရလည်းကောင်း၊ လက်ဖက်ကောင်းမွန်စွာ ဖြစ်ထွန်းပြီးတော့ မှ လက်ရှိအချိန်မှာဆိုရင် လက်ဖက်အစို၊ လက်ဖက်အခြောက်များကို စီးပွားဖြစ် အမြောက် အများ ထုတ်လုပ်လျက်ရှိတဲ့ ကျေးရွာအုပ်စုတစ်ခုဖြစ်ပါတယ်။ ထွက်ရှိလာတဲ့လက်ဖက်စို၊ လက်ဖက်ခြောက်တွေကို ခုနကတင်ပြသွားတဲ့ လူသွားလမ်းအတိုင်းပဲ မြင်း၊ လား၊ ပခုံး၊ ဆိုင်ကယ်တွေအသုံးပြုပြီး ပင်လုံမြို့၊ လွိုင်လင်မြို့၊ မိုင်းပွန်မြို့သို့ တင်ပို့ရောင်းချနေရပါတယ်။ ၎င်းဒေသခံအသုံးပြုနေတဲ့ ကျွန်တော်တင်ပြသွားသော နောင်တောင်း- နောင်နိန်း- ခေါင်းနွဲ့ ပြည်ထောင်စုလမ်းမဆုံအထိ (၇)မိုင်လမ်းကို စံချိန်စံညွှန်းနဲ့ပြည့်စုံတဲ့ မြေသားလမ်းအဆင့်သို့ ဖောက်လုပ်ပေးမည်ဆိုပါက ကုန်စည်စီးဆင်းမှုကို မြန်ဆန်လွယ်ကူစေပြီး ပြည်နယ်ရဲ့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုမှာ ဖြစ်တဲ့အတွက် ဒီလမ်းကို ဖြစ်မြောက်အောင် ကူညီဆောင်ရွက်ပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူမှ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ လွိုင်လင်မြို့နယ်၊ ခေါင်းနွဲ့ကျေးရွာအုပ်စုရှိ လူသွားမြေသားလမ်းမှာ နောင်တောင်း- နောင်နိန်း- ခေါင်းနွဲ့ကျေးရွာ ပြည်ထောင်စုလမ်းမဆုံအထိ (၇)မိုင်ရှိပါသည်။ အဆိုပါမြေသားလမ်းကို မော်တော်ကားများ မောင်းနှင်သွားလာနိုင်သော စံချိန်မီ မြေသားလမ်းအဖြစ်သို့ မြှင့်တင်ဆောင်ရွက်ပေးပါက လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ ကျော်လွှားနိုင်ပြီး ပြည်နယ်၏ လယ်ယာစိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ရာ လက်ရှိအသုံးပြုနေသော အဆိုပါ မြေသားလမ်းအား စံချိန်မီမြေသားလမ်းအဖြစ်သို့ မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်နှင့်ပတ်သက်လို့ လွိုင်လင်မြို့၊ ခေါင်းနွဲ့ကျေးရွာအုပ်စုရှိ လူသွားမြေသားလမ်းမှာ နောင်တောင်းမှ ပြည်ထောင်စုလမ်းအထိ (၇)မိုင်ရှိပါသည်။ အဆိုပါ လမ်းမှာ ကျေးရွာအုပ်စု(၂)စုရှိပြီး လမ်းဧရိယာအတွင်း ကျေးရွာ(၇)ရွာ အသုံးပြုပြီး အိမ်ခြေ ပေါင်း (၂၈၉)နှင့် လူဦးရေပေါင်း (၁၄၀၃)ဦးမှီတင်းနေထိုင်လျက်ရှိတယ်လို့ သိရပါတယ်။

အဆိုပါလမ်းအရှည်(၇)မိုင်အား(၁၈)ပေအကျယ် မြေသားလမ်းအဖြစ် ဖောက်လုပ်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ် ငွေကျပ်(၁၀၅)သန်း၊ အဆိုပါလမ်းပေါ်ရှိ တံတား(၆)စင်း၊ (၄၅)ပေကွန်ကရစ် တံတားတည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ်(၄၅) သန်း၊ စုစုပေါင်း ခန့်မှန်းကုန်ကျစရိတ် ငွေကျပ်(၁၅၀)သန်းခန့် ကုန်ကျမည်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေ ရရှိနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြစေပြီး ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန်တင်ပြထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

ဆွေးနွေးရန်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းပေးပို့ထားခြင်းမရှိပါ။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ (၂၄.၃.၂၀၁၅)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးရာမှာ အမည်စာရင်း တင်သွင်းသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မရှိသည့်အတွက် အစီအစဉ်(၆)အရ ယင်းဥပဒေကြမ်းအား ပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန်အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်မှ အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ကို ဆက်လက်ပြီး ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးပါရန် တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရ အဖွဲ့က အစည်းအဝေးရဲ့ ဒုတိယနေ့မှာ တင်သွင်းခဲ့သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အား လွှတ်တော်ကိုယ်စားလှယ်များမှ

(အတည်ပြုရန် သဘောတူပါသလားခင်ဗျား။)

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်မှ သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူညီတဲ့အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အား လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄-၂၀၁၅ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် မြို့နယ်/မြို့နယ်ခွဲ စည်ပင်သာယာရေးဌာနများ၏ မြို့ရေပေးဝေရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈)ဖြစ်ပါတယ်။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ ၂၀၁၄-၂၀၁၅ခုနှစ်၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၏ လုပ်ငန်း ဆောင်ရွက်မှုအစီရင်ခံစာနှင့် မြို့နယ်/ မြို့နယ်ခွဲ စည်ပင်သာယာရေးဌာနများ၏ မြို့ရေပေး

ဝေရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။

ဒီကနေ့အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းပါစေလို့ ပဏာမ နှုတ်ခွန်းဆက်သပါတယ်။ ဦးစွာ ကျွန်တော် တင်သွင်းမဲ့ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ၂၀၁၄-၂၀၁၅ခု၊ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာနှင့် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနများရဲ့ မြို့နယ်၊ မြို့နယ်ခွဲများရဲ့ သောက်သုံးရေလုပ်ငန်းနှင့်ဆက်စပ်ပြီးတော့ သက်ဆိုင်ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှု လုပ်ငန်းများကိုသာ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီး လက်အောက်မှာ မြို့နယ်၊ မြို့နယ်ခွဲပေါင်း(၃၂)မြို့နယ်ရှိပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနခွဲ၊ လားရှိုးမှာ အခြေပြုပြီး ကြီးကြပ်မှုအောက်မှာရှိတဲ့ မြို့နယ်၊ မြို့နယ်ခွဲပေါင်း (၃၀)ရှိပါတယ်။ ကျိုင်းတုံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမှာ ဌာနခွဲထားရှိပြီး သူ့အောက်မှာ မြို့နယ်၊ မြို့နယ်ခွဲ(၁၈)မြို့နယ် ခွဲထားရှိပြီး စည်ပင်သာယာရေးဌာနများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ လက်ရှိ စည်ပင်သာယာရေးဝန်ထမ်းများ အနေအထားမှာ ဖွဲ့စည်းပုံအင်အားအရ စုစုပေါင်း(၄၈၉၄)အနက် လက်ရှိပေးအပ်ထားတဲ့ တာဝန်၊ ဖွဲ့စည်းပုံအရခန့်ထားပြီးဝန်ထမ်းပေါင်း (၁၅၀၇)ဦးရှိကြောင်း တင်ပြလိုပါတယ်။ လစ်လပ်အင်အား စုစုပေါင်း (၃၅၉၅)ဦးရှိတဲ့အတွက်ကြောင့် ယခုလက်ရှိအနေအထား ၃၀.၇၅ % ရှိကြောင်း တင်ပြလိုပါတယ်။

စည်ပင်သာယာရေးဌာန၊ ဘဏ္ဍာရေးနှင့် ငွေကြေးပိုင်းဆိုင်ရာများကို ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၏ စုစုပေါင်းမူလ (၂၀၁၄)ခန့်မှန်းငွေစာရင်းမှာ သန်းပေါင်း(၉၈၉၇.၂၅၀)သန်း၊ (၂၀၁၄-၂၀၁၅) ပြုပြင်ပြီး လျာထားငွေမှာ ဝင်ငွေကျပ်သန်းပေါင်း (၁၁၉၈၅.၃၃၄)သန်း ဖြစ်ပါတယ်။ ထို့ကြောင့် ပိုငွေကျပ်သန်းပေါင်း (၂၈၀၈.၀၈၄)သန်း ပိုမိုရရှိကြောင်း တင်ပြလိုပါတယ်။ အသုံးစရိတ် စုစုပေါင်း ငွေလုံးငွေရင်းကျပ်သန်းပေါင်း (၆၆၂၆.၂၀၂)သန်း၊ သာမန်အသုံးစရိတ်ကျပ်သန်းပေါင်း(၅၂၇၈.၆၉၈)သန်း ဖြစ်ကြောင်း၊ စုစုပေါင်းအသုံးစရိတ်မှာ ကျပ်သန်းပေါင်း(၁၁၉၀၄.၉)

ဖြစ်တဲ့အတွက်ကြောင့် ဝင်ငွေအပေါ် အသုံးစရိတ်ပိုငွေမှာ (၀.၄၃၄)သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီး ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ် အခွန်နှင့်သာမန်ရငွေများကို တင်ပြသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန အပါအဝင် ဌာနပေါင်း(၃၂)ခုမှာ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် မူလလျာထားငွေ ကျပ်သိန်းပေါင်း(၃၀၉၄၆.၅၂၅)သိန်းဖြစ်ပြီး ပြုပြင်ပြီး ကောက်ခံရရှိငွေ ကျပ်သိန်းပေါင်း (၃၉၈၅၉.၀၁၈)သိန်း ဖြစ်ပါတယ်။ (၁.၄.၂၀၁၄)မှ (၁၅.၃.၂၀၁၅)ထိ ကောက်ခံရရှိထားပြီး ငွေကျပ်သိန်းပေါင်း(၄၁၇၀၆.၄၅၂)သိန်း ဖြစ်ပါတယ်။ ဒါကြောင့် မူလရည်မှန်းထားတဲ့ ရာခိုင်နှုန်းအားဖြင့် (၁၃၄.၇၇)သိန်း ကောက်ခံရရှိပြီး ပြုပြင်ပြီး အပေါ် ကောက်ခံရရှိမှု(၁၀၄.၆၃%)ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) လာရှိုးဌာနခွဲ၊ မြို့နယ်၊ မြို့နယ်ခွဲပေါင်း(၃၀)ပေါ်မှာ မူလလျာထားငွေဟာ ကျပ်သိန်းပေါင်း (၄၀၂၂၅.၉၇၂)သိန်းဖြစ်ပြီး ပြုပြင်ပြီး ကောက်ခံရရှိငွေကျပ်သိန်းပေါင်း (၅၁၈၄၂.၄၆)သိန်း (၁.၄.၂၀၁၄)မှ (၁၅.၃.၂၀၁၅)ထိ ကောက်ခံရရှိထားပြီး ငွေကျပ်သိန်းပေါင်း (၅၀၀၅၃.၀၆၂)သိန်း ဖြစ်ပါတယ်။ ဒါကြောင့် မူလရည်မှန်းထားတဲ့ ရာခိုင်နှုန်းအားဖြင့် (၁၂၄.၄၃)သိန်း ပိုမိုကောက်ခံနိုင်ပြီး လက်ရှိအနေအထားအရ ပြုပြင်ပြီးတဲ့အပေါ် ကောက်ခံရရှိမှုမှာ၉၆.၅၅%)ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဌာနခွဲအပါအဝင် (၁၈)ဌာနအပေါ်မှာ ကောက်ခံရရှိ ငွေကျပ်သိန်းပေါင်း (၁၉၈၀၀) သိန်း ကောက်ခံရရှိပြီး (၂၀၁၄-၂၀၁၅) ပြုပြင်ပြီး ကောက်ခံရရှိငွေ ကျပ်သိန်းပေါင်း (၂၇၁၂၅.၆၇၀)သိန်း ဖြစ်ပါတယ်။ (၁.၄.၂၀၁၄)မှ (၁၅.၃.၂၀၁၅)ထိ ကောက်ခံရရှိထားပြီး ငွေကျပ်သိန်းပေါင်း(၁၆.၅၃၉)သိန်း ဖြစ်ပြီး မူလကောက်ခံရရှိငွေ ရာခိုင်နှုန်းအားဖြင့် (၁၃၄.၄၃) ပိုမိုကောက်ခံရရှိကြောင်း တင်ပြလိုပါတယ်။

ထို့ကြောင့် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနတစ်ခုလုံးရဲ့ ကောက်ခံရရှိငွေဟာ ဆိုရင်(၁.၄.၂၀၁၄) မှ (၁၅.၃.၂၀၁၅)ထိ အမှန်ကောက်ခံရရှိငွေ စုစုပေါင်းကျပ်သိန်းပေါင်း (၁၁၈၆၅၃.၅၃၃)ဖြစ်ကြောင်း လေးစားစွာ တင်ပြလိုပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မြို့ပြ လမ်း၊ တံတားပြီးစီးမှု အခြေအနေမှာ မြို့ပြလမ်းမှာ (၅၀)ခု ဖြစ်ပါတယ်။ ကတ္တရာလမ်း (၂၃၅)လမ်း (၅၁)မိုင်(၂.၂၆၃)ဖာလုံ လျာထားပြီး (၂၄၅)လမ်းပေါ်မှာ ပြီးစီးမှုရာခိုင်နှုန်းအားဖြင့် (၅၁)မိုင်(၂.၁၆၃)ဖာလုံ ပြီးစီးကြောင်း၊ ထို့ကြောင့် ၂၀၁၄-၂၀၁၅ နှစ်တွင်းမှာ ရာနှုန်းပြည့် ပြီးစီးကြောင်း တင်ပြလိုပါတယ်။ မြို့နယ်၊ မြို့နယ်ခွဲ(၂၉)ခုမှာ ကျောက်လမ်းလျာထားချက် (၄၄)လမ်း၊ မိုင်အားဖြင့် (၇)မိုင်(၅.၄၆၆)ဖာလုံ လျာထားပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ (၄၄)လမ်းအတွင်း (၇)မိုင် (၀.၅၄၆၆)ဖာလုံ ပြီးစီးတဲ့အတွက်ကြောင့် ရာနှုန်းပြည့်ပြီးစီးကြောင်း တင်ပြလိုပါတယ်။ မြို့နယ်၊ မြို့နယ်ခွဲ(၇)ခု ကွန်ကရစ်လမ်း(၇)လမ်း လျာထားပါတယ်။

ကွန်ကရစ်လမ်း(၇)မိုင်( ၈ မိုင် ၆.၇၃ ဖာလုံ)လျာထားပြီး (၇)လမ်းစလုံး (၈)မိုင်(၆.၇၃) ဖာလုံပြီးစီးကြောင်း၊ ထို့ကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရာခိုင်နှုန်း ပြည့်ပြီးစီးကြောင်း တင်ပြလိုပါတယ်။ မြေသားလမ်းနှင့်ပတ်သက်ပြီး (၁)လမ်း (၅.၁၁)ဖာလုံ လျာထားပြီး ရာခိုင်နှုန်းပြည့်ပြီးစီးကြောင်း တင်ပြလိုပါတယ်။ သို့ပါ၍ စုစုပေါင်း လမ်းလုပ်ငန်းနှင့် ပတ်သက်ပြီး (၂၉၇)လမ်း၊ မိုင်(၆၀)မိုင် (၃.၄၆)ဖာလုံ လျာထားတဲ့အတိုင်း အားလုံးပြီးစီးပြီး ဖြစ်ကြောင်း၊ လေးစားစွာ တင်ပြလိုပါတယ်။ မြို့ပြတံတား၊ မြို့နယ်၊ မြို့နယ်ခွဲပေါင်း (၃၂)မြို့နယ်မှာ တံတားစင်းပေါင်း(၁၂၂)စင်းလျာထားတဲ့အတိုင်းပဲ ယခု (၁၂၂)စင်း ရာနှုန်းပြည့် ပြီးစီးကြောင်း တင်ပြအပ်ပါတယ်။ မြို့ပြရေပေးဝေရေးလုပ်ငန်းမှာ မြို့နယ်၊ မြို့နယ်ခွဲ (၃၂) မြို့နယ်မှာ လုပ်ငန်း(၈၈)ခု လျာထားပြီး လုပ်ငန်းများမှာ ရာနှုန်းပြည့်ပြီးစီးကြောင်း တင်ပြအပ် ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုနေ့လယ်စာ သုံးဆောင်ရန်အတွက် အစည်းအဝေးကို တစ်နာရီ မိနစ်သုံးဆယ်ခန့် ရပ်နားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာမှာ ဖြစ်ပါတယ် ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နေ့လယ်ပိုင်းအစည်းအဝေးကို တစ်နာရီခွဲတိတိအချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ် ခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ရှမ်းပြည်နယ်**

**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**

**(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**(စတုတ္ထနေ့)မှတ်တမ်း**

**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်**

**၂၀၁၅ ခုနှစ်၊ မတ်လ ၂၆ ရက်**

**[ကြာသပတေးနေ့]**

**နေ့လယ်ပိုင်း**

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ နေ့လယ်ပိုင်းအစီအစဉ်အား ဆက်လက်ကျင်းပပြုလုပ်တော့မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးမှ တာဝန်ယူရသော ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ် (၉) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးမှ တာဝန်ယူရသော ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။** အားလုံးမင်္ဂလာပါ။ ဒီနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ မှာ တက်ရောက်လာကြပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီနေ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ ဝန်ကြီးချုပ်မှ တာဝန်ပေး၍ တာဝန်ယူရသောဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို တင်ပြသွားမှာဖြစ်ပါတယ်။ အခုလို ဆောင်ရွက်မဲ့ လုပ်ငန်းတွေကိုလည်း စာအုပ်ဖြန့်ဝေပြီး ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အကျဉ်းချုပ်ပြီး စီမံကိန်းနှင့်ပတ်သက်တဲ့ လုပ်ငန်းများကို အနည်းငယ်တင်ပြသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးမှ တာဝန်ယူထားသော ဌာနများစာရင်းအရ ဝန်ကြီးဌာန (၁၀)ခုရှိပါတယ်။ အဓိကထားပြီး ပြောချင်တဲ့ ဝန်ကြီးဌာနကတော့ ၂၀၁၄ - ၂၀၁၅ ခုနှစ်မှ ပေါ်ပေါက်လာတဲ့ မဖြစ်မနေဖွဲ့စည်းလိုက်ရတဲ့ သမဝါယမဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်က ဝန်ကြီးဌာန(၂)ခုဖြစ်တဲ့ နံပါတ်(၄)မှာရှိတဲ့ ရှမ်းပြည်နယ်ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ နံပါတ်(၆)မှာပါဝင်တဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ဖြစ်ပါတယ်။ ပြည်သူလူထုကို အခြေပြုပြီးတော့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် ပြည်သူလူထုတွေအတွက် စားသုံးရေးရာမှာ ကာကွယ်စောင့်ရှောက်ရန် ဒီဌာနတွေ ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း ဦးစွာ ပထမ ရှင်းပြအပ်ပါတယ်။

ရှမ်းပြည်နယ်စီမံကိန်းဦးစီးဌာနမှာ ဝန်ထမ်းဖွဲ့စည်းပုံဦးရေ ၃၅၆ ဦးရှိပါတယ်။ မြို့နယ်တိုင်းမှာ မြို့နယ်စီမံကိန်းဦးစီးမှူးနှင့် တာဝန်ရှိတဲ့ ဝန်ထမ်းအဆင့်ဆင့် ရှိပါတယ်။ သမဝါယမဦးစီးဌာန ၄၆၈ ဦး၊ ပြီးခဲ့တဲ့နှစ်က ဖွင့်ထားတဲ့ ဌာန(၂)ခုကတော့ ဝန်ထမ်း(၇)ဦး၊ (၈)ဦး ဝန်ထမ်းရှိပါတယ်။ ဦးစီးဌာနစုစုပေါင်းလက်ရှိ(၁၀)ခုမှာ ၁၂၇၆ ဦးရှိပါတယ်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ရှမ်းပြည်နယ်စီမံကိန်းဦးစီးရုံး၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ကစပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ရှမ်းပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်လာတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို တင်ပြမှာ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ခု စီမံကိန်းရေးဆွဲရေးကို ဦးစားပေးအလိုက်ရွေးချယ်စိစစ်ပြီး တင်ပြရတဲ့ လုပ်ငန်းတွေ မကြာခင်ဆောင်ရွက်တော့မှာဖြစ်ပါတယ်။ ဒါကြောင့် လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိနေရပ်၊ မိမိမြို့နယ်မှာရှိတဲ့ ဦးစီးမှူးများ ကော်မတီ(၃)ရပ်နဲ့ တိုင်ပင်ပြီးတော့ ဦးစားပေးအလိုက် တင်ပြထားမယ်ဆိုရင် အင်မတန်မှ တိကျတဲ့ စီမံကိန်းလုပ်ငန်းဖြစ်လာမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်ရဲ့ ပုဂ္ဂလိက ကဏ္ဍပိုင်ရင်းနှီးမြှုပ်နှံမှုအခြေအနေမှာ ၃၅ ဘီလီယံဖြစ်ပါတယ်။ အင်းလေးဟိုတယ်ဇုန်စီမံကိန်းဟာ လက်ရှိဆောင်ရွက်နေပြီး မကြာခင်မှာလည်း

Impress Structure လမ်းတွေ၊ မီးတွေ၊ ဆက်သွယ်ရေးတွေ ပြီးတော့မှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လက်ထက်မှာ နှစ်နိုင်ငံနယ်ခြားနယ်စပ်မှာ ရွှေလီမြစ်နံဘေးမှာ မူဆယ်ဒေသရဲ့ မူဆယ်ဗဟိုစီးပွားရေးဇုန် စီမံကိန်းမှာ ဇုန်(၆)ခုခွဲပြီး ဘီလီယံပေါင်း လောလောဆယ် ၂၀၁၅ အထိ ၅၀ ဘီလီယံနဲ့ဆောင်ရွက်ထားတဲ့ မူဆယ်စီးပွားရေးဇုန်ကို နယူးစတားလိုက်ကုမ္ပဏီ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ၂၀၁၅ မှာ Impress Structure ၁၀၀% ပြီးစီးမှာဖြစ်ပြီး လက်ရှိ Commercial Zone နဲ့ Residential Zone ဆိုပြီး ခွဲခြားထား ပါတယ်။ Commercial Zone ကိုတော့ ၂၀၁၅ အစိုးရလက်ထက်မှာ ၅၀%အထိ ပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဟိုပုံးအထွက် တောင်ကြီးအဝေးပြေးယာဉ်ရပ်နားစခန်းကို ရင်းနှီးမြှုပ်နှံမှုကျပ်သန်း ၁၃၀၀၀ နဲ့ လုပ်ငန်းဆောင်ရွက်နေပြီဖြစ်ပါတယ်။ လားရှိုးမြို့အဆင့်မြင့်အဝေးပြေးယာဉ်ရပ်နား စခန်းမှာ ၁၀၀% ပြီးစီးပြီး Shining Myanmar ကုမ္ပဏီက ၅ ဘီလီယံရင်းနှီးမြှုပ်နှံဆောင်ရွက် ထားပါတယ်။ မူဆယ်အဝေးပြေးယာဉ်ရပ်နားစခန်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မှာ ဆောင်ရွက်တာဖြစ်ပြီး သိန်းပေါင်း (၂၀၆၈၈.၇၀၇)သိန်းနဲ့ ရင်းနှီးမြှုပ်နှံထားကြောင်း တင်ပြလို ပါတယ်။ တာချီလိတ်၊ ပါဆတ်ကားလေးကွင်းတည်ဆောက်ရေးလုပ်ငန်းကို သန်းပေါင်း ၂၀၂၃၇ သန်း ရင်းနှီးမြှုပ်နှံထားပါတယ်။ မင်းကျန်စစ်ကုမ္ပဏီက ပြည်သူ့ဝန်ထမ်းအိမ်ရာစီမံကိန်းကို ၁၃၃ ဘီလီယံအကုန်အကျခံ၍ အခန်းပေါင်း (၂၄၆၀)ခန်းကို ၂၀၁၅ နှစ်ကုန်မှာ ပြီးစီးအောင် ဆောင်ရွက်ပြီး ပြည်သူ့ဝန်ထမ်းများကိုသာ နေရာချထားပေးရန် စီမံခန့်ခွဲနေပြီဖြစ်ပါတယ်။

လားရှိုးမြို့ထင်းရှူးမြိုင်အိမ်ရာစီမံကိန်းကို အခန်းပေါင်း (၇၅၂) ခန်း၊ ၁၀ ဘီလီယံ အကုန်အကျခံပြီး ဆောင်ရွက်နေကြောင်း တင်ပြလိုပါတယ်။ ရာခိုင်နှုန်းကိုလည်း တင်ပြ ထားခြင်းဖြစ်ပါတယ်။ တောင်ကြီးမြို့မှာ Shopping Center ကို ရင်းနှီးမြှုပ်နှံမှု ၂၀၀၅ ကျပ်သန်း ပေါင်းနဲ့ ဆောင်ရွက်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ တောင်ကြီးဟိုတယ် Convertion ကို စည်ပင် သာယာရေးဌာနနှင့် CEO တို့ပူးပေါင်းပြီးတော့ သန်းပေါင်း ၅၀၀၀နဲ့ ရင်းနှီးမြှုပ်နှံထားပြီး ၉၀ % ပြီးစီးပြီဖြစ်ပါတယ်။

ကုန်သွယ်မှုမြင့်တင်ရေးဦးစီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်မှုများဟာ လက်ရှိ နိုင်ငံတော် သမ္မတကြီးရဲ့ Second Wave မှာပါတဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု၊ နောက်ဆုံးတစ်ခုဖြစ်တဲ့ ပုဂ္ဂလိကအခန်းကဏ္ဍပြုပြင် ပြောင်းလဲ မှုဆိုတဲ့ ပုဂ္ဂလိကအခန်းကဏ္ဍမြှင့်တင်ရေးကို အင်တိုက်အားတိုက် စုစည်းဆောင်ရွက်ပေးနေ ခြင်းဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ ရှမ်းပြည်နယ်ရဲ့ ကုန်စည်ဒိုင်များတွင် တိုးတက်နေတဲ့

ကုန်စည်ဒိုင်မှာ ၁၀၅ မိုင် သစ်သီးဝလံကုန်စည်ဒိုင်၊ ၁၀၅ မိုင် ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်ဒိုင်တို့ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်သမဝါယမဦးစီးဌာနဆောင်ရွက်တဲ့ လုပ်ငန်းမှာ ၂၀၁၁-၂၀၁၂ မှာ (၄၈၂) သင်း၊ အသင်းသူ၊ အသင်းသား (၉၅၂၉၃)ဦး၊ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ အသင်းပေါင်း(၂၀၄၄)သင်း၊ (၁၇၇၈၃၉)ဦးထိ တိုးတက်လာပါကြောင်း တင်ပြလိုပါတယ်။ ရှမ်းပြည်နယ်သမဝါယမ အသင်းက Save Money ငွေထုတ်ပေးတဲ့အခါမှာ ထုတ်ပေးမှုပုံစံ(၅)မျိုးနဲ့ ထုတ်ပေးဖြစ်ပါတယ်။ China Exim Bank ရှမ်းပြည်နယ်အစိုးရမှ ထုတ်ပေးတဲ့ ချေးငွေ CB Bank အသင်းစုချုပ်ဆိုပြီး အသင်းသားတွေစုပေါင်းထားတဲ့ အသင်းစုချုပ်ရဲ့ ငွေနဲ့၊ နောက်ဆုံးတစ်ခုကတော့ အရစ်ကျ စနစ်နဲ့ ရောင်းချပေးတဲ့စနစ်ဖြစ်ပါတယ်။ ဒီနည်းနဲ့ပဲ ချေးငွေတွေချေးနိုင်ပါကြောင်း တင်ပြအပ် ပါတယ်။ ကိုရီးယားသမ္မတနိုင်ငံ၊ ဒယ်ဒေါင်းကုမ္ပဏီက လယ်ယာသုံးစက်ကိရိယာကို အသင်းသား များတို့ ရောင်းချမှုစာရင်းမှာ ပြည်နယ်ချုပ်အနေနဲ့ စုစုပေါင်း(၆၇)စီး မြို့နယ်တွေကို ဖြန့်ပြီး Hire Purchase ပေးနေပြီဖြစ်ကြောင်း တင်ပြလိုပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သစ်တောကဏ္ဍလုပ်ငန်းဆောင်ရွက်မှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သစ်တောကဏ္ဍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း၊ သစ်တောသတ္တုဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ် ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ပဏာမ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သစ်တောသတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်း ဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်း အဝေးကို ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရရဲ့ သစ်တောနှင့် သတ္တုကဏ္ဍကို လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်သစ်တောမူဝါဒနှင့်အညီ နှစ်ရှည်နှစ်တိုစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပြီး သစ်တောပြုစုထိန်းသိမ်းမှုလုပ်ငန်းများနဲ့ သစ်တောထွက် ပစ္စည်းများ ထုတ်လုပ်မှုကို ဟန်ချက်ညီအောင် ထိန်းညှိဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူများအကျိုးအတွက် သစ်တောများ ရေရှည်တည်တံ့ရေး၊

သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူနိုင်ရေး၊ သစ်တောစိုက်ခင်းများ အောင်မြင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း တင်ပြအပ်ပါတယ်။ သစ်တောနယ်မြေ ရှမ်းပြည်နယ်မှာ (၂၂.၈၃ %) ရှိပြီး အမှန်သစ်တောဖုံးလွှမ်းမှု (၅၀.၈%)၊ သဘာဝတောတွေဖုံးလွှမ်းမှုအပါအဝင်(၅၁.၈%) ဖြစ်ပါတယ်။ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောအနေဖြင့် ဧကပေါင်း(၁၂၆၉၀၅၄)ဧက တိုးချဲ့ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမှာ ဧကပေါင်း(၄၅၀)ကို ဌာနသစ်တောစိုက်ခင်း တည်ထောင်ထားပါတယ်။ ရှမ်းပြည်နယ်ပေါင်းချုပ်တစ်ခုလုံးအနေနှင့် ဧကပေါင်း(၈၀၀)တည်ထောင်ထားပါတယ်။ ရှင်တဲ့အပင်ပေါင်း (၉၅.၅၄%)ရှိပါတယ်။ ၂၀၁၅-၂၀၁၆ သစ်တောစိုက်ခင်းတည်ထောင်စိုက်ပျိုးမဲ့ လျာထားချက်မှာ ရှမ်းပြည်နယ်ပေါင်းချုပ်အနေနှင့် ရေဝေရေလဲစိုက်ခင်းအပါအဝင် ဧကပေါင်း (၄၅၀)စိုက်ပျိုးသွားမှာဖြစ်ပါတယ်။

အပိုင်း(၂)အနေနဲ့ သစ်တောဦးစီးဌာနရဲ့ လမ်းဘေးဝဲယာ ကျွန်းစိုက်ခင်း၊ တစ်အိမ်ထောင် ကျွန်းသုံးပင် စိုက်ခင်း၊ တစ်အိမ်ထောင် သစ်မာ(၂၀)၊ ကျေးရွာအလိုက် ကျေးရွာပိုင် သစ်စိုက်ခင်း တစ်ကေစီ တည်ထောင်ခြင်းဆိုတဲ့ လုပ်ငန်းများဖြစ်ပါတယ်။ ရှမ်းပြည်နယ်ပေါင်းချုပ်အနေနဲ့ ရှမ်းပြည်နယ်မှာအပင်ပေါင်း(၁၁)သိန်းကျော် စိုက်ပျိုးထားပြီးတော့ ရှင်တဲ့အပင်အပေါင်း ၈၆.၉၈ % ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျေးလက်အိမ်ရာ သစ်တောစိုက်ခင်းစုစုပေါင်း အပင်ပေါင်း(၁၁)သိန်း စိုက်ပျိုးမှာ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်အရ သီးပင်စားပင် သစ်တောပင်တွေကို အပင်ပေါင်း(၆၅၀၀၀၀) စိုက်ပျိုးပြီး ရှင်တဲ့အပင်ပေါင်းက ၈၇.၁၃% ရှင် ကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်အရ ၂၀၁၅-၂၀၁၆မှာ နှစ်ရှည်သီးပင်စားပင် နှင့် သစ်တောသစ်ပင်မယ်ဇလီစိုက်ပျိုးမဲ့ အပင်ပေါင်းက အားလုံး(၁၀)သိန်း စိုက်ပျိုးမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ပေါင်းချုပ်အနေဖြင့် သစ်တောအစုအဖွဲ့ပိုင် စိုက်ပျိုးထားတဲ့ ဧကပေါင်း (၆၄၇၇၈)ဖြစ်ပြီး အဖွဲ့ဝင်ဦးရေ (၁၁၈၈၈)ရှိပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်မှာ အရေးကြီးဆုံးကန်တစ်ခုဖြစ်တဲ့ အင်းလေးကန် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဟာလည်း အင်မတန်မှ အရေးကြီးပါတယ်။ အင်းလေးကန်ကြီးရဲ့ အချက်အလက်များကို တင်ပြရရင် ထူးရှားတဲ့ ဘူမိသွင်ပြင်အနေအထား ကုန်းမြင့်ရန်ကြီးနဲ့ လှပတဲ့သဘာဝ ပတ်ဝန်းကျင်တို့နှင့်ပြည်စုံလှတဲ့ အင်းလေးကန်ကြီးဖြစ်ပါတယ်။ ဒေသအတွင်းမှာ တွေ့ရှိရတဲ့ ငါးမျိုးစိတ်တွေ၊ ရေညှိ၊ ရေမှော်ပင်တွေ၊ ဆောင်းခိုငှက်တွေ၊ သစ်ခွမျိုးစိတ်တွေ အစရှိတဲ့ ဇီဝမျိုးစုံ မျိုးကွဲများ များပြားစွာ ထူးခြားမှုလည်း အများကြီးရှိပါတယ်။ နောက် ၂၀၁၃ ခုနှစ်မှာ အာဆီယံအဖွဲ့အစည်းကနေပြီး အာဆီယံအမွေအနှစ်ဥယျာဉ် ( ASEAN Heritage Park ) ဆိုပြီး

သတ်မှတ်ခံခဲ့ရပါတယ်။ ရေပေါ်မှာ အိမ်ဆောက်ထားတဲ့ ရွာများ၊ ကျွန်းမျောစိုက်ခင်းများသည် ထူးခြားတဲ့ သွင်ပြင်လက္ခဏာများ ဖြစ်ပါတယ်။

အင်းတိုင်းရင်းသားလူမျိုးတို့၏ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများဖြင့်လည်း ကြွယ်ဝမှု ရှိပါတယ်။ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးတိုးတက်ရေး အလားအလာရှိတဲ့ ဒေသ တစ်ခုလည်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အင်းလေးကန်ထဲကို ချောင်းပေါင်း(၂၉)ချောင်း စီးဝင်ပြီး တစ်နှစ်လုံးစီးဝင်တဲ့ ချောင်းကတော့ (၄)ချောင်းဖြစ်ပါတယ်။ နမ့်လတ်ချောင်း၊ ရေပယ်ချောင်း၊ ကလောချောင်းနဲ့ အထက်ဘီလူးချောင်း ဖြစ်ပါတယ်။ အင်းလေးကန်က ထိခိုက်စေတဲ့ အကြောင်းအရာတွေကတော့ ဒေသတွင်းမှာ တိုးပွားလာတဲ့ လူဦးရေနဲ့အတူ သစ် နှင့် ထင်းလောင်စာ လိုအပ်ချက်များလည်း မြင့်တက်လာပါတယ်။ အလားတူ စိုက်ပျိုးမြေရှားပါး မှုကြောင့် ထိခိုက်ပျက်စီးလွယ်တဲ့ မြေနေရာများတွင် ထွန်ယက်စိုက်ပျိုးလာတယ်။ ရေစီး နွံနင်းလျော့နည်းပြီး နုန်းဖမ်းယူထားတဲ့ ရေတိမ်များလျော့နည်းသွားတယ်။ စိုက်ပျိုးရေး နည်းစနစ်ဖြင့် စိုက်ပျိုးသည့် သီးနှံများ ခေတ်ကာလအခြေအနေအရ ပြောင်းလဲလာခြင်း၊ စိုက်ပျိုးမြေများနှင့် ရေနှင့်မြေဆီလွှာထိန်းသိမ်းတဲ့ နည်းစနစ်များ လိုက်နာကျင့်သုံးမှု အားနည်း ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာအားနည်းခြင်းနဲ့ ရာသီဥတု ပြောင်းလဲလာခြင်းနဲ့အတူ မိုးရွာသွန်းမှုပုံစံများလည်း ပြောင်းလဲလာကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၉ ခုနှစ်မှာဆိုရင် အင်းလေးဒေသမှာ လူဦးရေ ၁၅၀၀၀၀ ကျော်ပဲရှိပါတယ်။ ၂၀၁၄ ခုနှစ်မှာ အင်းလေးဧရိယာဒေသမှာ လူဦးရေ (၁၇၂၃၉၇) ဦးတိုးတက်များပြားလာတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ အပူချိန်ကလည်း ပိုပြီးတော့ မြင့်တက်လာပြီး အလားတူ မိုးရေချိန်လက်မကလည်း (၃၀) ကျော်ကျော်လောက်ပဲ ရှိတာကို လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီအင်းလေးကန်ထဲကို စီးဝင်တဲ့ ဧက ပေက(၂၂၀၂၁)ရှိပြီးတော့ သုံးစွဲတဲ့ဧက (၄၀၉၃၉)ရှိတဲ့အတွက်ကြောင့် အင်းလေးကန်ဟာ တောတော်လေး ရေနည်းပါးရခြင်းဖြစ်ပါတယ်။ သုံးရေနဲ့ ဝင်ရေမမျှတမှုကို ဖော်ပြခြင်းပဲ ဖြစ်ပါတယ်။ အင်းလေးကန်ထဲမှာ ၂၀၁၀ ခုနှစ်က ဘယ်ဖက်အပိုင်းမှာ သစ်တောဖုံးလွှမ်းမှုများ ပြီးတော့ ၂၀၁၅ မှာ သစ်တောဖုံးလွှမ်းမှု နည်းပါးသွားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

စိုက်ပျိုးမြေက တော်တော်လေးတိုးတက်လာတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ၂၀၁၀ မှာ စိုက်ပျိုးမြေဧရိယာ (၈၉၃)ဖော်ပြပြီးတော့ ၂၀၁၅ မှာ စတုရန်းမိုင် (၁၃၈၈.၇၆)အထိ စိုက်ပျိုးမြေ ဧရိယာများပြားလာပါတယ်။ အင်းလေးဒေသတွက် Trust Fund တည်ထောင်ထားပြီး စုစုပေါင်း ဝင်ငွေသိန်းပေါင်း (၁၀၂၅၄)သိန်းရှိပါတယ်။ ရှမ်းပြည်နယ်အစိုးရမတည်ငွေ၊ အင်းလေးဇုန် ဝင်ခွင့်ရရှိငွေ၊ ဟိုတယ်(၁၄)လုံး ထည့်ဝင်လှူဒါန်းငွေနဲ့ ဘဏ်တိုး ရရှိငွေပေါင်း (၃၈၃)အပါအဝင် စုစုပေါင်းဝင်ငွေ (၁၀၂၅၄)သိန်းရှိပါတယ်။ အဲဒီလုပ်ငန်းတွေအတွက် ဆောင်ရွက်တဲ့အခါမှာ

သိန်းပေါင်း(၃၄၅၆)သိန်းကျော်ရှိပါတယ်။ Trust Fund လက်ကျန်ငွေက သိန်းပေါင်း (၆၇၉၇၆၂၀၀၄)ကျန်ပါတယ်။ ရှမ်းပြည်နယ်သစ်တောဦးစီးဌာန အခွန်တော်ရရှိမှုအနေနဲ့ (၈၈.၂၂.)ရာခိုင်နှုန်းရှိပါတယ်။ ပြည်ထောင်စုက (၇၀.၁၇) ရာခိုင်နှုန်းပဲရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်ရဲ့ သစ်တောနဲ့ပတ်သက်တဲ့ ပြဿနာတစ်ခုကတော့ တရားမဝင် သစ်သယ်ဆောင်ခြင်းလုပ်ငန်းဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ မှာ သစ်ဖမ်းဆီးရမှု တန်ပေါင်း(၄၈၆၀)ကျော်ပဲရှိပြီး ၂၀၁၂-၂၀၁၃ မှာ တန်ပေါင်း(၇၆၈၉)ကျော်၊ ၂၀၁၃-၂၀၁၄ မှာ တန်ပေါင်း (၁၃၂၆၁)တန်ကျော်၊ (၁၅.၂.၂၀၁၅)အထိ သစ်ဖမ်းဆီးရမှု တန်ပေါင်း (၆၄၉၈. ၇၅၆၀)တန် ဖမ်းဆီးရရှိပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောထဲမှာ နှစ်ကာလအတိုင်းအတာတစ်ခုအထိ တရားမဝင် အခြေကျ နေထိုင်သည့် ရွာစု၊ အိမ်စုတွေကို ကျွန်တော်တို့ သစ်တောကြိုးဝိုင်းတွေအတွက် ပယ်ဖျက်ပေး နေပါတယ်။ အိမ်ခြေ(၅၀)နဲ့အထက် ပြည်ထဲရေးအမည်ပေါက် ရွာ၊ အိမ်ထောင်စုတွေကို သစ်တောကြိုးဝိုင်းမြေကနေ ပယ်ဖျက်ပေးနေပါတယ်။ ပယ်ဖျက်ပြီးတဲ့ ဧကပေါင်းကတော့ (၄၄၀၃၇.၇၂)ဧက ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ သတ္တုလုပ်ငန်းအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေမှာ သတ္တုလုပ်ငန်းဟာ မှတ်ချက်ပေးတဲ့အဆင့်မှာရှိတယ်ဆိုသော်လည်း ရှမ်းပြည်နယ်မှာ သတ္တု မျိုးစုံ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ကုမ္ပဏီအရေအတွက် (၆၈)ခုရှိပြီး အကြီးစားထုတ်လုပ်တဲ့ ကုမ္ပဏီက (၁၉)ခု၊ အသေးစား(၇၄)၊ စမ်းသပ်တိုင်းတာမှု(၄၇)ခု စုစုပေါင်းလုပ်ကွက်အနေနဲ့ (၁၄၀)ရှိကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းတောင်မှာ ကုမ္ပဏီအရေအတွက် (၉၃)ခုရှိပြီး အကြီးစား(၁၂)ခု၊ အသေးစားထုတ်လုပ်ခွင့် (၁၁၆)ခု၊ စမ်းသပ်တိုင်းတာခွင့်ရတဲ့ဟာက (၁၅)ခု ရှိပြီး တော့ စုစုပေါင်းလုပ်ကွက် (၂၄၃)ရှိကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုမ္ပဏီအတွက် (၆၄)ခု၊ အကြီးစားကုမ္ပဏီ(၁)ခု၊ အသေးစားလုပ်ကွက်(၆၀)ခု၊ စမ်းသပ် တိုင်းတာမှု(၇၂)ခု၊ စုစုပေါင်းလုပ်ကွက် (၁၃၃)ကွက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်မှာ သတ္တုလုပ်ငန်းက ပြည်ထောင်စုလုပ်ပိုင်ခွင့် ဖြစ်သော်လည်း ရှမ်းပြည်နယ်ထဲမှာ သတ္တုတူးဖော်လျှင် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေကောက်ခံပါတယ်။ ရွှေတစ်ဧက(၁)သိန်း၊ သတ္တု(၅၀၀၀၀)၊ ကျောက်မီးသွေး(၃၀၀၀၀) ကောက်ခံပါတယ်။ အစိုးရသက်တမ်း(၄)နှစ် အတောအတွင်း ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေ စုစုပေါင်းသိန်းပေါင်း (၂၅၇၃၈.၅၃၁)သိန်း ကောက်ခံရရှိပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ နိဂုံးချုပ်အနေနဲ့ မူဝါဒများနဲ့အညီ ပြည်သူအခြေပြုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင် အောင်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

# ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(စတုတ္ထနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ပဉ္စမနေ့)ကို ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ရပ်နားပါမယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)ကို ၂၀၁၅ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ (တနင်္လာနေ့)၊ နံနက်(၁၀)နာရီ အချိန်မှာ ဆက်လက် ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

# ရှမ်းပြည်နယ်

# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

# (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (ပဉ္စမနေ့)မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၁၁)ရက်
## ၂၀၁၅ ခုနှစ်၊ မတ်လ ၃၀ ရက်

## [တနင်္လာနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့) အစီအစဉ်ကို နံနက် (၁၀:၀၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးစိုင်းသော်ဝင်း၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် လွှတ်တော်ရုံး၊ လွှတ်တော်ရုံးအကြီးအမှူးက ဆောင်ရွက်ပါသည်။

**အခမ်းအနားမှူး။** မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပြီ ခင်ဗျား။ အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ

လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၉၉)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၇၁.၂၂)% ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ (၃)ပုံ(၁)ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀ ၊ ပုဒ်မခွဲ(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပ ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေ ပေးထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ် သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်က သော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့(၂၃.၃.၂၀၁၅)ရက်နေ့မှ (၂၆.၃.၂၀၁၅)အထိ (၄)ရက်တိုင်တိုင် ခွင့်ပန်ကြားခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်(၂၇)ဦးအား ယနေ့ (၃၀.၃.၂၀၁၅)ရက်နေ့မှ အစည်းအဝေးပြီးတဲ့ ရက်အထိ ထပ်မံခွင့်ပြုကြောင်း ကြေညာပါတယ်။ ဒီကနေ့ ဆက်လက်ပြီး မတက်ရောက်နိုင်တဲ့ ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းညွန့်ဝင်း၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌ။** အားလုံး မင်္ဂလာပါခင်ဗျား။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)သို့ တက်ရောက်လာကြတဲ့

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းညွှန့်ဝင်းဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်နိုင်ခြင်းမရှိသည့် အောက်ပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း(၁၄)ဦးအား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရသည့်အတွက် ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထား တင်ပြလာမှုကို ခွင့်ယူသူအားလုံးရဲ့ ကိုယ်စားအဖြစ် တင်ပြတောင်းခံအပ်ပါသည်-

(၁) ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးချုပ် ခွင့်(၂)ရက်

(၂) ဦးအောင်ကျော်ညွန့်၊ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ခွင့်(၂)ရက်

(၃) ဦးစိုင်းဆာလူ၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ခွင့်(၃)ရက်

(၄) ဦးဒူဝါးဇုတ်ဒေါင်၊ ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ခွင့်(၅)ရက်

(၅) ဦးလောရင်း၊ ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ခွင့်(၅)ရက်

(၆) ဦးအီးရှာမွေ၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ခွင့်(၅)ရက်

(၇) ဦးစိုင်းလုံ၊ မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ခွင့်(၅)ရက်

(၈) ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ခွင့်(၅)ရက်

(၉) ဦးအောင်ကြည်ဝင်း၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ခွင့်(၁)ရက်

(၁၀) ဦးကိုကို၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ခွင့်(၅)ရက်

(၁၁) ဦးထူးကိုကို၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ခွင့်(၅)ရက်

(၁၂) ဦးစိုင်းပန်၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ခွင့်(၅)ရက်

(၁၃) ဗိုလ်မှူးဝင်းဟန်၊ တပ်မတော်သားကိုယ်စားလှယ် ခွင့်(၅)ရက်

(၁၄) ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ခွင့် (၂)ရက်

ပဥ္စမနေ့ အစည်းအဝေးမှာ ခွင့်ထပ်မံလျှောက်ထားသူ (၁၄)ဦးရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါသလားခင်ဗျား။ **(သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ )**

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်ကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၃၉)ဦးရှိပြီး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦး၊ စုစုပေါင်းခွင့်ပြုထားသူ(၄၁)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ(၄)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များရဲ့ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပဥ္စမနေ့ တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။ )**

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဖြစ်ပါတယ်။ ယခု ပြည်နယ်

လွှတ်တော်ကိုယ်စားလှယ်(၇)ဦးက မေးမြန်းတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့ဝင်များမှ ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မြ၊ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက်လာတဲ့ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း လေးစားဂါရဝပြုပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်ကတော့ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြ ဖြစ်ပါတယ်။ ယနေ့ကျင်းပတဲ့အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ နောင်ချိုမြို့နယ်မှာ ဆည်မြောင်းဦးစီးဌာနရုံး ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနဲ့ ပတ်သက်ပြီး မေးမြန်းသွားမှာပဲဖြစ်ပါတယ်။ နောင်ချိုမြို့နယ်ဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ မြို့နယ်ဖြစ်တဲ့အတွက် ကြံသီးနှံ၊ ပြောင်းသီးနှံ၊ ဂျုံသီးနှံများ အများဆုံးထွက်ရှိတဲ့ မြို့နယ်ဖြစ်ပြီး အခြားသီးနှံများလည်း စိုက်ပျိုးထွက်ရှိတဲ့ မြို့နယ်ဖြစ်ပါတယ်။ မြို့နယ်အတွင်း ရေအရင်း အမြစ်များပြားတဲ့ မြို့နယ်ဖြစ်တဲ့အတွက် စိုက်ပျိုးရေလုံလောက်စွာရရှိနိုင်ဖို့ ချောင်းကြီးရေလွှဲ ဆည်ကို ရှမ်းပြည်နယ်အစိုးရက ငွေလုံးငွေရင်းချထားပေးပြီး တည်ဆောက်လျက်ရှိသည့်အပြင် ကျေးရွာရေကန်(၆)ကန် ပြုပြင်ခြင်း၊ ရေလှောင်ကန်များ တည်ဆောက်ပေးရန် ဘတ်ဂျက်များ ချထားပေးပြီး ဖြစ်ပါတယ်။ တည်ဆောက်ပြီးစီးခဲ့တဲ့ ရေလွှဲဆည်များ၊ ရေကန်များလည်း ရှိပါတယ်။ ရေတံခွန်များ အမြဲတမ်းစီးဆင်းနေတဲ့ ချောင်းများကို အခြေခံပြီး ရေလွှဲဆည်များ၊ ရေလှောင်တမံများ ထပ်မံဆောက်လုပ်ဖို့ သင့်တော်သောနေရာများလည်း ကျန်ရှိနေသေးတဲ့ အတွက် ဆည်များ၊ ရေလှောင်ကန်များ တည်ဆောက်တဲ့နေရာမှာ ကျွမ်းကျင်မှုရှိတဲ့ ဆည်မြောင်းဦးစီးဌာနကို နောင်ချိုမြို့နယ်မှာ ဖွင့်လှစ်ပေးခြင်းဖြင့် အချိန်မီလုပ်ငန်းများ ပြီးစီး နိုင်သည့်အပြင် ကျေးလက်ဒေသရှိ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေများ လုံလောက်စွာ ရရှိနိုင်မှာဖြစ်ပါတယ်။ နောင်ချိုမြို့မှာ ဆည်မြောင်းဦးစီး ဌာနရုံး ဖွင့်လှစ်မည်ဆိုပါက ရုံးမြေနေရာ၊ အဆောက်အဦလည်း အဆင်သင့်ရှိပြီးဖြစ်တဲ့ အတွက် ရေကန်အသင့် ကြာအသင့် ရှိပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နောင်ချိုမြို့နယ်မှာ ဆည်မြောင်းဦးစီးဌာနရုံး ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါက မည်သည့် ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြရဲ့ နောင်ချိုမြို့နယ်တွင် ဆည်မြောင်းဦးစီးဌာနရုံး တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါသည်ဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးကိုယ်စား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော်ဒေါက်တာမျိုးထွန်းက ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ နောင်ချိုမြို့နယ်တွင် ဆည်မြောင်းဦးစီးဌာနရုံး ဖွင့်လှစ်ပေးရန် ရုံးမြေနေရာ ရှိပြီးဖြစ်ပါတယ်။ ရုံးအင်္ဂါရပ်နှင့် ညီမျှသော ရုံးအဆောက်အဦ တည်ဆောက်ထားခြင်းမရှိသေးပါ။ နောင်ချိုမြို့သည် ကျောက်မဲမြို့နှင့် ၃၂ မိုင်သာ ကွာဝေးပါသည်။ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့တွင် ဦးစီးအရာရှိ မြို့ပြရုံးဖွင့်လှစ်ထားပြီး နောင်ချိုမြို့နယ်အတွင်းရှိ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ နောင်ချိုမြို့နယ်တွင် ဆည်မြောင်းဦးစီးဌာနရုံး ဖွင့်လှစ်ခွင့်ရရှိရန် ပြည်နယ်ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ရုံးသို့ တင်ပြသွားစေမည်ဖြစ်ကြောင်းနှင့် လောလောဆယ်အားဖြင့် ဖွင့်လှစ်ပေးရန် အစီအစဉ် မရှိကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းခမ်းကျော်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျာ။ ကျောက်မဲမြို့၊ အမှတ်(၁)ရပ်ကွက်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းနဲ့ ပတ်သက်တဲ့မေးခွန်းကို ကျွန်တော် ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကျော်ကနေ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်မဲမြို့၊ အမှတ်(၁) ရပ်ကွက်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းကို ယခင်ပြည်ထောင်စု ဆိုရှယ်လစ် အစိုးရလက်ထက်တွင် စတင်တည်ဆောက်ခဲ့ပါတယ်။ (၃၀×၁၆၀)ပေ၊ (၃၀×၁၄၀)ပေ နှစ်ထပ်အဆောက်အအုံ နှစ်လုံးကို (၁၃၁)ဧကရှိတဲ့ မြေအကျယ်အဝန်းမှာ တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။ ၎င်းစိုက်ပျိုးရေးသိပ္ပံကျောင်းကို ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက်တွင် တပ်မတော်စိုက်ပျိုးရေးသင်တန်းကျောင်းအဖြစ် လွှဲပြောင်းပေးခဲ့ပါသော်လည်း ယနေ့အချိန်ထိ ဖွင့်လှစ်နိုင်ခြင်း မရှိခဲ့ပါ။ အမှတ်(၁)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ မွေးမြူရေးခြံအဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားပါ

သော်လည်း အဆောက်အဦမှာ ယိုယွင်းပျက်စီးနေပြီး အချိန်မီ ပြုပြင်ထိန်းသိမ်းရန် လိုအပ်လျက်ရှိပါတယ်။

ယခင်ရှိထားပြီးတဲ့အခြေခံအဆောက်အဦများ၊ အရင်းအမြစ်များကို အသုံးမပြုနိုင်ဘဲ လေလွင့်ပျက်စီးရခြင်းကြောင့် နိုင်ငံတော်အတွက် အလွန်နစ်နာလှပါတယ်။ မြို့နယ်အတွင်းမှာ ရှိတဲ့ ပြည်သူလူထုများကတော့ ၎င်းစိုက်ပျိုးရေးကျောင်းကို မူလရည်ရွယ်ထားတဲ့အတိုင်း စိုက်ပျိုးရေးအထက်တန်းကျောင်းဖြစ်စေ သို့မဟုတ် စက်မှုလက်မှုအထက်တန်းကျောင်း ဖြစ်စေ ပြန်လည်ဖွင့်လှစ်ပေးရန် လိုလားကြပါတယ်။ တကယ်လို့ ဖွင့်လှစ်ပေးနိုင်မယ်ဆိုရင် ဒေသအတွင်း၊ ပြည်နယ်အတွင်းမှာ လုပ်သားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာနိုင်မှာ ဖြစ်ပြီး ပြည်သူလူထုများအတွက်လည်း အမှန်တကယ်အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၎င်းစိုက်ပျိုးရေးသိပ္ပံကျောင်းကို မည်သို့ဆက်လက်ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း ပြည်သူလူထုကိုယ်စား မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ဦးစိုင်းခမ်းကျော်ရဲ့ မေးခွန်းနဲ့ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးကိုယ်စား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော်ဒေါက်တာမျိုးထွန်းက ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ကျောက်မဲမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းသည် အမှတ်(၁)ရပ်ကွက်၊ ကွင်းအမှတ်(၅၄/၄၂)တွင် တည်ရှိပါသည်။ ယခင်က ပညာရေးဝန်ကြီးဌာနမှ စိုက်ပျိုးမွေးမြူရေး အထကကျောင်း ဖွင့်လှစ်ရန်အတွက် ရည်ရွယ်ခဲ့ပြီး ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ (၁၈)ရက်နေ့တွင် လွှဲပြောင်းပေးခဲ့ကြောင်း (၁၃-၇-၂၀၀၀)ရက်နေ့စွဲပါ စာအမှတ်၊ ၂၀၂၆/၂-၆/ ပယက(ရှမ်း)မပ(၇၆၅)ဖြင့် လယ်ယာမြေကို တပ်မြေအဖြစ် သတ်မှတ်၍ လ/န (၃၉)ခွင့်ပြုမိန့်ရရှိထားပြီး ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနမှ (၂၇-၈-၂၀၁၁)နေ့စွဲပါ အမိန့်ကြော်ငြာစာဖြင့် အဆိုပါမြေဧရိယာအား စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်အတွက် ကာကွယ်ရေးဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းပေးခဲ့ကြောင်း သိရှိရပါသည်။ ယခုလက်ရှိအချိန်တွင် အဆိုပါမြေနေရာနှင့် အဆောက်အဦများသည် အမှတ်(၁)စစ်ဆင်ကွပ်ကဲရေးဌာနချုပ်မှ ပိုင်ဆိုင်ထားကြောင်းနှင့် တောင်သူများ၏ တောင်းဆိုမှုကြောင်း မြေဧရိယာ တစ်စိတ်တစ်ဒေသအား ပြန်လည်စွန့်လွှတ်ထားသော်လည်း အဆိုပါမြေနေရာနှင့် အဆောက်အဦများ ပါဝင်ခြင်းမရှိသေးသဖြင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်လည်စွန့်လွှတ်မှသာလျှင် စီစဉ်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းတင်ဦးက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးပဲမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဆန္ဒနှင့် လက်တွေ့ဘဝ ထပ်တူကျပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမည့် မေးခွန်းကတော့ နမ့်ခမ်းမြို့နယ် ဆီလီကွန်သလင်းကျောက် သတ္တုတူးဖော် သယ်ဆောင်မှုများအားလုံး လုံးဝရပ်တန့်သွားစေရန် တားမြစ်ပိတ်ပင်မှုများ မည်ကဲ့သို့ ဆောင်ရွက်ထားကြောင်း သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ဒီကျောက်တူးမှုလုပ်ငန်းနဲ့ပတ်သက်ပြီး လွှတ်တော်မှာ တင်ပြဆွေးနွေးခြင်းဟာ ယခု ဒုတိယအကြိမ် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီဆီလီကွန်သလင်းကျောက် တူးဖော်သယ်ဆောင်မှု လုပ်ငန်းများကြောင့် နမ့်ဆလီချောင်းနှင့် လယ်ယာမြေများ ပျက်စီးသွားခဲ့ရပြီး (၅.၉.၂၀၁၄)ရက်နေ့တွင် ပြည်သူလူထု(၄၀၀၀)ကျော်နီးပါး ကန့်ကွက်ဆန္ဒပြခဲ့ကြပါတယ်။ ထိုပျက်စီးဆုံးရှုံးမှုများကို ငွေကမ္ဘာကျော်သတ္တုတူးဖော်ရေးကုမ္ပဏီမှ ဆန္ဒပြပြည်သူများ၏ တောင်းဆိုချက်(၄)ချက်ဖြစ်သော-(က) နမ့်ခမ်းမြို့နယ်အတွင်း သတ္တုတူးဖော်ရေးလုပ်ငန်းများ အားလုံး လုံးဝချက်ချင်းရပ်တန့်ပေးရန်၊ (ခ) နမ့်ဆလီချောင်းနဲ့ ဆည်များကို နဂိုမူလအတိုင်း ပြန်လည်တူးဖော်တည်ဆောက်ပေးရန်၊ (ဂ) ဆုံးရှုံးခဲ့ရသော လယ်ယာမြေများနှင့် သီးနှံများ၏ တန်ဖိုးအပြည့်အဝ လျော်ကြေးရရှိရန်၊ (ဃ) ပျက်စီးသွားသော လယ်ယာမြေများကို ပြန်လည် စိုက်ပျိုးနိုင်အောင် ပြုပြင်ပေးရန် ဆိုတဲ့ တောင်းဆိုချက်(၄)ချက်ကို ငွေကမ္ဘာကျော်သတ္တုတူးဖော်ရေးကုမ္ပဏီမှ အပြည့်အဝ ဆောင်ရွက်ပေးခဲ့ခြင်းမရှိပါ။ သတ္တုတူးဖော်ရေးလုပ်ငန်းများမှ ရရှိတဲ့ ရန်ပုံငွေနဲ့ နမ့်ခမ်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဟု ဆိုခြင်းမှာလည်း ဆိုးကျိုးများက ကောင်းကျိုးထက် ပိုမိုများပြားပြီး ခါးသီးနာကြည်းစွာ ကြုံတွေ့နေရတဲ့ အတွက်ကြောင့် ပြည်သူများက လက်မခံကြပါဘူး။ ဒါ့အပြင် ယခုတူးဖော်သည့်လုပ်ငန်းခွင်များကြောင့် နမ့်ခမ်းဖောင်ချောင်း၊ နမ့်မချောင်း၊ နမ့်မတူချောင်းနဲ့ အနီးတဝိုက်မှာ လယ်ယာမြေများဟာ ပိုမိုဆိုးရွားတဲ့ ပျက်စီးဆုံးရှုံးများဖြစ်ပေါ် ကြုံတွေ့မည်မှာ ကေန်မလွဲပါဘူး။ အထူးသဖြင့် ရွှေလီရေအားလျှပ်စစ်စက်ရုံကို ရေပေးလျက်ရှိတဲ့ ရွှေလီမြစ်ရေ တိမ်ကောသွားစေနိုင်ပြီးတော့ လယ်ယာမြေများနှင့် သဘာဝပတ်ဝန်းကျင်များ ထပ်မံပျက်စီးဆုံးရှုံးရမည်ကို ပြည်သူများက လက်မခံနိုင်ကြောင်း၊ ဆီလီကွန်သတ္တုကြောင့် သတ္တုတူးဖော်ရေးလုပ်ငန်းများ အားလုံး ထာဝရရပ်တန့်ပေးရန် တင်ပြလာပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့သော

နှစ်၌ သမ္မတထံ ကျောက်တူးဖော်မှု လုပ်ငန်းများကို ကန့်ကွက်သော ပြည်သူ(၆၀၀၀)ကျော်က လက်မှတ်ရေးထိုး၍ စာတင်ခြင်း၊ ပြည်သူ့ကိုယ်စားလှယ်ဖြစ်တဲ့ ကျွန်တော်ဟာလည်း ပြည်သူတို့ရဲ့ နစ်နာဆုံးရှုံးမှုများကို တွေ့မြင်ရ၍ သမ္မတထံ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ၊ ဝန်ကြီးများထံသို့ အကြိမ်ကြိမ်စာတင်ကန့်ကွက်ထားပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံတော် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာ၌ ပြည်သူများ၏ အသံဟာ အင်မတန်အရေးကြီးပါသဖြင့် ပြည်သူများ၏ အသံကို နားစွင့်မှသာလျှင် တိုင်းပြည်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးပြီး အစိုးရ၏ လုပ်ငန်းဆောင်တာများကိုလည်း အထောက်အကူဖြစ်စေနိုင်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့မှာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် အဖွင့်မိန့်ခွန်းပြောကြားရာ၌ ပြည်သူတွေပါဝင်တဲ့ အရေးကြီးတဲ့ အခန်းကဏ္ဍတွေကို ထည့်သွင်းမိန့်ကြားသွားတာ တွေ့ရတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ ယခုကျွန်တော်တို့ နမ့်ခမ်းပြည်သူများဟာ ကျောက်တူးဖော်မှုလုပ်ငန်းများကြောင့် အမှန်ကကယ် နစ်နာဆုံးရှုံးမှု၊ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်၊ ရေအရင်းအမြစ်၊ မြစ်ချောင်းတိမ်ကောပျက်စီးမှုများကို ကြုံတွေ့ခံစားလာရသည်မှာ နှစ်နှစ်ကျော်၊ သုံးနှစ်ထဲသို့ ရောက်ရှိနေပါပြီ။ ဒီကိစ္စကြောင့် စိတ်ဖိစီးမောပန်းနွမ်းနယ်ကြရပြီး စိတ်ဒုက္ခကြောင့်ကြမှု၊ စိုးရိမ်မှုခံစားနေကြရတာကြာပါပြီ။

ပဥ္စမ မဏ္ဍိုင်ဖြစ်တဲ့ ကျွန်တော်တို့ ပြည်သူတို့ရဲ့ ခံစားချက်ဆန္ဒတို့ကို လစ်လျူမရှုသင့်သလို ပြည်သူတို့အမှန်တကယ် ကြုံတွေ့နေရတဲ့ ကျောက်တူးဖော်မှုကြောင့် ဖြစ်ရသောပြဿနာများနှင့် ကျောက်တူးဖော်မှုကြောင့် ဖြစ်ရသောဆိုးကျိုးများ ကျောက်တူးဖော်ကုမ္ပဏီတွေရဲ့ နမ့်ခမ်းပြည်သူတွေအပေါ် မလေးစားမှု၊ မထီမဲ့မြင်မှု၊ မောက်မာစွာ ဆက်ဆံမှု၊ ကိုယ်ကျိုးအတ္တကြီးမှုတို့ကို ရှမ်းပြည်နယ်အစိုးရမှ ဒါမှမဟုတ် ပြည်ထောင်စုအစိုးရမှ သက်ဆိုင်ရာဝန်ကြီးဌာနများကနေပြီးတော့ အမှန်တကယ် စစ်ဆေးတွေ့ရှိချက် ကိုယ်ချင်းစာတရားထားရှိမှုတို့ကို အခြေခံပြီး ကွင်းဆင်းစစ်ဆေးတားမြစ် ဆောင်ရွက်ပေးစေလိုကြောင်း တင်ပြလိုပါတယ်ခင်ဗျား။ ယခုကုမ္ပဏီများရဲ့ နမ့်ဆလီချောင်း ပြုပြင်မှု၊ လမ်းပြုပြင်မှုများဟာ ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်နေခြင်းမဟုတ်ဘဲ တခြားလုပ်ကွက်များကို လုပ်လို၍ သူတို့ကျောက်တူးမှုကြောင့် ပျက်စီးနေသောအပိုင်းများကို ပြန်လည်၍ပြုပြင်နေခြင်းသာ ဖြစ်ပါတယ်။ ဒါတောင်မှ ပြန်လည်အပြည့်အဝ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း မရှိခဲ့ပါဘူး။ ပြည်သူများဟာ ကျောက်တူးလုပ်ငန်းများကို တားဆီးကန့်ကွက်နေခြင်းမှာ ပျက်စီးဆုံးရှုံးနစ်နာမှုကို ခံရလွန်း၍သာဖြစ်ပါတယ်။ ပြည်သူများရဲ့ လုပ်ဆောင်ချက်ဟာ အပြစ်ရှိတယ်လို့ မဆိုနိုင်ပါဘူး။ သို့ဖြစ်ပါ၍ နမ့်ခမ်းမြို့နယ်အတွင်း ဆီလီကွန်သလင်းသတ္တုကျောက် တူးဖော်သယ်ဆောင်မှုများ

အားလုံး ထာဝရရပ်တန့်သွားစေရန် တားမြစ်ပိတ်ပင်မှုများ မည်ကဲ့သို့ ဆောင်ရွက်ထားကြောင်း ကိုသိရှိလိုပါသည်ဆိုတဲ့ မေးခွန်းကို မေးမြန်းလိုပါသည်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း၊ သစ်တောသတ္တုဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ပဏာမဆုမွန်ကောင်းတောင်းအပ်ပါတယ်။ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းတင်ဦးမေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သစ်တောသတ္တုဝန်ကြီး ကျွန်တော် ဦးစိုင်းအိုက်ပေါင်းက ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ မေးမြန်းထားတဲ့အကြောင်းအရာကတော့ နမ့်ခမ်းမြို့နယ်အတွင်း ဆီလီကွန်သလင်းကျောက်သတ္တု တူးဖော်သယ်ဆောင်မှုများအားလုံး လုံးဝရပ်တန့်သွားစေရန် တားမြစ်ပိတ်ပင်မှုများ မည်ကဲ့သို့ ဆောင်ရွက်ထားကြောင်း သိရှိလိုပါသည်နဲ့ ပတ်သက်ပြီး ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖြေကြားချက်အပိုဒ်(၁)အနေနဲ့ နမ့်ခမ်းမြို့နယ်အတွင်း သလင်းကျောက်လုပ်ကွက်အား အောက်ပါကုမ္ပဏီများသို့ ခွင့်ပြုမိန့် ထုတ်ပေးထားပါသည်-

(က) ငွေကမ္ဘာကျော်ကုမ္ပဏီသို့ ပန်ခါးဒေသရှိ မြေဧရိယာ (၄၉.၉၂)ဧကတွင် သလင်းကျောက် စမ်းသပ်တိုင်းတာရန် (၁)နှစ် သက်တမ်းကို (၂၃-၄-၂၀၁၄) ရက်နေ့မှ(၂၂-၄-၂၀၁၅)ရက်နေ့အထိခွင့်ပြုခဲ့ပါသည်။

(ခ) အမှတ်(၃)သတ္တုတွင်း လုပ်ငန်းနှင့် အစိမ်းရောင်ဗျူဟာ ကုမ္ပဏီလိမိတက်သို့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် သလင်းကျောက်အကြီးစား ထုတ်လုပ်ရန် (၁၀)နှစ် သက်တမ်းကို (၁၈-၁-၂၀၁၁) ရက်နေ့မှ(၁၇-၁-၂၀၂၁) ရက်နေ့အထိခွင့်ပြုခဲ့ပါသည်။

သလင်းကျောက်ထုတ်လုပ်မှု လုပ်ငန်းများအား နမ့်ခမ်းမြို့နယ်အတွင်းရှိ ဒေသခံအချို့မှ ကန့်ကွက်မှုများအပေါ် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ စေလွှတ်ပေးရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်ပြလာမှုအား ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် သတ္တုတွင်းဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ ပါဝင်သောအဖွဲ့ဖြင့် စစ်ဆေးခဲ့ပြီး အထက်အပိုဒ်(ခ)ပါ လုပ်ကွက်များအား လုပ်ငန်းယာယီရပ်ဆိုင်းထားရန် ညှိနှိုင်းဆောင်ရွက်ရန် ညွှန်ကြားပေးခဲ့ပြီး မြေပြင်ကွင်းဆင်း စစ်ဆေးချက် အစီရင်ခံစာကို သတ္တုတွင်းဝန်ကြီးဌာန၏ (၄-၁၁-၂၀၁၄)ရက်စွဲပါ စာအမှတ်၊ ၉ ခွဲ

(၂)၁၄(၁၁၆၅၆)ဖြင့် လိုအပ်သည်များ ဆက်လက်ဆောင်ရွက်နိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့ခဲ့ပါသည်။

ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်တွင် ယခင်က ငွေကမ္ဘာကျော်ကုမ္ပဏီလီမိတက်သို့ လုပ်ကွက်(၂)ကွက်၊ မဟာပါရမီရှင်များ ကုမ္ပဏီလီမိတက်သို့ လုပ်ကွက်(၁)ကွက်နှင့် ကွတ်ခိုင်မြို့နယ်အတွင်း ကောင်းကမ္ဘာကျော်ကုမ္ပဏီလီမိတက်သို့ လုပ်ကွက်(၂)ကွက်တို့ကို သလင်းကျောက်အသေးစားထုတ်လုပ်ရန်(၃)နှစ် (၃၀-၄-၂၀၀၈)ရက်နေ့မှ (၂၉-၄-၂၀၁၁)ရက်နေ့အထိ ခွင့်ပြုခဲ့ပြီး (၆-၄-၂၀၁၀)ရက်နေ့တွင် လုပ်ကွက်ဧရိယာအား ပြန်လည်ရယူ၍ ခွင့်ပြုမိန့်များကို ပြန်လည်အပ်နှံစေခဲ့ပါသည်။ ငွေကမ္ဘာကျော်ကုမ္ပဏီလီမိတက်မှ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ခွင့်ပြုကာလအတွင်း ထုတ်လုပ်သည်မှာ မှန်ကန်ကြောင်း ထောက်ခံချက်နှင့်အတူ ဈေးနှုန်းထောက်ခံချက် လျှောက်ထားလာမှုကို ဓာတ်သတ္တုခွန်(၈၄၅၄၃၆၉)ကျပ်အား ပေးဆောင်ခဲ့ပြီးဖြစ်သည့် သလင်းကျောက်(၂၀၀၀၀)မက်ထရစ်တန်အတွက် (၁၆-၁-၂၀၁၅)ရက်နေ့တွင် သတ္တုတွင်း ဝန်ကြီးဌာနမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ပို့ကုန်လိုင်စင်လျှောက်ထားခြင်းအပေါ် ကန့်ကွက်ရန် မရှိကြောင်း အကြောင်းကြားခဲ့ပါသည်။

မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၆၂(င)နှင့် ၆၄(င)၌ ဓာတ်သတ္တုအကြီးစား/အသေးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် "ထုတ်လုပ်ရရှိသည့် ဓာတ်သတ္တုထုတ်ကုန်များအား ပြည်တွင်း၌ ရောင်းချခြင်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်းလုပ်ငန်းများကို စည်းကမ်းများနှင့်အညီ လုပ်ကိုင်ခွင့်ရှိသည်" ဟု ဖော်ပြထားပြီး သတ္တုတွင်းဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုထားသော လုပ်ကွက်များမှ ထုတ်လုပ်ရရှိသည့် ဓာတ်သတ္တုများ ပြည်ပသို့တင်ပို့ရောင်းချရန်အတွက် သတ္တုတွင်းဝန်ကြီးဌာန၏ သတ္တုဈေးနှုန်းထောက်ခံချက်ဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ထုတ်ကုန်လိုင်စင်လျှောက်ထားရယူပြီး တရားဝင်ဖွင့်လှစ်ထားသည့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ပို့ကုန်လိုင်စင်သက်တမ်းကာလအတွင်း တရားဝင်တင်ပို့ရောင်းချခွင့်ရှိပါသည်။

မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၂၉ တွင် "ဝန်ကြီးဌာနသည် ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းမှ ထွက်ရှိသည့် ဓာတ်သတ္တုများကို ဝယ်ယူခြင်း၊ ရယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းပေးခြင်းတို့နှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တားမြစ်ချက်များ ထုတ်ပြန်နိုင်သည်" ဟု သတ်မှတ်ပြဋ္ဌာန်းထားပြီး မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၁ တွင် "မည်သူမဆို ပုဒ်မ ၂၉ အရ ထုတ်ပြန်ထားသော တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်

ထိုသူကို ထောင်ဒဏ်(၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်(၂၀၀၀၀)အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်” ဟု ပြဋ္ဌာန်းထားပါသည်။

မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၀ တွင် “ခွင့်ပြုမိန့်မရရှိဘဲ ဓာတ်သတ္တုလုပ်ငန်းတစ်ရပ်ရပ်ကို စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပါက လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်(၇)နှစ်ထိဖြစ်စေ၊ ငွေဒဏ်(၅)သောင်းထိဖြစ်စေ၊ ပြစ်ဒဏ်နှစ်ခုလုံးကိုဖြစ်စေ ချမှတ်ရမည်” ဟု ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ပါ၍ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး၏ မေးခွန်းနှင့် စပ်လျဉ်း၍ တရားဝင်ခွင့်ပြုထားသော လုပ်ကွက်များ၌ တူးဖော်မှုလုပ်ငန်းများနှင့် လုပ်ကွက်မှထွက်ရှိသော ဓာတ်သတ္တုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ သယ်ယူရောင်းချခွင့်ရှိပါကြောင်းနှင့် တရားမဝင်တူးဖော် သယ်ဆောင်မှုများအတွက် သက်ဆိုင်ရာဌာနနှင့် ဒေသအာဏာပိုင်များမှသာ ပူးပေါင်းတားဆီးပိတ်ပင်ရမည်ဖြစ်ပြီး ဒေသအတွင်း သလင်းကျောက်ရှာဖွေစမ်းသပ်ခွင့်၊ တူးဖော်ခွင့်ရရှိထားသော ကုမ္ပဏီများကြောင့် နိုင်ငံတော်ဝင်ငွေတိုးတက်ရရှိခြင်း၊ ဒေသခံများအလုပ်အကိုင်ရရှိခြင်း၊ ဒေသ၏ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာစေခြင်းတို့ကြောင့် ခွင့်ပြုပေးထားသင့်ကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးစိုင်းတင်ဦးက ဒုတိယ မေးခွန်းကို ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးပဲ မင်္ဂလာပါ။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ လက်တွေ့ဘဝ တစ်ထပ်တည်းကျပါစေ။ ကျွန်တော်မေးမဲ့ မေးခွန်းကတော့ နမ့်ခမ်းမြို့နယ်၊ မိုင်းဝီးကျေးရွာအုပ်စု၊ မိုင်းဝီးကျေးရွာတွင် GSM လက်ကိုင်ဖုန်းတာဝါတိုင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နမ့်ခမ်းမြို့နယ်၊ မိုင်းဝီးကျေးရွာအတွင်းမှာ အိမ်ခြေပေါင်း(၅၃၄)အိမ်၊ လူဦးရေပေါင်း(၅၀၀၀) ကျော်ရှိပြီးတော့ နမ္မတူမြို့နယ်၊ မန်တုံမြို့နယ်တို့နှင့်လည်း ခရီးပေါက်သော အချက်အချာကျဒေသတွင်း ကျေးရွာဖြစ်ပါတယ်။ ယခုအချိန်ထိ ၎င်းကျေးရွာနှင့် စပ်ဆက်ကျေးရွာများဟာ မည်သည့်ဆက်သွယ်ရေးကွန်ရက်မှ မရရှိသေးတဲ့အတွက် အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။ ဒါ့အပြင် လမ်းပန်းဆက်သွယ်ရေးကားလမ်း ကြမ်းတမ်းလျက်ရှိပြီး ဒေသတွင်းကျေးရွာများ ဖွံ့ဖြိုးမှုနှောင့်နှေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ နမ့်ခမ်းမြို့နယ်၊ မိုင်းဝီးကျေးရွာအုပ်စု

လူမှုဘဝပိုမိုဖွံ့ဖြိုးတိုးတက်ရန် GSM လက်ကိုင်ဖုန်း ဆက်သွယ်ရေးတာဝါတိုင်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးမြန်းလိုပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဦးစိုင်းတင်ဦးရဲ့ နမ့်ခမ်းမြို့နယ်၊ မိုင်းဝီးကျေးရွာအုပ်စု၊ မိုင်းဝီး ကျေးရွာတွင် GSM လက်ကိုင်ဖုန်းတာဝါတိုင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူက ဖြေကြားသွားမှာဖြစ်ပါတယ်။ နမ့်ခမ်းမြို့နယ်၊ မိုင်းဝီးကျေးရွာအုပ်စု၊ မိုင်းဝီးကျေးရွာတွင် GSM လက်ကိုင်ဖုန်းတာဝါတိုင် ဆောက်လုပ်ရန် လောလောဆယ် အစီအစဉ်မရှိပါကြောင်းနှင့် MPT အပါအဝင် Telenor ၊ Ooredoo ပုဂ္ဂလိက ကုမ္ပဏီများမှ ဆောင်ရွက်နေသဖြင့် အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်ရန် မရှိကြောင်း၊ ပုဂ္ဂလိကကုမ္ပဏီများ၏ အစီအစဉ်ဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဆန်ကွယ်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆန်ကွယ်၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မိုးမိတ်မြို့နယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဆန်ကွယ် ဖြစ်ပါတယ်။ ကျွန်တော် မေးခွန်းမေးမြန်းလိုတာကတော့ မိုးကုတ်မြို့နယ်၊ ကျောက်မျက်ဖြတ်စက် သဲ၊ နွံ၊ ကနယ်ရေများ မိုးမိတ်မြို့နယ်၊ သစ်ဆိမ့်ကုန်း ကျေးရွာအုပ်စုနှင့် ပဒါန်းကျေးရွာအုပ်စု လယ်မြေဧက(၃၀၀)ကျော် သဲ၊ နွံ၊ ကနယ်ရေများ ဖုံးလွှမ်းပျက်စီးမှုများ မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မိုးမိတ်မြို့နယ်၊ သစ်ဆိမ့်ကုန်း ကျေးရွာအုပ်စု၊ ကင်းချောင်းရွာ၊ ပေကုန်းရွာ၊ သစ်ဆိမ့်ကုန်းရွာ၊ နဘူးရွာ၊ ဆင်တဲကုန်းရွာ၊ ဘော်တယ်ရွာ တောင်သူများ လုပ်ကိုင်စားသောက်နေသော လယ်မြေဧက(၁၅၀၀)ကျော်၊ ယာမြေဧက(၂၀၀၀)ကျော် တောင်သူများ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်စားသောက်နေပါတယ်။ သို့ဖြစ်ပါ၍ မိုးကုတ်မြို့နယ်၊ ကျောက်မျက်ဖြတ်စက်များ စက်ကြီးဖြင့် အသုံးပြုမှု

ကြောင့် နှစ်(၂၀)ဝန်းကျင်အတွင်း သဲ၊ နွံ၊ ကနယ်ရေများ စီးဆင်းတာများပြားမှုကြောင့် ချောင်းများပြည့်လျှံပြီး လယ်မြေဧက (၃၀၀)ကျော် သဲ၊ နွံ၊ ကနယ်ရေများ ဖုံးလွှမ်းပြီး လယ်မြေများပျက်စီးသွားပါတယ်။ နွံဖမ်းဆည်နှင့် ချောင်းတိုင်းသဲ၊ နွံများ တူးဖော်ပေးရန်၊ ဆည်မြောင်းပညာရှင်များ ရေလွှဲတိုင်းတာ ဆောင်ရွက်ပေးရန် အမှန်တကယ်လိုအပ်နေပါတယ်။ အကယ်၍ ဆောင်ရွက်ပေးမှုမရှိပါက ကျန်လယ်ယာမြေဧက (၃၀၀၀)ကျော်ပါ ပျက်စီးသွားနိုင်ကြောင်း တောင်သူလယ်သမားများ လာရောက်တင်ပြထားပါတယ်။

အလားတူ ပဒါန်းကျေးရွာအုပ်စု၊ ပဒါန်းကွင်း၊ မိုးကောင်းကွင်း၊ နမလီကွင်း၊ မန်ကျည်းပင်ကွင်း လယ်မြေဧက (၁၀၇၅)ဧက အတွက် နွံဖမ်းဆည်အနီး ပဒါန်းချောင်းအတိုင်း သဲ၊ နွံများ အချိန်မီ ဆောင်ရွက်ပေးရန် မရှိပါက သဲ၊ နွံ၊ ကနယ်ရေများ လယ်မြေများဖုံးလွှမ်းပြီး ပျက်စီးနိုင်ကြောင်း တောင်သူလယ်သမားများ လာရောက်တင်ပြ၍ လေ့လာတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ မိုးကုတ်မြို့နယ်၊ ကျောက်မျက် ဖြတ်စက်များ စွန့်ပစ်သော သဲ၊ နွံ၊ ကနယ်ရေများ မိုးမိတ်မြို့နယ်၊ ပဒါန်းကျေးရွာအုပ်စု တောင်သူလယ်သမားများ မထိခိုက်စေရန် မိုးကုတ်မြို့နယ်၊ ကျောက်မျက်ဖြတ်စက်အဖွဲ့များမှာလည်း တာဝန်ရှိကြောင်း နွံဖမ်းဆည်နှင့် ချောင်းအတိုင်း သဲ၊ နွံများ တူးဖော်ပေးရန် အမှန် တကယ်လိုအပ်နေပါတယ်။ သို့ဖြစ်ပါ၍ နွံဖမ်းဆည်နှင့် ချောင်းအတိုင်း သဲ၊ နွံများ တူးဖော်ဆောင်ရွက်ပေးရန် တောင်သူလယ်သမားများ တင်ပြတောင်းဆိုပါတယ်။ သို့ဖြစ်ပါ၍ သစ်ဆိမ့်ကုန်း ကျေးရွာအုပ်စုနှင့် ပဒါန်းကျေးရွာအုပ်စု လယ်မြေများ မပျက်စီးစေရန် မည်ကဲ့သို့ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုပါကြောင်း တောင်သူလယ်သမားများ၏ကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း၊ သစ်တောသတ္တုဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ။ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဆန်ကွယ်ရဲ့ မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သစ်တောသတ္တုဝန်ကြီး ကျွန်တော် ဦးစိုင်းအိုက်ပေါင်းက ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဦးစိုင်းဆန်ကွယ် မေးမြန်းတဲ့အကြောင်းအရာကတော့ မိုးမိတ်မြို့နယ်၊ ကျောက်မျက် ဖြတ်စက်များ စွန့်ပစ်သော သဲ၊ နွံ၊ ကနယ်ရေများ ဖုံးလွှမ်း၍ မိုးမိတ်မြို့နယ်၊ သစ်ဆိမ့်ကုန်း ကျေးရွာအုပ်စုနှင့် ပဒါန်းကျေးရွာအုပ်စု လယ်မြေ(၃၀၀)ဧကကျော် ပျက်စီးခဲ့ရသဖြင့် လယ်မြေများ မပျက်စီးစေရန် ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ၊ မရှိနဲ့ပတ်သက်တဲ့ မေးခွန်းနှင့်ပတ်သက် ပြီးတော့ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးမိတ်မြို့နယ်၊ သစ်ဆိမ့်ကုန်း ကျေးရွာအုပ်စုနှင့် ပဒါန်းကျေးရွာ အုပ်စုအနီး ပတ်ဝန်းကျင်တို့တွင် ကျောက်မျက်တူးဖော်သည့် လုပ်ကွက်များ ခွင့်ပြုချထား ပေးခြင်းမရှိပါ။ သစ်ဆိမ့်ကုန်းကျေးရွာအုပ်စုနှင့် ခန့်မှန်း(၁၀)မိုင်ခန့်အကွာ မိုးကုတ်ဒေသ၊ ကင်းကျေးရွာအနီးတွင်လည်းကောင်း၊ ပဒါန်းကျေးရွာအုပ်စုနှင့် ခန့်မှန်း(၉)မိုင်ခန့်အကွာ မိုးကုတ်ဒေသ၊ ကျောက်ဝါကျေးရွာအနီးတွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်သည့် လုပ်ကွက်များ ခွင့်ပြုမိန့်ရယူ၍ တူးဖော်လုပ်ကိုင်လျက်ရှိပါသည်။ အဆိုပါ ကင်းချောင်းအထက် ပိုင်းဒေသများနှင့် ကျောက်ဝါအထက်ပိုင်းဒေသများရှိ ကျောက်မျက်လုပ်ကွက်များက တူးဖော် ရရှိသော စွန့်ပစ်မြေစာများသည် ကင်းချောင်း၊ ချောင်းကြီးချောင်း၊ မာနားကျောက်ဝါချောင်း အတွင်း စီးဝင်မှုများမှတစ်ဆင့် သစ်ဆိမ့်ကုန်းကျေးရွာအနီး ကင်းချောင်း၊ ပဒါန်းကျေးရွာအနီး ပဒါန်းချောင်းတို့၏ ချောင်းကြမ်းပြင် မြင့်တက်ခဲ့ရပါသဖြင့် မိုးတွင်းကာလတွင် ချောင်းရေလျှံ ခြင်းဖြင့် လယ်မြေများ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်နိုင်ပါသည်။

မိုးကုတ်မြို့နယ်မှ မိုးမိတ်မြို့နယ်ကို ဖြတ်သန်းစီးဆင်းနေသည့် ချောင်းများဖြစ်သည့် ကင်းချောင်း၊ ချောင်းကြီးချောင်း၊ မာနားကျောက်ဝါချောင်းနှင့် ပဒါန်းကျေးရွာအနီး ပဒါန်းချောင်း တို့အား ရေစီးရေလာကောင်းမွန်စေရန်နှင့် မိုးတွင်းကာလတွင် ချောင်းကြမ်းပြင် မြင့်တက်မှု မရှိစေရေးအတွက် ချောင်းအတွင်း မုံ၊ ကနယ်၊ သဲနုန်းများ မကျရောက်စေရန် ကျောက်မျက် တူးဖော်ရေးဌာနအနေဖြင့် မြို့နယ်ဌာနဆိုင်ရာများ၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မိုးကုတ်)မှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိ/ ရပ်ဖများနှင့် ကျောက်မျက် လုပ်ငန်းရှင်တို့ပါဝင်လျက် နှစ်စဉ် မိုးဦး၊ မိုးလယ် ကာလများတွင်လည်းကောင်း၊ ကျောက်မျက် လုပ်ငန်းရှင်များ၏ ယာဉ်/ ယန္တရားများဖြင့် ချောင်းအတွင်းမှ မုံ၊ ကနယ်၊ သဲနုန်းများကို ဆယ်တင်ဆောင်ရွက်ရန် စီမံဆောင်ရွက်သွားပါမည်။

ထို့အပြင် ကျောက်မျက်လုပ်ကွက်များမှ တူးဖော်ထွက်ရှိသည့် မုံ၊ ကနယ်၊ သဲနုန်းများကို ရေချောင်းများအတွင်း တိုက်ရိုက်မကျရောက်စေရေးအတွက် လုပ်ကွက်များတွင် မုံစစ်ကန်၊ ရေကြည်ကန်များ မပျက်မကွက် ပြုလုပ်စေပြီး ရေကြည်ကိုသာ ချောင်းများအတွင်း စီးဆင်း စေရေး စီမံဆောင်ရွက်သွားပါမည်။

မိုးကုတ်မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ရေနီချောင်း ကြမ်းပြင် မြင့်တက်မှုကြောင့် မိုးကုတ်မြို့တွင် ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးကို ကျောက်မျက် တူးဖော်ရေးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိ/ ရပ်ဖများနှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များက မြေကော်စက်၊ မြေသယ်ယာဉ်များဖြင့် မုံ၊ ကနယ်၊

သဲနုန်းများ ဆယ်တင်ခြင်းလုပ်ငန်းကို ၂၀၁၀ ခုနှစ်မှစ၍ လစဉ် ဆောင်ရွက်ပေးလျက်ရှိသဖြင့် ရေနီချောင်း ရေကြီးရေလျှံမှုများကို တားဆီးကာကွယ်နိုင်ခဲ့ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဒီမေးခွန်းနဲ့ ပတ်သက်လို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးကိုယ်စား ဆက်လက်ဖြေကြားဖို့ ဖြစ်ပါတယ်။ ဖြေကြားရန်ရှိပါက ဖြေကြားနိုင်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုးမိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆန်ကွယ်ရဲ့ မိုးကုတ်မြို့နယ်၊ ကျောက်မျက် ဖြတ်စက်များ စွန့်ပစ်သော သဲ၊ နွံ၊ ကနယ်ရေများ ဖုံးလွှမ်း၍ မိုးမိတ်မြို့နယ်၊ သစ်ဆိမ့်ကုန်း ကျေးရွာအုပ်စုနှင့် ပဒါန်းကျေးရွာအုပ်စုရှိ လယ်မြေ(၃၀၀)ကေကျော် ပျက်စီးခဲ့ရသဖြင့် လယ်မြေများ မပျက်စီး စေရန် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါသည်ဟူသော မေးခွန်းနဲ့ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးကိုယ်စား ကျွန်တော် ဒေါက်တာ မျိုးထွန်းက ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မိုးမိတ်မြို့နယ်၊ သစ်ဆိမ့်ကုန်း ကျေးရွာအုပ်စုနှင့် ပဒါန်းကျေးရွာအုပ်စုရှိ လယ်မြေကေ (၃၀၀)ကျော်မှာ မိုးကုတ်မြို့နယ်အတွင်းရှိ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများမှ ထွက်ရှိလာ သော ကနယ်မြေ၊ ကနယ်ရေ(အနယ်၊ အမှုန်များ)များကြောင့် ချောင်းကောလာမှုများ ဖြစ်ပေါ် လာပြီး ပျက်စီးဆုံးရှုံးမှု ဖြစ်ခဲ့ရခြင်းဖြစ်ပါသည်။ အဆိုပါချောင်းသည် မိုးကုတ်မြို့နယ်အတွင်းမှ မြစ်ဖျားခံ၍ စီးဆင်းလာပြီး ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းများမှ ကနယ်ရေ၊ ကနယ်မြေများ ကြောင့် ချောင်းကြမ်းပြင်မြင့်တက်လာ၍ လယ်မြေများ ရေဖုံးလွှမ်းပျက်စီးပြီး ချောင်းမှာ တဖြည်းဖြည်း ကောလာခြင်းဖြစ်ပါတယ်။ သတ္တုတူးဖော်ရေးလုပ်ငန်းမှ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ရေထု၊ မြေထု၊ လေထု ညစ်ညမ်းမှုမဖြစ်စေရန် လိုအပ်သည်များ ဆောင်ရွက်ပေးသင့်ပါတယ်။ သတ္တုတူးဖော်ခြင်းလုပ်ငန်း၏ ကနယ်မြေများအား ပိုမိုစည်းကမ်း ကျစွာ စွန့်ပစ်သွားရန်လိုအပ်ပါတယ်။

၎င်းအပြင် သတ္တုတူးဖော်ခြင်းကို လယ်စိုက်ရာသီတွင် ရပ်ဆိုင်းပြီး ပွင့်လင်းရာသီမှသာ ဆောင်ရွက်ရေး သက်ဆိုင်ရာဌာနဆိုင်ရာများ၊ သက်ဆိုင်ရာပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပြီး ဆောင်ရွက်သင့်ပါတယ်။ ရွှေသတ္တု အသေးစားတူးဖော်သည့်စနစ်မှ (၄)ပေကျင်းလုံးစနစ်ဖြင့် မြေအောက်တူးဖော်၍ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား မြစ်၊ ချောင်း၊ လယ်မြေများ ထိခိုက်မှုမရှိစေရန် ကျောက်မျက်နှင့် ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ထုတ်ပြန်ထားသော စည်းကမ်းများကို လုပ်ငန်းရှင်များမှ လေးစားလိုက်နာရန် လိုအပ်ပါတယ်။ ယင်းကဲ့သို့ မဖြစ်စေရန်အတွက် ကျွမ်းကျင်ပညာရှင်များဖြင့် အသေးစိတ်ကွင်းဆင်းလေ့လာပြီး

ဆောင်ရွက်သွားနိုင်မည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်သွားရန် လိုအပ်ပါသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ (၁၆-၃-၂၀၁၅)ရက်နေ့တွင် ပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၂-၃/၂၀၁၅)ဆုံးဖြတ်ချက်အရ ရှမ်းပြည်နယ်၊ မိုးမိတ်မြို့နယ်အတွင်း ကနယ်ရေများ၊ ချောင်းရေများနှင့်အတူ စီးဆင်းမှုကြောင့် လယ်ယာမြေနှင့် အိမ်ခြံမြေများ ပျက်စီးမှုအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့သို့ သိရှိနိုင်ပါရန်နှင့် လိုအပ်သည်များ ညွှန်ကြားမှုပြုနိုင်ပါရန် လိပ်မူ၍ တင်ပြပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သတ္တုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနများသို့ မိတ္တူပေးပို့ထားပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီးက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးငြိမ်းချမ်းကြပါစေ။ ကျွန်တော်ကတော့ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီး ဖြစ်ပါတယ်။ အစီအစဉ်ပါမေးခွန်းနဲ့ပတ်သက်၍ မိုးနဲ-ကျိုင်းတုံ မီးရထားလမ်းကို ၂၀၀၉ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပါတယ်။ မြေကျင်းပေါင်း (၇၄၀၅၂၄)ကျင်း တာဘောင်ဖို့ပြီး တံတား (၄၃)စင်း ဆောက်လုပ်ကာ မြေဩဇာအထူးကောင်းမွန်သော တောင်သူလယ်သမားများ စိုက်ပျိုးလယ်ယာမြေတို့ကို ဖြတ်သန်း၍ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် စီမံကိန်းရပ်ဆိုင်းခဲ့ပါတယ်။ စီမံကိန်းကြောင့် ဆုံးရှုံးသွားသော စိုက်ပျိုးလယ်ယာမြေကေများအတွက် နစ်နာမှုမရှိအောင် တောင်သူလယ်သမားများအား နိုင်ငံတော်မှ ထောက်ပံ့ကူညီရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် သိရှိရပါတယ်။ မိုးနဲမြို့နယ်မြေအသုံးချမှုစိစစ်ရေးကော်မတီရဲ့ (၂၇-၁၁-၂၀၁၄)ရက်စွဲပါစာအမှတ်၊ ၅ / ၄ - ၃ (၀၁၃၉)/ ဦး ၆ အရ ၂၀၀၉ ခုနှစ်၊ မီးရထားလမ်းဖောက်လုပ်စဉ် စိုက်ပျိုးလယ်ယာမြေများ ပါဝင်သွားခဲ့သည့် တောင်သူစာရင်းကို သက်ဆိုင်ရာသို့ စိစစ်အစီရင်ခံထားကြောင်း သိရှိရပါတယ်။

သို့ရာတွင် မြေစာရင်းပုံစံ၊ မြေခွန်၊ ရေခွန် အထောက်အထားပြည့်စုံစွာ ရှိပါလျက် ဆုံးရှုံးနစ်နာသည့် တောင်သူလယ်သမားများအချို့ အဆိုပါစာရင်း၌ မပါရှိသေးပါ။ ဥပမာအားဖြင့် ကျန်ရှိနေသော တောင်သူမှာ စိုင်းဆန်း၊ နန်းထွမ်း ကွင်းအမှတ်(၃၉)၊ ဦးပိုင်(၁၂)နှင့် အခြားတောင်သူကြီးများ ဖြစ်ပါတယ်။ သို့ပါ၍ ကွင်းအမှတ်အလိုက် တောင်သူကိုယ်စားလှယ်များပါဝင်သော ပြန်လည်စိစစ်ရေးအဖွဲ့ ဖွဲ့စည်းကာ တာဝန်ရှိ ဌာနအဖွဲ့အစည်းများမှ

တိကျမှန်ကန်စွာ ပြန်လည်တိုင်းထွာ ကွင်းဆင်းဆောင်ရွက်ပေးမည့် အစီအစဉ်ကို သိရှိလိုပါကြောင်း လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာ မျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီးရဲ့ မေးခွန်းနဲ့ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ကိုယ်စား ဒေါက်တာမျိုးထွန်းမှ ဖြေကြား ပေးမှာဖြစ်ပါတယ်။ မိုးနဲ-ကျိုင်းတုံမီးရထားလမ်းကို ၂၀၀၉ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ရာ မိုးနဲမြို့၏ အရှေ့ဘက်မှ ဖြတ်သန်းသွားရာ၌ မြို့နယ်စိစစ်ရေးအဖွဲ့၊ သက်ဆိုင်ရာတောင်သူများ ပါဝင်သောအဖွဲ့ဖြင့် စိစစ်ခဲ့ရာ ကျေးရွာအုပ်စု(၃)အုပ်စုတို့မှ တောင်သူ(၁၁၂)ဦးတို့၏ လယ်ယာမြေ (၉၄.၄၇)ကေသည် မီးရထားလမ်းနှင့် လမ်းနယ်ဧရိယာအတွင်း ပါဝင်သွားကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ဆုံးရှုံးနစ်နာမှုရှိသည့် တောင်သူ(၁၁၂)ဦးတို့၏ စိုက်ပျိုးမြေများအား မြန်မာ့မီးရထားလုပ်ငန်းမှ လယ်မြေ(၁)ကေလျှင် ကျပ်(၂၀)သိန်းဖြင့် လည်းကောင်း၊ ယာ(၁)ကေလျှင် (၂ သိန်း ၅ သောင်း)ကျပ်ဖြင့်လည်းကောင်း ပေးလျော်သင့်ကြောင်း ဒေသဈေးနှုန်း သတ်မှတ်ချက်များအား အတည်ပြုပေးနိုင်ပါရန် တင်ပြမှုအား စိစစ်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ ပေးပို့မည်ဖြစ်ပါသည်။

အထက်ပါတောင်သူ(၁၁၂)ဦး၏ စာရင်းတွင် စိုင်းဆန်း၊ နန်းထွမ်း ကွင်းအမှတ်(၃၉)၊ ဦးပိုင်(၁၂)၊ ဧရိယာ(၃.၄၆)ကေ စာရင်းကျန်ရှိနေကြောင်း တောင်သူများ ကိုယ်စား ဦးကြီးညို ဆိုသူမှ(၂၈-၂-၂၀၁၅)ရက်စွဲပါ စာဖြင့် ထပ်မံတင်ပြလာပါသဖြင့် အဆိုပါတောင်သူများ၏ (၃.၄၆)ကေသည် မီးရထားလမ်းနယ်နိမိတ်ဧရိယာတွင် အမှတ်တကယ် ပါဝင်မှု ရှိ၊ မရှိ အား ပြန်လည်စိစစ်ရန် မိုးနဲမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနတို့မှ ထပ်မံစိစစ်ဆောင်ရွက်စေလျက်ရှိပါကြောင်းနှင့် မှန်ကန်မှုရှိပါက နစ်နာကြေးရရှိစေရေး ထည့်သွင်း၍ ဆက်လက်တွက်ချက် တင်ပြပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခွန်မောင်ပယ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ

ခင်ဗျား။ ကျွန်တော်ကတော့ ဆီဆိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်ပယ် ဖြစ်ပါတယ်။ ဒေသခံများကိုယ်စား လူမှုဘဝဖူလုံနိုင်ရေးအတွက် မေးခွန်း(၁)ခုကို မေးမြန်းခွင့်ပြုပါလို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာခွင့်တောင်းအပ်ပါတယ်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၊ နားသံကျေးရွာအုပ်စု၊ နားမွန်းကျေးရွာတွင် ပအိုဝ်း၊ ရှမ်း၊ အခြားတိုင်းရင်းသားများပြားစွာ နေထိုင်လျက်ရှိတဲ့ ဒေသဖြစ်ပါတယ်။ နားမွန်းကျေးရွာမှာနေတဲ့ ဒေသနေပြည်သူများအားလုံး သောက်သုံးရေဖူလုံစွာရရှိရေးနဲ့ ရာသီမရွေး သီးနှံများစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေရရှိနိုင်ရေးအတွက် ကျေးရွာအတွင်း တည်ရှိသော နားမွန်း "လျှို"အား လျှိုပိတ်ဆည်အဖြစ် ဆောင်ရွက်ပေးမည်ဆိုပါက ယင်းလျှိုပိတ်ဆည်မှ သောက်သုံးရေအဖြစ် အနီးပတ်ဝန်းကျင် ကျေးရွာများရှိ အိမ်ခြေ (၄၅၀)၊ လူဦးရေ (၂၅၀၀)ခန့်အား အကျိုးပြုလွှမ်းခြုံနိုင်မည်ဖြစ်ကြောင်း လယ်ယာကေ (၅၀၀)ခန့်အား အကျိုးပြုနိုင်မည်ဖြစ်ပါတယ်။

နားမွန်းတစ်ဖက်ပိတ်ဆည်အဖြစ် ဆောင်ရွက်ပေးနိုင်မည်ဆိုလျှင် ဒေသနေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိခြင်း၊ ရာသီမရွေးစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည် ဖြစ်ပါတယ်။ ဒေသလူမှုစီးပွားပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်တဲ့အပြင် နိုင်ငံတော်မှ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသော မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှု တစ်စိတ်တစ်ဒေသ လျှော့ချနိုင်မည်ဖြစ်သဖြင့် နားမွန်းတစ်ဖက်ပိတ်လျှိုအား လျှိုပိတ်ဆည်အဖြစ် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆီဆိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်ပယ်ရဲ့ "ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၊ နားသံကျေးရွာအုပ်စု၊ နားမွန်းကျေးရွာတွင် ရှိသောဒေသနေ ပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးနဲ့ ရာသီမရွေး သီးနှံများစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေရရှိနိုင်ရေးအတွက် ကျေးရွာအတွင်း တည်ရှိသော နားမွန်း "လျှို"အား လျှိုပိတ်ဆည်အဖြစ် ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါသည်" ဟူသော မေးခွန်းနဲ့ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးကိုယ်စား ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးမှာဖြစ်ပါတယ်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၊ နားသံကျေးရွာအုပ်စု၊ နားမွန်းကျေးရွာတွင် ရှိသောဒေသနေ ပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးနဲ့ ရာသီမရွေး သီးနှံများစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေရရှိနိုင်ရေးအတွက် ကျေးရွာအတွင်းတည်ရှိသော နားမွန်း

“လျှို”အား လျှိုပိတ်ဆည် တည်ဆောက်မည့်နေရာသည် နားမွန်းကျေးရွာ၏ အရှေ့မြောက်ဘက် ခန့်မှန်းမြေပုံအညွှန်း ၉၃ အိပ်/ ၆ - ၉၃၇၈၉၀ တွင် တည်ရှိပါသည်။

၎င်းလျှိုပိတ်တမံအား တည်ဆောက်မည်ဆိုပါက ခန့်မှန်းသိုလှောင်နိုင်မည့် ရေလှောင်ပမာဏအရ ဧက (၃၀၀)ခန့်အား ရေပေးဝေနိုင်မည်ဖြစ်ပါသည်။ ၎င်းပြင် နွေရာသီရေရှားပါးချိန်တွင် ကျေးရွာလူထု သောက်သုံးရေရရှိနိုင်မည်ဖြစ်ပါသည်။ ၎င်းလျှိုပိတ်ဆည်၏ ရေဆင်းဆည်ဧရိယာမှာ (၀.၂၃)စတုရန်းမိုင်ရှိပါသည်။ ၎င်းနေရာတွင် လျှိုပိတ်တမံအဖြစ် မြေသားကန်ဘောင်ဖို့ပေးနိုင်မည်ဆိုပါက ဖြစ်နိုင်ခြေရှိပါသည်။ ဆီဆိုင်မြို့နယ်၊ ဆည်မြောင်းဦးစီးဌာနမှ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်ပယ်နှင့်အတူ (၁၃-၁၂-၂၀၁၄)ရက်နေ့တွင် ကွင်းဆင်းကြည့်ရှုခဲ့ရာ လက်ရှိကျေးရွာအနေဖြင့် ရေအဆင်ပြေသည့်နေရာမှ ရေကို လွှဲယူသုံးစွဲ၍ ရာသီသီးနှံများ စိုက်ပျိုးလျက်ရှိကြောင်း သိရှိရပါသည်။ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၏ လုပ်ငန်းများဆောင်ရွက်မည့် လျာထားအစီအစဉ်တွင်ပါဝင်မှု မရှိ၍ ယခုနှစ်တွင် ဆောင်ရွက်ပေးနိုင်မှုမရှိသော်လည်း ဒေသခံတောင်သူများ စိုက်ပျိုးရေရရှိရေးအတွက် တတ်စွမ်းသည့် နည်းပညာကူညီမှု ပေးသွားမည် ဖြစ်ပါသည်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၊ နားသံကျေးရွာအုပ်စု၊ နားမွန်းကျေးရွာရှိ နားမွန်း လျှိုအား လျှိုပိတ်တမံအဖြစ်ဆောင်ရွက်ရန် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်မည့် လျာထားအစီအစဉ်တွင် ထည့်သွင်းတင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေးက ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော အခါသမယဖြစ်ပါစေရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နန်းခမ်းအေး ဖြစ်ပါတယ်။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ကျွန်မမေးမဲ့ မေးခွန်းကတော့ “အာဆီယံနိုင်ငံ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲကော်မရှင်နှင့်ပတ်သက်သည့် ရုံးအဆောက်အဦများ၊ ရုံးမြေနေရာ၊ ရုံးအင်္ဂါရပ်နှင့်အညီ ရှိသင့်သည်များနှင့် ဝန်ထမ်းများအတွက် လိုအပ်ချက်များကို မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း” ဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ ရွေးကောက်ပွဲဟာ တစ်ပတ်လည်လာပါတော့မယ်။ ရွေးကောက်ပွဲကို ရေရှည်ဆက်လက် ကျင့်သုံးမယ်ဆိုရင်

ကော်မရှင်ကို ပြောင်းလဲဖို့လိုအပ်ပါတယ်။ မှန်ကန်တဲ့ရွေးကောက်ပွဲ၊ ရွေးကောက်ပွဲရလဒ် ရရှိမှုနဲ့ အများကြီးသက်ဆိုင်နေတဲ့ ရွေးကောက်ပွဲကော်မရှင်ရုံးဟာ အများစုသိသိသာသာ ပြောင်းလဲခြင်း မရှိပါဘူး။ ယခု ကော်မရှင်ဥက္ကဋ္ဌလစာကိုပေးဖို့အတွက် ဆွေးနွေးအတည်ပြုနေတာကို ကြားသိရှိရပါတယ်။ ဥက္ကဋ္ဌလစာတစ်ခုတည်းမဟုတ်ဘဲနဲ့ ကော်မရှင်နဲ့ပတ်သက်တဲ့ လုပ်ငန်းများ၊ လိုအပ်ချက်များ ပြောင်းလဲဖို့လိုအပ်နေပါတယ်။ နိုင်ငံရေးပါတီတစ်ခုရဲ့ အကြီးအကဲကိုလည်း ကော်မရှင်ရဲ့ အမြင့်ဆုံးနေရာတွေမှာ မခန့်သင့်သလို အုပ်ချုပ်ရေးနဲ့ ကော်မရှင် လွတ်လွတ်ကင်းကင်း ဖြစ်သင့်ပါတယ်။ အုပ်ချုပ်ရေးဝန်ထမ်းများဟာ ပြည်သူ့ဝန်ထမ်းများဖြစ်ကြတဲ့အားလျော်စွာ တက်လာမဲ့အစိုးရအတွက် တာဝန်ထမ်းဆောင်မဲ့သူတွေ ဖြစ်ကြပါတယ်။ ဒါပေမဲ့ mind- set မပြောင်းလဲနိုင်တဲ့ ဝန်ထမ်းတွေရှိနေတဲ့အတွက်ကြောင့် ဘက်လိုက်မှုမရှိတဲ့ အရပ်သားတွေကိုသာ ရွေးချယ်ခန့်ထားသင့်ပါတယ်။ ကော်မရှင်ရုံးကို အုပ်ချုပ်ရေးရုံးထဲမှာသော်လည်းကောင်း၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးရုံးတွေမှာ သော်လည်းကောင်း တွဲဖက်ဖွင့်ထားမှုများဟာ အာဏာပိုင်တွေရဲ့ စွက်ဖက်မှုအနည်းနဲ့အများ ရှိနေနိုင်ပါတယ်။

၂၀၁၀ ရွေးကောက်ပွဲမှာဆိုလို့ရှိရင် အုပ်ချုပ်ရေးဌာနမှ ဝန်ထမ်းများဟာ မဲရုံနဲ့ ရွေးကောက်ပွဲစရိတ်ကို အကြောင်းပြပြီး ပြည်သူတွေဆီမှာ ငွေကောက်ခံခဲ့ပါတယ်။ အဲ့ဒါအပြင် ရွေးကောက်ပွဲပြီးတော့လည်း အုပ်ချုပ်ရေးဌာနက ရွေးကောက်ပွဲအတွက် ငွေစိုက်ထုတ်ထားရပါတယ်ဆိုပြီး ကောက်မရှင်ထံမှ ငွေတွေကို ပြန်လည်တောင်းယူခဲ့တာတွေ ရှိနေခဲ့ပါတယ်။ အဲ့ဒါကိုကြည့်ခြင်းအားဖြင့် ကော်မရှင်သည် အုပ်ချုပ်ရေး၏လောင်းရိပ်အောက်မှာ ရှိနေတယ်လို့ မြင်နေရပါတယ်။ အဲ့ဒါကြောင့် ပြည်တွင်း၊ ပြည်ပမှာရှိနေတဲ့ ပြည်သူလူထုတွေနဲ့ နိုင်ငံတကာရဲ့ယုံကြည်မှုရရှိအောင် ကော်မရှင်ရုံးတည်နေရာ၊ ရုံးတည်ဆောက်မှုအနေအထားတွေကို ပြောင်းလဲပေးဖို့ လိုအပ်နေပါတယ်။ ဒါမှသာ ၂၀၁၅ အတွက် မှန်ကန်တဲ့ရွေးကောက်ပွဲ ရလဒ်ကို ရရှိနိုင်မှာဖြစ်ပါတယ်။ အဲ့ဒါကြောင့် အာဆီယံနိုင်ငံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲကော်မရှင်နှင့် ပတ်သက်သည့် ရုံးအဆောက်အဦများ၊ ရုံးမြေနေရာများ၊ ရုံးအင်္ဂါရပ်နှင့်အညီ ရှိသင့်သည်များနှင့် ဝန်ထမ်းများအတွက် လိုအပ်ချက်များကို မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ် ရှင်။

**ဥက္ကဋ္ဌ။** ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးရဲ့ "အာဆီယံနိုင်ငံ အဖွဲ့ဝင်နိုင်ငံ

ဖြစ်သည့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကော်မရှင်နှင့် ပတ်သက်သည့် ရုံးအဆောက်အဦ၊ ရုံးမြေနေရာ၊ ရုံးအင်္ဂါရပ်နှင့်အညီ ရှိသင့်သည်များနှင့် ဝန်ထမ်းများအတွက် လိုအပ်ချက်များကို မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုပါသည်” နှင့်ပတ်သက်ပြီးတော့ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီး ဦးအောင်ကျော်ညွန့် ကိုယ်စား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းမှ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် တောင်ကြီးခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အနေဖြင့် ရှမ်းပြည်နယ်အစိုးရရုံးဝင်းအတွင်း (၄၂ ပေ× ၃၀ ပေ)(၂)ထပ် အဆောက်အဦတွင် ပြည်နယ်ရုံး အပေါ်ထပ်၊ ခရိုင်ရုံး အောက်ထပ်ဖြင့် ဖွင့်လှစ်ထားရှိ ဆောင်ရွက်လျက်ရှိပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသည် သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများတွင် ရုံးခန်း(၁)ခန်းဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသည် ပင်းတယမြို့နယ်၊ သမဝါယမအသင်းရုံးအပေါ်ထပ်တွင် ရုံးခန်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသည် ဟိုပုံးမြို့၊ အနောက်ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အိမ်အမှတ်(န-၁၀၅)တွင် ငှားရမ်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ရုံးအင်္ဂါရပ်နှင့်ညီစေရန် ရုံးတစ်ရုံးလျှင် Desktop Computer(၁)စုံ၊ မိတ္တူကူးစက်(၁)လုံး၊ Printer(၁)လုံး၊ Fax(၁)လုံးနှင့် မီးမရရှိသေးသော ခရိုင်နှင့် မြို့နယ်ရုံးများသို့ 5KVA မီးစက်(၁)လုံးစီ ဖြန့်ဝေပေးခဲ့ပြီး လိုအပ်သော ပရိဘောဂများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ခွဲဝေချထားပေးသော ခွင့်ပြုငွေဖြင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများအထိ ဝယ်ယူဖြည့်တင်းပြီး ဖြစ်ပါသည်။

ယာဉ်အနေဖြင့် ပြည်နယ်ရုံးတွင် ကား(၂)စီး၊ ဆိုင်ကယ်(၁)စီး၊ ခရိုင်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသရုံးများတွင် ကား(၁)စီး၊ ဆိုင်ကယ်(၁)စီး၊ မြို့နယ်ရုံးများတွင် ဆိုင်ကယ်(၂)စီး စီဖြန့်ဝေပေးပို့ခဲ့ပြီး ဖြစ်ပါတယ်။

ဝန်ထမ်းအနေဖြင့် ပြည်နယ်ရုံးတွင် ဒုတိယညွှန်ကြားရေးမှူး(၁)ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး(၁)ဦး၊ ဒုတိယဦးစီးမှူး(၁)ဦး၊ အကြီးတန်းစာရေး(၁)ဦး၊ အငယ်တန်းစာရေး(၁)ဦး၊ ရုံးအကူ(၂)ဦး၊ မိုင်းဆတ်ခရိုင်မှအပ ခရိုင်ရုံးများတွင် လက်ထောက်ညွှန်ကြားရေးမှူး(၁)ဦး၊ ဒုတိယဦးစီးမှူး(၁)ဦး၊ အငယ်တန်းစာရေး (၁)ဦး၊ ရုံးအကူ(၁)ဦး၊ မြို့နယ်ရုံးများတွင် ဒုတိယဦးစီးမှူး(၁)ဦး၊ အငယ်တန်းစာရေး (၁)ဦး၊ ရုံးအကူ (၁)ဦးစီ ခန့်အပ်ခဲ့ပြီး ဖြစ်ပါတယ်။

ဝန်ထမ်းများအတွက် နေထိုင်ရန် အိမ်/ တိုက်ခန်းများ စီစဉ်ပေးနိုင်ခြင်းမရှိသေးကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဒေါ်နန်းခမ်းအေးက ဒုတိယ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် CHINA EXIM BANK မှ ဒေါ်လာသန်း(၁၀၀)ရယူ၍ ဆောင်ရွက်တဲ့ လုပ်ငန်းများနဲ့ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်းကို သက်ဆိုင်ရာဝန်ကြီးမှ (တကယ်လို့ နောက်ဆက်တွဲ ညွှန်ကြားလွှာမှာ ကိုက်ညီမှုမရှိဘူးဆိုရင် ဒီဟာနဲ့ပတ်သက်ပြီးတော့ အချိန်အတိုင်းအတာ ကျွန်တော့်ကို ပေးပါ။ ကျွန်တော်ပြန်လည်ဖြေကြားပေးပါ့မယ်။) ဆိုပြီးတော့ မေးခွန်းနဲ့ ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ ဝန်ကြီးကနေပြီးတော့ ကျွန်မကို အဲဒီလိုပြောကြားထားပေမဲ့ (၂၁-၂-၂၀၁၄)မှာ တကယ်ပဲ CHINA EXIM BANK နဲ့ပတ်သက်တာကို ကျွန်မကို အိမ်တိုင်ရာရောက် ဖြေကြားပေးပါတယ်။ ဖြေကြားပေးတဲ့အတွက်လည်း တကယ်ပဲ ကျေးဇူးတင်ရှိပါတယ်။ ဒါပေမဲ့ ဖြေကြားပေးတဲ့သူက ဝန်ကြီးမဟုတ်ဘဲ မြို့နယ်သမဝါယမဦးစီးဖြစ်နေပါတယ်။

ကျွန်မတို့ ရှမ်းပြည်နယ်မှာ မေးတဲ့မေးခွန်းနဲ့ အဖြေတွေဟာ ကိုက်ညီမှုမရှိခြင်း၊ ကွဲလွဲမှုရှိခြင်း၊ မှားယွင်းနေခြင်းဟာ ပုံမှန်လိုဖြစ်နေပေမဲ့ ယခုလို လွှတ်တော်ရဲ့ နည်းဥပဒေကို ချိုးဖောက်မှုများ မဖြစ်ဖို့အတွက် ကျွန်မဒီမေးခွန်းကို လွှတ်တော်ကို ဦးတိုက်ပြီးတော့ မေးမြန်းထားခြင်းပဲ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၇ မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး မေးမြန်းသော မေးခွန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ရှမ်းပြည်နယ်အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်က ဖြစ်စေ၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်ကဖြစ်စေ ဖြေကြားရမယ်ဆိုပြီး ပါရှိထားပါတယ်။ အခုလို မြို့နယ်ဦးစီးမှူးကို ဖြေကြားခြင်းဟာ နည်းဥပဒေ ၁၀၇ ကို ချိုးဖောက်နေပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ရုံးက (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွက် မေးခွန်းကို (၁၂)ရက်နေ့ နောက်ဆုံးထားပြီး ပို့ပေးပါရန်ဆိုပြီး လွှတ်တော်ရုံးက တာဝန်ရှိတဲ့သူတွေက သက်ဆိုင်ရာကိုယ်စားလှယ်တွေဆီကို ဖုန်းတွေနဲ့ အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ (၁၂-၃-၂၀၁၅)ရက်နေ့မှာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးက ကျွန်မဆီကို ဖုန်းဆက်လာပါတယ်။ အဲဒီမေးခွန်းတွေကို ခရိုင်ရုံးကို ပို့ပေးဖို့ တောင်းဆိုလာပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၇ တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး သည် လွှတ်တော်တွင် မေးခွန်းမေးမြန်းလိုလျှင် လွှတ်တော်ရုံးအကြီးအမှူးထံ လွှတ်တော် အစည်းအဝေးမစတင်မီ အနည်းဆုံး(၁၀)ရက် ကြိုတင်၍ မေးခွန်းများကို လက်မှတ်ရေးထိုးပြီး မေးခွန်းမေးမြန်းလိုကြောင်း အကြောင်းကြားစာနှင့်အတူ ပေးပို့ရမယ်ဆိုပြီး ဖော်ပြထား ပါတယ်။ ခရိုင်ရုံးကို ပို့ပေးရမယ်ဆိုတာ ဖော်ပြထားခြင်းမရှိပါဘူး။ ယခုလို ခရိုင်တွေက မေးခွန်းကို တောင်းဆိုခြင်းဟာ နည်းဥပဒေ ၉၇ ကို ဖောက်ဖျက်နေပါတယ်။ လွှတ်တော် ကိုယ်စားလှယ်တွေ မရှိဘဲနဲ့များ နည်းဥပဒေတွေ ထပ်ထုတ်သလားလို့ (၁၂)ရက်နေ့မှာ ကျွန်မ မေးခွန်းထပ်မေးချင်ပါတယ်။ ဒါပေမဲ့ ကျွန်မနေတဲ့ ဒေသက ခေတ်မီမှုမရှိတော့တဲ့ CDMA 400 တွေကိုသာ အသုံးပြုနေရတဲ့အတွက်ကြောင့် အင်တာနက်တွေ၊ ဖက်စ်တွေ မသုံးနိုင်ပါဘူး။ အဲဒီလို လွှတ်တော်ကိုယ်စားလှယ်ကို ဦးတည်ပြီးတော့ ဥပဒေကို ချိုးဖောက်မှုများဟာ လွှတ်တော်ကိုယ်စားလှယ်တွေကို မထီမဲ့မြင်ပြုသကဲ့သို့ လွှတ်တော်ရဲ့ ဂုဏ်သိက္ခာကိုလည်း ညှိုးနွမ်းစေပါတယ်။ အဲဒါကြောင့် နည်းဥပဒေ ၁၀၇ ကို ချိုးဖောက်နေတဲ့အပြင် လွှတ်တော် ကိုယ်စားလှယ်ကို မထီမဲ့မြင်ပြုရာ ရောက်စေတဲ့အတွက်ကြောင့် လွှတ်တော်အပိုင်းမှ မည်သို့ ဆက်လက်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း လွှတ်တော်ကို ဦးတိုက်ပြီး မေးခွန်း မေးမြန်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ CHINA EXIM BANK မှ ဒေါ်လာသန်း(၁၀၀)ရယူ၍ ဆောင်ရွက်သည့် လုပ်ငန်းများနဲ့ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်းကို သက်ဆိုင်ရာအစိုးရအဖွဲ့ဝင်မှ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဒုတိယနေ့ (၂-၁၂-၂၀၁၄)ရက်နေ့မှာ ဖြေကြားခဲ့ပြီး ဖြစ်ပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးက ဖြေကြားပြီးတဲ့နောက် မေးခွန်းမေးမြန်းသူက ထပ်ဆင့်မေးခွန်းမေးမြန်းရာ သက်ဆိုင်ရာဝန်ကြီးက လိုအပ်ပါက သက်ဆိုင်ရာတို့နှင့် ဆက်သွယ်ပြီးနောက်မှာ ဖြေကြား ပေးမှာဖြစ်ကြောင်း ပြောကြားခဲ့တာကို မိမိအနေနဲ့ မှတ်သားမိပါတယ်။ လွှတ်တော် အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းများနဲ့ စပ်လျဉ်းပြီး သက်ဆိုင်ရာ ရှမ်းပြည်နယ်အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်က ဖြစ်စေ၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ကဖြစ်စေ ဖြေကြားပေးရမည်လို့ နည်းဥပဒေ ၁၀၇ က ဖော်ပြထား တာမှန်ပါတယ်။ ယခု ဒေါ်နန်းခမ်းအေး တင်ပြတဲ့ကိစ္စ တစ်နည်းအားဖြင့် မြို့နယ်သမဝါယမ ဦးစီးမှူး ၎င်းထံဖြေကြားလွှာပေးပို့သည့်ကိစ္စရပ်ဟာ ဖြေကြားလွှာပေးပို့စေသူ သို့မဟုတ် ဖြေကြားလွှာ ပေးပို့သူနှင့် ဖြေကြားလွှာ လက်ခံသူတို့၏ လွှတ်တော်ပြင်ပက ဆောင်ရွက်တဲ့ ကိစ္စဖြစ်ပြီး နည်းဥပဒေ ၁၀၇ နဲ့ သက်ဆိုင်ခြင်းမရှိတဲ့အတွက် လွှတ်တော်အပိုင်းမှ အစီအမံ ဆောင်ရွက်ရန်မရှိကြောင်း ပြောကြားလိုပါတယ်။

ယခုသက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်အနေနဲ့ CHINA EXIM BANK မှ ဒေါ်လာသန်း (၁၀၀)ရယူ၍ ဆောင်ရွက်သည့် လုပ်ငန်းနဲ့ပတ်သက်၍ ထပ်ဆင့် ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေး မေးမြန်း ထားတဲ့ "ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် မေးမြန်းထားတဲ့ CHINA EXIM BANK မှ ဒေါ်လာသန်း(၁၀၀)ရယူ၍ ဆောင်ရွက်သည့် လုပ်ငန်းများနဲ့ပတ်သက်သည့် ကြယ်ပွင့်ပြမေးခွန်းကို သက်ဆိုင်ရာဝန်ကြီးမှ (တကယ်လို့ နောက်ဆက်တွဲ ညွှန်ကြားလွှာမှာ ကိုက်ညီမှုမရှိဘူးဆိုရင် ဒီဟာနဲ့ ပတ်သက် ပြီးတော့ အချိန်အတိုင်းအတာ ကျွန်တော့်ကို ပေးပါ။ ကျွန်တော် ပြန်လည်ဖြေကြားပေးပါ့ မယ်။)" ဟု ပြောကြားထားပါတယ်။ သို့သော် ဖြေကြားလွှာကို မြို့နယ်သမဝါယမဦးစီးမှူး ကိုသာ ဖြေကြားပေးပို့စေခဲ့ပါတယ်။ ဤသို့ဆောင်ရွက်ခြင်းသည် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၀၇ ကို ချိုးဖောက်သည့်အပြင် လွှတ်တော်ကိုယ်စားလှယ်ကို မထီမဲ့မြင် ပြုရာရောက်စေပါသဖြင့် လွှတ်တော်အပိုင်းမှ မည်သို့ ဆက်လက်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည် မေးခွန်းနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးရဲ့ အဖြေလွှာအပေါ်မှာ မူတည်ပြီးတော့ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေး ဝန်ကြီးမှပဲ ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး မှ မေးမြန်းလာသည့် သမဝါယမဝန်ကြီးဌာန၏ (၁၂-၁၂-၂၀၁၄)ရက်စွဲပါစာအမှတ်၊ ၁/၄/၁၈(၆၂၉၂)သမ၀-၂၀၁၃ အစီအစဉ်ညွှန်ကြားလွှာ အပိုဒ်(၄)ပါ ချေးငွေပမာဏ၊ အတိုးနှုန်းနှင့် ချေးငွေသက်တမ်းဆိုသည့် စာပိုဒ်တွင် တစ်နှစ်လျှင် အတိုးနှုန်း ၄.၅ ရာခိုင်နှုန်း၊ ဝန်ဆောင်ခ ၁ ရာခိုင်နှုန်း၊ ဆိုင်းငံ့ကာလ (၂)နှစ်၊ ပြန်ဆပ်ကာလ(၈) နှစ်ဖြစ်ပါသည်။ ပထမ (၂)နှစ်တွင် အတိုးငွေကို (၆)လတစ်ကြိမ် ပေးဆပ်ရမည်ဖြစ်ပြီး ကျန်(၈)နှစ်တွင် (အရင်း+အတိုး)ကို (၆)လတစ်ကြိမ်ဖြင့် (၁၆)ကြိမ် ပေးဆပ်ရမည်ဆိုသည့် ကိစ္စမှာ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား သဘောတူညီချက်ဖြစ်ကြောင်း၊ ညွှန်ကြားလွှာ အပိုဒ်(၁၀)ပါ ပြန်လည်ပေးဆပ်မည့်နေ့ရက် သတ်မှတ်ခြင်းတွင် အခြေခံသမဝါယမအသင်း များမှ မြို့နယ်သမဝါယမအသင်းစုများသို့ နှစ်စဉ် ဇန်နဝါရီလ ၅ ရက်နေ့ နှင့် ဇူလိုင်လ ၅ ရက်နေ့ အရောက် ချေးငွေနှင့်အတိုးများ ပြန်လည်ပေးဆပ်ရမည်ဆိုသည့်ကိစ္စမှာ အသင်းသားများ အတွက် ညွှန်ကြားချက်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါသည်။

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးမှ ဆက်လက်၍ "ညွှန်ကြားလွှာမှာ ရှေ့နှင့်နောက် မကိုက်ညီကြောင်း ပြန်လည်ဖြေကြားပေးရန်" မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါ ညွှန်ကြားလွှာမှာ မြန်မာနိုင်ငံတစ်ဝန်းလုံးအတွက် ပြည်ထောင်စုဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားလွှာ ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုသမဝါယမဝန်ကြီးဌာန ညွှန်ကြားလွှာနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာနသို့ ဆက်လက်တင်ပြ မေးမြန်းသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

## ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာ နည်းဥပဒေပါအချက်များအား ပြင်ဆင်ပေးရေးအတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက လွှတ်တော်သို့ အဆိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာနည်းဥပဒေကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၇ အရ လွှတ်တော်ကိုယ်စားလှယ်များထံ အရေးပေါ်အစည်းအဝေး ၁/၂၀၁၄ ကျင်းပသည့်(၁၉-၁၂-၂၀၁၄)ရက်နေ့မှာ ဖြန့်ဝေခဲ့ပါတယ်။ နည်းဥပဒေများ၊ စည်းမျဉ်းသို့မဟုတ် စည်းကမ်း တစ်ရပ်ရပ်သည် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်မှု မရှိကြောင်း တွေ့ရှိရပါက ၎င်းတို့ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန် နည်းဥပဒေများ စတင်ဖြန့်ဝေသည့်နေ့မှ ရက်ပေါင်း (၉၀)အတွင်း လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်ဟု နည်းဥပဒေ ၁၅၈ က ဆိုထားပါတယ်။ ဤအဆိုကို သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်က မတ်လ(၁၂)ရက်နေ့မှ အရောက်ပေးပို့ခြင်းဖြစ်ပြီး နည်းဥပဒေ စတင်ဖြန့်ဝေသည့်ရက်မှ ရက်ပေါင်း(၈၃)ရက်အကြာမှာ လက်ခံရတာဖြစ်လို့ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၈ နဲ့ ညီညွတ်တဲ့အတွက် အရေးပေါ်အစည်းအဝေး ၁/၂၀၁၄ ကျင်းပပြီးစီးတဲ့နောက် ယခုကျင်းပတဲ့ အနီးကပ်ဆုံးလွှတ်တော်အစည်းအဝေးမှာ အဆို တင်သွင်းခွင့်ပြုပါတယ်။ ဒါ့ကြောင့် လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားရပါတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ။ ကျွန်တော်ကတော့ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင် ပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပြီးခဲ့တဲ့ ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၄)မှာ ပေးပို့ ဖြန့်ဝေထားတဲ့ ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာနည်းဥပဒေကို လေ့လာကြည့်ရှုရာမှာ

ကွဲလွဲချက်လေးတွေ အချို့တွေ့ရှိရတဲ့အတွက် ပြင်ဆင်ဆောင်ရွက်နိုင်ဖို့အတွက် ဆွေးနွေး တင်ပြချက်အနေနဲ့ တင်ပြခဲ့ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ ၁၅၈ မှာ ဖော်ပြချက်အရ နည်းဥပဒေ ၁၅၇ အရ တင်ပြသော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်နဲ့ ညီညွတ်မှု မရှိကြောင်း တွေ့ရှိရပါက ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန်အတွက် လွှတ်တော်မှာ အဆိုအဖြစ် တင်သွင်းရမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်ကုန်တင်ကုန်ချ လုပ်ငန်းဆိုင်ရာ နည်းဥပဒေပါအချက်များ ပြင်ဆင်ပေးရေးအဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အရေးပေါ်အစည်းအဝေး(၁/၂၀၁၄)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ် ကုန်တင်ကုန်ချ လုပ်ငန်းဆိုင်ရာနည်းဥပဒေနဲ့ပတ်သက်ပြီး ကွဲလွဲချက်များကို အောက်ပါ အတိုင်း တင်ပြအပ်ပါတယ်-

## တွေ့ရှိချက်

(၁) နည်းဥပဒေ ပထမစာမျက်နှာ ပထမအပိုဒ်တွင် “ရှမ်းပြည်နယ်ကုန်တင်ကုန်ချ လုပ်ငန်းဥပဒေ ပုဒ်မ ၃၂၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍” ဟုဖော်ပြထားပါသည်။ မူလဥပဒေမှာ ပုဒ်မ ၃၉၊ ပုဒ်မခွဲ(က)၌သာ ဖော်ပြထားသဖြင့် နည်းဥပဒေပါ ဖော်ပြချက်အား ပြန်လည်ပြင်ဆင်ရန် လိုအပ်မှာဖြစ်ပါတယ်။

(၂) နည်းဥပဒေ ပုဒ်မ ၃ တွင် ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီဖွဲ့စည်း ရာတွင် ပုဒ်မခွဲ(က)အရ ပြည်နယ်ဦးစီးဌာနမှူး၊ ပြည်နယ်ကုန်တင်ကုန်ချ လုပ်ငန်းကော်မတီရုံးကို ဥက္ကဋ္ဌတာဝန်ပေးအပ်ထားရာ မူလဥပဒေတွင် ဝန်ကြီးကို ဥက္ကဋ္ဌတာဝန် ပေးအပ်ထားသည်ဖြစ်ရာ ညီညွတ်မှုမရှိဖြစ်နေပါသည်။ ၎င်းအပြင် နည်းဥပဒေအရ ပါဝင်ဖွဲ့စည်းထားသည့် အဖွဲ့ဝင်များမှာလည်း သက်ဆိုင်ရာ ဥပဒေပါ ဖွဲ့စည်းရမည့်ပုဂ္ဂိုလ်များနှင့် ညီညွတ်မှုမရှိဖြစ်နေတာကို တွေ့ရှိ ရပါတယ်။

(၃) နည်းဥပဒေအပိုဒ် ၅ မှာ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီဝင်များ ဖွဲ့စည်းတာဝန်ပေးအပ်ရာ၌လည်း မူလဥပဒေပါ ဖွဲ့စည်းရမည့် ပုဂ္ဂိုလ်များနှင့် ညီညွတ်မှု မရှိဖြစ်နေတာကို တွေ့ရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းပြတဲ့ ကုန်တင်ကုန်ချလုပ်ငန်းနည်းဥပဒေ ၃နဲ့ နည်းဥပဒေ ၅ တို့ဟာ မူလဥပဒေမှာ အသေးစိတ်ဖွဲ့စည်းပုံပါဖော်ပြထားပြီးဖြစ်တဲ့အတွက် ဒီနည်းဥပဒေ ၃ နဲ့ နည်းဥပဒေ ၅ ကို ပယ်ဖျက်မယ်ဆိုလည်း ပယ်ဖျက်နိုင်တဲ့ အနေအထားရှိကြောင်းကို တင်ပြလိုပါတယ်။

ကျွန်တော့်အနေနဲ့ အချိန်ကာလအရသော်လည်းကောင်း၊ ဥပဒေပိုင်းဆိုင်ရာ တတ်သိနားလည်မှုနည်းပါးခြင်းအရသော်လည်းကောင်း၊ အသေးစိတ်လေ့လာဆန်းစစ် တင်ပြနိုင်ခြင်းမရှိဘဲ ယေဘုယျသာ ဆွေးနွေးတင်ပြတာဖြစ်ကြောင်း ဝန်ခံအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာအခြေခံသဘောတရားအရ ဥပဒေပြဋ္ဌာန်းပိုင်ခွင့်ရှိသူက ပြဋ္ဌာန်းထားတဲ့ ဥပဒေကို အခြေခံ၍ သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနက ထုတ်ပြန်တဲ့ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် စသည်တို့သည် ဥပဒေနှင့် ကိုက်ညီမှုရှိရမည်ဟု နားလည်ယုံကြည်ထားပါသည်။

ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပေဒကို ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုပြဋ္ဌာန်းခြင်းဖြစ်သော်လည်း ဥပဒေကို လက်တွေ့အကောင်အထည်ဖော်ရာမှာ လိုအပ်တဲ့ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များကို ဥပဒေနှင့်လိုက်လျောညီထွေဖြစ်အောင် အစိုးရအဖွဲ့၊ ဥပဒေကို စီမံခန့်ခွဲသည့်ဌာနက ရေးဆွဲထုတ်ပြန်ရတာဖြစ်ပါတယ်။ သို့ပါသော်လည်း တစ်ဆင့်ခံဥပဒေပြုခွင့် အာဏာလွှဲအပ်ခြင်းခံရသော ဌာနဟာ ဥပဒေကို ကျော်လွန်၍ ဥပဒေတွင် မပါရှိသော မူပိုင်းဆိုင်ရာအကြောင်းအရာများကို ဖြည့်စွက်ပြဋ္ဌာန်းပိုင်ခွင့်မရှိကြောင်းကို လေ့လာသိရှိရပါတယ်။

ကျွန်တော်ဆွေးနွေးတင်ပြတဲ့ ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေသည် မူလကတည်းက ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနက ပြုစုရေးဆွဲတင်ပြခဲ့တာဖြစ်ပေမဲ့ ရှမ်းပြည်နယ်လွှတ်တော်မှာ အချိန်ယူစိစစ်ဆွေးနွေးအတည်ပြုပြီး ဖြစ်တဲ့အတွက် လွှတ်တော်ကရေးဆွဲတဲ့ ဥပဒေလို့ မှတ်ယူရမှာဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေပါအတိုင်း နည်းဥပဒေများကို ရေးဆွဲရာမှာ လိုက်လျောညီထွေရှိဖို့ ပြန်လည်ပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန်၊ ဆောင်ရွက်ရန်လိုအပ်တဲ့အတွက် နည်းဥပဒေ ပထမစာမျက်နှာတွင် ရည်ညွှန်းဖော်ပြထားတဲ့ ဥပဒေပုဒ်မ ၃၂ ၊ ပုဒ်မခွဲ(က)အစား ဥပဒေပုဒ်မ ၃၉ ၊ ပုဒ်မခွဲ(က)လို့ ပြင်ဆင်ရန်နှင့် နည်းဥပဒေ ပုဒ်မ ၃ အရ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ ဖွဲ့စည်းပုံကို မူလဥပဒေ ဖွဲ့စည်းပုံအတိုင်း ပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန်၊ နည်းဥပဒေ ပုဒ်မ ၅ အရ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း

ကော်မတီဖွဲ့စည်းပုံကို မူလဥပဒေဖွဲ့စည်းပုံပါအတိုင်း ပြန်လည်ပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန် ဆိုတဲ့ အဆိုကို လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အဆိုအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်က ပြန်လည်ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာ နည်းဥပဒေပါ အချက်အလက်များအား ပြင်ဆင်ရန်အဆိုနှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဥပဒေချုပ်က ပြန်လည်ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်၊ ပြည်နယ်ဥပဒေချုပ်။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်သော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်အပ်ပါတယ်။ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင် တင်သွင်းသွားသောအဆိုပါအချက်(၃)ချက်ကို ပြန်လည်ရှင်းလင်းတင်ပြလိုပါတယ်။ ဦးစိုင်းလွင်က အချက်(၁) အနေနဲ့ နည်းဥပဒေ ပထမစာမျက်နှာ ပထမအပိုဒ်တွင် ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်း ဥပဒေ ပုဒ်မ ၃၂၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဟုဖော်ပြထားပါသည်။ နည်းဥပဒေတွင် ပုဒ်မ ၃၉၊ ပုဒ်မခွဲ(က)၌သာ ဖော်ပြသဖြင့် နည်းဥပဒေများအား ပြန်လည်ပြင်ဆင်အပ်ပါကြောင်း တင်ပြထားတဲ့ ပထမအချက် ဖြစ်ပါတယ်။ ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဥပဒေကို ပြဋ္ဌာန်းတဲ့အခါမှာ နည်းဥပဒေပြုပိုင်ခွင့်ကို သက်ဆိုင်ရာဝန်ကြီးဌာနကို ပေးထားပါတယ်။ အဲဒီလိုပေးထားတဲ့ ပုဒ်မက ၃၉၊ ပုဒ်မခွဲ(က) ဖြစ်ပါတယ်။ နည်းဥပဒေမှာ ဖော်ပြတဲ့အခါမှာ ပုဒ်မ ၃၂၊ ပုဒ်မခွဲ(က)ဆိုပြီးတော့ လွဲမှားစွာ (typing error) ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အဆိုတင်သွင်းလာတဲ့ အဆိုတင်သွင်းမှုဟာ မှန်ကန်တဲ့အတွက်ကြောင့် နည်းဥပဒေမှာ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(က)အနေနဲ့ ပြင်ဆင်ဖော်ပြရန် လိုအပ်ပါကြောင်း လေးစားစွာတင်ပြပါတယ်။ ရှင်းလင်းချက်နှင့်အတူ တင်ပြလိုတာက အခေါ်အဝေါ်လေးက နည်းနည်းကွာပါတယ်။ နည်းဥပဒေဆို ပုဒ်မ မထည့်ပါဘူး။ ဥပဒေဆို ပုဒ်မထည့်ပါတယ်။ ဥပဒေပုဒ်မ ဘယ်လောက်၊ ပုဒ်မခွဲ ဘယ်လောက်၊ ပုဒ်မခွဲငယ် ဘယ်လောက် စသည်အားဖြင့် ဖော်ပြပါတယ်။ နည်းဥပဒေမှာကျတော့ နည်းဥပဒေ ၃၆၊ နည်းဥပဒေ ၂၉ ဒီလိုပဲ သွားပါတယ်။ ပုဒ်မအနေနဲ့ ဖော်ပြမထားပါဘူး။ နောက် နည်းဥပဒေပုဒ်မခွဲ၊ နောက်တစ်ခုက နောက်ဒီထပ်သေးသွားလို့ရှိရင် ပုဒ်မခွဲငယ်၊ နည်းဥပဒေ အပိုဒ်ငယ် ဒီလိုပဲပြောရမှာ ဖြစ်ပါတယ်။ နည်းဥပဒေကျရင် ပုဒ်မထည့်သွင်းဖော်ပြခြင်း မရှိပါဘူး။ တစ်ခုလုံးခြုံပြီးတော့

ပြောရမယ်ဆိုရင် ကုန်တင်ကုန်ချနည်းဥပဒေများ ဆိုပြီးတော့ ပြောပါတယ်။ များဟူသော စာသားလည်း ထည့်ပါတယ်။

အပိုဒ်(၂)ကတော့ နည်းဥပဒေ ၃ တွင် ပြည်နယ်ကုန်တင်ကုန်ချကော်မတီ ဖွဲ့စည်းရာတွင် ပုဒ်မခွဲ(က)အရ ပြည်နယ်ဦးစီးဌာနမှူး၊ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံးကို ဥက္ကဋ္ဌတာဝန်ပေးအပ်ထားသည်ဖြစ်ရာ ညီညွတ်မှုမရှိဖြစ်နေပါတယ်။ ၎င်းအပြင် နည်းဥပဒေအရ ပါဝင်ဖွဲ့စည်းထားသည့် အဖွဲ့ဝင်များမှာလည်း ဥပဒေပါဖွဲ့စည်းရမည့် ပုဂ္ဂိုလ်များနှင့် ညီညွတ်မှုမရှိဖြစ်နေကြောင်း အဆိုရှင်က တင်ပြထားပါတယ်။ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေကို လေ့လာတဲ့အခါမှာ ပုဒ်မ ၃ မှာ ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီကို ဖွဲ့စည်းဖြစ်ပါတယ်။ ဖွဲ့စည်းထားတာကို နည်းဥပဒေမှာ ထပ်ပြီးဖွဲ့စည်းထားပါတယ်။ အမှန်မှာတော့ ဖွဲ့စည်းတဲ့ဟာကို ထပ်နေတာဖြစ်ပါတယ်။ overlap ဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းနည်းဥပဒေ ၃ ကို ပယ်ဖျက်ရန် လိုအပ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ တတိယအချက်အနေနဲ့ ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းနည်းဥပဒေသည် ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ ပုဒ်မ ၄ တွင် ပါရှိပြီးဖြစ်သည့်အတွက် မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီကို ဖွဲ့တာပါ။ ဥပဒေကြီးမှာ ဖွဲ့ပြီးဖြစ်ပါတယ်။ နည်းဥပဒေမှာ ထပ်ဖွဲ့တဲ့အတွက်ကြောင့် နည်းဥပဒေဟာ overlap ဖြစ်ပြီးတော့ နည်းဥပဒေမှာပါတဲ့ အပိုဒ် ၅ ကို ပယ်ဖျက်သင့်ကြောင်း၊ ပယ်ဖျက်ရန် လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းနည်းဥပဒေ ၃ နှင့် နည်းဥပဒေ ၅ တို့ကို ပယ်ဖျက်ရန် လိုအပ်ပါကြောင်းတင်ပြအပ်ပါတယ်။ ယင်းကဲ့သို့ ပယ်ဖျက်လိုက်သည့်အတွက် နည်းဥပဒေ ၄ ကို နည်းဥပဒေ ၃ အဖြစ်လည်းကောင်း၊ နည်းဥပဒေ ၆ ကို နည်းဥပဒေ ၄ အဖြစ်လည်းကောင်း အစဉ်လိုက်အပိုဒ်များကို နည်းဥပဒေဆုံးတဲ့အထိ ပြန်လည် ပြင်ဆင်ဖို့ လိုအပ်ကြောင်း တင်ပြပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဥပဒေချုပ်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အဆိုတင်သွင်းသည့် ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာဥပဒေပါ ပြင်ဆင်ရန် အဆိုကို သဘောတူကြောင်း ပြန်လည်ဆွေးနွေးသွားပါတယ်။ ယခု ပြင်ဆင်ရန်အဆိုအား အတည်ပြုရန် လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင်တင်သွင်းသော ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာနည်းဥပဒေတွင် ဖော်ပြထားသည့် နည်းဥပဒေ ၃ ပါ ကုန်တင်ကုန်ချလုပ်ငန်းကော်မတီဖွဲ့စည်းပုံနှင့် နည်းဥပဒေ ၅ ပါ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီဖွဲ့စည်းပုံတို့အား

ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်အတိုင်း ပြန်လည်ပြင်ဆင်ရန် အဆိုကို လွှတ်တော်က အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင် မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

သဘောတူတဲ့အတွက် ပြင်ဆင်ရန်အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာနည်းဥပဒေပါ ပြင်ဆင်ရန်အချက်များကို ပြင်ဆင်ပြီးပြင်ဆင်ချက်နောက်ဆက်တွဲ ဇယားကို သော်လည်းကောင်း၊ ဒါမှမဟုတ် ပြင်ဆင်ပြီး နည်းဥပဒေစာအုပ် (၃) အုပ်လုံးကို သော်လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်၌ ဌာနက ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့၏ (၄)နှစ်တာကာလအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈) ဖြစ်ပါတယ်။ အစီအစဉ်အရ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ (၄)နှစ်တာကာလအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲမင်္ဂလာပါ ခင်ဗျား။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ဆီဆိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်ပယ်ဖြစ်ပါတယ်။ ကျွန်တော့်ကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးရဲ့ (၄)နှစ်တာကာလ ဒေသဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေတွေကို တင်ပြခွင့်ပြုပါလို့ လေးစားစွာ ခွင့်တောင်းအပ်ပါတယ် ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များထံ စာအုပ်များ ဖြန့်ဝေထားပြီးဖြစ်လို့ အကျဉ်းပဲ တင်ပြပါရစေ။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟာ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၂)၊ ပုဒ်မ ၅၆ အရ ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်း (၃)မြို့နယ်တို့ဖြင့် ဖွဲ့စည်းခဲ့ပြီး ၃၁-၃-၂၀၁၁ ရက်နေ့မှာ ဒေသဦးစီးအဖွဲ့တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟာ မြောက်လတ္တီတွဒ် (၂၀ ဒီဂရီ ၃၀ မိနစ်) နှင့် (၂၁ ဒီဂရီ ၂၇ မိနစ်) အကြား အရှေ့လောင်ဂျီတွဒ် (၉၇ ဒီဂရီ ၀၃ မိနစ်) နှင့် (၉၇ ဒီဂရီ ၀၄ မိနစ်)အကြား၊ ဧရိယာ (၃၃၀၄.၉၈၅)စတုရန်းမိုင်ရှိပါတယ်။ ဒေသရဲ့ဖွဲ့စည်းမှုအခြေအနေအရ မြို့နယ်၊ မြို့၊ ရပ်ကွက်၊

ကျေးရွာအုပ်စု ဆိုပြီးတော့မှ ဖွဲ့စည်းထားပါတယ်။ မြို့နယ်(၃)မြို့နယ်၊ မြို့(၁)မြို့၊ ရပ်ကွက် (၂၅)ရပ်ကွက်၊ ကျေးရွာအုပ်စု(၆၀)အုပ်စု၊ ကျေးရွာပေါင်း(၁၀၈၁)ရွာ ဖြစ်ပါတယ်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်း မြို့နယ်အလိုက်၊ မြို့အလိုက် လူဦးရေရှိ တာတောင် (၄၅၆၉၉၄)ဦး ရှိပါတယ်။ မြို့နယ်၊ ကျေးလက်နေ အိမ်ထောင်စုလူဦးရေအရ တစ်စတုရန်းမိုင်အတွင်း နေထိုင်တဲ့လူဦးရေဟာ (၁၂၈.၅)ဦးရှိကြောင်း တင်ပြလိုပါတယ်။ မြို့ပေါ်နေလူဦးရေနဲ့ ကျေးလက်နေလူဦးရေ ရာခိုင်နှုန်းတွေကတော့ ကျေးလက်နေလူဦးရေ ၈၉.၈၄ ရာခိုင်နှုန်းရှိပြီး မြို့ပေါ်နေလူဦးရေ ၁၀.၁၆ ရာခိုင်နှုန်းရှိပါတယ်။ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း နေထိုင်တဲ့ တိုင်းရင်းသားများကတော့ ပအိုဝ်း၊ ရှမ်း၊ ဗမာ၊ တောင်ရိုး၊ အခြား ၊ ကယန်း၊ ကရင်၊ အင်းသားစတဲ့ လူဦးရေနဲ့ပေါင်းစည်းထားပြီး လူဦးရေ (၄၅၆၉၉၄)ဦး ရှိပါတယ်။ (၄)နှစ်တာကာလ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုမှာ လွှတ်တော် ကိုယ်စားလှယ်များအခြေအနေက အမျိုးသားလွှတ်တော်မှာ ဦးနေဝင်းထွန်း၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ပြည်သူ့လွှတ်တော်မှာ ဦးခွန်သိန်းဖေ၊ ဟိုပုံးမြို့နယ်၊ ဦးဝင်းကို၊ ဆီဆိုင် မြို့နယ်၊ ဦးခွန်မောင်သောင်း၊ ပင်လောင်းမြို့နယ်၊ ပြည်နယ်လွှတ်တော်မှာ ဦးခွန်စံလွင်၊ ဟိုပုံး မဲဆန္ဒနယ်အမှတ်(၂)၊ ဦးခွန်အေးမောင်၊ ဟိုပုံးမဲဆန္ဒနယ်အမှတ်(၁)၊ ဦးခွန်မောင်ပယ်၊ ဆီဆိုင် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးခွန်လှသိန်း၊ ဆီဆိုင်မဲဆန္ဒနယ်အမှတ်(၁)၊ ဦးခွန်လှဆန်း၊ ပင်လောင်း မဲဆန္ဒနယ်အမှတ်(၁)၊ ဦးခွန်အောင်နိုင်ဦး၊ ပင်လောင်းမဲဆန္ဒနယ်အမှတ်(၂) တို့ဖြစ်ပါတယ်။

ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ဖွဲ့စည်းထားမှု အခြေအနေကတော့ အောက်ဖော်ပြပါအတိုင်း တင်ပြအပ်ပါတယ်-

နယ်မြေတည်ငြိမ်အေးချမ်းမှုအနေနဲ့ ဆက်စပ်နယ်မြေများဖြစ်တဲ့ မြောက်ဘက်၊ အရှေ့ဘက်၊ အရှေ့တောင်ဘက်တွေမှာ ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးအဖွဲ့ RCSS နဲ့ PLNA များတည်ရှိပါတယ်။ နိုင်ငံတော်မှ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများဆောင်ရွက် လာသည့်အတွက် ယခင်ကရှိခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေဟာ ငြိမ်းချမ်းရေး ရယူလာပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းမှာ ပူးပေါင်းဆောင်ရွက်လာတဲ့အတွက်ကြောင့် နယ်မြေ တည်ငြိမ်အေးချမ်းရေး လုပ်ငန်းတွေကို ဒေသအနေနဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒေသ လုံခြုံရေးအတွက် လက်နက်ကိုင်တပ်ဖွဲ့နဲ့ အရံအင်အားကို ဖော်ပြထားခြင်း ဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးနိုင်ရေးအတွက် ယခင်က လက်နက်ကိုင်အဖွဲ့အစည်းတွေ လှုပ်ရှားမှု ရှိသေးသောကြောင့် တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာ မဆောင်ရွက်နိုင်တဲ့အတွက် အခွင့်အရေးသမားတွေ၊ ဒုစရိုက်သမားရဲ့ လှုပ်ရှားမှုကြောင့် ဒေသခံပြည်သူများ လူမှု၊ စီးပွား လုပ်ငန်းတွေကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းမရှိပါ။ လက်နက်ကိုင်အဖွဲ့အစည်းများ

ငြိမ်းချမ်းရေးရယူပြီးမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း ဖော်ပြထားခြင်းဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနှင့် လောင်းကစားမှုအခြေအနေကတော့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့ဟာ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် သက်ဆိုင်ရာမြို့နယ်များမှာ ဘိန်းစိုက်ပျိုးမှုမရှိစေဖို့အတွက် တားမြစ်သတိပေးခြင်း၊ ခံဝန်ကတိလက်မှတ်ရေးထိုးခြင်းနဲ့ ပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ မိမိတို့၏နယ်မြေအလိုက် ပေါ်ပေါက်နေတဲ့အခြေအနေအရ စည်းရုံးဟောပြောခြင်းများ ပြုလုပ်ခဲ့ပါတယ်။

ထို့အပြင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနေပြည်သူ့စစ်နဲ့ ဘိန်းခင်းများအားနှစ်စဉ်ဖျက်ဆီးလျက်ရှိပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ် ဆောင်ရွက်နိုင်မှုအခြေအနေ၊ မြို့နယ်အလိုက်ချေးငွေထုတ်ချေးပေးနိုင်မှု အခြေအနေ၊ ကဏ္ဍတစ်ခုချင်းအလိုက် ချေးငွေထုတ်ချေးပေးနိုင်မှုအခြေအနေ၊ အင်းဝဘဏ်ကို ပြန်လည်အတိုးပေးသွင်းနိုင်မှုအခြေအနေ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ထားတဲ့လုပ်ငန်းများ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တစ်မြို့နယ်လျှင် ကျပ်သိန်း(၄၀၀)စီဖြင့် မြို့နယ်များအား ထောက်ပံ့ပေးတဲ့ရန်ပုံငွေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တစ်မြို့နယ်လျှင် ကျပ်သိန်း(၅၀၀)စီဖြင့် မြို့နယ်များအား ထောက်ပံ့ပေးတဲ့ရန်ပုံငွေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် လွှတ်တော်ရန်ပုံငွေသိန်း(၁၀၀၀)ဖြင့် ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းလုပ်ငန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လွှတ်တော်ရန်ပုံငွေသိန်း(၁၀၀၀)ဖြင့် ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နိုင်မှုအခြေအနေ၊ အခြေခံပညာကျောင်းများ တိုးတက်မှုအခြေအနေ၊ အခြေခံကျောင်းများ၌ ဆရာ/ဆရာမ ခန့်ထားမှုအခြေအနေ၊ ဆေးရုံ၊ ဆေးပေးခန်း ဖွင့်လှစ်နိုင်မှုအခြေအနေ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ပညာရေးဝန်ကြီးဌာန၏ ကျောင်းဆောက်လုပ်၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်မှုအခြေအနေ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဆေးရုံ၊ ဆေးပေးခန်း ဆောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်မှုအခြေအနေ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်မှုအခြေအနေ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅

ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တံတားတည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်မှုအခြေအနေ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စည်ပင်သာယာရေးဌာန၏ တံတားတည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်မှုအခြေအနေ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စည်ပင်သာယာရေးဌာန၏ လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများဆောင်ရွက်မှုအခြေအနေ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဆည်မြောင်းများပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်မှုအခြေအနေ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန(နတလ)နှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန (ကျေးလက်)တို့ရဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ခွင့်ပြုပေးသည့် ရန်ပုံငွေများနှင့် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများအခြေအနေ၊ ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုအခြေအနေ စသည်တို့ကို (Power Point)ဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ဆီဆိုင်မြို့နယ်၊ လွယ်တိန်းကျေးရွာမှာ (IBTC company) လက်အောက်ရှိ International Sun Mo company ၊ စိုက်ပျိုးရေးရာစု(၁) companyမှ ခေတ်မီနည်းပညာအသုံးပြုပြီးတော့ ဆေးရွက်ကြီးအမျိုးအစားကန်ထရိုက် လယ်ယာစနစ်နဲ့ စိုက်ပျိုးမြေ (၁၅၆)ဧကမှာ တောင်သူတွေနဲ့အကျိုးတူ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ်မှာ တိုးချဲ့စိုက်ပျိုးသွားမယ်လို့ ဖော်ပြထားပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ဆီဆိုင်မြို့နယ်၊ ဘန်းယဉ်ကျေးရွာအုပ်စု အဆင့်မြင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးခင်းကို Prime Agri companyမှ ဒေသခံတောင်သူများနှင့် အကျိုးတူရင်းနှီးမြှုပ်နှံ စိုက်ပျိုးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဟိုပုံးမြို့နယ်၊ ကျောက်တန်းကျေးရွာနှင့် နောင်တောင်း ကျေးရွာတို့တွင် “ဝ”ဥ စမ်းသပ်စိုက်ခင်းများ ဆောင်ရွက်လျက်ရှိပြီး တိုးချဲ့၍ စိုက်ပျိုးရန် စီမံဆောင်ရွက်သွားပါမယ်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့မှာရှိတဲ့ ပုဂ္ဂလိကကဏ္ဍ ကုန်သွယ်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်လောင်းကုန်စည်ဒိုင် တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ပင်လောင်းကုန်စည်ဒိုင် တည်ဆောက်ပြီးပါက ပင်လောင်း- ဆီဆိုင်မြို့နယ်များ၏ ဒေသထွက်ကုန်များ စုစည်းတင်ပို့နိုင်မည့်အပြင်

ဖယ်ခုံမြို့နယ်နှင့် ကယားပြည်နယ်ရှိ ထွက်ကုန်များ တင်ပို့ရောင်းချမှုကို အထောက်အကူ ဖြစ်ပါတယ်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟာ မြို့နယ်(၃)မြို့နယ်နဲ့ ဖွဲ့စည်းထားပြီး လူဦးရေ လေးသိန်းငါးသောင်းကျော်ရှိတဲ့အတွက် တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံ နေထိုင်ခဲ့တဲ့ ဒေသရှိပါတယ်။ ကျွန်တော်တို့ကို နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရဘတ်ဂျက်၊ ကျေးလက်ဒေသဦးစီးဌာနရဲ့ ဘတ်ဂျက်၊ ပြည်ထောင်စုဘတ်ဂျက်နဲ့ ပံ့ပိုးကူညီပြီး ကျွန်တော်တို့ ဒေသဦးစီးအဖွဲ့အနေနဲ့ လူဦးရေ လေးသိန်းငါးသောင်းကျော် တိုင်းရင်းသားပေါင်းစုံရဲ့ လူနေမှု ဘဝမြင့်မားရေးကို အလုံးစုံမဖြည့်ဆည်းပေးနိုင်သေးပါဘူး။ ရှိတဲ့လူဦးရေ လေးသိန်းခွဲရဲ့ သုံးပုံတစ်ပုံသာ ဆောင်ရွက်ပြီး ဖြည့်ဆည်းပေးနိုင်တဲ့အပြင် အားလုံးပြည့်စုံလုံလောက်မှု၊ လွှမ်းခြုံမှု မပေးနိုင်သေးကြောင်းကို ရိုးသားစွာဝန်ခံရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပဉ္စမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)ကို ရပ်နားပါမယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ ဗုဒ္ဓဟူးနေ့၊ နံနက်(၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပ သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာမှာ ဖြစ်ပါတယ် ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ ဗုဒ္ဓဟူးနေ့၊ နံနက်(၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာ ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# ရှမ်းပြည်နယ်

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## (ဆဋ္ဌမနေ့)မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

## ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်

## [ဗုဒ္ဓဟူးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) အစီအစဉ်ကို နံနက်(၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးစိုင်းသော်ဝင်း၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် လွှတ်တော်ရုံး၊ လွှတ်တော်ရုံးအကြီးအမှူးက ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြ ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၂) ဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ဆဋ္ဌမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးတက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၉၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ (၆၄.၇၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ဆဋ္ဌမနေ့) အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၃) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၄) ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမတက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းညွန့်ဝင်း၊ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ။** အားလုံးမင်္ဂလာပါ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်

လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းညွန့်ဝင်း ဖြစ်ပါတယ်။

ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)သို့ အကြောင်းအမျိုးမျိုးဖြင့် မတက်ရောက်သည့် အောက်ပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း(၁၀)ဦးသည် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရသည့်အတွက် ကင်းလွတ်ခွင့် ပြုပေးနိုင်ပါရန် လျှောက်ထား တင်ပြလာမှုအပေါ် ခွင့်ယူသူအားလုံးရဲ့ ကိုယ်စားအဖြစ် တင်ပြတောင်းခံအပ်ပါသည်-

(၁) ဦးစိုင်းလှဝင်း၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ ခွင့်(၁)ရက်။

(၂) ဒေါက်တာမျိုးထွန်း၊ ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး၊ ခွင့်(၁)ရက်။

(၃) ဗိုလ်မှူးကြီးအောင်သူ၊ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ခွင့်(၁)ရက်။

(၄) ဦးစိုင်းထွန်းရင်၊ ရှမ်းပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး၊ ခွင့်(၁)ရက်။

(၅) ဦးဝင်းမြင့်၊ အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ခွင့်(၁)ရက်။

(၆) ဦးစောမူးလာ၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ခွင့်(၁)ရက်။

(၇) ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ခွင့်(၁)ရက်။

(၈) ဦးစိုင်းမွမ်းလှိုင်၊ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ခွင့်(၁)ရက်။

(၉) ဦးစိုင်းသူရိန်ဦး၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ခွင့်(၁)ရက်။

(၁၀) ဗိုလ်မှူးဇော်ထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊ ခွင့်(၁)ရက်။

ဆဋ္ဌမနေ့ အစည်းအဝေးမှာ ခွင့်ထပ်မံလျှောက်ထားသူ (၁၀)ဦးရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

**ဥက္ကဋ္ဌ။** သဘောတူတဲ့အတွက် ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၃၉)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြု ထားသူ (၃၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦးရှိပြီး၊ စုစုပေါင်း ခွင့်ပြုထားသူ (၄၉)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါ့မယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့) တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကအတည်ပြုပါသည်။)**

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများ ကိုမေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်

(၆)ဦးက မေးမြန်းထားသည့်မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင် တာဝန်ရှိ ပုဂ္ဂိုလ်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကြူက ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကြူ၊ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါ ခင်ဗျား။ ဒီကနေ့ ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို ကြွရောက်ချီးမြှင့်ပေးပါသော ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်တော်ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ပထမ မေးခွန်းအနေဖြင့် ကိုးကန့်တိုင်းရင်းသားများ မှတ်ပုံတင်ပြုလုပ်ပေးနိုင်ပါရန်၊ နောင်မွန် ကျေးရွာ၊ မိုင်းယော်ကျေးရွာအုပ်စု၊ မီးသတ်စခန်း (၂)ယူနစ် အဆောက်အဦရရှိရေး၊ နမ့်ပေါင် ကျေးရွာအုပ်စု၊ မီးသတ်အဆောက်အဦရရှိရေး ဆောင်ရွက်ပေးနိုင်ပါရန်နှင့် နမ့်ပေါင်ကျေးရွာ အုပ်စုအတွက် မီးသတ်ယာဉ်ရရှိရေး ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ တယ်။

**ဥက္ကဋ္ဌ။** ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မေးခွန်းကို ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေးသို့ တက်ရောက်လာသော တာဝန်ရှိပုဂ္ဂိုလ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်။ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကြူရဲ့မေးမြန်းတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကိုယ်စား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်မှ ဖြေကြားပေး သွားမှာ ဖြစ်ပါတယ်။

လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကြူ ရဲ့မေးမြန်းတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး အောက်ပါအတိုင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသမှာ ခရိုင်(၇)ခရိုင်၊ မြို့နယ် (၃၅)မြို့နယ်တို့ပါဝင်ပြီး ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ လောက်ကိုင်မြို့နယ်၊ ကုန်းကြမ်းမြို့နယ်၊ ချင်းရွှေဟော်မြို့နယ် နဲ့ မော်ထိုက်မြို့နယ်တို့ ပါဝင်ပါတယ်။ လောက်ကိုင်ခရိုင်မှာ ရပ်ကွက်ပေါင်း (၁၇)ရပ်ကွက်၊ ကျေးရွာပေါင်း (၂၇၈)ရွာ၊ ကျေးရွာအုပ်စုပေါင်း (၁၆)အုပ်စုနဲ့ အိမ်ထောင်စုပေါင်း(၂၁၆၀၃) ရှိပါတယ်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ကိုးကန့်လူမျိုးများနေထိုင်မှုအနေနဲ့ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းအရ အသက် (၁၀)နှစ်နဲ့ (၁၈)နှစ်ကြား လူဦးရေ(၄၆၃၃၁)ဦး၊ အသက်(၁၈)နှစ်အထက် လူဦးရေ (၁၃၂၅၀)ဦး၊ စုစုပေါင်း (၁၈၃၅၈၁)ဦး ရှိကြောင်း တွေ့ရှိရပြီး ကိုးကန့်လူမျိုးနေထိုင်မှု အများဆုံးမှာ လောက်ကိုင်ဒေသ (၈၁၃၈၂)ဦးဖြစ်ကြောင်း၊ မြေပြင် လူဦးရေစာရင်းအရ အသက်(၁၀)နှစ်နှင့် (၁၈)နှစ်ကြား (၃၃၇၇၁)ဦး၊ အသက် (၁၈)နှစ် အထက် (၈၂၄၅၆)ဦး၊ စုစုပေါင်း (၁၁၆၂၂၇)ဦး ဖြစ်ကြောင်း၊ အိမ်ထောင်စုလူဦးရေစာရင်းအရ အသက် (၁၀)နှစ်နှင့် (၁၈)နှစ်ကြား (၂၂၄၅၃)ဦး၊ အသက် (၁၈)နှစ်အထက် (၇၂၆၁၃)ဦး၊ စုစုပေါင်း (၉၅၀၆၆)ဦးတို့ဖြစ်ပါတယ်။ ကိုးကန့်လူမျိုးများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေး ခြင်းလုပ်ငန်းအား ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလထိ ကိုးကန့်လူမျိုးများအတွက် ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးပြီးစီးမှုမှာ စုစုပေါင်း(၁၇၄၄၁၈)ဦးအတွက် ထုတ်ပေးနိုင်ခဲ့ပြီး ကတ်ပြားအမျိုးအစား အလိုက် ထုတ်ပေးမှုအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား (၇၂၆၂၄)ဦး၊ ဧည့်နိုင်ငံသား(၃၂)ဦး၊ နိုင်ငံသားခွင့်ပြုထုတ်ပေးမှု (၃၂၇)ဦး၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား (၇၇၀၄၅)ဦး၊ ယာယီ သက်သေခံလက်မှတ် (၂၄၃၉၀)ဦးတို့အား ထုတ်ပေးထားပြီး ဖြစ်ပါတယ်။

ကိုးကန့်လူမျိုးများအတွက် ထုတ်ပေးရန်ကျန်ရှိမှုအနေဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသ မြို့နယ်အသီးသီးတွင် အသက်(၁၀)နှစ်ပြည့် (၄၉၈၄)ဦး၊ အသက်(၁၈)နှစ်ပြည့် (၄၁၇၉)ဦး၊ စုစုပေါင်း (၉၁၆၃)ဦးဖြစ်ပြီး လောက်ကိုင်ဒေသတွင် အသက်(၁၀)နှစ်ပြည့် (၈၀၁)ဦး၊ အသက်(၁၈)နှစ်ပြည့် (၂၄၃၃)ဦး၊ စုစုပေါင်း (၃၂၄၄)ခန့် ကျန်ရှိ၍ ကျန်ရှိမှုအများဆုံး ဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေတဲ့ လောက်ကိုင်ဒေသ၏ အခြေအနေများအရ အများသိရှိပြီးဖြစ်တဲ့ အတိုင်း လုပ်ငန်းဆောင်ရွက်၍ မရနိုင်သေးတဲ့ အနေအထားဖြစ်ပါတယ်။ အခြားဒေသများ ကွင်းဆင်းဆောင်ရွက်ပေးမှုအနေဖြင့် လားရှိုးမြို့နယ် ကိုးကန့်ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်ထွန်းတို့၏ ညှိနှိုင်းချက်အရ လားရှိုးမြို့နယ်၊ သံလွင်ကျေးရွာ သို့ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကိုးကန့်လူမျိုး (၃၁၉)ဦး အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အမျိုးသားမှတ်ပုံတင်ကတ်ပြား ထုတ်ပေးခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လောလောဆယ်မှာ လားရှိုးမြို့ ကိုးကန့်ယဉ်ကျေးမှုအဖွဲ့ရုံးနှင့် ညှိနှိုင်း၍ ကိုးကန့်လူမျိုးများ၏ တင်ပြလျှောက်ထားလာသည့် အမှုတွဲပေါင်း (၉၀၀)ခန့်အား လိုအပ်သည့် အထောက်အထား အချက်အလက်များ ပြည့်စုံစွာဖြင့် ပူးတွဲနိုင်ရေးနဲ့ အမှုတွဲများ တည်ဆောက်ခြင်းအား မိမိဝန်ထမ်းများနဲ့ နေ့/ ည ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်သမ္မတရဲ့ လမ်းညွှန်ချက်အရ နိုင်ငံတော်တစ်ဝန်းလုံးမှာ အိမ်ထောင်စု လူဦးရေစာရင်းနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း မိုးပွင့်(အထူး)စီမံချက်အား

(၁-၁-၂၀၁၅ မှ ၃၀-၆-၂၀၁၅)အထိ (၆)လတာဆောင်ရွက်မှာဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရာမှာ မိမိဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်ခြင်းမဟုတ်ဘဲ အခြားမိတ်ဖက် အဖွဲ့အစည်းများဖြစ်တဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျန်းမာရေး ဦးစီးဌာန၊ ပညာရေးဦးစီးဌာနနှင့် မိမိဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ဆောင်ရွက်ရန် ကျန်ရှိသူများအား ရပ်ကွက်နဲ့ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့အစည်းများ အကူအညီနဲ့ အမည်စာရင်းကောက်ယူခြင်း၊ ရရှိအမည်စာရင်းပေါ် မူတည်၍ ဆောင်ရွက်ပေး ခြင်းစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ မိုးပွင့်(အထူး)စီမံချက်ကာလအတွင်း ကိုးကန့် လူမျိုးများ အများဆုံးနေထိုင်တဲ့ လောက်ကိုင်ဒေသမှာ ဆောင်ရွက်ရန်ကျန်ရှိတဲ့ အမည်စာရင်း များရရှိရေးအတွက် လောက်ကိုင်မြို့ပေါ်ရပ်ကွက် ၁/ ၂/ ၃ အပြင် ချင်းရွှေဟော်မြို့မှာလည်း လက်ရှိတိုက်ပွဲများ မကြာမီကတည်းက ဆောင်ရွက်ရန်ကျန် အမည်စာရင်းများ ကြိုတင် ကောက်ယူခြင်း၊ စာရင်းဇယားများပြုစုခြင်းတို့ကို ဆောင်ရွက်ထားရှိပြီးဖြစ်ရာ နယ်မြေ အေးချမ်းလာတာနဲ့အမျှ ဆက်လက်ကွင်းဆင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် လုံခြုံစိတ်ချရသည့် အခြေအနေပေါ်မူတည်၍ ဝန်ထမ်းအင်အားဖြည့်တင်း ဆောင်ရွက်ခြင်းများ အပါအဝင် အထက်ဌာနသို့ လိုအပ်ချက်များ ထပ်မံတင်ပြ၍ ဆောင်ရွက်သွားရန် စီမံထားရှိပြီး အခြားဒေသများမှာလည်း ဆောင်ရွက်ရန် ကျန်ရှိမှုမရှိစေရေး ဆက်လက်ဆောင်ရွက်ပေး လျက်ရှိပါကြောင်း၊ ကိုးကန့်လူမျိုးများအတွက်လည်း လစ်ဟာမှုကျန်ခဲ့မှု မရှိစေရေးကိုလည်း မိမိတို့ဌာနအနေနဲ့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းကိုလည်း ရှင်းလင်းဖြေကြားအပ် ပါတယ်။

ဆက်လက်ပြီးတော့လည်း နောင်မွန်ကျေးရွာ မီးသတ်စခန်းအဆောက်အဦရရှိရေး မိုင်းယော်ကျေးရွာအုပ်စု မီးသတ်စခန်း(၂)ယူနစ် ရရှိရေးနဲ့ နမ့်ပေါင်ကျေးရွာအုပ်စု မီးသတ်ယာဉ် ရရှိရေးတို့ကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နောင်မွန်မီးသတ်စခန်း ရရှိရေးအတွက် ကျေးရွာမှ မီးသတ်စခန်းမြေနေရာ သတ်မှတ်ပေးထားသော်လည်း မြေစာရင်းပုံစံ(၁၀၅) မရရှိသေးခြင်း၊ မြေစာရင်းပုံစံ (၁၀၅)ရရှိပါက မီးသတ်စခန်း ဆောက်လုပ်နိုင်ရေးအတွက် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းလျာထားခဲ့သော်လည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂- ၁- ၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၁၆၂၆၈/ ၆- ၂၄၅/ အစရ(ရှမ်း) အရ ၂၀၁၆ - ၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းလျာထားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မိုင်းယော်ကျေးရွာအုပ်စု မီးသတ်စခန်း(၂)ယူနစ် မီးသတ်စခန်း ဆောက်လုပ်နိုင်ရေးအတွက် ၂၀၁၅ - ၂၀၁၆ ခု ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းလျာထားခဲ့သော် လည်းဘဲ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၂- ၁- ၂၀၁၅) ရက်စွဲပါစာအမှတ်နှင့်အတူ ထည့်သွင်း

လျာထားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီး ကျွန်တော်တို့ နမ့်ပေါင် ကျေးရွာအုပ်စု အဆောက်အအုံရရှိရေးအတွက် မီးသတ်ဦးစီးဌာနမြေပိုင်ဆိုင်မှု မရှိသေးတဲ့ အတွက် မြေပိုင်ဆိုင်မှုရရှိပါက မီးသတ်စခန်းဆောက်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်းနှင့် မီးသတ်ယာဉ်ရရှိရေးအတွက် ဆက်လက်၍ လားရှိုးမီးသတ်စခန်းမှ (ဆ/ ၈၄၆၅) တိုယိုတာ မီးသတ်စက်ယာဉ်တစ်စီး ပေးအပ်နိုင်ရေးအတွက် မြန်မာနိုင်ငံမီးသတ် တပ်ဖွဲ့ဌာနချုပ်သို့ တင်ပြထားပြီးဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးစိုင်းကြူက ဒုတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကြူ၊ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒုတိယမေးခွန်းကို ဆက်လက်ပြီး တင်ပြသွားမှာ ဖြစ်ပါတယ်။ ရပ်ကွက်(၃)အတွင်း ယာဉ်ကြောပိတ်ဆို့မှုများအား လျော့နည်းရေး အတွက် တစ်လမ်းမောင်းယာဉ်ကြောများ ဆောင်ရွက်ပေးပါရန်၊ ရပ်ကွက်(၄)၊ နယ်မြေ (၁၅၊ ၁၆)အတွင်းရှိ မြေသားလမ်း(၄)လမ်းကို ကျောက်ကြမ်းလမ်းခင်းပေးနိုင်ပါရန်၊ ခတ္တာလမ်း ကျောက်ကြမ်းလမ်း ပေ(၁၀၀၀)အား ကတ္တရာလမ်းခင်းပေးနိုင်ပါရန်၊ ရပ်ကွက် (၇)၊ နယ်မြေ (၁၆) ကချင်ကုန်းရှိ မြေသားလမ်း ပေ(၁၆၀၀)ရှိ လမ်းအား ရပ်ကွက်(၉)၊ နယ်မြေ(၃) သံလွင် လမ်းမ နယ်မြေ(၁)ဒေးနင်းရွာထိ ပေ(၁၂၀၀)ရှိ မြေသားလမ်း၊ ရပ်ကွက်(၁၁)နယ်မြေ(၁) မေတ္တာလမ်း ပေ(၁၀၀၀)ခန့် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ခင်းပေးနိုင်ပါရန်၊ ရပ်ကွက် (၄)၊ နယ်မြေ (၁၃၊ ၁၄၊ ၁၆) ရပ်ကွက်(၇)၊ နယ်မြေ(၁၈)ဂေါ်ရခါး ကုန်းရပ်ကွက်(၉)၊ နယ်မြေ(၁)ဒေးနင်းကျေးရွာ ရပ်ကွက်(၁၁)၊ နယ်မြေ(၅)အတွင်း သောက်သုံးရေခက်ခဲမှုရှိပါသဖြင့် စက်ရေတွင်းနှင့် ရေလှောင်ကန်ပံ့ပိုးပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ၊ ရပ်ကွက်(၁၂)၊ ပြည်ထောင်စုလမ်းမကြီး ဖြစ်သော သိန်းနီလမ်းမကြီးတွင် မန်ဆူဘုရားရှေ့မှ လားရှိုးကြီး လမ်းဆုံအထိ မော်တော်ယာဉ် သွားလမ်း၊ ဆိုင်ကယ်သွားလမ်း သီးသန့်သတ်မှတ်ပေးရန်နှင့် ရေစီးရေလာကောင်းမွန်ရေး အတွက် သိန်းနီလမ်းမကြီး ဘေးဝဲယာရေနုတ်မြောင်းများ ဆယ်ယူတူးဖော်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း၊ သစ်တောသတ္တုဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းကြူ မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ စည်ပင်သာယာရေးဝန်ကြီး ကိုယ်စား ရှမ်းပြည်နယ်သစ်တောသတ္တုဝန်ကြီးမှ ဖြေကြားပေးသွားမှာဖြစ်ကြောင်း လေးစား စွာတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား- ဦးစိုင်းကြူမေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေကြားချက်များမှာ ရပ်ကွက်(၃)၊ ရပ်ကွက်ယာဉ်ကြောရှုပ်ထွေးမှု၊ ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် သက်ဆိုင်ရာ ဒေသအာဏာပိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီ ကော်မတီ (၃)ရပ်တို့နဲ့ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးသွားပါမည်။

၂၀၁၅ - ၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ရပ်ကွက်(၄)၊ နယ်မြေ (၁၅)အတွင်းရှိ (က)(ခ)(ဂ) ရတနာပုံလမ်းသွယ်(၁၊ ၃၊ ၄)အား မြေလမ်းမှ ကတ္တရာ (၁၅၀၀ ပေ× ၁၂ ပေ ၉ လက်မ) လမ်းခင်းရန် လျာထားရေးဆွဲပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ (ဃ) ခတ္တာလမ်းသွယ် (၁) မြေသားလမ်း (၁၄၄၅ ပေ)အား ကတ္တရာလမ်းခင်းပေးနိုင်ရေးအတွက် ဌာနရန်ပုံငွေ ရရှိမှုအပေါ် မူတည်၍ ထည့်သွင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ (င) ကတ္တရာလမ်းခင်းပေးနိုင်ရေး အတွက် ကုန်ကျငွေထည့်တွက်ပြီး ဌာနရန်ပုံငွေရရှိမှုအပေါ် မူတည်၍လည်ကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ တင်ပြတောင်းခံ၍သော်လည်းကောင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ (စ) နယ်မြေ (၁၃၊ ၁၄၊ ၁၆)တို့တွင် ကွင်းဆင်းစစ်ဆေး၍ သောက်သုံးရေ ဖူလုံစွာရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

အမှတ်(၇) ရပ်ကွက်၊ နယ်မြေ(၁၈)အတွင်းရှိ ဂေါ်ရခါးကုန်းတွင် ဌာနမှ ပေးဝေသည့် ရေပိုက်လိုင်း သွယ်တန်းထားခြင်း မရှိပါသဖြင့် ကွင်းဆင်းစစ်ဆေး၍ ရေဖူလုံစွာရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ (ခ) အမှတ် (၇)ရပ်ကွက်၊ နယ်မြေ (၁၆) ကချင်ကုန်းရှိ မြေသားလမ်း ပေ(၁၆၀၀)ခန့်အား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရေးအတွက် လာမည့် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းပြောင်း ဆောင်ရွက်မည်ဖြစ်ပြီး လိုအပ်သည့် ပစ္စည်းနှင့် လုပ်အားခအား ဌာနမှရန်ပုံငွေ ကျခံသုံးစွဲကာ လိုအပ်သည့်ကတ္တရာအား ပြည်နယ်အရံကတ္တရာမှ သုံးစွဲနိုင်ရေး တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အမှတ်(၉)ရပ်ကွက်၊ နယ်မြေ(၃)အတွင်းရှိ ခေးနင်းရွာအဝင်လမ်းကို ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပေ(၃၀၀၀)အား ဌာနမှကတ္တရာလမ်းအဖြစ် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ကျန်ရှိသော အပိုင်းများအား ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။ (ခ) ရပ်ကွက်(၉)၊ နယ်မြေ (၁) ခေးနင်းကျေးရွာတွင် ဌာနမှသောက်သုံးရေ ဖြန့်ဝေပိုက်လိုင်း သွယ်တန်းထားမှုမရှိခြင်းကြောင့် ကွင်းဆင်းစစ်ဆေးပြီး ရေရရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ အပိုဒ်(၅) (က) ရပ်ကွက်(၁၁)၊ နယ်မြေ(၁) မေတ္တာလမ်း ပေ(၁၀၀၀)ခန့် မြေသားလမ်းအား ကတ္တရာလမ်းအဖြစ် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းပြောင်းလဲ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးစိုင်းကြူက တတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကြူ၊ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** တတိယမေးခွန်းအား ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ မိုင်းရယ်မြို့နယ်အစပ်နှင့် တန့်ယန်းမြို့နယ်၊ ကင်ကာကျေးရွာ ကျေးရွာချင်းဆက်လမ်း (၄)မိုင်၊ တုံကျိုင်းဘုရားလမ်း (၄)မိုင်၊ တာပုံကျေးရွာအုပ်စု၊ အောင်သစ္စာလမ်းသွယ်မှ တာပုံ- ဘုန်းကြီးကျောင်းသွားလမ်းအား ကျောက်ချောလမ်းမှ ကတ္တရာလမ်းခင်းပေးရန်၊ မန်ရယ်- နမ့်ဆန်ကျေးရွာအုပ်စု၊ ကျေးရွာချင်းဆက် ကျောက်ကြမ်းလမ်း (၂)မိုင်ကို ကတ္တရာလမ်းခင်းပေးရန်၊ မန်းပွဲ- ခိုလိတ် နမ့်မျှော်ချောင်းကူးတံတား၊ မန်ပျဉ်- နမ့်မော်ငင်းကျေးရွာဆက်တံတား၊ နမ့်ပေါင်ကျေးရွာအုပ်စု၊ မိုင်ပိုင်- နားနန်း ဆက်သွယ်သည့်တံတားအား ဆောက်လုပ်ပေးရန်၊ စဥ့်အင်ကျေးရွာ၊ ဆုံကွယ်ကျေးရွာအုပ်စု၊ ကုန်းအိုင်၊ ဝိုင်းကုန်းကျေးရွာ၊ ဟိုပိတ်ကျေးရွာအုပ်စု၊ ပန်ဟတ်ကျေးရွာ၊ နားကွမ်းလုံကျေးရွာအုပ်စု၊ အီနိုင်းကျေးရွာ၊ နားလိုင်ကျေးရွာ၊ နားဝါကျေးရွာ၊ မော်ကာဆိုင်ကျေးရွာ၊ မန်မိုင်ကျေးရွာ၊ ဟူးမွန်ကျေးရွာအုပ်စု၊ ဟတ်ကာကျေးရွာများတွင် မီးလင်းရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် နားကွမ်းလုံကျေးရွာ၊ ခါးသျှီကျေးရွာ၊ မိုင်းယန်းကျေးရွာအုပ်စု၊ မန်ကောင်းကျေးရွာ၊ မန်းပွဲကျေးရွာ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ လားရှိုးမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်အတွက် ဓမ္မာရုံနှင့် လူမှုရေးခန်းမဆောက်လုပ်ရန် မြေနေရာ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။** အားလုံးပဲမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ။ ကျွန်တော်တို့ မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကြူရဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးကိုယ်စား ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်မှ ဖြေကြားပေးသွားမှာ ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကြူရဲ့ မေးခွန်းများကို အောက်ပါအတိုင်း ကျွန်တော့်အနေနဲ့ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

တန့်ယန်းမြို့နယ်တွင်းမှာရှိနေတဲ့ ပလောင်တိုင်းရင်းသားများနေထိုင်တဲ့ ကင်ကာကျေးရွာကို နမ့်ပေါင်းတိုက်နယ်ဘက်မှ (၄)မိုင်ခန့်အကွာအဝေး ကျောက်ချောလမ်း ခင်းပေးနိုင်ရေးနဲ့စပ်လျဉ်းပြီးတော့ ကင်ကာကျေးရွာသွားလမ်း (၄)မိုင်အား ကျောက်ချောလမ်း ခင်းမည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် ၂၃၀.၆၈ သန်းခန့် ကုန်ကျမှာဖြစ်ပြီး ခွင့်ပြုရန်ပုံငွေရရှိနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြ၍ ခွင့်ပြုရန်ပုံငွေ ရရှိမှု

အပေါ် ဘဏ္ဍာရေးနှစ်အလိုက်၊ လုပ်ငန်းပိုင်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မန်းပွဲ- ခိုလိတ် နမ့်မျှော်ချောင်းကူးတံတားနှင့်စပ်လျဉ်းပြီး မန်းပွဲ- ခိုလိတ် နမ့်မျှော်ချောင်းကူးတံတား တည်ဆောက်ပေးနိုင်ရေးအတွက် စနစ်တကျ ကွင်းဆင်းတိုင်းတာ၍ ခန့်မှန်းကုန်ကျစရိတ်တွက်ချက်ပြီး ခွင့်ပြုရန်ပုံငွေရရှိရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြ၍ ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မှာ မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

တုံကျိုင်းဘုရားလမ်း (၄)မိုင် ကျောက်ချောလမ်း ပြုပြင်ခြင်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပြုပြင်ဆောင်ရွက်ရမည့်အပိုင်းများအား ကွင်းဆင်းတိုင်းတာ၍ ခန့်မှန်းကုန်ကျစရိတ်များ တွက်ချက်ပြီး ခွင့်ပြုငွေ ရန်ပုံငွေရရှိရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)ကို တင်ပြပြီးတော့ ခွင့်ပြုရန်ပုံငွေရရှိတဲ့အပေါ်မှာ မူတည်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

စဥ့်အင်ကျေးရွာမှာ အိမ်ခြေ (၁၉၀)အိမ်ရှိပြီး ဆိုလာစနစ်နဲ့ မီးလင်းရေး ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် ၃၈ သန်းခန့် ကုန်ကျမှာဖြစ်ပြီး ခွင့်ပြုရန်ပုံငွေ ရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြ၍ ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မှာ မူတည်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဆုံကွယ်ကျေးရွာအုပ်စု၊ ကုန်းအိုင်ကျေးရွာနှင့် ဝိုင်ကုန်းကျေးရွာအုပ်စုများမှ မီးလင်းရေးအတွက် ကုန်းအိုင်ကျေးရွာမှ (၃)ဖာလုံခန့်ကွာဝေးသော ဟိုပိတ်ကျေးရွာမှ မဟာဓာတ်အားလိုင်းစနစ်နဲ့ သွယ်တန်းရယူနိုင်ပြီဖြစ်ပြီး ဟိုပိတ်ကျေးရွာမှ ကုန်းအိုင်ကျေးရွာအထိ (၀/ ၃)မိုင်၊ ဆုံကွယ်ကျေးရွာမှ မန်ကုန်းကျေးရွာအထိ (၁)မိုင် လျှပ်စစ်မီးသွယ်တန်းနိုင်ရေးအတွက် မြန်မာ့လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းနှင့် ညှိနှိုင်း၍ စနစ်တကျ ကွင်းဆင်းတိုင်းတာ တွက်ချက်ပြီး ခွင့်ပြုရန်ပုံငွေရရှိရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)ကို တင်ပြ၍ ရန်ပုံငွေ ရရှိမှုအပေါ်မူတည်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဟိုပိတ်ကျေးရွာ၊ ပန်ဟတ်ကျေးရွာ မီးလင်းရေးနဲ့ပတ်သက်ပြီးတော့ ၂၀၁၅ - ၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရန် လျာထားတဲ့ နမ့်တွန်ကျေးရွာအုပ်စု၊ ပန်ဟတ်ကျေးရွာအုပ်စု မီးလင်းရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့နေရာမှာ ပူးတွဲထည့်ပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး နားကွမ်းလုံကျေးရွာအုပ်စု ကျေးရွာမီးလင်းရေးနဲ့ စပ်လျဉ်းပြီးတော့ ၂၀၁၅ - ၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ မဟာဓာတ်အားလိုင်းစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ခွင့်ပြုရန်ပုံငွေရရှိရေး ဦးစွာလျာထားတင်ပြထားပြီး ဖြစ်ပါတယ်။ နားကွမ်းလုံကျေးရွာအုပ်စု သောက်သုံးရေရရှိရေးအတွက် တွင်းနက်(၁)တွင်း တူးဖော် ဆောင်ရွက်ပေးနိုင်ရန် ခွင့်ပြုရန်ပုံငွေ ရရှိနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြ၍ ခွင့်ပြုရန်ပုံငွေ ရရှိမှုအပေါ် မူတည်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ဆက်လက်ပြီး အီနိုင်းကျေးရွာမီးလင်းရေး ဆောင်ရွက်ပေးမှုနဲ့စပ်လျဉ်းပြီးတော့ အီနိုင်း ကျေးရွာမီးလင်းရေးအတွက် ၂၀၁၅ - ၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်မည့် စက္ကူ စက်ရုံ ဓာတ်အားလိုင်း (၈)မိုင် သွယ်တန်းခြင်းလုပ်ငန်းသည် အီနိုင်းကျေးရွာအတွင်းမှ ဖြတ်သန်း၍ သွယ်တန်းဆောင်ရွက်မည်ဖြစ်တဲ့အတွက် အဆိုပါဓာတ်အားလိုင်း ဆောင်ရွက် ပြီးစီးချိန်မှာ မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းနှင့် ညှိနှိုင်းပြီး သွယ်တန်းဆောင်ရွက်ခွင့် ရရှိနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန်ပုံငွေရရှိရေး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြ၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ဆက်လက်ပြီး ခါးသျှီကျေးရွာ သောက်သုံးရေရရှိရေးနဲ့ပတ်သက်ပြီး ကွင်းဆင်းတိုင်းတာ စစ်ဆေးချက်များအရ လွယ်လန့်ရေထွက်မှ ရေကို လွယ်လန့်ကျေးရွာနဲ့ မယ်ဟန်ကျေးရွာတို့မှ ရယူအသုံးပြုလျက်ရှိကြောင်း တွေ့ရှိရပါ၍ ခါးသျှီကျေးရွာ ရေဖူလုံစွာရရှိနိုင်ရန် အခက်အခဲ ဖြစ်ပေါ်နိုင်တဲ့အတွက် ခါးသျှီကျေးရွာသောက်သုံးရေ ရရှိရေးအတွက် တွင်းနက်(၁)တွင်း တူးဖော်လုပ်ကိုင်ပေးနိုင်ရန် ခွင့်ပြုရန်ပုံငွေ ရရှိနိုင်ရေး ဆက်လက်တင်ပြပြီး ရန်ပုံငွေရရှိတဲ့ အပေါ်မှာ မူတည်ပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မိုင်းယန်းကျေးရွာအုပ်စု၊ မန်ကောင်း ကျေးရွာ ရေရရှိရေးအတွက် (၂)မိုင်ခန့်ကွာဝေးတဲ့အတွက် ရေစုကန်မှ (၂)လက်မ ရေပိုက်ဖြင့် လဲလှယ်သွယ်တန်းနိုင်ရေးအတွက် ကုန်ကျရမည့် ကျပ်သိန်း (၁၀၀)အနက်မှ ကျပ်သိန်း (၅၀)အား ပံ့ပိုးကူညီပေးနိုင်ရေးအတွက် ခွင့်ပြုရန်ပုံငွေရရှိနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ မန်ပျဉ်ကျေးရွာအုပ်စုတွင် ကျေးရွာ(၁၆)ရွာ ပါဝင်ပြီး ပိန်းဆာနှင့် ကန်လုံကျေးရွာ (၂)ရွာအတွက် ဆိုလာစနစ်ဖြင့် မီးလင်းရေး ဆောင်ရွက်ပေးနိုင်ရန် ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေရရှိနိုင်ရေး ဦးစားပေးလျာထား တင်ပြပြီး ဖြစ်ပါကြောင်းနှင့် ကျန်ကျေးရွာ(၁၄)ရွာ ဆိုလာစနစ်နဲ့ မီးလင်းရေး ဆောင်ရွက်ပေးနိုင်ပါရန် ခွင့်ပြုရန်ပုံငွေရရှိရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြ၍

ခွင့်ပြုရန်ပုံငွေ ရရှိမှုအပေါ်မှာမူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ပါ ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး သောက်သုံးရေရရှိမှုအတွက် ရေသွယ်တန်းရရှိရေးနဲ့စပ်လျဉ်းပြီး မန်ပျဉ် ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ မန်ပျဉ်၊ မန်ကောင်း၊ နားစံ၊ လုံးလ၊ ကန်လုံ၊ ပိန်းငင်နှင့် မိုင်းမော ကျေးရွာ (၇)ရွာ သောက်သုံးရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို ၂၀၁၅- ၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေကျပ် ၂၆၁.၁၇ သန်းဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မန်ပျဉ်- နမ့်မော်ငင်း ကျေးရွာချင်းဆက်လမ်းရှိ တံတားအရှည် (၆၀)ပေ (၁)စင်း တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် ၆၀ သန်း ကုန်ကျမည်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေရရှိရေး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြ၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေး သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီး တာပုံကျေးရွာအုပ်စု၊ အောင်သစ္စာ လမ်းမှ ဘုန်းကြီးကျောင်းသွားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက် ရန်အတွက် စနစ်တကျကွင်းဆင်းတိုင်းတာ၍ ခန့်မှန်းခြေကုန်ကျစရိတ် တွက်ချက်ပြီး ခွင့်ပြု ရန်ပုံငွေရရှိရေး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)ကို တင်ပြ၍ ခွင့်ပြု ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ဆက်လက်ပြီး နားလိုင်း၊ နားဝါ၊ မော်ကာဆိုင်း၊ မန်မိုင်ကျေးရွာ (၄)ရွာတွင် အိမ်ခြေ (၁၂၆)ရှိပြီး ဆိုလာစနစ်နဲ့ မီးလင်းရေးဆောင်ရွက်မည်ဆိုပါက ခန့်မှန်းခြေ ကုန်ကျစရိတ် (၂၅.၂) သန်းခန့် ကုန်ကျမှာဖြစ်ပြီး ခွင့်ပြုရန်ပုံငွေ ရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြပြီး ခွင့်ပြုရန်ပုံငွေ ရရှိမှုအပေါ်မူတည်ပြီး ဆက်လက်အကောင် အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မန်းပွဲကျေးရွာအုပ်စု၊ မန်လိတ်- မန်းပွဲ နမ့်မော်ချောင်းတံတားအား ကွင်းဆင်းစစ်ဆေးတိုင်းတာချက်များအရ အကျယ် (၂၂၀)ပေ၊ အမြင့် (၃၀)ပေရှိတဲ့အတွက် တံတားဆောက်လုပ်နိုင်ရန် စနစ်တကျ ထပ်မံကွင်းဆင်းတိုင်းတာ ၍ ခန့်မှန်းခြေ ကုန်ကျစရိတ်တွက်ချက်ပြီး ခွင့်ပြုရန်ပုံငွေရရှိနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြပြီး ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မန်းပွဲကျေးရွာ သောင်သုံးရေရရှိရေးအတွက် ရေထွက်မှရေကို ရယူဆောင်ရွက်ခြင်းထက်ပိုမိုသင့်လျော်တဲ့ တွင်းနက် (၁)တွင်း တူးဖော်ဆောင်ရွက်ပေးနိုင်ရေး အတွက် ခွင့်ပြုရန်ပုံငွေရရှိနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)သို့

တင်ပြ၍ ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

နမ့်စန်ကျေးရွာအုပ်စု၊ မန်အိုင်- နမ့်စန်ကျေးရွာချင်းဆက်လမ်း ကျောက်ခင်းလမ်း (၂)မိုင်ကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ် (၁၈၅.၄၄)သန်း ကုန်ကျမှာဖြစ်ပြီး ခွင့်ပြုရန်ပုံငွေရရှိရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်)ကို တင်ပြ၍ ခွင့်ပြုရန်ပုံငွေရရှိမှုပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ဟူးမွန်ကျေးရွာအုပ်စု၊ ဟတ်ကာကျေးရွာမီးလင်းရေးအတွက် မဟာဓာတ်အားလိုင်းစနစ်နဲ့ မီးလင်းရေး ဆောင်ရွက်မည်ဆိုပါက ကျပ်သိန်း(၁၀၀၀)ခန့် ကုန်ကျမှာဖြစ်ပြီး ကျေးရွာလူထုမှ (၆၃၀)သိန်း စုဆောင်းထားပြီး ဖြစ်တဲ့အတွက် ထပ်မံလိုအပ်သည့်ငွေကျပ်သိန်း(၁၇၀)အား နိုင်ငံတော်မှ ထောက်ပံ့ငွေရရှိနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို တင်ပြပြီး ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မှာမူတည်ပြီး ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ နမ့်ပေါင်ကျေးရွာအုပ်စု၊ နားနန်း- မိုင်ပိုင်ဆက်သွယ်သည့်တံတားသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင်လမ်းဖြစ်တဲ့ အရှည်(၁၅)မိုင်ရှိ နမ့်ပေါင်- မန်ဆယ်- မိုင်ပိုင်- နားနန်းလမ်းပေါ်မှာရှိတဲ့ တံတား (၁)စင်းဖြစ်ပြီး အဆိုပါတံတားအရှည် (၂၀၆)ပေကို ကွန်ကရစ်တံတားအဖြစ်တည်ဆောက်နိုင်ရန် စနစ်တကျကွင်းဆင်းတိုင်းတာတွက်ချက်၍ ခွင့်ပြုရန်ပုံငွေ ရရှိရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)ကို တင်ပြခွင့်ပြုရန်ပုံငွေရရှိမှုပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ရပ်ကွက်(၁၁)ရပ်ကွက်အတွင်း ဓမ္မာရုံ၊ လူမှုရေးခန်းမအတွက် မြေနေရာသတ်မှတ်ပေးနိုင်ပါရန်ကိစ္စနှင့် စပ်လျဉ်းပြီးတော့ လားရှိုးခရိုင်၊ တန့်ယန်းမြို့နယ်တွင် အမှတ်(၁)မှ အမှတ်(၁၀)ရပ်ကွက်အထိရှိပြီး၊ အမှတ်(၂)ရပ်ကွက်တွင်သာ လူမှုရေးခန်းမဆောက်လုပ်ထားရှိပြီး ကျန်ရပ်ကွက်များအတွင်း ဓမ္မာရုံနှင့် လူမှုရေးခန်းမများ ဆောက်လုပ်နိုင်မှုမရှိသေးပါ။ ဓမ္မာရုံနှင့် လူမှုရေးခန်းမများ ဆောက်လုပ်ရန်အတွက် ရပ်ကွက်များအနေဖြင့် မြေနေရာရှိပြီးဖြစ်ပါတယ်။ လိုအပ်ပါက သက်ဆိုင်ရာ ရပ်ကွက်အတွင်း မြေနေရာတည်ရှိမှုအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးစိုင်းကြူက စတုတ္ထမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကြူ၊ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** စတုတ္ထမေးခွန်း ဖြစ်ပါတယ်။ ပုန်းထွန်ကျေးရွာ၊ နောင်မွန်ကျေးရွာ၊ နမ္မဗောဒကျေးရွာနှင့် နောင်ကွဲကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းများအား မူလွန်ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် လိုအပ်သည့် ဆရာ/ဆရာမများ၊ ဝန်ထမ်းနေအိမ်များ၊ ကျောင်းဆောင်သစ်များရရှိရေးနှင့် လွယ်လွမ့် မူလတန်း ကျောင်းဆောင်သစ်ရရှိရေး ဆောင်ရွက်ပေးရန်၊ ရပ်ကွက်(၁၀)၊ အမှတ်(၄)အခြေခံပညာအထက်တန်း ကျောင်းအတွက် (၁၂၀ × ၃၀) တစ်ထပ်ကျောင်းဆောင်သစ် ရရှိရေး၊ နောင်မွန် အထက(ခွဲ)အတွက် ပေ(၁၂၀ × ၃၀)နှစ်ထပ် ကျောင်းဆောင်ဆောက်လုပ်ပေးနိုင်ရေးနှင့် မိုင်းယော် အထက(ခွဲ)ကျောင်း တွင် (၄)ခန်းတွဲရေအိမ်(၁)လုံး ဆောက်လုပ်ပေးရန်၊ ခေးနင်းကျေးရွာအုပ်စု အခြေခံပညာ အလယ်တန်းကျောင်းဆောင်သစ်(၁၀၀×၃၀)ပေရရှိရေး ဆောင်ရွက်ပေးနိုင်ရန်၊ မချီနုကျေးရွာ ပညာရေးကျောင်းဆောင် အဆောက်အဦအဟောင်းအား တရားဝင်ဖျက်သိမ်းခွင့်ရရှိရေး ဆောင်ရွက်ပေးနိုင်ရန်နှင့် လားရှိုးမြို့နယ်၊ ခါးသျှီကျေးရွာ ဆေးပေးခန်းအဆောက်အဦ လိုအပ်ချက်ရှိပါသဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် လားရှိုးမြို့နယ်၊ ခေးနင်း ကျေးရွာ၊ လွယ်လွမ့်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိရေး ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိကို ပြည်သူများရဲ့ကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော်တို့ (၂၀-၃-၂၀၁၅)ရက်နေ့မှာ နိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးခရီးစဉ် ပြည်သူများနှင့် တွေ့ဆုံစဉ် ပြည်သူ များရဲ့ တင်ပြချက်များကို စုစည်းပြီး ကျွန်တော် လွှတ်တော်သို့ တင်ပြရခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း၊ သစ်တောသတ္တုဝန်ကြီး။** ဦးစိုင်းကြူမေးမြန်းတဲ့ မေးခွန်းအရ ပုန်းထွန်ကျေးရွာ မူလတန်းကျောင်းမှ မူလွန်ကျောင်း တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရေး ပညာရေး ဝန်ထမ်းနေအိမ်(၄)ခန်းတွဲရရှိရေး ဆောင်ရွက်ပေးနိုင်ပါရန်နှင့်ပတ်သက်၍ အမက မှ မူလွန် အဆင့်တိုးမြှင့်နိုင်ရေးအတွက် ၂၀၁၅ - ၂၀၁၆ Online ဖြင့် လျာထားတင်ပြထားပြီး ဖြစ်ပါတယ်။ ဝန်ထမ်းနေအိမ်အတွက် အခြေခံပညာ(ရုံးချုပ်)သို့တင်ပြဆောင်ရွက်ပေးသွားပါမယ်။ နောင်မွန် အထက(ခွဲ)ကျောင်းဆောင်သစ် ပေ(၁၂၀ × ၃၀) (၂)ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးနိုင် ရေးနှင့် ပတ်သက်၍ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပေ(၁၇၀ × ၃၀)အာစီ (၂)ထပ်ဆောင် အသစ် ဆောက်လုပ်ရန် Online ဖြင့် ဆောက်လုပ်ရန် လျာထားပြီးဖြစ်ပါတယ်။

မိုင်းတင်း မူလွန်ကျောင်းရရှိရေး၊ ဆရာ/ဆရာမ ဦးရေတိုးမြှင့်ခန့်ထားပေးနိုင်ရေး၊ ကျောင်းဆောင်သစ်ရရှိရေးနှင့် စပ်လျဉ်း၍ အမကမှ မူလွန်တိုးမြှင့်နိုင်ရေး အခြေခံပညာ (ရုံးချုပ်)သို့ တင်ပြပေးသွားပါမည်။ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပေ (၆၀ × ၃၀)အုတ်ညှပ် ကျောင်းဆောင် (၁)ထပ်ဆောင်သစ် ဆောက်လုပ်ရန် Online ဖြင့် လျာထားပြီး ဖြစ်ပါတယ်။

နမ္မဗောဒကျေးရွာအုပ်စု အမက မူလွန်တိုးမြှင့်ရရှိရေး၊ ပညာရေးဝန်ထမ်းနေအိမ် (၆)ခန်းတွဲ ရရှိနိုင်ရေးနှင့်ပတ်သက်၍ အခြေခံပညာ(ရုံးချုပ်)၏ (၂- ၆- ၂၀၁၄)ရက်စွဲပါ စာအမှတ်၊ ဌာနခွဲ (၁-ခ)/ ၄၂၆၂/ မူလွန်(၁၀)ဖြင့် ဖွင့်လှစ်ခွင့်ရရှိပြီး ဖြစ်ပါတယ်။ ဝန်ထမ်းနေအိမ်အတွက် အခြေခံပညာဦးစီးဌာနသို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

ခေးနင်းကျေးရွာအုပ်စု အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ် ပေ(၁၀၀ × ၃၀)ရရှိရန်နှင့် ပတ်သက်၍ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် Online ဖြင့် ပေ(၁၇၀ × ၃၀)အာစီနှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် လျာထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ မိုင်းယော် အထက(ခွဲ)ကျောင်းအတွက် (၄)ခန်းတွဲ ရေလောင်းအိမ်သာ (၁)လုံး ဆောက်လုပ်ပေးနိုင်ပါရန်နှင့် ပတ်သက်၍ အခြေခံပညာ(ရုံးချုပ်)သို့ ဆက်လက်တင်ပြဆောင်ရွက်ပေးသွားပါမည်။

လွယ်လမ့်မူလတန်းကျောင်းဆောင်သစ် ရရှိရေး ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ပတ်သက်၍ ၂၀၁၂ - ၂၀၁၃ ခုနှစ်တွင် (၁)ဆောင် ဆောက်လုပ်ပေးပြီး ဖြစ်ပါတယ်။ ဦးစားပေးအစီအစဉ်အလိုက် ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မချီနုကျေးရွာပညာရေးကျောင်းအဆောက်အဦဟောင်းအား တရားဝင်ဖျက်သိမ်းခွင့်ရရှိရေး ဆောင်ရွက်ပေးနိုင်ပါရန် ပတ်သက်၍ အခြေခံပညာ(ရုံးချုပ်)သို့ ဖျက်သိမ်းခွင့်တင်ပြဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ နောင်ကွဲကျေးရွာအုပ်စု၊ မူလွန် အမက ကျောင်းတိုးမြှင့်ရရှိရေး ဆောင်ရွက်ပေးနိုင်ပါရန်နှင့်ပတ်သက်၍ အမကမှ မူလွန်အဆင့်တိုးမြှင့်နိုင်ရေးအတွက် ၂၀၁၅ - ၂၀၁၆ တွင် Online ဖြင့် လျာထားတင်ပြထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရပ်ကွက်(၁၀) အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းအတွက် ပေ(၁၂၀ × ၃၀) (၁)ထပ်ကျောင်းဆောင်သစ် ရရှိရန်နှင့် ပတ်သက်၍ အမှတ်(၂)အခြေခံပညာဦးစီးဌာနသို့ ယခင်ကလည်း တင်ပြထားပြီးဖြစ်ပါတယ်။ ဦးစားပေးအဆင့်အလိုက် ဆက်လက်တင်ပြ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

လားရှိုးမြို့နယ်၊ ခါးသျှီကျေးရွာဆေးပေးခန်း အဆောက်အဦလိုအပ်ချက်ရှိပါသဖြင့် ဆောက်လုပ်ပေးနိုင်ပါရန်နှင့် ပတ်သက်၍ တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ လားရှိုးမြို့၏ (၂၅- ၃- ၂၀၁၅) ရက်စွဲပါစာအမှတ်၊ ခွဲ- ၃(ဘင)အဆ၃/ ၂၀၁၅ / ၁၁၂၁ ဖြင့် လားရှိုးမြို့နယ်ကျန်းမာရေးဦးစီးဌာနသို့ ခါးသျှီကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦ ဆောက်လုပ်ပေးနိုင်ရေး အင်ဂျင်နီယာ၏တွက်ချက်မှုဖြင့် အမြန်တင်ပြပေးရန် အကြောင်းကြား ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ လားရှိုးမြို့နယ်၊ ခေးနင်းကျေးလက်ကျန်းမာရေးဦးစီးဌာနခွဲအသစ် တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိရေး ဆောင်ရွက်ပေးပါရန်နှင့်ပတ်သက်၍ လားရှိုးမြို့နယ်၊

နောင်မွန်ကျေးလက်ကျန်းမာရေးဌာနပိုင်ရှိ ခေးနင်းကျေးရွာအား ကျေးလက်ကျန်းမာရေးဌာနခွဲအဖြစ် အသစ်တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရေး လိုအပ်သည့်အခြေခံအချက်အလက်များအား တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ လားရှိုးမြို့၏ ၂၈- ၇- ၂၀၁၄ ရက်စွဲပါစာအမှတ်၊ ရမ/ ခွဲ၄(၂)အဆိုပြု/ ၂၀၁၄/ ၁၈၆၆ ဖြင့် ကျန်းမာရေးဦးစီးဌာနသို့ တင်ပြဆောင်ရွက်ထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လားရှိုးမြို့နယ်၊ လွယ်လိမ့် (လွယ်လွမ့်)ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ်ဖွင့်လှစ်ခွင့်ရရှိရေး ဆောင်ရွက်ပေးရန်နှင့်ပတ်သက်၍ လားရှိုးမြို့နယ်၊ လွယ်လိမ့် (လွယ်လွမ့်) ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် ဖွင့်လှစ်ခွင့်ရရှိရေး အမြန်တင်ပြ ဆောင်ရွက်ပေးရန် တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ လားရှိုးမြို့၏ ၂၅- ၃- ၂၀၁၅ ရက်စွဲပါစာအမှတ်၊ ခွဲ- ၄(၂) ကျေးလက်/ ၂၀၁၅/ ၁၁၁၇ ဖြင့် လားရှိုးမြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ အကြောင်းကြား ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅ -၂၀၁၆ ခုနှစ်၊ ဘဏ္ဍာနှစ်ရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၆)ဖြစ်ပါတယ်။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅- ၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ရှင်းလင်းတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်ရဲ့ ၂၀၁၅- ၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနဲ့ ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို

တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာပါဝင်တဲ့ ဌာနများဟာ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ကျွန်တော် ဘဏ္ဍာရေးဝန်ကြီးမှ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (ပထမနေ့)မှာ တင်သွင်းခဲ့ပြီးတော့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ စီမံကိန်းလုပ်ငန်းများ ထပ်နေမှုနဲ့ စီမံကိန်းပမာဏတွေ ကွာဟမှုရှိနေတဲ့အတွက် ပြန်လည်စိစစ်ပေးဖို့ ဆွေးနွေးခဲ့ပြီး (စတုတ္ထနေ့)မှာ လွှတ်တော်က အတည်ပြုပေးခဲ့ပါတယ်။

ဆက်လက်ပြီး ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့နှင့် ၁၉ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/ ၂၀၁၄) မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထပ်နေတဲ့လုပ်ငန်းတွေကို စိစစ်ပြီးတော့ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ရသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်နှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်တွေကို လွှတ်တော်မှာ ဆွေးနွေးပြီး လွှတ်တော်က အတည်ပြုပေးခဲ့ပါတယ်။ အဲဒီ အတည်ပြုပေးခဲ့တဲ့စာရင်းကို ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာနကို ဆက်လက်တင်ပြပေးခဲ့ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင် (၁/ ၂၀၁၅)ရဲ့ အတည်ပြုချက်နဲ့ ပြည်ထောင်စုရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်များအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေတွေကို သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေနဲ့ ထောက်ပံ့ခြင်း၊ လိုအပ်တဲ့ချေးငွေများ ထုတ်ချေးပေးခြင်းတို့အပါအဝင် ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ကို တင်ပြခဲ့ရာ ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ပါတယ်။ အဲဒီအတွက် ၃၁- ၃- ၂၀၁၅ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ် (၅/ ၂၀၁၅)မှာ အတည်ပြုပြီးတော့ ယနေ့ ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ရှမ်းပြည်နယ်လွှတ်တော်ကို တင်သွင်းပြီးတော့ အတည်ပြုပေးနိုင်ဖို့ တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ လွယ်ကူလျင်မြန်စွာ ကြည့်ရှုနိုင်ဖို့အတွက် Power Point (၁)အုပ်၊ ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၅- ၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ ဌာနအဖွဲ့အစည်းများရဲ့ အရေးပါတဲ့ ငွေလုံးငွေရင်းအသုံးစရိတ်ကိုလည်း သီးခြား(၁)အုပ်ဖြင့် ဖြန့်ဝေထားပေးတာဖြစ်တဲ့အတွက်

လိုအပ်တဲ့နေရာမှာပဲ ရှင်းလင်းပြသပြီး အချို့နေရာတွေမှာ အကျဉ်းချုပ်ပြီး တင်ပြသွားမဲ့ အကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၂၀၁၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၀ (ခ)အရ ပြည်နယ်အစိုးရအဖွဲ့ ကသာ တင်သွင်းခွင့်ရှိသော ၂၀၁၅- ၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပုဒ်မ ၁၉၃ ၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ(ခ)အရ ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့အား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ သာမန်အသုံးစရိတ်မှာ လိုငွေကျပ်သန်းပေါင်း ၅၃၀၉၃.၉၂၈ ဖြစ်သွားမှာ ဖြစ်ပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်အနေနဲ့ လိုငွေကျပ်သန်းပေါင်း ၃၇၁၂၉၄.၅၉၉ သန်း ဖြစ်ပါတယ်။ အသုံးစရိတ်ကို ကျပ်သန်းပေါင်း စုစုပေါင်း ၄၂၄၃၈၈.၅၂၇ သန်း၊ တစ်နည်းအားဖြင့် ၄၂၄ ဘီလီယံ သုံးစွဲရန် လွှတ်တော်မှာ အတည်ပြုပြီး တင်ပြတာဖြစ်ပါတယ်။

တင်ပြတဲ့အပေါ်မှာ ကာလလတ်ဘဏ္ဍာရေးမူဘောင်အရ ပြင်ဆင်ရေးဆွဲရပါတယ်။ ပြည်နယ်လွှတ်တော်မှာ အတည်ပြုပြီးဖြစ်တဲ့ ၂၀၁၅- ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်ရဲ့ ရသုံးခန့်မှန်း ခြေငွေစာရင်းကို ကာလလတ်ဘဏ္ဍာရေးမူဘောင် (MTFF)ကို အခြေခံလျက် ရှမ်းပြည်နယ်သို့ ထောက်ပံ့ပေးနိုင်တဲ့ ပမာဏမှာ ကျပ်သန်းပေါင်း ၁၉၉၅၇၆.၀၀ သန်း ဖြစ်ကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၃၀- ၁၂- ၂၀၁၄ ရက်စွဲပါစာအမှတ်နဲ့ အကြောင်းကြားချက်အရ ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ရပါတယ်။ တစ်နည်းအားဖြင့် သုံးစွဲမဲ့ ၄၄၂ ဘီလီယံကျော်မှာ ပြည်ထောင်စုကနေ ၁၉၉.၅၇၆ ဘီလီယံပဲ ထောက်ပံ့ပေးနိုင်ပါတယ်ဆိုတဲ့အကြောင်း အကြောင်းကြားပါတယ်။ လိုက်လျောညီထွေတဲ့စာရင်းကို အောက်ပါအတိုင်း ပြန်လည်ရေးဆွဲ ပါတယ်။ သာမန်ရငွေအနေနဲ့ လိုငွေကျပ်သန်းပေါင်း ၃၆၃၃၀.၆၃၄ ဖြစ်ပါမယ်။ ငွေလုံးငွေရင်း အနေနဲ့ အသုံးစရိတ်သည် လိုငွေဖြစ်တဲ့အတွက် ကျပ်သန်းပေါင်း ၁၆၃၂၄၅.၃၆၆ သန်း သုံးစွဲရ မှာဖြစ်ပါတယ်။ စုစုပေါင်း အသုံးစရိတ်ကို ကျပ်သန်းပေါင်း ၂၃၄၇၉၂.၆၆၆ သန်း၊ တစ်နည်းအား ဖြင့် ၂၃၄.၇၉ ဘီလီယံကို ခွင့်ပြုပါတယ်။ လိုငွေအနေနဲ့ ၁၉၉.၅၇၆ ဘီလီယံအတွင်းမှာ ထည့်သွင်းရေးဆွဲခြင်း ဖြစ်ပါတယ်။

ဆက်လက်ပြီး ဘဏ္ဍာရေးကော်မရှင်အစည်းအဝေး (၁/ ၂၀၁၅)အရ ထပ်မံပြီး ပြင်ဆင် ရေးဆွဲခဲ့ရပါတယ်။ ၂၀၁၅- ၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ထောက်ပံ့ပေးရမဲ့ လုပ်ငန်းအမျိုးအစားနဲ့ ငွေရပ်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ထောက်ပံ့ငွေ ရငွေ၊ သုံးငွေစာရင်းများမှာ အောက်ပါအတိုင်း ထည့်သွင်းလျာထားပါတယ်။ အမှတ်စဉ်(၁) အနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းမှာ ကျပ်သန်း ၅၀၀ ရမှာ

ဖြစ်ပါတယ်။ ယခင်နှစ်ကတော့ ကျပ်သန်း ၄၀၀၀ ရရှိခဲ့ပါတယ်။ ယခု ၂၀၁၅- ၂၀၁၆ မှာ ကျပ်သန်း ၅၀၀ ဘဲ ခွင့်ပြုတဲ့အကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေသည် လွှတ်တော် Channel ဖြစ်ပါတယ်။ တစ်မြို့နယ်ကို သိန်း ၁၀၀၀ ၊ ကျပ်သန်းပေါင်း ၅၅၀၀ ခွင့်ပြုထားပါတယ်။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှု အထောက် အကူပြုလုပ်ငန်းအတွက် ၅၅၀ သန်း ခွင့်ပြုထားပါတယ်။ အမှတ်စဉ်(၄) ခရိုင်/ မြို့နယ် စုပေါင်းရုံး(၁)ရုံးကို ကျပ်သန်းပေါင်း ၁၅၀၀ ၊ တစ်နည်းအားဖြင့် ၁.၅ ဘီလီယံ ခွင့်ပြုထားပါ တယ်။ အိမ်ရာစီမံကိန်းအတွက် ကျပ်သန်းပေါင်း ၂၀၀၀ ရရှိမှာဖြစ်ပါတယ်။ တန်ဖိုးနည်းအိမ်ရာ ပါဝင်မှာဖြစ်သလို ဒီတန်ဖိုးနည်းအိမ်ရာမှာ ဝယ်ယူနိုင်ခြင်းမရှိတဲ့ ပြည်သူများအတွက်ကိုလည်း အငှားအိမ်ရာစနစ်နဲ့ ဆောက်လုပ်မှာဖြစ်တဲ့အတွက် ၂ ဘီလီယံ ရရှိမှာဖြစ်ပါတယ်။ အမှတ်စဉ် (၆) လယ်မြေ၊ ယာမြေမရှိတဲ့ ပြည်သူများအတွက် မြေဖော်ဖို့အတွက် ကျပ်သန်း ၁၀၀၀ ရရှိမှာ ဖြစ်ပါတယ်။ စုစုပေါင်း ကျပ်သန်းပေါင်း ၁၁၀၅၀.၀၀ သန်းကို ထပ်မံပြီး ထည့်သွင်းရေးဆွဲခဲ့ရပါ တယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးကော်မရှင်ရဲ့ (၁/ ၂၀၁၅) အစည်း အဝေးဆုံးဖြတ်ချက်အရ ထောက်ပံ့ငွေရငွေနှင့် အသုံးစရိတ်များ၊ ထပ်မံဖြည့်သွင်းလျာထားရမဲ့ လစာစရိတ်များအပါအဝင် ဘဏ္ဍာရေးဝန်ကြီးရုံးရဲ့ ၂၅- ၃- ၂၀၁၅ ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ်မှာ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးမြှင့်သတ်မှတ်ခြင်း၊ ရှမ်းပြည်နယ်ရဲ့ ၂၀၁၅- ၂၀၁၆ ခုနှစ်၊ ရသုံးခန့်မှန်းခြေငွေစာရင်းအား ပြင်ဆင်ရေးဆွဲတဲ့နေရာမှာ လိုငွေ ကျပ်သန်းပေါင်း ၂၀၈၀၂၂.၄၀၃ သန်းဖြစ်ပေါ်လာပါတယ်။ စုစုပေါင်း ဝန်ထမ်းလစာတိုးမြှင့်ဖို့ အတွက် ထည့်သွင်းလျာထားရာတွင် လိုငွေသည် စုစုပေါင်း ကျပ်သန်းပေါင်း ၂၀၈၀၂၂.၄၀၃ သန်းဖြစ်လာပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၃၅ ဖော်ပြချက်မှာ ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ရှမ်းပြည်နယ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရရှိသည့် ဘဏ္ဍာငွေများအပါအဝင် ပြည်နယ်အရအသုံးခန့်မှန်း ခြေငွေစာရင်းကို ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံတင်ပြချက်ဖြင့် ပြည်နယ်လွှတ်တော်သို့ တင်ပြပြီး အတည်ပြုချက်ရယူရမှာဖြစ်ပါတယ်။ ၂၀၁၅- ၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာပါဝင်တဲ့ ဦးစီးဌာနများ၊ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့ရဲ့ လိုငွေများအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေအဖြစ် လိုအပ်တဲ့ ဘီလီယံ ၂၀၀ ကျော် ဖြည့်ဆည်း ပေးမှာဖြစ်ပါတယ်။

၂၀၁၅- ၂၀၁၆ ခုနှစ်မှာ ရရှိမဲ့ အခွန်အကောက်စာရင်းမှာ အထွေထွေအုပ်ချုပ်ရေး၊ အခွန်၊ ငါးလုပ်ငန်း၊ သစ်တော၊ စည်ပင်တို့မှ စုစုပေါင်း ကျပ်သန်းပေါင်း ၂၅၃၁.၈၀၅ သန်း ရရှိမယ်လို့

လျာထားပါတယ်။ ၂၀၁၅- ၂၀၁၆ မှာ စုစုပေါင်း အစိုးရအဖွဲ့မှ ကျပ်သန်းပေါင်း ၂၄၇၀၂.၉၃၀ သန်းဖြစ်တဲ့အတွက် ဘတ်ဂျက်တစ်ခုလုံးရဲ့ ၆၃.၈၀ ရာခိုင်နှုန်းကို ရရှိမှာဖြစ်ပါတယ်။ ရေအား လျှပ်စစ်စက်ရုံ(၈)ရုံ၊ ညောင်ရွှေပြတိုက်ဝင်ကြေး၊ ၃ ရာခိုင်နှုန်း၊ နယ်စပ်ဖြတ်သန်းခများကို တစ်နိုင်တစ်ပိုင် နယ်စပ်ဒေသမှာ သုံးစွဲနိုင်ရန်အတွက် သန်း ၂၅၀ ထည့်သွင်းလျာထားပါတယ်။ မူဆယ် CBD (premium) မူဆယ်စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းကနေ ကျပ်သန်းပေါင်း ၁၁၄၀၀ ရရှိမှာဖြစ်ပါတယ်။ အင်းလေးဇုန်ဝင်ခွင့်မှ ဘတ်ဂျက်ထဲမှာ ထည့်သွင်းရေးဆွဲတဲ့အတွက် ကျပ်သန်းပေါင်း ၁၅၀၀ ပါဝင်မှာဖြစ်ပါတယ်။ ရုပ်ရှင်လုပ်ငန်းထောက်ပံ့ငွေ၊ အိမ်ရာကိစ္စ ထောက်ပံ့ငွေအားလုံး ကျပ်သန်းပေါင်း ၁၁၀၅၀.၀၀ သန်းဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ရငွေစုစုပေါင်း လျာထားချက် ကျပ်သန်းပေါင်း ၃၈၇၁၆.၆၆၆ သန်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ၃၈.၇၁၆ ဘီလီယံ ဖြစ်ပါတယ်။ သာမန်အသုံးစရိတ်ကို လည်း စုစုပေါင်း သုံးတဲ့အသုံးစရိတ်သည် ကျပ်သန်းပေါင်း ၇၉၉၉၃.၇၀၃ ဖြစ်ပြီး၊ လစာစရိတ် ကျပ်သန်းပေါင်း ၃၉.၅၀ ရာခိုင်နှုန်း၊ ခရီးစရိတ်၊ ပစ္စည်းလုပ်အားစရိတ်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း တို့အတွက် ၄၄.၅၄ ရာခိုင်နှုန်းကို သုံးစွဲသွားမှာဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ လမ်းဦးစီးမှ အသုံးပြုမဲ့ ဒေသဖွံ့ဖြိုးရေးသည် ကျပ်သန်းပေါင်း ၂၃၃၇၉.၀၂၂ သန်း၊ ဆည်မြောင်း အနေနဲ့ ကျပ်သန်းပေါင်း ၆၁၅၄.၁ သန်း၊ ကုန်းမြင့်အတွက် ၃၂.၅၀ သန်း၊ လွှတ်တော်ဖွံ့ဖြိုးရေး ရန်ပုံငွေအတွက် ကျပ်သန်းပေါင်း ၅၅၀၀ နဲ့ မြို့နယ်အထောက်အကူပြုကော်မတီအတွက် ကျပ်သန်းပေါင်း ၅၅၀ ၊ စုစုပေါင်း ကျပ်သန်းပေါင်း ၁၂၂၃၆.၆၀၀ သန်း သုံးစွဲသွားမှာ ဖြစ်ပါ တယ်။ စုစုပေါင်း ငွေလုံးငွေရင်းအသုံးစရိတ်သည် ကျပ်သန်းပေါင်း ၁၆၆၇၄၅.၃၆၆ သန်းဖြစ်ပြီး၊ ဆောက်ရွက်ဆဲလုပ်ငန်း၊ ဖြည့်စွက်လုပ်ငန်း၊ စီမံကိန်းသစ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း စသဖြင့် ငွေလုံးငွေရင်းအသုံးစရိတ်ကို ဒေသဖွံ့ဖြိုးရေးအတွက် ၁၆၀.၃၈၅ ဘီလီယံ သုံးစွဲမှာ ဖြစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်၏ ၉၆.၁၉ ရာခိုင်နှုန်းကို သုံးစွဲသွားမှာဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။ စုစုပေါင်း သုံးစွဲမဲ့ ငွေလုံးငွေရင်းအသုံးစရိတ်သည် ကျပ်သန်းပေါင်း ၁၇၂၈၁.၈၇၀ သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပြည်နယ်အစိုးရအဖွဲ့ဟာ ပြည်ထောင်စုရဲ့ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါ စည်းကမ်းချက်များနှင့်အညီ တောင်းခံခွင့်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ မိမိတို့ဒေသမှာ အခုဖော်ပြပါ အချက်အလက်တွေနဲ့ သက်ဆိုင်တယ်ဆိုရင် သီးသန့် ရန်ပုံငွေ တောင်းခံခွင့်ရှိတဲ့အကြောင်း တင်ပြအပ်ပါတယ်။ အပိုဒ်(၁)အနေနဲ့ ကြိုတင်မမျှော်မှန်း နိုင်တဲ့ သဘာဝဘေးအန္တရာယ်များအတွက် အသုံးစရိတ်များဖြစ်တယ်ဆိုရင် သီးသန့်ရန်ပုံငွေ တင်ပြတောင်းခံခွင့်ရှိပါတယ်။ ဘဏ္ဍာရေးနှစ်အတွင်းမှာ မသုံးစွဲလျှင်မဖြစ်တဲ့ အထူးကိစ္စရပ် ဖြစ်တယ်။ အမှတ်စဉ် (၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ

အရ ခေါင်းစဉ်လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိတဲ့အခါမှာလည်း တင်ပြတောင်းခံလို့ရပါတယ်။ အမှတ်စဉ်(၄) ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူခွင့်ပြုချက်ဖြင့်သာ သုံးစွဲရခြင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဆက်လက်တင်ပြပြီး အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ သုံးစွဲခွင့်ရမှာဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ဟာ ပြည်ထောင်စုရဲ့သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲတဲ့ကိစ္စရပ်များကို ကိစ္စရပ်တစ်ရပ်ချင်း ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပတဲ့ ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တင်ပြရမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရအသုံးစာရင်းများအပေါ် အခြေပြုလျက် အပိုင်း (၁)မှာ အမည်နှင့် စတင်အကျိုးသက်ရောက်တဲ့ နေ့ရက်၊ အပိုင်း (၂)မှာ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၏ ရငွေနဲ့ သုံးငွေများ၊ အပိုင်း (၃)မှာ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ အပိုင်း (၄)မှာ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေများ၊ အပိုင်း (၅)မှာ သီးသန့်ရန်ပုံငွေဆိုပြီး ရေးဆွဲထားတဲ့အကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၃၆ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စု၏ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို အခြေပြုလျက် နောက်လာမဲ့ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြဋ္ဌာန်းပေးနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်သို့ တင်သွင်းရမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းနဲ့ ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းအား လွှတ်တော်ကိုယ်စားလှယ်များမှ အတည်ပြုရန် သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူ မရှိတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော် လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးဟာ မကြာမီ ကျင်းပပြီးစီးတော့မှာဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် (၁၄)ဦးတို့ရဲ့ မေးခွန်းပေါင်း (၄၆)ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သလို မကြာသေးမီက နိုင်ငံတော်ဒုတိယသမ္မတ(၁)ရဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးဒေသ ခရီးစဉ်မှာ ပြည်သူလူထုရဲ့ တင်ပြချက်များကို စုစည်းပြီး ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စား လှယ်(၁)ဦးက ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါ တယ်။ အဆိုအနေနဲ့ လောက်ကိုင်ဒေသမှာ ဖြစ်ပွားနေတဲ့ကိစ္စနှင့်ပတ်သက်တဲ့ အရေးကြီးအဆို တစ်ရပ်ကို တင်သွင်းနိုင်ခဲ့သလို ရှမ်းပြည်နယ်ကုန်တင်ကုန်ချ လုပ်ငန်းဆိုင်ရာဥပဒေပါ ပြင်ဆင် ရန်အဆို(၁)ခုကို တင်သွင်းခြင်းနဲ့ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဥပဒေကြမ်းအနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄- ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)နှင့် ၂၀၁၅- ၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို အတည်ပြုပြဌာန်းဖို့အတွက် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ်တိုင်းရင်းဆေးဆရာများနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများဆိုင်ရာ ဥပဒေ(မူကြမ်း)ကို လွှတ်တော်သို့ တင်သွင်းခဲ့သလို ဥပဒေဆိုင်ရာ ကော်မတီကလည်း ဒီဥပဒေကြမ်းကို ဧပြီလကုန်ပိုင်းမှာ စိစစ်ပြီး အနီးကပ်ဆုံး ကျင်းပမည့် ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးမှာ တွေ့ရှိချက် အစီရင်ခံစာကို တင်ပြသွားဖို့ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းပြီး ဆွေးနွေးရန်ရှိပါက

ဆွေးနွေးလိုချက်များကို လွှတ်တော်ရုံးသို့ ဧပြီလ (၃၀)ရက်နေ့ နောက်ဆုံးထားပြီး ပေးပို့ကြဖို့ ထပ်လောင်းပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဝန်ကြီး (၉)ဦးစလုံးဟာ မိမိတို့တာဝန်ယူရတဲ့ ဌာနများရဲ့ လုပ်ငန်းဆောင်ရွက်ချက်များကို အစီရင်ခံနိုင်သလို ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ အစီရင်ခံစာ တင်ပြခြင်း၊ ဘတ်ဂျက်စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့၏ (၄)နှစ်တာကာလအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေကိုလည်း လွှတ်တော်သို့ ရှင်းလင်းတင်ပြနိုင်ခဲ့ပါတယ်။ ပြည်နယ်လွှတ်တော်အစည်းအဝေး ကျင်းပနေတဲ့ ကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များရဲ့ ရှမ်းပြည်နယ်လေ့လာရေးခရီးစဉ်မှာ ရှမ်းပြည်နယ်လွှတ်တော်ရေးရာ ကော်မတီ(၆)ခုမှ ကျွန်တော်တို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ ၎င်းကိုယ်စားလှယ်များဟာ ဒီလွှတ်တော်ခန်းမထဲမှာ တွေ့ဆုံပြီး လွှတ်တော်ဆိုင်ရာလုပ်ငန်းများအပေါ် အတွေ့အကြုံဗဟုသုတ နှီးနှောဖလှယ်ဆွေးနွေးနိုင်ခဲ့ကြပါတယ်။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (ပထမနေ့)မှာ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းခြင်းကဏ္ဍနှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ဖို့ ရှင်းလင်းခဲ့ပြီး ဖြစ်ပါတယ်။ ယခုမိမိရှင်းလင်းခဲ့တဲ့ အချက်များအပြင် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ မေးခွန်းနှင့်စပ်လျဉ်း၍ နည်းဥပဒေ(၁၀၁) ကန့်သတ်ချက်များနှင့် နည်းဥပဒေ(၁၀၂)ပါ စည်းကမ်းချက်များကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ သေချာဖတ်ရှုလေ့လာပြီး အဲဒီအတိုင်း လိုက်နာဆောင်ရွက်ဖို့ ဖြည့်စွက်ပြောကြားလိုပါတယ်။ အထူးသဖြင့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးမှာ တက်ရောက်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရဲ့ဆန္ဒအရ နေပြည်တော်မှာ ပြုလုပ်ကျင်းပနေတဲ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ သွားရောက်လေ့လာရန် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အချို့နှင့် လွှတ်တော်ရုံးဝန်ထမ်းတို့အား ယနေ့ညနေပိုင်းမှာ စေလွှတ်ဖို့ အစီအစဉ်ရှိကြောင်း အသိပေးပြောကြားလိုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး နောင်ကျင်းပမည့် လွှတ်တော်အစည်းအဝေးမှာ စုံစုံလင်လင် ကျန်းမာရွှင်လန်းစွာဖြင့် ပြန်လည်ဆွေးနွေးကြပါစို့လို့ ဆန္ဒပြုပြောကြားရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့) အစီအစဉ် ပြီးဆုံးကြောင်းနှင့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)အစီအစဉ် ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာအပ်ပါတယ်။

**အခမ်းအနားမှူး။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား- ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)နဲ့ နောက်ဆုံးနေ့အစည်းအဝေး အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ ပြည်နယ်လွှတ်တော်လွှတ်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**ဆုံးဖြတ်ခြင်း**

**ဆုံးဖြတ်ခြင်းအမှတ် ၆၇- ၁/ ၂၀၁၅။** **"ရှမ်းပြည်နယ်လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းမှု ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက အမျိုးသားရေး တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး" အဆိုကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၅)ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၂၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ဒုတိယနေ့)၌ ရှမ်းပြည်နယ် လောက်ကိုင်ဒေသ တည်ငြိမ်အေးချမ်းမှု ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးတစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး အဆိုကို ပြည်နယ်လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၆၈- ၁/ ၂၀၁၅။** **"ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း)"ကို လွှတ်တော်မှ အတည်ပြုဆုံးဖြတ်ခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၇)ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၂၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (စတုတ္ထနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)အား ပြည်နယ်လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၆၉- ၁/ ၂၀၁၅။** **“ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာ နည်းဥပဒေပါ အချက်များအား ပြင်ဆင်ပေးရေး” အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၁၁)ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၃၀ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ပဉ္စမနေ့)၌ ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာ နည်းဥပဒေတွင် ဖော်ပြထားသည့် နည်းဥပဒေ ၃ ပါ ကုန်တင်ကုန်ချလုပ်ငန်းကော်မတီဖွဲ့စည်းပုံနှင့် နည်းဥပဒေ ၅ ပါ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ ဖွဲ့စည်းပုံတို့အား ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာ ပြဋ္ဌာန်းချက်အတိုင်း ပြန်လည်ပြင်ဆင်ရန် အဆိုကို ပြည်နယ်လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၇၀- ၁/ ၂၀၁၅။** **“ရှမ်းပြည်နယ် အစိုးရအဖွဲ့က တင်သွင်းသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅- ၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၅ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း” အား ပြည်နယ်လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၁၃)ရက် (၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ဆဋ္ဌမနေ့)၌ **ရှမ်းပြည်နယ် အစိုးရအဖွဲ့က တင်သွင်းသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅- ၂၀၁၆ ခု ဘဏ္ဍာရေးနှစ်၊ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း** အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

## မှတ်တမ်းတင်ခြင်း

**မှတ်တမ်းတင်ခြင်းအမှတ် ၈၂- ၁/ ၂၀၁၅။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၄)ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ပထမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၀)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၈၃- ၁/ ၂၀၁၅။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းအား မှတ်တမ်းတင်ခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၄)ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းအား မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၈၄- ၁/ ၂၀၁၅။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၅)ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၂၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦးရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၀)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၈၅- ၁/ ၂၀၁၅။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၆)ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦးရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၀)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၈၆- ၁/ ၂၀၁၅။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၇)ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၂၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦးရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၀)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၈၇- ၁/ ၂၀၁၅။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၁၁)ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၃၀ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဉ္စမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦးရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၁)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၈၈- ၁/ ၂၀၁၅။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၁၃)ရက် (၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၉)ဦးရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၉)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

## လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

**အမှတ် ၃၈- ၁/ ၂၀၁၅။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လုပ်ငန်းဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၄)ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လုပ်ငန်းဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၃၉- ၁/ ၂၀၁၅။ ရှမ်းပြည်နယ် စာရင်းစစ်ချုပ်၏ အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၄)ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ပထမနေ့)၌ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၄၀- ၁/ ၂၀၁၅။** **ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄- ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၄)ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄- ၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၄၁- ၁/ ၂၀၁၅။** **ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄- ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၅)ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၂၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ဒုတိယနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄- ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၄၂- ၁/ ၂၀၁၅။** **ရှမ်းပြည်နယ် ဘတ်ဂျက်စိစစ်ရေး ကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၅)ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၂၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ဒုတိယနေ့)၌ ရှမ်းပြည်နယ် ဘတ်ဂျက်စိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၄၃- ၁/ ၂၀၁၅။** **ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၅)ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၂၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ဒုတိယနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၄၄- ၁/ ၂၀၁၅။** **ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ စည်ပင်သာယာရေးဆိုင်ရာ စည်းကမ်းများ (Bye-Laws) မူကြမ်း (၂၄)မျိုးအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၆)ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (တတိယနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ စည်ပင်သာယာရေးဆိုင်ရာ စည်းကမ်းများ (Bye-Laws) မူကြမ်း (၂၄)မျိုးအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၄၅- ၁/ ၂၀၁၅။** **ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄- ၂၀၁၅ ခု ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်ကဏ္ဍာလုပ်ငန်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့် ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၄- ၂၀၁၅ ခု ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့အား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၆)ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (တတိယနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄- ၂၀၁၅ ခု ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်ကဏ္ဍာလုပ်ငန်း

ဆောင်ရွက်ချက်အစီရင်ခံစာနှင့် ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၄- ၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့အား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၄၆- ၁/ ၂၀၁၅။** **ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း လူမှုရေးကဏ္ဍ ဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၆)ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (တတိယနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း လူမှုရေးကဏ္ဍဆောင်ရွက်ချက်များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၄၇- ၁/ ၂၀၁၅။** **ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄- ၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် မြို့နယ်ရေပေးဝေရေး လုပ်ငန်းဆိုင်ရာ အချက်အလက်များအား လွှတ်တော်သို့ ရှင်းလင်းခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၇)ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၂၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (စတုတ္ထနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၄- ၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် စည်ပင်သာယာရေး ဌာန၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် မြို့နယ်ရေပေးဝေရေးလုပ်ငန်းအချက်အလက် များအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၄၈- ၁/ ၂၀၁၅။** **ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးမှ တာဝန်ယူရသော ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၇)ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၂၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (စတုတ္ထနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးမှ တာဝန်ယူရသော ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၄၉- ၁/ ၂၀၁၅။** **ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သစ်တောကဏ္ဍလုပ်ငန်းဆောင်ရွက်မှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၇)ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၂၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (စတုတ္ထနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သစ်တောကဏ္ဍလုပ်ငန်း ဆောင်ရွက်မှုအခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**အမှတ် ၅၀- ၁/ ၂၀၁၅။** **ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့၏ (၄)နှစ်တာကာလအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၁၁)ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၃၀ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ပဉ္စမနေ့)၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့၏ (၄)နှစ် တာကာလအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

## ဥပဒေထုတ်ပြန်ခြင်း

**ဥပဒေအမှတ် ၁- ၁/ ၂၀၁၅။** **၂၀၁၅ - ၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၇)ရက် (၂၀၁၅ ခုနှစ်၊ မတ်လ ၂၆ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (စတုတ္ထနေ့)၌ **၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)**အား အတည်ပြုချက်ရယူပြီး ရှမ်းပြည်နယ်လွှတ်တော်၏ ဥပဒေအမှတ် (၁/၂၀၁၅)အဖြစ် (၆-၄-၂၀၁၅) ရက်နေ့တွင် ထုတ်ပြန်သည်။

**ဥပဒေအမှတ် ၂- ၁/ ၂၀၁၅။** **၂၀၁၅ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေကြမ်း**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း (၁၃)ရက် (၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (ဆဋ္ဌမနေ့)၌ ၂၀၁၅ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား အတည်ပြုချက်ရယူပြီး ရှမ်းပြည်နယ်လွှတ်တော်၏ ဥပဒေအမှတ် (၂/၂၀၁၅)အဖြစ် (၆-၄-၂၀၁၅) ရက်နေ့တွင် ထုတ်ပြန်သည်။